
## သာသနာ့သမိုင်းဝင်

# ကျောင်းဒကာ
# ကျောင်းအမများ

အရှင်ကဝိသာရ



# သာသနသမိုင်းဝင်

## ကျောင်းဒကာ ကျောင်းအမများ

အရှင် ကဝိသာရ (ဓမ္မာစရိယ)

ပြုစုသည်

သာသနာ့ရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သာသနာတော်နှစ်-၂၅၂၅၊
ကောဇာသက္ကရာဇ်-၁၃၄၃-ခု၊ ကဆုန်လပြည့်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၁၇၇)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ်(၁၀၇)

---

၁၉၇၁-ခု၊ ဇွန်လ၊
ပထမအကြိမ်
အုပ်ရေ-၁၀၀၀
တန်ဘိုး - ၁၂-ကျပ်

---

ပန်းချီ — မောင်အေးမြင့်(မြန်မာ့ရိုးရာ ဒီဇိုင်း)
အဖုံးရိုက် — ပြည်သူ့အလင်း

---

ပုံနှိပ်/ထုတ်ဝေ= ဦးစိန်ကြည်၊ ပြည်သူ့အလင်း ပုံနှိပ်တိုက်၊ (၀၀၄၇)၊ အမှတ် ၁၆၉၊ ၃၇-လမ်းက ပုံနှိပ်၍၊ ဦးဝင်းမြင့်၊ ဝင်းမြင့်အောင်စာပေ၊ (၀၁၅၁၂)၊ ၅၀၊ ဇေယျသုခလမ်း၊ မုန့်လက်ဆောင်းကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊

# မာတိကာ


ဓမ္မာစရိယ ဦးမောင်မောင်လေး၏ မိတ်ဆက်နိဒါန်း

၁။ ဝေဠုဝန်ကျောင်းဒကာ ဗိမ္ဗိသာရမင်း .... ၁
၂။ ဝေဠုဝန်ကျောင်းအမ ခေမာထေရီ .... ၁၃
၃။ သုမေဓာထေရီ(ရှေးကျောင်း-အမ) .... ၂၃
၄။ ဓနဉ္စာနီ (ရှေးကျောင်းအမ) .... ၃၁
၅။ သာသနာတွင် ပထဆုံးကျောင်းဒကာ .... ၃၇
၆။ ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သဌေး .... ၄၅
၇။ အနာထပိဏ္ဍိကော ဝါဒသုတ္တန် .... ၆၃
၈။ ဝိပဿနာ ရှုပွားနည်း အကျဉ်း .... ၆၆
၉။ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ .... ၇၉
၁၀။ သရက်ဥယျာဉ်ကျောင်းဒကာ ဇီဝက .... ၁၀၉
၁၁။ သရက်ဥယျာဉ်ကျောင်းအမ အမ္ဗပါလီ .... ၁၂၅
၁၂။ မိဂဒါဝုန်ကျောင်းဒကာ နန္ဒိယ သဌေး .... ၁၃၁
၁၃။ ဃောသိတာရုံကျောင်းဒကာ .... ၁၄၃
၁၄။ နိဂြောဓာ ရုံကျောင်းဒကာများ .... ၁၆၄
၁၅။ ဆွမ်းစားကျောင်း ကျောင်းအမ
ရောဟနီမင်းသမီး .... ၁၇၁
၁၆။ ရာဇကာရာမကျောင်းဒကာ ကောသလမင်း .... ၁၇၈
၁၇။ မဟာကပ္ပိနမင်း မိဖုရား .... ၁၈၇

၁၈။ ဇောတိက သဌေး(ရှေးကျောင်းဒကာ) .... ၁၉၇
၁၉။ မေဏ္ဍက သဌေး(ရှေးကျောင်းဒကာ) .... ၂၂၀
၂၀။ သောဏသဌေးသား(ရှေးကျောင်းဒကာ) .... ၂၃၅
၂၁၊ ဘဒ္ဒဇိထေရ် (ရှေးကျောင်းဒကာ) .... ၂၄၉
၂၂။ အုတ်တိုက်ကျောင်းကြီးဒကာ
ရှောသူရှောသားများ .... ၂၆၁
၂၃။ မဟာသုဒဿန စကြာမင်းကြီး .... ၂၆၃
၂၄။ တေဒင်္ဂ ငါးတန့်ရ အရှင်အာနန္ဒာ .... ၂၉၄
၂၅။ ဇရပ်ဒကာ သိကြားမင်း .... ၂၉၈
၂၆။ ရတနကုဋ္ဋ ပစ္စေကဗုဒ္ဓါအလောင်း .... ၃၀၀
၂၇။ ပိန္နည်း ဧတဒဂ်ရှင် အရှင်ဥပါလိထေရ် .... ၃၀၃
၂၈။ ကျောင်းအပကြီး ပာဟိကမယ်တော် .... ၃၀၆
၂၉။ ကဿပဘုရား ကျောင်းဒကာ သုမင်္ဂလသဌေး .... ၃၁၂
၃၀။ ကျောင်းလှူရကျိုး အပျိုးမျိုး ... ၃၁၉
၃၁။ ထာဝရကုသိုလ် ၆-မျိုး .... ၃၂၉
၃၂။ နိဗ္ဗာန ကုသိုလ်များ .... ၃၃၃
၃၃။ ကျောင်းအလှူအပါအဝင် ဒါန ၆-မျိုး .... ၃၃၆
၃၄။ မမ္မ ဒါန တရားအလှူ .... ၃၄၁
၃၅။ အသက်ရှည်ကြောင်းကောင်းမှု ၆-မျိုး .... ၃၄၇
၃၆။ အရှင်ဗာကုလထေရ်(ရှေးကျောင်းဒကာ) .... ၃၅၀
၃၇။ သာကီဝင်မင်းတို့အား ဟောထားသော
ကျောင်းအကျိုးများ .... ၃၅၄
၃၈။ ကျမ်းပြီးနိဂုံး .... ၃၆၅

## မြန်မာစာရိယ ဦးမောင်မောင်လေး၏

# မိတ်ဆက်နိဒါန်း

**ထိုပုဂ္ဂိုလ်နှစ်ပါး**

လွန်ခဲ့သော နှစ်ပေါင်း ၂၅-၃၀ (၁၉၅၃) ခုနှစ်လောက်က ဤအမှာစာရေးသူသည် ဓမ္မာစရိယ စာမေးပွဲ အောင်မြင်ပြီးစ ဖြစ်၍ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်၏ ခြေရင်း၌ ပရိယတ္တိ သင်ကြားပို့ချနည်း၊ ကျောင်းတိုက် ထိန်းသိမ်း အုပ်ချုပ်နည်း များကို တနှစ်၊ စာချနည်းခံ လေ့လာခဲ့ပါသည်။ ထိုအချိန်က ယင်းကျောင်းတိုက်၌ သံဃာ (၁၂၀)ကျော်မျှ ရှိသည့်အနက် အများစုမှာ ၄-၅ ဝါထက် မကြီးသေးသော ပဥ္စင်းငယ်များနှင့် ကိုရင်များသာ ဖြစ်ကြပါသည်။ ယင်းသို့ ဖြစ်ခြင်းမှာလည်း ဆရာတော် ကိုယ်တိုင်က မိမိစိတ်ဘိုင်းကျ ပြုပြင်ပုံသွင်း၍ လွယ်ကူ မည့် ရဟန်းငယ်များနှင့် ကိုရင်များကိုသာ ရွေးချယ် လက်ခံ ခဲ့သောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် မဟာဂန္ဓာရုံ ကျောင်းတိုက်၏ တရာကျော်မျှသော စာသင်သား တပည့်တို့သည် ငယ်ရွယ်သူများ ဖြစ်သည်နှင့်အညီ ဆရာတော်ကိုယ်တိုင် နေ့စဉ် သင်ကြားပို့ချပေးသော ပရိယတ္တိ

စာဝါများကို သွက်လက်ထက်မြက်စွာဖြင့် အားတိုက်အင်တိုက် သင်ယူမှတ်သားလျက် ရှိခဲ့ကြပါသည်။ သို့ရာတွင် မဟာဂန္ဓာရုံ စာသင်သားများအဖို့ စာပေသင်ယူ လေ့လာခြင်းသည် တခု တည်းသော လုပ်ငန်းမဟုတ်၊အဘယ့်ကြောင့်ဆိုသော် ဆရာတော် သည် အကျင့်ကောင်းရေး၊ စည်းကမ်းရှိရေးနှင့် ကျန်းမာရေး တို့ကို စာပေတက်မြောက်ရေးထက်ပင် ရှေ့တန်းတင်၍ သာသနာ ပြုနေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ မဟာဂန္ဓာရုံ စာသင် သားတို့သည် စာသင်ချိန်တွင် ကြိုးကြိုးကုတ်ကုတ် စာသင်သကဲ့ သို့ ကျန်အချိန်များတွင်လည်း အကျင့်ကောင်းရေး၊ စည်းကမ်း ရှိရေးမှစ၍ ကျောင်းတိုက်ကိစ္စအဝဝကို နာရီမိနစ်မလပ်အောင် ဆောင်ရွက်လှုပ်ရှား နေခဲ့ကြရပါသည်။

ထိုအချိန်က ဆရာတော်၏ ဆုံးမသြဝါဒကို လေးလေး စား စား လိုက်နာခံယူနေသော တပည့် သံဃာ တရာကျော်တို့အနက် စာရေးသူ၏ စိတ်၌ ယနေ့တိုင်အောင် ထင်မြင်စွဲမြဲလျက်ရှိသော ပုဂ္ဂိုလ်နှစ်ပါး ရှိခဲ့ပါသည်။ ယင်းပုဂ္ဂိုလ် နှစ်ပါးကား ဦးပဥ္စင်း အရှင် ကဝိသာရနှင့် ကိုရင် ရှင်မဟောသဓတို့ ဖြစ်ပါသည်။ သူတို့နှစ်ပါးသည် ညီအစ်ကိုရင်းများ ဖြစ်ကြပြီး စာပေသင်ကြား မှုမှစ၍ ကျောင်းတိုက်၏ ကိစ္စဟူသမျှတို့၌ အလွန်သွက်လက် တက်ကြွမှု ရှိသူများဖြစ်၏။ ဆရာတော်၏ ယုံကြည်အားကိုး မှုလည်း များစွာခံယူရသူများဖြစ်၏။ ထို့ကြောင့် ယင်းညီအစ်ကို နှစ်ပါးသည် တနေ့သောအခါ သာသနာ၏အကျိုးကို စွမ်းစွမ်း တမန် ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များ ဖြစ်လာလိမ့်မည်ဟူ၍ စာရေးသူ၏ စိတ်၌ ထိုအချိန်ကပင် စွဲမြဲယုံကြည်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅-၃၀ လောက်က စာရေးသူ စွဲမြဲယုံကြည်ခဲ့သည်နှင့် လျော်ညီစွာပင် ယခုအခါ အရှင် ကဝိ သာရနှင့် အရှင် မဟောသဓ ညီနောင်နှစ်ပါးတို့သည် စစ်ကိုင်း တောင်ရိုး ဝေဇယန္တာချောင်၌ သာသနာစိတ်ဓါတ် အပြည့် အဝဖြင့်စာသင်တိုက် တည်ထောင်ကာ စာပေပို့ချလျက် ရှိသည် ကို သိရ၍ များစွာကြည်နူး ဝမ်းမြောက်ရပေသည်။ စင်စစ်၊ထို အရှင် နှစ်ပါးသည် ယခုအခါ အသက်အရွယ်အားဖြင့် ကာယ ဉာဏ အင်အား အပြည့်ဝဆုံး အချိန်ဖြစ်ပေရာ ရှေ့တွင် သာသ နာတော်အတွက် ယခုထက် အဆပေါင်းများစွာ တိုးတက်၍ ဆောင်ရွက်နိုင်ဦးမည်ကို ယုံမှားဖွယ် မရှိပါချေ။

## မျက်မှောက်ခေတ် သာသနာ့တာဝန်

ဤ၌ထွင် အခွင့်ကြုံသဖြင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ သာသနာရေးကို အနည်းငယ် တင်ပြလိုပါသည်။ ယခုအခါ မြန် မာနိုင်ငံ၌ သာသနာတော် တည်တံ့ပြန့်ပွားရေး လုပ်ငန်းကြီးကို အကြောင်းပြု၍ အနာဂတ်အတွက် အလွန် အလားအလာ ကောင်းသော သာသနာရေး အလှည့်အပြောင်းကြီးတရပ် ဖြစ် ပေါ်လျက် ရှိပါသည်။ ယင်းသို့ ဖြစ်ပေါ်နေချိန်တွင် ပရိယတ္တိ အရည်အချင်း ပြည့်ဝသော ရဟန်း သံဃာတော်များ အနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင် ရွက်ရန်အများအပြား ပေါ်ပေါက်လျက် ရှိပါသည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အဓိ က လုပ်ငန်းကား ပရိယတ္တိ သင်ကြားပို့ချရေးသာ ဖြစ်ကြောင်း

မည်သူမျှ ငြင်းနိုင်မည် မထင်ပါ။ မြန်မာနိုင်ငံ၌ ယနေ့အထိ ထေရဝါဒ ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားနေခြင်းသည် ခေတ်အဆက်ဆက်မှစ၍ ပရိယတ္တိ သင်ကြားပို့ချမှု ခိုင်မြဲစွာ တည်ရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် ပျံလွန်တော်မူခါနီး ကာလအထိ နှစ်ပေါင်း လေးဆယ်ကျော်မျှ စာပေပို့ချမှုကို အစဉ်တစိုက် စွဲမြဲစွာ ဆောင်ရွက်သွားတော်မူခဲ့ခြင်းမှာလည်း ယင်းအကြောင်းကို သိမြင်တော်မူသောကြောင့်သာ ဖြစ်ပါသည်။

သို့ပင်ဖြစ်စေကာမူ သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များအနေဖြင့် ပရိယတ္တိ သင်ကြားပို့ချမှုလုပ်ငန်း တခုတည်းဖြင့်သာ ကျေနပ်နှစ်သိမ့်၍ နေရန်မဟုတ်၊ အခြား အခြားသော သာသနာ့လုပ်ငန်းများကိုလည်း အခွင့်သင့်သလို ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အခြားအခြားသော သာသနာ့လုပ်ငန်းများဟုဆိုရလျှင် ပဋိပတ္တိအားတုတ်ခြင်း၊ တကာ တကာမများ ကိုယ်ကျင့်တရားကောင်းမွန်၍ အသိအလိမ္မာ တိုးပွားရေးအတွက်တရားဟောခြင်း၊ စာအုပ်စာတမ်း ရေးသားခြင်းများလည်း ပါဝင်ပါသည်။ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် ပရိယတ္တိသင်ကြားပို့ချမှုကို မပြတ်မလပ်ဆောင်ရွက်နေသည့်ကြားမှပင် တရားဟောခြင်း၊ စာပေရေးသားခြင်းများကို အချိန်လု၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ယင်းဆောင်ရွက်မှု၏ အကျိုးတရားများကို ရဟန်းရှင်လူပြည်သူလူထုတရပ်လုံး မကုန်နိုင် မခမ်းနိုင်အောင် ခံစားနေကြရသည်မှာ အထင်အရှားပင်ဖြသစ်ပါည်။

## ဆရာကောင်းတပည့်

မဟာဂန္ဓာရုံ ဆရာတော်၏ နည်းနိဿယ ဆုံးမလမ်းညွှန်မှုများကို အပြည့်အဝခံယူရရှိခဲ့သောအရှင်ကဝိသာရသည် စာပေပို့ချမှုကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသည့်ကြားမှ တကာတကာမတို့အတွက် အကျိုးများမည့် ဗုဒ္ဓခေတ် ကျောင်းဒကာကျောင်းအမများစာအုပ်ကို စတင်ရေးသားလိုက်ခြင်းမှာသာသနာရေးအတွက် ရှေ့သို့တလှမ်းတက်လိုက်ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ စင်စစ်အရှင်ကဝိသာရတို့ ညီနောင်နှစ်ပါးအနက် ညီဖြစ်သူ အရှင်မဟောသဓမှာ စောစောပိုင်းကပင် စာအုပ်စာတမ်းများ ရေးသားခြင်းနှင့် တရားဟောကြားခြင်းတို့ဖြင့် နိုင်ငံသိ ဓမ္မကထိကတပါးဖြစ်လျက်ရှိပါသည်။

ပရိယတ္တိ အရည်အချင်းပြည့်ဝ၍ ဆရာကောင်းတပည့် ပီသသော အရှင်ကဝိသာရ၏ပထမလက်ရာဖြစ်သော ဤဗုဒ္ဓခေတ်ကျောင်းဒကာ ကျောင်းအမများစာအုပ်ကို စာရေးသူအနေဖြင့် အထူး အမွှမ်းတင်ရန် လိုမည်မထင်ပါ။ စာအုပ်အမည်ကို ကြည့်ရုံဖြင့်ပင် ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုလေ့လာသင့်သောစာအုပ်ဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ရဟန်း သံဃာများ ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများကို ချမ်းချမ်းသာသာ အားထုတ်နိုင်ကြစေရန်အတွက် ကျောင်းကန် အဆောက်အဦများကိုတဦးချင်းအနေဖြင့်သော်လည်းကောင်း၊ စုပေါင်း၍ သော် လည်းကောင်း၊ စေတနာ ထက် သန်စွာဆောက်လုပ်လှူဒါန်းလျက်

B ရှိကြပါသည်။ ထိုကဲ့သို့သောကျောင်းဒကာ ကျောင်းအမများ

အနေဖြင့် ဗုဒ္ဓလက်ထက်တော်က ဝေဠုဝန် ကျောင်းဒကာ အနာထပိဏ်သဌေးကြီး၊ ပုဗ္ဗာရုံကျောင်း အမ ဝိသာခါ သဌေး ကတော်ကြီး စသောကျောင်း အလှူရှင်တို့၏ အကြောင်း အတ္ထုပ္ပတ္တိကို အထူးပင် သိရှိလေ့လာရန် လိုအပ်လှပါသည်။

ထို့ပြင် ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေးဟူသော ပစ္စည်းလေး ပါးတို့တွင် တပါးအပါအဝင်ဖြစ်သော ကျောင်းကိုဆောက်လုပ် လှူဒါန်းခြင်း၏ အကျိုးတရားကား ကြီးကျယ် များပြားလှပါ သည်။ သို့သော် စေတနာဖြူစင်၍ မှန်ကန်သောနည်းဖြင့် လှူ ဒါန်းမှုလည်း ထိုအကျိုးတရားများကို အပြည့်အဝ ခံစားကြရ မည်ဖြစ်ပါသည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီး၊အနာထပိဏ် သဌေးကြီး၊ ဝိသာခါ သဌေးကတော်ကြီး စသော ဗုဒ္ဓခေတ် ကျောင်းဒကာ ကျောင်းအမတို့၏ စံနမူနာကိုယူ၍ ကျောင်း ဆောက် လှူဒါန်းခဲ့ကြသော လက်ရှိကျောင်းဒကာ ကျောင်း အမများ၊ ကျောင်းဆောက် လှူဒါန်းရန် ကြံရွယ်ကြိုးပမ်းနေ သော ကျောင်းဒကာ ကျောင်းအမလောင်းများနှင့် ကျောင်း လှူခြင်း၏ အကျိုးတရားကို သိရှိလေ့လာလိုသော ဗုဒ္ဓဘာသာ ဝင်တို့ အတွက် အရှင်ကဝိသာရ၏ ဤ "သာသန သမိုင်းဝင် ကျောင်းဒကာကျောင်းအမများ" စာအုပ်သည် အထူးပင် ကျေး ဇူး များလိမ့်မည်ဟု မျှော်လင့်ပါကြောင်းတင်ပြလိုက်ရပါသည်။

**ဓမ္မာစရိယ ဦးမောင်မောင်လေး**

ရန်ကုန်မြို့

၅-၅-၇၁။

# စကားအချီ

**သမ္မုယှာမိ ပမုယှာမိ, သဗ္ဗေ မုယှန္တိ မေ ဝိဒါ၊**
**ဝတ္ထုတ္တယံ မံ ပါလေတု, အတ္တာ မေ သရဏံ ဂုရု၊**

(အဟံ - 'သမိုင်းဝင် ကျောင်းဒကာ' အကြောင်း အရာကို ကောင်းစွာ တွေးကြံ အလေးဖန်၍ ရေးရန်အားထုတ် အကျွန်ုပ်သည်-) သမ္မုယှာမိ-စာပေရေးရာ, အတွေးချာလျက် ဝေးကွာ ဉာဏ်နဲ့ အကြံလွဲ၍ အမှန်ပဲ တွေဝေပါ၏၊ ပမုယှာမိ - စာ တစောင် ပေတဖွဲ့ အနေတဲ့အောင် ဖွဲ့နွဲ့ကြံအား ဉာဏ်မသွားပဲ အမှန်အပြားအားဖြင့် တွေဝေပါ၏၊ သဗ္ဗေ မေဝိဒါ - ရေး ဉာဏ် ပြောဉာဏ် အဟောဉာဏ်နှင့် သဘောဉာဏ် အရပ်ရပ် အမှတ်ဉာဏ် အဖုံဖုံ အကျွန်ုပ်၏ ဉာဏ်အစုတို့သည်၊ မုယှန္တိ- အသိမကပ် အမှတ်မထင် အတတ်မမြင် အသိလွဲ၍ မရှိပဲ တွေဝေကြပါကုန်၏။

ဝတ္ထုတ္တယံ-မြတ်ဘုရားနှင့်,တရား သံဃာ, ရန်ဘယာ အပြတ် မှုံးရှားသည့်, အမွန်ရတနာမြတ် သုံးပါးသည်၊ မံ-ဤစာရှုကာ ယခု ဒကာတို့ တုကာသာရှင် သဒ္ဒါဝင်၍ ထာဝစဉ်ကုသိုလ် အထုပ်ပိုဖို့ ခုလိုရေးထုတ် အကျွန်ုပ်ကို၊ ပါလေတု-ရန်ခန်းဘယာ

အမှန်မသန်းလာပဲ ကျမ်းစာရေးဉာဏ်အတွေးမှန်အောင် ဖေးမံစောင့်ရှောက် တော်မူပါစေသတည်း။

မေ-သာသနာတော်အား ကျေးဇူးများသည့် 'ဘုရားကျောင်းဒကာ' အကြောင်းအရာကို ကောင်းစွာရေးထုတ်အကျွန်ုပ်၏၊ ဂုရု-ဂိုဏ်း၏ အဓိပတိ, နှိုင်းမရှိသည့်, အတိုင်းမသိဂုဏ်သမ္ဘာ, စုံလျှံဖြာ၍, ကမ္ဘာလွှမ်းကာ ခြုံ "မဟာဂန္ဓာရုံ" ဟု, ကျမ်းစာစုံ မှန်ပြု, ဂန္ထကာရက အကျော်, ကျေးဇူးရှင် ဆရာတော်ဘုရားသည်လည်း၊ သရဏံ-အများသိလွယ် ပရိယာယ်ဖြင့် လှည့်ဖယ်ပေးတတ် အရေးတတ်ဖို့လေး မြတ်ရိုကျိုး တိုးဘွယ်ဖြာဖြာ ကိုးကွယ်ရာသည်၊ အတ္တ-အမြတ်တနိုး မပြတ်ကိုး၍ ခတ်မျိုးပစ္စည်း စနစ်နည်းဖြင့် အဖြစ်ကြီးဖြစ်ပါစေသတည်း။

**အာသီသ**။ ပါရမီပါ၍ စကားအရာ ကြွယ်ဝသူများမှ အရေးအသား အပြောအဟောဖြစ်သည်၊ 'စာရေးသားခြင်း' ဟူသည်လည်း တဘက်သား နားလည်အောင် ပြောပြ ရေးပြခြင်းပင်ဖြစ်ရာ စကားတတ်မှ ဖြစ်နိုင်ပေသည်၊ မိမိကား စကားအရာမတတ်ကျွမ်းပါ၊ ပြောဉာဏ် ဟောဉာဏ်မရှိပါ၊ သဘောဉာဏ်မှတ်ဉာဏ် မထက်မြက်ပါချေ၊ သို့ဖြစ်လင့်ကား ရတနာသုံးပါး ဆရာသမား အားကိုးဖြင့် မြတ်ဘုရားနှင့် တရား သံဃာ ရတနာသုံးပါး ဆရာသမားများ၏ ဂုဏ်တော်များကို အားကိုး ကြည်ယုံဖုံဖုံဝပ်တွား ဦးထိပ်ဝယ်ထားလျက် ပြောတတ် ရေးတတ်သမျှ ဤ'သမိုင်းဝင် ကျောင်းဒကာများ'ကို ရေးသားလိုက်ရပေသည်။

မိမိ၏ကျေးဇူးကော်ရှင် ဆရာကား အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်ဂိုဏ်းကြီး၏ဥပ ဥက္ကဋ္ဌ ဘာသာဋီကာ စသော ကျမ်းပေါင်းများစွာကို ပြုစုသွားတော်မူသော အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ဖြစ်ပါ၏၊ ဆရာတော်ဘုရားကြီးသည် အဟော အပြော အရေးအသား စကားအရာတွင် အများ သိလွယ်အောင် ပရိယာယ်ကြွယ်ဝ၍ ဝေါဟာရ အသုံးအနှုန်း ကျွမ်းကျင် ပိုင်နိုင်တော်မူလှပါပေသည်၊ ဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို ဖတ်ရှုရလျှင် ကလေးသူငယ်များ လူပြိန်းများပင် အလွယ်တကူ သဘောပေါက် နားလည်ကြပါသည်။ ပဋ္ဌာန်း ဒေသနာတော် နည်း၌ ပစ္စည်း ပစ္စယုပ္ပန် အကြောင်း အကျိုး ဆက်စပ်လျက်ရှိသည်၊ ဤသမိုင်းဝင် ကျောင်းဒကာ ကျောင်းအမများ စာအုပ်ပြုစုရာ၌ ထိုပဋ္ဌာန်း ဒေသနာတော် နည်းအရ မိမိတောင့်တသည့်အတိုင်း ခေတ်ဆက်လိမ့်မည်ဟု စွဲမြဲယုံကြည်မိပေသည်၊ ထိုသို့ ယုံကြည်သည့် အလျောက်လည်း ခေတ်မျိုးပစ္စည်းစနစ်နည်းအရ ခေတ်ဆက်ပါစေ ခလို။

**ကျောင်းဒကာ ကျောင်းအမများ။** ။မိမိတို့ ဝေဇယန္တာ ကျောင်းတိုက်တွင် စက်ကိုင်းတောင်ရိုး သိဒ္ဓိမင်္ဂလာ ချောင် ဆရာကြီး ရှဟန်းအမ ဒေါ်ဥာဏနန္ဒီက ၄၊ခန်း—၃ ခန်း ပျဉ်ထောင် ၂-ထပ်ကျောင်းကိုလည်းကောင်း၊ မန္တလေးမြို့ မဲအိုးတန်းမှ ရဟန်းအမကြီးများ ဖြစ်ကြသော ဒေါ်ဒေါ်တင်၊ ဒေါ်ဒေါ်စိန်၊ ဒေါ်ဒေါ်ဝင်း ညီအမများနှင့် မိသားစုတို့က သိမ်တိုက်နှင့် ရေကန်ကြီးများကို လည်းကောင်း ဆောက်လုပ်

လှူဒါန်းခဲ့ကြသည်။ အလားတူပင် မန္တလေးမြို့ မေဃဂီရိရပ်မှ ရဟန်းအမကြီးများ ဖြစ်ကြသော ဒေါ်တင်မေ၊ ဒေါ်တင်ရွှေ၊ ဒေါ်လှငွေ ညီအမများနှင့် တူ-တူမများက သုံးထပ်တိုက် ကျောင်းကြီး ဆောက်လုပ်လျက်ရှိကြသည်။ အလျား ၂၄-ပေ အနံ ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ ရေကန်ကြီးကိုလည်း တည် ထားလှူဒါန်းပြီး ဖြစ်သည်။

ထို့အတူပင် မြန်မာပြည် အရပ်ရပ်ရှိ မြို့ကြီး မြို့ကလေး ကျေးလက်တောရွာမကျန် ကျောင်းဒကာ ကျောင်းအမများ သည် မိမိတို့ဆိုင်ရာများတွင် အသီးသီးတိုက်ကြီး ကျောင်းကြီး များကို ဆောက်လုပ်လှူဒါန်းကြသည်၊ သိန်းနှင့် သောင်းနှင့် ချီ၍ အကုန်အကျခံ လှူဒါန်းကြရသည်၊ သာမန် သဒ္ဓါတရား ဖြင့် တိုက်တလုံး ကျောင်းတဆောင် ဖြစ်မလာနိုင်ပေ။ "လေး တောင်လောက်မျှ ရှိသော ပိတ်ပိုင်းစ(သင်္ကန်းစ)တလက်ဘက် မျှလောက်သော ဆွမ်း၊ လေးတောင်မျှ ရှိသော သစ်ရွက် ကျောင်း၊ အနည်းငယ်မျှသော ဆီ ထောပတ်ဆီဦး စသော ဆေးတို့ကို လှူလိုက်ပါဟု ပြောဆိုနိုင်ဘို့ ထုတ်၍ လက်တွေ့ လှူနိုင်ဘို့ ခဲယဉ်းလှပေသည်၊ ဒါနမှုပြုရခြင်းသည် စစ်တိုက်ရ ခြင်းနှင့် တူပေသည်"ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ (ဒု နှာ=၄)၌ ဖွင့်ဆိုထားပေသည်။

မလှူနိုင်သူများ။ ။ကောသာဠက ခေါ်သည့်အဝတ်ကလေး တထည် လှူဘို့အရေး၌ တညလုံး မအိပ်ရ ရန်သူနှင့် စစ်တိုက် ခဲ့ရသည်။ကောသလမင်းကြီး၏ ထမင်းရေချောင်းစီး ဘယ်သူမှ

မတုန်ိုင်သည့် အသဒိသ အလှူပွဲကြီးတွင် ကာဠဆိုသော အမတ်သည်(ကိုယ်တိုင်လှူဘို့ဝေးစွ သူတပါးလှူသည်ကိုပင်) မင်းကြီးသည် ဘဏ္ဍာတော်ငွေများကို အလကား အကျိုးမဲ့ ဖြုန်းတည်းပစ်သည်”ဟု ဝေဘန်ပြောဆိုခဲ့သည်။ သဒ္ဓါတရားရှိလျက် ပစ္စည်းမရှိ၍ မလှူနိုင်သူ၊ ပစ္စည်းရှိလျက် သဒ္ဓါတရားမရှိ၍ မလှူနိုင်သူ၊ သဒ္ဓါပစ္စည်း နှစ်မျိုးလုံး မရှိ၍ မလှူနိုင်သူ ဟု အကြောင်းအမျိုးမျိုးကြောင့် မလှူနိုင်သူတွေ ဒုန္နဒေးရှိသည်၊ သို့ဖြစ်ပေရာ သဒ္ဓါတရားမရှိက ဤကဲ့သို့ အကုန်အကျများသည့် တိုက်ကြီးကျောင်းကြီးများကို မဆိုထားဘိ သဲဘပွင့် အုဘ်ဘချပ် ဆွမ်းကလေး တဇွန်းမျှကိုပင် လောင်းလှူနိုင်ဘို့ လွန်စွာမှ ခဲယဉ်းလှပေသည်။

**သာသနာပြုသူများ။** ။ကျောင်းဒကာ ကျောင်းအမများသည် အလွန်သဒ္ဓါတရား ထက်သန်ကြသဖြင့်သာ ယခုကဲ့သို့ တိုက်ကြီးကျောင်းကြီးများကို ဆောက်လှူနိုင်ကြခြင်း ဖြစ်ပေသည်၊ ထိုသို့ တိုက်ကြီး ကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းကြရာ၌လည်း ကျောင်း ဒကာ ကျောင်းအမများသည် တိုက်ကျောင်းသက်သက်ကိုသာ လှူကြသည် မဟုတ်ပေ၊ ဆွမ်းသင်္ကန်း ဆေးစသော ပစ္စည်းလေးပါးတို့ကိုလည်း ထိုက်သလို သင့်သလို လှူဒါန်းကြသည်သာ ဖြစ်ပေသည်။ သာသနာ့ဝန်ထန်း ရဟန်းသာမဏေတို့သည် ပစ္စည်းလေးပါးကို အမှီပြု၍ နေကြရသည်။ အာဝါသသပ္ပါယ၊ ဘောဇနသပ္ပါယ စသည်ကို ရကြပါမှ

ပရိယတ် ပတိပတ် အလုပ်တို့ကို ကြိုးစားအားထုတ် နိုင်ကြပေသည်။

ပရိယတ္တိ ဟိ သာသနဿ မူလံ - ဟူသည့် အတိုင်း ပရိယတ် ပတိပတ် တည်ရှိပွင့်လမ်းမှသာ ဗုဒ္ဓသာသနာတော်ကြီးလည်း အရှည်ခံ၍ တည်တန့်နိုင်ပေသည်။ 'သံဃာတော်သည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် မပင်မပန်းမှ ဘုရားစကားတော်မြတ် ပိဋကတ်သုံးပုံကိုပို့ချသင်ကြား၍ ရဟန်းတရားကို ကြိုးစားနိုင်ပေမည်။ ထိုသို့ ပို့ချ သင်ကြား ရဟန်းတရားအားထုတ်နိုင်မှ သာသနာတော်ကြီး အဓွန့်ရှည်ရှည် တည်လိမ့်မည်'ဟုလည်း (ဥပရိပဏ္ဏာသ အဋ္ဌကထား နှာ-၂၂၁ ၌)ဖွင့်ဆိုထားပေသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ယနေ့ ကျောင်းဒကာ ကျောင်းအမများသည် သာသနာတော်ကြီး အဓွန့်ရှည်ရှည် တည်တန့်အောင် ချီးမြှောက် ဆောင်ရွက်နေကြသည့် သာသနာတော်အား အလွန်ကျေးဇူးများကြသော သာသနာပြု ဒါယကာ ဒါယိကာမများပင် ဖြစ်ကြပေသည်။

**ကျေးဇူးတုံ့ပြန်။** ။သာသနာတော်အား ဤမျှကျေးဇူးများကြသော ဝေဇယန္တာ ကျောင်းအမများ အပါအဝင် ကျောင်းဒကာ ကျောင်းအမများ အားလုံး သဒ္ဓါတရား ကြီးမားထက်သန် ကုသိုလ်အား ပွားကြစေရန်အလို့ငှာ သာသနာတော်သမိုင်းတွင် ထင်ရှား ကျော်ကြားခဲ့ကြသော ဘုရားကျောင်းဒကာ ကျောင်းအမများ၏ အကြောင်းအရာကို

စုဆောင်းတင်ပြရလျှင် ကောင်းမှာပဲဟု အကြံဖြစ်မိသည်၊ ဗုဒ္ဓ မြတ်စွာကလည်း....

ဂိဟီ နမုပ ကရောန္တာနံ၊ နိစ္စ မာမိသ ဒါနတော၊
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စုပ ကာရကံ။

(ဗုဒ္ဓဝင် အဋ္ဌကထာ၊ နှာ-၂၃)

အမြဲတန်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး ကို လှူဒါန်းသော အားဖြင့် သာသနာတော်အား ကျေးဇူး များကြသော လူဒါယကာတို့အား စာပေ ရေးသား တရား ဟောပြ ဓမ္မဒါနအားဖြင့် ကျေးဇူး တုံ့ပြန်ကြဟု မိန့်မှာတိုက် တွန်းတော် မူခဲ့သည် မဟုတ်ပါလော။

**ယုံကြည်ချက်။** ။ထိုသို့ ကျောင်းဒကာ ကျောင်းအမ အပေါင်း ကို စုဆောင်းတင်ပြ ကျေးဇူး တုံ့ပြန်ရလျှင် ယခု ကျောင်း ဒကာ ကျောင်းအမများသည် ဗုဒ္ဓသက်ထက်ဘုရားကျောင်းဒကာ ကျောင်းအမများ၏ အကြောင်းအရာများကို ဖတ်ရှုကြရမည်။ ကုသိုလ်ကောင်းမှု ပြုလုပ်သွားကြပုံများကို လေ့လာကြရမည်။ လောကီ၊ လောကုတ္တရာ အကျိုးအပျိုးမျိုးကို ရရှိစံစား သွား ကြရပုံများကို မှတ်သားကြရမည်။ ထိုသို့ ဖတ်ရှုလေ့လာ မှတ် သားကြရပါက သဒ္ဓါတရား ပိုမိုထက်သန် လာကြပေလိမ့်မည်၊ မိမိတို့၏ ဘဝကို ထိုပုဂ္ဂိုလ်ကြီးများနှင့် နှိုင်းခိုင်း၍ အတိုင်းမသိ ဝမ်းသာအားရ ကျေနပ်ကြလိမ့်မည်၊ ကြည်နူးကြရပေလိမ့်မည်။

"ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ ကတွာ တံ ပန္စ ဝေက္ခတိ" ဟူသော ပဋ္ဌာန်း ဒေသနာတော်အရ မိမိတို့ ဆောက်လုပ်ထားကြသည့် ကုသိုလ် အာရမဏ ပစ္စည်း ကျောင်းအလှူကြီးကို အာရုံပြုဆင်ခြင်လျက် နောက်ထပ် အသစ်အသစ်သော အာရမဏိက အကျိုးပစ္စယုပ္ပန် ကုသိုလ်များ ဖြစ်ပွားကြရလိမ့်မည်။ အပရ စေတနာတွေ တဖွားဖွား တိုး ပွားကြရလိမ့်မည်ဟု ဤသို့ပင် ယုံကြည်မိပေသည်။

**သမ္မာဆန္ဒ**။ ။ထို့ပြင်လည်း မိမိတို့အင်အားအလိုက် သာသနာ တော်အတွက် အဆက်မပြတ် ကုသိုလ်ပြုလုပ်လျက် ရှိကြသော ကျောင်းဒကာ ကျောင်းအမများ**အား** ကျောင်းလှူရာ၌ ပုဂ္ဂိုလ် စွဲကို မထားကြပဲ တသာသနာတော်လုံး၌ရှိ အာဂတာနာဂတ (ရောက်ပြီး-ရောက်ဆဲ-ရောက်လတံ့-မည်သည့် အခါမှ ရောက် မည်မဟုတ်သော)စာတုဒ္ဒိသ သံဃာတော်အထိ စိတ်ရောက်စိတ် မှန်း၍ လှူဒါန်းရသည်ဟူသော လှူဒါန်းနည်းကို သိစေချင် သည်။ ဗိမ္ဗိသာရမင်း၊ ရာဇဂြိုဟ်သဌေး၊ အနာထပိဏ်သဌေး တို့ကဲ့သို့ လှူဒါန်းတတ်စေချင်သည်။ခေမာ၊ သုမေဓာ၊ မနုဥ္စာနီ အလောင်း သူငယ်ချင်းမ သုံးယောက်တို့ကဲ့သို့ ပုဂ္ဂလိက မဟုတ် ပဲ(မိမိတို့အား အကျိုးကြီးမားမည့်)သံဃိက အလှူဖြစ်အောင် လှူဒါန်းစေချင်သည်။ ထိုသို့ စာတုဒ္ဒိသ သံဃိက ရည်မှန်း လှူဒါန်း၍ ထာ ရ ကုသိုလ်တွေ တိုးနေစေချင်သည်။ ဤ ကောင်းမြတ်သော စေတနာ သမ္မာဆန္ဒတို့ကြောင့် ဤသာသန

သမိုင်းဝင် ကျောင်းဒကာ ကျောင်းအမများ စာအုပ်ဖြစ်ပေါ်လာရပေသည်။

**ဤစာရေးရကျိုး။** ။မည်သို့ဆိုစေ သာသနာ တော်ကြီးကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်း၍ သာသနာတော်ကြီးအား ကျေးဇူးများကြသော သာသနဒါယကာ ကျောင်းဒကာ ကျောင်းအမများသည် ဤသမိုင်းဝင် ကျောင်းဒကာ ကျောင်းအမ များကို ဖတ်ရှု၍ "သဒ္ဓါတရား တိုးပွားထက်သန်ကြရသည်။ မိမိတို့၏ ကျောင်းကုသိုလ်ကို အာရုံပြု၍ အသစ်အသစ်သော ကုသိုလ်များ ဖြစ်ရိ တိုးပွားကြရသည်" ဟု ဆိုပါလျှင် ဤစာရေးရကျိုးနပ်ပေပြီ ဟု။

မြေညီလမ်းသာ၊ သွားရပါလည်း၊ တခါရံသော်၊ သတိချော်၍၊ မတော်တိမ်းပါး၊ လဲတတ်ငြားမှာ၊ စိတ်ထားသေးစွာ၊ လှူယုတ်မာတို၊ ဝမ်းသာအားရ၊ ရယ်မောကြလည်း၊ ကောင်းစွာစိတ်ရင်း၊ လူကြီးမင်းတို၊ ကိုယ်ချင်းစာယှူ၊ လဲသသူကို၊ ကြည်ဖြူဖေးမ၊ ထူပေးကြမှာ။

**အမှာ။** ။ ကျမ်းရင်းရှုလိုသူများ အလွယ် တကူကြည့်ရှုနိုင်ကြရန် အခန်းတိုင်း၏ အဆုံးအဆုံးတွင် ကျမ်းညွှန်းများကို ဖော်ပြထားပါသည်။

အရှင်ကဝိသာရ(ဓမ္မာစရိယ)
ဝေဇယန္တာချောင်
စစ်ကိုင်းတောင်ရိုး

၁၃၄၂-ခု၊ ပဌမ ဝါဆိုလပြည့်၊

# ဝေဠုဝန်ကျောင်းဒကာ ဗိမ္ဗိသာရမင်း

**ဘုရားပွင့်ပြီ။** ။ဗုဒ္ဓမြတ်စွာသည် အလောင်းတော် သုမေဓာ ရသေ့ဘဝဖြင့် ဒီပင်္ကရာဘုရားရှင်အထံတော်တွင် ဘုရားဆုပန် ဆင်ခဲ့သည်၊ နိယတ ဗျာဒိတ်ရတော်မူသည်မှ စ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဆယ်ပါး အပြား သုံးဆယ် စွန့်ဘွယ်ငါးဖြာ စရိယာသုံးရပ်တို့ကို အထပ်ထပ် ဖြည့်ကျင့်တော်မူခဲ့သည်။ ဤ နောက်ဆုံးဘဝတွင် ကပိလဝတ်ပြည် သုဒ္ဓေါဒန မင်းကြီး၏သား တော် သိဒ္ဓတ္ထမင်းသား ဖြစ်လာသည်။ နှစ်ဆယ့်ကိုးနှစ် အရွယ်၌ ကြင်ဘက်တော်ယသော်ဓရာသားတော်လေးရာဟုလာနှင့်ထီးနန်း စည်းစိမ်တို့ကို စွန့်၍တောထွက်တော်မူခဲ့သည်။ခြောက်နှစ်မျှဒုက္ကရ စရိယ ကျင့်တော်မူ၍မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် နေ့ ညဉ့်၏နောက်ပိုင်း အရုဏ်တက်လုဆဲဆဲ အချိန်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူသည်။ (ထိုအခါ ဘုရားရတနာနှင့်တရား ရတနာပေါ်လာပြီ၊ သံဃာရတနာကား မပေါ်လာသေးပေ)။

**နိဗ္ဗာန်မှ လွဲရသူ နှစ်ဦး။** ။ဘုရား ဖြစ်တော်မူပြီးနောက် "ဗောဓိ၊ အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလ၊ မုစလိန္ဒ၊ ရာဇာရတန" ဟူသော သတ္တဋ္ဌာနတို့၌ (၇) ရက် (၇) လီ သီတင်းသုံးတော်မူ၍ သဟမ္ပတိဗြဟ္မာကြီး၏ "တရားဟောတော်မူရန် တောင်းပန်ချက်"ကို လက်ခံတော်မူသည်။ အာဠာရရသေ့နှင့် ဥဒကရသေ့တို့အား တရားဦးဟောရန် ကြံရွယ်သော်လည်း၊ ထိုရသေ့နှစ်ဦးမှာ ကံဆိုးကြရှာသည်။ တဦးမှာ လွန်ခဲ့သည့် ညဦးက ကွယ်လွန်၍ ကျန်တဦးမှာ လွန်ခဲ့သည့် (၇) ရက်က ကွယ်လွန်ခဲ့သည်။ သူတို့အဖို့ အသေစောသဖြင့် နိဗ္ဗာန်နှင့် ဝေးကွာကြရရှာသည်။ မှန်ပါသည်။ တရားကိုသာ နာလိုက်ကြရလျှင် (လောကီစျာန်ရ ပုဂ္ဂိုလ်ကြီးများဖြစ်၍ ချက်ချင်းတရားထူးရကြမည်သာဖြစ်သည်။ သေပြီးနောက် ရူပဗြဟ္မာပြည်တွင် ဖြစ်လျှင်လည်း တော်ပေသေးသည်၊ တရားနာ၍တရားထူးရနိုင်သေးသည်၊ ယခုမူ တရားမနာနိုင်သည့် အရူပဗြဟ္မာပြည်သို့ ရောက်သွားကြသည်။ တရားနာနိုင်ရန် (သောတပသာဒရုပ်) မရှိသောကြောင့် ဗုဒ္ဓမြတ်စွာ မည်သို့ပင် ဟောပါသော်လည်း မကြားနိုင်၊ တရားထူးမရနိုင်ကြတော့ပေ။ တရားထူးရနိုင်သည့် အင်္ဂါလေးပါးတွင် သဒ္ဓမ္မသဝန အင်္ဂါချို့တဲ့ရလေပြီတည်း၊ သို့ဖြစ်၍ သူတို့ဘဝ နိဗ္ဗာန်နှင့် လက်မတင်ကလေး လွဲကြရသဖြင့် အဆုံးရှုံးကြီး ဆုံးရှုံးကြရရှာလေသည်။

**ဓမ္မစကြာ တရား။** ။ထို့နောက်တွင် ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရန် မဟာဗောဓိမှ ဗာရာဏသီ

ဣသိပတန မိဂဒါဝုန်တောသို့ကြွတော်မူသည်။ ထိုသို့ ကြွတော်မူရာ၌ ဥပကတက္ကဒ္ဒန်းကြီး၏တရားထူးရမည့် အရေးကို မြင်တော်မူသည်။သို့ဖြစ်၍ မဟာဗောဓိမှ(၁၈)ယူဇနာဝေးသောပဥ္စဝဂ္ဂီတို့နေရာ မိဂဒါဝုန်တောသို့ မြေပြင်မှ ခြေလျင်ကြွတော်မူသည်။ လမ်းတွင် ဥပကကြီးနှင့်တွေ့ဆုံတော်မူသည်၊ ဥပကအား အမည်တော် 'ဇိန' ဟု သတိတရရှိနေစေရန် ပြောပြတော်မူသည်။ (ဥပကသည် နောင်တွင် ဆာပါနှင့် အကြောင်းပါ၍ သားတယောက်ရသည်။ မယားနှင့်စကားများ၍ ငါ့မှာ အားကိုးမရှိဟု မထင်မှတ်ပါနှင့် 'အနန္တဇိန'ဆိုတာ ရှိပါတယ်" ဟု ပြော၍ ဆို၍ ဘုရားရှင်ထံသို့ လိုက်လာသည်၊ ရဟန်းပြု၍ အနာဂါမ်တည်သွားသည်)ဗုဒ္ဓမြတ်စွာသည် ဣသိပတန မိဂဒါဝုန်တောသို့ ရောက်တော်မူ၍ မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့်၊ စနေနေ့ညတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူသည်။

**အနတ္တလက္ခဏ သုတ်တော်။** ။ထိုနေ့တွင် အရှင်အညာသိကောဏ္ဍညသည် တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ သောတာပန်တည်လေသည်၊(ဤအရှင်သည် သာဝကများတွင် အဦးဆုံးတရားထူးရ၍ ပဌမဆုံး ရဟန်းဖြစ်သော သံဃာတွင် အကြီးဆုံး ရတ္တညူဧတဒဂ်ရ မဟာထေရ်တည်း။) ဗုဒ္ဓမြတ်စွာသည် မိဂဒါဝုန်တောမှာပင် ထိုပဌမဝါ ကပ်တော်မူ၍၊ ဝါဆိုလပြည့်ကျော်(၁)ရက် နေ့တွင် အရှင်ဝပ္ပထေရ်ကို လည်းကောင်း၊ (၂)ရက်နေ့တွင် အရှင်ဘဒ္ဒိယထေရ်ကိုလည်းကောင်း၊ (၃)ရက်

နေ့တွင် အရှင်မဟာနာမ် ထေရ်ကိုလည်းကောင်း၊ (၄)ရက်နေ့တွင် အရှင် အဿဇိထေရ်ကို လည်းကောင်း၊ သောတာပန်တည်စေသည်၊ ဝါဆိုပြည့်ကျော် (၅)ရက်နေ့တွင်မှ အနတ္တလက္ခဏသုတ်တော်ကို ဆက်လက် ဟောပြ တော်မူ၍၊ ပဥ္စဝဂ္ဂီ ငါးဦးလုံး ရဟန္တာအဖြစ်သို့ရောက်တော်မူကြသည်။(ဤတွင် သံဃာရတနာလည်း ပေါ်လာလေပြီ။)

**သာသနာပြုစေလွှတ်တော်မူ။** ။ဗုဒ္ဓမြတ်စွာသည် ထိုဂါတွင်း၌ပင် ယသသေဌေးသားနှင့် သူ၏ သူငယ်ချင်း ငါးဆယ့်လေးယောက် တို့ကို ရဟန္တာ အဖြစ်သို့ ရောက် စေတော်မူသည်၊ ဝါကျွတ်သောအခါတွင် ထိုခြောက်ကျိပ်သော ရဟန်းတော်တို့ကို "လူသားတို့အတွက် ခရီးထွက်ကြ၊ တလမ်းတည်းနှစ်ပါးမသွားကြနှင့်၊ တရားဟောကြ၊ သာသနာတော်ကို ထင်ရှားပြုကြ"ဟု သာသနာပြု စေလွှတ်တော်မူသည်။ ကိုယ်တော်တိုင်လည်း ဥရုဝေဠတောသို့ ကြွတော်မူ၍ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ကိုလည်းကောင်း၊ ဥရုဝေဠကဿပ ညီနောင် ရှင် ၁၀၀၀ တို့ကိုလည်းကောင်း၊ တန်ခိုးပေါင်း (၃၅၀၀)ကျော်ပြ၍ ဒေသနာအမြိုက်ဆေးတိုက်ကျွေးတော်မူလျက် အရိယာနယ်မြေသို့ဆောင်ပို့ကယ်တင် တော်မူလေသည်။

**ရာဇဂြိုဟ်မြို့တော်သို့။** ။ဗုဒ္ဓ မြတ်စွာသည် "ဘုရား ဖြစ် လျှင်အစောဆုံးလာခဲ့မည်"ဟု ဗိမ္ဗိသာရမင်းအား ပဋိညာဉ်ပေးခဲ့ဘူး၏။ တောထွက်တော် မူလာ စတွင် အလောင်း တော်သည်

ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံ၍ ပဏ္ဍဝတောင်ပေါ်တွင် ဆွမ်းဘုဉ်းပေးတော်မူနေသည်။ ဤမျှ ချောမောလှပ သပ္ပာယ်လှန်းသော ပုဂ္ဂိုလ်ဆူးကို မမြင်ဘူးကြသဖြင့် ရာဇဂြိုဟ်တမြို့လုံး အုံးအုံးကျက်ကျက် ဖြစ်သွားသည်။ ဗိမ္ဗိသာရမင်းသို့တိုင် ထိုသတင်းရောက်ရှိလာလေသည်။ ဗိမ္ဗိသာရမင်းလည်း ကိုယ်တိုင်ကြည့်ရှု၍ "လူပေလော၊ နတ်ပေလော" ဟု တအံ့တသြ ဖြစ်လျက် "နတ်ဆိုလျှင် ပျောက်သွားလိမ့်မည်၊ လူသားဆိုလျှင် ဆွမ်းကို စားလိမ့်မည်၊ လိုက်ကြည့်ချေကြ၊ ဆွမ်းစားနေတာတွေ့လျှင် တယောက်က ဟိုမှာစောင့်နေ၊ တယောက်က ပြန်လာပြီး သံတော်ဦးတင်" ဟု မှာ၍ မင်းချင်း နှစ်ယောက်တို့ကို ထည့်လိုက်သည်။ မင်းချင်းတယောက်က ပြန်လာ၍ သံတော်ဦးတင်သည်၊ ဗိမ္ဗိသာရမင်း လည်း လိုက်သွားပြီးလျှင် အလောင်းတော်အား တိုင်းပြည်တဝက်ကို ပေးအပ်လေသည်။ အလောင်းတော်က "သူလည်း ကိုးနန်းကိုစွန့်၍တောထွက်လာခဲ့သည့် မင်းတပါးပင် ဖြစ်ကြောင်း၊ လောကသားတို့အကျိုးအတွက် တရားကျင့်၍ ဘုရားဖြစ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် တောထွက်လာခဲ့ကြောင်း" ကို ပြန်လည် မိန့်ကြားသည်။ ဗိမ္ဗိသာရမင်းလည်း "ဒီလိုဆိုလျှင် ဘုရားဖြစ်သည့်အခါ အကျွန်ုပ်၏ တိုင်းပြည်သို့ အစေဆုံးကြွလာပါ" ဟု ပဋိညာဉ်တောင်းခဲ့လေသည်။

ဤသို့လျှင် ဗိမ္ဗိသာရမင်း၏ခွဲဝေပေးသော မင်းစည်းစိမ်ကို လက်မခံပဲ "ဘုရားဖြစ်လျှင် အစေဆုံးကြွလာပါ" ဟူသော တောင်းပန်ချက်ကိုသာ လက်ခံတော်မူခဲ့သည့် အားလျော်စွာ ဗုဒ္ဓမြတ်စွာသည် ရသေ့ဟောင်း ဖြစ်ကြသော ရဟန်းတော်

တထောင်အခြံအရံဖြင့် ဗိမ္ဗိသာရမင်း၏ ရာဇဂြိုဟ်မြို့သို့ကြွတော်မူလာသည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ပြာသိုလ်လပြည့်နေ့တွင် ရောက်ရှိ၍၊ ထန်းတော ဥယျာဉ်ဝယ် သီတင်းသုံး စံနေတော်မူသည်။

**ဗိမ္ဗိသာရမင်းသောတာပန်တည်။** ။ဗုဒ္ဓမြတ်စွာ ကြွလာတော်မူကြောင်းကို ကြားသိ၍ ဗိမ္ဗိသာရမင်းသည် တသိန်းနှင့် နှစ်သောင်းသော ပုဏ္ဏားသူကြွယ်များ ခြံရံလျက် ဗုဒ္ဓမြတ်စွာအထံ သွားရောက်ကန်တော့လေသည်။ ဗုဒ္ဓမြတ်စွာသည် ဗိမ္ဗိသာရမင်း အမှူးရှိသော ပုဏ္ဏားသူကြွယ်တို့အား ဒါနနှင့်စပ်သော တရား၊ သီလနှင့်စပ်သော တရား၊ နတ်ပြည်နှင့်စပ်သော တရားစသည်ဖြင့် အခြေခံမှစ၍ သာမုက္ကံသိက ဒေသနာ သစ္စာ ၄-ပါးတိုင်အောင်သော တရားကို ဟောပြတော်မူသည်၊ ဗိမ္ဗိသာရမင်းနှင့် တသိန်းတသောင်းသော ပုဏ္ဏားသူကြွယ်တို့ သောတာပန်တည်ကြ၍ ကျန်တသောင်းမှာ သရဏဂုဏ်တည် ဥပါသကာများ ဖြစ်ကြလေသည်။

**တောင့်တချက်များလျှောက်ထား။** ။ဗိမ္ဗိသာရမင်းသည် သောတာပန်တည်ပြီးနောက် အားရဝမ်းသာ လှိုက်လှဲစွာဖြင့် ဗုဒ္ဓမြတ်စွာအား လျှောက်ထားသည်မှာ "ရှင်တော်မြတ်ဘုရား— ဒကာတော်မှာ အိမ်ရှေ့မင်းသားဘဝတုန်းက အာသာဆန္ဒ တောင့်တမှု ငါးမျိုးဖြစ်ခဲ့ရပါသည်၊ ထိုငါးမျိုးမှာ—

(၁) ငါ့ကို မင်းအဖြစ် အဘိသိက် သွန်းကြပါမူ ကောင်းလေစွ၊

(၂) မင်းဖြစ်ပြီးသော ငါ၏နိုင်ငံသို့ ပူဇော် အထူးခံတော်မူထိုက် သည့် သမ္မာသမ္ဗုဒ္ဓဘုရားရှင် ကြွလာပါမူ ကောင်းလေစွ၊

(၃) ငါသည် ထိုဘုရားရှင်ကို ဆည်းကပ် ကိုးကွယ်ရပါမူ ကောင်းလေစွ၊

(၄) ထိုဘုရားရှင် သည်လည်း ငါ့အား တရား ဟောပြပါမူ ကောင်း လေစွ၊

(၅) ထိုဘုရားရှင်၏ တရားတော်ကို ငါသိရပါမူ ကောင်းလေစွ၊

"ဤတောင့်တမှု ငါးမျိုးဖြစ်ခဲ့ရပါသည်၊ ထိုငါးမျိုးသည် ယခု ဒကာတော်မှာ ပြည့်စုံပါပြီဘုရား" ဟု လျှောက်ထားပြီးလျှင် အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူအဖြစ် ခံယူလေသည်။

ဝေဠုဝန်ဥယျာဉ်လှူပြီ။ နောက်တနေ့တွင် ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်တထောင်တို့အား ဆွမ်းဆက်ကပ်လှူဒါန်း၍ ဒကာတော်သည် ရတနာသုံးပါးနှင့်ကင်း၍ မနေနိုင်တော့ပါ၊ နေ့နေ့ညည အချိန်မရွေး ဘုရားရှင်အထံ လာလိုပါသည်။

ဒကာတော်၏ ဤဝေဠုဝန်ဥယျာဉ်သည်....

(၁) မြို့ရွာနှင့်လည်း မဝေးလွန်းပါ။
(၂) မြို့ရွာနှင့်လည်း မနီးလွန်းပါ။
(၃) သွားလမ်းလာလမ်းလည်းကောင်းပါသည်။
(၄) ဘုရားဖူးလို တရားနာလိုသူတို့လည်း အလွယ်တကူ သွားလာနိုင်ပါသည်။
(၅) နေ့အခါတွင် လူတို့နှင့် ရောထွေးခြင်းမရှိ။
(၆) ညဉ့်အခါတွင်လည်း လူသံ သူသံ မဆူညံပါ။
(၇) မြို့ရွာ တွန်သံလည်းမရှိပါ။
(၈) လျှည့်လည်သွားလာသော လူအပေါင်း၏ လေမှု (ကိုယ်အနံ့မှု)လည်း ကင်းပါသည်။
(၉) လူသူလည်း ရှင်းပါသည်။
(၁၀) တပါးတည်း ကိန်းအောင်းရန်လည်း သင့်လျော်ပါသည်။

မွေ့လျော်ဘွယ်ကောင်းသော ပြာသာဒ်ရှည် ပြာသာဒ်ကတုံးဗိမာန်၊ လေးဘက်မိုး၊ နှစ်ဘက်မိုး အဆောက်အဦ မဏ္ဍာပ်စသည်တို့ (နေစရာအပြည့်အစုံ)ပါရှိသော ဝေဠုဝန် ဥယျာဉ်ကြီးကို "အာရာမ - အာရာမ်ကျောင်းတိုက်" အဖြစ် အလှူခံတော်မူပါ-ဟုလျှောက်ထား၍ ဘုရားရှင်၏ လက်တော်၌ ရွှေကရား (ရွှေတကောင်း)ဖြင့် ရေစက်သွန်းချ၍၊ လှူဒါန်းလေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုအာရာမ်ကို ခံယူတော်မူလေလျှင် "ဗုဒ္ဓသာသနာတော်၏ အခြေခံခိုင်မာသော အုတ်မြစ်ကြီး ချလိုက်ရပေပြီ"ဟု လွန်စွာအားရ နှစ်သက်လှသဖြင့် ကခုန်သည့်အနေ ဤမဟာပထဝီ မြေကြီးသည် လျှော်တုန်လှုပ်လေသည်။ ဇမ္ဗူဒိပ်တွင် ကျောင်းအလှူ ခံယူသဖြင့် မြေတုန်လှုပ်ခြင်းသည် ဤဝေဠုဝန်ကျောင်းတိုက် တတိုက်ထည်းသာ ရှိလေသည်။

**ကျောင်းအနုမောဒနာ တရား။** ။ဗုဒ္ဓ မြတ်စွာ ဘုရားသည် ဝေဠုကျောင်းတိုက်ကို ခံယူ၍ အနုမောဒနာတရားကို ဟောကြားတော်မူသည်။ (ဂါထာ မြန်မာပြန်ကိုသာ ဖော်ပြလိုက်ပါသည်။)

(၁) ကျောင်းအလှူဒါန၏ အကျိုးအာနိသင်အဝဝကို လောက၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာမှတပါး အခြားမည်သူတဦးတယောက်မျှ ကုန်စင်အောင် မပြောပြနိုင်၊ ပါးစပ်ပေါင်း တသောင်းဖြင့် ပြောသော် လည်း ကုန် စင် အောင် မ ပြော နိုင်ပေ။

(၂) သံဃာတော်အား ကျောင်းကို ပေး လှူသူ ကျောင်းဒကာသည် အသက်, အဆင်း, ချမ်းသာ ခွန်အား, ပဋိဘာန်ဉာဏ်ပညာများကို ပေးလှူသူမည်ပေသည်။

(၃) သီတဥတု ဥဏှဥတု စသောဘေးရန်, အသက်၏ ဘေးရန်ကိုကာကွယ်တတ်သောကျောင်းကို လှူ

ဒါန်းသူကျောင်းဒကာသည် အသက်ကို စောင့်ရှောက်ရာရောက်သဖြင့် အသက်ကို ပေးလှူသူဆိုရပေသည်။

(၄) အလွန်အေး အလွန်ပူသော အရပ်တွင် နေရသူမှာ ခွန်အား အဆင်းဉာဏ် ပညာ မဖြစ်ကင်းသဖြင့် ကျောင်းဒကာသည် ထိုခွန်အား အဆင်း ပဋိဘာန် ဉာဏ်ပညာကို ပေးလှူသည်မည်ပေသည်။

(၅) ကျောင်းသည် အအေးအပူ မြွေကင်း လေ နေပူစသည်ဆင်းရဲဒုက္ခကို တားမြစ် ကာကွယ်ပေးသောကြောင့် ကျောင်းဒကာသည် ချမ်းသာ (သုခ)ကို ပေးရာရောက်သည်။

(၆) ကျောင်းဒကာသည် အအေးအပူလေနေပူ မှက်ခြင် မိုးရေ မြွေကင်း ခြသေ့ သစ်ကျားစသောဒုက္ခဘေးရန်ကို တားမြစ် ကာကွယ်ပေးသဖြင့် ထို ကျောင်းဒကာသည် တမလွန် လောကဍ္ဍ သုခကိုရနိုင်ပေသည်။

(၇) သီလသမာဓိ စသောဂုဏ် တိုးပွားပြည့်စုံတော်မူကြသော ရဟန်းတော်တို့အား ဘဝဘောဂ၏ အကြောင်းဖြစ်၍ စိတ်၏ မွေ့လျော်ဘွယ်ကောင်းသော ကျောင်းကို ကြည်ညိုသောစိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာ လှူဒါန်းသော

ကျောင်း ဒကာသည် အလုံးစုံကို ပေးလှူရာ ရောက်ပေသည်။

(၈) လောဘနှင့်တကွ မစ္ဆေရ အညစ်အကြေးကို ပယ်ခွါ၍ သီလစသော ဂုဏ်တို့၏ တည်ရာဖြစ်ကြသော ရဟန်းတော်တို့အား ကျောင်းလှူသော ကျောင်းဒကာသည် အခြားသူများကဆောင်ယူ၍ချထားလိုက်သလို သောကကင်းကွာ နတ်ပြည်မှာ ဖြစ်ရလေသည်။

(၉) တင့်တယ် လျောက်ပတ် ကောင်း မြတ်သော ကျောင်းတို့ကို ဆောက်လုပ်၍ ပရိယတ်နှင့်ပဋိပတ်တွင် ကျွမ်းကျင်သော ရဟန်းတော်တို့ကို စာပေပို့ချ တရားပြ၍ နေ့ည သီတင်းသုံးနေစေရသည်။ ထိုရဟန်းတော်တို့အား ဆွမ်းအဖျော်နှင့်သက်န်းတို့ကို ကြည်ညိုသောစိတ်ဖြင့် အမြဲတစေ ရိုးသေလှူဒါန်းပါလေ။

(၁၀) မဟာရာဇာ ထိုသို့ကျောင်းလှူဒါန်းရသည့် အတွက် ကျောင်းဒကာသည် ဘဝအဖြာဖြာတို့၌ စိတ်၏ကြည်နူးရာ စည်းစိမ်အမျိုးမျိုးတို့ကို အတိုင်းထက်အလွန် စံစား၍ ကျောင်းအလှူ၏ အကျိုးကြောင့် နောက်နောက်ဘဝတွင် ချမ်းသာသုခကို ရနိုင်ပေသည်။

ဤသို့ ကျောင်းအနုမောဒနာတရား ဟောကြားတော်မူ၍ အဆုံးအပိုင်းအခြား မရှိသော ဘုရားရှင်၏ အသရေတော်ဖြင့် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။ ကျောင်းတော်သို့ရောက်လျှင် ဗုဒ္ဓမြတ်စွာသည် "အနုဇာနာမိ ဘိက္ခဝေ အာရာမံ" ဟု ရဟန်းတော်များအား ကျောင်းတိုက် အာရာမ်ကို စတင် ခွင့်ပြုတော်မူပေသည်။

**မှတ်ချက်။** ။ဗိမ္ဗိသာရမဟာရာဇာသည် 'တေဟံ ဘန္တေ ဝေဠုဝနဉယျာနံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ' ဟု နေစရာ အဆောက်အဦမျာ: ပါရှိသော်လည်း ဝေဠုဝန်ဉယျာဉ်မြေကို ဘုရားအမှူးရှိသော သံဃာတော်အား ကျောင်းတိုက် အာရာမ် အဖြစ် ပဓာနထား၍ လှူဒါန်းခြင်းဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာ က 'အနုဇာနာမိ ဘိက္ခဝေ အာရာမံ' ဟု ကျောင်းတိုက်အာရာမ် အဖြစ်ခွင့်ပြုတော်မူသည်။ လေးဘက်မိုးကျောင်း စသော ဝိဟာရသေနာသနကို ခွင့်ပြုတော်မူခြင်း မဟုတ်သေးပေ။ ထို့ကြောင့် ဗိမ္ဗိသာရမင်းသည် 'ဤ ဘုရားသာသနာတော်တွင် ပဌမဆုံး ကျောင်းဒါယကာ' ဟူသောအမည်ကို မရပဲ နောက်၌ဖော်ပြမည့် ကျောင်းပေါင်း ခြောက်ဆယ်အလှူရှင် ရာဇဂြိုဟ် သေဌေးသည်သာ ထိုအမည်ကို ရရှိပေသည်။ ။

---

၁။ ဝိ-၃၊ နှာ-၁-၅၀

၂။ ဗုဒ္ဓဝံသ-ဋ္ဌ၊ နှာ-၇-၂၇

၃။ အပဒါန်-ဋ္ဌ-၁၊ နိဒါနကထာ

၄။ ဇာတက-ဋ္ဌ-၁၊ နိဒါနကထာ

# ဝေဠုဝန်ကျောင်းအမ ခေမာ

**ဆုပန်ရာကာလ။** ။ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတသိန်းအထက်၌ ပဒုမုတ္တရဘုရားပွင့်တော်မူသည်။ထိုအခါ ခေမာထေရီအလောင်းသည် သေဌေးသမီးဖြစ်၍ ပညာအရာ၌ ဧတဒဂ်ရသော ဘိက္ခုနီမတပါးကို ကျေနပ်အားရ သဘောကျလှသောကြောင့် ဘုရားအမှူးရှိသော သံဃာတော်များကို(၇) ရက်ပတ်လုံး ဆွမ်းကပ်လှူပြီးသောအခါ ပညာအရာ၌ ဧတဒဂ်ရသော ဘိက္ခုနီမတယောက် ဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့လေသည်။

**ဝိပဿီဘုရားလက်ထက် ဘိက္ခုနီပြု။** ။ထိုဘဝမှ စုတေ၍ လူ့ပြည် နတ်ပြည်၌ ကျင်လည်ပြီးလျှင်- ဝိပဿီဘုရားရှင်၏ လက်ထက်တော်၌တရားတော်ကို နာရသဖြင့် ဘိက္ခုနီပြုလုပ်သောအခါ ဗဟုသုတရှိ၍ တရားကိုလည်းကျင့်သော ဓမ္မကထိက ဖြစ်ခဲ့သည်။

**ကောဏာဂုမ်ဘုရား၏ကျောင်းအမ။** ။ဤကမ္ဘာဝယ် ကောဏာဂုမ်ဘုရားရှင်၏လက်ထက်တော် ရောက်သောအခါ ကြွယ်ဝသော အမျိုးသမီးဖြစ်၍ ဓနဥ္စာနီသုမေဓာမည်သော မိတ်ဆွေအဖော်မတို့နှင့်အတူ သံဃိကကျောင်းကို လှူခဲ့ကြပါသည်။

**ကဿပဘုရားလက်ထက်တော်။** ။ကဿပဘုရား၏ လက်ထက်တော်သို့ ရောက်သော အခါ ကိကီဘုရင်မြတ်၏ သမီးတော်(၇) ယောက်တို့တွင် အကြီးဆုံးသမီးတော်ဖြစ်ခဲ့သည်။ ဘိက္ခုနီပြုဖို့ရန် သမီးတော်အားလုံး ခွင့်ပန်ကြသော်လည်း ခမည်းတော်က ခွင့်မပြုသောကြောင့် အပျိုစင်ဘဝဖြင့် ကောမာရီဗြဟ္မစရိယ အကျင့်ကို ကျင့်ခဲ့ကြသည်။ (အဗြဟ္မစရိယ ဘိက္ခာပုဒ်ကို ထိန်းရသော ငါးပါးသီလကို ကောမာရီဗြဟ္မစရိယဟု ခေါ်သည်။) ညီမတော်များနှင့်အတူ ဘုရားရှင်နှင့်သံဃာတော်များ သီတင်းသုံးတော်မူရန် ကျောင်းတော်ကိုလည်း ဆောက် လှူခဲ့သည်။ [ ဤ ဘုရားရှင်လက်ထက်တော်တွင် မယ်တော်မာယာမှ တပါး ကျန်ညီမတော်ခြောက်ယောက်လုံး ရဟန္တာထေရီမဖြစ်ကြသည်။ မယ်တော်မဟာမာယာကား နတ်ပြည် အဘိဓမ္မာ တရား ဟော အပြီးတွင် သောတာပန်တည်သည်။]

**ဤဘုရားလက်ထက်တော်။** ။ဤ ဘုရားရှင်၏ လယ်ထက်သို့ ရောက်သောအခါ မဒ္ဒတိုင်း၌ 'ခေမာ' မည်သော ဘုရင့်သမီးတော် ဖြစ်၍ အရွယ်ရောက်သောအခါ ဗိမ္ဗိသာရမင်း၏ မိဖုရားတပါး ဖြစ်လာ၏၊ ရုပ်အဆင်းအလှန်လှ၏၊ လှသလောက် ရုပ်ကို သာယာ

နေသောကြောင့် ရုပ်အပြစ်ကို ဟောတော်မူသော ဘုရားအထံတော်သို့ တခါမျှမသွားခဲ့ချေ။ ထိုအခါ ဘုရားကျောင်းဒကာလည်းဖြစ် သောတာပန်လည်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် သူကဲ့သို့ အရိယာ သူတော်ကောင်းကြီး တယောက်၏ မိဖုရားဖြစ်ပါလျက် ဘုရားရှင်အထံတော်သို့ အဖူးအမြော်မသွားရောက်ပဲနေသည်ကို သဘောမကျနိုင်ရကား ကျောင်းတော်သို့ သွားချင်လာအောင် ဂီတအရေးကောင်းသူတို့ကို ရေးစေ၍အဆိုတော်များကို ခေမာမိဖုရား ကြားအောင် သီဆိုစေသည်။

## [ဝေဠုဝန်ကျောင်းတော်ဘွဲ့ဂီတိများ]

**ဝေဠုဝန်ကျောင်း မမြင်ဘူးလျှင်**

ရမ္မံ ဝေဠုဝနံ ယေန, န ဒိဋ္ဌံ သုဂတာလယံ၊
န တေန နန္ဒနံ ဒိဋ္ဌံ, ဣတိ မညာမသေ မယံ။

ယေန - လူ့ဘုံ၌ာန လူ့လောက၌ နေရသသူ အကြင်လူသည်၊ သုဂတာလယံ - သုံးလူ့မှန်းကင်း တရားမင်း၏ သီတင်းသုံးတော်မူရာလည်း ဖြစ်ပေထသော၊ ရမ္မံ - စိတ်နှလုံးကို ယူကြုံးသည့်နှယ် မွေ့လျော်ဘွယ်ကောင်းထသော၊ ဝေဠုဝနံ-ပျားပိတုန်းတို့၏ စားသုံးရန်အသင့် ပန်းစုံပွင့်၍ လွန်တင့်သာမွန်ဝေဠုဝန်ခေါ် ကျောင်းတိုက်တော်ကြီးကို၊ နဒိဋ္ဌံ - အဆင့်ဆင့်မှား ခွင့်မအားသဖြင့် မျက်ဝါးထင်ထင် မတွေ့မမြင်အပ်ဘူးချေ။

တေန-ဝေဠုဝန်ခေါ် ကျောင်းတိုက်တော်ကို ဖူးမျှော်ဘို့ရန်မကောင်း ကံဆိုး ထိုလူမျိုးသည်၊ နန္ဒနံ - နတ်တို့စံရာ ဝတိန်သာဝယ် သာယာမြတ်မွန် နန္ဒဝန်ဥယျာဉ်ကြီးကို၊ နဒိဋ္ဌံ - မမြင်

အပ်ငြား ပမာထား၍ မခြားတမူ အလားတူပင် ဖြစ်ပါတော့၏၊ မယ° - ကျောင်းတိုက်တော်ဂုဏ် အဖုံဖုံဝယ် တော်ရုံဖော်ထုတ် အကျဉ်းချုပ်တို့သည်၊ ဣတိမညာမသေ ဤကဲ့သို့ပင် စိတ်အစဉ်၌ ထင်မြင်၍သာ နေကြပါကုန်သတည်း။

**ဝေဠုဝန်ကျောင်းမြင်ဘူးလျှင်**

ယေန ဝေဠုဝနံ ဒိဋ္ဌံ, နရနန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန, အမရိန္ဒသုနန္ဒနံ။

ယေန-ထူးဆန်းထွေလာ အံ့ဘွယ်ရာနှင့်မင်္ဂလာအဖုံဖုံ လူမျိုးစုံကို တွေ့ဆုံလိုသူ အကြင်လူသည်၊ နရနန္ဒန နန္ဒနံ-မြင်သူမြင်သူ ရှင်ရှင်လူတို့ ကြည်ဖြူရွှင်မြူး ပီတိလူးအောင် အထူးကျေနပ် အလွန်နှစ်သက်အပ်သော၊ ဝေဠုဝနံ-ရှင်တော်မြတ်ဘုရား တပည့်သားတို့ တရားမွေ့လျော် စံကာပျော်သည့် ကျောင်းတော်တုလွန် ဝေဠုဝန်ကို၊ ဒိဋ္ဌံ-ရှေးကံမြင့်မား အခွင့်အားသဖြင့် မျက်ဝါးထင်ထင် တွေ့မြင်အပ်ပေပြီ။

တေန-ဝေဠုဝန်ခေါ် ကျောင်းတိုက်တော်ကို ဖူးမြော်ဘို့ရန် အကြောင်းဖန်သည့် ရှေးကံထူးလတ် ထိုသူမြတ်သည်၊ အမရိန္ဒသုနန္ဒနံ-ဝတိန်စံစား နတ်သိကြားလျှင် လေးစားမြူးရွှင် အထူးခင်လျက် ခုံမင်စုံမက် နှစ်သက်အပ်သော၊ နန္ဒနံ-နတ်တိုင်းမောင်မယ် ခုန်းတုံလှယ်၍ ကြည်စယ်မြူးကြွ စမွှါယ်ရသည် ချမ်းမြသာလွန် နန္ဒဝန် ဥယျာဉ်ကြီးကို၊ သုဒိဋ္ဌံ - ကံကောင်းပင့်မ အခွင့်ရသဖြင့် မုချပုံသေ မြင်အပ်သည် မည်ပါပေသတည်း။

## နတ်များဖူးလို့အားမရ

ဝိဟာယ နန္ဒနံဒေဝါ, ဩတရိတွာ မဟီတလံ၊
ရမ္မံ ဝေဠုဝနံ ဒိသွာ, နတပ္ပန္တိ သုဝိမှိတာ။

ဒေဝါ-ဝတိန်စံစား နတ်အများတို့သည် နန္ဒနံ- နတ်တိုင်း မောင်မယ် ပျော်မွေ့ဘွယ်ဖြင့် တင့်တယ်သာမွန် နန္ဒဝန်ဥယျာဉ် ကြီးကို၊ဝိဟာယ-တရံတခါ ပယ်စွန့်ခွါ၍၊မဟီတလံ-ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါလျှံထွန်း ဇမ္ဗူကျွန်းသို့ ၊ဩတရိတွာ- ဘုရားဖူးတရားနာ ကုသိုလ်ရှာဘို့ ရံခါခဏ ဆင်းလာကြကုန် သည်ရှိသော်၊ ရမ္မံ-စိတ်နှလုံးကို ယူကြုံးသည့်နှယ် မွေ့လျော် ဘွယ်ကောင်းသော ဝေဠုဝနံ-အရိယာ အပေါင်း သံဃာ ကောင်းတို့ ကိန်းအောင်းစံပျော် ဝေဠုဝန်ကျောင်းတိုက် တော်ကြီးကို၊ဒိသွာ-မျက်ဝါးထင်ထင်တွေ့မြင်ရသည်ဖြစ်၍၊သုဝိ မှိတာ-တအံ့တဩ ပြော၍မညီး ချီးမွမ်းကြကုန်လျက်၊နတပ္ပန္တိ- ပူပန်ခပင်း သောကကင်းသဖြင့် နေရင်းနတ်ထံ မပြန်လိုပဲ ရှိကြ ကုန်သတည်း။

## ချီးကျူးမကုန်ကျောင်းတော်ဂုဏ်

ရာဇပုညေန နိဗ္ဗတ္တံ, ဗုဒ္ဓပုညေနဘုသိတံ၊
ကောဝတ္တာ တဿနိဿေသံ, ဝနဿ ဂုဏသဉ္စယံ။

ရာဇပုညေန- ဘုရင်မင်းမြတ် သမ္ဘုနတ်၏ မပြတ်လှူ့ဆော် ဘုန်းကံတော်ကြောင့်၊နိဗ္ဗတ္တံ-ရှေးဦးမဆွ ပထမကာ စ၍ ကောင်း

စွာဖြစ်ပေါ်၍လာထသော၊ ဗုဒ္ဓပုညေန-သုံးလူ့ထွတ်ထား မြတ်ဘုရား၏ ကြီးမားမြင့်မော် ဘုန်းကံတော်ဖြင့်၊ ဘူသိတံ-ထပ်၍ပြုပြင် တန်းဆာဆင်အပ်ထသော တဿဝနဿ-ဘုန်းကံအဆက်ဆက် ဉာဏ်တော်စွက်၍ တုဘက်ကဲလွန် ထိုဝေဠုဝန်ကျောင်းတိုက်တော်ကြီး၏၊ ဂုဏသဥ္စယံ-ရှိသမျှ စုဆောင်း ဂုဏ်တော်အပေါင်းကို၊ နိဿေသံ-တစိုးတစိ အကြွင်းမရှိအောင်၊ ကော-နတ်နှင့်လူ ဝယ်ဘယ်သူတယောက်သည်၊ ဝတ္တာ-တကယ်ဖြစ်သမျှ စံနစ်ကျအောင် လှစ်ဟပိုင်ပိုင် ပြောပြနိုင်ပါတော့အံ့နည်း။

**ကျောင်းတော်သွားခြင်း။** ။ခေမာမိဖုရားသည် ဤဂီတတို့ကိုကြားရသောအခါ ဝေဠုဝန်ကျောင်းတော်သို့ သွားလိုသောဆန္ဒပြင်းပြသဖြင့် ဗိမ္ဗိသာရမင်းထံ ခွင့်ပန်လေသော် ဗိမ္ဗိသာရမင်း၏ ခွင့်ပြုချက်ကိုရသဖြင့် အခြွေအရံ များနှင့်အတူ ကျောင်းတော်သို့ သွား၍ လှည့်ပတ် ကြည့်ရှုရလျှင်ပင် တိတ်ဆိတ်ငြိမ်သက်၍ တရားကျင့်နေသော သံဃာတော်များဖြင့် တင့်တယ်သော ကျောင်းတိုက်တော်ကြီးကို မြင်ရသောအခါ ကျောင်းအမဖြစ်ခဲ့ဘူးသော မိဖုရားမှာ လွန်စွာခံတွတ်ခိုက်သွားလေသည်။ ဤမျက်လုံးဖြင့် ဒီလိုကျောင်းတော်ကို ဖူးမြင်ရသည်မှာ အလွန်အကျိုးရှိပါပေသည်ဟု မျက်လုံးကိုပင် ကျေးဇူးတင်လေသည်။

**ဗုဒ္ဓမြတ်စွာကိုဖူးမြင်ရခြင်း။** ။ထိုသို့ လှည့်လည် ကြည့်ရှုပြီးနောက် ဤဆွမ်းခံချိန်၌ ဗုဒ္ဓမြတ်စွာ ရှိတော်မမူဟုထင်၍ ဂန္ဓကုဋိသို့ ဝင်လေလျှင် အနီးအပါး၌ ယပ်ခပ်ပေးနေသော(ဘုရားရှင်ဖန်ဆင်းအပ်သော) နိမ္မိတ သတိုးသမီးနှင့် ဘုရားရှင်ကို

တွေ့မြင်၍ သူ့ထက်လှသော အမျိုးသမီးကို နှစ်နှစ်သက်သက် ကြည့်ရှုမိလေသည်။

**အိုနာသေ၍ပြတော်မူ။** ဗုဒ္ဓမြတ်စွာသည် နိမ္မိတ အမျိုးသမီး ကလေးအပေါ်ကို ချစ်ခင်နေသော မိဖုရားအား (ရုပ်ရှင်ပြသ ကဲ့သို့)ထိုသတိုးသမီးကလေး၏ တဖြေးဖြေးအရွယ်ရင့်ကာ အို မင်းလာပုံကို ပြတော်မူ၏၊ သွားကျိုးလာပုံ၊ ဆံဖြူလာပုံ၊ အ သားအရေရွတ်တွလာပုံ၊ အလုံးစုံကိုပြ၍ တုတ်ကလေးထောက် ကာ ထောက်ကာဖြင့် အမယ်အိုသွားသွားပုံကိုပါ ပြတော်မူပြီး လျှင် ထိုနေရာတွင် ဟောဟဲဟောဟဲ လဲနေပုံကို ပြတော်မူ၏။

ထိုအခါ ခေမာမိဖုရားမှာ ရုပ်အဆင်းပေါ်၌ အလွန်ငြီးငွေ့ သော သံဝေဂ ဖြစ်နေတုန်းဝယ် အောက်ပါဂါထာကိုဟော ပြတော်မူသည်။

**အပုပ်ကောင်ကိုမြင်အောင်ရှု**

အာတုရံအသုစိံ ပူတိံ,ပဿ ခေမေ သမုဿယံ၊
ဥဂ္ဃရန္တံ ပဃရန္တံ, ဗာလာနံ အဘိပတ္ထိတံ။

ခေမေ-ခေမာ၊အာတုရံ-ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ တို့လွှန်စွာခံခက် နှိပ်စက်အပ်ထသော၊ အသုစိံ-အမြဲနေ့စဉ်ဆေး သုတ်သင်လည်း မစင်မကြယ်ရှံဘွယ်ကောင်းထသော၊ ပူတိံ- ဆေးကြောသုတ်သင် တန်ဆာဆင်လည်းအမြင်သာဟုတ် အတွင်း ပုပ်၍ နေထသော၊ ဥဂ္ဃရန္တံ - မျက်စိ နား နှာ အင်္ဂါ ရှိတိုင်း အထက်ပိုင်းဝယ် ရှံဘွယ်သိုးပုပ် အန် ထုတ်၍ နေထသော၊

ပဉ္စိရန္တ-ကျင်ကြီးကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ညဉ့် ယိုချ၍ နေထသော၊ ဗာလာနံ-ဘဝါဘဝသံသာရက ရာဂစရိုက်ပွား ငမိုက်သားတို့သည်၊အဘိပတ္တိတံ-ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်လေးမြတ် တောင့်တအပ်ထသော၊ သမုဿယံ-သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤကိုယ်ကြီးကို၊ ပဉ္ဉာ-ဥာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ၍ ကြည့်ရှုစမ်းပါလော။

**သောတာပန်တည်။** ။ဤအထက်ပါ ဂါထာနှင့်တကွ ထပ်၍ဟောပြတော်မူအပ်သော တရားတော်ကို နာရ၍ သောတာပန်တည်သည်၊ ထိုအခါ ဗုဒ္ဓအထံတော်သို့စောစောက မလာမိသည့်အတွက် မိမိမှာ အပြစ်ရှိပါသည်ဟု ယူဆ၍ အောက်ပါ ဂါထာဖြင့် ကန်တော့သည်။ထို့နောက် နန်းတော်သို့ပြန်၍ ရှင်ဘုရင်ထံဘိက္ခုနီပြုဘို့ရန် ခွင့်ပန်သည်။ ဘိက္ခုနီဖြစ်၍ တလခွဲ ကြာသောအခါ ရဟန္တာဖြစ်၍ပညာတေဒဂ်ရဘိက္ခုနီဟုထင်ရှားလေသည်။

**ခေမာမိဖုရားကန်တော့ပုံ**

နမော တေ သဗ္ဗဒဿာဝိ, နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ, နမော တေ အမတံဒဒ။

သဗ္ဗဒဿာဝိ-ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်သိမြင် ရှင်တော်မြတ်ဘုရား၊တေတဝ-ဥာဏ်တော်ကြီးသလောက် ကရုဏာရောက်၍ စောင့်ရှောက်ကယ်တင် အရှင်မြတ်ဘုရားအား၊နမော-

မိမိရုပ်တွင်,စိတ်ကြီးဝင်၍ အထင်လွဲလေ,အပြစ်တွေကို ကျေစေ သို့ရာ ရှိခိုးပါ၏ဘုရား။

ကရုဏာကာရ-သနားကြင်နာ ကရုဏာ၏တည်ရာစင်စစ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၊ တေ တဝ - ကရုဏာကြီး သလောက် ဉာဏ်ရောင်တောက်၍ မျက်မှောက်သိမြင် အရှင်မြတ်ဘုရားအား၊ နမော-အမှန်သိရ ယခုမှပင် ကျနုမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

တိဏ္ဏသံသာရ—သံသရာပြင်ကျယ် ရေပင်လယ်ကို အလွယ်လွန်မြောက် ကမ်းသို့ရောက်၍ ဝမ်းမြောက်ကြည်လင် ရှင်တော်မြတ်ဘုရား၊ တေတဝ-ကရုဏာကြီးမား မေတ္တာပွား၍ သနားကယ်တင် အရှင်မြတ်ဘုရားအား၊ နမော-ကယ်တင်ရာတွင် ကိုယ်ပါဝင်သဖြင့်အစဉ်မြတ်နိုး လက်စုံမိုး၍ရှိခိုးကန်တော့ပါ၏ဘုရား။

အမတံဒဒ-မအိုမသေ အမြဲနေရန် အေးနိဗ္ဗာန်ကို ကေန်ပေးတတ် ရှင်တော်မြတ်ဘုရား၊ တေတဝ-မအိုမသေ အမြဲနေကြောင်း တရားကောင်းကို ကောင်းကောင်းသိမြင် အရှင်မြတ်ဘုရားအား၊ နမော-နိဗ္ဗာန်ကိုပင် ကိုယ်တိုင်မြင်သဖြင့် ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ ခေမာထေရီ အလောင်း သည် ရှေးဘုရားလေးဆူ၏လက်ထက်တော်၌ ဘုရားရှင်တို့ကို ဆည်းကပ်ခဲ့ရုံမက ဘိက္ခုနီလည်း ဖြစ်ခဲ့ ကျောင်းအမလည်း ဖြစ်ခဲ့ပါသည်။ သို့ပါလျက် နောက်ဆုံးဘဝ၌အဆင်းကို သာယာနေ

သောကြောင့် ဘုရားအထံမသွားပုံ၊ ဗိမ္ဗိသာရမင်း သူတော်ကောင်းနှင့်ပေါင်းရ၍ ဘုရားအထံရောက်ရပုံ၊ တရားရပုံကို သတိပြုပါ။

---

၁။ အပဒါန်-၂၊ နှာ-၂၂၁-၂၂၈

၂။ ထေရီ-နှာ-၃၉၅၊ ထေရီ-ဋ္ဌ၊ နှာ၁-၁၃၀

၃။ အံ-၁၊ နှာ-၂၆။ အံ-ဋ္ဌ-၁၊ နှာ-၂၆၄

၄။ ဓမ္မပဒ-ဋ္ဌ-၂၊ နှာ-၃၃၈

၅။ ဗုဒ္ဓါနုဿတိဘာဝနာ

# သုမေဓာ ထေရီ (ရှေးကျောင်းအမ)

**အမှာ။** ။ကောဏာဂုမ်ဘုရားလက်ထက်တော်တွင် သုံးယောက်ပေါင်း၍ သံဃိကကျောင်းလှူခဲ့ဘူးသော ခေမာထေရီ သုမေဓာထေရီနှင့် ဓနဉ္စာနီ သူငယ်ချင်းမ သုံးဦးတို့၏ အကြောင်းကို ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံဆရာတော်ဘုရား၏ 'ဗုဒ္ဓါနုဿတိ ဘာဝနာ' မှ ထုတ်နှုတ်တင်ပြပါသည်။

**ကျောင်းအမဖြစ်ခဲ့။** ။ကောဏာဂုမ် မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ ဤသုမေဓာထေရီ အလောင်း ဖြစ်ခဲ့သော အမျိုးသမီးသည် စည်းစိမ်ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်၍ ဓနဉ္စာနီ အလောင်း၊ ခေမာထေရီ အလောင်းတို့နှင့် အတူ၊ သံဃိက ကျောင်း လှူခဲ့ဘူးလေသည်၊ ထိုကောင်းမှုကြောင့် လူ့ပြည် နတ်ပြည် အစုန်အဆန်လှည့်လည်ခဲ့ရသည်၊ (ပုဂ္ဂလိကကျောင်း မဟုတ်သည်ကို သတိပြုပါ)။

**ဤဘုရားလက်ထက်တော်။** ။ဤဘုရား လက် ထက်တော် သို့ ရောက်သောအခါ မန္တာဝတီမြို့ဝယ် ကောဍ္ဍမင်း၏ မိဖုရား ခေါင်ကြီးမှ ဖွားမြင်သော မင်းသမီးဖြစ်၍၊ ရှေးဝါသနာ အလျောက် ဘိက္ခုနီတို့နှင့် အကျွမ်းတဝင်နေထိုင်ကာသူတော် ကောင်းတရားကို နာယူလေ့ရှိ၏။ ထို့ကြောင့် မင်းသမီးသည် ကိုယ်တိုင် လူ့သီလနှင့်ပြည့်စုံ၍ အမျိုးသမီးတို့အားလည်း ကာမ ဂုဏ်အပြစ်ကို ညွှန်ပြလျက် ဆန်းဆန်းပြားပြားတရားဟောလေ့ ရှိသည်။

**မိဖုရားဖြစ်ဘို့စီစဉ်။** ။မယ်တော် ခမည်းတော်တို့သည် ဝါရဏ ဝတီမြို့၌ အနိကရတ္တရှင်ဘုရင်လေး၏ မိဖုရားဖြစ်ဘို့ရန် စီမံပြီး ဖြစ်၏။ သို့သော် ထိုမျှလောက်တရားသိ၍ ကာမဂုဏ်အပြစ်ကို နှစ်နှစ်ကာကာ နားလည်နေသော မင်းသမီးသည် မယ်တော် ခမည်းတော်တို့၏စကားကိုလက်မခံပဲ "သမီးတော် စောင့်ထားတဲ့ အပြုဟ္မစရိယမှ ရှောင်ကြဉ်ရသော သီလကို တသက်လုံး အပျက် မခံနိုင်ပါ၊ လူ့ဝတ်ကြောင်ဘဝနှင့်တော့ အစာမစားပဲ အသေ ခံပါတော့မည်"ဟု သံတော်ဦး တင်လေသည်။

**ဘုရင်ကလေးလာပြီ။** ။စီမံထားသည့် လက်ထပ်ချိန်နီးသော အခါ 'မင်းကလေးလာနေပြီ' ဟု ကြားရသော သုမေဓာ မင်းသမီးသည် သူ၏ဆံပင်ကို သန်လျက်ဖြင့် ဖြတ်၍ ပြာသဒ် ပေါ်သို့တက်၍ တံခါးအပြင်ဘက်မှ "တိုင်းပြည် အာဏာနှင့် စည်းစိမ်အားလုံးကို အပ်ပါမည်"ဟု အမျိုးမျိုး ချော့မော့ ပြောဆိုရှာလေသည်။

**တရားပြန်၍ဟောခြင်း။** ။သုမေဓာသည် အတွင်းမှ နေ၍ "လေးကျွန်းလုံးကို အစိုးရတဲ့ မန္ဓာတ်စကြာမင်းသော်မှလောကီ အာရုံ ကာမဂုဏ်တို့ကို စံစား၍ မတင်းတိမ်နိုင်ပဲ သေမင်းနိုင်ငံသို့ လိုက်ရပါတယ်၊ အမဲရိုးကို မလွှတ်နိုင်တဲ့ ခွေးငတ်ကလေးကဲ့သို့ ပုထုဇဉ်အငတ်ကလေးတွေသာ ကာမဂုဏ်အမဲရိုးကို မလွှတ်နိုင်ပဲ ကိုက်၍နေရှာကြပါတယ်၊ မိမိ ဦးခေါင်း မီးလောင်သူဟာ ထိုမီး ငြိမ်းဘို့ရာ အရေးတကြီး လိုအပ်သကဲ့သို့၊ ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏာမီးတွေ အလောင်ခံနေရသော မိမိမှာတော့ မီးတွေငြိမ်းဘို့ရာ အရေး ကြီးပါတယ်"ဟု ဤသို့ပြောပြီးလျှင်-

**တံခါးဖွင့်၍ တရားဟော။** ။တံခါးကိုဖွင့်၍ ကြည့်လိုက်သော အခါ မယ်တော် ခမည်းတော်နှင့် အနီကရတ္တ ရှင်ဘုရင်ကလေး ပါ ပြာသာဒ်မြေပြင်၌ ထိုင်လျက် မျက်ရည်စက်လက် ဖြစ်နေ ကြသည်ကို မြင်ရလေသော်—"တရားမသိသူတွေအတွက် တငိုထဲ ငို၍ နေရာ သံသရာကြီးသည် အလွန် ရှည်လျား ခဲ့ပါသည်၊ မျက်ရည်တွေ အမိ၏ နို့ရည်တွေ သတ်ကြ ဖြတ်ကြလို့ ဖြစ်ရ သော သွေးတွေဖြင့် ပင်လယ်ဝေနေသော သံသရာတလျှောက် ကြီးကို သတိရကြစမ်းပါ" ဤသို့ စသည်ဖြင့် သံသရာအပြစ် မြင်စရာ တရားတို့ကို ဟောလေသည်။

**ဘိက္ခုနီပြုခွင့်ရပြီ။** ။ဤသို့ မိဖုရားလောင်း၏ တရား ကောင်းကို ကြားနာရသော ရှင်ဘုရင်ကလေးသည် သူကိုယ်တိုင်

ကျေနပ်၍ မင်းသမီးအား ဘိက္ခုနီပြုခွင့်ပေးပါရန် ယောက္ခမ လောင်း မင်းကြီးကို တောင်းပန်သောကြောင့် အားလုံး ကျေနပ်စွာ ဘိက္ခုနီပြုခွင့် ရလေသည်။ ထို့နောက် တရား အားထုတ်လေရာ လောကီ အဘိညာဉ်နှင့်တကွ ရဟန္တာဘိက္ခုနီ ဖြစ်၍၊ အောက်ပါ ဥဒါန်းဂါထာကို ကျူးရင့်ပါသတည်း။

**အသာဆုံးထုတ်ဖော် ကျောင်းအလှူတော်**

ကာလေ ကောဏာဂမနဿ, သဒ္ဓိံ သခီဟိ မေ ကတံ၊
ဝိဟာရဒါနံ သံဃဿ, အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

ကောဏာဂမနဿ—ကောဏာဂုမ်ဟု သုံးဘုံထင်ရှား မြတ် ဘုရား၏၊ ကာလေ—ပွင့်တော်မူရာ လက်ထက်တော်အခါ၌၊ သခီဟိ=မနုဿနိ ခေမာထေရီဟု ဂုဏ်ရည် ထွန်းတောက် အဖော် ၂ ယောက်တို့နှင့်၊ သဒ္ဓိံ—စိတ်ရောကိုယ်ပါ မကွာမကွဲ အမြဲထူသာလျှင်၊ အဂ္ဂံ—ရှိလေသမျှ လှူဒါနထက် ခေါင်က လွှမ်းဖုံး အသာဆုံးဟူ၍၊ ဗုဒ္ဓေန—ဆူဆူထွတ်ထား မြတ်ဘုရား သည်၊ ဝဏ္ဏိတံ- မပြတ်ထုတ်ဖော် ချီးမွမ်းတော်မူအပ်သော၊ သံဃဿ—အရပ်ဆယ်ဖြာ ပို့မေတ္တာဖြင့် ကောင်းစွာမွေ့လျော် နေတော်မူသော သံဃာတော်အပေါင်းအား၊ ဝိဟာရဒါနံ— တရားဖြင့်ပျော် မွေ့လျော်ဘို့ ရည်ရော်ငဲ့စောင်း ကျောင်း အလှူကို၊ မေ (မယာ)—သုမေဓာဟု ခုခါထင်ပေါ် တပည့် တော်သည်၊ ကတံ—အသိ အလိမ္မာ ဉာဏ်ပညာဖြင့် သဒ္ဓါဖွေးဖြူ ပေးလှူအပ်ခဲ့ပြီတကား။

## ကျောင်းအလှူကြီးက နိဗ္ဗာန်ဖြစ်

တံ မူလံ တံ သမောခနံ့, သာဝေ ခန္တိ သာသနေ၊
တမေဝ ပစ္ဆိမေကာလေ, ခေမံ ဓမ္မရတာယ မေ။

တံ(ဝိဟာရဒါနံ)—ကောဏာဂုဏ်ဟု သုံး ဘုံ ထင် ပေါ်
လက်ထက်တော်ဝယ် ပျော်ပျော်အတူ ထိုကျောင်းအလှူသည်၊
မူလံ–လူနတ်စည်းစိမ်အကြိမ်ကြိမ်ဟု ရိပ်ငြိမ်ရရန် အကြောင်းခံ
ပါတကား၊တံ (ဝိဟာရဒါနံ)- အဖော် သုံးယောက် ကောင်းစွာ
ဆောက်၍ ဝမ်းမြောက် ကြည်ဖြူ ထိုကျောင်း အလှူသည်၊
သမောခနံ - ဗုဒ္ဓမြတ်စွာ သာသနာနှင့် မကွာတွေ့ကြုံ ပေါင်းဆုံ
ရကြောင်း ကောင်းသောအလှူပါတကား။

သာဝေ - သံဃာတော် အများ ဘာဝနာပွား၍ တရား
ငွေ့စောင်း နေ့တို ကောင်းသည့် ထို ကျောင်း အလှူ သည် ပင်၊
သာသနေ-ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် အရပ်ရပ်၌၊ ခန္တိ –
ယုံကြည်ရိုမှုမက တိုးတက် ဉာဏ်ရောင် ထွက်၍ နှစ်သက်ဘို့ရာ
အကြောင်းရင်းပါတကား၊ တမေဝ–သဒ္ဓါတရား အခါခါပွား၍
တရားကိုယူ ထိုကျောင်း အလှူသည်ပင်၊ ပစ္ဆိမေ ကာလေ -
ယခုကြုံရာ နောက်ဆုံးအခါ၌၊ ဓမ္မရတာယ – သူတော် သူမြတ်
တရားဓာတ်ဖြင့် မပြတ်မွေ့လျော် ပျော်၍နေသော၊ မေ(မမ)–
သုမေဓာဟု ခုခါထင်ပေါ် တပည့်တော်၏၊ ခေမံ - ဒုက္ခခပ်သိမ်း
အေးငြိမ်းရာမှန် အေးနိဗ္ဗာန်ကြီးပါတကား။

**မှတ်ချက်။** ။သုမေဓာနှင့် ဓနဉ္စာနီ ခေမာထေရီတို့သည်
ကောဏာဂုမ် မြတ်စွာဘုရား၏ လက်ထက်တော်၌ သံဃိက

ကျောင်းလှူသော (ပုဂ္ဂလိက မဟုတ်သော) ကျောင်းအမများ ဖြစ်ခဲ့ကြ၏။

**တံမူလံ**။ ။ထိုကျောင်းအလှူသည် လောကီစည်းစိမ် အကြိမ်ကြိမ် ရဘို့ရန် အရင်းခံအကြောင်းလည်း ဖြစ်၏။

**တံသမောဓာနံ**။ ။ထိုကျောင်း အလှူသည် ယခုအခါ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ကြုံမိဘို့ရာ (ထွေဆုံကာ မတ္တမဟုတ်ပဲ) သာသနာပြုသူ ဖြစ်ဘို့ရန် အကြောင်းရင်း အခြေခံ ဖြစ်၏။

**သာဝေ ဝန္တိ**။ ။ထိုကျောင်းအလှူသည် သာသနာတော်နှင့် တွေ့ရာအခါ၌ ယုံကြည်ရုံသာမက သာသနာတော်၏အဆုံးအမကို နှစ်သက်သော အသိဉာဏ် ဖြစ်ဘို့ရန် အကြောင်းမှန်လည်း ဖြစ်၏။

**တမေဝ ဝေပံ**။ ။သာသနာတော်၏ အဆုံးအမကို နှစ်သက်လှန်းလှ၍ တရားဖြင့် ပျော်မွေ့ရာ ယခုအခါ၌ကား ထိုကျောင်းအလှူကြီးသည် နိဗ္ဗာန်ကြီးဖြစ်လာပြီတကား၊ ဤသို့ အားရပါးရ ဥဒါန်းကျူးရင့်ပါသည်။

**အပြောအဟောကောင်းပုံ**။ ။သုမေဓာထေရီသည် ရှေးပါရမီကောင်းသည့်အားလျော်စွာ ယခုဘဝ၌ ဘုရင်၏သမီးတော် ဖြစ်သော်လည်း မိဖုရားစိတ် မဖြစ်ပဲ ငယ်စဉ်ကစ၍ ဘိက္ခုနီတို့နှင့် အပေါင်းများသောကြောင့် တရားစိတ် အရည် ဝနေရကား၊ ရှေးကလှူအပ်ခဲ့သော ကျောင်းအတွက် ရအပ်သော နိဗ္ဗာန်ကိုပင်

"ရှေးက ကျောင်းအလှူကြီးသည် ယခုအခါ နိဗ္ဗာန်ကြီး ဖြစ်လာပါပကောဟု ဝမ်းမြောက်ဝမ်းသာ ပြောဖလေသည်။

ကရောန္တေဝံ သဒ္ဒဟန္တိ, ယေ သန္တာ သန္တသာသနံ၊
နိဗ္ဗိန္ဒန္တိ ဘဂဝတော, နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။

ယေ သန္တာ - သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ခုတ်ခံကိန်းအောင်း အကြင် သူတော်ကောင်းတို့သည်၊ သန္တသာသနံ - အေးအေးမြမြငြိမ်သက်လှသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကြီးကို၊ သဒ္ဒဟန္တိ—ကြောင်းကျိုးနှစ်တန်ခွဲဝေဖန်၍ အမှန်လုံးစုံ ယုံကြည်ကြလေကုန်၏။ တေသန္တာ -ဘုရား ဓမ္မ သြဝါဒကို ကျနသိမြင် ထိုသူတော်စင်တို့သည်၊ ဧဝံကရောန္တာ—သံသရာမှ မြန်စွာလွတ်ကြောင်း ငွဲခစောင်းမယုတ် ဤသို့သော ပြုလုပ်ကြကုန်၏။

တေသန္တာ—သံသရာဘေး လာမည့်ရေးကို တွေး၍ ကြောက်တတ် ထိုသူမြတ်တို့သည်၊ ဘဂဂတော-ဘဝဖန်ခါ သံသရာဝဲယ်ခန္ဓာနှင့်စပ် အရပ်ရပ်၌၊ နိဗ္ဗိန္ဒန္တိ-ဝိပဿနာဉာဏ် အမြင်သန်သဖြင့် အမှန် ကိုယ်တွေ့ ငြီးငွေ့ကြကုန်၏၊ နိဗ္ဗိန္ဒန္တာ-ဝိပဿနာဉာဏ် အမြင်သန်သဖြင့် အမှန်ကိုယ်တွေ့ ငြီးငွေ့ကြကုန်သည်ရှိသော်၊ ဝိရဇ္ဇရေ—မဂ်ဉာဏ်သို့ဆက် တရားတက်၍ တပ်မက်ခင်မင် လိုချင်မှုမရှိကြလေတော့သတည်း။

ဆိုလိုရင်း။ ။ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ဖြစ်သော သာသနာတော်သည် အလွန်ငြိမ်သက်၏၊ ရှေးဘုရား သာသနာတော်၌

ငြိမ်သက်မှု အထုံပါသော သူတော်ကောင်းတို့သည် တရားတော်ကိုယုံကြည်၍ ဝိပဿနာဉာဏ်ဖြင့်ရှုကာ ဘဝခန္ဓာကြီးကို ငြီးငွေ့ကြကုန်၏၊ ထိုငြီးငွေ့မှုမှ ဆက်၍ တိုးတက်သောအခါ တပ်မက်မှုကင်းကွာလျက် မဂ်ဉာဏ်သို့ တက်ကြရသည်ဟူလို။

**အမြင်ချင်း မတူကြ။** ။ဤသုမေဓာထေရီဝတ္ထု၌ မင်းသမီးနှင့် မယ်တော် ခမည်းတော် မင်းကလေးတို့၏ အမြင်ချင်း မတူပုံကို သတိပြုပါ၊ မင်းသမီးသည် မိဖုရားအဖြစ်ဖြင့် ခံစားရမည့် စည်းစိမ်ကိုခွေးငတ်ကလေး မလွှတ်နိုင်သော အမဲရိုးကဲ့သို့ မြင်နေ၏။ ခွေးငတ်ကလေးသည် သွားရေ တမျှားမျှားဖြင့် အမဲရိုးကိုကိုက်နေသော်လည်း အမဲရိုးမှ အသား မထွက်လာတော့၊ အမဲရိုးကိုက်ရင်းကိုက်ရင်းဖြင့် ပင်ပန်းနေရသကဲ့သို့ ကာမဂုဏ်စည်းစိမ်တွေလည်း ခံစားရင်း ခံစားရင်း ခံစားဘို့ ရှာရသော ဒုက္ခ၊ မင်းပြစ် မင်းဒဏ်သင့်ရသော ဒုက္ခတို့ဖြင့် ကိုယ်ပန်း စိတ်ပန်းပန်း၍နေရတော့၏။ သို့ပါလျက် ထိုကာမဂုဏ် စည်းစိမ်ကို မယ်တော် ခမည်းတော်နှင့် ဘုရင်လေးတို့က ချောမစည်းစိမ်ကြီးဟု ယူဆနေကြလေသည်။

---

၁။ အပဒါန်-၂၊ နှာ - ၁၈၇-၂၂၃

၂။ ထေရီ - နှာ-၄၂၉၊ ထေရီ-ဋ္ဌ၊ နှာ-၂၇၈-၃၀၄

၃။ ဗုဒ္ဓါနုဿတိဘာဝနာ

# မနုဿာနီ (ရှေးကျောင်းအမ)

**ဤဘုရားရှင်လက်ထက်**။ ။သူမကား ကောဏာဂုမ်ဘုရားလက်ထက်တော်တွင် ခေမာထေရီ သုမေဓာထေရီ အလောင်းတို့နှင့် အတူ သူငယ်ချင်းမ သုံးယောက်ပေါင်း၍ သံဃိကကျောင်း ဆောက်လှူခဲ့သော ကျောင်းအမတည်း။ ဘုရားရှင်လက်ထက်တော်တွင် မနုဿာနီပုဏ္ဏားမျိုး၌ ဖြစ်လာသည်။

ပုဏ္ဏားအမျိုးတို့တွင် မနုဿာနီအမျိုးကို အမြတ်ဆုံးဟု ပုဏ္ဏားတို့ယူဆကြ၏။ ထိုအမျိုး၌ ဖွားမြင်၍ "မနုဿာနီ"ဟု နာမည်တွင်သော အမျိုးသမီးတယောက်သည် အပျိုဘဝက သောတာပန်တည်၍ ဗုဒ္ဓမြတ်စွာကို သတိရတိုင်း "နမော တဿ ဘဂဝတော–ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏"ဟု ရွတ်ဆိုလေ့ရှိ၏။ အိမ်ထောင်ပြုဘက် ခင်ပွန်းသည် ပုဏ္ဏားကား ဗုဒ္ဓဘာသာဝင် မဟုတ်၊ ဗြဟ္မာကို ကိုးကွယ်သော ပုဏ္ဏားအယူကိုသာ ယူသူဖြစ်သည်။

**အယူမတူသော်လည်း အတူနေနိုင်။** ။ဤသို့ အယူမတူသော်လည်း ဆန့်ကျင်ဘက် မပြုကြပဲ ဓနဉ္စာနီက ဗုဒ္ဓအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်မည့်နေ့သို့ ရောက်လျှင် ပုဏ္ဏားသည် စောစောကပင် အခြားအိမ်သို့ ထွက်သွား၏၊ ပုဏ္ဏားဂ သူ၏ပုဏ္ဏားတို့ကို ထမင်းကျွေးပွဲပြုရာနေ့၌ကား ဓနဉ္စာနီသည် လင်၏အလိုသို့ လိုက်လျောသောအားဖြင့်လည်းကောင်း၊ သောတာပန်ဖြစ်၍ နှမြောဝန်တိုမှု မစ္ဆရိယ မရှိသောကြောင့်လည်းကောင်း၊ ပုဏ္ဏားတို့ကို ကောင်းမွန်စွာ ပြုစု၏။

**နမောတဿဟု မဆိုဘို့ရန် တားခြင်း။** ။တနေ့သ၌ကား ပုဏ္ဏားသည် ဓနဉ္စာနီကို ကြိုတင်၍ အသိမပေးပဲ ပုဏ္ဏားတို့ကို ထမင်းကျွေးဘို့ဖိတ်လာခဲ့ပြီးမှ ဓနဉ္စာနီအား ပြော၏၊ ထိုအခါ ထမင်းကျွေးဘို့ကိစ္စ၌ သူက ဘာများလုပ်ပေးစေလိုပါတုန်း" ဟု မေးသည်၊ လုပ်စရာကိစ္စအားလုံးကို အလုပ်သမားများ လုပ်ကြပါလိမ့်မယ်၊ ရှင်မရဲ့တာဝန်ကတော့ ထမင်းသုံးဆောင်လာတဲ့ ပုဏ္ဏားများလဲ စိတ်ချမ်းချမ်းသာသာစားရ၊ ကျုပ်နဲ့ ပုဏ္ဏားတို့နဲ့လဲ စိတ်ဝမ်းမကွဲရအောင် နက်ဖန်တရက်လောက် "နမောတဿ ဘဂဝတော" လို့ မရွတ်မိအောင် ချုပ်တည်းစမ်းပါနော်။ (ခခယယကောင်းပန်သည်၊ အထက်တန်းအမျိုးသမီးမို့ အာဏာနဲ့ မပြောဝံ့။)

**ဓနဉ္စာနီက မလိုက်လျော။** ။ရှင့်မှာ ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲလဲ ကွဲလေ၊ ဗုဒ္ဓမြတ်စွာကို သတိရတဲ့အခါ ရှိမခိုးပဲတော့ နေ

ကို မနေနိုင်ပါ" ဤသို့ ပြောလေသော်.... အလွန်စိတ်ဆိုးသည် ဖြစ်၍ သန်လျက်ကိုယူပြီးလျှင် "အိမ်ခြေတရာရှိတဲ့ရွာရဲ့ တံခါး ပေါက်ကြီးကို လုံအောင်ပိတ်နိုင်ပါသေးလျက် သင်က သင့်ပါး စပ်တပေါက်ကို ပုဏ္ဏားများ ထမင်းစားချိန်ကလေးမှ မပိတ်နိုင် ဘူးလား၊ နက်ဖန် ပုဏ္ဏားတို့ထမင်းစားချိန်မှာ "နမောတဿ ဘဂဝတော"လို့ ရွတ်ဆိုလျှင်တော့ ဟောဒီသန်လျက်နဲ့ တကိုယ် လုံးကို နုပ်နုပ်စဉ်းမယ်"ဟု ကြိမ်းဝါးလေသည်။

သို့သော် ဓနဉ္စာနီက ပြန်ပြောသည်မှာ...."ကိုပုဏ္ဏား ကျုပ် က အမြတ်ဆုံးဖြစ်တဲ့ ဩက္ကာကမင်းမျိုးမှ ဆင်းသက်လာတဲ့ ဂေါတမဗုဒ္ဓရဲ့ သမီးတော့....သမီး သမီး၊ ဗုဒ္ဓမြတ်စွာကိုသတိရတဲ့အခါ ရှိမခိုးပဲ နေကို မနေနိုင်ဘူး၊ ရှင်က အဲဒီသန်လျက်နဲ့ ဖြတ်ချင် လဲဖြတ် သတ်ချင်လဲသတ်ပေါ့"

**ပုဏ္ဏားလက်လျှော့ရ။** ။ဤသို့ ပြောသောအခါ ပုဏ္ဏားသည် မယားဖြစ်သော်လည်း သူ့ထက်အဆင့်တန်းမြင့်နေသောကြောင့် လက်ကလေးနှင့်မျှ မရိုက်နှက် မပုတ်ခတ်ဝံ့သည်ဖြစ်၍၊ ဟန်နဲ့ပန်နဲ့ ကိုင်ထားသောသန်လျက်ကို ခတင်ပေါ်သို့ ပစ်တင်ကာ "လုပ် ချင်ထာလုပ်ဟာ" ဟုဆို၍ လက်လျှော့လိုက်ရလေသည်၊ သို့သော် နက်ဖန်နံနက်၌ ဓနဉ္စာနီသည် လင်၏စိတ်ကို မဆင်းရဲစေလိုသော ကြောင့် ပုဏ္ဏားတို့မလာခင် ခန့်ညားကောင်းမွန်စွာ ပြင်ဆင်၍ ပုဏ္ဏားတို့လာသောအခါ သူကိုယ်တိုင် ပြုစုလုပ်ကျွေးပါသည်။

**နမော တဿ ဘဂဝတော။** ။ထိုသို့ပြုစုလုပ်ကျွေးနေစဉ် ပုဏ္ဏား တို့၏ အစွန့်ဝယ် ထမင်းစားမည်ဟု ပြင်နေသော သူ့ခင်ပွန်း ပုဏ္ဏား၏ လင်ပန်း၌ ထမင်းထည့်ဘို့ နို့ဃနာထမင်းခွက်ကို ယူ လာရာ သစ်သားချောင်းတခုကိုနင်းမိ၍ ချော်သွားသဖြင့် ထိခိုက် မိသောကြောင့် အလုံးစုံ ဒုက္ခချည်းပဲ - ဟူသော ဗုဒ္ဓ၏စကား တော်ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာကိုလည်းကောင်း သတိရ ၍ ကိုင်ထားသော နို့ဃနာခွက်ကို အသာချပြီးလျှင် ဝေဠုဝန် ကျောင်းတော်ဘက်သို့ လက်အုပ်ချီကာ "နမော တဿ ဘဂဝ တော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ပီပီသသကြီး ရွတ်ဆို ၍ ရှိခိုးပါတော့သတည်း။

**ပုဏ္ဏားတွေ ပြန်ပြေးကြပုံ** ။ဗုဒ္ဓမြတ်စွာကို မကြည်ညိုသည့် အပြင် ဗုဒ္ဓနှင့်သံဃာများကြောင့် သူတို့ စားပေါက်စားလမ်း ပိတ်သွားသည်ဟု အယူရှိရကား နဂိုရ်ကပင် ဗုဒ္ဓအပေါ်၌ အတော် မကျေမနပ် ဖြစ်နေကြသော ပုဏ္ဏားတို့သည် "နမော တဿ ဘဂဝတော" စသော အသံကိုကြားလိုက်ရသည်နှင့်တပြိုင် နက် စားပြီး စားတုန်း ပုဏ္ဏားအားလုံးပင် စိတ်ဆိုးမာန်ဆိုးဖြင့် (လေးကိုမြင်၍ ကျီးကန်းတွေ ပျံပြေးကြသကဲ့သို့) တစုံတဝေး ကြီး အကုန်ထ၍ ပြန်ပြေးကြလေသည်။

**ဘုရားကိုနှိပ်ဘို့ ပုဏ္ဏားသွားခြင်း။** ။ပုဏ္ဏားလည်း "ဒီအဖြစ်မျိုး ဖြစ်လိမ့်မည်မြင်လို့ မနေ့က တောင်းပန်ထားပါလျက် ဒီပါးစပ် ပေါက်ကို မပိတ်နိုင်ဘူး" ဟု ပြောကာ အမျိုးမျိုး ဆဲပြီးလျှင်

"နင့်ဗုဒ္ဓအပေါ် မဖြေနိုင်အောင် ပြဿနာမေး၍ အပြစ်တင်မယ်"ဟု ပြောဆိုလျက် ဗုဒ္ဓအထံတော်သို့သွား၍ စိတ်မဆိုးဟန်ဆောင်ကာ"အရှင်ဂေါတမ....ဘယ်ဟာကိုဖြတ်၍ ဘယ်ဟာကိုသတ်လျှင် ချမ်းချမ်းသာသာ နေထိုင်ရ နောင်တ တဖန် မပူပန်ရပါသနည်း၊ တခုသော ဘယ်အရာကို သတ်ခြင်းကို အရှင်ဂေါတမ နှစ်သက်ပါသနည်း"ဟု မေးလေသည်။

**ပုဏ္ဏား၏ရည်ရွယ်ချက်။** ။ဗုဒ္ဓမြတ်စွာက "မည်သည့် အရာကိုသတ်ရမည်"ဟု ဖြေလျှင် "ဒီလိုဆိုလျှင်တော့ ကိုယ်မနှစ်သက်တဲ့ရန်သူကိုလဲ သတ်ရမှာပေါ့"ဟု စကားအတွန့်တက်ကာ "ဒီလိုသာ သတ်ဘို့ကို နှစ်သက်လျှင် သမဏဟု ဝန်ခံနေလို့ ဘာအကျိုးရှိမှာလဲ၊ သမဏဆိုတာ ဒေါသငြိမ်းအေး ရပါတယ်"ဟု အပြစ်ပြ၍နှိပ်မည်၊ "ဘယ်ဟာကိုမျှ သတ်ခြင်းကို မနှစ်သက်ပါဘူး"ဟု ဖြေပြန်လျှင်"ရာဂစသော ကိလေသာသတ်ဘို့ကိုမျှ အလိုမရှိဘူးလား၊ ဒီလိုဆိုလျှင် ကိလေသာ မငြိမ်းအေးပဲ သမဏအမည်ခံပြီး လှည့်လည်နေဘို့ မသင့်ပါ"ဟု အပြစ်ပြ၍နှိပ်မည်ဟု ရည်ရွယ်၍ မေးသည်။

**ဗုဒ္ဓ ဖြေတော်မူခြင်း။** ။အမျက် ကော ဓကကို သတ် နိုင် လျှင် ချမ်းချမ်းသာသာနေရ၏။ အမျက်ကောဓကကို သတ်နိုင်လျှင် နောင်တတဖန် မပူပန်ရ၊ အမျက်ကောဓတခုကို သတ်ဘို့ရန် နှစ်သက်တော်မူသည်။ ဤသို့ ဖြေတော်မူလိုက်လျှင်အမျက်ကောဓကြောင့် ဒုက္ခတွေ့ခဲ့ရသော ပုဏ္ဏားသည် အလွန် နှစ်သက် အားရ

သဖြင့် တရားတော်ကို အကြိမ်ကြိမ် ချီးကျူးကာ ရဟန်းပြုဘို့ ခွင့်တောင်းပြီးလျှင် ရဟန်းပြု၍ မကြာခင် ရဟန္တာကြီးတပါး ဖြစ်လေသည်။

**ဤဝတ္ထု၌ မှတ်ချက်။** ။ဤဝတ္ထု၌ သောတာပန် ဓနဉ္စာနီအမျိုးသမီး၏ ဗုဒ္ဓကိုသတိရတိုင်း ရှိမခိုးပဲ မနေနိုင်ပုံ၊ တနေ့နေ့၌ အကြိမ်များစွာ သတိရပုံကို အတုယူကာ မိမိတို့လည်း နေ့စဉ်နေ့တိုင်း ရောင်းရင်းဝယ်ရင်းပင် ဗုဒ္ဓမြတ်စွာကို သတိရအောင် ကြိုးစားသင့်ပါသည်၊ ဗုဒ္ဓအလိုကျ သီလကိုလည်း ဖြူစင်သန့်ရှင်းအောင် စောင့်ထိန်းသင့်ကြပါသည်၊ ဤသို့နေနိုင်လျှင် မိမိတို့လည်း သောတာပန်နှင့်မခြားပဲ အပါယ်လေးပါးမှ လွတ်၍ လိုရာဆုများ ပြည့်စုံနိုင်ကြပါလိမ့်မည်။

---

၁။ သံ-၁၊ နှာ-၁၆၂၊ သံ-၅-၁၊ နှာ-၂၀၇

၂။ ဗုဒ္ဓါနုဿတိဘာဝနာ

# သာသနာတွင် ပထမဆုံး ကျောင်းဒကာ ရာဇဂြိုဟ် သဋ္ဌေး

**ကျောင်းခွင့်မပြုမီ။** ။ဗုဒ္ဓမြတ်စွာသည်မဟာသက္ကရာဇ် ၁၀၄-ခု (ဒုတိယဝါကပ်သည့်နှစ်)တွင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်။ ထိုအချိန်တွင် ရဟန်းတော်များနေထိုင်ရန် လေးဘက်မိုးစသော ကျောင်းတို့ကို ခွင့်ပြုတော်မမူသေးပေ။ ရဟန်းတော်များသည် တချို့က ကုလုပ်လေးတာအပြန်ငါးရာ ဝေးသောတော၊ တချို့က သစ်ပင်အောက်၊ တချို့ကတောင်၊ တောင်တလုံးဝယ် ဥမင်သဘွယ်ဖြစ်သောဂူ၊ တောင်နှစ်လုံးတို့အကြား ဖြစ်သောဂူ၊ သုသာန်။ တောကြီးမြိုင်ဘွဲ့ သစ်ပင်တွေဖြင့် ရှုပ်နေသော တောအရပ် (တောအုပ်)၊ ကွင်းပြင်၊ ကောက်ရိုးပုံ စသည်တို့၌ သင့်သလို ရဟန်းတရား ပွားများလျက် နေထိုင်တော်မူကြပေသည်။

**ရာဇဂြိုဟ်သဌေးသဒ္ဓါပွါး။** ။တနေ့တွင် ရာဇဂြိုဟ်သဌေးသည် နံနက်စောစော ဥယျာဉ်သို့သွာ ရောက်လေရာ မိမိတို့ နေရာအ သီးအသီးမှ ကြည်ညိုဘွယ်ရာ ထွက်လာကြသော ရဟန်းတော် များကို ဖူးတွေ့ရလေသည်။ ထိုသို့ဖူးတွေ့ရလျှင် ရာဇဂြိုဟ် သဌေးကြီးမှာ ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပွား၍ "တပည့်တော် များကျောင်းဆောက်လှူလျှင် အရှင်ဘုရားများ နေကြပါမည် လား"ဟု ရဟန်းတော်များကို လျှောက်ထား မေးမြန်းလေ သည်၊ ရဟန်းတော်များသည် "ဗုဒ္ဓမြတ်စွာက ကျောင်းကို ခွင့် ပြုတော်မမူသေးကြောင်း" ပြန်လည်မိန့်ကြားရာ "ဒီလိုဆိုလျှင် ဗုဒ္ဓမြတ်စွာကို လျှောက်ထား၍ ခွင့်ပြုချက်ရလျှင် တပည့်တော် များကို အမိန့်ရှိကြပါ"ဟု လျှောက်ထားလေသည်။

**သဌေးကြီးကျောင်းဆောက်ပြီ။** ။ရဟန်းတော်များသည် ရာ ဇဂြိုဟ်သဌေး၏လျှောက်ထားချက်ကို ဗုဒ္ဓမြတ်စွာအား လျှောက် ထားကြရာ ဗုဒ္ဓမြတ်စွာသည် "အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရံ အဍ္ဎယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟံ"ဟု မိန့်တော်မူ၍

(၁) လေးဘက်မိုးကျောင်း၊
(၂) ဂဠုန်တောင်အလား နှစ်ဘက် ထား၍ မိုးအပ် သောကျောင်း၊
(၃) အထွတ်တပ်အပ်သော ပြာသာဒ်ရှည်၊
(၄) အထွတ်မတပ်အပ်သော ပြာသာဒ်ဦးပြည်း (ပြာ သာဒ်ကတိုး)၊
(၅) လိုဏ်ဂူ ဟူသော

ကိန်းအောင်းနေထိုင်ရာ အဆောက် အဦ၊ ဤငါးမျိုးတို့ကို ခွင့်ပြုတော်မူခဲ့ပေသည်။ ရဟန်းတော်များသည် ရာဇဂြိုဟ်သဌေးအား "ဗုဒ္ဓမြတ်စွာက ကျောင်းကို ခွင့်ပြုတော်မူပြီ" ဖြစ်ကြောင်းကို ပြောကြားသည်၊ ရာဇဂြိုဟ်သဌေးသည် တနေ့တည်း ဖြင့်ပင် ကျောင်းပေါင်း (၆၀) ကို အပြီးဆောက်လေသည်။

**သဌေးကြီး၏မျှော်မှန်းချက်။** ကျောင်းများ ဆောက်လုပ်ပြီး နောက် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်လှူ၍ အောက်ပါအတိုင်း လျှောက်ထားလေသည်။

"တေ မေ ဘန္တေ သဋ္ဌိဝိဟာရာ ပုညတ္ထိကေန သဂ္ဂတ္ထိကေန ကာရာပိတာ၊ ကထာဟံ ဘန္တေ တေန ဝိဟာရေသု ပဋိပဇ္ဇာမိ- "ဒကာတော်သည် ကုသိုလ်ကို လိုလား၍ နတ်ပြည်ကိုလိုလား၍ ဒီကျောင်းပေါင်း (၆၀) တို့ကို ဆောက်လုပ်ခဲ့ပါသည်၊ ဒီ ကျောင်းတော်အပေါ်မှာ မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်ရပါ မည်နည်း ဘုရား"ဟု လျှောက်ထားလေသည်။

**ကျောင်းလှူနည်း။** "တေနဟိ တွံ ဂဟပတိ တေသဋ္ဌိဝိဟာရေ အာဂတာ နာဂတဿ စတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ- "ဒကာတော် ထိုသို့ကျောင်းများ ဆောက်လုပ်ပြီးစီးလျှင် ထို ကျောင်းတို့ကို ဤကျောင်းသို့ရောက်လာ မရောက်လာသော အရပ်(၄)မျက်နှာမှသံဃာတော်၏အထံ၌ တည်ထားလှူဒါန်း ပါ"ဟု ဗုဒ္ဓမြတ်စွာက ညွှန်ပြမိန့်မှာတော်မူသည်။ ထိုညွှန်ပြ မိန့်မှာတော်မူသည့်အတိုင်းပင် ရာဇဂြိုဟ်သဌေးသည် ထိုကျောင်း

ပေါင်း (၆၀)တို့ကို ရောက်ပြီး ရောက်ဆဲ(အာဂတ)၊ ရောက်လတံ့နိုင့်မည်သည့်အခါမျှ ဤကျောင်းသို့မရောက်သော နောင်လည်းရောက်မည်မဟုတ်သော (အနာဂတ)အရပ်လေးမျက်နှာရှိ သံဃာတော်အား ရည်မှန်း၍ အာဂတာနာဂတ စတုဒ္ဒိသ သံဃိကရေစက်ချ လှူဒါန်းလေသည်။ ဤတွင် ရာဇဂြိုဟ်သဌေးကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ပထမဦးဆုံးသော ကျောင်းဒကာကြီးဖြစ်လေသည်။

**ကျောင်းအနုမောဒနာတရား။** ။ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်သဌေးကို အောက်ပါအတိုင်း ကျောင်းအနုမောဒနာ ဂါထာတို့ဖြင့် အနုမောဒနာ တရားဟောကြားတော်မူသည်။

**ကျောင်းအကျိုး**

သီတံဥဏှံ ပဋိဟန္တိ, တတော ဝါဠမိဂါနိစ၊
သရီသပေစ မကသေ, သိသိရေစာပိ,ဝုဋ္ဌိယော။

(ဝိဟာရော-ယခုအခါ ကောင်းမှုန်စွာဖြင့် သဒ္ဒါရှင်လန်း လှူဒါန်း အပ်သော ကျောင်းသည်)၊ သီတံ အဇ္ဈတ်-ဗဟိ,၂လီ ပျက်မှု အအေးဥတုကိုရင်း၊ ဥဏှံ-တောမီးစသား လောင်သော် ငြားက ရှောင်ရှားရမှု အပူဥတုကိုရင်း၊ အထော - ထိုမှတပါး၊ ဝါဠမိဂါနိစ - ခြသေ့ သစ်ကျား စသည် များမြောင် ရဲရင့်သော သားကောင်တို့ကိုလည်းကောင်း၊ သရီသပေစ-ကိုယ်ဖြင့် တွား၍ သွားကြများမြောင် မြွေကင်းစသော အကောင်တို့ကိုလည်းကောင်း၊ မကသေစ-သမာခိဖျက်,လွှန်နှောက်ယှက်သည့်, ခြင်မှက်တို့ကို လည်းကောင်း၊ သိသိရေစာပိ-သိသိရအခါ မိုး

လည်းပါသဖြင့်,လွန်စွာအေးစေ ဆောင်းတွင်းလေ တို့ကိုလည်း ကောင်း၊ ဝုဋ္ဌိယောစ-မကြာမကြာ, ရွာလေ့ရှိသော မိုးရေတို့ကို လည်းကောင်း။ပဋိဟန္တိ-(ပဋိဟနတိ) ပူအေးနှစ်ဝ ဘေးမခ အောင် နှေ့ညပုံသေ တားဆီးနိုင်ပေသတည်း။

**ကျောင်းအလှူအသာဆုံး။** တတော ဝါတာ တပေါဠောရော၊
သဋ္ဌာတော ပဋိဟညတိ၊
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊
ဈာယိတုံစ ဝိပဿိတုံ၊
ဝိဟာရဒါနံ သံဃဿ,
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

တတော (တေနဝိဟာရေန) ကြည်ဖြူရွှင်လန်း သဒ္ဓါစွမ်း ဖြင့် လှူဒါန်းအပ်သော ထိုကျောင်းသည်၊ ဠောရော-သစ်ပင် မားမတ် ခြုံတွေပြတ်အောင် တိုက်ခတ်ဝှေ့ရမ်း အလွန်ကြမ်း သော၊ သဋ္ဌာတော-နွေလအခါ မနေသာအောင် ရခါခုတိုင် ဖြစ်ပေါ်နိုင်သော၊ ဝါတာတပေါ-လေပြင်းလေကြမ်း လေသ ရမ်းနှင့် လောင်ကြွမ်းလှိုင်ဆူနေအပူကို၊ ပဋိဟညတိ-ကျောင်း တွင်းခဏ ဝင်လိုက်ရလျှင် နှေ့ညပုံသေ,တားမြစ် နိုင်ပေသတည်း။

လေဏတ္ထဉ္စ-အာရုံကောင်းဖြင့်, ကိန်းအောင်းမွေ့လျော် စံ ပျော်ခြင်းအကျိုးငှာလည်းကောင်း၊ သုခတ္ထဉ္စ-ဆိုခဲ့သမျှ ဘေးမခ သဖြင့် အေးမြချမ်းသာနေထိုင်ရခြင်း အကျိုးငှာ လည်းကောင်း၊ ဈာယိတုံစ-သမာဓိမြဲမြံ - ရှုအားသန်သည့် လောကီဈာန်

အကျိုးငှာလည်းကောင်း၊ ဝိပဿိတုံစ- ရုပ်နာမ်ဓမ္မ သင်္ခါရ၌ နိစ္စစသည် မမြဲကင်းမှု ဝိပဿနာရှုခြင်း အကျိုးငှာလည်ကောင်း၊ သံဃဿ—စတုဒ္ဒိသာ အာဂတာနာဂတ ဘုရားသားကောင်း သံဃာတော်အပေါင်းအား၊ (သံဃဿ-အရပ်လေးပါး မေတ္တာ ပွား၍ တရားဖြင့်ပျော် သံဃာတော်အပေါင်းအား)၊ ဝိဟာရေ ဒါနံ-အသိအလိမ္မာဉာဏ်ပညာနှင့် သဒ္ဓါကောင်းသူ ကျောင်း အလှူကို၊ အဂ္ဂံ-ထိုထိုဒါန ဟူသမျှထက်၊ ခေါင်ကလွှမ်းဖုံး အ သာဆုံးဟူ၍၊ ဗုဒ္ဓေန—ကြောင်းကျိုးစုံလင် အကုန်မြင်သည့် ရှင် ပင်ထွတ်ထား မြတ်ဘုရားသည် - ဝဏ္ဏိတံ- သံယုတ္တခေါ်မှန်း နိ ကာယ်ကျမ်း၌ ချီးမွမ်းတော်မူအပ်ပေသတည်း။

ကျောင်းလှူ ကိုးကွယ်ပါ

တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော၊
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တသ္မာဟိ--(တသ္မာဧဝ) ထိုသို့ပေါင်းယူ ကျောင်းအလှူ က တမူတိုးပွား အကျိုးများသည်၏ အဖြစ်ကြောင့်ပင်၊ ပဏ္ဍိတော—ပြောတိုင်းမယုံ ကြောင်းကျိုးစုံအောင် ဖုံဖုံဆင်ခြင် ပညာရှင်ဖြစ်သော၊ ပေါသော—လူကြီးသူမ ဟူသမျှသည်၊အတ္တ နော အတ္တံ-ခုချောနောင်ပါ သံသရာဝယ် မှန်စွာပွားတိုး ကိုယ့် အကျိုးကို၊ သမ္ပဿံ-(သမ္ပဿန္တော)လှမ်းကာအစဉ် မြော်မြင် နိုင်သည်ရှိသော်၊ ရမ္မေ-နှလုံးမွေ့လျော် ပျော်ဘွယ်ရာကောင်း ကုန်သော၊ ဝိဟာရေ- ကမ္မဋ္ဌာန်းကျောင်း စာချကျောင်းနှင့်

ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်သော ကျောင်းတို့ကို၊ ကာရယော-နေမည့်သံဃာ ရှိနေရာကို ကောင်းစွာရှာဖွေ ဆောက်လုပ်စေရာ၏။ တွေ့-ဤသို့ကြိုးကုတ် သပြာထုတ်၍ ဆောက်လုပ်အပ်ပြီး ကျောင်းအသီးသီး၌၊ ဗဟုဿုတော-ပရိယတ်နှင့်ပဋိပတ်တွင် ကျွမ်းကျင်သောအား များသော သုတရှင်တို့ကို၊ ဝါသယေ-စာပေပို့ချ တရားပြ၍ နေ့ညပုံသေ သီတင်းသုံးစေရာသတည်း။

## ပစ္စည်းလေးဖြာ လှူဒါန်းပါ

တေသံအန္နဉ္စပါနဉ္စ, ဝတ္ထသေနာသနာနိစ၊
ဒဒေယျ ဥဇုဘူတေသု, ဝိပ္ပသန္နေန စေတသာ။

ဥဇုဘူတေသု- စိတ်နေစိတ်ထား ရိုးသားဖြူလွင် သူတော်စဉ်ဖြစ်ကြကုန်သော၊တေသု-မိမိကျောင်းတွင်း အစဉ်မွေ့လျော် ထိုဘုန်းတော်ကြီးတို့အား၊ အန္နဉ္စ-နံက်အခါ စားသောက်ရာသည့် ရသာချိုချဉ် ဆွမ်းဘောဇဉ်ကိုလည်းကောင်း၊ ပါနဉ္စ-ညချမ်းအခါ သုံးဆောင်ရာသည့် အဖျော်ယမကာကိုလည်းကောင်း၊ ဝတ္ထသေနာသနာနိစ-သင်္ကန်းပရိက္ခရာ အိပ်ရာနေရာတို့ကိုလည်းကောင်း၊ ဝိပ္ပသန္နေန-အထူးကြည်လင် သဒ္ဓါရှင်သော၊ စေတသာ-ဉာဏ်ရောင်လျှံဖိတ် ကုသိုလ်စိတ်ဖြင့်၊ ဒဒေယျ - သာသနာတည်မှု အရှည်ရှု၍ ဂရုစိုက်ကာ ပေးလှူရာသတည်း။

## ကျောင်းဘုန်းကြီးတာဝန်

တေ တဿမ္မံ ဒေသန္တိ, သဗ္ဗဒုက္ခာပနူဒနံ
ယံသော ဓမ္မံ ဣဓညာယ, ပရိနိဗ္ဗာတိ အနာသဝေါ။

တေ (ထေရာ)-ကျောင်းထိုင်အင်္ဂါပြည့်စုံစွာဖြင့် ကျောင်းမှာမမွေ့လျော် ထိုဘုန်းတော်ကြီးတို့သည်၊ တဿ (ဒါယကဿ) ပစ္စည်းလေးဖြာ တောက်ပံ့ကာဖြင့် ကျောင်းမှာမပြတ် ရောက်လာတတ်သော ထိုကျောင်းဒကာ (ကျောင်းအမ)အား၊သဗ္ဗဒုက္ခပန္နုဒနံ-သံသရာဒုက္ခ ရှုပ်သမျှကို မုချပိုင်ပိုင် ပယ်နှုတ်နိုင်သော၊ ဓမ္မံ-ရုပ်နာမ်နှစ်ဖြာ လေးသစ္စာဝယ် မှန်စွာသိကြောင်း တရားကောင်းကို၊ ဒေသန္တိ-ဒေသနာနည်း ကိုယ်တွေ့နည်းဖြင့် သီးသီးကျန ဟောပြကြကုန်၏။

ယံဓမ္မံ-ရုပ်နာမ်နှင့်စပ် ပရမတ်ကို တပ်အပ် သိကြောင်းယင်းကဲ့သို့သော ဆရာကောင်းကို၊ သော(ဒါယကော)-တရားအနှစ်တရားစစ်ကို အားသစ်လိုက်နာ ထိုကျောင်းဒကာ ကျောင်းအမသည်၊ဣဓ--ဗုဒ္ဓမြတ်စွာ သာနာတော်၌ပင်၊အညာယ-ကြားနာစဉ်းစား ဘာဝနာပွားသဖြင့် ဉာဏ်အားထိမိ ကိုယ်တိုင်သိ၍၊ အနာသဝေါ- ဘဝါဘဝခွါမရသည့် အာသဝကုန်ခန်း ရဟန္တာဖြစ်လျက်၊ ပရိနိဗ္ဗာတိ-အနုပါဒိသေသ နိဗ္ဗာနဖြင့် အေးမြငြိမ်းချမ်းရပေသတည်း။

---

၁။ ဝိ-၄၊ နှာ-၂၉၀-၂၉၂။ ဓမ္မပဒ္ဒဋ္ဌကထာ ၃၊ နှာ-၅၈

# ဇာတဝန်ကျောင်းဒကာ အနာထပိဏ်သဌေးကြီး

**အနာထပိဏ်နှင့်ရာဇဂြိုဟ်သဌေး။** ။သာဝတ္ထိမြို့၌ နေသော အနာထပိဏ်သဌေးနှင့်ရာဇဂြိုဟ်မြို့၌နေသော ရာဇဂြိုဟ်သဌေးတို့သည် မောင်လည်းနှမလည်း သမီးယောက်ဖများဖြစ်၍ ကူးသန်းရောင်းဝယ်ရင်း အမြဲဆက်ဆံနေကြ၏။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်၌ ပထမအကြိမ် သီတင်းသုံးတော်မူစဉ် အနာထပိဏ်သဌေးသည် လှည်းပေါင်းများစွာဖြင့် ကုန်ရောင်းထွက်လာခဲ့၏။ ထိုသဌေးနှစ်ယောက်တို့သည် မိမိမြို့သို့ လာသောအခါ မြို့ခံသဌေးက ခရီးဦးကြို ပြုလေ့ရှိ၏၊ ထိုနေ့၌ကား ရာဇဂြိုဟ်မြို့သဌေးသည် ဗုဒ္ဓအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ဘို့ရန် ကိစ္စရှိ၍ ခရီးဦးကြိုမပြုနိုင်ပဲ အသင့်အတင့် နှုတ်ဆက်ပြီးလျှင် အလုပ်သမားများကို နက်ဖြန်စောစောထ၍ ချက်ပြုတ်ဘို့ရန် စီမံနေလေသည်။

**ဗုဒ္ဓဟူသောစကားသံ။** ရာဇဂြိုဟ်သဌေးသည် စီမံဘွယ်ကိစ္စများ ပြီးစီး၍ အတော်မိုးချုပ်မှ အနာထပိဏ်သဌေးထံလာသောအခါ အနာထပိဏ်သဌေးသည် အလုပ်ကိစ္စများခြင်း၏ အကြောင်းကိုမေး၏၊ ထိုအခါ နက်ဖန် နံနက်၌ ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ဘို့ ကိစ္စရှိ၍ စီမံနေရကြောင်း ပြောလတ်သော် 'ဗုဒ္ဓ' ဟူသောအသံကိုကြားရ၍ အနာထပိဏ်သဌေး၏ တကိုယ်လုံး၌ ပီတိတွေ စိမ့်လာ လေသည်၊ ထို့ကြောင့် မေ့သလို ဖြစ်သွားရကား "သဌေးကြီး ဗုဒ္ဓလို့ ပြောလိုက်ပါသလား" ထပ်၍မေးပြန်၏၊ ဗုဒ္ဓ-ဟူသော အဖြေစကားကြောင့် ပီတိတွေထပ်၍ စိမ့်ရကား သုံးကြိမ်တိုင်အောင် ထပ်၍ ထပ်၍မေးလေသည်။

**ခတ်ခိုက်မှု။** ။ဤလောက၌ ခတ်ခိုက်မှုသည် အလွန်ဆန်းကြယ်၏၊ လောကီကိစ္စ၌သော်မှ မြင်ရ်ုကြားရုံမျှဖြင့် ခတ်ခိုက်မှုကြောင့် ကြက်သီးထလောက်အောင် ပီတိဖြစ်သေး၏။ အနာထပိဏ်သဌေးကား ဗုဒ္ဓမြတ်စွာ၏ ကျောင်းဒကာဖြစ်ဘို့ရန် ကမ္ဘာတသိန်းအထက်က ပဒုမုတ္တိုရ် အထံတော်ဝယ် ဆုပန်ခဲ့သော ကျောင်းဒကာ အလောင်းဖြစ်၏၊ ထို့ကြောင့် 'ဗုဒ္ဓ' ဟူသော အသံသည်ပင် အလွန်နာခံလို့ အရသာရှိလောက်အောင် ခတ်ခိုက်ရကား ပီတိတွေဖြင့် မေ့သလိုဖြစ်ကာသုံးကြိမ်တိုင်အောင် ထပ်၍မေးရလေသည်။

**ပီတိကြောင့်ကိုယ်ရောင်ထွက်ခြင်း။** ။ထိုဗုဒ္ဓအကြောင်းကို ကြားရ၍၊ ချက်ချင်းပင် ဗုဒ္ဓထံတော်သို့ သွားလိုပါသော်လည်း၊ မိုး

ချုပ်ပြီဖြစ်၍ မသွားသင့်ကြောင်းကို ပြောသောရာဇဂြိုဟ်သဌေး၏စကားကြောင့် အိပ်ယာဝင်ရလေသည်၊ သို့သော် ဗုဒ္ဓအာရုံက စိတ်ထဲ၌စွဲနေသောကြောင့် ကောင်းကောင်းအိပ်၍ မပျော်သည့်ပြင်၊ ဗုဒ္ဓကိုအာရုံပြုသော ပီတိကြောင့် မိမိကိုယ်မှ အရောင်တွေထွက်၍လာရကား လင်းပြီဟုထင်ကာ (၃) ကြိမ်တိုင်အောင်ထ၍ လကို ကြည့်မိလေသည်။

**ဗုဒ္ဓထံတော်သွားခြင်း။** ။နောက်ဆုံးကြည့်ရာ၌ကား အလင်းရောက်မည့် မိုးသောက်အချိန်ဖြစ်၍ အနည်းငယ် မှောင်သေးသော်လည်း မိမိကိုယ်ရောင်ဖြင့် 'ကောင်းကောင်းလင်းပြီ' ဟုထင်ကာနတ်တို့ဖွင့်ထားအပ်သောဘုံ(၇)ဆင့်ပြာသာဒ်၏ တံခါးခုနှစ်ပေါက်ကို လွန်မြောက်၍ လမ်းမသို့ရောက်လာ၏၊ ထို့နောက် အစဉ်အတိုင်းသွား၍ နတ်တို့ဖွင့်အပ်သော · မြို့တံခါးမှ ထွက်လိုက်မိလျှင် ညဉ့်အချိန်၌ သေ၍ ချက်ချင်းမြို့ရိုးပေါ်မှ အပြင်ဘက်သို့ပစ်ချထားသော လူသေကောင်တို့ကို တိုက်မိသောကြောင့် ကြောက်စိတ်ဝင်ကာ ပီတိရောင်တွေပျောက်၍ အမှောင်ရောက်လာလေသည်။

**ပြန်ဦးမည်ဟုကြံခြင်း။** ။ထိုအခါ ကြောက်သောကြောင့် ရှေ့မတိုးဝံ့၍ ပြန်လှည့်ဦးမည်ဟု အကြံဖြစ်လျှင်ပင် သင်းချိုင်း၌နေသည့် တရားရပြီးသောနတ်က "ဆင်တသိန်း၊ မြင်းတသိန်း၊ အဿထိုရ်မြင်းကအပ်သော ရထားတသိန်း၊ ပြင်ဆင်ထားသည့် သတိုးသမီးကညာတသိန်း ဘိုတဲ့ ရလာဒ်တွေသည် ဗုဒ္ဓကို အဖူးသွား

၍ တရားရမည့်သူအတွက် ရအပ်သောတရားလာဒ်နှင့် နိုင်းစာ လျှင် နှစ်ရာ့ငါးဆယ့်ခြောက်ပုံပုံ၍ တပုံလောက်မျှ အဘိုးမ တန်ပါ၊ အို…သဒ္ဓေးကြီး ရှေ့သို့ သွားပါ၊နောက်ပြန်ဘို မကြံ ပါနှင့်”ဟု အားပေးလေသည်။

**ဗုဒ္ဓအထံတော်သို့ရောက်ခြင်း။** ။ဤသို့နတ်သားအားပေးလိုက် သောအခါ ကြောက်စိတ်ပျောက်၍ ဗုဒ္ဓအာရုံ ရောက်မြဲရောက်ရ ကား ကိုယ်၏အရောင်လည်း တောက်မြဲတောက်လာပြန်၏၊ ထို့ နောက် သူသေကောင်တွေကို နင်းမိပြန်၍ ကြောက်ပြန်ရကား ကိုယ်ရောင်လည်း ပျောက်ပြန်၏၊ ထိုအခါ နတ်က အားပေး ပြန်သောကြောင့် အကြောက်လည်းပျောက် ကိုယ်ရောင်လည်း တောက်ပြန်၏၊ ဤသို့ သုံးကြိမ်တိုင်အောင်ဖြစ်ပြီးမှ ဗုဒ္ဓအနီးသို့ ရောက်လေသည်။

**သောတာပန်ဖြစ်ခြင်း။** ။ဗုဒ္ဓမြတ်စွာ၏ မနီးမဝေးသို့ ရောက် လျှင် “အမျှားသိဖြစ်နေသော အနာထပိဏ်အမည်ကို မခေါ်ပဲ မည်သူမျှမသိအပ်သော ငယ်နာမည်ကို ခေါ်လျှင် ကောင်းလေ စွ”ဟုအကြံဖြစ်တုန်းမှာပင် ဗုဒ္ဓမြတ်စွာက ‘သုဒတ္တ-လာခဲ့လော’ ဟုခေါ်တော်မူလေရာ အလွန်ဝမ်းမြောက်စွာဖြင့် ‘ဗုဒ္ဓအစစ်ပါ ပဲ’ဟု ဆုံးဖြတ်၍ ခြေတော်တို့ကို မြတ်မြတ်နိုးနိုး ရှိခိုးဦးတိုက် လေသည်၊ ထို့နောက် ဗုဒ္ဓမြတ်စွာသည် သဒ္ဓေးနှင့်လျော်သော တရားကို ဟောတော်မူ၍ထိုနေရာ၌သောတာပန် ဖြစ်ရပေသည်၊ ထို့နောက် ရာဇဂြိုဟ် သဒ္ဓေးအိမ်၌ပင် ဆွမ်းဘုဉ်းပေးကြွရန်ပင့်

လျှောက်ခဲ့လေသည်၊ အနာထပိဏ်သဌေးသည် ‘ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းစားပင့်လာသတဲ့’ ဟု ကြားရ၍ ဩသည်တော် ဖြစ်နေသောကြောင့် ရာဇဂြိုဟ်သဌေး နိဂုံးသဌေးနှင့်ဗိမ္ဗိသာရ မင်းကြီးတို့က ဆွမ်းကပ်ရေးမှာ အကူအညီပေးပါရစေဟု ပြောလာကြသော်လည်း အနာထပိဏ်သဌေးက လက်မခံခဲ့ပေ၊ နောက်တနေ့နံနက်တွင် အနာထပိဏ်သဌေးသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်လှူကာ ဆွမ်းဘုဉ်းပေးအပြီးတွင် ‘ သာဝတ္ထိမြို့သို့ကြွရန်’ ပင့်လျှောက်၍ နေရပ် သာဝတ္ထိသို့ ပြန်လေသည်။

**တိုက်တွန်းချက်။** ဤဝတ္ထုကို သတိပြုသင့်၏၊ သဌေးကြီးစိတ်၌ ဗုဒ္ဓမြတ်စွာထင်လာတိုင်း ပီတိစိမ့်ကာ သဒ္ဓါအား၊ ပညာအား၊ စိတ်အားထက်သန်သလောက် ကြောက်စိတ်တွေပျောက်၍ ရဲစိတ်တွေပေါ်ပေါက်လာသကဲ့သို့၊ ဗုဒ္ဓမြတ်စွာကို အာရုံပြုပြီး ဘုရားရှိခိုးသူတိုင်းလည်း သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်ထဲ၌ပေါ်လာအောင် အာရုံပြု၍ ရှိခိုးကြပါ။ ထိုသို့ ရှိခိုးလေ့ရှိသူသည် မကြာမကြာ ပီတိဖြစ်၍ အတော်ကြာလျှင် ဗုဒ္ဓအာရုံအထုံရသဖြင့် မကြာမကြာ သက်တော်ထင်ရှား မြတ်ဘုရားကိုဖူးနေရသလို ဖြစ်ပါလိမ့်မည်၊ ထိုအခါ ပီတိတွေဖြာလျက် သဒ္ဓါအား၊ ပညာအား စိတ်အားတွေတိုးသလောက် ကြောက်စိတ်တွေပျောက်ကာ ရဲစိတ်တွေ ပေါ်လာပါလိမ့်မည်။

**သာဝတ္ထိအပြန်။** ။အနာထပိဏ် သဌေး သည် မိတ် ဆွေအပေါင်းအသင်း ပေါများ၍ မိတ်ဆွေများ အပေါ်လည်း

ဩဇာညောင်းသူဖြစ်လေသည်၊ အရောင်းအဝယ်ကိစ္စများ ပြီးစီး၍ သာဝတ္ထိပြည်သို့ ပြန်လာရာ လမ်းတလျှောက်တွင် "အမောင်တို့ ကျောင်းများကို တည်ဆောက်ကြပါ၊ အလှူဒါနတို့ကို ပေးလှူကြပါ၊ လောကမှာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူနေပြီ၊ ထိုဗုဒ္ဓမြတ်စွာကို တို့များသာဝတ္ထိသို့ ပင့်ခဲ့တယ်၊ ဤလမ်းကနေ ဗုဒ္ဓမြတ်စွာ ကြွတော်မူလာလိမ့်မယ်" ဟု လူအများကို ပြောကြားတိုက်တွန်းလျက် ရာဇဂြိုဟ်နှင့် သာဝတ္ထိပြည် အကြား လေးဆယ့်ငါးယူဇနာခရီးတွင် တယူဇနာလျှင် စံကျောင်းတော် တဆောင် တဆောင်ဆောက်လုပ်ရန် (ငွေတသိန်း တသိန်း ပေးခဲ့၍) စီမံသွားလေသည်၊ လူအများလည်း သဌေး တိုက်တွန်း စီမံသွားသည့်အတိုင်းပင် လိုက်နာပြုလုပ်ကြလည်၊ စံကျောင်းတော်များ ဆောက်လုပ်ကြသည်။

ကျောင်းနေရာရှာပြီ။ ။အနာထပိဏ်သဌေးသည် သာဝတ္ထိသို့ ရောက်လျှင် မြို့ပတ်ဝန်းကျင်သို့ လှည့်လည်၍ ကျောင်းနေရာရှာလေသည်၊ ဗုဒ္ဓမြတ်စွာအား နောက်ပါ သံဃာတော်များနှင့်အတူ သာဝတ္ထိသို့ဝါကပ်ပါမည့်အကြောင်း ပင့်လျှောက်စဉ်က "ဘုရားရှင်တို့သည် ဆိပ်ငြိမ်သောကျောင်း၌ မွေ့လျော်တော်မူကြသည်" ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာတော် မူလိုက်သောစကားတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အောက်ပါ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ကျောင်းနေရာကို ရှာလေသည်။

မိမိတည်ဆောက်ရမည့် ကျောင်းနေရာသည်-

(၁) မြို့(ရွာ)နှင့်လည်း မဝေးလွန်းရ၊
(၂) မြို့(ရွာ)နှင့်လည်း မနီးလွန်းရ၊
(၃) သွားလမ်း လာလမ်းလည်း ကောင်းရမည်၊
(၄) ဘုရားဖူးလို တရားနာလိုသူတို့လည်း အလွယ်တကူ သွားလာနိုင်ရမည်။
(၅) နေ့အခါမှာလည်း လူတို့နှင့် ရောပြွမ်းခြင်းမရှိရ၊
(၆) ညဉ့်အခါမှာလည်း လူသံမဆူညံ့ရ (လမ်းသွား လမ်း လမ်းလာတို့၏ စကားပြောသံလည်း) မရှိစေရ၊
(၇) မြို့ရွာတွန်သံ(မြို့တွင်းမှ စုပေါင်း၍ ထွက်လာသော အုတ်အုတ်ကျွက်ကျွက်အသံ)လည်းမရှိရ၊
(၈) လှည့်လည်သွားလာသော လူအပေါင်း၏ လေမှ (ကိုယ်အနံ့မှ)လည်း ကင်းရမည်၊
(၉) လူများ လျှို့ဝှက်၍လုပ်အပ်သော အလုပ်များကိုလုပ်ဖို့ ကောင်းလောက်အောင် လူသူမှ ရှင်းရမည်၊
(၁၀) တပါးတည်း ကိန်းအောင်းခြင်းဌ်လည်း လျောက် ပတ်ရမည်၊

**ကျောင်းနေရာ ငွေပြားခင်း၍ ဝယ်ခြင်း။** ။အထက်ပါ ဂုဏ် အင်္ဂါများနှင့်ကိုက်ညီသည့် ကျောင်းနေရာကို ရှာဖွေရာ ဇေတ မင်းသား၏ ဥယျာဉ်ကို တွေ့ရှိရလေသည်၊ ဇေတမင်းသားထံမှ ထိုဥယျာဉ်မြေကို ငွေပြား (အသပြာစွန်းချင်းထိအောင်)ခင်း၍ ဝယ်ယူလိုက်လေသည်၊ (ရေကန် သစ်ပင် နေရာတို့ကို လည်း

တိုင်းတာ၍ အချိုးကျခင်းပေး ဝယ်ယူသည်) ငွေမပြည့်၍ အနည်းငယ်ကျန်နေသော တံခါးမုခ်အနီး မြေနေရာကိုမူ "ဒါန ပြုလုပ်ရန် သူ့ကိုပေးပါတော့"ဟု ဇေတမင်းသားက တောင်း၍ သာသနာတော်အား အကျိုးများနိုင်သဖြင့် ၎င်းအား ပေးလိုက်သည်။ ဇေတမင်းသားလည်း ထိုမြေနေရာတွင် ဘုံခုနစ်ဆင့် ရှိသော ကျောင်းတိုက် မုခ်ဦးပြသာဒ်ကြီးကိုဆောက်လုပ်လှူဒါန်းလေသည်။

**ကျောင်းတော်များ ဆောက်ပြီ။** ။အနာထပိဏ် သဌေးသည် ဇေတဝန်(ဇေတမင်းသား၏ဥယျာဉ်)၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူရန် ဂန္ဓကုဋိ ကျောင်းတော်နှင့်တကွ ကျောင်းတိုက် ပရဝုဏ်၊ ရေချိုးအိမ်၊ ဆွမ်းစားကျောင်း (စည်းဝေးရာ တန်ဆောင်းဝန်းဝေါ ဓမ္မာရုံ) မီးတင်းကုတ်(မီးဖိုဆောင်)ကပ္ပိယကုဋိကျောင်း၊ဝစ္စကုဋိ(ကျင်ကြီးအိမ်)စင်္ကြံ အမိုး၊ (တန်းလျား)ရေတွင်း၊ ရေတွင်းဇရပ် (ရေတွင်းအမိုး) ဇရုံးအိမ်(ချွေး ထုတ်ရန် မီးဖိုပါသော ရေချိုးအိမ်) ဇရုံးအိမ်ကို မိုးကာ၍ ဆောက်ထားအပ်သော ဇရပ်၊ ရေကန်၊ မဏ္ဍာပ်တို့ကိုပြည့်ပြည့်စုံစုံ တည်ဖန်ဆောက်လုပ်လေသည်။

**မှတ်ချက်။** ။ဇေတဝန်ကျောင်းတိုက်ကြီး မြေနေရာ အကျယ်အဝန်းမှာရှစ်ကရီသမျှ ကျယ်ဝန်းသည်၊ "ကော ဒသဒေါဏာ တုံ အမ္မဏံ(အဘိဓာန်(၄၈၄ အရ၊)တဆယ် တစိတ်သည် တစ်အမ္မဏ"၊ကရီသံ စတုရမ္မဏံ(အဘိဓာန်(၁၀၇)-၄အမ္မဏ သည်

တစ်ပယ်”ဟု ဆိုသောကြောင့် ၄၄ စိတ်၊ သို့မဟုတ် ၁၁-တင်းမျိုးကြဲလောက်ရာ အရပ်သည် တစ်ပယ်တည်း၊ ဇေတဝန်ကျောင်းတိုက်ကြီးသည် ထိုပယ်ပေါင်းရှစ်ပယ် (၈၈ တင်းကြဲ) ကျယ်ဝန်းလေသည်၊ ယောဇနာ၌မူ ရှစ်ပယ်ကို ဆယ်ဥသဘ-ဟု ဆို၏၊ ခုနစ်တောင် တတာ၊ နှစ်ဆယ်တာ တဥသဘ” ဟု ဆိုသောကြောင့် ဆယ်ဥသဘမှာ တာပေါင်း ၂၀၀ ရှိလေသည်။

တောင်ပေါက်ဆရာတော်၏ အဘိဓာန် နိဿယတွင်-

ခုနစ်တောင်တာ၊ ပဉ်းဝီသာ၊ မှတ်ပါစတုရန်း၊

ဆင်းရဲသားပယ်၊ ခေါ်ဆိုဘွယ်၊ မင်းဝယ်နှစ်ဆမှန်း” ဟု ဆင်းရဲသားပယ် မင်းပယ် နှစ်မျိုးခွဲပြထားပေသည်၊

ပယ်ဖွဲ့ပေါရာဏ အလင်္ကာ၌မူ-

“ခုနစ်တောင်မှ၊ တတာရ၏၊ မှန်လှနည်းသွယ်၊ တာ နှစ်ဆယ်ကို၊ ကကြိုးဆိုလော၊ ထို ကြိုး လေးခန်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တပယ်တည့်” ဟု ဖွဲ့ဆိုထားပေသည်။

**ဇေတဝန်ကျောင်းဟောင်နေရာ။** ။ဤဇေတဝန်ကျောင်းတော်နေရာသည် ဤဘုရားရှင် လက်ထက်တော်၌သာ ကျောင်းတော်ရာဖြစ်သည်မဟုတ်၊ ဝိပဿီအစရှိသော ရှေးနောင်တော် နောင်တော် ဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ကျောင်းတော်နေရာ ဖြစ်ခဲ့ပေသည်၊ ထိုဘုရားရှင်တို့၏ ကျောင်းဒါယကာ, ကျောင်းမြေနေရာ အကျယ်အဝန်းနှင့် ကျောင်း မြေတန်ဘိုးတို့ကို ဖော်ပြရသော်....

တိုင်းတာ၍ အချိုးကျခင်းပေး ဝယ်ယူသည်) ငွေမပြည့်၍ အနည်းငယ်ကျန်နေသော တံခါးမုခ်အနီး မြေနေရာကိုမူ "ဒါန ပြုလုပ်ရန် သူ့ကိုပေးပါတော့"ဟု ဇေတမင်းသားက တောင်း၍ သာသနာတော်အား အကျိုးများနိုင်သဖြင့် ၎င်းအား ပေးလိုက် သည်။ ဇေတမင်းသားလည်း ထိုမြေနေရာတွင် ဘုံခုနစ်ဆင့် ရှိ သော ကျောင်းတိုက် မုခ်ဦးပြသာဒ်ကြီးကိုဆောက်လုပ်လှူဒါန်း လေသည်။

**ကျောင်းတော်များ ဆောက်ပြီ။** ။အနာထပိဏ် သဌေးသည် ဇေတဝန်(ဇေတမင်းသား၏ဥယျာဉ်)၌ ဗုဒ္ဓမြတ်စွာ သီတင်း သုံးတော်မူရန် ဂန္ဓကုဋိ ကျောင်းတော်နှင့်တကွ ကျောင်းတိုက် ပရိဝုဏ်၊ ရေချိုးအိမ်၊ ဆွမ်းစားကျောင်း (စည်းဝေးရာ တန် ဆောင်းဝန်းဝေါ မဏ္ဍပ်) မီးတင်းကုတ်(မီးဖိုဆောင်)ကပ္ပိယ ကုဋိကျောင်း၊ဝစ္စကုဋိ(ကျင်ကြီးအိမ်)စင်္ကြံ အမိုး၊ (တန်း လျား)ရေတွင်း၊ ရေတွင်းဇရပ် (ရေတွင်းအမိုး) ဇရုံးအိမ်(ချွေး ထုတ်ရန် မီးဖိုပါသော ရေချိုးအိမ်) ဇရုံးအိမ်ကို မိုးကာ၍ ဆောက်ထားအပ်သော ဇရပ်၊ ရေကန်၊ မဏ္ဍာပ်တို့ကိုပြည့်ပြည့် စုံစုံ တည်ဖန်ဆောက်လုပ်လေသည်။

**မှတ်ချက်။** ။ဇေတဝန်ကျောင်းတိုက်ကြီး မြေနေရာ အကျယ် အဝန်းမှာရှစ်ကရီသမျှ ကျယ်ဝန်းသည်၊ "ကော ဒသဒေါဏာ တုံ အမ္ဗဏံ(အဘိဓာန်(၄၇၄ အရ၊)တဆယ် တစိတ်သည် တစ် အမ္ဗဏ"၊ကရီသံ စတုရမ္ဗဏံ(အဘိဓာန်(၁၀၇)-၄အမ္ဗဏ သည်

တစ်ပယ်"ဟု ဆိုသောကြောင့် ၄၄ စိတ်၊ သို့မဟုတ် ၁၁-တင်း မျိုးကြဲလောက်ရာ အရပ်သည် တစ်ပယ်တည်း၊ ဇေတဝန် ကျောင်းတိုက်ကြီးသည် ထိုပယ်ပေါင်းရှစ်ပယ် (ဂဂ တင်းကြဲ) ကျယ်ဝန်းလေသည်၊ ယောဇနာဥ္မှ ရှစ်ပယ်ကို ဆယ်ဥသဘ-ဟု ဆို၏၊ ခုနစ်တောင် တတာ၊ နှစ်ဆယ်တာ တဥသဘ" ဟု ဆို သောကြောင့် ဆယ်ဥသဘမှာ တာပေါင်း ၂၀၀ ရှိလေသည်။

တောင်ပေါက်ဆရာတော်၏ အဘိဓာန် နိဿယတွင်-

ခုနစ်တောင်တာ၊ ပဉ်းဝီသာ၊ မှတ်ပါစတုရန်း၊

ဆင်းရဲသားပယ်၊ ခေါ်ဆိုဘွယ်၊ မင်းဝယ်နှစ်ဆမှန်း" ဟု ဆင်းရဲသားပယ် မင်းပယ် နှစ်မျိုးခွဲပြထားပေသည်၊

ပယ်ဖွဲ့ပေါရာဏ အလင်္ကာဥ္မှ-

"ခုနစ်တောင်မှ၊ တတာရ၏၊ မှန်လှနည်းသွယ်၊ တာ နှစ် ဆယ်ကို၊ ကကြိုးဆိုလော၊ ထို ကြိုး လေး ခန်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တပယ်တည့်" ဟု ဖွဲ့ဆိုထားပေသည်။

**ဇေတဝန်ကျောင်းဟောင်းနေရာ။** ။ဤဇေတဝန်ကျောင်းတော် နေရာသည် ဤဘုရားရှင် လက်ထက်တော်၌သာ ကျောင်း တော်ရာဖြစ်သည်မဟုတ်၊ ဝိပဿီအစရှိသော ရှေးနှောင်တော် နှောင်တော် ဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ကျောင်း တော်နေရာ ဖြစ်ခဲ့ပေသည်၊ ထိုဘုရားရှင်တို့၏ ကျောင်းဒါယ ကာ, ကျောင်းမြေနေရာ အကျယ်အဝန်းနှင့် ကျောင်း မြေ တန်ဘိုးတို့ကို ဖော်ပြရသော်....

၁။ ဝိပဿီဘုရားရှင်၏ ကျောင်းဒကာမှာ ပုနဗ္ဗသုမိတ္တ သဌေးဖြစ်သည်၊ တယူဇနာကျယ်ဝန်းသော ကျောင်းမြေအရပ်ကို ရွှေအုပ်ချပ်ချင်းထိအောင်ခင်း၍ ဝယ်ယူလှူဒါန်းသည်။

၂။ သိခီဘုရားရှင်၏ ကျောင်းဒကာမှာ သိရိဝဍ္ဎ သဌေးဖြစ်သည်၊ ၃ ဂါဝုတ် ကျယ်ဝန်းသော မြေအရပ်ကို ရွှေတောင်ဝေ့း (ရွှေတာပါး) ချင်းထိအောင် ခင်း၍ ဝယ်ယူလှူဒါန်းသည်။

၃။ ဝေဿဘူဘုရားရှင်၏ ကျောင်းဒကာမှာ သောတ္ထိဇ သဌေးဖြစ်သည်၊ ယူဇနာဝက် ကျယ်ဝန်းသော မြေအရပ်ကို ရွှေထွန်သွား(ရွှေထယ်တုံး)ချင်း ထိအောင် ခင်း၍ ဝယ်ယူ လှူဒါန်းသည်၊

၄။ ကကုသန် ဘုရားရှင်၏ ကျောင်းဒကာမှာ အစ္စုတ သဌေးဖြစ်သည်၊ တဂါဝုတ်ကျယ်ဝန်းသော မြေအရပ်ကို ဆင်ခြေသလျှာန်ရှိ ရွှေတုံးချင်း ထိအောင် ခင်း၍ ဝယ်ယူလှူဒါန်းသည်။

၅။ ကောဏာဂုမ်ဘုရားရှင်၏ ကျောင်းဒကာမှာ ဥဂ္ဂသဌေး ဖြစ်သည်၊ ဂါဝုတ်ဝက်ရှိသော မြေအရပ်ကို ရွှေအုတ်ချပ်ချင်းထိအောင် ခင်း၍ ဝယ်ယူလှူဒါန်းသည်။

၆။ ကဿပဘုရားရှင်၏ ကျောင်းဒကာမှာ သုမင်္ဂလ သဌေးဖြစ်သည်၊ ၂၀ ဥသဘ ကျယ်ဝန်းသော မြေအရပ်ကို ရွှေလိပ်ရုပ်ချင်းထိအောင် ဝယ်ယူ လှူဒါန်းသည်။

၇။ ဂေါတမဘုရားရှင်၏ ကျောင်းဒကာမှာ အနာထပိဏ် သဌေးဖြစ်သည်၊ ရှစ်ပယ်ကျယ်ဝန်းသော မြေအရပ်ကို ငွေအသပြာချင်းထိအောင် ခင်း၍ ဝယ်ယူ လှူဒါန်း သည်။

ဤသို့ ဤဇေတဝန်ကျောင်းတော်မြေသည် ဘုရားရှင် ၇ ဆူ တို့၏ကျောင်းတော် နေရာဖြစ်ခဲ့ပေသည်။ ဘုရားရှင် အား လုံး မစွန့်လွှတ်အပ်သော နေရာပေတည်း၊ (ဝိ-၄—၌၊အပဒါန-၌-၁)

**သံဝေဂ ယူဘွယ်။**။ ။ဝိပဿီဘုရားရှင်၏ လက်ထက်တော်၌ တယူဇနာရှိသော ကျောင်းတော်ရာမြေကို ရွှေအုပ်ချပ် အပြည့် ခင်း၍ ဝယ်ခဲ့၏။ ထို့နောက်တဖြည်းဖြည်းလျော့ခဲ့ရာ ဤဘုရား ရှင်လက်ထက်တော်၌ ကျောင်းတော်ရာ မြေကို ရှစ်ပယ်မျှသာ ကျယ်ပါလျက် ရွှေဖြင့်မဝယ်နိုင်ပဲ ငွေဖြင့် အပြည့်ခင်း၍ ဝယ်ရ ၏၊ ဤသို့ ဘုရားရှင် ၇-ဆူတို့၏ ကျောင်းတော်ရာမြေအကျယ် အဝန်းမြေနေရာ ဝယ်ယူရသော တန်ဘိုးတို့ အစဉ် အတိုင်း လျော့ကျ နိမ့်ဆင်းလာသည်ကို ဆင်ခြင်ကြည့်ရှု သတိပြုကြလျှင် ပြည့်စုံခြင်း (သမ္ပတ္တိ) ဟူသမျှတို့သည် ဤသို့ အစဉ်တစိုက်ဖြင့် တဖြည်းဖြည်း ဆုတ်ယုတ်ပါကုန်တကား”ဟု သမ္ပတ္တိ (လောကီ စည်းစိမ် ဂုဏ်သိရ် ဥစ္စာ အဖြာဖြာ) တို့၌ မက်မက် မောမော တွယ်တွယ်တာတာ မရှိကြဘို့ သင့်လျော်လှပေသည်သာတမုံ့။

**ဗုဒ္ဓမြတ်စွာ ကြွလာပြီ။** ။အနာထပိဏ်သဌေးသည် ဇေတဝန် တွင် လိုအပ်သမျှ ကျောင်းဆောင်မှစ၍ မီးဖိုဆောင် ကုဋ္ဋိ

ရေတွင်း ရေကန် ရေချိုးတိုက်ပါမကျန် အစစ စုံစုံ လင်လင် တည်ဆောက်ပြီးသောအခါ ဗုဒ္ဓအထံတော်သို့ အပင့်လွှတ်လေသည်၊ ဗုဒ္ဓမြတ်စွာလည်း နောက်ပါ သံဃာတော်များနှင့် အတူ ရာဇဂြိုဟ်မြို့တော်မှထွက်ခဲ့သည်၊ လမ်းခရီးတွင် ၀ယူဇနာ တယူဇနာ အရပ်တိုင်း၌ အနာထပိဏ်သဌေး ကြိုတင် စီစဉ်ဆောက်လုပ်သွားသော စံကျောင်းဘော်များတွင် တညဉ့်စီ တညဉ့်စီ သီတင်းသုံးတော်မူသည်၊ ထိုသို့ သာဝတ္ထိ မြို့တော်ဆီသို့ ဒေသစာရီ ကြွချီတော်မူလာရာ ရာဇဂြိုဟ် မြို့တော်မှ ၄၅–ယူဇနာ ဝေးကွာသော သာဝတ္ထိမြို့နယ်အတွင်းသို့ ရောက်ရှိတော်မူလာသည်။

**ကျောင်းမကြီး ၄-ဆောင်။** ။ဇေတဝန် ကျောင်းတိုက်ကြီး အတွင်း၌ ကျောင်းမ အဆောင်ကြီး လေးဆောင် ရှိသည်၊ တဆောင် တဆောင်လျှင် တန်ဘိုး တသိန်းစီ ထိုက်တန်သည်၊ ထိုကျောင်းမအဆောင်ကြီးများတွင် တဆောင်ကို ကောသလမင်းကြီးက ဆောက်လှူ၍၊ ကျန်သုံးဆောင်ကို အနာထပိဏ်သဌေးတဦးတည်းက ဆောက်လှူသည်။ ထိုကျောင်း ဆောင်ကြီးများမှာ—

၁။ ကရေရိကျောင်းဆောင် (ထိုကျောင်းဆောင်၏ တံခါးမကြီးအနီးတွင် မဏ္ဍပ်ပမာ ဖြာနေသော ခတက်ပင်ကြီးရှိသည်၊ ထိုခတက်ပင်ကို အစွဲပြု၍ကရေရိ (ခတက်ပင်)ကျောင်းဆောင်ဟု ခေါ်သည်။)

၂။ ကောသမ္ဗိ ကျောင်းဆောင်၊ (ထိုကျောင်းဆောင်၏ တံခါးမကြီး အနီးတွင် ရှိသော ကြို့ပင်ကို အစွဲပြု၍ ကောသမ္ဗိကျောင်းဆောင်ဟု ခေါ်သည်။)

၃။ ဂန္ဓကုဋိကျောင်းဆောင်၊ (မွှေးကြိုင်သော အနံ့တို့ဖြင့် ထုံအပ်သော နံ့သာတိုက်ကျောင်း (ဤကျောင်းဆောင်တွင် ဘုရားရှင် သိတင်း သုံးတော်မူသည်၊ ဤကျောင်းမကြီး သုံးဆောင်ကို အနာထပိဏ် သဌေး ဆောက်လှူသည်။

၄။ သလဠာဂါရ ကျောင်းဆောင်၊ (ထင်းရှူးသားများဖြင့် ဆောက်လုပ်ထားသော ကျောင်း ဆောင်တည်း၊ ဤကျောင်းဆောင်ကြီးကို ကောသလမင်းကြီး ဆောက်လှူသည်။)

**အခမ်းအနားဖြင့် ကြိုဆို။** ။အနာထပိဏ်သဌေးသည်ကျောင်း ရေစက်ချ ပူဇော်ပွဲကြီးကို ခမ်းခမ်းနားနား ကျင်းပပူဇော်ရန် စီမံရင်း ဗုဒ္ဓမြတ်စွာကို ဇေတဝန် ကျောင်းတော်သို့ ခမ်းခမ်းနားနား ပင့်ဆောင်ရန်ကိုလည်း စီစဉ်ပြုလုပ်လျက်ရှိသည်၊ပသေနဒီ ကောသလမင်းကြီးအထံ သွား၍ "အကျွန်ုပ်တို့ သာဝတ္ထိမြို့တော် သို့ ဗုဒ္ဓမြတ်စွာ ကြွလာတော်မူနေပါသည်၊ ထိုသို့ ကြွလာတော်မူခြင်းသည် အကျွန်ုပ်တို့ အရှင်မင်းကြီးတို့ အဘို့ အလွန်တရာ မင်္ဂလာ ကျက်သ ရေရှိလှပါသည်၊ သို့ဖြစ်ပါ၍ သမီးတော်သုမနာမင်းသမီးလေးကို အဖော်မင်းသမီး ငါးရာနှင့်

အတူ အဆောင်အယောင်များဖြင့် သားသားနားနား ပန်းနံ့သာများကို လက်စွဲလျက် ဗုဒ္ဓမြတ်စွာကို အကြိုအဆိုလွှတ်ပေးပါမည့်အကြောင်း ခွင့်တောင်းလေသည်၊ ကောသလမင်းကြီးကလည်းကြည်ဖြူစွာ အခွင့်ပေးသဖြင့် ပူဇော်ဘွယ်ရာ ပန်းနံ့သာတို့ကို ကိုယ်စီကိုင်ကြလျက် ၇-နှစ်အရွယ် သုမနာမင်းသမီးလေးအဖွဲ့က ရှေ့မှလည်းကောင်း၊ ထို့နောက်တွင် ဝတ်စားတန်ဆာများကို လှလှပပဝတ်ဆင်၍ အဖော်သငေ့်းသား ငါးရာနှင့်အတူ အရောင် ငါးမျိုးရှိသော တံခွန်အလံတို့ကို ကိုယ်စီကိုင်လျက် အနာထပိဏ်သဌေးသားအဖွဲ့ကလည်းကောင်း၊ အဖော်သဌေးသမီးငါးရာနှင့်အတူ ရေပြည့်အိုးများကို ကိုယ်စီရွက်လျက် အနာထပိဏ်သဌေးကြီး၏ သမီးများ မဟာသုဘဒ္ဒါနှင့်စူဠသုဘဒ္ဒါတို့အဖွဲ့ကလည်းကောင်း၊ သဌေးကတော်ငါးရာနှင့်အတူ နံ့သာရေအပြည့်ပါသော ရွှေခွက်ငွေခွက်တို့ကို ကိုယ်စီကိုင်လျက် အနာထပိဏ်သဌေးကတော်ကြီးပုညလက္ခဏာဒေဝီအဖွဲ့ကလည်းကောင်း၊ နောက်ဆုံးမှအသစ်စက်စက် သဌေးအဝတ်အစားတို့ကို ဝတ်ဆင်လျက် အဖော်သဌေးငါးရာနှင့်အတူ အနာထပိဏ်သဌေးကြီးအဖွဲ့ကလည်းကောင်း၊ အသီးသီး ကြိုဆိုကြလေသည်။

**အတုမရှိသော အသရေတော်ဖြင့်။** ။ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သဌေးအမှူးရှိသော ဒါယကာပရိသတ်ကို ရှေ့မှထား၍ နောက်ပါများစွာသော ရဟန်းတော်များ ခြံရံလျက် ကိုယ်တော်၏အရောင်ကဲ့သို့ ရွှေရောင်တော်ဖြင့် တောအထူးတို့ကို ရွှေရည်သွန်းလောင်းအပ်သော ဆေးဒန်းမြင်းသိလာရောင်ကဲ့သို့ ရွှေ

ရောင်အဆင်း ဝါဝင်းတောက်ပြောင် စေလျက် အဆုံးအပိုင်း အခြားမရှိသော ဘုရားရှင်၏ တင့်တယ်စံပယ်တော်မူခြင်း အတု မရှိသော ဘုရားရှင်၏အသရေတော်တို့ဖြင့် ဇေတဝန်ကျောင်း တော်ကြီးအတွင်းသို့ ဝင်ကြွတော်မူလေသည်။

ဤဗုဒ္ဓကြိုဆိုပွဲ၌ သုမနာမင်းသမီးလေးအဖွဲ့နှင့် အခြားအမျိုး သမီးငယ်ငါးရာ၊ အမျိုးသမီးကြီး ငါးရာ၊ ဥပါသကာ ငါးရာ၊ စုစု ပေါင်း တထောင်တိတိ လမ်းပေါ်တွင်ပင် သောတာပန် တည် ကြလေသည်။

**ဇေတဝန်ကျောင်း ရေစက်ချပွဲကြီး။** ။နောက်တနေ့တွင် အ နာထပိဏ်သဌေးသည် ဘုရားအမှူးရှိသော သံဃာတော်များ အား ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက် ဆွမ်းဆက်ကပ် လှူဒါန်း၍ ဇေတဝန်ကျောင်းတိုက်ကြီးကို မည်သို့မည်ပုံ စီစဉ် လှူဒါန်းရပါမည့်အကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထား လေသည်။ ဗုဒ္ဓမြတ်စွာကလည်း ရာဇဂြိုဟ်သဌေးအား ညွှန်ကြား တော်မူခဲ့သည့်အတိုင်း "ဇေတဝန်ကျောင်းတိုက်ကြီးကို ရောက်ပြီး ရောက်ဆဲ ရောက်လတံ့မည်သည့်အခါမှ ရောက်မည်မဟုတ်သော အရပ်လေးမျက်နှာရှိ စတုဒ္ဒိသ သံဃာအား ထည့်ထားပူဇော် ပါ"ဟု ညွှန်ကြားတော်မူသည်။ အနာထပိဏ်သဌေးကြီးလည်း ဗုဒ္ဓညွှန်ကြားတော်မူသည့်အတိုင်း ကြီးကျယ်ခမ်းနားစွာ အာဂ တာနာဂတ စာတုဒ္ဒိသ သံဃာအား ရည်မှန်း၍ စတုဒ္ဒိသ သံဃိက ရေစက်ချလှူဒါန်းလေသည်။ ထိုကျောင်းလှူတ် ပူဇော် ပွဲ(ကျောင်းရေစက်ချပွဲ)ကြီး၌ အနာထပိဏ်သဌေးသည် ရှေဟန်း

ရှင်လူ ပရိသတ်လေးပါးတို့အား နံနက်ရော နေ့ပါ အလိုရှိရာကို ပေးလှူ၍ ကိုးလတိုင်တိုင် ပူဇော်ပွဲကြီးကျင်းပခဲ့လေသည်။ ထို ပူဇော်ပွဲကြီးတွင် ဆယ့်ရှစ်ကုဋေ ကုန်ကျလေသည်။

**တေဒဂ်ရ ကျောင်းဒကာ။** ။ဤသို့လျှင် အနာထပိဏ်သူဌေး ကြီးသည် ဇေတမင်းသား၏ ဥယျာဉ်မြေကို ငွေပြားစွန်းချင်းထိ အောင်ခင်း၍ဝယ်ယူလှူဒါန်းသည့် ကုန်ကျငွေတဆယ့်ရှစ်ကုဋေ၊ ကျောင်းများ ဆောက်လုပ်ရာ၌တဆယ့်ရှစ်ကုဋေ၊ ကိုးလတိုင်တိုင် ကျောင်းလှူတ်ပူဇော်ပွဲကျင်းပ ပူဇော်ရာ၌ဘ ဆယ့်ရှစ်ကုဋေအား ဖြင့် စုစုပေါင်း ငါးဆယ့်လေးကုဋေ အကုန်အကျခံ၍သာသနာ တော်အား စွန့်ကြဲလှူဒါန်းလျက် "စွန့်ကြဲပေးကမ်းလှူဒါန်း သည့် ဒါယကာများတွင် အသာဆုံးအမြတ်ဆုံးတေဒဂ်ရ" သော ဟာပန်ကျောင်းဒကာကြီး ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာလည်း ထို ကျောင်းလှူတ်ပူဇော်ပွဲကြီး၌ ရာဇဂြိုဟ်သူဌေး၏ ကျောင်းရေစက် ချပွဲတွင် ချီးမြှင့်ခဲ့သော "သီတံ-ဥဏှံ ပဋိဟန္တိ"စသည့် ကျောင်း အနုမောဒနာတရားကိုပင် ဟောတော်မူသည်။

**နိဗဒ္ဓဝတ်အလှူများ။** ။အနာထပိဏ်သူဌေးကြီးသည် ၅၄- ကုဋေသော အသပြာတို့ကို ဤသာသနာတော်၌ စွန့်လှူ၍ ၁ကျောင်းရေစက်ချအောင်ပွဲကြီး ခမ်းနားကြီးကျယ်စွာ ကျင်းပ ဆင်ယင်ပြီးနောက် အောက်ပါ နိဗဒ္ဓဝတ်အလှူများကိုအိမ်တွင် နေ့စဉ်လှူဒါန်းလေသည်။

၁။ စာရေးတန်ဆွမ်းငါးရာ(စာရေးတန်မဲ့ကျသော ရဟန်းတို့အား လှူဒါန်းသည်)၊

၂။ စာရေးတန် ယာဂုဆွမ်း ငါးရာ၊

၃။ ပက္ခိက ဆွမ်းငါးရာ (လဆန်း ပက္ခ၌ တကြိမ်၊ လဆုတ် ပက္ခ၌ တကြိမ် လှူဒါန်းသည်)၊

၄။ ပက္ခိကယာဂုဆွမ်း ငါးရာ၊

၅။ နိစ္စဘတ်ဆွမ်း ငါးရာ(စာရေးတန်မဲ့မချပဲ အမြဲ လှူအပ်သော ဆွမ်းငါးရာ)၊

၆။ အာဂန္တုက ဆွမ်းငါးရာ( ရောက်လာသော အာဂန္တု ရဟန်းတို့အား လှူဒါန်းသည်)၊

၇။ ဂမိက ဆွမ်းငါးရာ(ခရီးသွားမည့် ရဟန်းတို့အား ဒါန်းသည်)၊

၈။ ဂိလာနဆွမ်းငါးရာ (မကျန်းမာသော ရဟန်းတို့အား လှူဒါန်းသည်)၊

၉။ ဂိလာ နူပဋ္ဌာကဆွမ်းငါးရာ( ဂိလာန ပြုစုသော ရဟန်းတို့အား လှူဒါန်းသည်)၊

၁၀။ ရဟန်းတော်များ နေထိုင်ရန် နေရာ ငါးရာ၊

ဤနိဗဒ္ဓဝတ်တို့ကို အိမ်တွင် အမြဲထား၍ နေ့စဉ် လှူဒါန်းလေသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သဋ္ဌေးကြီးကို "စွန့်ကြဲပေးကမ်းလှူဒါန်းသူ ဒါယကာတို့တွင် အသာဆုံး အမြတ်ဆုံး" ဟူသော ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူသည်။

**အနာထပိဏ် သင်္ဌေး၏ ရှေးဆုတောင်း။** ။အနာထပိဏ်သင်္ဌေးကြီး၏ဤကဲ့သို့ သာသနာတော်ကို ပြုစုဘို့ ထောက်ပံ့လှူဒါန်းဘို့ ဧတဒဂ်ရာထူးကြီးရရှိဖို့ စိတ်ဆန္ဒဖြစ်ခဲ့ရသည်မှာ ကမ္ဘာပေါင်း တသိန်းကျော်ခဲ့ပြီဖြစ်သည်။ ပဒုမုတ္တရဘုရားရှင်က ဥပါသကာ တယောက်ကို "အလှူအတန်း လှူဒါန်းသူ ဒါယကာတို့တွင် အသာဆုံး"ဟူသော ဧတဒဂ်အရာ၌ထားတော်မူသည်ကို အားကျသဖြင့် ထိုဘဝမှ စ၍ ထိုဆန္ဒဖြစ်ပေါ်ခဲ့သည်။ ထိုဧတဒဂ်ရပါလိုကြောင်းကို ဆုတောင်း၍ ကောင်းမှုပါရမီများကို ကမ္ဘာ တသိန်းကျော်အောင် ပြုလုပ်ဆည်းပူးခဲ့သည်။ ယခု သာဝတ္ထိပြည် သုမနသင်္ဌေးကြီး၏ သားငယ်အမည် သုဒတ္တ၊ ဂုဏ်အမည်-အနာထပိဏ်သင်္ဌေးဘဝကျမှ ထိုဆန္ဒ ထိုဆုတောင်းပြည့်ခဲ့ပေသည်။

**သာဝတ္ထိမှာ ၂၅-ဝါ သီတင်းသုံး။** ။ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သင်္ဌေးနှင့်ဝိသာခါကျောင်းအမကြီးတို့၏ သာသနာတော်အား ကျေးဇူးများလှသည်ကို ထောက်ထား ငဲ့ညှာတော်မူ၍ ဇေတဝန်ကျောင်း၌ (၁၉)ဝါ၊ ပုဗ္ဗာရုံကျောင်း၌ (၆) ဝါ၊ အားလုံး(၂၅)ဝါတိတိ သာဝတ္ထိမြို့တော်တွင် သီတင်းသုံးတော်မူသည်။ (ဝိသာခါကျောင်းအမကြီး၏အကြောင်းကို နောက်၌ ဖော်ပြပါမည်၊) ထိုကျောင်းဒကာနှစ်ဦးတို့သည် နေ့စဉ်နံနက် တကြိမ် ညနေတကြိမ် နှစ်ကြိမ် နှစ်ကြိမ် ဘုရားအထံလာကြသည်၊ (ဓမ္မပဒ ၄၂၊ နှာ-၇ ၌ 'တနေ့လျှင် သုံးကြိမ်လာသည်' ဟု ဆိုသည်။) လာကြသည့်အခါမှာလည်း 'ရဟန်းငယ်နှင့် သာမဏေတို့သည် သူတို့ရဲ့လက်ကို ကြည့်ကြလိမ့်မည်' ဟု လက်ချည်း

မလာဘူးကြ၊ နံနက်ခင်းတွင် ခဲဘွယ်ဘောဇဉ်များကို၊ ညနေခင်းလာလျှင် အဖျော်ရှစ်မျိုး ဆေးငါးမျိုးတို့ကို ယူဆောင်၍ လာကြမြဲဖြစ်သည်၊ သူတို့၏အိမ်တွင်လည်း ရဟန်းနှစ်ထောင်တို့ အတွက် နေရာထိုင်ခင်း အမြဲ ခင်းကျင်းထားသည်၊ ဆွမ်းကွမ်း ဖျော်ရည် ဆေးအလီလီ တို့ကိုလည်း ရဟန်းတော်များ အကြိုက် နှစ်သက်ရာ အလိုရှိသလို သုံးဆောင်နိုင်ကြသည်၊ သာသနာတော်ကြီးအား ဤမျှ ကျေးဇူးများကြသော ကျောင်းဒကာကျောင်း အမကြီးများ ဖြစ်ကြပေသည်။

**ဘုရားရှင်ကိုငဲ့ညှာသောသဌေး။** ။သူတို့နှစ်ဦးတွင် အနာထပိဏ် သဌေးသည် ဗုဒ္ဓမြတ်စွာကို အလွန် ချစ်မြတ်နိုးသည်၊ 'ဗုဒ္ဓ မြတ်စွာသည် ဘုရားဖြစ်၍လည်း သိမ်မွေ့တော်မူသည်၊ မင်းသား ဖြစ်၍လည်း နူနယ်တော်မူသည်၊ ဤကျောင်းဒကာကြီးသည် ငါ့အပေါ် ကျေးဇူးများလှပေသည်' ဟု တရားဟောနေရလျှင် ပင်ပန်းတော်မူရှာလိမ့်မည်၊ ဤသို့ စဉ်းစားညှာတာ ထောက် ထား၍ ပြဿနာတစုံတရာကို တခါမျှ မလျှောက်ထားဘူးပါချေ၊ ဤမျှ ဘုရားရှင်အပေါ် ချစ်မြတ်နိုးသည့် ကျောင်းဒကာကြီး ဖြစ် ပါပေသည်၊ အနာထပိဏ် သဌေး၏စိတ်တွင်ကား အမြဲတန်း ဘုရားရှင်သံဃာတော်များနှင့် ဇေတဝန်ကျောင်းကြီးသာလျှင် တရစ်ဝဲဝဲ့ အာရုံစွဲလျက် လှိုက်လှဲကြည်အိဂ္ဂမ်းဆီထိသို့ ပီတိသော မနသာ မပြတ်ဝေဆာ ဖြစ်ပွားလျက်ရှိပါတော့သတည်း။

**အနာထပိဏ္ဍိကောဝါဒသုတ္တန်။** ။(ဤနေရာ၌ အလျဉ်းသင့် သဖြင့် အနာထပိဏ်သဌေးကြီး အလွန်နှစ်သက်၍၊ ဇေတဝန်

ကျောင်းဘွဲ့လည်း ပါရှိသောကြောင့် အနာထပိဏ္ဍိကော ဝါဒ သုတ္တန်ကို အကျဉ်းမျှထည့်သွင်း ဖော်ပြလိုက်ပါသည်)။

အနာထပိဏ်သဌေးကြီး အသည်းအသန် နေမကောင်းဖြစ်နေစဉ် အရှင်သာရိပုတြာကို အပင့်လွှတ်၍ညနေချမ်းတွင် အရှင်သာရိပုတြာနှင့် အရှင်အာနန္ဒာတို့ ကြွလာကြသည်။ အရှင်သာရိပုတြာက ရောဂါအခြေအနေ မေးမြန်း၍ ရောဂါမသက်သာကြောင်းကို—

(၁) အားကောင်းသည့် ယောကျာ်းက ထက်လှသော သံစူးဖြင့် ဦးထိပ်ကို ထိုးမွှေသကဲ့သို့ ဦးထိပ်တွင် လေတွေတိုးနေပါကြောင်း။

(၂) မြဲခိုင်သော သားရေလွန်ကြိုးဖြင့် ဦးခေါင်းကို တင်းကြပ်အောင် ရစ်ပတ်ဘိသကဲ့သို့၊ ခေါင်းကိုက်ဝေဒနာ ဖြစ်နေပါကြောင်း။

(၃) ကျွမ်းကျင်သော နွားသတ်သမားသည် ထက်လှသော နွားသတ်ဓားဖြင့် ဝမ်းဗိုက်ကို လှီးဖြတ်သကဲ့သို့ ဝမ်းတွင် လေတွေ တိုးနေပါကြောင်း။

(၄) အားကောင်းသည့် ယောကျာ်းနှစ်ယောက်က အားမဲ့သူကို လက်တဘက်တချက်မှဆွဲ၍ မီးကျီးတွင် ပူလောင်စေကြကင်ကြကုန်ဘိသကဲ့သို့ သူ့ကိုယ်မှာ အလွန်ပူလောင်လှပါကြောင်း၊ ဥပမာလေးမျိုးဖြင့် နှိုင်းခိုင်း၍ အနာထပိဏ်သဌေးကြီးက ပြန်လည် လျှောက်ထားသည်၊ အရှင်သာရိပုတြာသည် အနာထပိဏ်သဌေးကြီးအား "အကျိုးတရား

မဖြစ်ပွားရန် အကြောင်းတရားများကို မစွဲလမ်းဖို့နှင့်” အောက်ပါ ဝိပဿနာတရားများကို ဟောကြားတော်မူသည်။

(၁) စက္ခု သောတ ဃာန ဇိဝှါ ကာယ မနောဒွါရဟု ဒွါရ (အဇ္ဈတ္တိကာယတန) ခြောက်ပါး။

(၂) ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟု (ဗာဟိရာယတန)အာရုံ ခြောက်ပါး။

(၃) စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ်ဟု ဝိညာဉ်ခြောက်ပါး။

(၄) စက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿ ဟု ဖဿ ခြောက်ပါး။

(၅) စက္ခုသမ္ဖဿ ဇာဝေဒနာ သောတသမ္ဖဿ ဇာဝေဒနာ ဃာနသမ္ဖဿဇာဝေဒနာ ဇိဝှါသမ္ဖဿ ဇာဝေဒနာ ကာယသမ္ဖဿဇာဝေဒနာ မနောသမ္ဖဿဇာဝေဒနာဟု ဝေဒနာခြောက်ပါး။

(၆) ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်ဟု ဓာတ် ခြောက်ပါး။

(၇) ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟု ခန္ဓာငါးပါး။

(၈) အာကာသာနဥ္စာယတနစသော အရူပဈာန်လေးပါး။
(၉) ဤပစ္စုပ္ပန်လောက (လူ့လောကကြီး၌ တိုက်တာအိုးအိမ် စည်းစိမ်ဥစ္စာ မြေယာ အဝတ်အစားစသည်များ)နှင့် တမလွန်လောက (နတ်ပြည်စသည်)ဟုဆိုအပ်သော သဗ္ဗဓမ္မ....

ဤကိုးဌာနတို့ကို "တဏှာ မာန ဒိဋ္ဌိ"တို့ဖြင့် အစွဲအလမ်း မထားမိအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဘို့ ဟောကြားတော်မူသည်၊ ဤစက္ခုပသာဒ စသည်တို့ကို "ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ့အတ္တပဲ"ဟု တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအောင် အားထုတ်ပါ၊ ဤအစွဲသုံးပါးပြုတ်အောင် အနိစ္စ ဒုက္ခ အနတ္တ ဟု အဖန်ဖန်ရှုပါ"ဟု ဟောတော်မူသည်၊ထို့ပြင်လည်း စက္ခုပသာဒ စသည်တို့၌ နှစ်သက်မှု နိကန္တိတဏှာ တည်ရှိနေသေးသောကြောင့် ထိုနိကန္တိတဏှာကိုပါ ပယ်စွန့်စေတော်မူလိုသဖြင့် "စိတ်ကလည်း စက္ခုပသာဒ စသည်တို့၌ နိကန္တိတဏှာဖြင့် မှီတွယ်မှုမဖြစ်အောင် ကျင့်ဆောင်ပါ"ဟု ထပ်ဆင့်၍ ဟောတော်မူသည်။

**ဝိပဿနာ ရှုပွားနည်းအကျဉ်း**

၁။ မျက်စိ ရုပ်ဟာ၊ ငါ့ဥစ္စာ၊ ငါ ငါ—အတ္တာ၊ စွဲလန်းကြ။
၂။ ငါ့ဥစ္စာမှာ၊ တဏှာသာ၊ ငါမှာ မာန၊ ငါ့အတ္တာ၊ စွဲက ဒိဋ္ဌိပြ။
၃။ မျက်စိဆိုတာ၊ မမြဲပါ၊ ဖြစ်ကာ ပျက်ရ၊ အနိစ္စ။
၄။ (ရုပ်ဟောင်းရုပ်သစ်) ဖြစ်ပျက်-ဖြစ်ပျက်၊ အစဉ်ဆက်၊ ဖြစ်ပျက်သဘာဝ။

၅။ ဖြစ်ကာ ပျက်လျှင်၊ ဒုက္ခပင် လိုအင်စိုးမရ၊ အနတ္တ။

၆။ ဤသို့မမြဲ၊ ဆင်းရဲ-စိုးမရ၊ ရှုပွားက၊ ငါ့ဥစ္စာ-ငါ၊ ငါ့အတ္တာ၊စွဲတာမှန်သမျှ၊ ပျောက်ကင်းရ။

၇။ အနိစ္စထင်၊ မာနစင်၊ မြင်အောင် ရှုပွားကြ။

၈။ ဒုက္ခထင်လျှင်၊ တဏှာစင်၊ မြင်အောင် ရှုပွားကြ။

၉။ အနတ္တထင်၊ ဒိဋ္ဌိစင်၊ မြင်အောင် ရှုပွားကြ။ (သောတဃာနစသည်၊ ရူပါရုံ သဒ္ဒါရုံ စသည်တို့ကိုလည်း ဤနည်းမှီ၍ ရှုပွားရာ၏။)

(တိပိဋကဆရာတော်)။ ။စက္ခုတွင်မည်၊ ရုပ်အကြည်ကား မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ လွန်ဆင်းရဲ၍၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မျှော်ထောက်ရှုက၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏ 'ငါ-ငါ့ဥစ္စာ၊ငါ့လိပ်ပြာ' တို့၊ဘာတခုမျှ၊ မရှိကြသည့်၊ ဓမ္မသက်သက်ပါတကား။

**လက်ဖွဲ့ကာသုံးအင်မထင်နိုင်ကြ**။ ။သတ္တဝါတို့သည် ရုပ်နာမ်တရားတို့၏ ဖြစ်မှု ပျက်မှု အစဉ်သန္တာန်က အလွန် လျင်မြန်သောကြောင့် မေးလာသည်ကစ၍ သေသည်အထိ "ဒီရုပ် ဒီနာမ်ချည်းပဲ"ဟု ထင်မြင်နေကြသည်။ ထိုသို့အစဉ်သန္တတိက ဖုံးလွှမ်းထားသောကြောင့်မာနကရုပ်နာမ်အပေါ် "ငါ--ငါ"ဟု စွဲလန်းနေရကား အနိစ္စဟု မထင်မြင်နိုင်ကြပေ။

လျောင်းထိုင်ရပ်သွား ဣရိယာပုတ် လေးပါးလုံးတို့၌ အဆက်မပြတ် ဖြစ်၍နေသော ရုပ်တရားတိုင်း နာမ်တရားတိုင်း ဖြစ်ပျက်နှစ်တန် အနှိပ်စက်ဒဏ် ခံနေကြရသည်။ ထိုသို့ အနှိပ်စက်ဒဏ် ခံနေရကြောင်းကို နှလုံးမသွင်းမိကြသဖြင့် ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်ကြ။ ထိုသို့ ထိုးထွင်း၍ မသိနိုင်လောက်အောင်လည်း ဣရိယာပုတ် အပြောင်းအလဲတို့က ဖုံးကွယ်ထားကြသည်။ ထိုသို့ ဖြစ်ပျက်နှစ်တန်·နှိပ်စက်ဒဏ်ကို ဣရိယာပုတ် အပြောင်းအလဲတို့က မထင်ရှားအောင် ဖုံးကွယ်ထားသောကြောင့် ရုပ်နာမ်နှစ်ပါးကို တဏှာနှစ်ပါးက "ငါပိုင် ငါ့ဟာ ငါ့ဥစ္စာ"ဟု စွဲလမ်းနေရကား ဒုက္ခ–ဟု မထင်မြင်နိုင်ကြပေ။

(မျက်စိ နားနှာ လျှာကိုယ်စိတ်)ဟူသော ဒွါရခြောက်ပါးစသော တရားတို့သည် မိမိတို့သဘောကို ဆောင်နေသော ဓာတ်တရားရုပ်နာမ် နှစ်ပါးတို့သာတည်း။ အတ္တ ဇီဝမဟုတ်ကြ။ ငါကောင် ဝိညာဏ်ကောင် လိပ်ပြာကောင် မဟုတ်ကြ။ ထိုသို့ အသီးသီးသော ဓာတ်တရား ရုပ်နာမ်တို့ချည်းသာ ဖြစ်ကြသည်ကို ခွဲခြားဝေဖန် ဉာဏ်စက္ခုဖြင့် မရှုမမြင် နှလုံးမသွင်းနိုင်ကြသဖြင့် ထိုးထွင်း၍ မသိနိုင်ကြပေ။ ထိုးထွင်း၍ မသိနိုင်လောက်အောင်လည်း ဃန ဟူသော တခဲနက်က ဖုံးကွယ်ထားလျက်ရှိသည်။ ထိုသို့ ဃနက ဖုံးကွယ်ထားသောကြောင့် ထိုရုပ် ထိုနာမ်အပေါင်းမှ စက္ခု–မျက်စိ အကြည်စသော ရုပ်တခုကိုလည်းကောင်း စက္ခုဝိညာဏ်စသော နာမ်တခုကိုလည်းကောင်း ဉာဏ်ဖြင့် ခွဲထုတ် မကြည့်နိုင် မသိနိုင်သဖြင့် ဒိဋ္ဌိက "ငါ့အတ္တ ငါ့ဇီဝ ငါကောင် သူကောင်"ဟု စွဲလမ်းနေရကား အနတ္တ–ဟု မထင်

မြင်နိုင်ကြပေ။ အောက်ပါကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရား၏ သမ္မောဒနာ သာဒ္ဓိကာ လာ လင်္ကာများဖြင့် အကျဉ်းချုပ်မှတ်သားရာ၏။

**အနိစ္စနှင့် သန္တတိ။ ။**

၁။ ခုဖြစ်၊ ခုပျက်၊ မမြဲချက်ကို၊ စိတ်စက်ရှေးရှု၊ စဉ်းစားမှုမျိုး၊ မပြုကြတည်း၊ ပြုမိကလည်း၊ ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလျှင်းကွယ်ဘိ၊ သန္တတိကြောင့်၊ ရှိသည့်လက္ခဏာ၊ အနိစ္စာ၊ ဉာဏ်မှာ မထင်တော့။

**ဒုက္ခနှင့်ဣရိယာပထ**

၂။ ဖြစ်ပျက်နှစ်ရပ်၊ မြဲနှိပ်ကွပ်လျက်၊ ဒဏ်ခပ်နေမှု၊ ဒုက္ခစုကို၊ မရှုမိကြ၊ ရှုမိကလည်း ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလျှင်းကွယ်ဘိ၊ ယာဣရိကြောင့် ရှိသည့်လက္ခဏာ၊ ဒုက္ခသာ- ဉာဏ်မှာ မထင်တော့။

**အနတ္တနှင့်ဃန။**

၃။ စက္ခုစသည်၊ အလီလီ၏၊ ကိုယ်စီသတ်မှတ်၊ သီးခြားဓာတ်ကို၊ ပေါင်းစပ်နေငြား၊ ဆိုင်ရာများမှ၊ ခွဲခြားသမှု၊ မရှုမိကြ၊ ရှုမိကလည်း၊ ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလင်းကွယ်ဝှက်၊ တခဲနက်ကြောင့်၊ သက်မဲ့လက္ခဏာ၊ အနတ္တာ၊ ဉာဏ်မှာ မထင်တော့၊

**သင်္ဂဟလာနည်းလေးမျိုး။** ။တနည်းအားဖြင့် ထိုဒွါရ အာရုံ ဝိဉာဏ်စသော ကိုးဌာနလာ တရားတို့ကို ကလာပသမ္မသန

နည်း၊ အဒ္ဓါသမ္မသနနည်း၊ သန္တတိသမ္မသနနည်း၊ ခဏသမ္မသနနည်း၊ဟု သမ္မသနနည်း လေးမျိုးဖြင့်လည်း ရှုပွားနိုင်သည်။

**ကလာပသမ္မသနနည်း**။ ။စက္ခုပသာဒ(မျက်စိအကြည်) သည် ရုပ်တရားတည်း။ ရုပ်ဟူသမျှသည် ကုန်ခန်းပျက်စီးခြင်းသဘောရှိသဖြင့် မမြဲပါတကား၊ ကောန်ပျက်ရဦးမည်ဖြစ်၍ ကြောက်မက်ဘွယ်သသောရှိသဖြင့် ဒုက္ခပါတကား၊ အနှစ်သာရမရှိ၍ အနတ္တပါတကားဟု ရှုပွားရာ၏။ (ကျန်တရားတို့ကိုလည်း ဤနည်းမှီ၍ ရှုလေ)

**အဒ္ဓါသမ္မသနနည်း**။ ။အတိတ်ဘဝ၌ဖြစ်သော (မျက်စိအကြည်စသော)ရုပ်သည်အတိတ်ဘဝ၌ပင်ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်၊ ထို့ကြောင့် ကုန်ခန်းခြင်း သဘောရှိ၍ အနိစ္စပါတကား။ ကြောက်မက်ဘွယ်သဘောရှိ၍ ဒုက္ခပါတကား၊ အနှစ်သာရမရှိ၍ အနတ္တပါတကား။

ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပ်သည်လည်း ဤပစ္စုပ္ပန်ဘဝ၌ပင်ချုပ်၏။ ဤပစ္စုပ္ပန်ဘဝမှ အခြားဘဝသို့ မရောက်၊ထို့ကြောင့် ကုန်ခန်းခြင်းသဘောရှိ၍ အနိစ္စ၊ ကြောက်မက်ဘွယ်သဘောရှိ၍ ဒုက္ခ၊ အနှစ်သာရမရှိ၍ အနတ္တပါတကား။ (ဘဝအားဖြင့်သာမကအဇ္ဈတ္တဗဟိဒ္ဓ (အတွင်းအပြင်) သြဠာရိက–သုခုမ (အကြမ်းအနု) ဟီနပဏီတ (အယုတ်အမြတ်) ဒူရေသန္တိကေ (အဝေးအနီး)အားဖြင့်လည်း ခွဲခြား၍ ပွားများနိုင်ပါသည်။)

**သန္တတိသမ္မသနနည်း**။ ။အပူဥ်နေစဉ် အပူရုပ်အစဉ်ဖြစ်၏။ နေရိပ်သို့ဝင်ပြီးနောက် အတော်ကြာလျှင် အပူရုပ်အစဉ်ပျောက်၍ အအေးရုပ်အစဉ်ရောက်၏၊ မကျန်းမာတဲ့အခါ မကျန်းမာသော ရုပ်အစဉ်ဖြစ်၏၊ ကျန်းမာပြန်လျှင် မကျန်းမာသော ရုပ်အစဉ်ပျောက်၍ ကျန်းမာသော ရုပ်အစဉ်ရောက်၏၊ ထိုင်နေတဲ့အခါ ရုပ်အစဉ်သည် ထလိုက်သည့်အခါ ကုန်ပျောက်၍ ထရုပ်အစဉ်ရောက်၏၊ ဤသို့စသည်ဖြင့် အလုပ်ကိစ္စပြောင်းလဲတိုင်း နေရာဌာန ပြောင်းလဲတိုင်း ဣရိယာပုတ်ပြောင်းလဲတိုင်း ရုပ်အစဉ်ပြောင်းလဲပုံကို ဉာဏ်ဖြင့်ဆင်ခြင်ချင့်ထွင်၍....

'အပူရုပ်အစဉ်သည် အအေးရုပ် အစဉ်သို့မရောက်ပဲ၊ ချုပ်ပျောက်ခြင်းကြောင့် အနိစ္စပါတကား၊ ကြောက်မက်ဘွယ်ဖြစ်သောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ မရှိခြင်းကြောင့် အနတ္တပါတကား'ဟု ရှုပွားရာ၏။

**ခဏသမ္မသနနည်း**။ ။ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏတ္တယကို တခဏ ဟု ယူ၍ 'အတိတ်ခဏ၌ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်ခဏသို့မရောက်ပဲ ချုပ်ပျောက်ခြင်းသဘောကြောင့် အနိစ္စပါတကား၊ ကြောက်မက်ဘွယ်ဖြစ်သောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရမရှိခြင်းကြောင့် အနတ္တပါတကား-' ဤသို့စသည်အားဖြင့် ရှုပွားရာ၏။

ဤသို့ တေဘူမက သင်္ခါရတို့၌ ကလာပသမ္မသန စသော နည်းဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ် ဆင်ခြင်တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်သည်၊ (ဉာဏ်စဉ်ဆယ်ပါးတွင် ပထမဆုံးဉာဏ်တည်း)

တေဘူမကာ သင်္ခါရေသု၊ပဿတော လက္ခဏတ္တယံ၊
သမ္မသနနာမံ ဉာဏံ၊ဇာတံ ပဌမ ယောဂိနော။

တေဘူမက သင်္ခါရေသု-ကာမရူပ အရူပတွင် ပါဝင်သမျှ သင်္ခါရတို့၌၊လက္ခဏတ္တယံ-မမြဲနိုင် ဒုက္ခစစ်နှင့် အနှစ်မဲ့ အင် လက္ခဏာယာဉ် သုံးပါးကို၊ပဿတော- နည်းအဖုံဖုံ ကုန်အောင်စုံမျှ ဘလုံလဲလဲ စွဲမြဲထင်မြင်အောင် ဆင်ခြင်ကြည့်ရှုပေသော၊ ပဌမ ယောဂိနော- ပဌမလျှင် အစထွင်၍ အစဉ်ကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်၏၊သမ္မသနနာမံ ဉာဏံ- သမ္မသန အမည်ရလျက် သင်္ခါရထွင်း ဉာဏ်အလင်းသည်၊ ဇာတံ-ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဘို့ ကိန်းအောင်းအားလျော်စွာဖြစ်ပေါ်၍လာပေသတည်း။ (ကျေးဇူးရှင် ဆရာတော်ဘုရား၏ သင်္ဂြိုဟ်ဘာသာဋီကာ၊နှာ-၅၉၁-၄)

ဤသို့လျှင် မျက်စိ နားနှာလျှာ ကိုယ်စိတ်ဟူသော ဒွါရခြောက်ပါးစသော ကိုးဌာနလာ တရားတို့ကို အနိစ္စ၊ ဒုက္ခ အနတ္တဟု အဖန်ဖန်ရှုပွားကာ 'ဧတံ မမ— ဤမျက်စိအကြည်စသော တရားသည် ငါ့ဥစ္စာ'ဟု စွဲလမ်းသောတဏှာ၊ 'ဧသောဟမသ္မိ-ဤမျက်စိအကြည်စသော တရားသည် ငါ'ဟု စွဲလမ်းသောမာန၊ 'ဧသောမေအတ္တာ— ဤမျက်စိအကြည်စသော တရားသည် ငါ့အတ္တ၊ ငါ့အသက်၊ ငါ့လိပ်ပြာ၊ငါကောင်ဟု စွဲလမ်းသောဒိဋ္ဌိ၊ ဤသံသရာနယ်ချဲ့ အစွဲတရားသုံးပါး ပြုတ်လိမ့်မည်။ သို့ဖြစ်၍ ဤအစွဲသုံးပါးပြုတ်အောင် ဤဒွါရအာရုံစသော ကိုး

ဌာနလာ တရားတို့ကို 'နေတံမမ-ငါ့ဥစ္စာမဟုတ်၊ နေသာဟ မသ္မိ-ငါမဟုတ်၊ နမေသောအတ္တာ - ငါ့အတ္တ ငါကောင်မဟုတ် အနိစ္စ ဒုက္ခ၊ အနတ္တ'ဟု အဖန်ဖန်ရှုပွားပါဟု အနာထပိဏ်သဌေးကြီးအား အရှင်သာရိပုတြာ ဟောပြတော်မူသည်။

**သဌေးကြီးတုသိတာနတ်ပြည်သို့။** အရှင့်သာရိပုတြာ၏ ဤ'အစွဲပြုတ်'တရားတော်ကို နာရသောအခါ အနာထပိဏ်သဌေးကြီးပြင်းစွာငိုကြွေးရှာလေသည်။ အရှင်အာနန္ဒာသည် သဌေးကြီးကို 'စည်းစိမ်ဥစ္စာများ၌ ငြိကပ်တွယ်တာနေသလား၊ ကုသိုလ်တရားများ၌ ဆုတ်နစ်နေသလား'ဟုမေးလေသည်။ သဌေးကြီးက 'အရှင်ဘုရား–ဒီလိုမဟုတ်ပါ၊ တပည့်တော်သည် ကာလရှည်စွာ ဗုဒ္ဓမြတ်စွာကိုရော မနောဘာဝနီယ ရဟန်းတော်(ရဟန္တာ) များကိုပါ ဆည်းကပ်ခဲ့ပါသည်။ သို့သော် ဒီတရားမျိုးကို တခါဘူးမျှ မနာခဲ့ရဘူးပါ။ ယခုသေခါနီးမှ နာရလေခြင်းဟု ဝမ်းနည်းပြီးငိုမိပါသည်)ဟု လျှောက်ထားရှာသည်။ ဒီတရားမျိုးမှာ ခက်ခဲလေးနက်လှ၍ လူဝတ်ကြောင်တို့ ဉာဏ်တွင်မထင်မြင်နိုင်ပါ၊ ရဟန်းတော်တို့ ဉာဏ်တွင်သာ ထင်မြင်နိုင်ပါသည်'ဟု အရှင်အာနန္ဒာက အမိန့်ရှိလေသည်။ သဌေးကြီးသည် အရှင်သာရိပုတြာအား 'ဒီတရားမျိုးကို လူတို့အားလည်း ဟောကြားတော်မူပါ။ ပညာမျက်စိ၌ ရာဂ ဒေါသ မောဟ မြူနည်းပါးသော အမျိုးကောင်းသားသမီးတို့ ရှိနိုင်ကြပါသေးသည်၊ တရားတော်တို့ မနာကြရသဖြင့် တရားတော်မှ ဆုတ်ယုတ်နစ်နာကြရပါ

သည်။ တရားတော်ကို သိနိုင်သူများလည်း ရှိကြပါလိမ့်မည် ဘုရား’ဟုတောင်းပန်လေသည်။

အရှင်သာရိပုတြာနှင့် အရှင်အာနန္ဒာတို့လည်း သဋ္ဌေးကြီးအား ဤ‘အစဲ့ပြုတ်’ဩဝါဒတရားစကားဖြင့် ဟောကြားဆုံးမပြီး၍ ပြန်ကြွလေသည်၊ သဋ္ဌေးကြီးလည်း မကြာမီပင် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ရောက်လေသည်။

**အနာထပိဏ်နတ်သားလျှောက်ထား။** ။အနာထပိဏ်နတ်သားသည် သူ၏ သုံးဂါဝုတ်မျှ ပမာဏရှိသည့် ရွှေတုံးရွှေခဲကြီးပမာ နတ်ခန္ဓာနှင့်ဗိမာန် ဥယျာဉ်ပဒေသာပင်စသော နတ်စည်းစိမ်များကို တွေ့ရှိရလေသည်၊ ရတနာသုံးပါးအပေါ်၌ ကောင်းစွာပြုစု ကုသိုလ်မှုကြောင့် ယခုကဲ့သို့သော အကျိုးများကို ရရှိပေသည် ဟု ဝမ်းသာအားရ ကြည်နူးခြင်း ဖြစ်ရကား ညဉ့်သန်းခေါင်အချိန်တွင် ဗုဒ္ဓအထံတော်သို့ လာ၍ အောက်ပါ ဂါထာများဖြင့် လျှောက်ထားလေ၏။

**အနာထပိဏ်မှာပီတိဖြာ**

၁။ ဣဒံ ဟိ တံ ဇေတဝနံ၊ ဣသိသံဃ နိသေဝိတံ၊
အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိ **သဉ္စနနံ** မမ။

ဣသိသံဃနိသေဝိတံ-သီလက္ခန္ဓ **စသည်အထူး** ဂုဏ်ကျေးဇူးကို ဆည်းပူးဖွေရှာ ထေရ်သံဃာတို့ ကောင်းစွာရှင်ပြုံး သီတင်းသုံး မှီစဲအပ်ရာလည်း ဖြစ်ပေထသော၊ ဓမ္မရာဇေန- သုံးလူမှန်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အာ

ဝုတ္တ-တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောပြ ချမ်းမြ ရွှင်ပြုံး သီတင်းသုံးတော်မူအပ်ရာ လည်းဖြစ်ပေထသော၊ ဣဒံ တံ ဇေတဝန်-ဆောက်ဦးတိုက်တာ သိုက်မြိုက်စွာဖြင့် ဝိုက်ကာ ပတ်လည် စီရရီလျှင် သာကြည်မွေ့လျော် ပျော်ဘွယ်ရာကောင်း ဤဇေတဝန်ကျောင်းတိုက်တော်ကြီးသည်၊ မမ-အနာထပိဏ်မည် ခေါ် တပည့်တော်၏၊ ပီတိသဥ္စနန်-ရင်တသိမ့်သိမ့် ဘဝင်ငြိမ့် မျှ ဖြာစိတ်ကြည်နူး ပီတိမြူးအောင် အထူးဖြစ်စေနိုင်စွမ်း ပါ တော့သည်ဘုရား။

## သတ္တာဟူသမျှ စင်ကြယ်ရ

၂။ ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ၊ သီလံ ဇီဝိတ မုတ္တမံ၊
ဧတေန မစ္စာ သုဇ္ဈန္တိ၊ နဂေါတ္တေန ဓနေနဝါ။

ယံကမ္မံ-မဂ်ဉ်ယှဉ်ငြား အကြင်စေတနာတရားသည်လည်း ကောင်း၊ ယာဝိဇ္ဇာစ- ဒိဋ္ဌိသမ္မာ သက်ပွါဟု နှစ်ဖြာထင်ရှား အ ကြင်ပညာ မဂ္ဂင်တရားသည်လည်းကောင်း၊ ယောဓမ္မောစ-ဝါ ယမသတိ သမာဓိဟု လာရှိထင်ရှား အကြင်သမာဓိမဂ္ဂင်တရား သည်လည်းကောင်း၊ ဥတ္တမံ-သူ့ထက်ကဲလာ မြတ်လှစွာသော၊ ဇီဝိတံ-အပြစ်လွှတ်ကင်း အသက်မွေးခြင်းဟုဆိုအပ်သော၊ ယံသီ လံစ-ဝါစာ ကမ္မန္တ အာဇီဝဟု သုံးဝထင်ရှား အကြင်သီလ မဂ္ဂင် တရားသည်လည်းကောင်း၊ အတ္ထိ-ထင်ရှားမသွေရှိပါပေ၏။ ဧတေန-ဤမဂ္ဂင်ရှစ်ပါး မြတ်တရားဖြင့်၊ မစ္စာ-သူရောကိုယ်ပါ သတ္တာတို့သည်၊ သုဇ္ဈန္တိ-ကိလေသာခပင်း အပြစ်ကင်း သဖြင့် သန့်ရှင်း စင်ကြယ်ကြပါကုန်၏။ ဂေါတ္တေနဝါ-ဒြပ်ဖွိုးကြွယ်၊

မြတ်မျိုးနွယ်ဖြင့်လည်းကောင်း၊ ခနေနဝ ါ-စည်းစိမ်ဥစ္စာ ရတနာရွှေငွေ လယ်ယာမြေဖြင့် လည်းကောင်း၊ နသုဒ္ဓန္တိ-ကိလေသာခပင်း အပြစ်မကင်းသဖြင့် မသန့်ရှင်း မစင်ကြယ်နိုင်ကြပါကုန်ဘုရား။

## မဂ္ဂင်ရှစ်ဖြာ စင်ကြယ်ရာ

၃။ တသ္မာဟိ ပဏ္ဍိတောပေါသော, သမ္ပဿံ
အတ္ထမတ္တနော၊
ယောနိသော ဝိစိနေ ဓမ္မံ၊ ဧဝံ တတ္ထ ဝိသုဇ္ဈတိ။

တသ္မာဟိ-(တသ္မာဧဝ) - ထိုသို့မဂ္ဂင်ဖြင့်သာ ကိလေသာမှ ကောင်းစွာစင်ကြယ် ဥစ္စာနွယ်ဖြင့် စင်ကြယ်မှုကင်း မသန့်ရှင်းနိုင်သောကြောင့်သာလျှင်၊ ပဏ္ဍိတော- ကြောင်းကျိုးမြင်သိပညာရှိသော၊ပေါသော-မည်သူမဆိုထိုထိုများစွာ သတ္တဝါသည်၊ အတ္တနော အတ္ထံ-မိဋ္ဌာန်ခိုင်ခိုင် နိဗ္ဗာန်တိုင်အောင် များမြောင်ပွားတိုးကိုယ့်အကျိုးကို၊သမ္ပဿံ(သမ္ပဿန္တော)ကောင်းစွာမြော်မြင် သမ္မာဒိဋ္ဌိဖြင့် ဆင်ခြင်ကြည့်ရှု သတိပြုသည်ဖြစ်၍၊ ယောနိသော-သင့်တင့်လျော်ကန် တော်မှန်ဖြောင့်သား အကြောင်းအားဖြင့်၊ဓမ္မံ- သမာပတ်ရှစ်ပါး စျာန်တရားကို၊ (တနည်း ဓမ္မံ-ခန္ဓာ ငါးပါး ရုပ်နာမ်တရားကို) ဝိစိနေ-လက္ခဏာယာဉ်ကောင်းစွာထင်၍ ဆင်ခြင်ရှုကာ ရှာဖွေရာ၏။ ဧဝံ-ဤသို့ ရုပ်နာမ်ပေါ်တွင် လက္ခဏာတင်၍ ဆင်ခြင်ရှုကြည့်ရှာဖွေသည်ရှိသော်၊တတ္ထ-ထိုမဂ္ဂင်ရှစ်ပါး မြတ်တရား၌၊ ဝိသုဇ္ဈတိ-ကိလေသာ

ခပင်း အပြစ်ကင်းသဖြင့် သန့်ရှင်း စင်ကြယ် နိုင်ပါပေသည် ဘုရား။

## ရဟန်းများတွင် အရှင်သာရိပုတြာအမြတ်ဆုံး

၄။ သာရိပုတ္တောဝ ပညာယ၊ သီလေန ဥပသမေနစ၊
ယော ပိ ပါရင်္ဂတော ဘိက္ခု၊ ဧတာဝ ပရမော သိယာ။

သာရိပုတ္တောဝ-အရှင်သာရိပုတြာ အမည်သာသည့် လကျာ တော်ရံ ပညာဉာဏ်ကြီး မထေရ်ကြီးသည်သာလျှင်-ပညာယ-ပညာအထူး ဂုဏ်ကျေးဇူးဖြင့်လည်းကောင်း၊ သီလေန-သီလအ ထူး ဂုဏ်ကျေးဇူးဖြင့်လည်းကောင်း၊ ဥပသမေနစ-ကိလေသာ ဘေး အပူငြိမ်းအေးအထူးဂုဏ်ကျေးဇူးဖြင့်လည်းကောင်း၊ သေယျော-သားတော်များတွင် ခေါင်ကတင်၍ သူ့ပင်ဥက္ကဋ္ဌ အမြတ်ကဲသာ အသာဆုံး ဖြစ်ပါတော့သည်ဘုရား။

ယောဘိက္ခု-မုတ်ဆိတ်ကျင်စွယ် ဆံကိုပယ်၍ အဝါထည် ဆင်မြန်း အကြင်ရဟန်းသည်၊ ပါရင်္ဂတော- ဟိမ္မာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းပေါက်မြောက် ရောက်ရှိပေပြီ၊သောပိ ဘိက္ခု- ဟိမ္မာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းပေါက်မြောက် ရောက်ရှိပြီးလတ် ထိုရဟန်းမြတ်သည်လည်း၊ ဧတာဝ ပရမော-ဤသာရိပုတြာ မထေရ်သာလျှင် ကဲသာဥက္ကဋ္ဌ အမြတ်ဆုံးရှိ သည်၊ သိယာ -မုချမသွေ ဖြစ်ပါလေတော့သည်ဘုရား။

အနာထပိဏ်နတ်သားသည် အထက်ပါ ဂါထာများဖြင့် ဇေ တဝန်ကျောင်း၊ အရိယာမဂ် တရား၊ ဝိပဿနာဉာဏ်မဂ်နှင့်

အရှင်သာရိပုတြာထေရ်၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးလျှောက်ထား၍ တုသိတာ နတ်ပြည်သို့ ပြန်သွားလေသည်။ ဗုဒ္ဓမြတ်စွာလည်း နောက်တရက်တွင် တပည့်ရဟန်းတို့အား အနာထပိဏ်နတ်သား လျှောက်ထားသည့် ဂါထာများကို ပြန်လည်ဟောကြားတော်မူသည်။ တရားပွဲအပြီးတွင် အရှင်အာနန္ဒာသည် 'အဲဒီနတ်သားသည် အနာထပိဏ်နတ်သားဖြစ်ပါလိမ့်မည်။ အနာထပိဏ်သဌေးသည် အရှင်သာရိပုတြာအပေါ် အလွန်ကြည်ညိုသူဖြစ်ပါသည်'ဟု လျှောက်ထားရာဗုဒ္ဓမြတ်စွာလည်း အရှင်အာနန္ဒာအား 'သင့်တွေးဆချက် မှန်ပေကြောင်း၊ အဲဒီနတ်သားသည် အနာထပိဏ်နတ်သားပင် ဖြစ်ကြောင်း'ကို ပြန်လည် မိန့်ကြားတော်မူပါသတည်း။

---

၁။ ဝိ-၄၊ နှာ-၃၀၁။ ရူဋ္ဌဝဂ္ဂါဒိ-ဋ္ဌ၊ နှာ-၆၂။
၂။ အံ-ဋ္ဌ-၁၊ နှာ-၂၉၅။ အံ-၁၊ နှာ-၂၇
၃။ အပဒါန-ဋ္ဌ-၁ နှာ-၁၀၈-၉
၄။ မ-၃၊ နှာ-၃၀၁၊ မ-ဋ္ဌ-၃၊ နှာ-၂၂၉-၂၃၂
၅။ သံ-၄၊ နှာ-၂၁၃၊ သံ-ဋ္ဌ-၁၊ နှာ-၂၈၅။
၆။ ပဋိသံ-နှာ-၅၁၊ ပဋိသံ-ဋ္ဌ-၁၊ နှာ-၂၂၉။
၇။ အံ-ဋ္ဌ-၂၊ နှာ-၃၀
၈။ ဓမ္မ- ဋ္ဌ-၁-နှာ-၃
၉။ ဗုဒ္ဓါနုဿတိဘာဝနာ နှာ-၆၈
၁၀။ သဂြိုဟ်ဘာသာဋီ-နှာ-၅၉၁-၄။

# ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ

**ဘုန်းကံရှင်ငါးဦး။** ။ကျောင်း-အမကြီး ဝိသာခါသည်ဘဒ္ဒိယမြို့သူဖြစ်၏၊ မေဏ္ဍကသဌေးကြီး၏မြေး၊ ဓနဉ္စယသဌေးကြီးနှင့်သဌေးကတော်ကြီး(အဂ္ဂမဟေသီ)သုမနဒေဝီတို့၏သမီးဖြစ်သည်၊ သူမ ခုနစ်နှစ်အရွယ်တွင် ဗုဒ္ဓ မြတ်စွာ သည် ထိုဘဒ္ဒိယမြို့သို့ရောက်ရှိတော်မူလာသည်၊ထိုအချိန်၌ မေဏ္ဍကသဌေးသည် ထိုမြို့တွင် "ဘုန်းကံရှိသူ ငါးဦးတွင် အကြီးအမှူးဖြစ်လေသည်၊ ဘုန်းကံရှိသူ ငါးဦးတို့မှာ-မေဏ္ဍကသဌေးကြီးနှင့် သဌေးကတော်ကြီးစန္ဒပဒုမာ၊ ထိုသဌေးကြီး၏သား ဓနဉ္စယ သဌေးနှင့် သဌေးကတော် သုမနဒေဝီ၊ မေဏ္ဍကသဌေးကြီး၏ အလုပ်သမားပုဏ္ဏမည်သူ(၅)ဦးတို့ဖြစ်သည်။

**ဘုန်းကံအစွမ်းများ။** ။မေဏ္ဍကသဌေးကြီး၏ ဘုန်းကံ အာနုဘော်မှာ ဦးခေါင်းလျှော်၍ စပါးကျီကို ရှင်းလင်းပြီးလျှင်တံခါးအပြင်ဘက်၌ နေလိုက်ပါက ကောင်းကင်မှ စပါးကျီအပြည့် စပါးမိုးကြီး ရွာချပေးရသည်၊ စန္ဒပဒုမသဌေးကတော်

ကြီး၏ ဘုန်းကံအာနုဘော်မှာ တပြည်ချက်ထမင်းအိုးနှင့် အရံ ဟင်းအိုးအနီးတွင်ထိုင်၍ ကျွန်အလုပ်သမားတို့ကို ထမင်းကျွေး ပါက သဌေးကကော်ကြီး မထသမျှ ထမင်း ဟင်း မကုန်နိုင်။ သား ဓနဉ္စယသဌေး၏ ဘုန်းကံ အာနုဘော်မှာ -တထောင်ဝင် ငွေအိတ်ကို ကိုင်၍အလုပ်သမားတို့အား၆-လစာ ရိက္ခာပေးပါက လက်အတွင်း ကိုင်ထားသမျှ ထိုလစာရိက္ခာငွေ မကုန်နိုင်ပါ။ ချွေးမ သုမနဒေဝီ၏ ဘုန်းကံ အာနုဘော်မှာ- တတင်းဝင် တောင်းအနီး၌ထိုင်၍ ကျွန် အလုပ်သမားတို့အား ၆-လစာ ထမင်းရိက္ခာကို ပေးပါက လက်အတွင်း ကိုင်ထားသမျှ ထိုရိက္ခာ မကုန်နိုင်၊ ကျွန်ယုံတော် အလုပ်သမားပုဏ္ဏ၏ဘုန်းကံအာနုဘော် မှာ- ထွန်သွားတချောင်းတည်းဖြင့် ထွန်လျှင် ထွန်ကြောင်းရာ ခုနစ်ကြောင်း ထပ်နိုင်သည်(ဝိနည်းမဟာဝါပါဠိ)ဤသို့ဘုန်းကံ အာနုဘော်တို့ အသီးသီးရှိကြလေသည်။

**ဝိသာခါသောတာပန်တည်ပြီ။** ။ဗိမ္ဗိသာရမင်းကြီး၏နိုင်ငံတွင် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ပုဏ္ဏ၊ ကာကဝလ္လိယ ဟု အဓိက ဘောဂ(ထိုင်းတာရေတွက်၍ မရလောက်အောင် စည်းစိမ်ဥစ္စာ ပေါများသော)သဌေးကြီး ငါးဦး ရှိလေသည်။ ၎င်းတို့တွင် မေဏ္ဍက သဌေးကြီးသည် ဗုဒ္ဓမြတ်စွာ ဘဒ္ဒိယမြို့သို့ ကြွလာ တော်မူကြောင်းကိုသိရှိ၍ သူ၏ မြေးမ ဓနဉ္စယသဌေးသမီး-ဝိသာ ခါလေးကို ခေါ်၍ ပြောလေသည်။ "ငါ့မြေး- ငါ့မြေးမှာ လည်း မင်္ဂလာရှိတယ်၊ အဖိုးတို့မှာလည်း မင်္ဂလာ ရှိပါတယ်၊ ငါ့မြေးရဲ့အဖော် မိန်းကလေးငါးရာနဲ့အတူ ရထားများစီးပြီး

ဗုဒ္ဓမြတ်စွာကို ကြိုဆိုရမယ်''ဟု ပြောလေသည်။ ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်း ဗုဒ္ဓမြတ်စွာကို ကြိုဆိုကြရာ ထိုဗုဒ္ဓကြိုဆိုပွဲကြီးတွင် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာရ၍ မေဏ္ဍက သဌေးကြီး မိသားစုနှင့် ဝိသာခါ အမျိုးသမီးကလေးတို့ အဖွဲ့ သောတာပန် တည်ကြလေသည်။ မေဏ္ဍက သဌေးကြီးသည်လည်း ဘုရားအမှူးရှိသော သံဃာတော်များအား ဆယ့်ငါးရက်တိုင်တိုင် ဆွမ်းဆက်ကပ် လှူဒါန်းလေသည်။

**၇နှစ်အရွယ် အရိယာများ။** ။သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးတွေ့ရသော ပါရမီရှင်တို့သည် လွယ်လွယ်ကူကူဖြင့် သောတာပန်စသော အရိယာများ ဖြစ်နိုင်ကြ၏၊ ဤသို့ဖြစ်နိုင်ဘို့ရာမှာလည်း-

၁။ သူတော်ကောင်းကို ဆည်းကပ်ရခြင်း (သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရခြင်းအားဖြင့် အလိုလို ပြီးစီး၏)

၂။ သူတော်ကောင်းတရားကို နာရခြင်း၊ (ဗုဒ္ဓကိုယ်တိုင်ဟောသောကြောင့် အလိုလို ပြီးစီး၏)

(၃) ကောင်းသောနှလုံးသွင်းခြင်း(ဗုဒ္ဓကို ကြည်ညိုခြင်းကစ၍ အလိုလိုပြီးစီးနေပါသည်)

(၄) လောကုတ္တရာ တရားနှင့် လျော်သော အကျင့်ကိုကျင့်ခြင်း(ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် တရားနာ ပုဂ္ဂိုလ်အလိုဆန္ဒနှင့် အစဉ်လိုက်၍ စိတ်စိုက်နေခြင်းသည်ပင် ထိုတရားတော်အတိုင်း ကျင့်ခြင်းပင်ဖြစ်ပါသည်။)

ဤသို့ တရားနာ ပုဂ္ဂိုလ်များ၌ သောတာပန် ဖြစ်ဘို့ရာ အကြောင်းအင်္ဂါ ၄-ပါးလုံးစုံနေသောကြောင့် အလွယ်တကူဖြင့် သောတာပတ္တိမဂ်ဖိုလ်စသောတရားထူးကို ရကြပါသည်၊ ဝိသာခါသည် ဗုဒ္ဓမြတ်စွာကို ပထမဖူးတွေ့ရရာ ၇-နှစ် အရွယ်မှာပင် သောတာပန် အရိယာဖြစ်၏၊ ကောသလမင်း၏ သမီးတော် သုမနာမင်းသမီးလေးသည်လည်း ထိုနည်းတူပင် ၇-နှစ်အရွယ်မှာ သောတာပန်ဖြစ်သည်၊ အရှင်ဒဗ္ဗသည် ၇-နှစ်အရွယ်၌ ရှင်ပြုဘို့ရန် ဆံပင်ချစဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်၍ နောက်ဆုံး ဆံကို ရိတ်ချသောအခါ ရဟန္တာဖြစ်သည်။ ပဏ္ဍိတ သာမဏေ သုခသာမဏေ တို့ သည် ၇-နှစ် အရွယ်၌ အရှင်သာရိပုတ္တရာအထံမှာ ရှင်ပြု၍ တရားအားထုတ်ကြလေရာ ထိုနေ့၌ပင် ရဟန္တာဖြစ်ကြ၏၊ သောပါကသာမဏေ၊ စူဠသုမန သာမဏေတို့သည် ၇-နှစ်အရွယ် ရဟန္တာ ဖြစ်ကြ၏၊ အပဒါန် ပါဠိတော်၌လာသော ပဥ္စသီလသမာဒါနိယထေရ်ကား ၅-နှစ် အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ သာဝကတို့သည် ခုနစ်နှစ်အရွယ် ငယ်ပင် ငယ်ကြစေကာမူ အယူဝါဒ ကိုယ်တိုင်စ၍ ဂဏဦးစီး တိတ္ထိဆရာကြီးများသော်မှ မသိနိုင် မရနိုင်သည့် နိဗ္ဗာန်ကို အလွယ်တကူ သိမြင် ရရှိနိုင်ကြပေသည်၊ ဤအကြောင်းကို ဂေါ်တမီထေရီဘိက္ခုနီမကြီးက သူမ ပရိနိဗ္ဗာန်စံကာနီးတွင် ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်ထားသွားပေသည် ။

ယံ န ဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာ စရိယေ ဟိပိ၊
တံ ပဒံ သုကုမာရီဘိ၊ သတ္တဝဿာ ဟိ ဝေဒိတံ။

ပုရာဏေဟိ-ဘုရားမပွင့်ခင် ရှေးအစဉ်က လူတွင် ထင်ပေါ် အကျော်အမော်ဖြစ်ကြကုန်သော၊ တိတ္ထိကာ စရိယေ ဟိပိ-အယူဝါဒ ကိုယ်တိုင်စ၍ ဂဏဦးစီး ဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ-ရောက်သင့်ရောက်ထိုက် ဉာဏ်အမြင်ဆိုက်မှ၊ တိုက်ရိုက်သိရန် အကြောင်းနိဗ္ဗာန်ကို၊ န ဒိဋ္ဌံ-တွေးလိုက်ကြံလိုက် အမှန်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့မြင်နိုင်ခဲ့ချေ။ တံပဒံ-ကမ္ဘာ့ထိပ်သီး ဆရာကြီးတို့ ရှုနည်းမပိုင် မမြင်နိုင်သောထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ-မိဘကိုချစ်၊ နှဲ့တုံး ဖြစ်၍, ခုနစ်နှစ် အရွယ်ငယ်ရှာကြကုန်သေးသော၊ သုကုမာရီဘိ-ရှေးဘုန်းရှေးကံ ကုန်ကံရင့်ပြီး အမျိုးသမီးလေးသော်မှလည်း၊ ဝေဒိတံ-ရှင် တော်ဘုရား မိန့်တရားကြောင့် မျက်ဝါးထင်ထင် သိမြင်နိုင်ပါပေသည်တကား။

**သာကေတမြို့တည်ပြီ။** ။ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းနှင့် ကောသလတိုင်းကြီးအရှင် ပသေနဒိကောသလ ဘုရင်တို့သည် သမီးယောက်ဖများဖြစ်ကြသည်။ တနေ့သ၌ ပသေနဒိကောသလမင်းကြီးသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီးထံလာ၍ အမိတဘောဂ သဌေးကြီး ငါးဦးတို့တွင် တဦးဦးကို ပေးရန် တောင်းလေသည်၊ သဌေးကြီးငါးဦးတွင် တဦးဖြစ်သော မေဏ္ဍကသဌေးကြီး၏သား ဓနဥ္စယသဌေးကို ရရှိ၍ ထိုဓနဥ္စယ သဌေးမိသားစု အခြွေအရံများစွာတို့နှင့်အတူ တိုင်း

ပြည်တော်သို့ပြန်လာရာ သာဝတ္ထိမြို့တော်မှ ၇-ယူဇနာ ဝေးကွာသော အရပ်သို့ ရောက်ရှိလာကြလေသည်၊ ဓနဉ္စယသဌေးသည် ထိုအရပ်တွင် သူ့အားနေထိုင်ခွင့်ပြုပါရန်အကြောင်းခွင့်တောင်းလေရာ ကောသလမင်းကြီးက အခွင့်ပေးသဖြင့် ထိုအရပ်တွင်ပင် မြို့တည်၍ အခြေချနေထိုင်ကြလေသည်။ ထိုမြို့ကိုလည်း ကိုယ်တိုင်နေရာယူ၍ မြို့တည်သောကြောင့် 'သာကေတမြို့'ဟု ခေါ်တွင်လေသည်။

**ရောင်နောက်ဆံထုံးပါ။** ။ဝိသာခါအရွယ် ရောက်သောအခါ သာဝတ္ထိမြို့မှ မိဂါရသဌေး၏သား ပုဏ္ဏဝဍ္ဎနသတို့သားနှင့် ထိမ်းမြားလက်ဆက်ပေးကြသည်။ သူမ၏ မင်္ဂလာလက်ထပ်ပွဲသို့ ကောသလမင်းကြီးကိုယ်တိုင် ကြွရောက်ချီမြှင့်လေသည်။ ဓနဉ္စယသဌေးကြီးသည် ကောသလ မင်းကြီးနှင့်မင်္ဂလာပွဲလာသမျှ ဧည့်ပရိသတ်များစွာတို့အား ဝါဆိုလပြည့်ကျော်မှစ၍ တန်းဆောင်မုန်းလပြည့်နေ့အထိ လေးလဘိုင်တိုင် ဧည့်ခံကျွေးမွေးလာခဲ့ရာ သာကေတတမြို့လုံးသည် အမြဲတန်း ပွဲလမ်းသဘင် ခင်းကျင်းနေသကဲ့သို့ဖြစ်လေသည်။ ထိုအချိန်တွင် ဝိသာခါဆင်မြန်းရန် ရွှေပန်းတိမ်သည်များထံ အပ်ထားသော မဟာလတာ တန်ဆာလည်းပြီးစီးပြီဖြစ်သည်။ဘခင်သဌေးကြီးသည် သမီး ဝိသာခါကိုကိုးကုဋေတန် ထိုမဟာလတာ တန်ဆာကို ဆင်မြန်းစေ၍ သနပ်ခါးမှုန့်အဖိုး (၅၄)ကုဋေအပါအဝင် ရွှေငွေရတနာ အဖြာဖြာနှင့်အသုံးအဆောင်အမျိုးမျိုး၊ အလုပ်အကျွေးအမျိုးသမီးများ၊ နို့စားနွားမကြီးများ စသည်တို့ကို အလုံအလောက် ပြည့်ပြည့်

စုံစုံပေး၍ သာဝတ္ထိမြို့ သတို့သားနောက်သို့ ထည့်လိုက်လေသည်။

**မိဂါရသေ့ဌး၏ညှော်ခံပွဲ။** ။မိဂါရသေ့ဌးလည်းမိမိ (သာဝတ္ထိ) မြို့သို့ရောက်သော အခါ ခုနစ်ရက်ပတ်လုံး မင်္ဂလာ ညှော်ခံပွဲ ကျင်းပလေသည်။ နောက်ဆုံးနေ့တွင် သူကိုးကွယ်သည့် အဝတ်မဆည်း အချည်းနှီးသော တက္ကဒ္ဒန်းတို့ကို ဖိတ်မံ့ကျွေးမွေးရာ ချွေးမ ဝိသာခါကိုလည်း သူ့ဆရာ 'ရဟန္တာ'များကို ကန်တော့လှည့်ရန်ခေါ်လေသည်။ သောတာပန်ဖြစ်သော အရိယာ ဝိသာခါသည် 'ရဟန္တာ'ဟူသော အသံကိုကြားရလျှင် နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ ကန်တော့ရန် သွားလေသည်။ အဝတ်မပါဗလာကိုယ်ချည်း တက္ကဒ္ဒန်းကြီးတို့ကို တွေ့ရ၍ 'သည်လို အရှက်အကြောက်ကင်းမဲ့တဲ့သူတွေဟာ ရဟန္တာမဖြစ်နိုင်ပါဘူး ရှံစရာတွေ'ဟုကဲ့ရဲ့ပြောဆိုကာ သူ့နေရာသို့သာ ပြန်လေသည်။

**ဝိသာခါကိုနှင်ချ။** ။တက္ကဒ္ဒန်းဆရာကြီးတို့သည် 'သည်အယုတ်မကို အိမ်ကနှင်ချ' ဟုတိုက်တွန်းကြသော်လည်း မိဂါရသေ့ဌးသည် အမျိုးကြီး၏ သမီးဖြစ်၍ ဝိသာခါကို နှင်မထုက်ရဲပဲ သူ့ဆရာကြီးများကိုသာ တောင်းပန်စကား ပြောကြားရလေသည်၊ နောက်တကြိမ်တွင် မိဂါရသေ့ဌးသည် ရေမရောသည့် ချိုမြိန်သော နို့ဃနာထမင်းကို ရွှေခွက်တွင်ထည့်၍ စားနေစဉ် (ဗုဒ္ဓသာဝက)ပိဏ္ဍပတ်ခုတင်ဆောင်ရဟန်းတော်တပါးသည် မိဂါရသေ့ဌး အိမ်ရှေ့တွင် ဆွမ်းခံရပ်လာလေသည်။ မိဂါရသေ့ဌးသည် ထိုရဟန်းကို မမြင်ဟန်ပြု၍ နို့ဃနာထမင်းကိုသာ ငုံ့၍

စားနေသည်။ ဝိသာခါသည် ရဟန်းတော်အထံသို့သွား၍ 'ကန် တော့ဆွမ်းပါဘုရား၊ တပည့်တော်မ၏ ယောက္ခမကြီးသည် အ ဟောင်းအမြင်းကိုသာ စားသုံးနေပါသည်ဘုရား'ဟု လျှောက် ထားလေ၏။ မိဂါရသဌေးသည် ထိုစကားကို ကြားရ၍ ဒေါ သပြင်းထန် မခံမရပ်နိုင်တော့ပဲ ဝိသာခါကို အိမ်မှနှင်ချလေ တော့၏။

**မျက်နှာစုံညီရှင်း။** ။ဝိသာခါလည်း 'ဤမျှဖြင့် မထွက်နိုင် ကြောင်း၊ ရေချိုးဆိပ်က ခေါ်လာသော ကျွန်မမဟုတ်ကြောင်း' ပြော၍ သူမလိုက်လာစဉ်က ဘခင်သဌေးကြီး အပ်နှံလိုက်သည့် အာမခံသူကြွယ် ရှစ်ဦးကို ခေါ်စေ၍ မျက်နှာစုံညီ ရှင်းကြ သည်၊ ဝိသာခါက 'ယောက္ခမကြီးကို မစင်စားဟု မဆိုပါ။ ပိဏ္ဍပါတ်ဝတ်ဆောင်ရဟန်းကို လျှောက်ထားသည့် 'အဟောင်း ကိုသာ စားသုံးနေပါသည်'ဟူသော စကားမှာ 'တပည့်တော် မ၏ ယောက္ခမကြီးသည် ဤဘဝ ဤအတ္တဘော၌ ကုသိုလ် ကောင်းမှု အသစ်မပြုပါ၊ ရှေးအဟောင်းအမြင်း ကုသိုလ်ကံ၏ အကျိုးကိုသာ စားသုံးနေပါသည်'ဟု လျှောက်ထားခြင်း ဖြစ် ပါသည်ဟု ပြောပြ လေသည်။ ဤသို့ စသည်ဖြင့် မိဂါရ သဌေးကြီး မကျေနပ်ချက်တို့ကို ဖြေရှင်းပြ၍ ပြဿနာ ပြေလည် သောအခါ ဝိသာခါသည် အိမ်မှ ထွက်သွားရန် ပြင်ဆင်လေ တော့သည်။

**လွတ်လပ်စွာ ကိုးကွယ်ခွင့်ရ။** ။မိဂါရ သဌေးကြီး သည် ဝိသာခါကို မဆင်မခြင် ပြောမိပါသည်။ သူ့အပေါ် ခွင့်လွှတ်ပါ

ဟု မသွားရန် တောင်းပန်ရလေတော့သည်။ "သမီး အစကပင် ခွင့်လွှတ်ပြီးပါ၊ သို့သော် သမီးသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ သက်ဝင်ယုံကြည်၍ ကိုးကွယ်သည့် အမျိုးသမီးဖြစ်ပါသည်။ သမီးသည် ရဟန်းသံဃာတော်နှင့် ကင်းကွာ၍ မဖြစ်နိုင်ပါ၊ အကယ်၍ သမီးစိတ်တိုင်းကျ ရဟန်းသံဃာတို့ကိုပူဇော်ခွင့်ရလျှင် ဤအိမ်မှာဆက်၍ နေပါမည်၊ ဒီလိုမှမဟုတ်လျှင် မနေနိုင်ပါ" ဟု ဝိသာခါက အချက်ကျကျ ပြန်၍ပြောလေသည်။ ထိုအခါ တွင် မိဂါရ သဌေးသည်။ ရဟန်းတော်များကို စိတ်တိုင်းကျပူဇော်ပါတော့"ဟု ခွင့်ပေးရလေသည်။

**မိဂါရမာတာအမည်ရ။** ။ဝိသာခါသည် နောက်တနေ့တွင် ဗုဒ္ဓမြတ်စွာကိုအိမ်သို့ပင့်၍ ဆွမ်းကပ်သည်၊ မိဂါရ သဌေးကို ကိုယ်တိုင်ကပ်ဘို့ခေါ်သည် မရပေ၊ ဆွမ်းဘုဉ်းပေး အပြီးတွင်လည်း ဆွမ်းအနုမောဒနာ တရားနာကြားရန်ထပ်ဆင့်ခေါ် ပြန်သည်၊ တက္ကဒွန်းများက တားပြန်သော်လည်း "ဒီတခါတော့ မသွားလျှင်မသင့်"ဟု တက္ကဒွန်းများ အကြံပေးသည့်အတိုင်းကန့်လန့်ကာ အပြင်ဘက်မှ တရား နာလေသည်၊ ဒေသနာတော် အဆုံး၌ မိဂါရ သဌေးသည် သောတာပန် တည်လေသည်၊ သဌေးကြီးသည် ဝိသာခါကို"ယနေ့မှစ၍ သမီးဟာ မိခင်ပါပဲ၊ (ဝိသာခါကြောင့် တရားထူးရပြီဖြစ်၍ လောကုတ္တရာအရာတွင် မိခင်ပမာ ကျေးဇူးများသောကြောင့် လောကုတ္တရာမိခင်ပါပဲ)" ဟု မိခင်အရာ၌ ထားလေသည်၊ ဝိသာခါလည်း ထိုအခါမှစ၍

မိဂါရမာတာ (မိဂါရ သဌေး၏ မိခင်အရာ၌တည်သူ)ဟူသော အမည်ထူး ဂုဏ်ထူးတခုရရှိလာလေသည်။

**မိဂါရသဌေးဝန်ခံ။** ။ထို့နောက် မိဂါရ သဌေးသည် ဗုဒ္ဓမြတ်စွာ ခြေတော်အစုံတို့၌ ဦးတိုက်၍ ခြေတော်တို့ကိုလက်ဖြင့်ဆုပ်နယ်၊ ပါးစပ်ဖြင့်လည်း စုပ်လျက်"တပည့်တော် မိဂါရပါ ဘုရား"ဟု သုံးကြိမ်လျှောက်ထားပြီးနောက်၊ "တပည့်တော်သည် ယနေ့အထိ အဘယ်ပုဂ္ဂိုလ်အား လှူဒါန်းလျှင် အကျိုးကြီးမတ်မြတ်သည်ကို မသိခဲ့ပါ၊ ယခုတော့ဖြင့် သမီးဝိသာခါကြောင့် သိရပါပြီ၊ တပည့်တော်သည် အပယ်ဘေးမှ လွတ်မြောက်၍ တပည့်တော်၏ ချွေးမသည် တပည့်တော်၏ အကျိုးစီးပွား ချမ်းသာများဘို့ ဤအိမ်သို့ရောက်လာခြင်းဖြစ်ပါတော့သည်ဘုရား" ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။

သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ၊
အတ္ထာယ ဝတမေ ဘဒ္ဒါ၊ သုဏိသာ ဃရ မာဂတာ။

ဘန္တေ-ယူမှား မိတ္တာ, ဒိဋ္ဌက္ခာအောင် ဒေသနာ ရေအေး အမြိုက်ဆေးကို တိုက်ကျွေးမေတတ် ရှင်တော်မြတ်ဘုရား၊သော အဟံ--မိဂါရဟု နာမတွင်ခေါ် ဘုရားတပည့်တော်သည်၊ယတ္ထ ပေးလှူသမျှ အတိုးရဘို့ မုချထိုက်တန် အကြွင်အလှူခံ ပုဂ္ဂိုလ်အား၊ ဒါနံ-ပေးလှူနိုင်ကြောင်း ကောင်းမြတ် ဝေဖြာ ဒါန စေတနာသည် မဟပ္ဖလံ—ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုး ရှိ၏။ (တံ—ပေးလှူသမျှ အကျိုးရဘို့ မုချ ထိုက်တန်ထိုအလှူခံပုဂ္ဂိုလ်ကို)၊ အဇ္ဇ—သဗ္ဗညုသခင် ဘုရားရှင်ကိုကြည်လင်ဖူးတွေ့

ယခုနေ့မှ၊ ပဇာနာမိ-ချွေးမအလိမ္မာ ဝိသာခါဒါကြောင့် ကောင်း စွာမသေ့ သိမြင်ရပါစေပြီဘုရား။

ဘဒ္ဒါ–ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့် တင်စွာ မြင့်ကြွယ် တင့်တယ်ပေသော၊သုဏိသာ—ချွေးမအလိမ္မာဝိသာခါသည်၊မေ- မိဂါရဟု နာမထွင်ခေါ် တပည့်တော်၏၊ ဃရံ-စပယ် နှင်းဆီ မွှေးပျံ့စီလျက် ပတ်လည်သန့်စင် ခန့်ခန့်ယဉ်သည့် အသွင် ရှုမ ငြီး တိုက်အိမ်ကြီးသို့၊ အာဂတာ-ရှေးကံကောင်းက ပင့်ထောက် မသဖြင့် ထူးစွာမသေ့ ရောက်လာခဲ့ပါပေသည်အရှင်ဘုရား။

ဝိသာခါသည် နောက်တနေ့ပါ ဆက်၍ဆွမ်းကပ်ပြန်ရာ ထို နေ့တွင် ယောက္ခမသဌေးကတော်ကြီး သောတာပန် ပြည်ပြန် လေသည်၊ ထိုအခါမှစ၍ မိဂါရသဌေးကြီး၏အိမ်သည် ဗုဒ္ဓ မြတ်စွာ သာသနာတော်အတွက် အမြဲတံခါးဖွင့်ထားလျက် ရှိ လေတော့သည်။

**ဝိသာခါမိသားစု။** ။မိဂါရသဌေးကြီးသည်လည်း ‘သူ့ချွေးမ သည် သူ့အပေါ် အလွန်ကျေးဇူးများပေသည်၊ မဟာလတာ တန်ဆာဆိုတာ သူမ အမြဲတန်းဝတ်ဆင်လို့မဖြစ်၊အမြဲဝတ်ဆင် နိုင်ရန် ပေါ့ပေါ့ပါးပါး တန်ဆာတခု လုပ်ပေးဦးမည်’ ဟု ကြံစည်၍ တသိန်းတန် **တခဲနက်ပြေပြစ်သော** (စင်းချော)တန် ဆာတခုကို လုပ်ပေးသည်၊ သဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်၍ ဝိသာခါကို နံ့သာရေ အိုး တဆယ့်ခြောက်လုံးဖြင့် ရေချိုးစေကာ ထိုတသိန်းတန် တန်းဆာကို ဝတ်ဆင်လျက် ဗုဒ္ဓမြတ်စွာကိုကန်တော့စေသည်၊

ဝိသာခါသည် ထိုအချိန်မှစ၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလုပ်လျက် ကောင်းကင်တွင် လကဲ့သို့ ထင်ရှားလေသည်၊ သားသမီးတို့နှင့်ကြီးပွားစည်ပင်ခြင်းသို့ ရောက်လေသည်၊ ဝိသာခါ၌ သားတကျိပ် သမီးတကျိပ်ရှိသည်။ ထိုသားသမီးတို့တွင်လည်း တယောက်တယောက်၌ သားတကျိပ်၊သမီးတကျိပ်စီ ရှိပြန်သည်၊ သူတို့ (မြေးများ) တွင်လည်း တယောက်တယောက်၌ သားတကျိပ်၊ သမီးတကျိပ်စီ ရှိပြန်လေရကား ဝိသာခါ၌ သားသမီးနှစ်ကျိပ်၊မြေးလေးရာ၊ မြစ်ရှစ်ထောင်တို့ ရှိကြလေသည်။

**ဝိသာခါ၏ထူးခြားချက်။** ။ဝိသာခါသည် အသက် (၁၂၀) ရှည်၍ ဆံဖြူတပင်မျှ မပေါက်ပေ၊ အမြဲတဆယ့်ခြောက်နှစ်အရွယ်ထင်ရလေသည်၊ သားသမီးမြေးမြစ်များ ခြံရံ၍ကျောင်းသို့ သွားလျှင် 'ဝိသာခါ ဘယ်သူလဲ'ဟု မေးယူ ရလောက်အောင် နုပျိုလှပေသည်၊လျှောင်းထိုင်ရပ်သွားဣရိယာပုတ်လေးပါးလုံး၌ တင့်တယ်လှပ ကြက်သရေရှိလှပေသည်၊ ဆင်ပြောင်ငါးစီး အားကိုလည်း ဆောင်နိုင်သည်၊ ထိုသို့ဆင်ပြောင်ငါးစီး အားမာန်ကြီးသည်ဆိုသဖြင့် ကောသလမင်းကြီးသည် ဆင်နှင့်တိုက်၍ စမ်းဘူးသည်၊ ဝိသာခါသည် ဆင်နှာမောင်းကို လက်ချောင်းနှစ်ချောင်းဖြင့် ညှပ်ကိုင်၍ အသာအယာ တွန်းလိုက်ရုံနှင့် ဆင်ကြီးဗိုင်းဗိုင်းလဲရလေသည်။

**အလှူမင်္ဂလာပွဲနှင့်ဝိသာခါ။** ။ထိုအချိန်၌ သာဝတ္ထိမြို့တွင် 'မိဂါရမာတာ ဝိသာခါသည် များသော သားသမီး မြေးမြစ်ရှိ

၍ ထိုသားသမီး မြေးမြစ်များသည်လည်း အားလုံးပင် ကျန်း မာဝဖြိုး အလှတိုးလျက် ရှိကြသည်၊ ထိုမျှလောက် များလှ သော်လည်း တဦးတယောက်မျှ မပျက်စီးဘူးပေ၊ အလွန်ကျက် သရေ မင်္ဂလာရှိလှပါပေသည်ဟု လူတိုင်းချီးမွမ်းအံ့သြပြောဆို မပြီး ရှိကြလေသည်၊ (ဝိသာခါသည် သူ၏ကိုယ်စားသံဃာ တော်များ ဝေယျာဝစ္စကို ပြုလုပ်နေသော သုဒတ္တာဆိုသည့် မြေး ပျိုမလေး ကွယ်လွန်သဖြင့် ဘုရားရှင် အထံတော်သို့ ငိုယိုလာ ကြောင်း ဓမ္မပဒ၌လာသည်၊) မင်္ဂလာပွဲ အခမ်းအနားများတွင် လည်း ဝိသာခါ မပါလျှင် မပြီးပေ၊ ဝိသာခါကို အထူးတလည် ဖိတ်ကြသည်၊ ကျွေးမွေးပြုစုကြသည်။

တနေ့တွင် မင်္ဂလာပွဲတခုမှ ထုံးစံအတိုင်း ဝိသာခါသဌေး ကတော်ကို ဖိတ်သည်၊ ဝိသာခါသည် မဟာလတာတန်းဆာ ကို ဝတ်ဆင်၍ ထိုမင်္ဂလာပွဲသို့ တက်ရောက်သည်၊ လူအများသည် မင်္ဂလာပွဲမှဆက်၍ တရားနာရန် ကျောင်းတော်သို့ သွားကြရာ ဝိသာခါလည်း မဟာလတာ တန်းဆာကို ဝတ်ဆင်လျက်ပင် အများနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်သွားလေသည်၊ ကျောင်းတော်သို့ရောက်လျှင် 'ဒါကြီးဝတ်ထား၍ မတော်ဟု စဉ်းစားမိသဖြင့် မဟာလတာ တန်းဆာကို ချွတ်၍ ကျွန်မကို ပေးလေသည်၊ (ထိုကျွန်မသာလျှင် ဆင်ပြောင်ငါးစီး အား ဆောင်သဖြင့် ထိုမဟာလတာ တန်းဆာကို သယ်ဆောင်နိုင် သတတ်။)

တရားပွဲပြီးသောအခါ ဝိသာခါသည် ဗုဒ္ဓမြတ်စွာကို ကန် တော့၍ သူငယ်ချင်းမ သုပ္ပိယာနှင့်အတူ 'အာဂန္တုရဟန်း၊

ခရီးသွားမည့်ရဟန်း၊ ဂိလာန ရဟန်း စသည်တို့အတွက် ပြုသင့် ပြုထိုက်သည်များကို သိနိုင်ရန် ဇေတဝန်ကျောင်းတိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုကြလေသည်၊ ကျွန်မလည်း မဟာလတာ တန်းဆာကို မေ့ထား၍ ဝိသာခါတို့ နောက်မှလိုက်လေသည်၊ ပရိသတ်များ တရားနာ၍ ပြန်သွားကြတိုင်း အရှင်အာနန္ဒာသည် မေ့ကျန်ရစ်သော ပစ္စည်းများကို သိမ်းထားမြဲဖြစ်သည်၊ ထိုနေ့တွင်လည်း အရှင်အာနန္ဒာသည် မဟာလတာ တန်းဆာကို တွေ့ရှိ၍ ဗုဒ္ဓမြတ်စွာအား လျှောက်ထားရာ သင့်လျော်သည့် နေရာတွင် သိမ်းထားဘို့ အမိန့်တော်ရှိသဖြင့် စောင်းတန်း လှေကားဘေးတွင် ချိတ်ထားလိုက်သည်။

**သုပ္ပိယာ**။ ။သူမကား ဗာရာဏသီမြို့သူတည်း၊ သုပ္ပိယဥပါသကာ၏ဇနီးဖြစ်၍ ရတနာသုံးပါးကို အလွန်လေးစား ကြည်ညိုသည်၊ သံဃာတော်အား ပစ္စည်းလေးပါးကို လှူဒါန်းလေ့ရှိသည့်အပြင် သံဃဲကိစ္စ အရပ်ရပ်ကိုလည်း ပြုလုပ်ဆောင်ရွက်လေ့ရှိသည်၊ တနေ့တွင် သူမသည် မိဂဒါဝုန်ကျောင်းတိုက်သို့ သွားလေရာ ဂိလာန ရဟန်းတပါးကို တွေ့၍ ထိုရဟန်းက အသားစွပ်ပြုတ် ဘုဉ်းပေး လိုသည်ဟု ပြောသဖြင့် ပို့လိုက်ပါမည်ဟု ဝန်ခံ ခဲ့လေသည်၊ နောက်နေ့တွင် တမြို့လုံး အနှံ့ လိုက်၍ ရှာသော်လည်း အပ်စပ်သော ကပ္ပိယအသားကို မရ သဖြင့် သူမ၏ပေါင်သားကို လှီး၍ စွပ်ပြုတ်ကြိုစေပြီးလျှင် ဂိလာန ရဟန်းတော်အထံပို့စေသည်၊ ဤမျှ ရတနာသုံးပါးကို ကြည်ညိုသော သုပ္ပိယာ ဖြစ်ပေသည်၊ နောက်တနေ့တွင် သူမ

အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာသော ဘုရားရှင်ကို ဖူးမြင် လိုက်ရသည်နှင့်တပြိုင်နက် သူမ၏ ကြည်ညိုစိတ် ပြင်းထန်မှု ဘုရားရှင်၏ မေတ္တာတော် အာနုဘော်တို့ကြောင့် သူမ၏ပေါင်မှ ဖြတ်လှည်းထားသော အနာမှာ ပျောက်ကင်း၍ ပကတိ အတိုင်း ဖြစ်သွားလေသည်။

**ဗုဒ္ဓာရုံကျောင်းတော်ကြီးဆောက်**။ ။ဝိသာခါနှင့် သုပ္ပိယာ တို့သည် ကျောင်းစဉ်လျှောက်၍ လာကြသည်။ ထုံးစံအတိုင်း ရဟန်းငယ်နှင့် သာမဏေသို့သည် ထည့်စရာခွက်စသည်တို့ကို ကိုင်ဆောင်၍ ဝိသာခါနှင့်သုပ္ပိယာတို့အထံ ထောပတ် ပျားရည် ဆီစသည်တို့ကို အလှူခံရန်လာကြသည်၊ ဝိသာခါသည် ဂိလာနရဟန်းနှင့် ရဟန်းငယ် သာမဏေတို့ကို ကြည့်ရှု၍ လိုအပ် ရာရာတို့ကို လှူဒါန်းပြီးလျှင် အိမ်သို့ပြန်ရန် အခြားတံခါးမှ ထွက်လေသည်။

ကျောက်တိုက်အပြင်သို့ရောက်လျှင် မဟာလတာ တန်းဆာ ကို ဝတ်ဆင်ရန် ကျွန်မကို တောင်းသည်၊ ကျွန်မလည်း ထိုအခါမှ မေ့ထားခဲ့ကြောင်း သိရသည်၊ ဝိသာခါသည် ကျွန်မကို ပြန် ယူစေသော်လည်း အရှင်အနန္ဒာ ကိုင်တွယ်ပြီး ဖြစ်၍ သူမ၏ (အရှင်အနန္ဒာကိုင်လျှင် ထိုတန်းဆာကို မဝတ်တော့၊ ကုသိုလ် တခုခုလုပ်မည် ဟူသော) အဓိဋ္ဌာန်ချက်အတိုင်း ထိုတန်းဆာကို မဝတ်ဆင်တော့ပေ၊ ရွှေပန်းတိမ်သည်တို့ကို တန်ဖိုးဖြတ်စေ၍ သူမကိုယ်တိုင် တန်းဖိုးရော လက်ခပေါ် ကိုးကုဋေနှင့်တသိန်းပေး ဝယ်ယူသည်၊ ထို့နောက် ဗုဒ္ဓမြတ်စွာသည့်န်ကြားတော်မူသည့်

အတိုင်း ကျောင်းတော်ဆောက်ရန် သာဝတ္ထိမြို့ အရှေ့တံခါး အနီးတွင် မြေနေရာကို ကိုးကုဋေပေး၍ ဝယ်ယူလိုက်သည်၊ နောက်ထပ် ကိုးကုဋေဖြင့် ပုဗ္ဗာရုံကျောင်းတော်ကြီးကိုလည်း စတင်တည်ဆောက်လေသည်၊ သာဝတ္ထိမြို့ အရှေ့ဘက်တွင် တည်ထားသောကြောင့် 'ပုဗ္ဗာရုံ-အရှေ့ကျောင်း'ဟု ခေါ်တွင်လေသည်။

**မှတ်ချက်။** ။မဟာလတာတန်ဆာ ဝတ်ဆင်နိုင်သော အမျိုးသမီးများမှာ အလွန်နည်းပါးလှသည်၊ ဤဘုရားရှင်လက်ထက်တော်တွင်ထိုတန်ဆာကို ဝတ်ဆင်နိုင်သူများမှာ ဝိသာခါ၊ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာနှင့် ဗာရာဏသီ သဌေးသမီး သုံးဦးတည်းသာ ရှိလေသည်၊ ထို့အတူပင် ရထား ငါးရာစီရကြသော အမျိုးသမီးများမှာလည်း ဗိမ္ဗိသာရမင်းကြီး၏သမီးတော် စုန္ဒီ၊ ကောသလမင်းကြီး၏ သမီးတော် သုမနာနှင့် ဤကျောင်းအမကြီး သုံးဦးတို့သာ ရှိကြလေသည်။

ဝိသာခါသည် ကဿပဘုရားရှင် လက်ထက်တော်တွင်ရဟန်းတော် နှစ်သောင်းတို့အား သင်္ကန်း(အပ်၊ အပ်ချည် ဆိုးရည်) ပေးလှူခဲ့၍ ထိုတန်ဆာကို ရရှိခြင်းဖြစ်သည်၊ သင်္ကန်းလှူလျှင် အမျိုးသားများမှာ"ဧဟိဘိက္ခု"ရဟန်းအဖြစ်ကို ရရှိ၍၊ အမျိုးသမီးများမှာ မဟာလတာ တန်ဆာကို ရရှိလေသည်။ ထိုမဟာလတာတန်ဆာသည် ကိုးကုဋေတန်၍ လက်ခမှာ တသိန်းကျသည်၊ ဆင်ပြောင်ငါးစီးအားကိုဆောင်မှ ထိုတန်ဆာကို ဝတ်ဆင်နိုင်သည်။

အရှင်မောဂ္ဂလ္လာန်ကြီးကြပ်စီမံ။ ။ထိုနေ့တွင် ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒိယ သင်္ဘေးသား ကျွတ်တန်းဝင်မည်ကို သိမြင်တော်မူ၍ အနာထပိဏ်သင်္ဘေးအိမ်တွင် ဆွမ်း ဘုဥ်းပေးတော်မူပြီးလျှင် သာဝတ္ထိမြို့ မြောက်တံခါးဆီသို့ ရှေ့ရှု ကြွတော်မူလေသည်၊ သာဝတ္ထိမြို့သူမြို့သားတို့သည် ဗုဒ္ဓမြတ်စွာ မြောက်တံခါးမှ ကြွတော်မူလျှင် အခြားမြို့ရွာများသို့ ခရီးရှည်ကြွတော်မူတော့မည် ဆိုသည်ကို အားလုံးသိရှိနားလည်နေကြသည်၊ ထိုသို့ဗုဒ္ဓမြတ်စွာ မြောက်တခါးဆီသို့ ကြွတော်မူနေကြောင်းကို ဝိသာခါကြားသိရလျှင် "အမြန်ပြေးသွား၍ ကျောင်းတော်ကြီးဆောက်လုပ်နေတုန်းဖြစ်သဖြင့် မကြွသေးပါရန်" လျှောက်ထား လေသည်၊ (အကြောင်းနှင့် ကြွတော်မူခြင်းဖြစ်၍) လက်ခံတော်မမူသဖြင့် ပြုပြီး, မပြုရသေးသည်များကို ခွဲခြားသိမြင် စီမံ ကြီးကြပ်နိုင်မည့် ရဟန်းတော်တပါးကို ထားခဲ့ပါရန် ထပ်၍ လျှောက်ထားရလေသည်။

ဗုဒ္ဓမြတ်စွာကလည်း "သင်ပင့်လိုသည့် ကိုယ်တော်ကိုပင့်ပါ" ဟု အခွင့်ပေးတော်မူသဖြင့် ဝိသာခါသည် ကျောင်းအမြန်ပြီးစီးရန် အကြံဖြင့် တန်ခိုးကြီးသော အရှင်မဟာ မောဂ္ဂလာန်ကို ပင့်ထားလိုက်လေသည်။ ဗုဒ္ဓမြတ်စွာသည် အရှင်မောဂ္ဂလာန်ကို တပည့်အခြံအရံ ငါးရာနှင့်အတူ ထားတော်မူခဲ့သည်။

အရှင်မောဂ္ဂလာန်၏ တန်ခိုးအာနုဘော်ကြောင့် ယူဇနာငါးဆယ်- ခြောက်ဆယ်အထိ သစ်နှင့် ကျောက်အရှာသွားကြသူတို့သည် လိုသောသစ်ကြီး ကျောက်ကြီးများကို ရရှိ၍ နေ့ချင်းပြန်

လာနိုင်ကြသည်။ လှည်းပေါ်တွင် သစ်နှင့် ကျောက်များကို တင်ကြရာမှာလည်း ပင်ပန်းခြင်းမရှိကြ၊ လှည်းဝင်ရိုးကျိုးခြင်းလည်းမရှိ၊ မကြာမီပင် ဘုံနှစ်ဆင့်ရှိသော နှစ်ထပ်ပြာသာဒ်ကျောင်းကြီး ဆောက်လုပ်ပြီးစီးသည်။ ထိုပြာသာဒ်ကျောင်းကြီးသည် အောက်ထပ်တွင် အခန်း(၅၀၀) အထက်ထပ်တွင် အခန်း(၅၀၀) စုစုပေါင်း အခန်း(၁၀၀၀)ရှိလေသည်။ ထို(ပုဗ္ဗာရုံ) ကျောင်းတိုက်ကြီး၏ မြေအကျယ်အဝန်း ဧရိယာမှာလည်း ဇေတဝန်ကျောင်းတိုက် အကျယ်အဝန်းကဲ့သို့ ရှစ်ကရီသ(ရှစ်ပယ်)ပင် ကျယ်ဝန်းလေသည်။

ထို့ပြင်လည်း ဝိသာခါသည် ပြာသာဒ်ကျောင်းကြီး တဆောင်တည်း တီးထိုးကြီးဆိုလျှင် မတင့်တယ်သေးဟု ထိုပြာသာဒ်ကျောင်းမကြီးကို ဝန်းရံ၍ ကမ္မဌာန်းကျောင်းပေါင်း(၅၀၀) ပြာသာဒ် ကျောင်းငယ်ပေါင်း (၅၀၀) တန်ဆောင်းရှည်ပေါင်း(၅၀၀)တို့ကိုလည်း ဆောက်လုပ်စေပြန်သည်။

**ကျောင်းတော်သို့ ပင့်ဆောင်။** ။ဗုဒ္ဓမြတ်စွာသည် ကိုးသကြာဒေသစာရီ လှည့်လည်တော်မူရာမှ သာဝတ္ထိသို့ ပြန်ကြွတော်မူလာ၏။ ပုဗ္ဗာရုံ (ပြာသာဒ်) ကျောင်းကြီးမှာလည်း အရှင်မောဂ္ဂလာန်ဦးစီး စီမံသဖြင့် ကိုးလနှင့် အလုံးစုံပြီးစီးလေသည်၊ ပြာသာဒ်ထုပိကာကို ရေအိုး အလုံး(၆၀)ဆန့်အောင် တခဲနက် ခပ်အပ်သော ရွှေနီဖလံဖြင့်သာ ပြုလုပ်ထားလေသည်။

ဝိသာခါသည် ဗုဒ္ဓမြတ်စွာ ဇေတဝန်ကျောင်းတော်သို့ ကြွလာတော်မူနေသည် ဟု ကြားသိ၍ ဗုဒ္ဓမြတ်စွာကို ကြိုဆိုပြီးလျှင် သူ့ကျောင်းသို့ ပင့်ဆောင်သည်။ မိုးလေးလပတ်လုံး ရဟန်း

သံဃာတော်များပါ သူ့ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူရန်နှင့် ကျောင်းရေစက်ချပြီး ပြုလုပ်မည့် အကြောင်းကို လျှောက်ထားသည်။ ဝိသာခါကျောင်းအမကြီးသည် ထိုနေ့မှစ၍ ဘုရားအမှူးရှိသော ရဟန်း သံဃာတော် အပေါင်းအား ကျောင်းတိုက်မှာပင် အလှူဒါနကြီး ပေးလှူလေသည်။

**အခင်းလှူလိုသူ။** ။ဝိသာခါ၏ သူငယ်ချင်းမတယောက်သည် အဖိုးတသိန်းတန် အဝတ်(အခင်း) တထည်ကို ယူဆောင်လာလျက် "ကျောင်းပေါ်တနေရာတွင် ခင်းလှူလိုကြောင်း" ပြောလေသည်၊ ဝိသာခါက "နေရာမရှိတော့ဘူး"ဟု ပြောလျှင် ယုံချင်မှယုံမည်၊ (မခင်းစေလို၍ ပြောသည်ဟု အထင်လွဲမည်)ကိုယ်တိုင်သာ အပေါ်ထပ် အောက်ထပ် အခန်းနှံ့ကြည့်ရှာဖွေ ခင်းလှူပေတော့ဟု ပြောလိုက်လေသည်၊ သူငယ်ချင်းမသည် အခန်းနှံ့ရှာဖွေသော်လည်း (သူ့အခင်းထက် အဖိုးနည်းသော အခင်းမပါ၊ အဖိုးတန်အခင်းများချည်း နေရာမလပ်ခင်းထားသည်ကို တွေ့ရ၍ သူ့အဖို့) သည် ပြာသာဒ် ကျောင်း တော်ကြီးမှာ ကုသိုလ်အဘို(ပါခွင့်)မရတော့"ဟု ဝမ်းနည်းသဖြင့် တနေရာတွင် ငိုနေရှာသည်။

ထိုသို့ငိုနေသည်ကိုအရှင်အာနန္ဒာတွေ့ရှိ၍ အကျိုးအကြောင်းသိရှိသဖြင့် "စိတ်ပူမနေပါနှင့်၊ သူစီမံပေးမည်"ဟု ပြောဆိုခေါ်သွားကာ"ဤလှေခါးခုံတွင် ခြေသုတ်ဖုံအဖြစ် လှူပါ၊ ထိုခြေသုတ်ဖုံတွင် ခြေသုတ်ပြီးမှ ရဟန်းတော်များ ကျောင်းတွင်းသို့ ဝင်ကြရမည်ဖြစ်၍ သင့်အဖို့ အကျိုးကြီးမြတ်ကြောင်း" နှစ်

သိမ့်စကား ပြောကြားစီမံပေးလေသည်၊ (ထိုနေရာသည် ဝိသာခါအမှတ်တမဲ့ မေ့သွား၍ လစ်လပ်ကျန်ရှိနေသော နေရာဖြစ်သတတ်၊)

**လေးလကြာ ကျောင်းရေစက်ချပွဲကြီး။** ။ကျောင်းရေစက်ချပွဲကြီးတွင် ဝိသာခါကျောင်းအမကြီးသည် မိုးလေးလတို့ပတ်လုံး ပုဗ္ဗာရုံကျောင်းတော်ကြီးအတွင်း၌ ဘုရားအမှူးရှိသော သံဃာအပေါင်းအား အကြီးအကျယ်အလှူအတန်းကြီး ပေးလှူလေသည်၊ နောက်ဆုံး(တန်ဆောင်မုန်းလပြည့်)ရက်၌ သံဃာတော်တို့အား သင်္ကန်းကပ်လှူသည်၊ "သံဃနော"ရဟန်း(သံဃာတွင်အငယ်ဆုံး)ရရှိသည့် သင်္ကန်းသည်ပင် အဖိုးတထောင် ထိုက်တန်လေသည်၊ သပိတ်ကိုလည်း စဟုမမုဆေးအပြည့်ထည့်၍ လှူဒါန်းလေသည်၊ လေးလကြာ ကျောင်းလွှတ်ပူဇော်ပွဲကြီး ကျင်းပရာ၌ ကိုးကုဋေကုန်ကျသည်။

**ကုန်ကျငွေပေါင်း။** ။ဤသို့လျှင် ဝိသာခါသည် ကျောင်းမြေဝယ်ယူရာ၌ ကိုးကုဋေ၊ ကျောင်း ဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲ လေးလပတ်လုံး ကျင်းပပူဇော်လှူဒါန်းရာ၌ ကိုးကုဋေအားဖြင့် စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေ အကုန်အကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းကာ တေဒဂ်ရ ပုဗ္ဗာရုံ ကျောင်းအမကြီး ဖြစ်ပေသတည်း။(အမျိုးသမီးဘဝနှင့် မိစ္ဆာအယူရှိသည့် ယောက္ခမ၏အိမ်တွင်နေ၍ ဤမျှကြီးကျယ်သော စွန့်ကြဲလှူဒါန်းမှုကြီးကို ပြုလုပ်ပေးလှူနိုင်သူမှာ ဤဝိသာခါ တယောက်သာ ရှိလေသည်။)

**ဂီတသံသာ ဥဒါန်းကျူး**။ ။ကျောင်းအမကြီး ဝိသာခါသည် ညနေချမ်း ကျောင်းရေစက် ချပွဲကြီးအပြီးတွင် သားသမီးမြေး မြစ်များနောက်မှ လိုက်ပါခြံရံကာ ကျောင်းတော်ကြီးကို လှည့် ပတ်၍ "ငါတောင့်တခဲ့သမျှ ငါ့ဆန္ဒအားလုံး ပြီးဆုံးအောင်မြင် ပေပြီ" ဟု ဝမ်းမြောက် ဝမ်းသာ ချိုမြိန်သာယာသော အသံဖြင့် အောက်ပါအတိုင်း ဥဒါန်းကျူးလေသည်။

**ကျောင်းအလှူ**

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာ မတ္တိက လေပနံ၊
ဝိဟာရဒါနံ ဒဿာမိ, သင်္ကပ္ပေါ မယှ ပူရိတော။

အဟံ–သားမြေစုံစွာ ခြွေရံကာလျက် ဥစ္စာဘောဂပေါ များလှသည့် ဘဝသာယာ ငါဝိသာခါသည်၊ ကဒါ–ဘယ် နှစ်ဘယ်လ ဘယ်ခါကျမှ၊ ရမ္မံ–ရှင်လူအားလုံး ရှင်ကြည်ပြုံး လျက် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းပေထသော၊ သု ဓာမတ္တိကလေပနံ - အင်္ဂတေ တမှုတ် မြေသရွတ်တို့ဖြင့် ချောမွတ် သန့်စင်၊ ခံ့ခံ့ညားညား ဆင်ပြင်သင့်မြတ် သုတ်လိမ်းခြယ် လှယ်အပ်ပေထသော၊ပါသာဒံ–တိုက်ခမ်းအစုံစုံ ဘုံအထပ်ထပ် ထုပိကာ တပ်အပ်သည့် တလျှပ်လျှပ်ရောင်မောင်း (ပုဗ္ဗာရုံ) ပြာသာဒ်ကျောင်းကဲ့သို့သော၊ ဝိဟာရဒါနံ - ဗုဒ္ဓမြတ်စွာ များသံ ဃာတို့ ကြည်သာရွှင်ပြုံး သီတင်းသုံးဘို့ နှလုံးကြည်ဖြူ ကျောင်းအလှူကို၊ ဒဿာမိ - သာသနာပြုစု ချီးမြှောက်မှုဖြင့် ဂရုစိုက်ကာ ပေးလှူရပါအံ့နည်း၊ ဣတိ-ဤသို့ရှည်ကြာ သိန်း ကမ္ဘာတိုင်၊ ပါရမီဆောက်ဦး ဖြည့်ဆည်းပူးလျက် ရည်စူး

သိမ့်စကား ပြောကြားစီမံပေးလေသည်၊ (ထိုနေရာသည် ဝိသာခါအမှတ်တမဲ့ မေ့သွား၍ လစ်လပ်ကျန်ရှိနေသော နေရာဖြစ်သတတ်၊)

**လေးလကြာ ကျောင်းရေစက်ချပွဲကြီး။** ။ကျောင်းရေစက်ချပွဲကြီးတွင် ဝိသာခါကျောင်းအမကြီးသည် မိုးလေးလတို့ပတ်လုံး ပုဗ္ဗာရုံကျောင်းတော်ကြီးအတွင်း၌ ဘုရားအမှူးရှိသော သံဃာအပေါင်းအား အကြီးအကျယ်အလှူအတန်းကြီး ပေးလှူလေသည်၊ နောက်ဆုံး(တန်ဆောင်မုန်းလပြည့်)ရက်၌ သံဃာတော်တို့အား သင်္ကန်းကပ်လှူသည်၊ "သံဃနော"ရဟန်း(သံဃာတွင်အငယ်ဆုံး)ရရှိသည့် သင်္ကန်းသည်ပင် အဖိုးတထောင် ထိုက်တန်လေသည်၊ သပိတ်ကိုလည်း စဟုမမုဆေးအပြည့်ထည့်၍ လှူဒါန်းလေသည်၊ လေးလကြာ ကျောင်းလွှတ်ပူဇော်ပွဲကြီး ကျင်းပရာ၌ ကိုးကုဋေကုန်ကျသည်။

**ကုန်ကျငွေပေါင်း။** ။ဤသို့လျှင် ဝိသာခါသည် ကျောင်းမြေဝယ်ယူရာ၌ ကိုးကုဋေ၊ ကျောင်းဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲ လေးလပတ်လုံး ကျင်းပပူဇော်လှူဒါန်းရာ၌ ကိုးကုဋေအားဖြင့် စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေ အကုန်အကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းကာ တေဒဂ်ရ ပုဗ္ဗာရုံ ကျောင်းအမကြီး ဖြစ်ပေသတည်း။(အမျိုးသမီးဘဝနှင့် မိစ္ဆာအယူရှိသည့် ယောက္ခမ၏အိမ်တွင်နေ၍ ဤမျှကြီးကျယ်သော စွန့်ကြဲလှူဒါန်းမှုကြီးကို ပြုလုပ်ပေးလှူနိုင်သူမှာ ဤဝိသာခါ တယောက်သာ ရှိလေသည်။)

**ဂီတသံသာ ဥဒါန်းကျူး။** ။ကျောင်းအမကြီး ဝိသာခါသည် ညနေချမ်း ကျောင်းရေစက် ချပွဲကြီးအပြီးတွင် သားသမီးမြေး မြစ်များနောက်မှ လိုက်ပါခြံရံကာ ကျောင်းတော်ကြီးကို လှည့်ပတ်၍ "ငါတောင့်တခဲ့သမျှ ငါ့ဆန္ဒအားလုံး ပြီးဆုံးအောင်မြင်ပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ချိုမြိန်သာယာသော အသံဖြင့် အောက်ပါအတိုင်း ဥဒါန်းကျူးလေသည်။

**ကျောင်းအလှူ**

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာ မတ္တိက လေပနံ၊
ဝိဟာရဒါနံ ဒဿာမိ, သင်္ကပ္ပေါ မယှ ပူရိတော။

အဟံ—သားမြေးစုံစွာ ခြံရံကာလျက် ဥစ္စာဘောဂ ပေါများလှသည့် ဘဝသာယာ ငါဝိသာခါသည်၊ ကဒါ—ဘယ်နှစ်ဘယ်လ ဘယ်ခါကျမှ၊ ရမ္မံ-ရှင်လူအားလုံး ရှင်ကြည်ပြုံးလျက် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းပေထသော၊ သုဓာမတ္တိကလေပနံ - အင်္ဂတေ တမွတ် မြေသရွတ်တို့ဖြင့် ချောမွတ်သန့်စင်၊ ခံ့ခံ့ယဉ်အောင် ဆင်ပြင်သင့်မြတ် သုတ်လိမ်းခြယ်လှယ်အပ်ပေထသော၊ပါသာဒံ-တိုက်ခမ်းအစုံစုံ ဘုံအထပ်ထပ် ထုပိကာ တပ်အပ်သည့် တလျှပ်လျှပ်ရောင်မောင်း (ပုဗ္ဗာရုံ) ပြာသာဒ်ကျောင်းကဲ့သို့သော၊ ဝိဟာရဒါနံ - ဗုဒ္ဓမြတ်စွာ များသံဃာတို့ ကြည်သာရှင်ပြုံး သီတင်းသုံးဘို့ နှလုံးကြည်ဖြူ ကျောင်းအလှူကို၊ ဒဿာမိ - သာသနာပုံစု ချီးမြှောက်မှုဖြင့် ဂရုစိုက်ကာ ပေးလှူရပါအံ့နည်း၊ ဣတိ-ဤသို့ရှည်ကြာ သိန်းကမ္ဘာတိုင်၊ ပါရမီဆောက်ဦး ဖြည့်ဆည်းပူးလျက် ရည်စူး

တောင့်တ မျှော်မှန်းခဲ့ရသော၊ မယှ သက်ပွေါ - သဒ္ဓါဉာဏ် ရည် နှစ်တန် ညီလျက် ကြံစည်ငဲ့သမျှ ငါ့ဆန္ဒသည်၊ ပူရိတော- အလိုပြည့်မြောက် သိဒ္ဓိပေါက်လျက် ထုတ်ချောက်မသွေ ပန်း တိုင်သို့ ရောက်ခဲ့ပေပြီတကား။

**ကျောင်း ပရိဘောဂအလှူ**

ကဒ ါဟံ မဋ္ဌ ပိဋ္ဌ၊ ဘိသိဗိမ္ဗောဟနာနိစ၊

သေနာသန ဘဏ္ဍံ ဒဿာမိ၊ သက်ပွေါ မယှပူရိတော။

အဟံ-မိဂ ါရမာတာ ဝိသာခါဟု သညာဝှဲချီး ငါကျောင်း အမကြီးသည်၊ ကဒါ-ဘယ်နှစ် ဘယ်လ ဘယ်ခါကျမှ၊ မဋ္ဌပိဋ္ဌ- ညောင်စောင်းအင်းပျဉ် ခင့်ထိုင်ခုံ အမျိုးစုံလည်း ဖြစ်သော၊ ဘိသိဗိမ္ဗောဟနာနိစ-ဘုံလျှိဆိုဖာ, ဖုံမွေ့ယာနှင့် ခြုံလွှာခင်းနှီး ခေါင်းအုံးတို့လည်း ဖြစ်သော၊ သေနာသန ဘဏ္ဍံ-ကျောင်း ပရိဘောဂ, လိုသမျှများမြောင် ကျောင်းအသုံး အဆောင်ကို၊ ဒဿာမိ-သာသနာပြုစု ချီးမြှောက်မှုဖြင့် ဂရုစိုက်ကာ ပေး လှူရပါအံ့နည်း၊ ဣတိ-ဤသို့ရှည်ကြာ သိန်းကမ္ဘာတိုင် ပါရမီ ဆောက်ဦး ဖြည့်ဆည်းပူးလျက် ရည်းစူးတောင့်တ မျှော်မှန်းခဲ့ရ သော၊ မယှံသက်ပွေါ-သဒ္ဓါဉာဏ်ရည် နှစ်တန်ညီလျက် ကြံစည် ငဲ့သမျှ ငါ့ဆန္ဒသည်၊ ပူရိတော-အလိုပြည့်မြောက် သိဒ္ဓိပေါက် လျက် ထုတ်ချောက်မသွေ ပန်းတိုင်သို့ ရောက်ခဲ့ ပေပြီတကား။

**ဆွမ်းအလှူ**

ကဒ ါဟံ သလာက ဘတ္တံ၊ သုစိံ မံသူပ သေစနံ၊

ဘောဇန ဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

အဟံ-ပုဗ္ဗာရုံကျောင်းအမ ဆုတောင်းလှသဖြင့် အပေါင်းက ၀ုံချီး ငါ၀ိသာခါကျောင်းအမကြီးသည်၊ ကဒါ-ဘယ်နှစ်ဘယ်လ ဘယ်အခါကျမှ၊ သလာကဘတ္တံ-ပုဂ္ဂိုလ်မစွဲ မဲချလှူဒါန်း စာရေးတန်ဆွမ်းဟု ဆိုအပ်သော၊ သုစိ-စပါးလုံး ကျောက်ခဲ ဆန်ပိုးမဲနှင့် ဆန်ကွဲမျက်သီး အနည်းနည်း အပြစ်ကင်းသဖြင့် သန့်ရှင်းမွန်မြတ်လှပေသော၊ မံသုပသေစနံ-အသား ရောပြွမ်း ဒန်ပေါက်ဆွမ်းဟူသော၊ ဘောဇနဒါနံ-အားရပါးရ ဘုဉ်းပေး ကြဖို့ ကောင်းစွာ စီစဉ်ဆွမ်းဘောဇဉ်အလှူကြီးကို၊ ဒဿာမိ-သာသနာပြုစု ချီးမြှောက်မှုဖြင့်၊ ဂရုစိုက်ကာ ပေးလှူရပါအံ့ နည်း၊ ဣတိ-ဤသို့ရှည်ကြာ သိန်းကမ္ဘာတိုင်၊ ပါရမီဆောက်ဦး ဖြည့်ဆည်းပူးလျက် ရည်စူးတောင့်တ မျှော်မှန်းခဲ့ရသော၊ မယှ သက်ပွေါ-သဒ္ဒါဉာဏ်ရည် နှစ်တန်ညီလျက် ကြံစည်ခဲ့သမျှ ငါ့ ဆန္ဒသည်၊ ပူရိတော-အလိုပြည့်မြောက် သိဒ္ဓိပေါက်လျက် ထုတ် ချောက်မသွေ ပန်းတိုင်သို့ရောက်ခဲ့ပေပြီတကား။

## သင်္ကန်းအလှူ

ကဒါဟံ ကာသိကံ ၀တ္ထံ၊ ခေါမကပ္ပါသိကာနိစ၊
စီ၀ရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

အဟံ-ဘုရားကျောင်းအမ ဆုတောင်းလှသဖြင့် အပေါင်းက ၀ုံချီး ငါ၀ိသာခါကျောင်းအမကြီးသည်၊ ကဒါ-ဘယ်နှစ် ဘယ် လ ဘယ်ခါကျမှ၊ ကာသိကံ ၀တ္ထံ-ကာသိတိုင်းဖြစ် အစစ်ရိုး မှန် အဖိုးတန် သင်္ကန်းလည်းဖြစ်သော၊ ခေါမ ကပ္ပါသိကာနိစ-

ခုမ်ချည်သင်္ကန်း၊ ဝါချည်တန်း၍၊ ယက်လွှမ်းအပ်ပေ၊ သင်္ကန်း တော်လည်းဖြစ်သော၊ စီဝရဒါန်-သံဃာ့ရဟန်း ဝတ်ဆင်မြန်းဖို့၊ သင်္ကန်းအသွယ်သွယ် လှူဒါန်းဘွယ်ကို၊ ဒသာမိ-သာသနာ့ပြုစု ချီးမြှောက်မှုဖြင့် ဂရုစိုက်ကာ ပေးလှူရပါအံ့နည်း၊ ဣတိ-ဤသို့ ရှည်ကြာ သိန်းကမ္ဘာတိုင် ပါရမီဆောက်ဦး ဖြည့်ဆည်းပူးလျက် ကြံစည်ခဲ့သမျှ ငါ့ဆန္ဒသည်၊ ပူရိတော-အလိုပြည့်မြောက် သိဒ္ဓိ ပေါက်လျက် ထုတ်ချောက်မသွေ ပန်းတိုင်သို့ ရောက်ခဲ့ပေပြီ၊ တကား။

## ဆေးအလှူ

ကဒါဟံ သပ္ပိ နဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ၊
ဘေသဇ္ဇ ဒါနံ ဒသာမိ၊ သင်္ကပ္ပေါ မယှံ ပူရိတော။

အဟံ-လူအပေါင်းက ကျောင်းအမဟု ကောင်းစွာ့ဝှဲချီး ငါ ဝိသာခါကျောင်းအမကြီးသည်၊ ကဒါ-ဘယ်နှစ် ဘယ်လ ဘယ် အခါကျမှ၊ သပ္ပိနဝနီတံ-ထောပတ်ဆီဦး ဆေးအထူးလည်းဖြစ် သော၊ မဓုတေလဉ္စ-ပျားရည်စစ်စစ် ဆီအလှူလည်းဖြစ်သော၊ ဖာဏိတဉ္စ-ရသာချိုအီ တင်လဲရည်လည်းဖြစ်သော၊ ဘေသဇ္ဇ ဒါနံ-အားနည်း လေနာ အစစွာသည့် ရောဂါပယ်တတ် အ ရပ်ရပ်သော ဆေးအလှူကို၊ ဒသာမိ-သာသနာ့ပြုစု ချီးမြှောက် မှုဖြင့် ဂရုစိုက်ကာ ပေးလှူရပါအံ့နည်း၊ ဣတိ-ဤသို့ရှည်ကြာ သိန်းကမ္ဘာတိုင် ပါရမီဆောက်ဦး ဖြည့်ဆည်းပူးလျက် ရည်းစူး တောင့်တ မျှော်မှန်းခဲ့ရသော၊ မယှံ သင်္ကပ္ပေါ-သဒ္ဒါဉာဏ်ရည်

နှစ်တန်ညီလျက် ကြံစည်ခဲ့သမျှ ငါ့ဆန္ဒသည်၊ ပူရိတော-အလို ပြည့်ဖြောက် သိဒ္ဓိပေါက်လျက် ထုတ်ချောက်မသေ့ ပန်းတိုင်သို့ ရောက်ခဲ့ပေပြီတကား။

**ရဟန်းတော်များ အထင်မှား။** ။ရဟန်းတော်များသည် ဝိသာခါ၏ထိုသို့ ဥဒါန်းကျူးသံကို ကြားရ၍ "မြတ်စွာဘုရား- ဝိသာခါ သီချင်းဆိုသည်ကို တပည့်တော်များတခါမျှ မတွေ့မမြင် ဘူးကြပါ၊ ယနေ့ ဝိသာခါသည် သီချင်းတွေဆိုပြီး ကျောင်းကြီး လှည့်ပတ်နေပါသည်၊ ဝိသာခါရူးသွားပြီ ထင်ပါသည်ဘုရား"ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသည်၊ ဗုဒ္ဓမြတ်စွာက 'ငါ၏ သမီးတော်သည် သီချင်းဆိုသည်မဟုတ်၊ သူ့ဆုတောင်း သူ့ဆန္ဒ ပြည့်ဝပြီဆိုပြီး အလွန်ဝမ်းမြောက်သဖြင့် ဥဒါန်းကျူးခြင်း ဖြစ် သည်"ဟု ရဟန်းတော်များအား မိန့်ကြားတော်မူသည်။

**ဝိသာခါ၏ရှေးဆုတောင်း။** ။ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ရှေးလွန်လေပြီး ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ ဗုဒ္ဓမြတ်စွာ ပွင့် တော်မူသည်၊ ဝိသာခါသည် ဟံသာဝတီမင်းနေပြည်ဝယ် သဌေး သမီးဖြစ်ခဲ့သည်၊ ပဒုမုတ္တရ မြတ်စွာ၏ အလုပ်အကျွေး ပစ္စည်း လေးပါး ဒါယိကာမတယောက်သည် ဆုရှစ်ပါးကိုတောင်းလျက် ဗုဒ္ဓမြတ်စွာ၏မယ်တော်အရာ၌ တည်၍ ပစ္စည်းလေးပါးဖြင့် ပြုစု လုပ်ကျွေးနေသည်၊ နေ့စဉ်လည်း နံနက်ရော ညနေပါ ဗုဒ္ဓ မြတ်စွာထံ ဆည်းကပ်သည်။ ဝိသာခါသည် ထိုဗုဒ္ဓပဌာကာ ဒါယိကာမ၏သူငယ်ချင်းဖြစ်၏၊ ထို ဒါယိကာမနှင့်အတူ အမြဲ

တန်းကျောင်းတော်သို့ လိုက်ပါသွားလေ ့ရှိသည်၊ ဝိသာခါသည် ဗုဒ္ဓမြတ်စွာနှင့် သူ ့သူငယ်ချင်းမတို့ အကျွမ်းတဝင် တရင်းတနှီး ရှိကြပုံကို တွေ့မြင်ရ၍ များစွာအားကျမိလေသည်၊ ဗုဒ္ဓမြတ်စွာအား အကြောင်းကို လျှောက်ထားကြည့်ရာ "ထိုဒါယိကာမသည် ငါဘုရားကို ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးပေးလှူသူ အမျိုးသမီးများတွင် အသာဆုံးဖြစ်ကြောင်း၊ ကမ္ဘာတသိန်း ပတ်လုံး ဆုတောင်းပြီး ပါရမီအထူး ဖြည့်ဆည်းပူးခဲ့သူ ဖြစ်ကြောင်း၊ အသင်လည်း ယခု ဆုတောင်းလျှင် နောင်တွင် ထိုတောင်း ဆုပြည့်မည် ဖြစ်ကြောင်း"ကို အမိန့်ရှိတော်မူလေသည်၊ ဝိသာခါလည်း ဘုရားအမှူးရှိသော သံဃာတော်တသိန်းကို(၇)ရက်ပတ်လုံး ဆွမ်းကပ်လှူ၍ သင်္ကန်းများကိုပါ လှူဒါန်းပြီးလျှင် "ဤသို့ပြုရ မြတ်ပုညကြောင့် သူငယ်ချင်းမကဲ့သို့ ဘုရားရှင် အထံတော်မှဆုရှစ်ပါးကို ရရှိ၍ ထိုဘုရားရှင်၏ မယ်တော်အရာ၌ တည်လျက်ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေး ပေးလှူသူများတွင် အသာဆုံး ဖြစ်ရပါလိုကြောင်း"ဆု တောင်း ပန်ဆင် လေသည်၊ပဒုမုတ္တရ ဗုဒ္ဓ မြတ်စွာလည်း "ကမ္ဘာတသိန်း အလွန်တွင်ပွင့်မည့်ဂေါတမဗုဒ္ဓ၏လက်ထက်တွင် သင့်ဆုတောင်း ပြည့်လိမ့်မည်"ဟုဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်၊

**ကဿပဘုရားရှင်လက်ထက်။** ။ဝိသာခါအလောင်းအမျိုးသမီးသည် ထိုဆုကိုနက်ဖန်တွင်ပင်ရတော့မလောက် အထင်ရှိနေလေသည်၊ သူမသည် ထိုဘဝတွင် အသက်ထက်ဆုံး ကုသိုလ်များပြုလျက် နတ်ပြည်လူ့ပြည် လှည့်လည်ကျင်လည်၍ ကဿပဘုရား

ရှင်လက်ထက်တော်၌ ကိကီမင်းကြီး၏သမီးတော်(၇) ဖော်တွင် အငယ်ဆုံး သံဃဒါသီအမည်ရှိ သမီးတော်ဖြစ်ခဲ့သည်၊ အ ငက် ထက်ဆုံး အိမ်ထောင်မပြုပဲ အမတော်များနှင့်အတူ ကောမာရ ဗြဟ္မစရိယအကျင့်ကို ကျင့်၍ ဘုရားအမှူးရှိသော သံဃာတော် များ သီတင်းသုံးရန် ကျောင်း ဆောက်လှူခဲ့သည်။ နှစ်ပေါင်း များစွာ ဒါနစသော ကောင်းမှုတို့ကိုပြုလျက် ထိုဘဝမှလည်း နောင်တွင် ပွင့်သော်မူမည့် ဘုရားရှင်တဆူဆူ၏ အထံတော်တွင် မယ်တော်အဖြစ်နှင့် တရင်းတနှီးပစ္စည်းလေးပါးတို့ကို လှူဒါန်း သူ ဒါယိကာမများတွင် အသာဆုံးဖြစ်ရပါလိုကြောင်းကို ဆု တောင်းခဲ့လေသည်။ [ထိုညီမတော် ခုနစ်ဖော်သည် ဤဘုရား ရှင် လက်ထက်တော်တွင် ခေမာ ဥပ္ပလဝဏ် ပဋာစာရီ ကိသာ ဂေါတမီ ဓမ္မဒိန္နာ မယ်တော်မဟာမာယာ ဝိသာခါတို့ဖြစ်လာ ကြသည်၊ အားလုံးကျွတ်တန်းဝင်ကြသည်]....

**ဤဘုရားရှင်လက်ထက်။** ။ယခုဘဝတွင် မေဏ္ဍက သဌေးကြီး ၏ မြေး ဓနဥ္စယ သဌေးသမီး ဝိသာခါဖြစ်လာလေသည်၊ဝိသာ ခါသည် ပဒုမုတ္တရဗုဒ္ဓမြတ်စွာ အထံတော်တွင် ပန်ဆင်ခဲ့သော အနှစ်နှစ်အလလ မျှော်မှန်းတောင်းတခဲ့ရလည့် "ဆုရှစ်ချိုးရရှိ ၍ ဘုရားရှင်၏မယ်တော်အရာ၌ တည်လျက် ပစ္စည်းလေးပါးဖြင့် ပြုစုလှူဒါန်းသူများတွင် အသာဆုံး အဂ္ဂဥပဋ္ဌာယိကာ တေဒဂ် ဘွဲ့ထူးကြီး"ကို ရရှိပြီးလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုစု လှူဒါန်းသွားလေ သည်။

ဆုရှစ်မျိုး။ ။ဝိသာခါရရှိသော ဆုရှစ်မျိုးမှာ

၁။ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံ သင်္ကန်း လှူဒါန်းခွင့်ရခြင်း၊

၂။ အာဂန္တုရဟန်းတော်တို့အား ဆွမ်းကပ်လှူခွင့်ရခြင်း

၃။ ခရီးသွား ရဟန်းတို့အား ဆွမ်းကပ်လှူခွင့်ရခြင်း၊

၄။ ဂိလာန(မကျန်းမာသော)ရဟန်းတို့အား ဆွမ်းကပ်လှူ ရခြင်း၊

၅။ ဂိလာနပြုစုသော ရဟန်းတို့အား ဆွမ်းကပ် လှူခွင့် ရခြင်း၊

၆။ ဂိလာန ရဟန်းတို့အား ဆေးလှူဒါန်းခွင့်ရခြင်း။

၇။ အမြဲတန်း ယာဂုကပ်လှူခွင့်ရခြင်း၊

၈။ ဘိက္ခုနီသံဃာအား ရေသနုပ် သင်္ကန်း လှူဒါန်းခွင့် ရခြင်းတို့ဖြစ်သည်၊

**ဓမ္မပဒ**။ ။ပုဗ္ဗမြတ်စွာသည် ဝိသာခါနှင့် စပ်၍ ကျွမ်း ကျင်သော ပန်းသည်သည် ပန်းအမျိုးမျိုးကို စုပုံထားလျက် လိုရာ ရွေး၍ ပန်းကုံးအမျိုးမျိုးကို ပြုလုပ်သီကုံးသကဲ့သို့၊ ဝိသာခါသည် လည်း ကောင်းမှုအမျိုးမျိုးကို (စိတ်ထည်းတွင် စုပုံထားလျက် လိုရာရွေး၍)ပြုလုပ်ရန် စိတ်ဆန္ဒ အစဉ်ညွတ်လျက် ရှိပေသည်၊ ထိုဝိသာခါကဲ့သို့ပင် မွေးဖွားလာသူမှန်သမျှသည်လည်း သင်္ကန်း အလှူစသော ကုသိုလ်များကို များစွာ ပြုလုပ်သင့်ပေသည်ဟု အောက်ပါအတိုင်း ဒေသနာရေအေး တိုက်ကျွေးတော်မူသည်။

ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟု၊
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ပုပ္ဖရာသိမှာ—အမျိုးမျိုးအဖုံဖုံ ပန်းပေါင်းစုံသည့်ပန်းပုံကြီးမှ၊ ဗဟု—ရေတွက်သင်္ချာ များပြားစွာကုန်သော၊ မာလာဂုဏေ—ကြည့်ရှုမဆုံးလိုတိုင်းသုံးဘို့ ပန်းကုံးတို့ကို၊ ကယိရာယထာ-ဝမ်းမြောက်ကြည်သာပြုလုပ်သကဲ့သို့။

ဧဝံ—ဤသို့ ပမာထားယူ အလားတူသာလျှင်၊ ဇာတေန-ရှေးကံအလျောက် လူ့ထံရောက်အောင် ပေါ်ပေါက်ဖွားမြင်၍ လာသော၊မစ္စေန-မချွတ်ကေန် အမှန်သေရမည့် သတ္တဝါသည်၊ ဗဟုံ-ရေတွက်သင်္ချာ လွန်များစွာသော၊ ကုသလံ- နောက်နောက်ဘဝ နိဗ္ဗာန်ကျအောင် သုခကောင်းကျိုး ကုသိုလ်မျိုးကို၊ ကတ္တဗ္ဗံ-သတိထရား လက်ကိုင်ထား၍ မနားမနေ ပြုသင့်ပေသတည်း။

**ပုဂ္ဂိုလ်လေးမျိုး**

၁။ ကံကံ၏အကျိုးကို ယုံကြည်သည့် သဒ္ဓါတရား နည်းပါး၍ စည်းပွားဉစ္စာပေါများသူ၊
၂။ သဒ္ဓါတရား နည်းပါး၍ စီးပွားဥစ္စာလည်းနည်းပါးသူ၊
၃- သဒ္ဓါတရားပေါများ၍ စီးပွားဥစ္စာနည်းပါးသူ၊
၄။ သဒ္ဓါလည်းပေါ စီးပွားဥစ္စာလည်း ပေါများသည်ဟု ပုဂ္ဂိုလ် လေးမျိုးရှိသည်၊

ထိုတွင် နံပါတ်(၁) ပုဂ္ဂိုလ်သည် သဒ္ဓါတရား မရှိသဖြင့် ကုသိုလ်မပြုနိုင်၊နံပါတ်(၂)ပုဂ္ဂိုလ်ကား သဒ္ဓါ စီးပွား ၂-မျိုး

လုံး မရှိသဖြင့် သာလွန်၍ ကုသိုလ်အလုပ်ကို မပြုလုပ်နိုင်ချေ၊ နံပါတ်(၃)ပုဂ္ဂိုလ်လည်း သဒ္ဓါတရားရှိသော်လည်း ဥစ္စာ စည်းပွားနည်းပါးသဖြင့် ကုသိုလ် ကောင်းမှုများကို ထင်သလို မပြုလုပ်နိုင်ချေ၊ နံပါတ်(၄)ပုဂ္ဂိုလ်ကား သဒ္ဓါတရားလည်းရှိ စည်းပွားဥစ္စာလည်း ပေါများသဖြင့် စိတ်သွားတိုင်းကိုယ်ပါ၍လိုရာ ကုသိုလ်များကို စိတ်တိုင်းကျ ပြုလုပ်နိုင်ပေသည်။

ဝိသာခါကား ဤ (၄) နံပါတ် ပုဂ္ဂိုလ် အမျိုးအစားပေတည်း၊ သို့ဖြစ်၍ ဝိသာခါသည် စိတ်ထည်းတွင် စုပုံလျက် ထားရှိသော ကုသိုလ်ကောင်းမှု ပန်းပုံကြီးထဲမှ ပြုလုပ်သီကုံးချင်ရာရာ ကုသိုလ်ပန်းများကို ရွေးသီပြုလုပ်နိုင်ပေသည်။ ဤဝိသာခါကို ရည်ညွှန်း၍ ဗုဒ္ဓမြတ်စွာသည် အထက်ပါ ဓမ္မပဒ ဒေသနာကို ဟောမိန့်တော်မူပေသည့်။ ယခုအခါဝိသာခါ ကျောင်းအမကြီးသည် နိမ္မာနရတိ နတ်ပြည်တွင် သုနိမ္မိတနတ်မင်း၏ နတ်မိဖုရားကြီးဖြစ်လျက်ရှိလေသည်။

---

၁။ ဓမ္မပဒ ဋ္ဌ-၁၊နှာ—၂၄၂
၂။ အံ—၁၊နှာ—၂၇၊အံ—ဋ္ဌ၁၊ နှာ-၃၁၀။
၃။ သံ—ဋ္ဌ-၁၊နှာ-၁၃၆။
၄။ မ-၁၊ဋ္ဌ—နှာ-၁၉၆။
၅။ ဝိ-၃၊နှာ-၄၀၄။ပါဠိတ၂၁ဒို-ဋ္ဌ-နှာ-၄၁၀
၆။ ဝိမာန၊နှာ—၆၁၊ဝိမာန-နှာ-၁၇၂။

# သရက်ဥယျာဉ် ကျောင်းဒကာ သမားတော်ကြီး ဇီဝက

**သာယာဝေစည် ဝေသာလီ။** ။ထိုအချိန်က ဝေသာလီမြို့တော်သည် အရာရာ ပြည့်စုံသည်၊ တိုးတက်စည်ကား ကြီးပွား၍ မြို့နေလူဦးရေများသည်၊ လူမျိုးပေါင်းစုံနေထိုင်သည်၊ သာယာဝပြော အစာလည်းပေါသည်၊ နန်းတော်ပြာသာဒ်ပေါင်း ခုနစ်ထောင့် ခုနစ်ရာ့ ခုနှစ်ဆောင်၊ ဥယျာဉ်တော်ပေါင်း ခုနစ်ထောင့် ခုနစ်ရာ့ ခုနစ်ခု၊ ရေကန်တော်ပေါင်း ခုနစ်ထောင့်ခုနစ်ရာ့ခုနစ်ခုတို့လည်း ရှိလေသည်၊ အလွန်ချော အလွန်လှ၍ လူအများကို ဖြေဖျော်ရာ၌ အဆိုအက အတီးအမှုတ် ကျွမ်းကျင်ပိုင်နိုင်လှသည့် အပြင် တည့လျှင် အသပြာငါးဆယ်ဖြင့် သွားလာပျော်ပါးနိုင်သော ''အမ္ဗပါလီ''ပြည့်တန်ဆာမကြောင့်လည်း ဝေသာလီမြို့တော်သည် အလွန်အကျူး အထူး ပို၍လှပလေသည်။

**အမ္ဗပါလီ။** ။ဤအမ္ဗပါလီကား ဝိနည်းမဟာဝါ ပါဠိတော်၌ လာသည့်အတိုင်း ထင်ရှားသော အမ္ဗပါလီပင်တည်း၊ ဤမျှလောက် ထင်ရှားသော အမ္ဗပါလီသည် နဂိုရိကပင် သရက်ပင်ပေါ်၌ ဥပပတ် ပဋိသန္ဓေ နေခဲ့သော သတို့သမီး ဖြစ်သည်၊ အရွယ်ရောက်သောအခါ အလွန်လှပသူဖြစ်၍ မင်းသားတိုင်းက အလိုရှိနေကြသောကြောင့် တရားရုံး၌ သူရထိုက် ငါရထိုက် ငြင်းခုံကြရာ၊ ထိုရန်မအေးမည်စိုး၍ တရားသူကြီးတို့က အများနှင့်ဆက်ဆံအောင် ပြည့်တန်းဆာမရာထူးဖြင့် မြှောက်စားလိုက်ကြသည်၊ ဤသို့ဖြင့် အမ္ဗပါလီ ပြည့်တန်ဆာမဖြစ်လာသည်။ (သူမ၏ အကြောင်းအပြည့်အစုံကို "အမ္ဗပါလီ- သရက်ဥယျာဉ်ကျောင်းအမ"ခေါင်းစည်းဖြင့် သီးခြားဖော်ပြထားပါသည်)။

**ရာဇဂြိုဟ်သဌေးအားကျ။** ။ရာဇဂြိုဟ်မြို့မှာ နေသော နိဂုံးသဌေးသည် ကိစ္စတခုဖြင့် ဝေသာလီမြို့သို့ သွားခဲ့ရာ ဝေသာလီ၏ သာယာစည်းကား ကြီးပွားပြည့်စုံ လှပပုံကို တွေ့မြင်အားရ သဘောကျလာခဲ့လေသည်၊ ထိုသဌေးသည် ရာဇဂြိုဟ်မြို့သို့ ပြန်ရောက်လျှင် ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား သံတော်ဦးတင်လေသည်၊ "ကျွန်တော်တို့မြို့လည်း သူတို့လို ပြည့်တန်ဆာမ တယောက် ထားကြပါစို့"ဟူသောထိုသဌေး၏အကြံပေးချက်အရ ဗိမ္ဗိသာရမင်းကြီးသည် ထိုနိဂုံးသဌေးကိုပင် ထိုကိစ္စဆောင်ရွက်ရန် တာဝန်ပေးအပ်လေသည်။

**သာလဝတီ။** ။ထိုအချိန်၌ ရာဇဂြိုဟ်မြို့တော်တွင် "သာလဝတီ"ဆိုသော မိန်းမပျိုလေးသည် အလွန်လှပ ရှုမဝအောင်

ရှိ၍ မြင်ရသူတိုင်း စိတ်နှလုံးချမ်းမြေ့ရသည်၊ 'ခါးသေး ရင်ချီ ပဒုမ္မနီ' ဟူသကဲ့သို့ ကောင်းမြတ်သောရုပ်ရည်နှင့် ကိုယ်လုံး ကိုယ်ပေါက် အချိုးအဆက် ကျနလှပ ပြေပြစ်ခြင်းရှိသည်၊ နိဂုံးသဌေးသည် ထိုသာလဝတီကို ပြည်ကြီး၏ အဆင်တန်ဆာ "ပြည့်တန်ဆာမ" အရာ၌ တင်မြှောက်ထူထောင်လိုက်လေသည်၊ ထိုသို့ ထူထောင်ရာ၌ ဗိမ္ဗိသာရမင်းကြီးက ကျပ်ငွေတသိန်း၊ မြို့သူ မြို့သားများက နှစ်သိန်း၊ အားလုံးငွေသားချည်း သုံးသိန်း အပြင် အခြား-ခြံ-ဥယျာဉ်-ယာဉ် စသည်များကိုပါပေး၍ ထူ ထောင်ကြရသည်။

**မကျန်းမာဟန်ဆောင်။** ။သာလဝတီသည် မကြာမီပင် လူအ များကို ဖြေဖျော်ရန် အဆိုအက အတီးအမှုတ် ပညာများ သင် ယူတတ်မြောက်လာသည်၊ ပျော်ပါးလိုသူများလည်း တညလျှင် တရာကျပ်ဖြင့် ပျော်ပါးကြရသည်၊ ထို့နောက် ၎ ချိန်တွင် သာလဝတီမှာ ကိုယ်ဝန်ရှိလာသည်၊ သာလဝတီသည် "မည်သူ့ ကိုမျှ လာခွင့်မပေးနှင့်၊ နေမကောင်းနေသည်ဟု ပြောလိုက်" ရန် အစောင့် (ဒရဝမ်)အား ပြောဆိုမှာထားကာ မည်သူ့အား မျှ အတွေ့မခံပဲ နေမကောင်းဟန်ပြု၍ အခန်းတွင်း အောင်း နေလေတော့သည်။

**ဇီဝက။** သမီးမိန်းကလေးမွေးလျှင်သာ သူတို့၏အမွေကို ဆက် ခံရန် မွေးကျွေးသုတ်သင်၍ သားယောကျ်ားကလေးမွေးလျှင် စွန့်ပစ်လိုက်ကြသော ပြည့်တန်ဆာမတို့၏ ထုံးစံအတိုင်း သာလ

ဝတီသည်လည်း အချိန်ကျ၍ဖွားမြင်လာသော သားယောကျ်ား ကလေးကို အမှိုက်ပုံတနေရာတွင် ပစ်လိုက်ရန် အိမ်စေမကို ခိုင်း စေလေသည်၊ ထိုနေ့တွင် အဘယမင်းသားသည် မင်းအထံ အခစားဝင်ရန် စောစောသွားလေရာ အမှိုက်ပုံတွင် စွန့်ပစ် ထားခြင်းခံရ၍ ကျီးမျှားဝိုင်းအုံနေသည့် ထိုမွေးကင်းစ ကလေး ငယ်ကိုမြင်လျှင် "အသက်ရှင်သေးရဲ့လား" ဟုမေး၍ အသက် ရှင်သေးမှန်းသိသဖြင့် ကောက်ယူမွေးစားလေသည်၊ "ဇီဝတိ- အသက်ရှင်သေးရဲ့လား" ဟုမေးသည်ကို အစွဲပြု၍ ထိုကလေးကို "ဇီဝက" ဟုအမည်ပေးကြသည်၊ အဘယမင်းသား မွေးစား သည်ကို အစွဲပြု၍ "ကောမာရဘစ္စ" ဟု ထပ်ဆင့်ကာ "ဇီဝက ကောမာရဘစ္စ" ဟုခေါ်တွင်လေသည်။

**ဇီဝက၏ဖခင်။** ။ဇီဝက တတ်သိ နားလည်သည့် အရွယ်သို့ ရောက်လာသောအခါ "သူ၏ ကျေးဇူးရှင်မိခင် ဖခင်များ မည် သူမည်ဝါဖြစ်ကြောင်း" ကို မေးသဖြင့် အဘယမင်းသားသည် မင်းရဲ့မိခင်ကိုတော့ မည်သူမည်ဝါဖြစ်ကြောင်း မသိပါ၊ သို့ရာ တွင် မင်းရဲ့ဖခင်ကတော့ ငါပါပဲ၊ ငါဘဲ မွေးကျွေးသုတ်သင် လာခဲ့တာပါ၊ (မွေးစားအဖေပါ)" ဟု ပြောပြလေသည်။

**မှတ်ချက်။** ။အဘယမင်းသားသည် တကယ်ပင်မသိ၍လော၊ သို့မဟုတ် မပြောလို၍ပင်လော (အဘယ့်ကြောင့် ထိုကဲ့သို့ "မွေး စားအဖေပါ" ဟုပြောသည်ကို) မသိရပေ၊ စင်စစ် "မွေးစား အဖေ" ဟုဆိုသော်လည်း ဇီဝကသူငယ်၏ ကိုယ်ဝန်သည် အဘယ မင်းသားနှင့်ရသော ကိုယ်ဝန်ဖြစ်ပေသည်။

ဆက်ပါဦးမည်၊ အဘယမင်းသားသည်လည်း ဥဇ္ဇေနီပြည် ပဒုမဝတီမည်သော ပြည့်တန်ဆာမ၏သားပင်တည်း၊ ဗိမ္ဗိသာရ မဟာရာဇာသည် နုပျိုစဉ်အခါတုန်းက ပဒုမဝတီ၏ အကြောင်း ကို ကြားရ၍ တွေ့ချင်လှသောကြောင့် ပုရောဟိတ်ကို ပြောပြ ရာ ပုရောဟိတ်က သူ၏ မန္တန်အစွမ်းဖြင့် ကုမ္ဘိရနတ်ကို ပူးဝင် စေ၍ ထိုကုမ္ဘိရနတ်၏ အစွမ်းဖြင့် ဗိမ္ဗိသာရမင်းပျိုကလေး ကို ပဒုမဝတီအထံသို့ ဆောင်ပို့ရသတတ်၊ ထိုညဉ့်၌ပင် အဘယ မင်းသား ကိုယ်ဝန်ရ၏။ ကိုယ်ဝန်ရကြောင်းကို ပဒုမဝတီသည် ဗိမ္ဗိသာရမင်းအား ပြောပြလေရာ ဗိမ္ဗိသာရမင်းသည် သူ၏အ မှတ်အသားပါသော လက်စွပ်ကို ပေး၍ သားတော်ဖွားလျှင် သူ့အထံသို့ပို့ရန် မှာကြားခဲ့လေသည်။

အဇာတသတ်၏ လုပ်ကြံမှုကြောင့် ခမည်းတော်ဗိမ္ဗိသာရ မဟာရာဇာ နတ်ရွာစံသောအခါ ထို အဘယမင်းသားသည် သံဝေဂ ရ၍ ရဟန်း ပြု ပြီး လျှင် ရဟန္တာ ဖြစ် လေ သည်။ (အဘယတ္ထေရဂါထာ)။

**ဇီဝကဆေးပညာသင်။** ။အဘယမင်းသားသည် သူ၏ မွေး စား ဖခင် ဖြစ်ကြောင်းကို ဇီဝက သိရှိရလျှင် 'မင်းမျိုးဆိုတာ အတတ်ပညာမရှိပဲ အသက်မွေးဘို့ မလွယ်ကူဘူး၊ ငါပညာ တခုခုသင်ရလျှင် ကောင်းမှာပဲ 'ဟု စဉ်းစားမိလေ၏၊ ထိုအချိန် ၌ တက္ကသိုလ်ပြည်တွင် ဒိသာပါမောက္ခ 'သမားတော်ကြီး နေ လေသည်၊ ဇီဝကသည် အဘယမင်းသားကိုခွင့်မပန်ပဲ တက္ကသိုလ် ပြည် သမားတော်ကြီးထံ တိတ်တဆိတ် ထွက်သွား၍ 'ဆေး

ပညာသင်ပါရစေ’ဟု ခွင့်တောင်းလေသည်၊ ဆေးပညာ သင်ခွင့်ရလျှင် ဗုဒ္ဓုပဋ္ဌာက ဘုရားအလုပ်အကျွေး ဖြစ်ရန် ဆုပန်ခဲ့သော ဇီဝကသည် လျှင်မြန်ထက်မျက်သော ဥာဏ်ရှိရကား ဆေးပညာကို များများလည်း သင်ယူသည်၊ မြန်မြန်လည်း သင်ယူသည်၊ ကောင်းကောင်းလည်း မှတ်သားသည်၊ သင်ယူပြီးသမျှလည်း မေ့ပျောက်ခြင်းမရှိ၊ ဤသို့ ‘များများ-မြန်မြန်-သင်အံ့ကျက်မှတ်-မမေ့တတ်’ဟူသော အချက် ၄ ချက်နှင့်အညီ သင်ယူလေသည်၊ အခြားတပည့်များ ဆရာကြီး၏ ပညာကို တဆယ့်ခြောက်နှစ်ကြာအောင် သင်ယူရသော်လည်း ဇီဝကမှာ ခုနစ်လမျှသာ သင်ယူရသည်၊ သို့ရာတွင် ဇီဝက ဆေးပညာသင်လာသည်မှာ ယခုအခါ ခုနစ်နှစ်တာပင် ရှိလာလေပြီ။

**သိကြားမင်းက သင်ပေး။** ။ထိုသို့ ခုနစ်နှစ်ရှိရသည်မှာလည်း သိကြားမင်းက သင်ပေးနေသောကြောင့် ဖြစ်သည်၊ သိကြားမင်းသည် ‘ဤဇီဝကသည် ဗုဒ္ဓုပဋ္ဌာက—ဘုရားကို ပြုစုမည့် အလုပ်အကျွေးဒကာ-အရင်းနှီးဆုံးဒကာ ဖြစ်လိမ့်မည်၊ သူ့ကို ဆေးဖော်စပ်နည်း သင်ပေးမှ ’ဟူသော အကြံဖြင့် ဆရာကြီး၏ ကိုယ်တွင်ပူးဝင်ကာ ပညာကို သင်ပေးလေသည်၊ ထိုသို့ သင်ပေးရာ၌ ကံနာ ဝဋ်နာ မှတပါး အခြားရောဂါများသို့ တကြိမ်ဆေးပေးရုံဖြင့် (ဆေးတခွက်ဖြင့်) ပျောက်ကင်းစေနိုင်သော ဆေးဖော်နည်းများကို သင်ပေးသည်၊ (ကံ၏တိုက်ရိုက်အကျိုးဖြစ်သော ရောဂါဟူ၍ မရှိနိုင်၊ ကံကို အရင်းခံ၍ စိတ်ဥတု

အာဟာရတို့ကြောင့် ဖြစ်သော ရောဂါကိုပင် ကာရဏူပစာ နည်းအားဖြင့် 'ကမ္မဝိပါက–ကံနာ၊ ဝဋ္ဋနာ'ဟု ဆိုသည်။)

**သိကြားမင်း သင်ပေးမှန်းမသိ။** ။သို့ရာတွင် ဇီဝကသည် 'သူ့အား သိကြားမင်းက သင်ပေးနေသည်'ဟု မသိပေ၊ ပါမောက္ခဆရာကြီးအထံတွင် သင်ယူနေသည်ဟုပင် မှတ်ထင်လေသည်၊ ဤသို့ ခုနစ်နှစ်မျှ သင်ပေးပြီးသော အခါ သိကြားမင်းသည် ယခုလောက်ဆိုလျှင် ဇီဝကဆေးကုစွမ်းနိုင်လောက်ပြီ'ဟု သူ၏ ပူးဝင်သင်ကြားမှုကို ရုပ်သိမ်းလိုက်လေသည်၊ ထိုအခါ ဇီဝကသည် 'ငါဒီပညာ သင်လာတာ ခုနစ်နှစ်တာလည်း ရှိလာပြီ၊ ယခုတိုင်လည်း ဆုံးခမ်းမရောက်သေး၊ ဘယ်တော့များမှဒီပညာ ဆုံးခမ်းဘိုင်ပါ့မလဲ'ဟုကြံစည်မိလေရကား ဆရာကြီးထံ သွား၍ မေးတော့သည်။

**ပညာတတ်၊ မတတ် စမ်းသပ်ခြင်း။** ။ပါမောက္ခကြီးသည် ဇီဝကကို တူရွင်းဝါးချောင်း ယူသွားစေကာ "တက္ကသိုလ်ပြည် ပတ်ဝန်းကျင် တယူဇနာအထိ လှည့်၍ ဆေးဘက်မပင်သော အပင်ကို တူးယူခဲ့" ဟုစေလွှတ်လိုက် လေသည်၊ ဇီဝကသည် ဆရာကြီးစေခိုင်းသည့်အတိုင်း သွား၍ရှာရာ 'ဆေးဘက်မဝင်သော အပင်'ဟူ၍ တပင်တလေမျှ မတွေ့ရသဖြင့် ပြန်လာကာ ဆရာကြီးကို ပြောပြလေသည်၊ 'မင်းဆေးပညာတတ်မြောက်ပါပြီး။"ဒါလောက်ဆိုလျှင် မင်းအဖို့ အသက်မွေးရန် လုံလောက်ပါပြီ"ဟု ပြောပြီးလျှင်ဆရာကြီးသည် ဇီဝကအား ရိက္ခာအနည်း

ယ်ပေး၍ ပြန်လွှတ်လိုက်လေသည်။ ဇီဝကလည်း ရာဇဂြိုဟ်သို့ ပြန်လာရာ သာကေတမြို့အရောက်တွင် ပါလာသော ရိက္ခာကုန် လေတော့သည်။

**ဇီဝကဆေးကုပြီ။** ။ရိက္ခာကုန်သဖြင့် ဇီဝကသည် မြို့တွင်းသို့ ဝင်လေရာ ခုနစ်နှစ်လောက်က စွဲကပ်လာသော ခေါင်းကိုက် ရောဂါရှင် သာကေတ သဌေးကတော်ကြီးကို ဆေးကုခွင့်ရလေ သည်၊ ပထမတွင် သဌေးကတော်ကြီးက ဆရာငယ်လေးမှန်း သိသဖြင့် ငြင်းဆိုသေးသော်လည်း "ရောဂါမပျောက်ခင် ဘာမှ မပေးပါနှင့်၊ ရောဂါပျောက်မှ ပေးလိုတာကို ပေးပါ" ဟု ဒရဝမ်မှတဆင့် အပြောခိုင်းမှ ဆေးကုခွင့်ရလေသည်၊ ဇီဝက သည် ထောပတ် တလက်တက်ကို တောင်း၍ ဆေးအမျိုးမျိုး ဖြင့် ရောစပ်ချက်ပြီးလျှင် သဌေးကတော်ကြီးကို ခုင်ပေါ်တွင် ပက်လက်အိပ်စေကာ ထိုထောပတ်ဆေးဖြင့် နှာနှပ်ပေးလေ သည်၊ နှာခေါင်းမှ နှာနှပ်လိုက်သော ထောပတ်ဆေးသည် ပါး စပ်အတွင်းသို့ ထွက်လာလျှင် သဌေးကတော်ကြီးသည် ထွေးခံ ထည်းထွေး၍ ထောပတ်ကို ဂွမ်းနှင့်တို့ယူရန် အိမ်စေမကို ခိုင်း လေသည်၊ "ဒီအိမ်ရှင်မသည် အံ့ဩစရာကောင်းလောက်အောင် နှမြောကပ်စေးနဲလှပါလား၊ ဒီ ထောပတ်လေးတောင် ဂွမ်းနှင့် တို့ယူစေသေးတယ်၊ ငါကလဲ တန်ဖိုးကြီးတဲ့ အကောင်းဆုံးဆေး တွေသုံးထားတယ်၊ ထိုက်သင့်တဲ့ ဆေးဖိုးဝါခပေးမှာ မဟုတ်ဖူး" ဟု တွေးတောမိလေ၏။ သဌေးကတော်ကြီးသည်ဇီဝက၏အရိပ် အကဲကို သိရှိ၍ "ဆရာ—မစိုးရိမ်ပါနှင့်၊ အဒေါ်တို့ အိမ်ရှင်မတွေ

ဆိုတာ ယခုလို ထောပတ်ကလေး၏အသုံးအစွဲကို နားလည်ရပါတယ်၊ အလုပ်သမားတွေရဲ့ ခြေသုတ်ဆီ မီးထွန်းဆီအဖြစ် သုံးစွဲရပါတယ်၊ ထိုက်သင့်တဲ့ ဆေးဖိုး ဝါခကို မလျော့စေရပါဘူး၊ ပေးမှာပါ”ဟု ပြောလေသည်၊ ဇီဝကသည် ခုနစ်နှစ် စွဲကပ်လာသော ခေါင်းကိုက်ရောဂါကို တကြိမ်နှာနှပ် ကုသပေးလိုက်ရုံဖြင့် ဆွဲထုတ်ပယ် လိုက်လေသည်။

**မွေးကျေးဇူးဆပ်။** ။ရောဂါပျောက်ကင်းသွားပြီဖြစ်၍ ဇီဝကအား ဆေးဖိုးဝါးခအဖြစ် သဌေးကတော်ကြီးက လေးထောင်၊ သဌေးသားနှင့်ချွေးမတို့ကလည်း လေးထောင်စီ အသီးသီး ကန်တော့ကြသည်၊ သဌေးကြီးကား ငွေလေးထောင်နှင့်တကွ ကျွန်ယောကျ်ား, ကျွန်မိန်းမ, မြင်းရထားတို့ကိုပါ ချီးမြှင့်လေသည်၊ ဇီဝကသည် ငွေတသောင်းခြောက်ထောင်နှင့် ကျွန်ယောကျ်ား ကျွန်မိန်းမ, မြင်းရထားတို့ကို ယူဆောင်ကာ ရာဇဂြိုဟ်သို့ပြန်ခဲ့၍ပထမဆုံး ဆေးကုခရသည့် ပစ္စည်း အားလုံးကို ကျေးဇူးရှင် အဘယမင်းသားအား မွေးကျေးဇူးဆပ် ပေးအပ် ကန်တော့လေသည်၊ အဘယမင်းသားသည် ထိုပစ္စည်းများဖြင့် ဇီဝကနေထိုင်ရန်အိမ်တော် ဆောက်ပေးလေသည်။

**ဘုရင့်သမားတော်။** ။ဗိမ္ဗိသာရ မင်းကြီးတွင် ဂရင်ဂျိနာ ရှိလေလည်း “ဆရာ ဇီဝကသည် ငယ်သော်လည်း တော်ပါကြောင်း”ကို သံတော်ဦးတင်၍ အဘယမင်းသားသည် ဇီဝကကို ခေါ်ပေးကာ မင်းကြီး၏အနာကို ကုစေသည်၊ တကြိမ်ဆေးလိမ်းပေးလိုက်ရုံဖြင့် ထိုအနာ ပျောက်ကင်း သွားလေသည်၊

မင်းကြီးသည် ကချေသည်မ ငါးရာကို ဝတ်စားတန်းဆာ အပြည့်အစုံ ဆင်ယင်စေကာ ထိုတန်းဆာများကို ချွတ်ပုံစေ၍ ဇီဝကအား ပေးလေသည်၊ မင်းကြီး၏ စိတ်ထဲတွင် 'ဒါတွေ ယူလျှင် သင့်တော်ရုံ အရာ၌ ထားမည်၊မယူလျှင်တော့ အတွင်း လူအဖြစ် ထားရှိမည်'ဟု ကြံထားလေသည်၊ အဘယမင်းသားနှင့် ကချေသည် မောင်မတို့မှာလည်း မယူလျှင် အတွင်းလူ ဖြစ်နိုင် သောကြောင့် 'မယူလျှင် ကောင်းမှာ (မယူပါစေနှင့်)'ဟု အ ကြံဖြစ်ကြသည် ဇီဝကသည် သူတို့၏အကြံကို သိသကဲ့သို့၊ ထို ပစ္စည်းများကို ငြင်းပယ်ကာ 'ကျေးဇူးတော်ကိုသာ အသိအမှတ် ပြုထားပါရန်'သံကော်ဦးတင်လေသည်၊ မင်းကြီးသည် ကျေနပ် အားရတော်မူ၍ အသုံးအဆောင် အပြည့်အစုံနှင့် အိမ်တော်, သရက်ဥယျာဉ်,တနှစ်လျှင် အခွန်တော် တသိန်းထွက်သည့် ရွာ ဆုနှင့်များစွာသော ဆုလာဒ်တို့ကို ပေးလေသည်၊ သူနှင့်သူ့ နန်းတော်သူ နန်းတော်သားများ ဘုရားအမျိုးရှိသော သံဃာ တော်များကို ပြုစုကုသဘို့ 'သမားတော်အဖြစ်' ကိုလည်း ခန့် ထားလေသည်။

**ခွဲစိတ်ကုသခြင်း။** ။ထို့နောက် ရာဇဂြိုဟ်သဌေး၏ ခုနစ်နှစ် ကြာ စွဲကပ်နေသော ခေါင်းကိုက်ရောဂါကို ခွဲစိတ်၍ 'ငါး ရက်ကြာလျှင် သေစေမည့်ပိုး'နှင့် 'ခုနစ်ရက်ကြာလျှင် သေစေ မည့်ပိုး' နှစ်ကောင်တို့ကို ထုတ်ယူ ကုသ ပေးခြင်းဖြင့်လည်း ကောင်း၊ ဂွမ်းထိုးကစား၍ အူထုံးသွားသော ဗာရာဏသီ သဌေးသားကို ဗိုက်ခွဲ၍ ထုံးနေသောအူကို ဖြေကာ ကုသပေး

ခြင်းဖြင့်လည်းကောင်း၊ ဖျော့တော့ဝါဝင်းသော (အသားဝါ) ရောဂါစွဲကပ်နေသော စဏ္ဍပဇ္ဇောတ မင်းကြီးကို ထောပတ် ချက်ဆေးတိုက်ကျွေး၍ ကုသပေးခြင်းဖြင့် လည်းကောင်း၊ အရှင်းပျောက်ကင်းစေခဲ့ပေသည်။

**ဆေးတိုက်ပြီးထွက်ပြေးရ။** ။ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတ မင်းကြီးကို ဆေးကုသပေးရာ၌ သူ၏အသက်ကို ပဓာနမထားပဲ ရောဂါပျောက်ရေးကိုသာ ဦးစားပေး ကုသခဲ့ပေသည်၊ စဏ္ဍပဇ္ဇောတ မင်းကြီး၏ (အသားဝါ) ရောဂါသည် ထောပတ်ပါသော ဆေးနှင့်မှပျောက်ကင်းမည်ဖြစ်သည်၊ မင်းကြီးကလည်း ထောပတ်ကိုစက်ဆုပ်သည်၊ ထောပတ်မပါသော ဆေးဖြင့်သာ ကုသခိုင်းသည်၊ (ဤမင်းသည် ကင်းမြီးကောင်ကြောင့် မွေးဖွားလာသတတ်၊ ထောပတ်သည် ကင်းမြီးကောက်အဆိပ်ကို နိုင်၍ ကင်းမြီးကောက်တို့ ရွံရှာစက်ဆုပ်သော ဆေးဖြစ်သဖြင့် မင်းကြီးသည် ထောပတ်ကို စက်ဆုပ်ခြင်း ဖြစ်သည်) ဇီဝကသည် ထောပတ်နံ့မထွက်အောင် ဆေးချက်၍ ထိုဆေးကို တိုက်ကျွေးကုသသည်။ ဆေးပြန့်၍ ကျေသွားလျှင် ထောပတ်နံ့ လေချဉ်တက်လာမည်ကိုလည်း သိသည်၊ 'ဤမင်းသည် ကြမ်းကြုတ်ရက်စက်သည်၊ သူ့ကို သတ်ချင် သတ်လိမ့်မည်၊ ကြိုတင်၍ ပန်ပြေးထားမှ 'ဟု ကြံစည်ကာ 'ဆေးမြစ်ရှာရန် စီးလိုသည့်ဆင် သွားလိုသည့် တံခါးဖြင့်သွားခွင့်ပြုပါရန်' ခွင့်ပန်ထားလေသည်၊ ဆေးတိုက်ပြီးလျှင် ပြီးခြင်း ဇီဝကသည် ယူဇနာ ငါးဆယ်

တိုင် သွားနိုင်သည့် ဘဒ္ဒဝတီ ဆင်မယာဉ်သာကို စီး၍ တချိုး တည်း ထွက်ပြေးလေတော့သည်။

**ဇီဝကကိုလိုက်ဖမ်း။** မင်းကြီးသည် ဆေးကျေကျက်၍ လေ တက်လာသောအခါ ထောပတ်နံ့ ထွက်လာသဖြင့် 'ဒီဇီဝကဆို တဲ့အကောင် ငါ့ကို ထောပတ်ဆေး တိုက်သွားတယ်၊ သူ့ကို လိုက်ဖမ်းကြစမ်း' ဟု ခိုင်းစေရာ ဘဒ္ဒဝတီဆင်မဖြင့် ထွက်ပြေး ကြောင်း သိရှိ၍ ဘဒ္ဒဝတီဆင်မထက် အသွားနှုန်းသာသော ယူဇနာခြောက်ဆယ်တိုင် သွားနိုင်သည့် ကာကဆိုသူကို အ လိုက်ခိုင်းသည်၊ 'သူ့ကို ပြန်ခေါ်ခဲ့၊ ဆေးဆရာဆိုတာ ပရိယာယ် လဲများတယ်၊ သူပေးတာ ဘာမှမယူနဲ့' ဟုမှာလိုက်သည်။ ကာက လိုက်သွားရာ ကောသမ္ဗီမြို့တွင်မှီလေသည်။ ဇီဝကသည် လိုက် ၍အခေါ်တော် လွှတ်ကြောင်းသိသဖြင့် ဆေးကို လက်သည်း ခွန်ထဲထည့်၍ သူစားနေသဲ ရှစ်ရှားသီးခြမ်းကလေးကို ထိုဆေး သုတ်၍ ကာကအား 'စားပါ' ဟု ပေးလေသည်။

**လိုက်ဖမ်းသူ ဆေးမိ။** ။ကာကသည် 'သူစားနေသည့် ရှစ်ရှား သီးပဲ၊ ဘာမှ မဖြစ်တန်ကောင်း' ဟု ယူဆကာ ထိုရှစ်ရှားသီး ခြမ်းကို စားလိုက်သည်၊ ရေကိုလည်း သောက်လိုက်သည်၊ ကာကခမျာ ချက်ချင်းပင် ဝမ်းလျှောတော့သည်၊ "ဇီဝကသည် သေမည်ထင်၍ ကြောက်ရွံ့စိုးရိမ်နေရှာသော ကာကအား" အ သင်ရောမင်းကြီးပါ ဘာမှ မဖြစ်ကြောင်း၊ အသင်တို့ရဲ့ ဘုရင် သည် အလွန်ခက်ထန်ကြောင်း၊ ကျွန်ုပ်ကို သတ်ချင်သတ်မည်

ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ် ပြန်မလိုက်နိုင်ကြောင်း”ကို ပြောပြကာ ဘဒ္ဒဝတီဆင်မယာဉ်သာကိုလည်း ပြန်လည်အပ်နှင်း၍ ဇီဝကအား ဆုပေးလို၍ ခေါ်သော်လည်း “ကျေးဇူးကိုသာ အသိအမှတ်ပြုပါတော့”ဟု မှာကြားလိုက်ကာ သွားရောက်ခြင်း မရှိတော့ပေ။

**သိဝိတိုင်းဖြစ် ဝတ်စုံ။** ၊စဏ္ဍပဇ္ဇောတ မင်းကြီး သည် သမား တော် ဇီဝကအား ဆန်လှည်းအစီးပေါင်း ငါးရာ အသပြာ တသောင်း ခြောက်ထောင်၊ အဝတ်အထည် တထောင်နှင့်တကွ အဖိုးအနည်းထိုက်တန်သည့် သိဝိတိုင်းဖြစ် အကောင်းစား ဝတ်စုံ တို့ကို ဆေးဖိုးအဖြစ်ပေးပို့ကန်တော့လေသည်၊ “ဒီ သိဝိတိုင်းဖြစ် ဝတ်စုံကတော့ ဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းတို့အားသာ ထိုက် တန်ပေသည်”ဟု ဇီဝက စဉ်းစားမိသည်။

**ဝမ်းနုတ်ဆေး ဘုဉ်းပေးလို။** ။တနေ့သော အခါ တွင် ဗုဒ္ဓမြတ်စွာ၏ကိုယ်တော်သည်, သလိပ်, သည်းခြေ, သွေးလေ အပြစ်များ နေသဖြင့် ဝမ်းနုတ်ဆေးဘုဉ်းပေးတော်မူလိုသည်၊ အရှင်အာနန္ဒာ သည် ဇီဝကထံသွား၍ အကြောင်းကြားသည်၊ ဇီဝကသည် နှစ်ရက် သုံးရက်ခန့် ကိုယ်တော်ကို စိုစိုဖပ်ဖပ်ဖြစ်အောင် ချေး ထုတ်ပေးနှင့်ဖို့ လျှောက်ထားလိုက်သည်။ (သောဏတွေရဝတ္ထု၌ “ဆီရွှဲရွှဲဆမ်း၍ဘုဉ်းပေး”ဖို့ လျှောက်ထားသည်) ထိုသို့ ချေး ထုတ်စေခြင်းသည် ကိုယ်တော်၏အရပ်တိုင်း၌ရှိသော သလိပ် သည်းခြေစသော အပြစ်တို့ကို စိုစေ နူးစေသည်၊ သလိပ် သည်း

ခြေတို့နူးလာလျှင် အကြောတို့လည်း ပြေ့လာကြသည်။ ထို့ကြောင့် ချွေးထုတ်စေခြင်းဖြစ်သည်၊ ချွေးထုတ်ပြီးသောနေ့တွင် ဇီဝကသည် ကြာစည်းသုံးစည်းကို ယူလာသည်၊ ကြမ်းတန်းသော အပြစ်တို့ကို ပယ်ရှားဖို့ ပထမကြာစည်းကိုလည်းကောင်း၊ အလယ်အလတ်ဖြစ်သော အပြစ်တို့ကို ပယ်ရှားဖို့ ဒုတိယကြာစည်းကိုလည်းကောင်း၊ သိမ်မွေ့သော အပြစ်တို့ကို ပယ်ရှားဖို့ တတိယကြာစည်းကိုလည်းကောင်း၊ ဆက်ကပ်၍ "ဒီကြာစည်းသုံးစည်းကို အစဉ်အတိုင်း နမ်းရှူပါ၊ ဆယ်ကြိမ်စီ ဝတ်သက်တော်မူပါလိမ့်မည်" ဟု လျှောက်ထားလေသည်။

အကြိမ်သုံးဆယ် ဝတ်သက်ပြီးသည့် နောက်တနေ့ နံနက်စောစောတွင် ဆရာဇီဝကသည် ဗုဒ္ဓမြတ်စွာအား သင့်လျော်ထူးမြတ်သည့် ယာဂုကိုဆက်ကပ်လေသည်။ ပကတိအတိုင်း ပြန်လည် ကျန်းမာလာသည့်တိုင်အောင် ဤကဲ့သို့ အရည်ဆွမ်းကိုသာ ဘုန်းပေးတော်မူပါရန်ကိုလည်း လျှောက်ထားသည်။ မကြာမီပင် ဘုရားရှင် ပကတိ ကျန်းမာတော်မူလာသောအခါ မြို့သူမြို့သားများသည် ဘုရားရှင်အား လှူဒါန်းရန် စီမံထားကြသည်။ ဇီဝကသည် ဘုရားရှင်အထံလာ၍ "မြို့သူမြို့သားများသည် လှူဘွယ်များဖြင့် စောင့်နေကြပါသည်၊ ဒီနေ့ မြို့တွင်းသို့ ဆွမ်းခံမကြွပါနှင့်ဦးဘုရား" ဟု လျှောက်ထားသည်၊ (ဤနေရာ၌ အရှင်မောဂ္ဂလာန် သောဏသဌေးသားအထံ ဆွမ်းခံကြွ၍ သဌေးသားအမြဲစားသည့် နတ်သုဒ္ဓါတမျှ နူးညံ့လှသည့်ဆွမ်းကို ဆက်ကပ်ပုံ၊ အလွန်မွေးလွန်းလှသဖြင့် ဗိမ္ဗိသာရမင်းကြီး စားလိုစိတ်ဖြစ်ရပုံ-စသည်များကို သောဏသဌေးသားအကြောင်း၌ ရှုပါ)။

**ဇီဝကတောင်းသည့်ဆု။** ။ဘုရားရှင် ပကတိ ကျန်းမာတော်မူလာလျှင် ဇီဝကသည် စဏ္ဍပဇ္ဇောတမင်းအထံမှ ရရှိသော သိဝိတိုင်းဖြစ် အကောင်းဆုံး ဝတ်စုံကို ဘုရားရှင်အားလည်းကောင်း အရံ အဝတ်အထည် တထောင်ကို ရဟန်းသံဃာတော်အားလည်းကောင်း လှူဒါန်းသည်၊ "ရဟန်းသံဃာတော်များအား ဒါယကာတို့ လှူဒါန်းသည့် သင်္ကန်းကို ခွင့်ပြုတော်မူပါ" ဟူသော ဆုကိုလည်း တောင်းလေသည်။ ဘုရားရှင် သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်မှစ၍ ဇီဝက၏ ဤသိဝိတိုင်းဖြစ်ဝတ်စုံကို လှူဒါန်းသည့်အတွင်း အနှစ် နှစ်ဆယ်လုံးလုံး ရဟန်းတော်တပါးမျှ ဒါယကာတို့ လှူဒါန်းသည့်သင်္ကန်းကို မသုံးစွဲခဲ့ချေ၊ ရဟန်းတော်အားလုံး ပံ့သုကူစုတင်ဆောင်များချည်းသာ (ပံ့သုကူ သင်္ကန်းကို သုံးစွဲခဲ့ကြသည်သာ)ဖြစ်ခဲ့ကြပေသည်။ ထို့ကြောင့် ဇီဝကသည်ဤ"ဒါယကာတို့လှူဒါန်းသည့် သင်္ကန်းကို ခွင့်ပြုဘို့"ဆုကို တောင်းလေသည်၊ ဗုဒ္ဓမြတ်စွာသည် ဇီဝက၏ သိဝိတိုင်းဖြစ် ဝတ်စုံကို အလှူခံတော်မူသည်။ ဇီဝကတောင်းသည့်အတိုင်း ဒါယကာတို့ လှူဒါန်းသည့် သင်္ကန်းကိုလည်း ရဟန်းများအား ခွင့်ပြုတော်မူသည်။

**သောတာပန်ကျောင်းဒကာ။** ။ဗုဒ္ဓမြတ်စွာသည် ဇီဝက၏ အဝတ်စုံလှူပွဲ၌ ဇီဝကအား အဝတ် (သင်္ကန်း) အနုမောဒနာတရား ဟောကြားတော်မူရာ ဇီဝက သောတာပန်တည်သည်။ သမားတော်ဇီဝကသည် သောတာပန် တည်ပြီးနောက်စဉ်းစားသည်မှာ "ငါသည် တနေ့လျှင် နှစ်ကြိမ်သုံးကြိမ် ဘုရားရှင်ကို

ဆည်းကပ်သင့်သည်။ ဤဝေဠုဝန် ကျောင်းတော်သည်လည်း အလွန်ဝေလွန်းလှသည်။ ငါ၏သရက်ဥယျာဉ်သည် အထူးသဖြင့် နီးပေသည်။ ဤသရက်ဥယျာဉ်တွင် ဘုရားရှင်အား ကျောင်းတော် ဆောက်လုပ်လှူဒါန်းရလျှင် ကောင်းမှာပဲ"ဟု စဉ်းစားမိသည်၊ ဤသို့စဉ်စားပြီးလျှင် ထိုသရက်ဥယျာဉ်တွင် ညဥ့်နေရာ နေ့နေရာ လိုဏ်ဂူ ကုဋိ-မဏ္ဍပ်စသည့် အဆောက်အဦးများနှင့်တကွ ဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋိ ကျောင်းတော်ကို ဆောက်လုပ်သည်။ သရက်ဥယျာဉ်ကိုလည်း တဆယ့်ရှစ်တောင် အမြင့်ရှိသည့် ကြေးနီပြားရောင် တံတိုင်းကြီး ပြုလုပ်ကာရံလိုက်လေသည်။ အားလုံးပြီးစီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းသက်နှီးတို့ကို လှူဒါန်းကာ ကျောင်းလှူတ်ပူဇော်ပွဲကြီး ကျင်းပ၍ ကျောင်းတော်ကို လှူဒါန်းအပ်နှင်းလိုက်လေသည်။

**မဟာဒဂ်ရာထူးရ။** ။နောင်တွင် ပဒုမုတ္တိုရ် မြတ်စွာဘုရားလက်ထက်တော် တုန်းက ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းသားဘဝဖြင့် သူအား ကျပန်ဆင်ခဲ့သော "မြတ်စွာဘုရားအပေါ် ပုဂ္ဂိုလ်စွဲ ကြည်ညိုသူများတွင် အမြတ်ဆုံး အသာဆုံး ဖြစ်လိုသည့် ဧတဒဂ်ဆုကြီး"ကို ရရှိ၍ သာသနာတော်ဝယ် ဘုရားကျောင်းဒကာအဖြစ် ယနေ့တိုင် ကင်ရှားကျော်ကြား လျက်ရှိပေသတည်း။

---

၁။ ဓိ-၃-နှာ၊ ၃၇၇၊ ပါဠိတ၂၁ဒို နှာ-၃၉၆
၂။ အံ-၁ နှာ ၂၇ အံ ဋ္ဌ နှာ-၃၀၆

# သရက်ဥယျာဉ် ကျောင်းအမ အမ္ဗပါလီ

**အမ္ဗပါလီ ဆွမ်းစားပင့်။** ။ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့အနီး ကောဋိရွာကြီးတွင်သီးတင်းသုံး စံနေတော်မူသည်၊(၎င်းကောဋိ ရွာသည် မဟာပနာဒမင်း စံစားသွားသည့် ပြာသာဒ်အတွက် နားကျရာအရပ်တွင် တည်ထားသောရွာတည်း။)အမ္ဗပါလီပြည့် တန်ဆာမသည် အကောင်းဆုံးယာဉ်ကိုစီးလျက် ဝေသာလီမြို့ တော်မှ ဘုရားရှင် သီတင်းသုံးတော်မူရာ ကောဋိရွာသို့ ထွက် လာခဲ့သည်။ ယာဉ်စီးသွားသင့်သည့် နေရာသို့တိုင် ယာဉ်ကိုစီး သွားလျက် ယာဉ်မှဆင်း၍ ခြေကျင်သွားပြီးလျှင် ဘုရားရှင်ကို ရှိခိုးကန်တော့သည်။ သင့်လျော်သောအရပ်တွင် ထိုင်နေသော အမ္ဗပါလီအား ဗုဒ္ဓမြတ်စွာသည် တရားစကားဟောကြားတော် မူသည်။ တရားနာအပြီးတွင် အမ္ဗပါလီသည် ဘုရားအမှူးရှိသော သံဃာတော်များ နက်ဖန်တွင် သူ့အိမ်မှာ ဆွမ်းဘုဉ်းပေးပါရန် ပင့်လျှောက်၍ ပြန်လာခဲ့သည်။

**အမ္ဗပါလီ၏ အပြန်ခရီး။** ။ဝေသာလီပြည့်ရှင် လိစ္ဆဝီမင်းတို့လည်း ကောဋိရွာတွင် ဘုရားရှင် ရောက်တော်မူနေကြောင်း သတင်းရသဖြင့် ကောင်းပေ့ဆိုသော ယာဉ်များကိုစီး၍ ကောဋိရွာသို့ သွားကြသည်။ ထိုမင်းတို့သည် ထုံးစံအတိုင်း ဖက်ရှင်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ ဘုရားရှင်အထံမှ ပြန်လာသော အမ္ဗပါလီသည် ထိုလိစ္ဆဝီမင်းတို့နှင့် ရင်ဆိုင်တွေ့ရသည်၊ အမ္ဗပါလီသည် လိစ္ဆဝီမင်းသားငယ်တို့၏ ယာဉ်များကို သူ၏ယာဉ်နှင့် လှည်းသန်ချင်း ထမ်းပိုးချင်း ဘီးချင်း ဝင်ရိုးချင်းတိုက်ချသွားသည်။ အဘယ်အမ္ဗပါလီ....အသင်သည် အဘယ့်ကြောင့် ဤသို့တိုက်ရသလဲ”ဟု လိစ္ဆဝီမင်းတို့ကမေးလျှင် “သူသည် နက်ဖန်အတွက် ဘုရားရှင်ကို ဆွမ်းကပ်ခွင့်ရလာခဲ့သူ ဖြစ်ကြောင်း၊ (ထို့ကြောင့်တိုက်သည်)”ဟု ပြန်ပြောသည်၊ လိစ္ဆဝီမင်းတို့က “အဲဒီဆွမ်းကို တို့ပေးပါ၊ တို့ငွေတသိန်းပေးပါမည်”ဟု တောင်းလျှင် အခွန်ထွက်သော ဇနပုဒ်နယ်ပယ် ဝေသာလီတမြို့လုံးကို ပေးသော်လည်း ထိုဆွမ်းကို မပေးနိုင်ကြောင်း ငြင်းဆိုသည်။ လိစ္ဆဝီမင်းတို့သည် “ဒီမိန်းမသားက ဒို့ကို အနိုင်ယူသွားတယ်ကွာ”ဟု လက်ကို ခါမြှောက်ကြကာ ဘုရားရှင်ထံ ဆက်လက်သွားကြသည်။

**လိစ္ဆဝီပရိသတ် ကြည့်လိုက်ကြ။** ။ဗုဒ္ဓ မြတ်စွာသည် ရဟန်းတော်များအား အဝေးမှလာနေကြသော လိစ္ဆဝီမင်းတို့ကို ညွှန်ပြကာ “တာဝတိံသာနတ်များကို မမြင်ဘူးလျှင် ဤလိစ္ဆဝီမင်းတို့ကိုသာ ကြည့်ထားလိုက်ကြ”ဟု မိန့်တော်မူသည်။ ဤသို့ လိစ္ဆဝီ

ပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့်အတူ စိတ်ထား၍ သေသေချာချာ ကြည့်ကြဘို့ရန် မိန့်တော်မူခြင်းမှာ သံဝေဂရဖို့ရန် မိန့်တော်မူခြင်းဖြစ်သည်။ နောက်မကြာသောကာလ၌ ဤမျှလောက် ကြီးကျယ်သော တာဝတိံသာနတ် ပရိတ်သတ်ကဲ့သို့ ရှုဘွယ်ကောင်းလှသော လိစ္ဆဝီမင်းပရိသတ်သည် အဇာတသတ်နှင့် စစ်ဖြစ်၍ အလုံးစုံပျက်စီးကြရရှာလိမ့်မည်။ ထိုအခါ သံဝေဂဖြစ်ဖို့ရန် ဤကဲ့သို့ မိန့်တော်မူသည်။ (ဠဒ္ဓ ဘိက္ခူနံ သံဝေဂဇနနတ္ထံ၊ နိမိတ္တဂ္ဂါဟတ္ထံ၊—ဝိမတိ။) လိစ္ဆဝီမင်းတို့သည်း ဘုရားရှင်ကို ဝပ်ချကန်တော့၍ တရားနာယူကြပြီးလျှင် ဆွမ်းစားပင့်သော်လည်း နောက်ကျသွားပြီဖြစ်၍ မရတော့ပဲ ကန်တော့၍သာ ပြန်ခဲ့ကြရသည်။

**ကျောင်းအမ အမ္ဗပါလီ။** အမ္ဗပါလီလည်း မိမိ၏ ဥယျာဉ်ခြံတွင် မွန်မြတ်သောခဲဘွယ် ဘောဇဉ်ကို စီစဉ်၍ အချိန်ကျလျှင် ဘုရားရှင်ထံ အပင့်လွှတ်သည်၊ ဘုရားအမှူးရှိသော သံဃာတော်များကြွလာသောအခါ ကိုယ်တိုင်ဆွမ်းဆက်ကပ် လှူဒါန်းသည်၊ သူမသည် ဗုဒ္ဓမြတ်စွာကို အလွန်ကြည်ညိုသဖြင့် သူမပိုင် ဥယျာဉ်ခြံတွင် ကျောင်းဆောက်၍ ဥယျာဉ်ခြံကြီး တခုလုံးကို ကျောင်းအရာမ်အဖြစ် လှူဒါန်းလေသည်၊ ဗုဒ္ဓမြတ်စွာသည် အမ္ဗပါလီအား ကျောင်းအနုမောဒနတရား ဟောကြားတော်မူသည်။

**အမ္ဗပါလီ၏ရှေးအကြောင်း။** ။အမ္ဗပါလီသည် ဖုဿဘုရား၏ နှမတော်ဖြစ်ခဲ့သည်၊ ကြီးကျယ်သော အလှူကြီးကို ပေးလှူ၍ ရုပ်အဆင်းလှဘို့ ဆုပန်ခဲ့သည်၊ ထိုထိုဘဝ၌ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို ရည်မှန်း၍ကုသိုလ်ပါရမီများကို ပြုလုပ်ဆည်းပူးခဲ့သည်၊ သိခိဘုရားရှင် လက်ထက်တော်တွင် ဘိက္ခုနီမ ပြုလုပ်၍ သီလ သိက္ခာတို့ကို လုံခြုံအောင် ထိန်းသိမ်းဖြည့်ကျင့်လေသည်၊ တနေ့တွင် အပေါင်ဘိက္ခုနီမတို့နှင့်အတူ စေတီတော်ကို အဖူးမျှော်သွားရာ ရှေ့မှသွားသော ရဟန္တာဘိက္ခုနီမသည် ချေဆပ်ရင်း နှပ်များထွက်ကျသွားသည်ကို မသိလိုက်ရှာချေ၊ စေတီရင်ပြင်ပေါ်တွင် ပေကျန်နေသည်ကို နောက်မှလာသော အမ္ဗပါလီအလောင်း ဘိက္ခုနီမက တွေ့ရှိ၍ 'ဘယ်(ဖာသယ်) ပြည့်တန်ဆာမက ဒီရင်ပြင်ပေါ် နှပ်တွေ ညှစ်ချ သွားပါလိမ့်' ဟု တိုင်းထွာမိလေသည်၊ ရဟန္တာမအပေါ် ပြောမှားမိသော ဝစီဘေဒ အကုသိုလ်ကံကြောင့် အပါယ်ရောက်ကျရပြီး ဘဝတသောင်းပတ်လုံးပြည့်တန်ဆာ ဖြစ်ရရှာသည်၊အဆိပ်ကို စားမိသူသည် သေဘေးမှမလွတ်သကဲ့သို့၊ ထိုအကုသိုလ်အပြစ်မှ မလွတ်နိုင်ရှာပါချေတည်း၊ ကဿပဘုရား၏ လက်ထက်တော်တွင်လည်း မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်၍ နတ်ပြည်ရောက်ခဲ့သည်။

**ယခုဘဝ။** ။ယခု နောက်ဆုံး ဘဝတွင် ဝေသာလီမြို့ မင်းဥယျာဉ်ရှိ သရက်ပင်ပေါ်၌ ဥပပတ် ပဋိသန္ဓေ နေခဲ့သဖြင့် 'အမ္ဗပါလီ'ဟု အမည်တွင်သည်၊ အရွယ်ရောက်ာအခါ အလွန်

လုပသူဖြစ်၍ လိုချင်သူ မင်းသားပျိုများ ဝိုင်းဝိုင်းလည်နေသည်၊ မင်းသားတိုင်းက လိုချင်ကြ၍ ရန်ဖက်တုပြိုင် သူပိုင်ငါရ လုနေကြသဖြင့် ထိုရန်မအေးမည်စိုး၍ တရားရုံးက 'အားလုံးအတွက် ဖြစ်စေ' ဟုပြည့်တန်ဆာမ ရာထူးဖြင့် မြှောက်စားခြင်းခံရသည်၊ ဤသို့ဖြင့် အမ္ဗပါလီသည် အများဆိုင်ပြည်ကြီး၏တန်ဆာ ပြည့်တန်ဆာမ ဖြစ်လာရသည်။

**ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်။** ။နောင်တွင် ဝိမလကောဏ္ဍညထေရ်၏ တရားတော်ကို နာယူ၍ ဘိက္ခုနီမ ပြုလုပ်သည်၊ဝိမလကောဏ္ဍညထေရ်ကား သူမ၏သားတော်တည်း။

ဗိမ္ဗိသာရမင်းသည် ငယ်ရွယ်နုပျိုစဉ်က အမ္ဗပါလီ၏အချောအလှသတင်းကြောင့် နောက်ပါသုံးလေးယောက်နှင့်အတူ ရုပ်ဖျောက်၍ အမ္ဗပါလီထံ ရောက်ဘူး၏၊ ထိုအကြိမ်၌ပင် ကိုယ်ဝန်ရကြောင်းကို သိ၍ပြောသောအခါ ဗိမ္ဗိသာရကလည်း သူ့ကိုသူ ဗိမ္ဗိသာရမင်းဖြစ်ကြောင်းကို တိုးတိုးတိတ်တိတ်နှုတ်ပိတ်လက်ဆောင် ပေးခဲ့၏၊ ကိုယ်ဝန်ရင့်၍ မွေးဖွားသောအခါ 'ဝိမလကောဏ္ဍည' အမည်ရှိသော သတို့သားကိုရ၏၊ ထိုသတို့သား ကြီးရင့်သောအခါ ရဟန်းပြု၍ ရဟန္တာဖြစ်လေသည်။

အမ္ဗပါလီမယ်တော်သည်လည်း အထက်ဖေါ်ပြပါအတိုင်း သူ့ဥယျာဉ်ဝယ် ကျောင်းတိုက်တည်၍ ဘုရားရှင်အား လှူဒါန်းပြီးနောက် ကျောင်းအမ ဖြစ်ပြီးမှ သားတော် ဝိမလ

ကောဏ္ဍညထေရ်၏ တရားတော်ကို နာယူရသဖြင့် ဘိက္ခုနီမပြုလျက် ဝိပဿနာအလုပ်အားထုတ်ကာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီမ ဖြစ်လာပေသတည်း။

---

၁။ ဝိ-၃၊နှာ-၃၂၆

၂။ အပဒါန်- နှာ-၂၉၅

၃။ ထေရီ-နှာ-၄၀၈။ ထေရီ-ဋ္ဌ၊ နှာ-၂၁၄

၄။ ဒီဃ-၂၊ နှာ ၈၁။ ဒီဃ-ဋ္ဌ-၂၊နှာ-၁၃၅။

# မိဂဒါဝုန်ကျောင်းဒကာ နန္ဒိယသဌေး

**နန္ဒိယသဌေးသား။** ။ဤ နန္ဒိယသဌေးကား ဓမ္မစကြာတရား ဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တောတွင် ဘုရားရှင် သီတင်းသုံးတော်မူရန် ကျောင်းဆောက်လှူဒါန်း၍ မသေမီကပင် နတ်ပြည်၌ နတ်သမီးအခြွေအရံများနှင့်တကွ နတ်ဗိမာန်ပေါက်နှင့်နေရလောက်အောင် ထူးခြားသော ကုသိုလ်ရှင်ပေတည်း။ ဗာရာဏသီမြို့တွင် သဒ္ဓါတရားရှိသော မိဘများမှ ဖွားမြင်လာသော နန္ဒိယသဌေးသားဆိုတာ ရှိလေသည်၊ ထိုသဌေးသားသည် မိဘများကဲ့သို့ပင် သဒ္ဓါတရားရှိသည်၊ သံဃာတော်ကို ရိုသေမှု လုပ်ကျွေးပြုစုသည်၊ အရွယ်ရောက်လာသောအခါ မိဘများသည်မျက်နှာချင်းဆိုင်အိမ်မှဦးလေး၏သမီးရေဝတီဆိုသူနှင့် ထိမ်းမြားလက်ထပ် ပေးလိုကြသည်၊ သို့ရာတွင် ရေဝတီသည် ရတနာ သုံးပါးကို ကြည်ညိုယုံကြည်သော သဒ္ဓါတရား မရှိ၊ လှူဒါန်းပေးကမ်းတတ်သော အလေ့လည်း မရှိသဖြင့် အသွင်

မတူ အိမ်သူမဖြစ် ဟူသည့်အတိုင်း နန္ဒိယသည် သူမကိုမကြိုက် နှစ်သက်ပေ။

**လက်ထပ်ပွဲ။** ။နန္ဒိယ၏မိခင်သည် ရေဝတီကို သွန်သင်သည်၊ "မေမေတို့အိမ်မှာ သံဃာတော်များနေထိုင်ဖို့ရန် နေရာများကို ခင်းကျင်းလှည့်၊ သပိတ်တင်ရန် သပိတ်ခြေ များကို လဲ ထားပေး၊ ရဟန်းတော်များ ကြွလာသည့်အခါ နေရာထိုင် ခင်းပေးပြီးနောက် သောက်ရေများကိုလည်း ကပ်ပါ၊ ဆွမ်း ဘုဉ်းပေးပြီးသည့်အခါမှာလည်း သပိတ်များကို ဆေးပါ၊ သား နှစ်သက်အောင် ဒီလိုလုပ်တတ်ရတယ်၊ ဒီလိုလုပ်ပေးလျှင် သား ဟာ သမီးအပေါ် နှစ်သက်ခင်မင်လာပါလိမ့်မည်"ဟု သွန်သင် ပြောပြသဖြင့် ရေဝတီသည် ထိုအတိုင်းလုပ်လေသည်၊ မိခင်ကြီး သည် နန္ဒိယကို နားချပြန်သည်၊ "ရေဝတီလေးဟာ တော်ရှာပါ တယ်၊ သံဃာ့ဝေယျာဝစ္စတွေ လုပ်ဖော်ရပေသားပဲ၊ ပြော စကားလဲ နားထောင်ရှာပါတယ်၊ သားလက်ထည်းရောက်လာ လျှင် သားပုံသွင်းသည့်အတိုင်း ဖြစ်လာရမှာပါ"ဟု ဖြောင့်ဖျ ပြောဆိုသဖြင့် နန္ဒိယသည် "ကောင်းပါပြီ၊ မေမေတို့ကြိုက်သလို စီမံပါတော့"ဟု လက်ခံလိုက်လေသည်၊ မကြာမီ မင်္ဂလာရက် သတ်မှတ်ရွေးချယ်၍ လက်ထပ်မင်္ဂလာပွဲပြုလုပ်ပေးကြသည်။

**အလှူဝတ်မပျက် ဆက်လက်တာဝန်ယူ။** ။မင်္ဂလာ ဆောင်ပြီး နောက်"ဒီအိမ်မှာ ရဟန်းသံဃာတော်တွေရော မိဘများကိုပါ ပြုစုရလိမ့်မည်၊ ဒီလိုမှ အိမ်ထောင်ရေး အဆင်ပြေလိမ့်မည်

အမြဲ သတိရှိပါ” ဟု နန္ဒိယက ရေဝတီကို သတိပေးပြော ဆိုလေလျှင် “ကောင်းပါပြီ” ဟု ဝန်ခံ၍ သဒ္ဓါကြည်ဖြူ ရှိလေဟန် ခင်ပွန်းသည် အလိုကျ ပြုစုလာခဲ့သည်၊ ဤသို့အားဖြင့် သား သမီးနှစ်ယောက် ရရှိလာသောအခါ မိဘများလည်း ကွယ် လွန်သွားကြသဖြင့် အိမ်မှုကိစ္စအဝဝကို အိမ်ရှင်မ ရေဝတီသာ လျှင် အုပ်စီးရသကဲ့သို့၊ အလှူအတန်း သံဃာ့ဝေယျာဝစ္စဘက် တွင်လည်း အိမ်ရှင်နန္ဒိယကသာ စီမံကွပ်ကဲရလေသည်။ နန္ဒိယ သည် သံဃာတော်အား လှူဒါန်းမှုကို မိဘများလက်ထက်က ကဲ့သို့ ဆက်လက်တည်ထားသည်၊ အထီးကျန်မဲ့ သူဆင်းရဲနှင့် ခရီးသွား ဧည့်သည်တို့အတွက်လည်း အိမ်တံခါးပေါက်တွင် ဝတ် မပျက် ပေးလှူစွန့်ကြဲလျက်ရှိပေသည်။

**ကျောင်းဆောက်ကိုးကွယ်။** ။နန္ဒိယသည် ဘုရားရှင်အထံတော် မှ တရားတော်ကို နာယူရသည်၊ ကျောင်း လှူရသည့်အကျိုး အာနိသင်တို့ကို သိရှိနားလယ်လာလေသည်၊ သို့ဖြစ်၍ ဓမ္မစကြာ တရားဟောရာဣသိပတန မိဂဒါဝုန်တောတွင် လေးခမ်းပတ်လည် ကျောင်းကြီးလေးလုံးကို ဆောက်လုပ်သည်၊ ပြီးလျှင်....

ကုတင်မွေ့ရာ၊ စားပွဲကုလားထိုင် ကျောင်းအသုံးအဆောင် တို့ကို ပြည့်စုံအောင် ဖြည့်စွက်၍ ဘုရားအမှူးရှိသော သံဃာ တော်အပေါင်းအား ဆွမ်းသင်္ကန်းစသော အလှူဒါနတို့ကို ပြု လုပ်လျက် ကျောင်းရေစက်ချပွဲကြီး ကျင်းပလှူဒါန်းလေသည်။

**နတ်ပြည်တွင် ဗိမာန်ပေါက်။** ။ကျောင်းကြီးများကို ရေစက် ချ လှူဒါန်းပြီးသည်နှင့်တပြိုင်နက် တာဝတိံသာ နတ်ပြည်

တွင် တဆယ့်နှစ်ယူဇနာ ကျယ်ဝန်း၍ ယူဇနာ တရာမြင့်သော ရတနာ-ခုနစ်ပါးဖြင့်ပြီး၍ နတ်သမီးအပေါင်းလည်း ဝန်းရံလျက်ရှိသောနတ်ဗိမာန်ကြီး ပေါ်ပေါက်လာလေသည်၊ တနေ့တွင် အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည် နတ်ပြည်ဒေသစာရီ ကြွချီလေရာ ထိုပြသာဒ်၏ အနီးတွင် ရပ်တော်မူလျက် 'နတ်သမီးတွေ ဝန်းရံနေသည့် ဒီဗိမာန်က ဘယ်သူ့ ဗိမာန်လဲ' ဟု မိမိထံ ပါး ခစားလာကြသည့် နတ်များကို မေးတော်မူလျှင် 'ဣသိပတန မိဂဒါဝုန်တောရကျတွင် ဘုရားရှင်သီတင်းသုံးတော်မူရန် ကျောင်းတော်ဆောက်လုပ် လှူဒါန်းသည့် ကျောင်းဒကာ နန္ဒိယ သင်္ဌေးအတွက် ပေါ်ပေါက်နှင့်သော ဗိမာန် ဖြစ်ပါ ကြောင်း' ကို နတ်သားတို့က လျှောက်ထားကြလေသည် ၊နတ်သမီးအပေါင်းကလည်း အရှင်မောဂ္ဂလ္လာန်ကိုမြင်၍ဗိမာန်တွင်းမှထွက်ဆင်းကာ 'နန္ဒိယနတ်သားကို ပြုစုယုယလုပ်ကျွေးကြဘို့ တပည့်တော်မတို့ ဒီမှာ ဖြစ်လာကြပါသည်၊ သူ့ကို မတွေ့ရသဖြင့် တပည့်တော်မတို့ အလွန်ပျင်းနေကြပါသည်၊ မြေခွက်ကို ခွဲဖျက်ပြီး ရွှေခွက်ကို ယူသကဲ့သို့ လူ့စည်းစိမ်ကို စွန့်၍ နတ်စည်းစိမ်ကို ယူခြင်းဖြစ်ရာ အမြန်လာဘို့ မျှော်နေကြသည် ဆိုသည့်အကြောင်း နန္ဒိယ သင်္ဌေးကို ပြောပေးပါရန် ဝိုင်းဝန်း မှာကြား လျှောက်ထားကြလေသည်။

**ရပ်အဝေးမှ ပြန်လာက ဝမ်းသာကြ။** ။အရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်မှ ပြန်လာ၍ 'ကောင်းမှုပြုထားသည့် ကုသိုလ်ရှင်များ လူ့ဘဝတွင် အသက်ထင်ရှား ရှိနေစဉ်မှာပင် နတ်

ပြည်၌ နတ်စည်းစိမ် (နတ်ဗိမာန်)ဖြစ်နှင့် နိုင်ပါသလား’ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်၊ မောဂ္ဂလ္လာန် နတ်ပြည်တွင် နန္ဒိယ သင့်အတွက် ဖြစ်နှင့်နေသော ဗိမာန်စည်းစိမ်ကို သင်ကိုယ်တိုင် မြင်ခဲ့ရတယ်မဟုတ်လား၊ ဘာ့ကြောင့် ငါဘုရားကို မေးနေရသလဲ’ဟု မိန့်တော်မူပြီးလျှင် ဗုဒ္ဓမြတ်စွာသည် ဆက်လက်၍ ဝေးကွာရပ်ခြား သွားနေရာမှ ကိုယ့်ဌာနသို့ ဘေးမခ ရန်မရှိ ပြန်လာသည့်သူကို မိဘသားချင်း ဆွေမျိုးရင်းချာတို့ ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ကြသလို ဤဘဝမှ စုတေသွားသည့် ကုသိုလ်ရှင် အမျိုးသား သမီးကို ဆယ်မျိုးသော နတ်လက်ဆောင်ပဏ္ဏာများ ကိုင်ဆောင်၍ နတ်ဒေဝါအများက (မိမိပြုထားသည့် ကုသိုလ်များက)အားရနှစ်သက် ကြိုဆိုလျက် ရှိကြပေသည်’ဟု အောက်ပါ ဂါထာကို ဟောတော်မူသည်။

စိရပ္ပဝသိံ ပုရိသံ၊ ဒူရတော .သောတ္ထိမာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

စိရပ္ပဝါသိံ-မိဘဆွေညာ ကိုယ့်ရပ်ရွာကို စွန့်ခွာခဲ့သွားရပ်တပါး၌ စည်းပွားဖွေရှာ၍ကြာမြင့်စွာ နေခဲ့သော၊ဒူရတော-တနယ်တကျေး ရပ်အဝေးမှ၊ သောတ္ထိံ-ခလုတ်မထိ ဆူးမငြိပဲ ဘေးမရှိ ရန်မသန်း အေးချမ်းသာယာ ချောမောစွာ၊ အာဂတံ ကိုယ့်ရပ် ကိုယ့်ပြည် ကိုယ့်ဌာနီသို့သာကြည်လန်းစွာ ပြန်၍လာသော၊ပုရိသံ-မင်းမှုထမ်းကာ ကုန်ရောင်းကာဖြင့် ဖွေရှာစီးပွားမင်းယောကျ်ားကို၊ ဉာတိမိတ္တာ-မိဘမျိုးဆွေ သားချင်းတွေနှင့် မိတ်ဆွေ ရောင်းရင်း အပေါင်းအသင်း တို့သည် လည်းကောင်း၊

သုဟဇ္ဇာစ-စိတ်ကောင်း နှလုံးကောင်း, သဘော ကောင်းသည့် အပေါင်းလူရှင် ချစ်ကျွမ်းဝင်သူတို့သည်လည်းကောင်း၊ အာဂတံ-ကောင်းစွာမသေ့, ပြန်ရောက် လာပေပြီဟူ၍၊ အာဂတံ-သူပြန်လာကြောင်း စကားကောင်းနှင့် ညွတ်ပျောင်းနှုတ်ဆက် ကန်တော့လျက်ဖြင့် အိမ်ထက်ကောင်းစွာ ရောက်၍ လာသည်ကို၊ အဘိနန္ဒတိ-လဖက်ကွမ်း ဆေး ထမင်းကျွေးလျက် အရေးတယူ ကြည်ဖြူချမ်းမြ ရွှင်လန်းဝမ်းမြောက်ကြလေကုန်သတည်း။

**ကုသိုလ်ရှင်ကို လက်လှမ်းကြို**

တထေဝ ကတပုညံပိ၊ အသ္မာ လောကာ ပရံ ဂတံ၊
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတိဝ အာဂတံ။

တထေဝ-ဝေးတမြေမှာ အနေကြာ၍ ကိုယ့်ရွာဌာန ပြန်လာကလျှင် အားရ ရွှင်ပျ ဝမ်းသာကြသည့်နည်းအတူ၊ အသ္မာ လောကာ-ပါရမီ အစုစု မြတ်ကောင်းမှုကို ပြုခွင့်ရပေ ၍ လူ့ပြည်မှ၊ ပရံဂတံ-တမလွန်ဘဝ နောက်လောကသို့ မုချစုတေသွားရလေသော၊ ကတပုညပိ-ကုသိုလ်ကောင်းမှု အစဉ်ပြုလျက် မြတ်ဆုကိုတွင် ကုသိုလ်ရှင်ကိုလည်း၊ အာဂတံ-စည်းပွားဖွေရှာ ဝေးရပ်ရွာမှ ဘေးဘယာမသန်း (အသပြာထမ်း၍) အေးချမ်းသာယာ ပြန်၍လာသော၊ ပိယံ-ချစ်ခင်လေးစား အရေးထားသည့် သွေးသားစပ်နေ ကိုယ့်မျိုးဆွေကို၊ ဉာတိ-မိဘသားချင်း အရင်းအချာ ကြင်နာမြတ်နိုး သူ့ဆွေမျိုးတို့သည်၊ ပဋိဂ္ဂဏှန္တိဣဝ-ဝမ်းမြောက် ဝမ်းသာ သူ့အလာကိုကြည်သာရွှင်ပျ လက်ခံကြိုဆိုကြကုန်သကဲ့သို့၊ ပုညာနိ-မိဘအလား သူပြုထားသည့်

များပြားထိုထို သူ့ကုသိုလ်တို့သည်၊ ပဋိဂ္ဂဟကျန္တိ-ဒိဗ္ဗအာယု အာစ ပြုလျက် ငါးခုအာရုံကာမဂုဏ်ဟု ဆယ်ပုံလျှမ်းဖြာ နတ်ပဏ္ဏာ ဖြင့် ဝမ်းသာနှစ်လို လက်ကမ်း ကြိုဆိုကြလေကုန်သတည်း။

**နန္ဒိယ ကုန်ရောင်းသွား။** ။တနေ့သောအခါ နန္ဒိယသည် သူ အမြဲဝတ်တည်ထားသည့် သံဃာတော်များအား ပေးလှူနေကျ ဒါနဝတ်၊ ခိုကိုးရာမဲ့ ဆင်းရဲသားတို့အားပေကမ်းနေကျဒါနဝတ် တို့ကို မပျက်မကွက် ပြုလုပ်ရစ်ပါ မမေ့မလျော့ရစ်ပါနဲ့ဟု ရေ ဝတီကို အတန်တန် ပြောဆိုမှာထား၍ အရောင်းအဝယ် ကိစ္စဖြင့် ခရီးထွက်လေသည်၊ ခရီးသွားရင်းလည်း နန္ဒိယသည် ရောက်လေ ရာအရပ်တိုင်းတွင် ရဟန်းသံဃာတော်များနှင့် ခိုကိုးရာမဲ့ ဆင်းရဲ သားတို့အား သင့်တော်သလို လှူဒါန်းပေးကမ်သွားလေသည်။ ရဟန္တာအရှင်မြတ်တို့သည် နန္ဒိယကို ချီးမြှောက်သည့်အနေဖြင့် ဝေးကွာသော အရပ်မှလည်း ကြွ၍ အလှူခံတော်မူကြသည်။

**ရေဝတီ၏ လုပ်ကြံမှု။** ။ရေဝတီမှာမူ နှစ်ရက် သုံးရက်မျှသာ အလှူဝတ်များကို ပြုလုပ်၍ခိုကိုးရာမဲ့ ဆင်းရဲသားတို့အား ပေး ကမ်းနေကျ ဒါနဝတ်တို့ကို လုံးလုံးဖြတ်ပစ်လိုက်သည်။ ရဟန်း တော်တို့အားမူ ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ ပေးလှူလေ တော့သည်၊ ထို့ထက်ဆိုးဝါးသော အပြုအမူ(လုပ်ကြံမှု)ကြီးမှာ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးကြသည့်နေရာတွင် သူ၏စား ကြွင်း ထမင်းနှင့်ငါး အမဲဟင်း ရောနှောသော အရိုးတို့ကိုကြဲဖြန့် ၍ အရပ်ကို အော်ဟစ်လျက် "ရဟန်းတော်တွေရဲ့အပြုအမူကို

ကြည့်လှည့်ကြစမ်းပါအရပ်တို့။ သဒ္ဒါ၍လှူသော ပစ္စည်းကို ဒီလိုစွန့်ပြစ်ကြရသတဲ့လား”ဟု ပြောဆိုကဲ့ရဲ့ပြီးလျှင် လူတို့အား ပြသခြင်းပင် ဖြစ်တော့သည်။

**ရေဝတီကို အိမ်မှနှင်ချ။** ။အရောင်းအဝယ်ကိစ္စပြီးစီး၍ အိမ်သို့ပြန်ရောက်လာသော နန္ဒိယသည် ရေဝတီပြုလုပ်ပုံအကြောင်းစုံကို သိရှိရ၍ ရေဝတီကို အိမ်မှနှင်ချလေသည်။ နောက်တနေ့တွင် နန္ဒိယသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးကျယ်သော အလှူဒါနကို ပြုလုပ်၍ ယခင်ကပြုနေကျ သံဃဒါနနှင့် ကိုးကွယ်ရာမဲ့တို့အား ပေးကမ်းလှူဒါန်းသည့် ဒါနဝတ်များကို ပြန်လည်တည်ထားလေသည်။ ရင်းနှီးသူများက ပြန်၍ပို့သဖြင့် လက်ခံလိုက်ရသော်လည်း နန္ဒိယသည် ရေဝတီကို ရှေးကကဲ့သို့ စီးပွားဥစ္စာ မအပ်နှင်းတော့ပဲ စားလောက်ဝတ်လောက်ရုံသာ ပေး၍ထားလေတော့သည်၊ ရေဝတီမှာ ထိုကဲ့သို့ အထားခံရသဖြင့် များစွာအခံရခက်လှသော်လည်း ဘယ်သူမပြု မိမိမှု ဟူသကဲ့သို့ သူ့အပြစ်နှင့်သူဖြစ်၍ မည်သို့မျှ မတတ်နိုင်ရှာပေ၊ ကုလားမနိုင် ရခိုင်ငြိုး ဟူသကဲ့သို့ မဆိုင်သော သံဃာတော်များကိုသာ အပြစ်ဖို့လျက်ရှိလေသည်။ ဒီကိုယ်တော်တွေကြောင့် သူ ယခုလို ဖြစ်ရသည်ဟု ရဟန်းတော်များကို အာဃာတထား၍ အမြဲတန်း ဆဲဆိုကြိမ်းမောင်းလျက် ရှိလေတော့သည်။

**တလမ်းစီ။** ။နောင်တွင် နန္ဒိယသည် လူ့ဘဝသက်တန်းစေ့၍ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် သူ့အတွက်

ဖြစ်ပေါ်နေနိုင်သော နတ်ဗိမာန်တွင် ဖြစ်ရလေသည်၊ ရေဝတီ မှာမူ သူပြုထားသည့် အကုသိုလ်ကံများက သူ့ကို လူ့ဘဝ သက်တန်းစေ့အောင်ပင် မထားတော့ပဲ အရှင်လတ်လတ် ငရဲ ချတော့မည် ဖြစ်ပေသည်။

ဝေဿဝဏ်နတ်မင်းကြီးသည် ဘီလူးနှစ်ယောက်တို့ကိုခေါ်၍"ဒီနေ့က နောက် ခုနစ်ရက်မြောက်သည့်နေ့တွင် ရေဝတီကို အရှင်လတ်လတ် ငရဲပစ်ချမည်"ဟု ဗာရာဏသီမြို့တွင်း လှည့်လည်ကြွေးကြော်ချေကြ"ဟု စေလွှတ်လိုက်လေသည်။ ဘီလူးတို့၏ ကြွေးကြော်သံကို ကြားလိုက်ရသည့် လူအပေါင်းမှာ ထိတ်လန့် ကြောက်ရွံ့လျက်ရှိကြလေသည်။

**ရေဝတီကို နတ်ပြည်ခေါ်ပြ။** ။ရေဝတီမှာနေစရာမရှိအောင် အကြောက်ကြီးကြောက်ရှာလျက် ပြာသာဒ်ထက် တက်၍ တံခါး ပိတ်နေရှာလေသည်၊ မည်သို့ပင်ကြောက်ကြောက် မည်သည့်နေ ရာမှာပင်ပုန်းပုန်း သူ၏အကုသိုလ်ကံမှကား လွတ်ရှာတော့မည် မဟုတ်ပါ၊ သူမ၏အကုသိုလ်ကံ စီမံလို့ဆော်ချက်အရ ဝေ ဿဝဏ်နတ်မင်းကြီး လွှတ်လိုက်သော ကြောက်ဖွယ်ကောင်းသည့် ဘီလူးကြီး နှစ်ယောက်တို့ ရောက်လာပြီးလျှင်"ဟယ် ယုတ်မာလှ သည့် ရေဝတီ လာခဲ့၊ နင့်ကို အရှင်လတ်လတ် ငရဲတွင် ပစ်ချ မည်-ဟု ပြောဆိုကြိမ်းမောင်း၍ ရေဝတီကိုလက်တဘက်တချက် စီကိုင်စွဲလျက် လူအများမြင်စေရန် ပဌမ ဗာရာဏသီမြို့တွင် လှည့် ပြပြီးနောက် တာဝတိံသာသို့ ခေါ်ဆောင်သွားကြလေသည်။ အမဿရီ-နှမြောညင်ညို ဝန်တိုစေးနှဲခြင်းမရှိ၊ ဒါနပတိ-ဒါန

ရှင်ဖြစ်၍၊ ဝဒညူ-အလှူခံတို့ ပြောဆိုတောင်းခံလာသော စကားကို အလိုက်သိစွာ ပေးလှူတတ်သော အိမ်ရှင် နန္ဒိယ၏ နတ်ဗိမာန် နတ်စည်းစိမ်များကို ပြကြလေသည်။

**သူမ ထိုက်တန်သည့်နေရာ။** ။ရေဝတီသည်နန္ဒိယ၏ဗိမာန်နန်းကို မြင်ရလေလျှင် "အရှင် နတ်ဘီလူးမင်းကြီးတို့ရယ် ကျမ နန္ဒိယ၏ ဇနီးပါ၊ ကျမပဲစည်းစိမ်အားလုံးကို အစိုးရသည့်အိမ်ရှင်မဖြစ်ခဲ့ပါသည်၊ ကျမယောကျ်ား၏ ဗိမာန်မှာပဲ ကျမနေပါရစေ၊ ငရဲမသွားပါရစေနှင့်၊ ကျမယောကျ်ား၏ ဗိမာန်မှာပဲ ကျမနေပါရစေ၊ ငရဲမသွားပါရစေနဲ့၊ ငရဲကိုမြင်တောင်မမြင်လိုပါ" ဟု တောင်းပန်ရှာလေသည်၊ နတ်ဘီလူးတို့သည်ရေဝတီကို "ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သင့်အဘို့ဘာမျှ ထူးလာတော့မည်မဟုတ်" ဟု ပြောဆိုကာ ဥဿဒငရဲအနီးသို့တဖန်ခေါ်ဆောင်သွားကြပြီးလျှင် "သက်ရှိလောက လူ့ဘဝတွင် သင်သည် ကုသိုလ်ကောင်းမှုမပြုခဲ့ပဲ နှမြောကပ်စေးနည်းခဲ့သည်၊ ဒီတော့ သင်သည် နတ်ပြည်နှင့် မထိုက်တန်၊ အကုသိုလ် အစုစုမကောင်းမှုအဝဝများလှသည့် သင့်အဘို့ ထိုက်တန်သည့်နေရာမှန်ကား ဤငရဲသာလျှင်ဖြစ်တော့သည်" ဟု ဥဿဒ ငရဲကိုညွှန်ပြ၍ ပြောကြသည်၊ ထိုသို့ပြောပြီးနောက် နတ်ဘီလူး နှစ်ယောက်တို့သည် ထိုနေရာတွင် ကွယ်ပျောက် သွားကြလေသည်။

**သံသဝက ငရဲ။** ။နတ်ဘီလူးနှစ်ယောက်တို့ပျောက်သွားကြသောအခါ၊ အလားတူ ငရဲထိန်း နှစ်ယောက်တို့ နောက်ကရောက်လာကြပြန်သည်၊ ၎င်းငရဲထိန်းတို့က "ဤငရဲသည် အသူ

တရာနက်၍ နံစော် လှောင်ပုပ် မစင်ပုပ် ကျင်ငယ်ရေတို့ကို ယိုစည်းစေတတ်သည့် သံသဝက ငရဲဖြစ်ကြောင်း၊ သင်သည် လူ့ဘဝတုန်းက ရဟန်း ပုဏ္ဏား ဘုန်းတော်ကြီးယာစကာမျှးကို မဟုတ်မမှန်စကားဖြင့် လှည့်စား လိမ်ညာ ယုတ်မာဖောက်ပြန် မကောင်းကံကြောင့် ဤအသူတရာနက်၍ ပုပ်ယောင် လှသော သံသဝက ငရဲသို့ မြုပ် လိုက် ပေါ်လိုက် အားဖြင့် ကျရခံရ တော့မည်ဖြစ်ကြောင်း၊ ထို့ပြင်လည်း မစင်တွင်းကြီးထဲ နစ် မြုပ်နေရာမှ အပေါ်သို့ တဖြေးဖြေးတက်၍ ပေါ်လာသော သောအခါ၌လည်း ခြေလက် နား နှာတို့ကို ငရဲထိန်းတို့ကဖြတ် တောက်ခုတ်လှီးခြင်းခံရ၍ ကျန်ရှိနေသည့် ခန္ဓာကိုယ်ကိုလည်း သုံးဂါဝုတ်မျှ ကြီးမားလှသည့် ကျီးငှက်များ၏ ဝိုင်းအုံ လာ ရောက်၍ ထိုးဆွစားသောက်ခြင်းကို ခံရမည် ဖြစ် ကြောင်း” ပြောကြလေသည်။

**အရှင်လတ်လတ်ငရဲသို့ပစ်ချ။** ။ထိုအခါရေဝတီသည် ‘အရှင် ငရဲထိန်းကြီးတို့ရယ် ကျမတောင်းပန်ပါရစေ၊ ကျမလူ့ပြည်သို့ ပြန်ပို့ပေးကြပါ၊ ချမ်းသာကြောင်းလည်းဖြစ်၊နောင်တ တဖန် ပူပန်ရခြင်းလည်းမရှိသော ဒါန ပေးလှူစွန့်ကြဲခြင်း၊ သမစရိ ယာ- ညီမျှအောင် ကျင့်ခြင်း၊သံယမ-ကိုယ်နှုတ် နှ လုံး တို့ ကို စောင့်စည်းခြင်း၊ဒမ-စက္ခုစသော ဣန္ဒြေတို့ကိုဆုံးမ ထိန်းသိမ်း ခြင်းဟူသော ကုသိုလ်တို့ကို များများကြီး ပြုပါတော့မယ်” ဟု တောင်းပန်အသနားခံရှာသည်။ “ရှေး လူ့ဘဝတုန်းက မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ခဲ့ပြီး ယခုမှငိုယို

တောင်းပန် အသနားခံသော်လည်း ရနိုင်တော့မည် မဟုတ်၊ သင်လုပ်ခဲ့သမျှ အကုသိုလ်ဒဏ်ကို သင်ကိုယ်တိုင် ခံရတော့မည့် ဟုပြောကာ ငရဲထိန်းတို့သည် "ကျွန်ုပ်ငရဲဆိုတာကို ကျမအမိုက်မ ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရပါပြီ" ဟုမြည်တမ်းညည်းတွားရှာကြောက်ရွံ့ တုန်လှုပ်နေရှာသော ရေဝတီကို အရှင်လတ်လတ် ခြေကမိုးမျှော် ဦးခေါင်းစောက်ထိုး ငရဲအိုးထဲသို့ ပစ်ချလိုက်ကြလေတော့သည်။

**ရေဝတီ၏နောက်ဆုံးချိန်။** ။"ငါသည် ရှေးအခါက နှမြောစွဲမက် မလှူရက်ခဲ့၍ ငရဲ၌ခံရလေခြင်း၊ ရဟန်း သံဃာတော်တို့ကို သဒ္ဓါမကြည်ညို ဝန်တိုစဉ်းလဲ ကြိမ်ဆဲမိခဲ့၍ငရဲခံရလေခြင်း၊ ငယ်ကချစ်ကြင် သက်ထားလင်ကိုလည်း မဟုတ် မမှန် စကားဖြင့် လှည့်စားလိမ်လည်ခဲ့မိ၍ ငရဲ၌ ခံရလေခြင်း" ဟု နောက်ဆုံးအနေ ငိုကြွေးမြည်တမ်းသွားရှာလေသတည်း။

---

၁။ ဓမ္မပဒ—ဋ္ဌ-၂၊နှာ—၁၀၉
၂။ ဝိမာန၊နှာ—၇၃၊ဝိမာန-ဋ္ဌ၊နှာ—၂၀၄
၃။ ပေတ၊နှာ-၂၀၆၊ပေတ-ဋ္ဌ၊နှာ-၂၀၄

# ဿေသိတာရုံ ကျောင်းဒကာ ဿေသကသဌေးကြီး

**ကံထူးသော သဌေး။** ။ကောသမ္ဗီပြည်မှ ဿေသိတာရုံ ကျောင်းဒကာ ဿေသကသဌေးကြီးမှာ အလွန်ကံထူးသော ပုဂ္ဂိုလ်ကြီးဖြစ်သည်၊ ၇-ကြိမ်တိုင်တိုင် လုပ်ကြံခံရသော်လည်း သေကံမရောက် သက်မပျောက်ပဲ သဌေးဘဝ ရောက်လာသူ ဖြစ်သည်။ သို့ရာတွင် လုပ်ကြံခံရခြင်းသည် အကျိုးတရားသာတည်း။ အကျိုး ဟူသည်မှာလည်း အကြောင်းနှင့် မည်သို့မျှ မကင်း စကောင်းပါချေ၊ အကြောင်းအသွင် အကျိုးထင်မြဲပါတည်း။

**ဿေသက၏ရှေးအကြောင်း။** ။ဗုဒ္ဓ မြတ်စွာ ပွင့်တော်မမူမီ အချိန်၌ အလ္လကပ္ပတိုင်းတွင် ငတ်မွတ်သည့် ဒုဗ္ဘိက္ခ ရဘေးကြီး ဖြစ်ပေါ် လေသည်၊ ကောတုဟလိက ဆိုသူ၊ (ဿေသက အလောင်း)သည် ဇနီးကာဠီနှင့်သားငယ်ကလေး ကာဠကိုခေါ်

ဆောင်ကာ ကောသမ္ဗီမြို့သို့သွား၍ အသက်မွေးမည်ဟု လမ်းစရိတ်ခွာများ ထုပ်ပိုး ယူဆောင်လျက် ခရီးထွက်ခဲ့လေသည်၊ (ယင်းနှာ-ပုလိပ်ရောဂါ-ဖြစ်ပွား၍ လူအများသေသည်ကို မြင်ရသဖြင့် ထွက်ခွာပြောင်းရွှေ့သည်-ဟုလည်း ဆိုကြသည်) လမ်းတွင် ရိက္ခာကုန်၍အစာမစားကြရသဖြင့် ကလေးကို ထားပစ်ခဲ့ကြဖို့ ခင်ပွန်းသည်က ပြောရာ နူးညံ့သော နှလုံးသားပိုင်ရှင် မိခင်က သူ့အသက်ရှင်လျက် ရှိနေစဉ်တော့ ဘယ်နည်းနှင့်မှ မထားနိုင်ခဲ့ကြောင်း ငြင်းဆိုသဖြင့် ကလေးကို တယောက်တလှည့်စီ ချီ၍ လာကြသည်။

ခင်ပွန်းသည်(ဃောသကအလောင်း)၏ အလှည့်တွင် ထမင်းကလည်းဆာ, မောကလည်းမော, ပန်းကလည်းပန်း, နွမ်းလည်းနွမ်းလှပြီ ဖြစ်၍ ကိုယ်မချိအမိသော်လဲ သားတော်ခဲ့ ဟုသည့်အတိုင်း လက်ပေါ်တွင် အိပ်ပျော်နေရှာသော သားငယ်ကလေးကို ခြုံဖုတ်ငယ်တခုအောက် သစ်ရွက်များပေါ်တွင် ထားပစ်ခဲ့လေတော့သည်၊ ဇနီးသည် သိ၍ သားကလေးကို ပြန်ယူပေးဖို့ ပြောဆိုရင်း ရင်ထုငိုယိုရှာသောကြောင့် ပြန်၍ ယူပေးရလေသည်၊ သားကလေးလည်း အားပြတ်၍ လမ်းတွင်ပင် ဆုံးရှာလေသည်၊ ဃောသကအလောင်းသည်၊ ထိုသို့ ရင်သွေးငယ်ကို 'စွန့်ပစ်ခဲ့ခြင်း အကြောင်းရင်းကြောင့် ဃောသက ဘဝတွင် မွေးစမှ စ၍ ၇-ကြိမ်တိုင်အောင် လုပ်ကြံစွန့်ပစ်ခြင်း ခံရလေသည်၊ မကောင်းမှု ဒုစရိုက်ဆိုသည်မှာ အနည်းငယ်လေးပဲ'ဟု အထင်မသေးထိုက်ပါချေတည်း။

ခွေးဘ၀။ သမီးခင်ပွန်းနှစ်ယောက်တို့သည် ဆက်လက်၍ ခရီးထွက်ခဲ့ကြရာ န္တွားကျောင်းသားအိမ် (ထိုမှာပင် တအိမ်တည်းအမြဲနေသောအိမ်)သို့ ရောက်ရှိလာကြသည်၊ ထိုအိမ်၌ပစ္စေကဗုဒ္ဓတပါး အမြဲ ဆွမ်းဘုဉ်းပေးတော်မူသည်၊ ထိုနေ့တွင် နွားကျောင်းသားအိမ်၌ နွားမွေး၍ နွားမင်္ဂလာပွဲ ပြုလုပ်သည့်နေ့ဖြစ်ရာနွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို ဆွမ်းကပ်ပြီးနောက်ဧည့်သည်သမီး ခင်ပွန်းနှစ်ယောက်တို့ကို သနွားကြင်နာစွာ နို့ဃနာထမင်းကို ထောပတ်များစွာ ထည့်၍ ကျွေးမွေးလေသည်၊ ဇနီးဖြစ်သူသည် 'ရှင်အသက်ရှည်လျှင် ကျမလဲ အသက်ရှည်သည်မည်ပါတယ်၊ ရှင်သာ ဝအောင်စားပါ'ဟု အိမ်သားကိုသာများစွာကျွေး၍ သူမကမူ အနည်းငယ်သာ စားလေသည်၊ ခုနစ်ရက် ရှစ်ရက်ဆာလာသော ခင်ပွန်းသည်မှာ များစွာစားရသော်လည်း အာသာမပြေနိုင်အောင် ရှိရှာလေသည်၊ ခင်ပွန်းသည်ကောတုဟာလိကသည်ကုတင်အောက်တွင်ဝပ်နေသော ခွေးမကြီးအား အိမ်ရှင်က နို့ဃနာထမင်း ကျွေးသည်ကို မြင်ရသည်၊ 'အလွန် ကံကောင်းတဲ့ ခွေးမကြီးပဲ၊ နေ့စဉ် ဒီအစားအစာမျိုးကိုစားနေရတယ်'ဟု အားကျမိယင်း ညနေက ဆာဆာနှင့်လွန်လွန်ကျံကျံ စားခဲ့သောကြောင့် အစာမကြေတော့ပဲ စားပိုးနှင့်ပြီးကွယ်လွန်လေရာ ခွေးမကြီး၏ဝမ်းတွင် ခွေးကလေးသွား၍ ဖြစ်ရှာသည်၊ ဇနီးသည်လည်း သင်္ဂြိုဟ်ခြင်း ကိစ္စပြု၍ သွားလေသူအိမ်သားကို ရည်စူးကာ ပစ္စေကဗုဒ္ဓါအား ဆွမ်းသွတ်လှူဒါန်းသည်၊ သူမသည် 'ဤအရှင်မြတ်သည် ဒီအိမ်ကို အမြဲတန်း ကြွလာတော်မူသည်၊ လှူဖွယ်ပစ္စည်းဝတ္ထုရှိသည်ဖြစ်စေ၊ မရှိသည်

ဖြစ်စေ နေ့စဉ် ရှိခိုးဦးချ ဝေယျာဝစ္စပြုလျက် စိတ်ကို ကြည်ညိုစေရလျှင် ငါ့မှာ ကုသိုလ်အများကြီးရလိမ့်မည်ဟု စဉ်းစား၍ ထိုအိမ်မှာပင် စာရင်းငှားပြုလုပ်နေသည်။

**ခွေးကလေး၏ လုပ်ဆောင်ချက်။** ။နွားကျောင်းသား လည်း မွေးလာသော ဃောသကအလောင်း ခွေးကလေးအား နွားမ တကောင်မှ ထွက်သမျှ နို့ရည်ကို တိုက်ကျွေးစေရာ ခွေးကလေး သည် မကြာမီ ကြီးထွားလာလေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ် လည်း ထိုခွေးကလေးအား ဆွမ်းခဲ တခဲတခဲ အမြဲကျွေးတော်မူသောကြောင့် ခွေးကလေးကလည်း ပစ္စေကဗုဒ္ဓါမြတ်အပေါ် ချစ်ကျွမ်းဝင်လေလည်း၊ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ အထံ တနေ့(၂-ကြိမ်၊ ၂-ကြိမ်)ကျ သွားတိုင်း သွားတိုင်းလည်း ခွေးကလေးကို ခေါ်သွားသည်၊ 'တပည့်တော်များ မအားလပ်သည့်အခါ ဒီခွေးကလေးကိုပဲ အပင့်လွှတ်လိုက်ပါမည်'ဟု ပစ္စေကဗုဒ္ဓါအား လျှောက်ထား၍ မအားလပ်သည့်နေ့များတွင် ထိုခွေးကလေးကိုပင် အပင့်လွှတ်လေသည်၊ အပင့်လွှတ်သည့်နေ့များတွင် ခွေးကလေးသည် ချက်ချင်း ပြေးသွားကာ သခင်က ခြုံဖုတ်များ ပုတ်ပြထားသည့် နေရာများတွင် (၃-ကြိမ်၊ ၃-ကြိမ်) ဟောင်၍ သားကောင်များကို ပြေးသွားစေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သစ်ရွက်ကျောင်းသို့ ရောက်လျှင် (၃-ကြိမ်) ဟောင်ကာ ပင့်လျှောက်၍ အရှင်မြတ်အနီးတွင် ဝပ်နေလေသည်။

ပစ္စေကဗုဒ္ဓါသည် အချိန်ကျ၍ ကြွတော်မူလျှင် ခွေးကလေးသည် ဘေးရန်ကင်းစေရန် ရှေ့မှ ဟောင်၍ဟောင်၍ သွား၏။

အရှင်မြတ်သည် စူးစမ်းလို၍လမ်းမှားသို့ကြွလေရာ ခွေးကလေးသည် ကိုယ်ဖြင့် တား၍တား၍ လမ်းမှန်သို့ပို့သည်၊ တရက်တွင် ထိုကဲ့သို့ ကိုယ်ဖြင့် တားသော်လည်း ခွေးကလေးကို ခြေဖြင့်ကန်၍ လမ်းလွဲသို့ကြွမြဲကြွလျှင် ခွေးကလေးသည် သင်္ကန်းစွန်းကို ကိုက်ဆွဲ၍ လမ်းမှန်သို့သာပို့လေသည်၊ ကြာလျှင် အရှင်မြတ်၏သင်္ကန်းသည် ရိဆွေးလာသဖြင့် နွားကျောင်းသားသည် သင်္ကန်းအစကို လှူလေသည်။

**ခွေးကလေး နတ်သားဖြစ်။** ။ပစ္စေကဗုဒ္ဓါသည် ထိုသင်္ကန်းစကို သင်္ကန်းချုပ်ရန်(တပါးတည်းမဖြစ်၍)အခြား အဖော်များရှိရာသို့ သွားမည့်အကြောင်း အမိန့်ရှိလေသည်၊နွားကျောင်းသားလည်း ထိုအရပ်တွင် ကြာကြာမနေဖို့ လျှောက်ထား အခွင့်ပေးသဖြင့် အရှင်မြတ်သည် ကောင်းကင်သို့ပျံတက်၍ ဂန္ဓမာဒနတောင်ဆီသို့ ကြွတော်မူလေသည်၊ ခွေးကလေးလည်း ပစ္စေကဗုဒ္ဓါကို မျက်စိတဆုံးလိုက်ကြည့်၍ ကွယ်သွားလျှင် ရင်ကွဲနာကျ၍သေရှာလေသည်၊ တာဝတိံသာနတ်ပြည်တွင် နတ်သမီး တထောင်ခြံရံလျက် ကြီးစွာသော စည်းစိမ်ကို ခံစားရလေသည်၊ ပစ္စေဗုဒ္ဓါအပေါ် ချစ်ခင်တွယ်တာ ဘေးရန်ကို ကာကွယ်သော အားဖြင့် ခြသေ့် သစ်ကျား သားရဲများ ပြေးအောင် ဟောင်ခဲ့သောကြောင့် ထိုခွေးနတ်သား တိုးတိုးပြောသောအသံပင် ၁၆-ယူဇနာတိုင်အောင် ပျံ့နှံ့၍ ရိုးရိုးပြောသော အသံကား ယူဇနာတသောင်း ကျယ်ဝန်းသည့် တာဝတိံသာနတ်ပြည် အားလုံးကို

လွှမ်းဖုံး၍တည်လေသည်၊ ထို့ကြောင့် ထိုနတ်သားသည် ဃောသက နတ်သားဟု အမည်တွင်လေသည်-

**မွေးပြီးစ ပဉ္စမ စွန့်ပစ်ခံရ။** ။ထို ဃောသက နတ်သားသည် ခွေးဘဝက လာရ၍ ကုသိုလ် များများ မပါသဖြင့် နတ်ပြည်တွင် ကြာကြာအသက်မရှည်ဘဲ စုတေလျှင် ကောသမ္ဗီမြို့ဝယ် ပြည်တန်ဆာမ၏ ဝမ်း၌ ဝင်စားသည်၊ သမီးကိုသာ မွေးကျွေးသုတ်သင်၍ သားဆိုလျှင် စွန့်ပစ်ကြသည့် ပြည်တန်ဆာမတို့ ထုံးစံအတိုင်း မွေးပြီးစမှာပင် အမှိုက်ပုံတွင် စွန့်ပစ်လေသည်၊ ပစ္စေကဗုဒ္ဓကိုပယောင်၍ ဘေးရန်ကို ကာကွယ်ခဲ့သဖြင့် ကျီးနှင့် ခွေးများ အနားမကပ်နိုင်ကြပဲ အဝေးမှသာဝိုင်းအုံနေကြလေသည်၊ လူတယောက်သည် ခွေးနှင့်ကျီးများ ဝိုင်းအုံနေသဖြင့် သွားရောက်ကြည့်ရှုရာ မွေးကင်းစ ကလေးငယ်မှန်း သိသဖြင့် သားလေးရပြီဟု သားအသွင် ချစ်ခင်လျက်အိမ်သို့ဆောင်သွားလေသည်။

**တထောင်ပေး၍ ဝယ်။** ။ထိုနေ့၌ ကောသမ္ဗီ သဌေးသည် မင်းနန်းတော်သို့သွားလေရာ နန်းတော်မှ ပြန်လာသော ပုရောဟိတ်နှင့်တွေ့၍ နက္ခတ်အနေအထားကို မေးမြန်းလေသည်၊ "ယနေ့မွေးဖွားသောကလေး သဌေးဖြစ်လိမ့်မည်" ဟု ပုရောဟိတ်က အဟောထုတ်လေသည်။ ထိုအချိန်တွင် ကောသမ္ဗီ သဌေးကတော်ကြီးသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်လေသည်၊ သဌေးကြီးသည်အစေအပါးယောကျ်ားကို "သဌေးကတော်ကြီး

မွေး၊ မမွေး သိပြီးမှလာခဲ့ဟု၊ ပြန်ကြည့်ရန် လွှတ်လိုက်လေသည်။ မမွေးသေးကြောင်း သိရ၍ မင်းကြီးနှင့်တွေ့ပြီးနောက် အိမ်သို့ အလျင်အမြန်ပြန်ခဲ့လေသည်၊ အိမ်သို့ရောက်လျှင် သဌေးကြီးသည် ကာဠီဆိုသော ကျွန်မကို မြို့ထည်းတွင် ယနေ့မွေးသည့် ကလေးကို တထောင်ပေး၍ ဝယ်ယူခဲ့ရန်” စေလွှတ်လိုက်လေသည်၊ ကျွန်မလည်း မြို့အနှံ့ လိုက်ရှာစုံစမ်း၍ ထိုကလေးကိုတွေ့ရှိ ဝယ်ယူခဲ့ပြီးလျှင်သဌေးကြီးအား ပေးလေသည်၊ သဌေးကြီးလည်း“အကယ်၍ သူ့မှာသမီးမိန်းကလေးမွေးလျှင် ဤဟာလေးနှင့် ပေးစားမည်၊ သားယောကျ်ားလေးမွေးလျှင်မူ ဤကလေးကို သတ်ပစ်မည်”ဟု ကြံစည်ကာထိုကလေးကို အိမ်မှာပင်မွေးထားလေသည်၊ ၂-ရက် ၃—ရက် လွန်လျှင်သဌေးကတော်ကြီးသည် သားယောကျ်ားလေးကို မွေးဖွားလေသည်။

**ဒုတိယအကြိမ် စသည်။** ။သဌေးကြီးသည် ဤကလေးမရှိလျှင် ငါ့သားကလေးသာ သဌေးအရာရလိမ့်မည်၊ ယခုပဲ သူ့ကိုသတ်မှဟု ကြံစည်၍ သတ်ရန် (လုပ်ကြံရန်) စဘင်စီမံလေတော့သည်၊ ပဌမတွင် နွားခြံတံခါးဝတွင် လည်းကောင်း၊ ဒုတိယအကြိမ် လှည်းလမ်းတွင်လည်းကောင်း၊ တတိယအကြိမ် သင်းချိုင်းခြုံထဲတွင်လည်းကောင်း၊ စတုတ္ထအကြိမ် ခိုးသူ ပစ်ချရာ တောင်ထိပ်မှ တောင်ချောက်ကြီးထဲသို့ လည်းကောင်း ပစ်ချရန် ကာဠီကျွန်မကို စေခိုင်းခဲ့သည်၊ သေ၊ မသေကိုလည်း အသေအချာ သိရှိပြီးမှ ပြန်လာခဲ့ရန် မှာထားလေသည်၊ကာဠီကျွန်မလည်း သဌေးကြီး ခိုင်းစေသည့်အတိုင်းပြုလုပ်လေသည်။

**သင်္ဘေးကြီး၏ပထမလုပ်ကြံချက်။** ။နွားခြံတံခါး၀ ပစ်ချထားရာ၌ အခါတိုင်း နွားအားလုံး၏ နောက်ဆုံးမှထွက်လေ့ရှိသော ခေါင်းဆောင်နွားလား(ဥဿဘ)ကြီးသည် ထိုနေ့တွင်ရှေ့ဆုံးမှ ထွက်လာလည်၊ ကလေးကို ခြေလေးဘက်ကြားတွင်ထား၍ ရပ်နေသည်၊ အခြားနွားများသည် ထိုနွားကြီး၏ ဘေးနှစ်ဖက်မှ ပွတ်တိုက်၍ ခြံအတွင်းမှ ထွက်ကြသောကြောင့် ကလေးလေး မသေပဲ ရှိလေသည်။ နွားကျောင်းသားတွေ့မြင်သဖြင့် "သားကလေးရပြီ"ဟု ဝမ်းမြောက် ဝမ်းသာအိမ်သို့ ယူဆောင်သွားလေသည်။

**ဒုတိယအကြိမ်။** ။လှည်းလမ်းတွင် ပစ်ချထားရာ၌ နံနက်စောစော အရောင်းအဝယ် ထွက်ကြမည့် လှည်းငါးရာတို့သွားလမ်းတွင် နွားသော်လည်းကောင်း၊လှည်းဘီးသော်လည်းကောင်း၊ နင်း၍သေစေရန် ပစ်ထားခြင်း ဖြစ်သည်၊ လှည်းငါးရာတို့၏ အကြီးအမှူး ခေါင်းဆောင်သည် ရှေ့ဆုံးမှ မောင်းလာသည်၊ ကလေးအနီးသို့ရောက်လျှင် နွားများသည် ရှေ့သို့ မသွားကြတော့၊ စုံရပ်နေကြသည်၊ မည်သို့ပင် မောင်းနှင်သော်လည်း ပေကပ်ရပ်နေကြသည်၊ ရိုက်နှက်၍ အတင်းမောင်းနှင်ရာ နွားများသည် ထမ်းပိုးဖွဲ့၍ ထွက်ကြသည်၊ နွားများကိုထပ်၍ တပ်လိုက် ဖွဲ့ထွက်လိုက် တဖန်ထပ်တပ်လိုက် ဖွဲ့ထွက်လိုက်နှင့် အလင်းရောင်ထွက် အရုဏ်တက်၍ လာသည်၊ အကြီးအမှူးလှည်းသမားသည် နွားများ၏ရှေ့တွင် ကလေးငယ်ကို တွေ့ရသည်၊ ဝမ်းမြောက်ဝမ်းသာကလေးငယ်ကိုအိမ်သို့ယူဆောင်သွားသည်။

**တတိယအကြိမ်။** ။ခွေးဘီလူး သဘက်သရဲတို့စားသဖြင့် သေစေရန် သင်းချိုင်း ခြုံထဲ ပစ်ချထားရာ၌လည်း ခွေးဘဝတွင် ပစ္စေကဗုဒ္ဓါအပေါ် ဘေးရန်ကင်းအောင် ဟောင်၍ကာကွယ်ခဲ့သဖြင့် ထိုခွေးစသည်တို့ ကလေးအနီးကိုပင် မသိနိုင်ကြပေ၊ ဆိတ်ကျောင်းသားတယောက်သည် ဆိတ်တို့ကို သုသာန်ဘေးမှ မောင်းနှင်လာရာ ဆိတ်မကြီး တကောင်သည်ခြုံအတွင်းမှ ထိုကလေးငယ်ကို တွေ့၍ နို့တိုက် နေလေသည်၊ ဆိတ်ကျောင်းသား ခြောက်သော်လည်း ဆိတ်မ မထွက်သဖြင့် ဒုတ်ဖြင့် ရိုက်ရန်သွားရာ ကလေးငယ်အား နို့တိုက်နေသည်ကိုတွေ့ရလျှင် သားအသွင် ချစ်ခင်လျက် ကလေးငယ်ကို ယူသွားခဲ့ပြန်သည်။

**စတုတ္ထအကြိမ်။** ။တောင်ထိပ်ပေါ်မှ တောင်ချောက်ကြီးထဲသို့ ပစ်ချရာတွင်လည်း အပေါ်က ဇိမ်ရွှေးပင်များ ပိတ်ပိတ်သဲသဲ ဖုံးအုပ်ရှိနေသော ဝါးရုံကြီးအပေါ်သို့ကျသဖြင့် မသေပဲ ရှိပြန်သည်၊ ဝါးခုတ်လာကြသည့် ကျူထရံသည် (ဝါးကပ်သည်) သားအဖတို့ တွေ့ရှိ၍ ရှင်ပျံကြည်နူး ကလေးထူးကို ကောက်ယူသွားကြပြန်သည်။

**ဃောသက တဲ့။** ။သဌေးကြီးသည် သူ့သားကိုသာ သဌေးဖြစ်စေချင်သည့်ဇောနှင့် ထိုကလေးကို လုပ်ကြံလိုက်ရင်း မသေသဖြင့် တထောင်ပေး၍ ဝယ်လိုက်ရင်း နောက်ထပ်လုပ်ကြံလိုက်ရင်းနှင့် ကလေးငယ်သည် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ရာ ဃောသကဲ ဟုပင် အမည်ရလာသည်၊ ဃောသက လေးသည်

သဌေးကြီး၏ မျက်စိထည်းတွင် ဆူးငြောင့်ခလုပ် ဖြစ်နေသည်။ မသေသေအောင်သတ်ဖို့ နည်းလမ်းကိုသာ အမြဲတစေ ကြံစည်ရှာဖွေ၍ နေလေသည်။

**ပဉ္စမအကြိမ်။** ။သဌေးကြီးသည် သူယော်ချင်းဖြစ်သူ အိုးထိမ်းသည်ထံ သွားပြန်သည်၊ "သားယုတ်ကို လွှတ်လိုက်မည်၊ အိုးများမီးဖုတ်သည့်အခါ သူ့ကိုအပိုင်းပိုင်းဖြတ်တောက်စင်း၍ထည့်သွင်းဖုတ်လိုက်ရန်" ပြောဆိုမှာထားလေသည်၊ စရန်ငွေအဖြစ် ငွေတထောင်ကိုလည်း ပေးလေသည်၊ သဌေးကြီးသည် အိုးဖုတ်မည့်နေ့တွင် "ဖခင်ခိုင်းထားသည့် အလုပ်ကို အပြီးသတ်လိုက်ပါတဲ့" ဟု ပြောချေရန် ဃောသကကို အိုးထိမ်းသည်အထံသို့ လွှတ်လိုက်သည်၊ သဌေးကြီး၏သားအရင်းသည် အဖော်များနှင့် ဂုံညင်းကစားနေသည်၊ သူသည် ဃောသကကို မြင်သဖြင့် လှမ်း၍ခေါ်သည်၊ သူ့ ဂုံညင်းရှုံးနေ၍ ပြန် နိုင်အောင် လုပ် ပေးရန် နှင့် ဃောသက အစား သူ သွားမည့် အကြောင်းကို ပြော သည်၊ ဃော သက "ဖခင်ကြီး ဆို နေ လိမ့် မည်" ဟု ပြော နေ သည့်ကြား၌ပင် သားအရင်းသည် ဇွတ်တွက်သွားသေသည်၊ အိုးထိမ်းသည်လည်း သဌေးကြီးမှာထားသည့်အတိုင်း ဃောသကအထင်ဖြင့် သားအရင်းကို နုတ်နုတ်စင်း၍မီးထဲတွင် ထည့်ဖုတ်လိုက်သည်၊ ဃောသကသည်း ဂုံညင်းကစားရင်း ညီငယ်ကိုပြန်အလာကို စောင့်နေသည်၊ နေကုန်၍ ပြန်မလာမှ အိမ်သို့ပြန်ခဲ့သည်၊ သဌေးကြီးသည် အိုးထိမ်းသည်အထံသို့ သူ့ သားအရင်းသွားသည်ကို သိရလျှင် "အမယ်လေး ကိုယ်ကျိုးကြီးနဲ့ပါပြီ" ဟု

အော်မြည်တမ်းလျက် ချက်ချင်းပင် အိုးထိမ်းသည်အထံ ဒရော သောပါး ပြေးသွားလေသည်၊ အိုးထိမ်းသည်လည်း 'အရှင် သဌေးကြီးအသံမပြုနဲ့လေ၊ အရှင်ခိုင်း ထားသည့် ကိစ္စ ပြီးစီးပါ ပြီ'ဟု ဆီး၍ပြောလေသည်၊ သဌေးကြီးခမျာ တောင်လောက် ကြီးမားသည့် သောကဆူဝေ အပူမီးတွေ လောင်လျက် အလွန် အမင်း စိတ်မချမ်းမသာ ဖြစ်ရရှာသည်၊ သူများကို မနာလို ကိုယ်မှာ ဘေးဒဏ်ထိ မခါအောင် ခံစားရရှာလေတော့သည်။

**ဆင့်မအကြိမ်။** ။သို့ရာတွင် သဌေးကြီးသည် ဃောသကလေး ကို သတ်ရန် အကြံကိုကား မလျော့သေးချေ၊ သေမှပင် လျော့ မည်ဖြစ်သည်၊ သူ အပိုင်စားရသော ရွာပေါင်းတရာက အလုပ် သမားမှူးထံပို့၍ အသတ်ခိုင်းရန် တမျိုးတဖုံ အကြံထုတ်ပြန်လေ သည်၊ "ယခု စာယူလာသူမှာ သူ၏သားယုတ်ဖြစ်ကြောင်း၊ သူ့ကို သတ်၍ကျင်ကြီးတွင်း(အိမ်သာတွင်း)ထဲပစ်ချရန်၊နောင် တွင် ပြုသင့်ပြုထိုက်သည့် ကျေးဇူးတရားကို တုံ့ပြန်ပါမည်"ဟူ သော စာကို ရေး၍ ဃောသကကို အပို့လွှတ်လေသည်၊ အလုပ် သမားမှူးသည် မည်သည့်ရွာတွင် နေသည်၊ ထိုရွာမရောက်ခင် မည်သည့်ရွာကို တွေ့လိမ့်မည်၊ ထိုရွာတွင် သူ၏သူငယ်ချင်း ဂါမက သဌေးဆိုတာ ရှိသည်၊ ထိုဂါမကသဌေးအိမ်တွင် နံနက်စာစား ခေတ္တနား၍အလုပ်သမားမှူးထံ ဆက်လက်သွားလေ"ဟု စာကို ပုဆိုးစွန်းတွင် ချီထုပ်ပေး၍လွှတ်လိုက်လေသည်။

**သတ်မည့်စာ ယူလာသူ။** ဃောသကလည်း မိမိကိုသတ်မည့် စာကို ယူဆောင်၍ ခရီးထွက်ခဲ့သည်၊ ဃောသကလေးမှာ စာ

တတ်ဖို့ ဝေးစွ၊ ကလေးငယ်ဘဝမှစ၍ အသတ်ချည်း ခံနေခဲ့ရရှာသည်ဖြစ်ရာ ယခုလူပျိုပေါက်အရွယ် ရောက်သည်အထိ အသက်ရှည်နေရခြင်းသည်ပင် ကံကြီးလွန်းလှ၍ဖြစ်သည်။ သို့ဖြစ်လေရာ မိမိကို သတ်မည့်စာမှန်း မသိရှာပဲ ယူဆောင်၍ ခရီးနှင်ခဲ့ရာ ဂါမကသဌေးထံ ရောက်ရှိလာခဲ့လေသည်၊ ဂါမကသဌေးလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ကျွေးမွေးပြုစုသည်၊ ခေတ္တအပန်းဖြေ တရေးတမော အိပ်နားနေပြီးမှ ခရီးဆက်ရန်ပြောသဖြင့် ဃောသကသည် အိပ်ရာထက်တွင် လှဲလိုက်ရာ ခရီးကလည်း ပန်းလာရကား မကြာခင် အိပ်ပျော်သွားရှာလေသည်။

**ဖူးစာရှင်။** ထိုဂါမကသဌေးမှာ ၁၅-နှစ်၊ ၁၆-နှစ် အရွယ်သမီးပျိုကလေးရှိသည်၊ သူမသည် ဃောသကဟူသော အသံကို ကြားရလျှင် ကြားရခြင်းပင် ချဉ်းသော ရေစက် ပန္နက်ဘူးသော သစ္စာကြောင့် ချစ်မေတ္တာစိတ် ယိုဖိတ်တွယ်တာ မိလေသည်၊ သူမကား လွန်ခဲ့သည့် လေးဘဝမြောက်က ဃောသကအလောင်း ကောတုဟလိကဓါဇနီ.ကာပိတည်း၊ ဆန်တစလယ်ချက် ဆွမ်းကို ပစ္စေကဗုဒ္ဓါအား ကပ်လှူခဲ့သည့် ကုသိုလ်ကြောင့် ယခုလို ဂါမကသဌေး၏သမီးဖြစ်လာရသည်၊ သူမသည် ဃောသက အိပ်ပျော်နေစဉ် ပုဆိုးစွန်းတွင် ထုပ်ထားသော စာကိုတိတ်တဆိတ်ဖြုတ်ယူ၍ ဘတ်ကြည့်သည်၊ ဃောသကကို သတ်မည့်စာမှန်းသိ၍ ထိုစာကိုဆုတ် ပစ်သည်။

ဤစာကို ယူလာသူမှာ သူ၏သား ဃောသကဖြစ်ကြောင်း၊ သူ့ကို ရွာပေါင်းတရာမှ ရရှိသော ပစ္စည်း ဥစ္စာ လက်ဆောင်

ပစ္စည်းများကို ယူဆောင်၍ သူ၏ကိုယ်စား ဂါမဏိသဌေးသမီးနှင့် ထိမ်းမြားလက်ဆက်ပေးရန်နှင့် ထိမ်းမြား ပေးပြီးနောက် ရွာလယ်တွင် နှစ်ထပ်တိုက်ဆောက်၍ တံတိုင်းကာရံလျက် အစောင့်အရှောက်ဖြင့် ထားရန်၊ ဆောင်ရွက်ပြီးစီးသမျှကိုလည်း သူ့အထံအကြောင်း ပြန်ကြားရန်၊ နောင်တွင် ကျေးဇူးကို ပြန်ပါမည်'' ဟူသော စာကို အသစ်ရေး၍ ဃောသက မသိအောင် ပုဆိုးစွန်းတွင် ပြန်၍ ထုတ်ထားလိုက်သည်။

**သဌေးကြီး မကျန်းမာ။** ။ဃောသကလည်း နောက်တနေ့ နံနက်ပိုင်းတွင် အလုပ်သမားမှူးထံ ရောက်ရှိသွားသည်၊ ဖခင် ကောသမ္ဗိ သဌေးကြီးက စာပေးလိုက်ပါကြောင်းနှင့် စာကို ပေးသည်၊ အလုပ်သမားမှူးလည်း သူ့အပေါ် သဌေးကြီး ဘယ့်လောက် အားကိုးချစ်ခင်သလဲဆိုတာ ကြည့်ကြစမ်းဟုစာကိုပြ၍ ဂုဏ်ယူဝင့်ကြွား အားရဝမ်းသာ ထုတ်ဖော် ပြောကြားလျက် စာမှာပါသည့်အတိုင်း ပြု လုပ် ဆောင်ရွက်ပေးသည်၊ အလုပ်သမားမှူးသည် ရွာလယ်တွင် ဃောသကတို့ အိမ်လည်း ဆောက်လုပ်ပြီးစီးပြီ၊ ဂါမဏိ သဌေး၏ သမီးနှင့်လည်း မင်္ဂလာကိစ္စဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းများကို ကောသမ္ဗိ သဌေးကြီးထံအကြောင်းကြားလိုက်သည်၊ထိုအကြောင်းကို ကောသမ္ဗိ သဌေးကြီးကြားသိရလျှင် ခိုင်းတာမဖြစ် မခိုင်းတာသာ ဖြစ်လာသည်ဟု အကြီးအကျယ် စိတ်ချမ်းမသာဖြစ်ရတော့သည်၊ သားသောကနှင့် ရောစွက်လျက် သဌေးကြီးမှာ ထိုအခါမှစ၍

သွေးဝမ်းပါသော စိတ္တဇရောဂါ စွဲကပ်လာလေရာ အိပ်ယာထည်းတွင် ဘုန်းဘုန်းလဲတော့သည်။

**ပြည်တော်ပြန်။** ။သဋ္ဌေးသမီးသည် သဋ္ဌေးကြီးထံက တစုံတယောက်လာလျှင် သူ့ကိုမပြောပဲ သဋ္ဌေးသားကို သွားမပြောဖို့ လူများကို ပြောဆိုမှာထားသည်၊ သဋ္ဌေးကြီးလည်း သင်း(ဃောသက)ကို ငါ့ဥစ္စာအမွေတွေ မပိုင်ဆိုင်အောင်လုပ်မှ-ဟု ကြံစည်သည်၊ စာရင်းကိုင်စာရေးကိုခေါ်၍သူ့သားကို တွေ့လိုသည်၊ ခေါ်ပေးပါဟု ပြောသည်။ သဋ္ဌေးသမီးသည်သဋ္ဌေးကြီး သုံးကြိမ်တိုင်တိုင် အခေါ်ရောက်မှ သဋ္ဌေးကြီးမှာလည်း အစာပင်မဝင်တော့၊ ရောဂါအခြေအနေဆိုးနေပြီဟုသိမှသဋ္ဌေးသားကို ပြောပြသည်။ ရွာပေါင်းတရာမှ ထွက်ရှိသောအခွန်ဘဏ္ဍာ လက်ဆောင် ပဏ္ဏာများကို ယူဆောင်၍ သဋ္ဌေးကြီးအထံသွားကြသည်၊ သို့ရာတွင် သဋ္ဌေးကြီးမှာ အားနည်းလှပြီဖြစ်၍ ဒါတွေယူသွားလျှင် ကြန့်ကြာနေတော့မည်ဟု သဋ္ဌေးသမီးသည် ထိုပစ္စည်းများကို သူမ၏ မိဘအိမ်တွင် ထားခဲ့သည်။

**သဋ္ဌေးကြီးကွယ်လွန်။** ။ဟိုရောက်လျှင် ရှင်ကဖခင်ကြီး၏ခြေရင်းမှာနေပါ၊ ကျမက ခေါင်းရင်းဘေးမှာနေပါမည်ဟုပြောဆိုမှာထား၍ ခရီးဆက်ကြရာ သူဋ္ဌေးကြီးအိမ်သို့ ရောက်လာကြသည်၊ အိမ်တွင်းသို့ ဝင်မိလျှင်ပင် သဋ္ဌေးသမီးသည် မိမိ၏လူများကို အိမ်၏ရှေ့နောက် ဝဲယာတို့၌ အစောင့် အကြပ်များ ချထားလိုက်တော့သည်၊ သဋ္ဌေးကြီး အနီး ရောက်လျှင်

ကြိုတင် စီမံထားသည့်အတိုင်းဃောသက က ခြေရင်းမှာထိုင်၍ သဌေးသမီးက ခေါင်းရင်းပိုင်းတွင် ထိုင်သည်၊ အလုပ်သမားမှူးက ဃောသက ရောက်လာကြောင်း ပြောပြသည်၊ သဌေးကြီးသည် ဘဏ္ဍာစိုးကို ခေါ်စေ၍ ရှိသမျှ စည်းစိမ်ဥစ္စာများ(စာရင်း)ကို ပြောပြစေသည်။ ဒီကုဋေလေးဆယ်နှင့်တကွ အသုံးအဆောင် ဘဏ္ဍာ လယ်ယာ ဥယျာဉ် စသည့် ပစ္စည်းအားလုံးကို ငါ့သား ဃောသကအား(မပေးဘူး-ဟုပြောဆိုပါလျက်)ပေးပါတယ်”ဟု ပြောဆိုမိလေ၏၊ ထိုစကားကို ကြားရလျှင် သဌေးသမီးသည် သဌေးကြီး နောက်ထပ် စကားပြင်၍ မပြောနိုင်စေရန် ပူဆွေးသောက ရောက်လေဟန် ဆံပင်များဖြန့်၍ ဒါတွေပြောမနေပါနှင့်၊ဒီစကားမျိုးကြားရတာ သမီးတို့ ဝမ်းနည်းလှပါတယ်” ဟုပြောဆိုလျက် ရင်ကိုခွေ၍ (ခေါင်းဖြင့် ဆောင့်တိုက်၍)ငိုလိုက်လျှင် သဌေးကြီး အသက်ထွက်သွားရှာတော့သည်။

**သဌေးရာထူး။** ။သင်္ဂြိုဟ်ခြင်းကိစ္စ အရပ်ရပ်ပြီးဆုံးပြီးနောက် ကောသမ္ဗီဘုရင် ဥတေနမင်းသည် ဃောသကကို အခေါ်တော်လွှတ်သည်၊ ထိုနေ့မှာလည်း မိုးရွာထားသဖြင့် ရေအိုင်လေးများ တင်နေသည်။ ဃောသကသည် ထိုရေအိုင်လေးများကို ခုန်၍ ခုန်၍ မင်းအထံသို့ သွားသည်။ ဥတေနမင်းလည်း ဃောသကလာနေပုံကို လေသာပြူတင်းမှ အလုံးစုံကို မြင်ရသည်။ မင်းအထံ ရောက်လျှင်“ဃောသကဆိုတာ မင်းလား၊ငါ့မှာ ဖခင်မရှိတော့ဘူးဆိုပြီး အားမငယ်နှင့်၊ မင်းဖခင်ရဲ့ အရိုက်အရာကို

မင်းကိုဘဲ ပေးမှာပါ''ဟု အားပေးစကား ပြော၍ ပြန်လွှတ်လိုက်သည်။

ဃောသကသည် အပြန်တွင် ရေအိုင်များကိုခုန်၍ မသွားတော့၊ ရေထဲဖြတ်၍ ဖြေးဖြေး (ဣန္ဒြေသိက္ခာနှင့်) သွားသည်၊ ဥတေနမင်းမြင်ပြန်လျှင် ဃောသကကို ပြန်၍ ခေါ်စေသည်။ ''အလာတုန်းက ရေအိုင်များကို ခုန်ခုန်၍ လာခဲ့တယ်၊ အပြန်မှာဘာ့ကြောင့်မခုန်တော့ပဲ ရေအိုင်ထဲ ဖြတ်သွားရသလဲ''ဟု မေးလျှင် ''ကျွန်တော်မျိုးသည် အလာတုန်းက ဆော့ကစားသည့်အရွယ် ကလေးငယ်ပင် ရှိပါသေးသည်၊ အပြန်တွင်မူ အရှင်မင်းမြတ်က သဌေးရာထူးပေးမည်ဟု အမိန့်ရှိလိုက်သဖြင့်(လူကြီးဖြစ်သွားပြီမို့)အလာတုန်းကလို ခုန်လွှားမသွားပဲ ရေအိုင်ထဲဖြတ်၍သွားပါသည်''ဟု ဃောသကက ပြန်၍ သံတော်ဦးတင်သည်။ ဥတေနမင်းသည် ''တည်ကြည်တဲ့လူပေပဲ၊ ယခုပင် သဌေးဘွဲ့ပေးတော့အံ့''ဟု ကြံ၍ အလုံးစုံ ခုနစ်မျိုးသော အဆောင်အယောင်နှင့်တကွ သဌေးရာထူးကို ပေးအပ်ခန့်ထားလိုက်သည်။ ထိုမှစ၍ ဃောသကသဌေးဟု ထင်ရှားသည်။

**နေ့စဉ်တထောင်ကုန်လှူ။** ။နောင်တွင် ဃောသက သဌေးသည် သူ့ဇနီးသဌေးကတော်ကြောင့် ဒိစည်းစိမ်များကို ရရှိပုံ၊ ကိုယ့်ကိုသတ်မည့်စာကို ကိုယ်တိုင်ယူဆောင်လာပုံ၊ ထိုစာကို သဌေးကတော်က ဆုတ်ပစ်၍ သူနှင့် လက်ထပ်ပေးဘို့ဟူသော စာကို အသစ်ပြောင်းလဲ ရေးခဲ့ပုံ၊ သူမက သဌေးကြီးသေသည် အထိ သူ့ကို စောင့်ရှောက်ခဲ့ပုံ၊ အကြိမ်ကြိမ် သေကြောင်းကြံခံ

ခဲ့ရပုံ၊ကာဋ္ဌိအိမ်စေမကြီးထောက်ခံပြောပြသည့် သဌေးကြီးခိုင်းစေချက်အရ သူမကိုယ်တိုင် အကြိမ်ကြိမ် လုပ်ကြံခဲ့ရပုံအကြောင်းစုံကို ခရေစေ့တွင်းကျ အကုန်အစဉ် သိရှိရလေသည်၊ ဃောသကသည် သံဝေဂကြီးစွာ ရ၍ "မေ့မေ့လျော့လျော့နေတို့ ယသင့်တော့"ဟု စဉ်းစားမိပြီးလျှင် နေ့စဉ် တထောင်ကုန် တထောင်ကုန် အလှူဒါနကြီးကို ဆင်းရဲသား ခရီးသွားစသူတို့အား ပေးကမ်းလှူဒါန်းလေသည်။

**သဌေးသုံးဦးနှင့် ရသေ့များ။** ။ထိုအချိန်တွင် ကောသမ္ဗီမြို့တော်၌ ဃောသကသဌေး ကုက္ကုဋသဌေး ပါဝါရိကသဌေးဟု သဌေးကြီးသုံးဦးတို့ရှိကြသည်။ တဦးနှင့်တဦးလည်း အလွန်ချစ်ကျွမ်းဝင်သည့် သူငယ်ချင်းများဖြစ်ကြသည်။ သူတို့သုံးဦးလုံးပင် ဘုရားရှင် ပွင့်တော်မမူသေး၍ ဟိမဝန္တာမှ ကြွလာကြသော ရသေ့ငါးရာတို့ကို ကိုးကွယ်ကြသည်။ ရသေ့တို့သည် သဌေးသုံးဦး၏ လျှောက်ထားတောင်းပန်ချက်အရ မိုးလေးလတွင် ကောသမ္ဗီ၌နေ၍ ကျန်ရှစ်လတွင် ဟိမဝန္တာ၌ နေကြသည်၊ တနေ့တွင် ရသေ့တို့သည် ဟိမဝန္တာမှ ကောသမ္ဗီသို့ ကြွလာကြစဉ် လမ်းတွင်ရှိသော ပင်ညောင်ပင်ရိပ်တွင် ခိုနားကြသည်။ ဒီပင်ညောင်ပင်ကို အုပ်စိုးသည့် ရုက္ခစိုး နတ်မင်းသည် အလွန်တန်ခိုးကြီးပေလိမ့်မည်။ ဒို့ရသေ့များကို သောက်ရေချို ပေးလျှင်ကောင်းမှာပဲဟု ကြံစည်လေသည်။ နတ်မင်းလည်း ရသေ့များ တောင့်တကြံစည်သည့် ရေများကိုပေးသည်။ ရသေ့များလည်း ဒို့ကြံစည်တိုင်း ပေးပေသည်။ နတ်မင်းကို ကိုယ်တိုင်မြင်ရလျှင်

ကောင်းမှာပဲဟု ဆန္ဒပြုကြပြန်သဖြင့် နတ်မင်းလည်း ကိုယ်ထင်ပြ ရလေသည်။ ရသေ့များက အရှင်နတ်မင်း၏ စည်းစိမ်သည် အလွန်ကြီးမားလှပါပေသည်။ ဘယ်လိုကုသိုလ်မျိုးကို ပြုလုပ်ခဲ့၍ ဒီလောက်ကြီးမားသည့် စည်းစိမ်များကို ရရှိပါသလဲ"ဟု မေးကြသည်။ "သူလုပ်ခဲ့သည့် ကုသိုလ်မှာ နည်းလွန်းလှ၍ ရှက်စနိုးသဖြင့် မပြောပါရစေနှင့်"ဟု နတ်မင်းက အတန်တန်တောင်းပန်သော်လည်း ရသေ့များက အထပ်ထပ်တိုက်တွန်းကြသဖြင့် အောက်ပါအတိုင်း ပြောပြလေသည်။

(ထိုအခါ ဘုရားပွင့်နေလေပြီ)

**သူ့ကယောက်ထဲ ထမင်းပွဲ။** ။ထိုနတ်မင်းသည် လူ့ဘဝတုန်းက အနာထပိဏ်သဌေး၏ အလုပ်သမားတယောက် ဖြစ်ခဲ့သည်။ သူသည် ဥပုသ်နေ့တနေ့၌ တနေ့လုံး တောတွင် အလုပ်လုပ်၍ ညနေစောင်းမှ အိမ်သို့ပြန်ခဲ့သည်။ ထိုနေ့တွင် သူ့တယောက်အတွက်သာ ထမင်းပွဲပြင်ထားသည်ကို တွေ့ရသည်။ စူးစမ်းမေးမြန်းသောအခါ ဥပုသ်နေ့ဖြစ်၍ အိမ်ရှိလူကုန် ဥပုသ်စောင့်ကြောင်းကို သိရသည်။

**အားလုံး ဥပုသ်စောင့်ကြရ။** ။အနာထပိဏ်သဌေး၏ အိမ်တွင် ဥပုသ်နေ့များ၌ အားလုံးဥပုသ်စောင့်ကြရသည်၊ အောက်ထစ်ဆုံး နို့စို့အရွယ် ကလေးငယ်များကိုပင် မွန်းတည့်ပြီးနောက် စတုမဓု ခွန့်စေ၍ ဥပုသ်သည်များဖြစ်အောင် လုပ်ပေးသည်။ မီးထွန်းချိန်ရောက်လျှင် ကလေးအားလုံး "အတ္ထိ ဣမသ္မိံ ကာ

ယေကောသာ လောမာ"စသော ၃၂=ကောဋ္ဌာသပါဠိကို ရွတ်ပြီးမှ အိပ်ကြရသည်။

**အလုပ်သမားဥပုသ်စောင့်ပြီ။** ။ယနေ့ ဥပုသ်နေ့ဖြစ်သည်ကို သတိမေ့နေကြ၍ သူ့အား မပြောမိကြ၊ သူ့တယောက်အတွက်သာ ထမင်းချက်ထားသည်"ဟု သိရလျှင် အလုပ်သမားသည် "ဖြစ်နိုင်လျှင် သူလည်း ဥပုသ်စောင့်လိုပါသည်"ဟု ပြောလေသည်၊ ယခု ထမင်းမစားပဲ သိက္ခာပုဒ်များကို ဆောက်တည်လျှင် နေ့ဝက်ဥပုသ်ရနိုင်ကြောင်း"ကို သဌေးကြီးက ပြောပြသည်။ အလုပ်သမားသည် ထမင်းမစားတော့ပဲ ပါးစပ်ကို ဆေးကြော၍ ဥပုသ်စောင့်လေသည်။ တနေ့လုံး လုပ်ကိုင်ပင်ပန်းလာရှာသော အလုပ်သမားခမျာမှာ ဝမ်းထဲတွင် အစားမရှိသဖြင့် လေထိုးသည့် ရောဂါဖြစ်လာသည်၊ သဌေးကြီးသိ၍ စတုမဓု ကျွေးသော်လည်း "သူသည် နေကုန်ဥပုသ်ကိုမရပဲ နေ့ဝက် ဥပုသ်မျှသာ ရပါသည်။ အပျက်မခံတော့ပါ"ဟု စတုမဓုကျွေးသည်ကို မစားတော့ပေ။ နံနက်အာရုဏ်တက်တွင် ထိုလေထိုးရောဂါဖြင့်ပင် ကွယ်လွန်၍ အောက်ဖော်ပြပါ ပင်ညောင်ပင်၌ ရုက္ခစိုးနတ်မင်းဖြစ်လေသည်။

ရုက္ခစိုးနတ်သည် သူ၏ နောက်ကြောင်းဘဝဖြစ်စဉ်ကို ပြောပြပြီးနောက် ဆက်လက်၍ "ထိုအနာထပိဏ်သဌေးသည် ဘုရားတရားသံဃာ ရတနာသုံးပါးကို ကြည်ညိုသူဖြစ်ပါသည်။ သူ့ကို အမှီပြု၍ နေ့ဝက် ဥပုသ်ကလေးမျှ စောင့်သုံးရသည့် ကုသိုလ်

ကြောင့် ယခုလို စည်းစိမ်များကို ရရှိခံစားရပါသည်”ဟု နိဂုံးချုပ်လျှောက်ထားလေသည်။

**ရသေ့များဘုရားထံသွား။** ။ဗုဒ္ဓဟူသော အသံကို ကြားရလျှင် ရသေ့တို့သည် ရက္ခစိုးနတ်မင်းကို ရှိခိုး၍ “ဗုဒ္ဓလို့ ပြောလိုက်ပါလား”ဟု သုံးကြိမ်တိုင်အောင် ထပ်၍ မေးကြသည်။ နတ်မင်းကလည်း ဗုဒ္ဓလို့ ပြောကြောင်းကို ဖြေလျှင် “ဃောသော ပိ ခေါ သော ဒုလ္လဘော လောကသ္မိံ-လောကမှာ ဗုဒ္ဓဟူသော အသံကို ကြားရဖို့ပင် ခဲယဉ်းလှပေသည်”ဟု ဥဒါန်းကျူးကြသည်၊ ရသေ့များသည် “ဘုရားရှင်အထံ သွားကြရန်၊ သို့ရာတွင် ကျေးဇူးများသည့် သဌေးသုံးဦးတို့ကိုလည်း ဝင်ခေါ်ပြီးမှ သွားရန်”ဆုံးဖြတ်ကြသည်။

ရသေ့တို့သည် နောက်တနေ့တွင် သဌေးသုံးဦးတို့ ဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေးကြသည်၊ လောကမှာ ဘုရားရတနာ တရားရတနာ သံဃာရတနာဟု ရတနာသုံးပါး ပွင့်ထွန်း ပေါ်ပေါက်နေပြီ၊ တို့အဲဒီဘုရားရှင်ထံ သွားကြမလို့၊ သင်တို့ကို စောင့်နေရလျှင် ကြာနေလိမ့်မည်၊ နောက်က လိုက်ခဲ့ကြပေတော့ ဟု ပြောဆိုမှာထား၍ ဘုရားရှင်ထံ သွားကြသည်၊ ဘုရားရှင်၏ တရားတော်ကို နာရ၍ ရသေ့အားလုံး ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်ကြလေသည်။

**သဌေးများ ကျောင်းဆောက်လှူကြ။** သဌေးသုံးဦး တို့သည်လည်း အသီးသီး လှည်းငါးရာဖြင့် ဆွမ်းဆန် သက်နီး ထောပတ်

များရည် တင်လဲစသည့် လှူဘွယ်များကို တင်ဆောင်၍ သာဝတ္ထိသို့ လိုက်ကြသည်၊ ဘုရားရှင်၏ တရားတော်ကို နာရ၍ သဋ္ဌေး သုံးဦးတို့သည်လည်း သောတာပန် တည်ကြလေသည်၊ သဋ္ဌေးကြီးသုံးဦးတို့သည် ၁၅-ရက်ပတ်လုံး အလှူအတန်းကြီး ပေးလှူ၍ ဘုရားရှင်ကို ကောသမ္ဗီသို့ ကြွရောက် ချီးမြှင့်တော်မူဘို့ ပင့်လျှောက်ပြီးလျှင် ကောသမ္ဗီသို့ပြန်ကြလေသည်။

ကောသမ္ဗီသို့ ပြန်ရောက်ကြလျှင် "ဘုရားရှင်တို့သည် ဆိတ်ငြိမ်သောကျောင်း၌ မွေ့လျော်တော် မူကြသည်"ဟု ဘုရားရှင်မိန့်တော်မူလိုက်သည့် အတိုင်း ဘုရားရှင် သီတင်းသုံးတော်မူရန် သင့်လျော်သည့် မိမိတို့၏ ဥယျာဉ်များတွင် အသီးအသီး ကျောင်းတိုက်ကြီးများကို တည်ဆောက်ကြလေသည်၊ ဃောသက သဋ္ဌေးကြီး၏ ကျောင်းတိုက်ကို "ဃောသိတာရုံ" ကုက္ကုဋ သဋ္ဌေး၏ ကျောင်းတိုက်ကို "ကုက္ကုဋာရုံ" ပါဝါရိက သဋ္ဌေး၏ ကျောင်းတိုက်ကို "ပါဝါရိကာရုံ" ကျောင်းတိုက်ဟု ခေါ်တွင်လေသည်၊ သဋ္ဌေးကြီး သုံးဦးတို့သည် ကျောင်းတိုက်ကြီးများ ဆောက်လုပ်ပြီးစီးသောအခါ၊ ဘုရားရှင်ကိုပင့်၍ လှူဒါန်းကြသည်၊ အလှည့်ကျလည်း အသီးသီး ပြုစုကိုးကွယ်ကြလေသည်။

---

၁။ ဓမ္မပဒ—ဋ္ဌ-၁၊နှာ—၁၀၀
၂။ အံ-ဋ္ဌ-၁၊နှာ—၃၂၂
၃။ မ-၁၊နှာ—၃၉၅
၄။ ပဉ္စသံ-ဋ္ဌ-၂၊နှာ၂၉၅

# နိဂြောဓာရုံ ကျောင်းဒကာ သာကီဝင်မင်းများ

**အင်္ဂုသာဝက ၂ ပါး။** ။ဗုဒ္ဓ မြတ်စွာသည် (ဗိမ္ဗိသာရမင်း အကြောင်း၌ ဖော်ပြခဲ့သည့်အတိုင်း) ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်၍ သဗ္ဗညု ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီး၍ ပဉ္စဝဂ္ဂီ၊ ယသဝဂ္ဂီ ဘဒ္ဒဝဂ္ဂီ ဥရုဝေဠညီနောင်ရှင်တလောင်တို့ကို ရဟန္တာဖြစ်စေပြီးနောက်၊ ရာဇဂြိုဟ်သို့ ကြွလျက် ဗိမ္ဗိသာရ မဟာရာဇာ၏ ဝေဠုဝန် ဥယျာဉ်ကို ကျောင်းတိုက် အာရာမ် အဖြစ် အလှူခံယူတော်မူခဲ့သည်၊ အရှင်သာရိပုတြာသည် ပဉ္စဝဂ္ဂီ ငါးဦးတွင် အငယ်ဆုံးဖြစ်သော အရှင်အဿဇိအထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော သစ္စာလေးပါးတရားကို နာရ၍၊ အရှင်မောဂ္ဂလ္လာန်သည်လည်း အရှင်သာရိပုတြာ အထံမှတဆင့် ထိုတရားတော်ကိုပင် နာရ၍၊ မဟာသက္ကရာဇ် ၁၀၃-ခု တပို့တွဲလဆန်း ၁ ရက်နေ့တွင် သောတာပန်တည်ကြ

သည်၊ ဗုဒ္ဓမြတ်စွာအထံလာရောက်၍ ဧဟိ ဘိက္ခု ရဟန်းအဖြစ်ကို ရကြသည်၊အရှင်မောဂ္ဂလ္လာန်သည် လဆန်း၇-ရက်နေ့၌အရှင်သာရိပုတြာသည် လပြည့်နေ့၌ရဟန္တာဖြစ်တော်မူကြသည်။ ဗုဒ္ဓမြတ်စွာသည် အရှင်သာပုတြာကို လက်ျာတော်ရံ၊ အရှင်မောဂ္ဂလ္လာန်ကို လက်ဝဲတော်ရံ အဂ္ဂသာဝကအဖြစ် ဧတဒဂ်ရာထူးဖြင့် ချီးမြှင့်တော်မူခဲ့သည်။

**ရဟန္တာ ၂ သောင်း။** ။ထိုအချိန်တွင် အဂ္ဂသာဝကမထေရ် ၂ ပါးတို့၏ တပည့်များ အပါအဝင် အခြားအမျိုးသားများလည်း ရဟန်းပြုကြသဖြင့် ရာဇဂြိုဟ်နေပြည်တော်သားရဟန္တာပေါင်း တသောင်းအထိ ရှိလာလေသည်။ ထို့ပြင်လည်းခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရာဇဂြိုဟ်မြို့တော်၌ သားတော်ဘုရားရှိသည်–ဟု ကြားသိရသဖြင့် အမတ်ကိုးယောက်တို့ကိုအခြံအရံတထောင်နှင့် ကိုးသုတ်ခွဲ၍ ဘုရားရှင့်အထံသို့ အပင့်လွှတ်လေသည်၊ စေလွှတ်သမျှအမက်တို့ ဧဟိဘိက္ခုရဟန္တာများ ဖြစ်သွားကြ၍ ပြည်တော်သို့ မပြန်ကြတော့ပေ၊ နောက်ဆုံး ဆယ်ကြိမ်မြောက် ဖွားဘက်တော်ကာဠုဒါယီအမတ်ကို အခြံအရံတထောင်နှင့် အတူ အာမခံချက်ဖြင့်ဖြ လွှတ်ပြန်သည်၊ သူတို့လည်း ဧဟိဘိက္ခု ရဟန္တာများ ဖြစ်ကြပြန်ရာ ကပိလဝတ်နေပြည်တော်သား ရဟန္တာပေါင်းလည်း တသောင်း ရှိပြန်လေသည်။

**ရှင်ပင်ဗုဒ္ဓပြည်တော်ကြွ။** ။ကာဠုဒါယီထေရ်၏ "ရှင်တော်ဘုရားကို ခမည်းတော်မင်းကြီးက မြှော်လှုပြီ ဖြစ်ပါကြောင်း၊

ကပိလဝတ်နေပြည်တော်သို့ ပြန်ကြွရန် အချိန် သင့်မြတ်နေပြီ ဖြစ်ပါကြောင်း၊ရာသီဥတုလည်း အလွန်သင့်မြတ်လှပါကြောင်း" များကို ဂါထာပေါင်း ၆၀—ဖြင့် ပင့်လျှောက်ချက်အရ ဗုဒ္ဓ မြတ်စွာသည် ရဟန္တာနှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တော် မှ ယူဇနာ ၆၀-ဝေးကွာသော ကပိလဝတ်မြို့တော်သို့တပေါင်း လပြည့်နေ့မှစ၍ တနေ့လျှင် တယူဇနာ တယူဇနာကျ ဖြေးဖြေး သက်သာကြွတော်မူရာ နှစ်လပြည့်သည့် ကဆုန် လပြည့်နေ့ တွင် ဆိုက်ရောက်တော်မူလေသည်။(စရိယာ ပိဋကနှင့် အင်္ဂုတ္တရ ဋ္ဌကထာ)။

**ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေနိုင်သူ။** ။ကာဠုဒါယီ ထေရ်သည် သုဒ္ဓေါဒနမင်းကြီးအထံ ကောင်းကင်ယံဖြင့် ကြွ၍ သားတော်ကြွလာပြီဖြစ်ကြောင်းကိုကြို တင်အကြောင်းကြားနှင့် သည်၊ သုဒ္ဓေါဒနမင်းကြီးသည်ကာဠုဒါယီထေရ်ကို ဗုဒ္ဓမြတ်စွာ မြို့တော်သို့ မရောက်မချင်း နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးရန် ပင့် လျှောက်သည်၊ ကာဠုဒါယီမထေရ်သည် နေ့စဉ်နန်းတော်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးသည်၊ ယူဇနာ ၆၀—ဝေးသော ခရီးသို့ တနေ့လျှင် တယူဇနာ တယူဇနာကျ ကြွတော်မူ လာသော ဘုရားရှင်အားလည်း နန်းတော်မှဆွမ်းကိုယူဆောင်၍နေ့စဉ်ပင် ဆက်ကပ်သည်၊ ကြွတိုင်းကြွတိုင်းလည်း တရားစကားဟောပြ၍ ဗုဒ္ဓမြတ်စွာကို မဖူးမြော်ရခင်ပင် တနန်းတော်လုံးကို ကြည်ညို စေနိုင်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ကုလပ္ပသာဒက ဧတဒဂ် ဘွဲ့ထူးကို ရရှိတော်မူသည်။(ဧတဒဂ္ဂဝဂ္ဂ အင်္ဂုတ္တရ ဋ္ဌကထာ။)

**နိဂြောဓာရုံကျောင်းတင်လှူ။** သာကီဝင်မင်းတို့သည် ငါတို့၏ အညွန့်အဖူး သိဒ္ဓတ္ထသားထူးကို ဖူးတွေ့ကြရတော့မည်ဟု ဝမ်းသာရွင်ပျ စည်းဝေးကြ၍ သားတော် သီတင်းသုံးနေထိုင်ရန် ကျောင်းနေရာကို ကြည့်ရှုရွေးချယ်ကြသည်၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသည့် နိဂြောဓသာကီဝင် မင်းသား၏ ဥယျာဉ်ကို ကျောင်းနေရာအဖြစ် သတ်မှတ် ရွေးချယ်၍ စီမံဆောက်လုပ် သုတ်သင်ရှင်းလင်း ခင်းကျင်းကြလေသည်၊ ဗုဒ္ဓမြတ်စွာကြွလာတော်မူသောအခါ ရွှေဆိုးမှ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသော မင်းသား မင်းသမီးငယ်လေးများကို ပန်းနံ့သာတို့ဖြင့် ကြိုဆိုပူဇော်စေကြသည်၊ ထို့နောက်မှ မင်းသား မင်းသမီးများ၊ မင်းမိဖုရားများက ပန်းနံ့သာ စသည်များဖြင့် ကြိုဆိုပူဇော်၍ ဗုဒ္ဓမြတ်စွာကို နိဂြောဓာရုံ ကျောင်းတော်သို့ ပင့်ဆောင်ကြသည်၊ ဗုဒ္ဓမြတ်စွာသည် ရဟန္တာနှစ်သောင်း ခြံရံလျက် ကြယ်အပေါင်းဝန်းရံအပ်သော လပြည့်ဝန်း၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်သော အရောင်, အသရေတော်ဖြင့် ကြွတော်မူ၍ နိဂြောဓာရုံကျောင်းတိုက်တော်တွင် သီတင်းသုံး စံနေတော်မူသည်။

**မာနန္ဒိမ်ချိုး မြတ်တန်ခိုး။** သာကီဝင်မင်းတို့သည် မဟာသမ္မတမင်းမှ ဆင်းသက်၍ မပျက်သော မင်းရိုးအမျိုးမာန်ဖြင့် ခက်ထန်ကြ၏၊ ဗုဒ္ဓမြတ်စွာ၏ ခမည်းတော် ဘထွေးတော် မိထွေးတော် ဦးရီးတော် အရီးတော် အစ်ကိုတော် ဘိုးတော် ဘွားတော် တော်စပ်သည့် မင်းမိဖုရားတို့သည် သိဒ္ဓတ္ထမင်းသားသည် အသက်အရွယ် တို့အောက်ငယ်သည်၊ တို့၏သားတည်း၊ တူတည်း၊ ညီ

တည်း၊ မြေးတည်းဟု ရှိမခိုးလိုကြ၊ မင်းသားငယ် မင်းသမီးငယ်တို့ကိုသာ ရှေ့မှနေ၍ ရှိခိုးစေကြသည်၊ သူတို့ကား မင်းသားမင်းသမီးငယ်တို့၏ နောက်မှာနေ၍ ရှိမခိုးကြချေ၊ ဗုဒ္ဓမြတ်စွာသည် ယခုပင် ရှိခိုးစေအံ့ဟု စျာန်အဘိညာဉ် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်တော်မူသည်၊ သာကီဝင်မင်းတို့၏ ဦးခေါင်းပေါ်သို့ ခြေစက်တော် ဖဝါးအစုံမှ မြူမှုန်မြေမှုန်များ ကျစေလျက် အံ့ဩမကုန်နိုင်သော တန်ခိုးပြာဋိဟာကို ပြတော်မူသည်၊ ထိုတန်ခိုးပြာဋိဟာသည် ကဏ္ဍဉယျာဉ်မှူး စိုက်ပျိုးအပ်သော သရက်ပင်အောက်တွင် တိတ္ထိတို့ကို နှိမ်နင်းရန် ပြအပ်သော တန်ခိုးပြာဋိဟာနှင့် ထပ်တူထပ်မျှ ကြီးမားလှပေသည်။

အားလုံးရှိခိုးကြပြီ။ ထိုတန်ခိုးပြာဋိဟာကို ခမည်းတော်မင်းကြီးဖူးတွေ့ရလျှင် ရွှင်ပျသောနှလုံး ပြုံးကြည်သော မျက်နှာဖြင့် ဝမ်းသာအားရ ခညွှတ်မြတ်နိုး ရှိခိုးလို၍ ဤသို့ လျှောက်ထားလေ၏၊ "သားတော်ဘုရား ဖွားတော်မူသည့်နေ့တွင် ခမည်းတော် ကိုးကွယ်သော ကာဠဒေဝိလ ရသေ့အား ရှိခိုးရန် သားတော်ကို ဦးညွတ်စေခဲ့ပါသည်၊ သားတော်ကား ဦးညွှတ်မခံ ခြေတော်ဆန့်၍ စျာန်ရသော ထိုရသေ့ထိပ်ပေါ်၌ ခြေစုံရပ် တည်တော်မူခဲ့ပါသည်၊ ထိုစဉ်ကပင် ခမည်းတော်သည် သားတော်၏ ခြေတော်စုံကို ကြာငုံ လက်အုပ်ဖြင့် ရှိခိုးခဲ့ပါ၏၊ ထိုရှိခိုးခြင်းသည် ပဌမ ရှိခိုးခြင်း ဖြစ်ပါသည်။

လယ်ထွန်မင်္ဂလာပွဲသော နေ့တွင်လည်း သားတော်ကို သပြေပင်ရိပ်တွင် သိပ်ထားခဲ့ပါသည်၊ နေဝန်းသည် လှည့်လည်သွား

လာလျက် ခက်လက်ညွန့်ဝေ သပြေပင်ရိပ် မပြောင်းရွေ့ပဲ နေခြည်မထိုးရအောင် မိုးမြဲတိုင်း မိုးကာ၍ နေသည်ကို အံ့သြဘွယ်ရာ တွေ့မြင်ရပါသည်၊ ထိုစဉ်ကလည်း သားတော်ကို ဒုတိယအကြိမ် ဦးနှိမ်မြတ်နိုး ရှိခိုးခဲ့ပါ၏၊ ထိုရှိခိုးခြင်းသည် ဒုတိယရှိခိုးခြင်း ဖြစ်ပါသည်၊ ဤယခုလည်း ရှု၍ထင်ထင် မမြင်စဘူး အံ့ထူးထူး အဆန်းဆန်းချီးမွမ်း၍ မကုန်နိုင်သော တန်ခိုးပြာဋိဟာအစုံကို ဖူးတွေ့ရပြန်သဖြင့် ဆင့်လောင်း၍ ကြည်ယုံလျက် အစုံသော ခြေတော်မြတ်ကို ဦးညွှတ်မြတ်နိုး ရှိခိုးပူဇော်ပါ၏၊ ဤသို့ ရှိခိုးခြင်းသည် တတိယရှိခိုးခြင်း ဖြစ်ပါတော့သည်ဟု လျှောက်ထား၍ မြတ်မြတ်နိုးနိုး ရှိခိုးလေ၏၊ ခမည်းတော် မင်းကြီး ရှိခိုးလျှင် မည်သူတဦးတယောက်မျှ မနေဝံ့ကြတော့ပဲ၊ ဆွေတော်မျိုးတော် အားလုံး ညွှတ်ရိုးကော်ရော် ပူဇော်မြတ်နိုး ရှိခိုးကြလေသည်။

**ကြာမိုးကြီးရွာ။** ဗုဒ္ဓမြတ်စွာသည် ဆွေတော်မျိုးတော် တို့၏ မာန်စွယ်ကို နှုတ်ပယ်ဖြတ်ချိုး ရှိခိုးစေပြီးလျှင် ကောင်းကင်မှ ဆင်းသက်တော်မူ၍ ဘုရားရှင်နေရာတွင် သီတင်းသုံးတော်မူသည်၊ သာကီဝင် မင်းအပေါင်းတို့သည် ညွှတ်ပျောင်းသော စိတ်ဖြင့် အဆိပ်အတောက် ကင်းလျက် ငြိမ်သက်တည်ကြည်ကြပြီး ဖြစ်ရကား ကောင်းကင်အလုံး ထစ်ချုန်းမြည်ကြွေး၍ မိုးတိမ်အထပ်ထပ် တက်လတ်သဖြင့် ရွက်ချပ်ရွက်လွှာ ပဒုမ္မာကြာတော်၌ရွာသော မိုးပေါက်ကဲ့သို့ ဖြိုးမောက်ချမ်းအေး ကြေးနီအဆင်းရှိသော ရေအယာဉ်စီးလျက် မိုးကြီးသည်းထန်စွာ ရွာလေသည်။

ထိုမိုးသည် စွတ်စေလိုသော သူသာ စွတ်၏၊ မစွတ်စေလိုသောသူ၏ ကိုယ်ပေါ်၌ တပေါက်မျှ မကျချေ၊ ထိုအခြင်းအရာကို မြင်တွေ့ကြရသော သာကီဝင် ပရိသတ်တို့သည် ရင်သပ်ရှုမော အံ့သြကြလျက် အဆက်ဆက်ကာလက ကြားမျှ မကြားစဘူး ထူးထူးခြားခြား ဘုရားရှင် အာနုဘော်တော်ကြောင့် ဆွေတော် မျိုးတော် အစည်းအဝေး၌ နီတွေးသော အရောင်အဝါဖြင့် ကြာတော၌ ရွာသောမိုးကဲ့သို့ အချို့ကား စွတ်, အချို့ လွတ်၍ မြတ်သောမိုးကြီး သည်းထန်စွာ ရွာသွန်းလေသည်၊ အလွန်အံ့သြ ဘွယ် ရှိပေစွဟု ချီးပစကား ပြောကြားမပြီး ရှိကြလေသတည်း။

---

၁။ ဝိ-၃၊နှာ–၁-၅၅။ဝိ-၃–ဋ္ဌ၊နှာ–၂၀၇

၂။ အပဒါန-ဋ္ဌ-၁၊ (နိဒါနကထာ)။ အပဒါန-ဋ္ဌ-၂၊နှာ၂၅၇။

၃။ ဗုဒ္ဓဝံသ-ဋ္ဌ၊နှာ-၇-၃၀

၄။ ဇာတက-ဋ္ဌ-၁ (နိဒါနကထာ)။ ဇာတကဋ္ဌ၇-၊နှာ-၂၄၁

# ဆွမ်းစားကျောင်း ကျောင်းအမ ရောဟနီမင်းသမီး

**အနာကြီးရောဂါရှင်ကလေး။** ။အဓါတပါးဝယ် အရှင်အနုရုဒ္ဓါသည် နောက်ပါရဟန်းငါးရာတို့နှင့် ကပိလဝတ်မြို့တော်သို့ ကြွတော်မူလေသည်၊ အရှင်အနုရုဒ္ဓါ ကြွလာကြောင်း ကြားသိ၍ ဆွေတော် မျိုးတော်တို့သည် အရှင်အနုရုဒ္ဓါထံ လာကြသည်၊ သို့ရာတွင် နှမတော် ရောဟနီမင်းသမီးလေးကား ပါလာခြင်း မရှိပေ၊ အရှင်အနုရုဒ္ဓါက ရောဟနီကောဟု မေးလျှင် သူ့ကိုယ်တွင် ကိုယ်ရေပြားရောဂါဖြစ်သဖြင့် ဒီကိုလိုက်မလာပဲ အိမ်မှာပင် နေရစ်ပါသည်ဟု လျှောက်ထားကြလေသည်။

**ကျောင်း ဆောက်ပြီ။** ။အရှင် အနုရုဒ္ဓါသည် ရောဟနီကို ခေါ်စေကာ လက်ဝတ်တန်ဆာ ရတနာများကို ရောင်းချစေ၍ ဆွမ်းစားကျောင်းအဆောက်ခိုင်းလေသည်၊ ကျောင်းဖြစ်မြောက်

ပြီးစီးရေးအတွက် ဆေ့တော်မျိုးတော်ကိုကို တာဝန်ပေး၍ ကိုယ်တော်တိုင် လည်း ကြောင့်ကျစိုက် စီမံလေသည်၊ ရေဟာနီကိုလည်း ဆွမ်းစား ကျောင်းကို (ဘုံ ၂-ဆင့်) ၂-ထပ် ကျောင်း ဆောက်၍ အပေါ်တွင် ဒိုင်း မြှား(အချင်ရနယ်) တင်ပြီးသည့် အချိန်မှစ၍ ကျောင်းအောက်ထပ်ကို အမြဲ တံမျက်လှည်းရန်၊ နေရာခင်းကျင်းရန်နှင့် အမြဲမပြတ် သောက်ရေအိုးများ တည်ထားရန်တို့ကို စီမံခိုင်းစေလေသည်၊ ရေဟာနီလည်း အရှင်အနုရုဒ္ဓါ စီမံသည့်အတိုင်း လိုက်နာပြုလုပ်ပေသည်၊ ဒိုင်းမြှား တင်ပြီးသည်မှ စ၍ ကျောင်းအောက်ထပ်တွင် တံမျက်လှည်းသည်၊ နေရာခင်းကျင်းသည်၊ သူမ ခင်းထားသည့် နေရာတွင် ရဟန်းတော်များ အမြဲ သီတင်းသုံးကြသည်၊ သောက်ရေအိုးများကိုသည်း နေ့စဉ် တည်ထားသည်၊ထိုစဉ်မှာပင်၊သူ့ ကိုယ်တွင် စွဲကပ်နေသော ရောဂါသည် တဖြည်းဖြည်းညှိုးချောက်လာသည်၊ နှစ်ထပ်ကျောင်းကြီး ဆောက်လုပ်ပြီးစီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်များကို ကျောင်းအတွင်း ပင့်ဆောင် သီတင်းသုံးစေ၍ မွန်မြတ်သော ဆွမ်းကွမ်းကို ကပ်လှူလေသည်။

**ကျောင်းအမ မလာ၍ အခေါ်တော်လွှတ်။** ။ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာက မေးတော်မူ၍ အရှင်အနုရုဒ္ဓါက လျှောက်ထားလေသည်။

(ဘုရားရှင်)ကောင်းမှုရှင်က ဘယ်သူလဲ။

(အရှင်အနုရုဒ္ဓါ)တပည့်တော်၏ နှမ ရေဟာနီပါဘုရား။

(ဘုရားရှင်)အခု သူက ဘယ်မှာလဲ။
(အရှင်အနုရုဒ္ဓါ) အိမ်မှာပါဘုရား။
(ဘုရားရှင်)သူ့ကို ခေါ်လိုက်ကြ။

ဗုဒ္ဓက အမိန့်တော်ရှိသဖြင့် သွားခေါ်ကြရာ သူမသည်မလာလိုပဲ ငြင်းဆိုပေကပ်နေသဖြင့် ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြရာ၊ မရရအောင် ခေါ်ခဲ့ဟု အမိန့်တော်ရှိသဖြင့် အတင်းခေါ်လာကြသည်။

(ဘုရားရှင်)ရောဟနီ ဘာကြောင့် မလာချင်ရတာလဲ၊
(ရောဟနီ)တပည့်တော်မမှာ ရောဂါရှိနေပါ၍ ရှက်သဖြင့် မလာခြင်း ဖြစ်ပါသည်ဘုရား။
(ဘုရားရှင်)ဘာ့ကြောင့် ဒီရောဂါ ဖြစ်တယ်ဆိုတာ သင်သိရဲ့လား။
(ရောဟနီ)မသိပါဘုရား။
(ဘုရားရှင်)ဒီရောဂါဟာ သင့်ရဲ့ဒေါသအပေါ် မှီပြီး ဖြစ်ပေါ်ရသည်ဟု မိန့်တော်မူ၍ အောက်ပါ အတိတ်အကြောင်းကို ဆက်လက် ဟောပြတော်မူသည်။

**ရောဟနီ၏ ရှေးအကြောင်း။** ။ရှေးအတိတ် ဘဝတခုတုန်းက အသင်သည် ဗာရာဏသီမင်း၏ မိဖုရားခေါင်းကြီးပေါ့၊ ကချေသည်မငယ် တယောက်အပေါ် အာဃာတထားပြီး ထိုကချေသည်မ ဒုက္ခရောက်အောင် ကြံစည်ပြုလုပ်ခဲ့သည်၊ အသင်သည် ယားယံစေတတ်သော ခွေးဃယ် ဆီများ ကို ယူ ဆောင် စေ၍၊ အမှုန့်များပြုလျက်၊ ကချေသည်မ မသိရလေအောင် သူမ ၏

အိပ်ရာ ပေါ် နှင့် အဝတ် အစား အခင်း ကော် ဇော် စသည် တို့၏အကြားတွင် ခွေးငယ်မှုန့်များကို ဖြူးထားစေသည်၊ အ ပျော်ကြည့်စား ကစားဟန်ပြု၍လည်း ကချေသည်မ၏ကိုယ် ပေါ် ကြဲဖြန့်ခဲ့သည်၊ ကချေသည်မခမျာတွင် ခဏ ချင်းပင် အဖု အပိန့်များ ဖြစ်လာ၍ မနေနိုင်အောင် ယားယံရှာတော့ သည်၊ သို့ဖြင့် အိပ်ရာသို့သွား၍ လှည်းအိပ်လေရာ အိပ်ရာပေါ် ဖြူးထားသည့် ခွေးငယ်မှုန့်များကြောင့် ပို၍ ပြင်းထန်သော ဝေဒနာ ဖြစ်ရရှာသည်။

**ရောဟနီ**-အသင်သည် အဲဒီလို တဖက်သား ဒုက္ခရောက်အောင် မကောင်းသည့်အလုပ်မျိုးကို-လုပ်ခဲ့သည်၊ ဒါကြောင့် ယခုဘဝ ကိုယ်ရေပြားရောဂါ ဖြစ်ရသည်၊ ဒေါသ အာဃာတနှင့် ငြူစူ စောင်းမြောင်း မကောင်းသည့် ဣဿာဆိုး တရားတို့ကို အနည်း ငယ်လေးပင် ဖြစ်စေကာမူ မပြုလုပ် မထားသင့်ကြောင်းကို မိန့် တော်မူ၍ အောက်ပါ ဂါထာဖြင့် ဒေသနာ နိဂုံး အဆုံးသတ် တော်မူသည်။

ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗ မတိက္ကမေယျ၊
တံ နာမရူပသ္မိံ မသဇ္ဇမာနံ၊
အကိဉ္စနံ နာနု ပတန္တိ ဒုက္ခာ။

ကောဓံ-ဒေါသခက်ထန် အမျက်လျှံ၍ ညိုးရန် စိတ်ဆိုး စိတ် ကောက်မျိုးကို၊ ဇဟေ(ဇဟေယျ)-တရံတဆစ်မျှ မဖြစ်ရအောင်

မုချပုံသေ ပယ်စွန့်လေရာ၏၊ မာနံ-ငါငါထောင်လွှား ငါ တကားဟု မြင့်မားတက်ကြွ မာန်မာနကို၊ ဝိပ္ပဇ ဟေယျ-တရံ တဆစ်မျှ မဖြစ်ရအောင် မုချပုံသေ ပယ်စွန့်လေရာ၏၊ သဗ္ဗံသံ ယောဇနံ-သံသရာဝဋ်မှ မလွတ်ရအောင် တုတ်နှောင်ဖွဲ့ယှဉ် အလုံးစုံသော သံယောဇဉ်ကို။ အတိက္က မေယျ-မဆုယ်မပွား တကယ်မများအောင် ပယ်ရှား လွန်မြောက်လေရာ၏၊ နာမ ရူပသ္မိံ-ခန္ဓငါးပါး နာမ်ရုပ်တရား၌၊ အသဇ္ဇမာနံ-ငါ့ရုပ် ငါ့ ဝေဒနာ ငါ့ခန္ဓာဟု စွဲကာမှတ်ဘိ ကပ်ငြိခြင်း မရှိသော၊အကိဉ္စနံ-ရာဂဒေါသ မောဟကင်းဘိ ကြောင့်ကြလည်း မရှိသော၊ တံ-(ပုဂ္ဂလံ) ဤပြဆိုအပ် ဂုဏ်သကတ်ဖြင့် သင့်မြတ်ထုတ်ဆို ထို ပုဂ္ဂိုလ်သို့၊ ဒုက္ခာ-ကိုယ်စိတ်နှစ်ဝ ပင်ပန်းရသည့် ရှုတ်သမျှ အကြောင်း ဒုက္ခအပေါင်းတို့သည်၊ နာနုပတန္တိ-ကောမမာန စသည် ခပင်း အကြောင်းကင်းသဖြင့် အရှင်းပုံသေ မကျရောက် နိုင်လေကုန် သတည်း။

**ရောဂါကင်းပျောက် ကွယ်လွန်တော့လည်းနတ်ပြည်ရောက်။ ။**

ရောဟနီမင်းသမီးလေးသည် ထိုတရားတော်ကိုနာရ၍ သော တာပန်တည်ပြီးလျှင်ထိုခဏမှာပင် ရောဂါကင်းရှင်း ကိုယ်အဆင်း လည်း ရွှေလိုဝင်းဝါ လှပလာတော့သည်၊ သူမသည် အသက် အတိုင်းတည်နေ၍ ထိုဘဝမှစုတေလျှင် တာဝတိံသာနတ်ပြည် တွင် နတ်သားလေးယောက်တို့၏ နယ်ခြား အလယ်ကြား၌မြင်ရ သူစိတ်နှလုံးကို ချမ်းမြေ့ရှင်ပြုံး ပီတိဖုံးစေနိုင်သော အလှဆုံ အလှဘုရင် အလှထိပ်ခေါင်တင် နတ်မိမယ်လေး ဖြစ်ရလေသည်၊

နတ်သားလေးယောက်တို့သည် သူမကို မြင်လျှင် ချစ်စိတ်ဝင်၍ သူရထိုက် ငါရထိုက် ငြင်းခုံလုယက်ကြရာ နောက်ဆုံးတွင် အဆုံးအဖြတ်ပေးဖို့ သိကြားမင်းအထံ ရောက်ရှိလာကြသည်။

**သိကြားမင်း မိဖုရားအဖြစ်။** ။သိကြားမင်းလည်း ရောဟနီနတ်သမီးလေးကို မြင်လျှင်မြင်ခြင်းပင် ချစ်ခင်ယိုဖိတ် မျိုမသိပ်နိုင်အောင် မေတ္တာစိတ်သက်ဝင်၍ နတ်သားလေးယောက်တို့ကို 'ဒီနတ်သမီးကို မြင်ရသည့်အချိန်မှစ၍ အသင်တို့ရဲ့ စိတ်ထဲဘယ်လိုနေသလဲ' ဟု မေးလေသည်။

(ပထမနတ်သား)အကျွန်ုပ်သည် သူမအပေါ် ချစ်ရသည့် အချစ်စိတ်သည် စစ်မြေပြင်မှာ စစ်စည်ကြီးဟီးသကဲ့သို့ အဆက်မပြတ် ဒလစပ်ဖြစ်နေ၍ အချစ်စိတ်ဓာတ် တန့်ရပ်သွားအောင် မစွမ်းဆောင်နိုင်တော့ပါ။

(ဒုတိယနတ်သား)တောင်ထိပ်မှ စီးဆင်းသည့် ရေအလျှင်ကဲ့သို့ အကျွန်ုပ် သူမအပေါ် ချစ်ရသည့် ချစ်မေတ္တာရေအလျှင်သည်လည်း အရှိန်ပြင်းစွာ ဒလဟောစီးဆင်းနေပါသည်။

(တတိယနတ်ဘား)အကျွန်ုပ် သူမအပေါ် ချစ်ရသည့် အချစ်မျက်လုံးတွေသည် ပုဇွန်မျက်လုံးကဲ့သို့ ပြူးထွက်လို့နေကြပါသည်။

(စတုတ္တနတ်သား)အကျွန်ုပ် သူမအပေါ် ချစ်ရသည့် အချစ်စိတ်
သည် စေတီ(အမြင့်)တွင် စိုက်ထူထားအပ်
သော တံခွန်ကဲ့သို့ တဖြတ်ဖြတ် လှုပ်ရှား၍
နေရပါသည်။

(သိကြားမင်း)သင်တို့အချစ်မှာ ဒီမျှသာဖြစ်၍ အသက်မထိ
ခိုက်နိုင်သဖြင့် ဖြေသိမ့်နိုင်စရာရှိပါသေးသည်၊
ငါမှာတော့ သူမကိုမှ မရလျှင် သေပွဲဝင်ရပါ
တော့မည်။

သိကြားမင်းက ဤသို့ပြောလေလျှင် နတ်သားလေးယောက်တို့သည် အရှင်သိကြားမင်း သေမှာကို အလိုမရှိကြပါ၊ (အရှင်သိကြားမင်းအချစ်က ပိုမိုကြီးမားပါပေသည်၊ သူမကို အရှင်သိကြားမင်းသာယူပါတော့)ဟု ရောဟနီကို သိကြားမင်းအား ပေးအပ်၍ပြန်သွားကြရလေသည်၊ ရောဟနီနတ်သမီးသည် သိကြားမင်းချစ် မြတ်နိုးအပ်သည့် နတ်မိဖုရားတပါး ဖြစ်လာလေသည်၊ ရောဟနီနတ်သမီးသည် သိကြားမင်းကို မည်သည့်-ကပွဲသို့လိုက်ပို့ပေးပါဟု ပြောလှာပူဆာလျှင် သိကြားမင်းသည် သူမ၏စကားကို မပယ်ရှားနိုင်အောင် ရှိရလေသည်။

---

၁။ ဓမ္မပဒ ဋ္ဌ-၂၊နှာ-၁၉၂။

# ရာဇကာရာမ ကျောင်းဒကာ ကောသလမင်း

**ရာဇကာရာမကျောင်းတိုက်။** ။သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ကြီး အနီးတွင် ရာဇကာရာမကျောင်းတိုက်-ဟု ရှိသေးသည်။ ကျောင်းဒကာမှာ ပသေနဒီကောသလ မင်းကြီးတည်း။ ထိုကျောင်းဖြစ်လာပုံမှာ ရိုးရိုးဖြစ်ရိုးဖြစ်စဉ် သဒ္ဓါတရားအလျောက် ဖြစ်လာရသည်မဟုတ်၊ ထူးခြားသော အကြောင်းတခုကြောင့် ထိုကျောင်းတိုက် ဖြစ်ပေါ်လာရသည်၊ တချိန်တွင် မင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအပေါ် ပြစ်မှုတခု ကျူးလွန်မိသည်။ ထိုအပြစ် ကျေပါစေတော့—အနေဖြင့် တနည်းအားဖြင့် ထိုအပြစ်ကျူးလွန်မိခြင်းနှင့် ဆက်စပ်၍ သူ ဆောက်လှူသောကျောင်းလည်း သာသနာတော်တွင် မရှိသေးသဖြင့် ထိုကျောင်းတိုက်ကြီး ဖြစ်လာရပေသည်။ သို့ရာတွင် ထိုကျောင်းတိုက်ကြီး ဆောက်လှူရသော်လည်း ထိုအပြစ်ကား ကျေပျောက်

သွားခြင်း မရှိတော့ပါ။ သူ ကျူးလွန်မိသော အပြစ်ကြောင့် မင်းကြီးခမျာ နန်းတော်ပေါ်တွင် မင်းအဖြစ်နှင့် နတ်ရွာမစံရရှာ တော့ပါ။ တိုင်းပြည်အာဏာ အသိမ်းခံရ၍ တူတော် အဇာတ သတ်ထံ အကူအညီတောင်းရန် အသွား လမ်းဘေးက ဇရပ်ပေါ် မှာပင် အထီးကျန်မွဲ သူဆင်းရဲပမာ သေရရှာသည်။

**တိတ္တိတို့ အကြံအဖန်။** ။ဗုဒ္ဓမြတ်စွာသည် ပဥ္စမဗောဓိ ဝါတော် ၂၀–အရွယ်တော်ဖြစ်သည်။လာဘ်သပ်ပကာဘုန်းသမ္ဘာ အလွန် ကြီးမားတော်မူသည်။ ကြည်ညိုသူ ဒကာ ဒကာမ အခြွေအရံ ပေါများတော်မူလှသည်။ ထိုသို့ ဗုဒ္ဓမြတ်စွာမှာ ခြွေရံများ ပြား လာဘ်သပ်ပကာ ဘုန်းသမ္ဘာကြီးမား၍ အထွတ်အထိပ် ရောက် တိုးတက်ကြီးပွားသည်နှင့်အမျှ တိတ္ထိတို့မှာ ဆုတ်ယုတ် သည်။ အခြွေအရံ နည်းပါးသည်၊ လာဘ်လာဘပါးရှားသည်။ သို့ဖြစ်လေရာ တိတ္ထိများစည်းဝေးတိုင်ပင်ကြသည်။ ဆွေးနွေး ကြသည်။ အကြံအဖန်ပြုကြသည်။ ရှင်ဂေါတမ ဤကဲ့သို့ ဘုန်း တန်ခိုး ကြီးခြင်းသည် အခြား သီးခြား သမာဓိစသည့် တစုံတခု ကြောင့်မဟုတ်၊ ဘူမိနက်သန် မြေမျိုးမှန် အဘိုးတန်ဇေတဝန်ကို ရထားလို့သာ ဖြစ်သည်။ ငါတို့လည်း ဒီဇေတဝန်ကျောင်းအနီး မှာ ကျောင်းတိုက်တည်ဆောက်ကြရလျှင် လာဘ်လာဘပေါ်၍ အခြွေအရံများကြလိမ့်မည်-ယု တိုင်ပင်ကြသည်။

တိတ္ထိတို့သည် သူတို့ဆိုင်ရာ ဒကာဒကာမများကိုငွေဘောင်း ခံကြသည်။ တသိန်းခန့်ရရှိကြသောအခါ ကောသလမင်းအထံ သွားကြသည်။ သူတို့ ဇေတဝန်ကျောင်းတိုက်အနီးတွင် တိတ္ထိတို့

ကျောင်းဆောက်ကြမည်ဖြစ်ကြောင်း၊ ရဟန်းဂေါတမနှင့် သူ၏ သာဝကများ လာရောက်ထားပါက လက်မခံပါနှင့်၊ တားမြစ်ခွင့်မပေးပါနှင့်-ဟု ပြော၍ မင်းကြီးအား လက်ဆောင်တံစိုး လာဘ်ထိုးကြသည်။ ကောသလမင်းကြီးသည် လာဘ်ငွေကိုယူ၍ တိတ္ထိတို့သဘော လိုက်လျောလိုက်လေသည်။

**ဗျာဒိတ်စကား။** ။တိတ္ထိတို့သည် သူတို့၏ ဒကာများနှင့်မြေရှင်းခြင်းတိုင်စသောသစ်များ ချခြင်း ပန္နက်ရိုက်ခြင်း တိုင်ထူခြင်း စသည်များကို ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ကြရာ၌ မြင့်သော အသံ ကျယ်သောအသံများနှင့် အုတ်အုတ်ကျက်ကျက် တခဲနက် ဆူညံသောအသံကို ပြုကြသည်။ ဗုဒ္ဓမြတ်စွာသည် ဂန္ဓကုဋိကျောင်းတော်မှထွက်၍အရှင်အာနန္ဒာကို မေးတော်မူသည်။ "ငါးကို လုယက်ကြရာ၌တံငါသည်တွေကဲ့သို့ဆူညံနေသည့်သူတွေကား အဘယ်သူတွေနည်း" "ဇေတဝန်ကျောင်းတိုက်အနီးမှာ တိတ္ထိတို့ကျောင်းတည်ဆောက်နေကြသည့် တိတ္ထိတွေပါအရှင်ဘုရား" "အာနန္ဒာ....ဤတိတ္ထိတို့သည်သာသနာတော်နှင့်ဆန့်ကျင်ဘက်တွေဖြစ်ကြသည်။ ရဟန်းသံဃာတော်များ ချမ်းချမ်းသာသာ မနေရအောင် ပြုလုပ်နှောက်ရှက်ကြလိမ့်မည်။ ကောသလမင်းအားပြောပြ၍ အတားခိုင်းချေ"ဟု အမိန့်ရှိသဖြင့် အရှင်အာနန္ဒာသည် နောက်ပါရဟန်းများနှင့်အတူ ကောသလမင်းအထံ သွားသည်။ သို့ရာတွင် မင်းကြီးသည် တံစိုးလက်ဆောင်ယူထားသည့် အတွက် အရှင်အာနန္ဒာတို့ကို အတွေ့မခံပေ၊ ဗုဒ္ဓမြတ်စွာသည် နောက်ထပ် အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန်တို့ လွှတ်တော်

မူပြန်သည်။ အရှင်သာရိပုတြာတို့လည်း ရှေးနည်းအတိုင်း မင်းကြီးက အတွေ့မခံသဖြင့် ပြန်ခဲ့ကြရသည်။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသည်။ ဗုဒ္ဓမြတ်စွာသည် ထိုခဏမှာပင် ဒီမင်းသည်(ဤအကြောင်းကြောင့်)မင်းအဖြစ်နှင့်သေခွင့်မရရှာတော့လတံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်၊ (ဤဗျာဒိတ်တော်အတိုင်းပင် နောင်တွင် ဗန္ဓုလစစ်သူကြီး၏တူ စစ်သူကြီး ဒီဃကာရာယနသည် ဦးရီးတော် ဗန္ဓုလကို မင်းကြီးက လုပ်ကြံခဲ့သည်ကို ဂလဲ့စားခြေသည့်အနေဖြင့် အာဏာသိမ်း၍ ပိဋ္ဋူပမင်းသားကို နန်းတင်သည်။ ကောသလမင်းကြီးသည် တူတော် အဇာတသတ်ကို အကူအညီတောင်း၍ ပြန်လည်တိုက်ခိုက်သိမ်းယူမည်ဟု-အကူတောင်းရန်အဇာတသတ်ထံသွားသည်။ အချိန်နှောင်းမှ ရာဇဂြိုဟ်သို့ ရောက်သွားရာ နန်းတော်တံခါးများပိတ်သွားသဖြင့် မြို့ပြင်က ဇရပ်တဆောင်တွင် တည်ခိုရင်း ထိုညမှာပင် နတ်ရွာစံရှာသည်။)

**ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ကြွ။** ။နောက်တနေ့တွင် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် နောက်ပါရဟန်းတော်များနှင့်အတူ ကြွတော်မူသည်။ ကောသလမင်းကြီးကား ဘုရားရှင်ကိုယ်တော်တိုင် ကြွလာသဖြင့် အတွေ့မခံပဲ နေ၍ မဖြစ်တော့ပေ။ ဘုရားရှင်ကို ပင့်၍ ယာဂုခဲဘွယ်များ ဆက်ကပ်ရတော့သည်။ ဗုဒ္ဓမြတ်စွာသည် မင်းကြီးကို "အသင်သည် ဤကဲ့သို့ မလုပ်သင့် မလုပ်ထိုက်သည့် အလုပ်မျိုးကို လုပ်နေသည်" ဟု တိုက်ရိုက် မိန့်တော်မမူ၊ သမိုင်းဖြစ်ရပ် ဇာတ်ကြောင်းတပုဒ်ထုတ်ပြ၍ ဒီမင်းကို သိအောင်လုပ်ရ

တော့မည်”ဟု အတိတ်အကြောင်းအရာကို ကောင်းစွာ ဆောင်ပြတော်မူသည်။ မဟာရာဇာ....ရဟန်းတော်များကို အချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပွားကြအောင် မလုပ်ကောင်းဘူး၊ (ရန်တိုက် မပေးကောင်းဘူး) ရှေးတုန်းက မင်းတပါး ရသေ့များကို အချင်းချင်း ရန်ဖြစ်ကြအောင် လုပ်ဆောင်ခဲ့သည့်အတွက် တိုင်းပြည်နှင့်တကွ သမုဒ္ဒရာကျော မျောပါပျက်စီးခဲ့ရဘူးသည်-ဟု....

ရသေ့ ၂ ဖွဲ့။ ။ရှေးတုန်းက ဘာရုနိုင်ငံတွင် ဘာရုမင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်၍နေလေသည်။ ငါးရာစီရှိသော ရသေ့အဖွဲ့ ၂ ဖွဲ့သည် ထိုမြို့သို့လာရောက်၍ သစ်ပင်ကြီးနှစ်ပင်အောက်တွင် အသီးသီး ကိုယ့်အုပ်စုနှင့်ကိုယ်နေထိုင်ကြသည်။ အလိုရှိသမျှ နေထိုင်ကြပြီးနောက် နေထိုင်မြဲ တောင်းခြေသို့ ပြန်သွားကြသည်။ ဤကဲ့သို့ နှစ်စဉ် နှစ်စဉ် လာရောက်ကြ ပြန်သွားကြနှင့် နေထိုင်ကြရာ ကာလအတန်ကြာသောအခါ ရသေ့တဖွဲ့နေသော သစ်ပင်ကြီးတပင်မှာ ခြောက်သွားသည်။ ထိုနှစ်တွင် ခြောက်သွားသော သစ်ပင်ကြီးကို အမှီပြု၍နေကြသော ရသေ့အဖွဲ့သည် အလျင်ဦးစွာ ရောက်ရှိလာကြသည်။ သူတို့နေသည့် သစ်ပင်ကြီးမှာ ခြောက်သွားပြီဖြစ်၍ အခြားရသေ့များနေကြသည့် သစ်ပင်ကြီးသို့ သွားကြသည်။ ဤသစ်ပင်ကြီးသည် အလွန်ကြီးမားသည်။ နှစ်ဖွဲ့လုံးနေလောက်သည်—ဟုကြံ၍ ရသေ့များသည် ထိုသစ်ပင်ကြီးအောက်တပိုင်းတွင် နေကြသည်။ ရသေ့များ ထိုသို့နေကြပြီးနောက် ပိုင်ရှင်ရသေ့များ ရောက်လာကြသည်။ သူတို့၏ နေရာတွင် အခြားရသေ့များ ရောက်နေသည်ကို တွေ့ကြ

ရသည်။ သူတို့သည် မကျေမနပ်ဖြင့် ထိုရသေ့များကို မေးကြသည်။ "အသင်တို့ အဘယ့်ကြောင့် ငါတို့၏နေရာမှာ နေကြသလဲ" "ဆရာတို့....ကျွန်ုပ်တို့ နေရာ သစ်ပင်ကြီးခြောက်သွားလို့ပါ၊ ဒီသစ်ပင်ကြီးဟာလဲ အလွန်ကြီးမားပါတယ်၊ နှစ်ဖွဲ့လုံး နေလောက်ပါတယ်၊ ကျွန်ုပ်တို့လဲ နေပါရစေ" "အသင်တို့ကို နေခွင့်မပေးနိုင်ဘူး၊ ထွက်ပေးကြ" ဟု အတန်တန် တောင်းပန်နေကြရှာသော ထိုရသေ့များကို အတင်းဆွဲထုတ်ပစ်ကြလေသည်။

**ရသေ့များ လာဘ်ထိုးကြ။** ။ဆွဲထုတ်ခံရသော ရသေ့တို့သည် ရှိပေစေ၊ သင်းတို့ကို သိစေမည်ဟု သူတို့၏ ဂုဏ်ပဒ်ဖြင့် ရွှေလှည်းဘီး နှစ်ဘီးနှင့် ငွေဝင်ရိုးကို ဖန်တီးလိုက်ကြသည်။ ရသေ့များသည် ထိုဘီးနှင့်ဝင်ရိုးကို ဘုရမင်းကြီးအား လက်ဆောင်ပဏ္ဏာအဖြစ် ပေးကြသည်။ မင်းကြီးသည် အလွန်နှစ်သက်ကျေနပ်လှသဖြင့် ကျွန်ုပ်ကကော သင်တို့အပေါ် ဘာအကူအညီပေးရမလဲဟု မေးလေသည်။ ရသေ့များက ကျွန်ုပ်တို့နေသော သစ်ပင်ကြီးကို အခြားရသေ့များက အနိုင်ကျင့်ယူထားပါတယ် (အပိုင်စီးထားပါတယ်) ထိုသစ်ပင်ကြီးကို ကျွန်ုပ်တို့အား ပြန်ရအောင် လုပ်ပေးပါဟု ပြောကြလေသည်၊ ဘုရမင်းသည် မင်းချင်းယောကျ်ားတို့ကို စေလွှတ်၍ ထိုရသေ့များကို နှင်ထုတ်စေလေသည်၊ ဆွဲထုတ်ခံရသော ရသေ့တို့သည် ဆင်ခြင်ကြည့်ကြသော် အကြောင်းစုံကို သိရှိကြသည်၊ တို့လဲ လက်ဆောင်တံစိုး လာဘ်ထိုး၍ပြန်ရအောင် လုပ်ကြမည်ဟု တန်ခိုး

ဖြင့် ရွှေရထားအိမ်ကို ဖန်ဆင်းလိုက်ကြသည်၊ မင်းကြီးအား လက်ဆောင်ပဏ္ဏာအဖြစ်ပေးဆက်ကြသောအခါအလွန်သဘော ကျသဖြင့် ရှေးနည်းအတိုင်း ဘာအကူအညီလိုကြသလဲဟု မေး ပြန်သည်၊ ကျွန်ုပ်တို့နေသော သစ်ပင်ကြီးတွင် အခြားရသေ့ တဖွဲ့ ဝင်ရောက်နေထိုင်သည်၊ ထိုသစ်ပင်ကြီးကို ကျွန်ုပ်တို့ အားပြန်ရအောင် လုပ်ပေးပါဟု ပြောကြပြန်သည်။ မင်းကြီး လည်း ရှေးနည်းအတိုင်းပင် မင်းချင်းများကို စေလွှတ်၍ရသေ့ များကို နှင်ထုတ်စေပြန်သည်၊ ရသေ့များအကြီးအကျယ် ခိုက် ရန်ဖြစ်ကြတော့သည်။

**သမုဒ္ဒရာကျော မျောကြပြီ။** ။ရသေ့ များ သည် ဈာန်ရ ပုဂ္ဂိုလ်များဖြစ်ကြပါ၏၊ ထိုသို့ဈာန်ရ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ သော်လည်း 'ဒေါသော အတ္ထံ န ဇာနာတိ' ဟူသည့်အတိုင်း မခံချင်စိတ် တည်းဟူသော တိမ်သလ္လာဖုံးအုပ်နေသဖြင့်အမှန်ကို မမြင်နိုင်ပဲ ရှိကြသည်၊ သတိမဝင် ဥာဏ်မယှဉ်နိုင်ပဲ ဖြစ်နေကြ သည်၊ တို့ရာတွင် တဖြေးဖြေး သွေးအေးလာလောအခါ သူတို့ ၏ အမှားကို မြင်လာကြသည်၊ သူတို့ ပြုမိသည့် အမှုအတွက် နောင်တကြီးစွာ ရလာကြသည်၊သူတို့အမှားကိုမြင်၍ နောင်တ ရလာကြသောအခါ ပဋိပက္ခကြီး ပြေငြိမ်းသွားတော့သည်၊ရန်ပွဲ ကြီး ပြီးသုံး၍တဦးနှင့်တဦး ကြေအေးသွားကြပြီးနောက် ရသေ့ တို့သည် တောင်ခြေသို့သာ ပြန်သွားကြလေသည်၊ ရသေ့ များ ထိုကဲ့သို့ အချင်းချင်း ရန်ခိုက်ဒေါသ ဖြစ်ပွားကြရသည် ကို မြင်တွေ့ကြရသော နတ်များသည် စိတ်မချမ်းမသာ ဖြစ်ကြ

ရသည်၊ ရန်ဖြစ်အောင်ပြုလုပ်သော ဘရုမင်းကို မကျေနပ်ကြ၊ ရသေ့နှစ်ဖွဲ့လုံးကပေးသော လာဘ်ကိုယူ၍ သူတို့ချင်း ရန်ဖြစ်အောင်လုပ်သည်ဟု ဘရုမင်းကို စိတ်ဆိုးကြသည်၊ ထိုကို သည်းမခံနိုင်အောင် စိတ်ဆိုးကြရကား၊ နတ်များသည် ယူဇနာတထောင်အကျယ်ရှိ တိုင်းပြည်နှင့်တကွ ထိုဘရုမင်းကိုသမုဒ္ဒရာအတွင်းသို့ မျောပါသက်ဆင်း၍ ပျက်စီးခြင်းသို့ရောက်အောင်ပြုလုပ်လိုက်ကြလေသည်။

**ကျောင်းဒကာ ကောသလမင်း။** ။ဤသို့ ဗုဒ္ဓ မြတ်စွာက အတိတ်သမိုင်းအလာကို နှိုင်းစာသိရှိနိုင်စေရန် ကောသလမင်းအား ဟောပြတော်မူသည်၊ ကောသလမင်းကြီးသည် ဘုရားရှင်၏ စကားတော်ကို ယုံကြည်သည်၊ ယုံကြည်ထိုက်သည်ဟုယူဆသည်၊ သူ၏လုပ်ဆောင်ချက် အမှားကို သိရှိမြင်တွေ့လာသည်၊ မစူးစမ်း မဆင်ခြင်ပဲ မလုပ်သင့်မလုပ်အပ်တာတွေ လုပ်မိလေခြင်းဟု နောင်တ ရလာသည်၊မင်းကြီးသည်မင်းချင်းယောကျ်ားတို့ကို ချက်ခြင်းလွှတ်၍ တိတ္ထိများကို နှင်ထုတ်ပစ်လေသည်၊ တိတ္ထိများကို ထိုနေရာမှ ဖယ်ရှားနှင်ထုတ်ပြီးနောက် မင်းကြီးစဉ်းစားမိသည်၊ ဘုရားရှင်အား ငါဆောက်လုပ် လှူဒါန်းမည့်ကျောင်းမရှိသေး၊ထိုနေရာမှာဘုရားရှင်အား ငါကျောင်းဆောက်လှူဒါန်းမည်ဟုစဉ်းစားမိသည်။ (ဇေတဝန် ကျောင်းတိုက်ကြီးအတွင်းဝယ် တသိန်းတန် သလဠာဂါရ (ထင်းရှူး) ကျောင်းဆောင်ကြီးကို ကောသလ မင်းကြီး ဆောက်လှူသည်ဟု သုတိမဟာဝါအဋ္ဌကထာ၌ ပြဆိုသည်)။

ဤနည်းဖြင့် ဇေတဝန်ကျောင်းတိုက်ကြီး အနီးတွင် ရာဇကာရာမ (ရာဇကာရုံ) ကျောင်းတိုက်ကြီး ဖြစ်ပေါ်လာရပေသတည်း။

---

၁။ သံ–၃၊နှာ–၃၁၄၊ သံ–၅–၃၊နှာ–၃၁၃

၂။ (ဘရ) ဇာတက–၅၊နှာ–၁၅၅

# မဟာကပ္ပိနမင်း မိဖုရား
# (ရှေးကျောင်းဒကာများ)

**မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီ။** ။ဤမင်း မိဖုရားတို့၏ အတိတ်ဘဝက ကုသိုလ်ပြုခဲ့ကြပုံနှင့် ယခုဘဝ ဗုဒ္ဓမြတ်စွာကို ကြည်ညိုပုံသည် အားရစရာ ကောင်းလှ၏၊ မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီ အလောင်းအလျာ တို့သည် ဘဝတပါးဝယ် ဗာရာဏသီမြို့အနီး အိမ်ခြေထထောင်ရှိသော ရက်ကန်းသည်ရွာ၌ အကြီးအကဲ ရက်ကန်းသည်များ ဖြစ်ကြ၏၊ ဟိမဝန္တာ၌ သီတင်းသုံးတော်မူကြသော တထောင်မျှလောက်သော ပစ္စေကဗုဒ္ဓါတို့သည် မိုးအခါ၌ ဟိမဝန္တာဝယ် မိုးများသောကြောင့် မိုးလေးလပတ်လုံး မြို့ရွာအနီးအပါး၌ သီတင်းသုံး နေထိုင်ကြဖို့ ကြွတော်မူလာကြ၏။

**တရွာလုံးကိုးကွယ်ကြခြင်း။** ။ထိုပစ္စေက ဗုဒ္ဓါ အရှင်သူမြတ်တို့ကို ရက်ကန်းသည်ကြီးဇနီးက မြင်၍မိမိဘို့ရွာ၌ နက်ဖန်နံနက်

ဆွမ်းဘုဉ်းပေးဘို့ရန်လျှောက်လိုက်၏။ နက်ဖန်ဆွမ်း ဘုဉ်းပေးပြီးသောအခါ အိမ်ရှင်မတထောင်ကိုခေါ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဝပ်ချပြီးလျှင် မိုးလေးလပတ်လုံး ဤရွာ၌ သီတင်းသုံးကြဘို့ရန် လျှောက်၍ သီတင်းသုံးကြမည်ဟူသောပဋိညာဉ်ကို ရသောအခါ တအိမ်လျှင် ယောကျ်ားတယောက်စီထွက်၍ သစ်ရွက်ကျောင်း တကျောင်းစီ ဆောက်ကြဘို့ရန် တိုက် တွန်းလေသည်။ ထိုတိုက်တွန်းချက်ကြောင့် အားလုံးထွက်၍သစ်ရွက်ကျောင်းကိုယ်စီ ဆောက်လုပ်ပြီးသောအခါ မိမိတို့ကျောင်း၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါအား ထိုကျောင်း၏ဒါယကာ ဇနီးမောင်နှံတို့က ဆွမ်းဖြင့် ပြုစု လုပ်ကျွေးကြလေသည်၊ ဝါကျွတ်သောအခါ၌လည်း မိမိတို့၏ကျောင်း၌သီတင်းသုံးတော်မူသော အရှင်မြတ်အား သင်္ကန်းကပ်လှူကြလေသည်။

**ကုသိုလ်တိုးပုံ။** ။အချိန်ကျ၍စုတေကြသောအခါ ထိုကောင်းမှုကြောင့် တာဝတိံသာ၌ တစုတဝေးတည်းဖြစ်ကြ၍ ကဿပဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်သို့ ရောက်သောအခါ ဗာရာဏသီမြို့ဝယ် သူကြွယ်အမျိုး၌ဖြစ်ကြ၏၊ ရှေးက ရက်ကန်းသည်ကြီး ဇနီးမောင်နှံသည် ထိုဘဝ၌ သူကြွယ်ကြီး ဇနီးမောင်နှံ ဖြစ်ကြ၏၊ ရက်ကန်းသည်အငယ်များလည်း ထိုဘဝ၌သူကြွယ်အငယ် ဇနီးမောင်နှံများပင် ဖြစ်ကြလေ၏၊ တနေ့သော အခါဝယ် ဘုရားရှင်၏ကျောင်းတော်သို့ (သူတို့အားလုံးတစုတဝေး)တရားနာသွားကြသောအခါ မိုးကြီးသည်းထန်စွာရွာ၏၊ သူတို့မှာ ရင်းနှီးသောကျောင်းမရှိ၍ မည်သည့်ကျောင်းသို့မျှ မဝင်ဝံ့

သောကြောင့် မိုးခိုစရာ နေရာမရခဲ့ကြ၊ ထိုအဖြစ်ကိုအကြောင်းပြု၍ အများစုပေါင်းပြီးလျှင် ဘုရားရှင် သီတင်း သုံးတော်မူဘို့ရာ ကြီးစွာသော ကျောင်းတိုက်ကြီးကို တည်ဆောက်ကြလေသည်၊ ကျောင်းတော်ကြီးပြီးသောအခါ (၇) ရက် ပတ် လုံး ကျောင်းလှူပွဲပြုကြ၍ နှစ်သောင်းသော ရဟန်းတော်များအားလည်း သင်္ကန်းတို့ကို လှူဒါန်းကြလေသည်။

**သူကြွယ်ကတော်ကြီး၏စိတ်ကူး။** ။သူ ကြွယ် ကတော် သည် အများထက်သာ၍ ပူဇော်လို၏၊ ပါဠိလို အနောဇဟု ခေါ်၍ မြန်မာလို လိပ်ဆူးရွှေ(လိပ်သရွှေ)ဟု ခေါ်အပ်သော ပန်းကို နှစ်သက်ရင်းစွဲ ရှိဟန်တူ၏၊ ထိုကြောင့် သင်္ကန်းကို လိပ်ဆူးရွှေပန်းအဆင်းရှိအောင်ဆိုး၍ ထိုသင်္ကန်းကို လိပ်ဆူးရွှေပန်းနှင့်တကွ ဘုရားရှင်အား လှူဒါန်းပြီးလျှင် ဖြစ်လေရာဘဝ၌ တပည့်တော်မ၏ကိုယ်သည် အနောဇာပန်းအဆင်းရှိ၍ အနောဇာ ဟူသော နာမည်ကိုပင် ရပါရစေဟု ဆုတောင်းလေသည်။

**ဤဘုရားလက်ထက်တော်။** ။ထိုဘဝမှ စုတေကြပြီးလျှင် သမီးခင်ပွန်းအားလုံးပင် နတ်ပြည်၌ အတူဖြစ်ကြ၍ ဤဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သောအခါ ထိုအခါက သူကြွယ်ကြီးသည် ကုက္ကုဋဝတီ မင်းနေပြည်တော်ဝယ် မင်းသားဖြစ်၍အရွယ်ရောက်သောအခါ မဟာကပ္ပိနမင်းဟု ထင်ရှားသော မင်းတပါးဖြစ်လာ၏။ တထောင်သောသူကြွယ်တို့လည်း ထိုမြို့၌ပင် အမျိုးအိမ်၌ ဖြစ်ကြ၍ အရွယ်ရောက်သောအခါ အမတ်များ

ဖြစ်ကြလေသည်။ ထိုအချိန်က သူကြွယ်ကတော်များလည်း အမတ်အမျိုးသမီးများဖြစ်ကြ၍ အသီးသီး အမတ်ကတော်ဖြစ်ကြလေ၏။ သူကြွယ်ကတော်ကြီးကား မဒ္ဒတိုင်း မင်းမျိုး၌ဖြစ်၍ သူဆုတောင်းခဲ့သည့် အနောဇာဟူသော နာမည်နှင့်တကွ ဝါဝင်းလှပသော ကိုယ်အဆင်းကိုရ၍ အရွယ်ရောက်သောအခါ မဟာကပ္ပိနမင်း၏ အနောဇာဒေဝီမိဘုရားကြီး ဖြစ်လာလေသည်၊

**ဗုဒ္ဓအကြောင်းကို နားထောင်လေ့ရှိခြင်း။** ။မဟာကပ္ပိနမင်းသည် သူ၏ မြင်းစီးသူရဲကောင်းသုံးယောက်ကို မြင်းလျင်တော်များစီး၍ သုံးယူဇနာတိုင်အောင်သော အရပ်သို့ ဗုဒ္ဓ ဓမ္မ သံဃ ရတနာများ ထွန်းပေါ် မထွန်းပေါ်ကို စုံစမ်းဘို့ရန် နေ့စဉ်စေလွှတ်လေ့ရှိ၏။ သို့သော် ထိုသတင်းကောင်းကို တခါမျှမကြားရ၍ နေ့စဉ်အားပရသောစိတ်ဖြင့် နေရရှာလေသည်။ တနေ့သည်ကား အမတ်တထောင်နှင့်အတူ မြင်းကိုယ်ငါးဖြင့် ဥယျာဉ်သို့သွားစဉ် ခရီးပန်းလာပုံရသော ကုန်သည်ငါးရာ မြို့သို့ဝင်လာသည်ကို မြင်၍ ခေါ်စေပြီးလျှင် အဘယ်အရပ်က လာခဲ့ကြပါသနည်း၊ အသင်တို့အရပ်၌ ဘာသတင်းထူးများ ဖြစ်ပါသနည်းဟု မေးလေသော်....

**ဗုဒ္ဓအကြောင်းကို ကြားရခြင်း။** ။မင်းမြတ်.... သာဝတ္ထိမြို့မှ လာခဲ့ကြပါသည်။ဗုဒ္ဓမြတ်စွာဖြစ်ပေါ်နေပါပြီဟု သံတော်ဦးတင်ကြလေရာ ဗုဒ္ဓဟူသောစကားသံကိုကြား၍ ထိုခဏ၌ပင် တကိုယ်

လုံး ပီတိဖြန်းလျက် ရှင်လန်းဝမ်းမြောက်လှန်းရ(ဟု)ား မေ့သွား ပြန်၏။ သုံးကြိမ်မြောက်မေးပြန်ရာ ရှေးနည်းအတိုင်း ပြော၍ မေ့သွားပြီးမှစတုတ္ထအကြိမ်၌ စိတ်ကိုမေ့မသွားအောင် ထားနိုင် လေသည်။

**ဆုလာဘ်ပေး၍ နောက်ထပ်မေးပုံ။** ။အမောင်တို့ ဗုဒ္ဓပွင့်တော် မူကြောင်း သတင်းကောင်းကြားရသောကြောင့် ကျေးဇူးကြီး လှသော အမောင်တို့အား တသိန်းသော ဆုလာဘ်ပေးပါမည်၊ နောက်ထပ် ဘာသတင်းထူးများ ဖြစ်ပါသေးသနည်း၊ မင်းမြတ် တရားအထူးလည်း ဖြစ်ပေါ်နေပါပြီဟု သံတော်ဦးတင်ကြလေရာ ရှေ့အတိုင်းပင် သုံးကြိမ်တိုင်အောင် ပီတိအဟုန်ဖြင့် မေ့သွား ပြီးမှ လေးကြိမ်မြောက်၌ တရားတော်၏သတင်းကို ပြောပြသည့် အတွက် ကျေးဇူးတင်လှသဖြင့် အသပြာတသိန်း ဆုလာဘ်ပေး ပြန်လေသည်။

**တတိယအကြိမ်။** ။နောက်ထပ် ဘာသတင်းထူးများ ဖြစ်ပါ သေးသနည်းဟု မေးသောအခါ ထိုတရားအတိုင်းကျင့်၍ တရား ထူးရကြသော အရိယာသံဃာတော်လည်း ဖြစ်ပေါ်နေပြီဟု သံတော်ဦးတင်ကြပြန်ရာ ရှေးအတိုင်း သုံးကြိမ်တိုင်အောင်မေ့၍ လေးကြိမ်မြောက်ကြားရာ၌ ဆုလာဘ်တသိန်း ပေးပြန်လေသည်။

**ဗုဒ္ဓအထံတော်သွား၍ ရဟန်းပြုကြပုံ။** ။ထို့နောက် အမတ် များနှင့်အတူ ဗုဒ္ဓအထံတော်သို့သွားဖို့ရန် ဆုံးဖြတ်ကြပြီးနောက်

အနောဇာဒေဝီအထံသို့ ဤသူတို့အား ဆုလာဘ် သုံးသိန်းပေးရန် စာရေး၍၊ အနောဇာဒေဝီကမေးလျှင် ရတနာသုံးပါး၏ အကြောင်းကို သံတော်ဦးတင်သောကြောင့် ဆုလာဘ်သုံးသိန်း ပေးပါကြောင်း ဗုဒ္ဓအထံတော်သို့ ရဟန်းပြုဖို့ရန် သွားကြပြီ ဖြစ်ကြောင်းတို့ကို သံတော်ဦးတင်ဖို့ရန် ပြောပြပြီးလျှင်၊ အမတ် တထောင်နှင့်အတူ ရဟန်းပြုဖို့ရန် ဗုဒ္ဓရှိရာ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော သာဝတ္ထိမြို့သို့ မြင်းကိုယ်စီဖြင့် ခရီးနှင်ကြလေသည်။

**မြစ်များကို ဖြတ်ကျော်ရပုံ။** ။ဤနည်းအားဖြင့် ခရီးနှင်ကြလေရာ ရှေးဦးစွာ ရေအနက် တဂါဝုတ်အကျယ် နှစ်ဂါဝုတ်ရှိသော အပရစ္ဆာမြစ်ကိုတွေ့၍ လှေလည်းမရှိ ဖောင်လည်း မရှိသောကြောင့် ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုကာ မြစ်အတွင်းသို့ မြင်းတို့ကိုနှင်လေရာ ခွာကိုမျှရေမစွတ်ပဲ ဟိုဘက်ကမ်းသို့ ရောက်ကြသည်၊ ထို့နောက် တယူဇနာ၏တဝက်လောက် အနက်အကျယ်ရှိသော နိလဝါဟိနီမြစ်ကို တွေ့ပြန်ရာ တရားဂုဏ်တော်ကို အာရုံပြု၍လည်းကောင်း၊ နောက်တဖန် အနက်အကျယ် တယူဇနာရှိသော စန္ဒဘာဂါမြစ်ကို တွေ့ပြန်ရာ အရိယာသံဃာ့ဂုဏ်တော်ကို အာရုံပြု၍လည်းကောင်း၊ မြင်းများကိုနှင်ကြရာ ခွာကိုမျှရေမစွတ်ပဲ ဟိုဘက်ကမ်းသို့ရောက်ကြသည်။

**ဗုဒ္ဓကိုဖူးရခြင်း။** ။စန္ဒဘာဂါမြစ်ကို ကျော်လွန်သောအခါ ခပ်လှမ်းလှမ်း ကပင် ပည်ညောင်ပင် အောက်၌ သီတင်းသုံး၍

အသင့်ကြိုတော်မူ နေ သော ရောင်ခြည်တော် ခြောက် သွယ်ဖြင့် သပ္ပါယ်သော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ကြရလေသော် 'ကောန်မုချ ဗုဒ္ဓရှင်တော်ပဲ'ဟု ဆိုးဖြတ်၍ မြင်းပေါ်မှဆင်းပြီးလျှင် ကိုင်း ညွတ်သောကိုယ်ဖြင့် အလွန်ရိုသေစွာ အမတ်တထောင်နှင့်အတူ ဗုဒ္ဓမြတ်စွာ၏အနီးသို့ ချဉ်းကပ်လေသည်။

**ရဟန်းပြုကြခြင်း။** ။ထိုအခါ အစဉ်အတိုင်း ဟောတော်မူအပ် သော တရားဒေသနာတော်၏အဆုံး၌အမတ်များနှင့်အတူ သော တာပန်တည်ပြီးနောက် သင်္ကန်းလှူခဲ့သော ကောင်းမှုကြောင့် သပိတ် သင်္ကန်း အထူးမရှာရတော့ပဲ 'ထေ ဘိက္ခဝေါ-ဘိက္ခုတို့ လာခဲ့ကြလော့' စသည်ဖြင့် ခေါ်တော် မူလေသော်—သင်္ကန်း သပိတ် စုံလင်စွာဖြင့် ဝါခြောက်ဆယ်ရသော ရဟန်းတော်ကြီး များကဲ့သို့ အလွန် ကြည်ညိုဘွယ်ကို ဆောင်နိုင်သော ရဟန်း တော်များဖြစ်ကြလေသည်။

**အနောဇာဒေဝီ။** ။ကုန်သည်တို့သည် ရှင်ဘုရင်၏စာနှင့်နှုတ် မှာစကားကိုယူဆောင်၍ အနောဇာဒေဝီအထံသို့ ဝင်ပြီးလျှင် ရှင်ဘုရင်၏စာကိုပြလေရာ 'အဘယ်ကျေးဇူးကို ပြုသောကြောင့် မင်းတရားက အသင်တို့အား ဆုလာဘ်သုံးသိန်းပေးသနည်း'ဟု မေး၍၊သတင်းကောင်းကို သံတော်ဦးတင်လို့ ပေးပါကြောင်းကို ပြောကြလေသည်၊ 'ထိုသတင်းကို သူ့အားလဲ ပြောကြပါဦး'ဟု တိုက်တွန်းသောကြောင့် ဗုဒ္ဓမြတ်စွာဖြစ်ပေါ် ကြောင်း သံတော် တင်ကြ လေသော် .... အနောဇာဒေဝီ လည်း ရှင်ဘုရင် ကဲ့သို့

သုံးကြိမ်တိုင်အောင် ပီတိအဟုန်ကြောင့် မေ့သွားလေသည်၊ လေးကြိမ်မြောက်၌ကား 'ဗုဒ္ဓဟူသော သတင်းကောင်းကိုကြား ရ၍ မင်းတရားက အသင်တို့အား ဆုလာဘ်ဘယ်လောက်ပေး သနည်း' ဟုမေးပြီးလျှင် တသိန်းပေးပါကြောင်းကို သံတော်ဦး တင်ကြလေသည်။

**နှစ်ဆတိုး၍ ဆုလာဘ်ပေးပုံ။** မောင်တော်မင်းတရားက ဤမျှ ကောင်းသော သတင်းထူးကို ကြားရပါလျက် ဆုတော်တသိန်း မျှသာ ပေးသတဲ့လား၊ ထိပ်ထားကတော့ "ဆုတော် သုံးသိန်း ပေးပါမည်" ဟု ပြောပြီးလျှင် နောက်ရတနာ နှစ်ပါးကို ကြား ရာ၌လည်း သုံးသိန်း သုံးသိန်းစီ ပေးလေသည်၊ ထို့နောက် မင်းတရားနှင့်တကွ အမတ်တထောင်လုံးပင် ဗုဒ္ဓရှိတော်မူရာ သာ ဝတ္ထိမြို့သို့ ရဟန်းပြုဘို့ သွားကြတဲ့အကြောင်း စည်းစိမ်အားလုံးကို အလိုရှိသလို သုံးစွဲရစ်ဘို့ရန် မှာကြားလိုက်ကြောင်းကိ သံတော် ဦး တင်ကြလေသည်။

**အနောဇာနှင့် အမတ်ကတော်များ။** အနောဇာဒေဝီသည် အမတ်ကတော် တထောင်တို့ကိုခေါ်၍ ထိုအကြောင်းကို ပြော ပြလေသည်၊ အမတ်ကတော် အားလုံးပင် ရက်ကန်းသည် ရွာတုန်း က ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဆည်းကပ်ခဲ့ဘူးခြင်း၊ ကဿပ ဗုဒ္ဓ၏ လတ်ထက်တော်၌လည်း အတူတကွ ကျောင်းတိုက်အမများ ဖြစ်ခဲ့ခြင်းကြောင့် မင်းနှင့်အမတ်တို့ ထွေးပစ်အပ်သော စည်းစိမ် များကို တံတွေးပေါက်လို သဘောထား၍ မောင်တော်များ

သွားရာလမ်းအတိုင်း ဘိက္ခုနီပြုကြဘို့ရန် ကိုယ်စီကိုယ်ငှ စီးနေကျ အာဇာနည် မြင်းရထား တထောင်ဖြင့် မြို့မှ ထွက်ခွာခဲ့ကြလေ သည်။

**ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ရခြင်း။** ။ဤသို့ ထွက်ခွာကြလေရာ လမ်း ၌တွေ့ရသော မြစ်သုံးစင်းတို့ကို မဟာကပ္ပိန မင်းအမတ်တို့ကဲ့သို့ ရတနာသုံးပါး၏ဂုဏ်တော်ကို အာရုံပြု၍ ကျော်ဖြတ်ခဲ့ကြပြီး နောက် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် သပ္ပါယ်သော ဗုဒ္ဓ မြတ်စွာကို ဖူးမြင်ရလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် သက်နိုး ဝတ်ပြီး ကတုံးကြီးနှင့် တွေ့ကြရလျှင် စိတ်မချမ်းမသာဖြစ် စရာရှိသောကြောင့် အမတ်များနှင့် မဟာကပ္ပိနမင်းကို တန် ခိုးတော်ဖြင့် ကွယ်ထားတော်မူသည်။

**တရားထူးရကြခြင်း။** အမတ်ကတော်များနှင့်အတူ မိဖုရား လည်း ဗုဒ္ဓအထံတော်သို့ ရှိသေစွာချဉ်းကပ်၍ 'မဟာကပ္ပိနမင်းနှင့် အမတ်အများ ဗုဒ္ဓအထံတော်သို့ သွားကြပါသည်၊ ယခု ဘယ်မှာ နေကြပါသနည်း''ဟု မေးလျှောက်လေသည်၊ ဗုဒ္ဓမြတ်စွာသည် ''ထိုင်ကြဦး၊ ဤနေရာမှာပင် တွေ့ရလိမ့်မည်''ဟု မိန့်တော်မူ၏၊ ထိုစကားတော်ကြောင့် စိတ်အေးစွာဖြင့် ထိုင်ကြသောအခါ တရားဟောတော်မူ၏၊ ထိုအခါ သောတာပန်တည်ကြ၍ သော တာပန် တည်ပြီးဖြစ်သော မဟာကပ္ပိနနှင့် အမတ် ရဟန်းတော် များလည်း အရဟတ္တဖိုလ်ရ၍ ရဟန္တာများ ဖြစ်ကြလေသည်။

**ဘိက္ခုနီပြုကြခြင်း။** သောတာပန်ဖြစ်ပြီးသောအခါ ရဟန်း ဝတ်နှင့် တွေ့ရသော်လည်း စိတ်ပျက်စရာ မရှိတော့ပြီဖြစ်၍ တန်

ခိုးတော်ကို ရုပ်သိမ်းတော်မူလိုက်ရာ ကောင်းစွာမြင်ကြ၍ ရှိသေစွာ ရှိခိုးဦးချကြလေသည်၊ ထို့နောက် သာဝတ္ထိမြို့သို့ သွားကြ၍ ဥပ္ပလဝဏ်ထေရီမအထံ၌ ဘိက္ခုနီပြုကြလေသည်။

**မှတ်ချက်။** ဤဝတ္ထု၌ရှေး ရှေးဘုရားလက်ထက်တော်တုန်းက ကျောင်းလှူခြင်းစသော ကောင်းမှုဖြင့် သာသနာပြုခဲ့ကြသူတို့သည် နောက် နောက်ဘုရားနှင့် တွေ့သောအခါ "ဗုဒ္ဓ" ဟူသောအသံကို ကြားရရုံဖြင့် ကြက်သီးထလောက်အောင် ပီတိသောမနဿ ဖြစ်တတ်ကြောင်း၊ ထိုပီတိ သောမနဿကြောင့် ဖူးရသောဗုဒ္ဓမြတ်စွာကို ရင်းနှီးစွာကိုးကွယ်၍ တရားထူးရသော အရိယာ၊ သို့မဟုတ် ဘိက္ခုဘိက္ခုနီပြု၍ ရဟန္တာအဖြစ်ဖြင့် ကျွတ်တန်းဝင်နိုင်ကြောင်းကို ကောင်းကောင်းမှတ်သား၍ ဤဘဝ၌ ဖြူစင်သောစိတ်ထားဖြင့် သာသနာပြု ဒကာဒကာမများဖြစ်၍၊ ငါးပါးသီလကို ခါးဝတ်ပမာ လုံစွာမြဲသူများ ဖြစ်ကြလျှင် မိမိဆုအားလျော်စွာ နောက် နောက် ဗုဒ္ဓသာသနာတော်၌ ကျွတ်တမ်းဝင်နိုင်ကြမည်"ဟု မှတ်ခဲ့ပါ။

---

၁။ ဓမ္မပဒ-ဌ-၁၊နှာ-၃၅၁
၂။ အံ-၁၊နှာ-၂၆၊အံ-ဌ-၁၊နှာ-၂၄၆
၃။ သံ-၂၊နှာ၊၄၇၁။သံ-၂၊ဌ၊နှာ-၂၂၃
၄။ အပဒါန်-၂၊နှာ-၁၁၈။အပဒါန်-ဌ-၂၊နှာ-၂၁၈
၅။ ထေရ၊နှာ-၃၀၂။ထေရ-ဌ-၂၊နှာ-၁၇၉
၆။ ဗုဒ္ဓါနုဿတိ ဘာဝနာ၊နှာ-၇၃

# ဇာတိကသင္ချေး (ရှေးကျောင်းဒကာ)

**ကြံခင်းရှင်ညီနောင်။** ။ဝိပဿီဘုရားရှင် သိတင်းသုံးတော်မူရန် ဂန္ဓကုဋိတိုက်ကျောင်းတော်ကို ရတနာ (၇) သွယ်ဖြင့် စီခြယ်ဆောက်လုပ်၍ ကျောင်းတော် ပရိက္ခာတခုလုံးကို ပဆစ်ဒူးမြုပ်လုနီးပါးရတနာ(၇)ပါးအပြည့်လောင်းထည့်လှူဒါန်းခဲ့သော ကုသိုလ်စေတနာကြောင့် ယခုဘဝ သုခဝေဒနာအကြီးအကျယ် ခံစား၍ နည်းအလွယ်နှင့် နိဗ္ဗာန်တံခါးပွင့်သွားသော ဂန္ဓကုဋိတိုက်ကျောင်း ဒါယကာကား ဇာတိက သင္ချေးပင် ဖြစ်သည်။

လွန်ခဲ့သည့်အတိတ်တုန်းက ဗာရာဏသီမြို့တွင် သူကြွယ် ညီနောင် ၂ ဦးတို့သည် အလုပ်သမားများဖြင့် ကြံလုပ်ငန်းကို စိုက်ပျိုးလုပ်ကိုင်ကြသည်၊ တနေ့တွင် ညီသူကြွယ်သည် ကြံခင်းမှ အကိုကြီးဘို့တပင်၊ သူ့ဘို့တပင် ကြံ ၂ ပင်ခုတ်၍ ကြံရည်များ ယိုမကျစေရန် ထိပ်ကိုသစ်ရွက်ဖြင့် စည်းပတ်၍ ယူဆောင်လာခဲ့သည်၊ လမ်းတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးကို တွေ့၍ ပဉ္စမ

သူ့အတွက်ကြံချောင်းမှကြံရည်ကို အရှင်မြတ်အား လှူဒါန်းလေသည်၊ (ထိုခေတ်တွင် ယခုခေတ်ကဲ့သို့ ကြံများကို ကြံရည်ကြိတ်စက်ဖြင့် ကြိတ်စရာမလိုပေ၊ ကြံပင်ကို အရင်းမှ ဖြစ်စေ အဖျားမှဖြစ်စေ ဖြတ်၍ စိုက်ထောင်ပေးလိုက်လျှင် ဓမ္မကရိုဏ်၊ ရေစက်မှ ရေများ ယိုကျသကဲ့သို့ ကြံရည်များအလိုလို ယိုကျရသတတ်) ဤနည်းအားဖြင့် ယိုမကျအောင် စည်းထားသည့် သစ်ရွက်ကိုဖြေ၍ သပိတ်ထည်းသို့ ကြံချောင်း စိုက်ပေးလျက် ကြံရည်ကို လှူဒါန်းလေသည်။

**ညီ၏ဆုတောင်း။** ။ညီသူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ဘုဉ်းပေးတော် မူသဖြင့် "အကိုကြီးသည် တန်ဘိုးကိုပဲလိုလို ကုသိုလ်ကိုပဲလိုလို သူလိုတာကို ပေးတော့မယ်"ဟုကြံစည်လျက် အကိုကြီးအတွက် ကြံကိုလည်း ထပ်၍လှူလိုက်ပြန်သည်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုကြံရည်ကို အခြား ပစ္စေကဗုဒ္ဓါများအတွက်ခံယူ၍ မဘုဉ်းပေးပဲ နေတော်မူသည်။ ညီသူကြွယ်သည် အရှင်မြတ်၏ အရိပ်အခြေကို သိရှိ၍ ရှိခိုးဝပ်ချလျက် ဤကြံရည်ကို လှူရသည့်အကျိုးဆက်ကြောင့် နတ်ပြည်၊ လူ့ပြည်တို့၌ စည်းစိမ်ခံစားရပြီးလျှင် နောက်ဆုံးအရှင်မြတ်ရရှိသော တရားထူးကိုပင် ရရှိလိုပါသည် ဟု ဆုတောင်းလေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပ မေဝ သမိဇ္ဈတု-သင်အလိုရှိအပ် တောင်းတအပ်သော ဆုထူးဆုမြတ် လျင်မြန်စွာပြည့်စုံပါစေ"ဆုပေးနေကျ ၂ ဂါထာဖြင့် အနုမောဒနာပြု ဆုပေးတော်မူသည်၊ ထိုနောက် ထိုညီသူကြွယ်မြင်

စေရန် အဓိဋ္ဌာန်တော်မူလျက် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန ဘောင်သို့ ပြန်ကြွတော်မူပြီးလျှင် အခြားပစ္စေကဗုဒ္ဓါငါးရာတို့ အား ထိုကြံရည်ကို ဆက်ကပ်လေသည်၊

**အကို၏ဆုတောင်း။** ။ညီသူကြွယ်လည်း ပစ္စေကဗုဒ္ဓါ အရှင် သူမြတ်၏ တန်ခိုးပြာဋိဟာကို အစမှအဆုံး အရှင်မြတ်အားလုံး ကြံရည် ဘုဉ်းပေးကြသည်အထိ ပီတိမြူးရွှင် ကြည့်ရှု ဖူးမြင်၍ အိမ်သို့ ပြန်လာသည်၊ကြံခင်းသို့ရောက်ပါလျက် မြည်းရန် ကြံ တချောင်းတလေမျှ မယူခဲ့ကောင်းလားဟုပြစ်တင်ပြောဆိုသော အကိုကြီးကို အကြောင်းစုံ ပြောပြလေသည်၊ ပြောပြနေတုန်း မှာပင်အကိုကြီးသည်တကိုယ်လုံးပီတိစိမ့်လျက်“ထိုပစ္စေက ဗုဒ္ဓါ အရှင်မြတ်သိမြင်ရရှိသော အရဟတ္တဖိုလ်တရားကိုပင် ရလိုပါ၏” ဟုတောင်းဆုပြုခဲ့လေသည်၊ ညီငယ်က လူနတ် နိဗ္ဗာန်၊ ၃ –တန် သောချမ်းသာကို ဆုတောင်း၍၊ အကိုကြီးကမူ တခွန်းတည်းပင် အရဟတ္တဖိုလ်ကို တောင်းဆု ဆိုလေသည်၊ ဤကား သူတို့ (ညီနောင်နှစ်ဦး၏) ရှေးကောင်းမှု ဆုထူးပေတည်း။

**ဝိပဿီဘုရားရှင်လက်ထက်။** ။ထိုသူကြွယ်ညီနောင် ၂-ယောက် တို့ နတ်ပြည်တွင် ရှိနေကြစဉ်ပင် ဝိပဿီဘုရားရှင် ပွင့်ထွန်း တော်မူလာသည်၊ ညီနောင် ၂ ယောက်တို့သည် နတ်ဘဝမှ စုတေ၍ ဗန္ဓုမတီမင်းနေပြည်တွင် အမျိုးကောင်းသူကြွယ်အိမ်၌ အကိုကြီး ညီငယ်အဖြစ်ဖြင့်ပင် ဖြစ်ကြလေသည်။

အကိုကြီး၏အမည်မှာ သေန-ဟုဖြစ်၍ ညီငယ်၏ အမည်မှာ အပရာဇိတ ဖြစ်လေသည်၊ နောင်တော် သေနသူကြွယ်သည်

"လောကဌ် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဖြစ်ထွန်း ပွင့်ပေါ်နေပါပြီ၊ အလှူဒါနတို့ကို ပေးလှူကြပါ၊ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ကြပါ၊ ယနေ့သည် ၈-ရက် ဥပုသ်နေ့ (၁၄-၁၅-ရက် ဥပုသ်နေ့)ဖြစ်ပါသည်၊ ဥပုသ်စောင့်သုံးကြပါ၊ တရားနာကြပါ"ဟု ဓမ္မဃောသက နိဗ္ဗာန်ဆော်က ဗန္ဓုမတီမင်း နေပြည်တွင်း လှည့်လည် ကြွေးကြော်သည့် အသံကို ကြားသိရ သည်၊ များစွာသော လူအပေါင်းသည် နံနက်ခင်းတွင် အလှူ ဒါနပေးလှူကြ၍ နေ့ခင်းတွင် ဗုဒ္ဓမြတ်စွာအထံ တရားနာသွား ကြသည်ကို မြင်ရလေသည်။

ထိုသို့ ကြားရမြင်ရလေလျှင် သေနသူကြွယ်သည် လူအများ နှင့်အတူတူ ကျောင်းတော်သို့ လိုက်သွား၍ ပရိသတ်အစွန် တနေ ရာမှ တရားနာယူသည်၊ ဝိပဿီဘုရားရှင်သည် သေနသူကြွယ်၏ အဇ္ဈာသယကို သိတော်မူ၍ ဒါန၊ သီလစသော တရားစကားကို အစဉ်အတိုင်း ဟောတော်မူသည်၊ သေနသူကြွယ်သည် ထိုတရား တော်ကိုနာရ၍ ညီငယ်ကတားနေသည်ကြားမှပင် ဇာတ်ထွက်ကာ ရဟန်းပြု၍ မကြာမီပင် ရဟန္တာဖြစ်လေသည်။

**ဂန္ဓကုဋီကျောင်းတော်ဆောက်။** ညီဖြစ်သူအပရာဇိတသူကြွယ် သည် နောင်တော် သေန ရဟန်းပြုသောအခါ ရဟန်းခံပွဲ ပူဇော် သဘင် ဆင်ယင်သည့်အနေဖြင့် ခုနစ်ရက်ပတ်လုံး ဘုရားအမှူး ရှိသော သံဃာတော်များအား အလှူကြီးပေးလှူသည်၊ နောင် တော် သေနထေရ် စီမံညွှန်ကြားသည့်အတိုင်း ဝိပဿီဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋီကျောင်းတော်ကိုလည်း ဆောက်

လေသည်၊ ဂန္ဓကုဋိကျောင်းတော်ကြီးကို ရွှေစီခြယ်သောတိုင်၊ ငွေစီခြယ်သောတိုင်၊ ပတ္တမြား စီခြယ်သောတိုင် စသည်ဖြင့် ရတနာ ၇-သွယ် စီခြယ်အပ်သော တိုင်များဖြင့်ဆောက်သည်၊ အမိုးကိုလည်း ရတနာ ၇-သွယ် စီခြယ်အပ်သော အမိုးအုတ်တို့ဖြင့် မိုးထားလေသည်။

**ဆူးမြတ်အောင်ပင်တန်းဆာဆင်။** ဂန္ဓကုဋိကျောင်းတော်ကြီးတွင် ရတနာခုနှစ်ပါး အတိပြီးသော ပြုတွင်းပေါက်ကြီး သုံးပေါက်ပါရှိလေသည်၊ အပရာဇိတသူကြွယ်သည် ထိုပြုတွင်းပေါက်ကြီးသုံးပေါက်တို့၏ ရှေ့မျက်နှာ တည့်တည့်တွင် လေးထောင့် ရေကန်ကြီးသုံးလုံးတို့ကို တူးဖော်ပြုလုပ်၍ ထိုကန်ကြီးများထဲတွင် နံ့သာလေးမျိုးရေအပြည့်ထည့်ထားသည်၊ ကြာမျိုးငါးပါးကိုလည်း စိုက်ပျိုးထားသည်၊ ရည်ရွယ်ချက်မှာ ဗုဒ္ဓမြတ်စွာ ဂန္ဓကုဋိတိုက်တော်အတွင်း သီတင်းသုံးနေတော် မူသောအခါ လေပြေလေညင်း ဆော်သွင်းယူဆောင်လာသည့် ကြာဝတ်မှုံတို့ ဘုရားရှင်ကိုယ်တော်ကို ကြဲဖြန့်ထိတွေ့စေရန်ဖြစ်သည်။

ဂန္ဓကုဋိတိုက် ကျောင်းတော် ထုပိကာ၏ လေးမျက်နှာ အလှာတို့ကို ရွှေနီဖလံဖြင့်၎င်း၊ အထွဋ်ကိုသန္တာဖြင့်၎င်း၊ ထုပိကာ၏ အောက်အမိုး အုတ်များကို မြဖြင့်၎င်း ပြုလုပ်ထားသည်၊ ဤသို့ပြုလုပ်စီမံထားသဖြင့် ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး၏ အထွတ်ထုပိကာသည် က နေသော ဥဒေါင်းသဘွယ် တင့်တယ် လှပလှပါပေသည်၊ ထို့ပြင်လည်း ရတနာခုနစ်ပါးတွင် ခပ်သင့်သော ရတနာကို ခပ်၍၎င်း၊ မခပ်သင့်သော ရတနာမျိုးကို

အတုံးလိုက်ငုင်း၊ ရတနာခုနှစ်ပါးကို ပုဆစ်ဒူးမြုပ်လုနီး မြင့်အောင် ဂန္ဓကုဋိတိုက်ကျောင်း ပရဝုဏ်ကြီးအတွင်းသို့ လောင်းထည့် ဖြန့်ခင်းထားလေသည်။

**တူ အပရာဇိတကုသိုလ်။** ဂန္ဓကုဋိကျောင်းတော် ဆောက်လုပ်နေစဉ် ထိုဂန္ဓကုဋိကျောင်းဒကာ အပရာဇိတသူကြွယ်၏ တူတော်သူ (ဦးကြီး၏ နာမည်အတိုင်း မှည့်ခေါ်ထားသည့် နှမ၏ သား) အပရာဇိတသည် ဂန္ဓကုဋိတိုက်ကျောင်းထဲတွင် ကုသိုလ်ပါဝင်ခွင့်ပြုပါရန် ဦးကြီးအပရာဇိတကို အကြိမ်ကြိမ်ခွင့်တောင်းလေသည်၊ ဦးကြီးကလည်း "ဘယ်သူမှပါဝင်ခွင့်မပေးနိုင်၊ သူတဦးတည်းသာ သီးသန့်လုပ်မည်" ဟု တူအပရာဇိတကိုပင် ပါဝင်ခွင့်မပေးခဲ့ပေ၊ တူအပရာဇိတလည်း ဦးကြီးက သူ့ကျောင်းထဲတွင် ကုသိုလ်ပါဝင်ခွင့်မပေးသဖြင့် ထိုဂန္ဓကုဋိတိုက်ကျောင်းကြီးရှေ့မှ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဆင်ဝင်ဆောင်ကို ဆောက်လုပ်လေသည်၊ ငုင်းဆင်ဝင်ဆောင်ဒါယကာ တူအပရာဇိတကား ဤဘုရားရှင် လက်ထက်တော်တွင် မေဏ္ဍကာ သဌေးကြီးဖြစ်လာလေသည်၊ (သူ့အကြောင်းကို နောက်၌ ဖော်ပြပါမည်)။

**ဂန္ဓကုဋိတိုက် ကျောင်းကြီး တင် လှူခြင်း။** ။ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးကို ခြယ်လှယ်ပြုပြင် လှပတင့်တယ်အောင် တန်းဆာဆင်၍ အားလုံးပြီးစီးသောအခါ အပရာဇိတ သူကြွယ်သည် နောင်တော်သေနထေရ်မှ တဆင့် ဂန္ဓကုဋိတိုက်ကျောင်းတော်တွင် သီတင်း သုံးတော်မူရန် ဗုဒ္ဓ မြတ်စွာကို ပင့်

လေသည်၊ ဝိပဿီဘုရားရှင်သည် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးကို ဝန်းရံ၍ ပရဝုဏ်အပြည့် ပုဆစ်ဒူးမြုပ်လုနီးပါး မြင့်မားအောင် ဖြန့်ခင်းထားသော ရတနာများကို ကြည့်ရှုတော်မူလျက် တံခါးမုခ်တွင်သာ ရပ်တော်မူနေလေသည်၊ အပရာဇိတသူကြွယ်သည် နောင်တော် သေနထေရ် နည်းပေး ညွှန်ကြားသည့်အတိုင်း ဗုဒ္ဓမြတ်စွာကို 'သစ်ပင်အောက်ဝင်ရောက်သူသည် သစ်ပင်ကို မငဲ့ကွက်ပဲ ဖွဲ့သွားသကဲ့သို့၊ မြစ်တဘက်ကမ်း ကူးသွားသူသည် ဖောင်လှေကို မငဲ့ကွက်ပဲ စွန့်ခွာသွားသကဲ့သို့ ရှင်တော်မြတ်ဘုရားလည်း ဒီပစ္စည်းများအပေါ် ကြောင့်ကျတော်မထားပဲ ချမ်းချမ်းသာသာ သီတင်းသုံးတော်မူပါဘုရား' ဟု လျှောက်ထားလေသည်။

**ကျောင်းတွင်းမဝင်ခြင်းအကြောင်းရင်း။** ။ဘုရားရှင် ဂန္ဓကုဋိတိုက် ကျောင်းတော်တွင်းသို့ ဝင်တော်မမူခြင်းအကြောင်းရင်းမှာလည်း ဘုရားရှင့် အထံတော်သို့ နံနက်ရော နေ့ပါ ဒကာဒကာမများစွာတို့ လာရောက်ကြရာ တယောက်ယောက် ရတနာတွေကို ယူသွားလျှင် ငါဘုရား မတားနိုင်၊ မတားရကောင်းလားဟု ငါဘုရားကိုအပြစ်တင်လျှင် သူကြွယ်ခမျာ အပါယ်ကျရှာတော့မည်'ဟု အပရာဇိတသူကြွယ် ငရဲကျရှာမည့် အကြောင်းရင်းကြောင့် ကျောင်းတွင်းသို့ ဝင်တော်မမူခြင်း ဖြစ်သည်၊ အပရာဇိတသူကြွယ်က 'စောင့်ရှောက်ဘို့ရန်မှာတပည့်တော်၏တာဝန်သာဖြစ်ပါသည်၊ ချမ်းချမ်းသာသာ လွတ်လွတ်လပ်

လပ် သီတင်းသုံးတော်မူပါ’ဟုလျှောက်ထားမှ ကျောင်းတော်တွင်းသို့ဝင်၍ သီတင်းသုံးတော်မူသည်။

**တရားနာ လာချင်အောင် ရတနာများဖြင့် ဆွဲဆောင်။** ။အပရာဇိတ သူကြွယ်သည် ‘ရတနာများကို ခါးပိုက်၊ အိပ်တောင်းများဖြင့် သယ်ယူသူများကိုမူ တားမြစ်ကြ၊ လက်ခုပ်ဖြင့်(လက်တနိုင်) ယူသူများကို ကားမတားကြနှင့်’ဟုပြောဆိုမှာထားကာ လူများကို အစောင့်အရှောက်ထားလေသည်၊ ‘အပရာဇိတသူကြွယ်သည် ဂန္ဓကုဋိတိုက် ကျောင်းတော်ပရဝုဏ် အတွင်းတွင် ရတနာခုနစ်ပါးတို့ကို ပုဆစ်ဒူးလောက် အပြည့်လောင်းထည့် ဖြန့်ခင်းထားရှိပါကြောင်း၊ တရားနာပြီး၍ ပြန်လာသူများသည် ဆင်းရဲက လက်နှစ်ဘက်အပြည့်၊ ချမ်းသာက လက်တဘက်ဖြင့် နိုင်သလောက် ယူနိုင်ပါကြောင်း’ကိုလည်း မြို့တွင်း၌အိမ်စဉ်လှည့်ပတ်၍ ကြေငြာမောင်းခတ်လေသည်။

ထိုသို့ စီမံခြင်းမှာ ‘သဒ္ဓါတရားရှိသူများကား တရားနာသွားကြမည်သာဖြစ်သည်။ သဒ္ဓါတရားနည်းပါးသူများအဘို့မူ တရားမနာလိုသော်လည်း ရတနာကို လိုချင်၍ တရားနာလာကြလိမ့်မည်၊ တရားတော်ကို နာယူရလျှင် သံသရာဝဋ်မှ လွတ်မြောက်ကြရပေလိမ့်မည်’ဟူသော လူအပေါင်းကို ချီးမြှောက်လိုသည့် စိတ်ထားဖြင့် ဤကဲ့သို့ စီမံထားခြင်းဖြစ်သည်။

**ပတ္တမြားရောင်ဟပ်နေသည့်မြတ်ဗုဒ္ဓ၏ အသရေတော်။** ။လူအများသည် သူ့ထက်ငါ တရားနာ လာရောက်ကြ၍ တရားပွဲပြီး

လျှင် ဆင်းရဲသားများက လက်နှစ်ဘက်အပြည့်၊ ချမ်းသာသူများက လက်တဘက်ဖြင့် ကိုယ်လိုရာ ရတနာတို့ကို ယူသွားကြသည်၊ ထိုရတနာများ ကုန်သွားလျှင် ရှေးနည်းအတိုင်း ရတနာများကို နောက်ထပ် ဒုတိယအကြိမ်လောင်းထည့်ပေးပြန်သည်၊ တဖန် ကုန်သွားပြန်သော် တတိယအကြိမ် ထိုနည်းအတိုင်း ထပ်၍ ဖြည့်ပေးပြန်သည်၊ အထူးသဖြင့် အပရာဇိတသူကြွယ်သည် ဘုရားရှင်၏ ကိုယ်တော်မှ ထွက်ကြွ ကွန့်မြူးသော ရွှေရောင်တော်နှင့် ပတ္တမြား ကျောက်မျက်ရောင်တို့ကို ဖူးမြင်ရသူတို့မှာ အားမရ တင်းမတိမ်နိုင်အောင် ရှိပေလိမ့်မည်ဟု ကြံစည်တွေးတော၍ ဘုရားရှင်၏ ခြေတော်ရင်းတွင် သခွားငဆစ်သီး(ကဆစ်သီး)ပမာဏရှိသည့် အဖိုးတန် ပတ္တမြား ကျောက်မျက်ရတနာကို ထားရှိလေသည်၊ များစွာသော လူအပေါင်းသည်လည်း အပရာဇိတသူကြွယ် မျှော်မှန်းသည့်အတိုင်းပင် ဘုရားရှင်၏ကိုယ်တော်ရောင်နှင့် ပတ္တမြား ရတနာရောင်တို့ ထွန်းပြောင်ထိန်လျှပ် ၂-ဖြာဟပ်၍ တဖြတ်ဖြတ်တောက်ပ ကွန့်မြူးအထူးကြက်သရေရှိလှပုံကို တင်းမတိမ် အားမရ ဖူးမဝနိုင်အောင်ပင် ရှိလေတော့သည်။

**မိစ္ဆာဒိဋ္ဌိပုဏ္ဏားပတ္တမြားကိုခိုး။** ။တနေ့တွင် မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်သည် 'ဘုရားရှင် ခြေတော်ရင်းတွင် ထားရှိသော ထိုအဖိုးတန် ပတ္တမြားကို ယူမည်' ဟူသော အကြံဖြင့် ဘုရားရှင်ကို ကန်တော့ရန် လာရောက်ကြသော လူများအတွင်း ဝင်ရောက်လိုက်ပါလာသည်၊ အပရာဇိတသူကြွယ်လည်း ထိုပုဏ္ဏား ဝင်လာ

ကတည်းက ထိုပတ္တမြားကို ယူမည့်သူမှန်း သိရှိနေသည်၊ 'ဒီပတ္တမြားကို မယူနိုင်လျှင်ကောင်းမှာပဲ' ဟူသောအတွေးဖြင့် စိတ်မအေးနိုင်အောင် ရှိသေသည်။

ထိုပုဏ္ဏားသည် ဘုရားရှင်ကို ကန်တော့သည့်အသွင်ဖြင့် ခြေတော်နား ရောက်သွား၍ ပတ္တမြားကိုကောက်ယူပြီးလျှင် ခါးပိုက်ကြားတွင် ဝှက်ယူသွားလေသည်၊ အပရာဇိတသူကြွယ်ကား ထိုပုဏ္ဏားအပေါ်တွင် ကြည်ဖြူစိတ် မထားနိုင်ရှာချေ၊ တရားပွဲပြီးလျှင် ဘုရားရှင်ထံတော်သို့လာ၍ 'သူသည် သုံးကြိမ်တိုင်တိုင် ဂန္ဓကုဋိတိုက် ကျောင်းတော် ပရဝုဏ်အပြည့် ပုဆစ်ဒူးမြုပ်လုအောင် ရ နာ ခုနစ်ပါးတို့ကို ဖြန့်ခင်းခဲ့၍ ထိုရတနာတို့ကို လူအများ ယူသွားကြသော်လည်း မကျေမနပ် မဖြစ်ခဲ့ပါကြောင်း တိုး၍တိုး၍သာ ကြည်လင်သဒ္ဓါ ပွားခဲ့ပါကြောင်း၊ ယနေ့မူ ထိုပုဏ္ဏားမယူလျှင် ကောင်းမှာပဲ(မယူပါစေနှင့်)ဟု ဆုတောင်းနေသည့်ကြားက ပတ္တမြားကို ယူသွားသည့်အတွက် သူ၏စိတ် မကြည်နိုင်အောင်ပင် ဖြစ်ရပါကြောင်း'များကို လျှောက်ထားလေသည်။

**ပစ္စည်းကို ရန်သူ မဖျက်ဆီးနိုင်သည့်နည်း။** ။ထို့နောက်တွင် ဝိပဿီဘုရားရှင် နည်းပေးညွှန်ပြ တော်မူသည့်အတိုင်း သူ၏ ဥစ္စာကို သူတပါးတို့မခိုးယူမဖျက်ဆီနိုင်စေရန် "ယနေ့မှစ၍ရန်သူမျိုးငါးပါးတို့ အနိုင်အထက် လုယက်တိုက်ခိုက် သိမ်းပိုက်ခိုးယူဖျက်ဆီးခြင်းငှာ မစွမ်းပါစေသတည်း'ဟု ဆုတောင်း ပတ္တနာ ပြု

လေသည်၊ ဗုဒ္ဓမြတ်စွာသည် 'ဧဝံ ဟောတု– သင်တောင်းသည့်အတိုင်း ဖြစ်စေ' ဟု အနုမောဒနာ ပြုတော်မူလေသည်။

ဂန္ဓကုဋိတိုက်ကျောင်းတော် ရေစက်ချပွဲကြီးတွင် ရဟန်းတော် ခြောက်သန်း ရှစ်သိန်းတို့အား ကြီးစွာသော အလှူဒါနကို ပြုလုပ်၍ ရေစက်ချအလှူပွဲကြီးပြီးဆုံးသည့်နေ့တွင် ရဟန်းတော်အားလုံးတို့အား တိစီဝရိတ် သင်္ကန်း လှူဒါန်း ဆက်ကပ်လေသည်၊ သံဃာတွင် အငယ်ဆုံး (သံဃနော) ရဟန်းအား ကပ်လှူသော သင်္ကန်းသည်ပင် အဖိုးတသိန်းမျှ ထိုက်တန်ပေသည်။

**ဤဘုရားလက်ထက်။** ။ထိုအပရာဇိတ သူကြွယ်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ ထိုဘဝမှစုတေလျှင် နတ်ပြည်၌ဖြစ်လေသည်၊ ဤမျှ ကိုးဆယ် တစ်ကမ္ဘာရှည်လျားစွာသော ကာလပတ်လုံး လူ့ပြည်တို့၌ ကျင်လည်ပြီးလျှင် ဤဘုရားလက်ထက်တော်တွင် ရာဇဂြိုဟ်မြို့သဌေးမျိုး၌ ဖြစ်လေသည်၊ ထိုသဌေးသား ဖွားမြင်သောနေ့၌ ရာဇဂြိုဟ်တမြို့လုံးရှိ လူနတ် အားလုံးတို့သည် လည်းကောင်း၊ လူများ၏ ကိုယ်ဝယ်ဝတ်ဆင်ထားသော တန်းဆာများသည်လည်းကောင်း၊ အလျှံတပြောင်ပြောင် တောက်လောင်ထွန်းပ အရောင်အဝါကို လွှတ်ကြလေသည်၊ ရာဇဂြိုဟ်တမြို့လုံးသည် တပြိုင်နက် အရောင်အလင်းပြောင်ဝင်း တောက်ပလျက်ရှိလေသည်။

**ဇောတိက။** ။ဖခင် သဌေးကြီးသည် တိုနေ့နံနက် စောစောဗိမ္ဗိသာရမင်းမြတ်က 'လူနတ် အားလုံးအလျှံ တပြောင်ပြောင်

အရောင်တောက်ခြင်းနှင့် တမြို့လုံးအရောင်အလင်း ပြောင်ဝင်း တောက်ပခြင်းအကြောင်းများကို သိမသိ’အမေးရှိသဖြင့် သဌေး ကြီးက‘သူ့ အိမ်တွင် အရှင်မင်းကြီး၏ကျေးကျွန်တော်တယောက် ဖွားမြင်ပါကြောင်း၊ ထိုသား၏ဘုန်းကံကြောင့် ဤတမြို့လုံး အရောင်အလျှံဖုံးပါကြောင်း၊သူခိုး သူဆိုးမဖြစ်နိုင်ပါကြောင်း’ များကို သံတော်ဦးတင်လေသည်၊ မင်းကြီးလည်း ‘ဒီလိုဆိုလျှင် ကလေးကိုကောင်းကောင်းမွေးရန် သင့်ပေသည်’ဟု ဆို၍ကလေး အတွက် နို့ဘိုးအဖြစ် နေ့စဉ်အသပြာ တထောင် တထောင်ပေး လေသည်၊ က လေး၏အမည်ကိုလည်း တမြို့လုံး အလျှံတပြောင် ပြောင် အရောင် အလင်း ပြောင်ဝင်း တောက်ပသော ကြောင့် ‘ဇောတိက’ဟု အမည်မှည့်ကြလေသည်။

**ဇောတိကနေရန်သိကြားဖန်ဆင်း။** ။ဇောတိက အရွယ်ရောက် သောအခါ အိမ်ဆောက်ဖို့မြေအပြင်ကို သုတ်သင်ရှင်းလင်းကြ သည်၊ သိကြားမင်းသည်‘ဤဇောတိကအား လူသားတို့ဆောက် လုပ်သည့် အိမ်၌နေမည့်သူမဟုတ်’ဟု ကြံစည်၍ လက်သမား အသွင်ဖြင့် သွားရောက်လျက် လူသားလက်မားများကို အဖယ် ခိုင်းပြီးလျှင်....

၁။ (တဆယ့်ခြောက်မင်း ပယ်ကျယ်ဝန်းသော မြေအရပ် ကို စူးစိုက်ကြည့်ရှုလိုက်လျှင် ကသိုဏ်ဝန်းပမာ ညီညာသော မြေအရပ်ဖြစ်၍သွားလေသည်။

၂။ ထို့နောက်တဖန် ဤနေရာတွင်မြေကိုဖောက်၍ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ထပ်ရှိသည့် ပြာသာဒ်ကြီး ပေါ်

လာစေသတည်းဟု ကြံစည်မိဌာန်၍ စူးစိုက်ကြည့်ရှု လိုက်ပြန်လျှင် ဘုံခုနစ်ထပ်ရှိသည့် ရတနာပြာသာဒ်ကြီး ပေါက်လာပြန်သည်။

၃။ ထို့နောက်ဆက်လက်ပြန်၍ ဤပြာသာဒ်ကြီးကို ဝန်းရံလျက် ရတနာခုနစ်ပါးဖြင့် ပြီးသော တံတိုင်းကြီးခုနစ်ထပ်တို့ ပေါ်လာစေသတည်း'ဟု လည်းကောင်း၊

၄။ တံတိုင်းခုနစ်ထပ်တို့၏ အပိုင်းအခြား အကြားအကြား၌ ပဒေသာပင်တို့ ပေါက်လာကြစေသတည်းဟုလည်းကောင်း၊

၅။ ဘုံခုနစ်ထပ်ရှိသော ပြာသာဒ်ကြီး၏ထောင့်တို့၌ ရွှေအိုးကြီးလေးလုံးတို့ ပေါ်လာကြစေသတည်းဟု လည်းကောင်း၊ ကြံစည် မိဌာန်၍ စူးစိုက် ကြည့်လိုက်ပြန်လျှင် သိကြားမင်း ကြံစည်သည့်အတိုင်းပင် အားလုံး ဖြစ်ပေါ်လာရပေသည်။

၆။ ပြာသာဒ်ကြီး၏ထောင့်လေးထောင့်အတွင်း၌ ထနောင်းပျိုပင်စည်လုံးပတ်ပမာဏရွှေကြံပင်ကြီးလေးပင်တို့လည်း ပေါက်၍လာကြရာ ၎င်းတို့၏အရွက်မှာ မြ၊ ပင်စည်မှာ ရွှေဖြစ်သည်၊ ဤကြံပင်ကြီးတို့သည် ဇောတိကသဋ္ဌေး၏ ရှေးကောင်းမှုကံကို ထင်ရှားပြသရန် ဖြစ်ပေါ်လာခြင်းပေသတည်း။

တံတိုင်းခုနစ်ထပ်၏ ထံခါးမုခ်ခုနစ်မုခ်တို့၌လည်း ပဌမတံခါးမုခ်မှစ၍ အစဉ်အတိုင်း ယမကောဋ္ဌိ နတ်ဘီလူး၊ ဥပ္ပလ၊ ဝဇိရ၊ ဝဇိရဗာဟု၊ ကသကန္ဒ၊ ကဋ္ဌတ္တ၊ ဒိသာမုခ မည်သော နတ်ဘီလူးခုနစ်ယောက်တို့က မိမိတို့၏တပ်စုအလိုက်အစဉ်အတိုင်း တထောင်တပ်စုနှစ်ထောင်၊ သုံးထောင်၊ လေးထောင်၊ ငါး

ထောင်၊ ခြောက်ထောင်၊ ခုနစ်ထောင် တပ်စုတို့ဖြင့် အသီးသီး တာဝန်ယူ စောင့်ရှောက်ကြသည်။ ဤသို့အားဖြင့် ဘုံခုနစ်ထပ် ပြာသာဒ်အတွင်းအပြင်တို့၌ ခိုင်ခန့် လုံခြုံသော အစောင့် အရှောက်များရှိလေသည်။

**သဌေးဘွဲ့။** ။"ဇောတိကသဌေးသားအတွက် ဘုံခုနစ်ထပ်ရှိ ရတနာပြာသာဒ်ကြီး မြေမှထွက်ပေါ်လာသတဲ့၊ တံတိုင်ကြီး ခုနစ်ထပ်၊ တံခါးမုခ် ခုနစ်မုခ်နှင့် ရွှေအိုးကြီးလေးလုံးလည်း မြေမှ ထွက်ပေါ်လာသတဲ့"ဟူသောသတင်းကို ကြားသိ၍ ဗိမ္ဗိသာရမင်းကြီးသည် သဌေးထီးဖြူနှင့် အဆောင်အယောင်ကို ဇောတိကထံသို့ ပို့စေလေသည်။ သူသည် ထိုအချိန်မှစ၍ ဇောတိက သဌေးကြီး ဖြစ်လာသည်။

**မြောက်ကျွန်းသူ သတုလကာယိ။** ။ထိုဇောတိက သဌေးနှင့် အဟူ ကုသိုလ်ပြုဘက် အမျိုးသမီးသည် မြောက်ကျွန်း၌ဖြစ်နေသည်။ နတ်တို့သည် ထိုသတုလကာယိကို မြောက်ကျွန်းမှယူ ဆောင်၍ ဇောတိက၏ဘုံ(၇)ထပ်ရှိ တိုက်ကြီး၏ကြက်သရေ တိုက်ခန်းအတွင်းသို့ ပို့ဆောင်ထားကြလေသည်။ သတုလကာယိသည် မြောက်ကျွန်းမှ လာရာတွင် ဆန်တစလယ်နှင့် မီးကျောက် သုံးလုံးတို့ကိုသာ ယူဆောင်ခဲ့လေသည်။ ဇောတိကသဌေး ဇနီး မောင်နှံတို့အတွက် အသက်ထက်ဆုံး ထိုဆန်တစလယ်ဖြင့်ပင် ထမင်းဖြစ်ခဲ့လေသည်။ ထိုဆန်ထည့်ရာခွက်ထဲသို့ ဆန်လှည်း အစည်းတရာ လောင်းထည့်သော်လည်း တိုးခြင်းမရှိ၊ မူလဘာစ

လယ်တစလယ်ပင် ဖြစ်လေသည်။ ထမင်းဟင်း ချက်လိုသည့် အခါ ထမင်းအိုးတွင် ဆန်ထည့်၍ မီးကျောက် (ဖိုခနောက်) သုံးလုံးပေါ်တည်လိုက်လျှင် ကျောက်များသည် ချက်ချင်းပင် မီးတောက်လာ၍ ထမင်းကျက်မှ အလိုလိုငြိမ်းသွားသည်။ ထိုမီး ငြိမ်းသွားသည့် အမှတ်အသားဖြင့် ထမင်းကျက်ကြောင်း သိနိုင်သည်။ ဇောတိကသဌေးမောင်နှံတို့သည် ထိုကျောက်တို့ဖြင့် ထမင်းဟင်းချက်၍ ထိုကျောက်တို့အရောင်ဖြင့် နေထိုင်ကြသည်။ ပကတိမီးရောင် ဆီမီးရောင်ကို လုံးဝမသိခဲ့ကြပေ။

**ဇမ္ဗူဒိပ်ကျွန်းမှလာကြည့်ကြ။** ။ဇောတိကသဌေးကြီး၏ စည်းစိမ်ချမ်းသာသည် ဤရွေ့ဤမျှ ကြီးကျယ်ခမ်းနားလှသတဲ့-ဟူသော ဂုဏ်သတင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံးအထိ ပြန့်နှံ့၍သွားလေသည်။ သဌေးကြီး၏ စည်းစိမ်ချမ်းသာကိုကြည့်ရှု ရန်အမြို့မြို့ အရွာရွာမှ လူအများလာရောက်မစဲရှိကြလေသည်။ သဌေးကြီးသည် ရောက်လာသမျှသော လူတို့အား မြောက်ကျွန်းဆန်ကို ချက်၍ ကျွေးမွေးဧည့်ခံလေသည်၊ "ပဒေသာပင်တို့မှလည်း မိမိတို့ လိုရာ အဝတ်အထည် အဆင်တန်ဆာတို့ကို ဆွတ်ခူးယူဆောင်ကြပါ။ တဂါဝုတ်ရှိသော ရွှေအိုးကြီးကိုလည်း ဖွင့်၍ မိမိတို့သုံးစွဲလောက်အောင် ရွှေငွေဥစ္စာများကို ယူကြပါ" ဟု ချီးမြှင့်ပေးကမ်းလေသည်။ ဇမ္ဗူဒိပ်တကျွန်းလုံးမှ လာရောက်ကြသူ လူအားလုံး ရွှေငွေဥစ္စာကို အလိုရှိသမျှ ယူသွားကြသော်လည်း ရွှေအိုးကြီးမှာ လက်တသစ်မျှပင် မလျော့ပါချေ။ ဤသည်မှာ အပရာဇိတ သူကြွယ်ဖြစ်စဉ်က ဂန္ဓကုဋိတိုက်ကျောင်းတော် ပရဂုဏ်

အတွင်း ပူဆစ်ဒူးမြုပ်လုနီးပါး ရတနာ(၇)ပါးကို သုံးကြိမ်တိုင်တိုင် ထည့်သွင်းကြဲဖြန့်၍ လှူဒါန်းခဲ့သော ကုသိုလ်၏အကျိုးဆက်ပေတည်း။

**ဗိမ္ဗိသာရမင်း ရှုစားခြင်း။** ။တနေ့တွင် ဗိမ္ဗိသာရမင်းကြီးလည်း အခြွေအရံများနှင့်အတူ ဇောတိက သဌေး၏ ဘုန်းကံထွတ်ဖူး ပြသာဒ်ထူးကို ရှုစားရန်ကြွရောက်တော်မူလာလေသည်၊ ဇောတိကလည်း ခရီးဦးကြိုဆိုလျက် မင်းကြီးကိုရှေ့မှ ကြွပါရန် သံတော်ဦးတင်၍ နောက်မှ လိုက်လေသည်၊ ဗိမ္ဗိသာရမင်းကြီးအဖို့ တိုက်တွင်းမှ ပတ္တမြားအခန်းသည် အသုတရာနက်လှသည့်ချောက်ကမ်းပါးကြီးပမာ ဖြစ်ရှိထင်မြင်နေတော့သည်၊ ငါ့ကိုဖမ်းရန် တွင်းကြီး တူးထားလေသလားဟုပင် အထင်တော်မှားမိလေသည်၊ ဇောတိကလည်း (ရိပ်မိသိရှိ၍) တွင်း မဟုတ်ပါကြောင်း သံတော်ဦးတင်လျက် ရှေ့မှဦးဆောင် ခေါ်ယူသွားလေမှ မင်းကြီးသည် ပတ္တမြားမြေ အခင်းကို ခြေနင်း၍ လိုက်ပါပြီးလျှင် အောက်အခင်းမှ အစပြု ရှုစားတော် မူလေသည်။

**အဇာတသတ်မင်းသားလေး၏အကြံ။** ။အဇာတသတ်မင်းသားလေးသည်ခမည်းတော်၏လက်ကိုစွဲလျက် လိုက်ပါလှည့်လည်ရင်း "အော် ငါ့ခမည်းတော်သည် အင်မတန်ညံ့ဖျင်းပါလား၊ ကိုယ့်အောက်နိမ့်ကျသူက ရတနာပြသာဒ်တွေနဲ့နေရပြီး သူ့မှာတော့ မင်းကရောဇ်ဖြစ်ပါလျက် သစ်သားဖြင့်လုပ် နန်းအိမ်စုတ်မှာ

နေရလေတယ်၊ ငါသာမင်းဖြစ်ရင်တော့ ဒီသင်္ဘေးကို ဒီရတနာပြဿဒ်မှာ နေခွင့်မပေးဘူး”ဟု တွေးတော ကြံစည်လေသည်။

**ပွဲတော်စာတည်ခြင်း။** ။ဗိမ္ဗိသာရမင်းကြီးသည်ထိုနေ့ပွဲတော်ကို ဇောတိက သင်္ဌေး၏ပြဿဒ်မှာပင် ပွဲတော် တည်လေသည်၊ ပဌမတွင် တသိန်းတန်ရွှေခွက်၌ နို့ဃနာထမင်းကို ခူးထည့်၍ အပူငွေ့ပေးထားသည်၊ ထိုရွှေခွက်ပေါ်တွင်မှ မြောက်ကျွန်းဆန်ဖြင့် ချက်ထားသော ထမင်းကို ခူးထားသည့် ရွှေခွက်ကို ထပ်ဆင့် တင်ထားသည်၊ထိုမြောက်ကျွန်းဆန်ထမင်းကိုအောက်မှ နို့ဃနာထမင်းက အပူငွေ့ပေးနေသဖြင့် မင်းကြီးသည်အစအဆုံး ပူပူနွေးနွေး ပွဲတော်တည်ရလေသည်၊ အလွန်စားသုံး၍ကောင်းလှလေရကား မင်းကြီးသည် အတိုင်းအရှည်ကို မသိနိုင်အောင် ရှိလေသည်။ ဇောတိက သင်္ဌေးက အစာမကြေပဲနေပါလိမ့်မည်ဘုရားဟု သတိပေးမှ ပွဲတော်ကိုသိမ်းစေ၍ရေကြည်တော် အဆက်ခိုင်းလေသည်၊ အခြွေအရံဗိုလ်ပါ ပရိသတ်များလည်း ထိုမြောက်ကျွန်းဆန် ထမင်းကိုပင် စားသုံးကြရလေသည်။

**သတုလကာယီ အခစားဝင်ခြင်း။** ။ထိုနောက် ဇောတိက သင်္ဌေးသည်သင်္ဌေးကတော် သတုလကာယီကို “အရှင်မင်းကြီးကို အဖူးမျှော်လာရောက်ဖို့”ခေါ်လေသည်၊ သင်္ဌေးကတော်က ‘မင်းဆိုတာဘာလဲ(ဘယ်လိုလူစားမျိုးလဲ)’ဟုမေး၍ ‘မင်းဆိုတာ ငါတို့အပေါ် အစိုးရသည့် အရှင်သခင်ပဲ’ ဟု ပြန်ပြောလျှင် “ကျမတို့အပေါ် အစိုးရတဲ့သူ ရှိတယ်ဆိုတော့ ကျမတို့ဟာ

ကောင်း မှု ကို ကောင်း ကောင်း မပြု ခဲ့ လို့ ဖြစ် ပါလိမ့်မည်၊သဒ္ဒါတရားရှိရှိ မပြုခဲ့ကြလို့သာ စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝပါလျက် သူတပါး၏စိုးမိုးပိုင်သ လက်အောက်ခံဘဝမှာ လူလာ၍ ဖြစ်ကြရသည်၊ ဒီလိုသူတပါး၏လက်အောက်ခံ ဖြစ်ရခြင်းသည် ကံ ကံ၏အကျိုးကို ယုံကြည်သည့် သဒ္ဒါတရားမရှိပဲ ပြုလုပ်ခဲ့သော ကောင်းမှု၏ အကျိုးပါပဲ''ဟု ပြောဆိုညည်းတွားကာ ဇာတိက သင်္ဃေ ခိုင်းစေသည့်အတိုင်း လာရောက်၍ ဗိမ္ဗိသာရမင်းကြီးကို ယပ်လေခပ်ပေးလေသည်။

**ဘောင်းတော်ရောင်ကြောင့် မျက်ရည်ယို။** သတုလကာယိသည် ထိုသို့ ယပ်လေခပ်ပေးနေစဉ် မင်းကြီး၏ဦးရစ်ဘောင်းတော်အနံ့ လေတိုက်ခတ် လေသောကြောင့် သင်္ဃေကတော်၏မျက်လုံးနှစ်ဖက်တို့မှ မျက်ရည်အလျင်များ တသွင်သွင်စီးယိုကျလေသည်၊ မင်းကြီးမြင်၍ 'မာတုဂါမဆိုတာ အသိဉာဏ်နည်းပါးလှချေသည်၊ ပစ္စည်း,ဥစ္စာများကို မင်းက သိမ်းလိမ့်မည်အထင်ဖြင့် ငိုယိုရှာသည်၊ ငါ့မှာ စီးပွားဥစ္စာဖြင့် အလိုမရှိ၊ မသိမ်းယူဘူးဆိုတာကိုပြောပြနှစ်သိမ့်လိုက်ပါ'ဟု သင်္ဃေကြီးကို ပြောပြလေသည်၊ 'သင်္ဃေကတော်ကြီးသည် ငိုယိုခြင်း မဟုတ်ပါကြောင်း၊အရှင်မင်းကြီး၏ ဘောင်းတော်ရနံ့လေက မျက်လုံးတို့ကို တိုက်ခတ်၍မျက်ရည်များ ကျခြင်းဖြစ်ပါကြောင်း၊ သင်္ဃေကတော်ကြီးမှာဆီမီးအရောင် ပကတိမီးအရောင်များကို မကြည့်ရပဲ ပတ္တမြားအရောင်ဖြင့်သာ စားသောက်နေထိုင်အိပ်စက်ခဲ့ရပါကြောင်းများကို သင်္ဃေကြီးက သံတော်ဦးတင်လေသည်။

**မင်းကြီးအား ပတ္တမြားဆက်သ။** ။ဇောတိကသဌေးကြီးသည် ထိုသို့ သံတော်ဦးတင်၍'အရှင်မင်းကြီးသည် ယနေ့မှ စ၍ ဆီးမီး ရောင်ကို မသုံးပဲ ပတ္တမြားရောင်ဖြင့် နေတော်မူပါ' ဟု သခွား ဆော်သီးအကြီးစားလောက်ရှိသည့် အဖိုးအနန္တ ထိုက်တန်သော ပတ္တမြားရဘနာကို ဆက်သလိုက်လေသည်၊ ဗိမ္ဗိသာရမင်းကြီး သည် ဇောတိကသဌေး၏ဘုံခုနစ်ထပ်ရှိ ပြသာဒ်ကြီးကို အထပ် ထပ်ရှုစားပြီးလျှင် ဇောတိကသဌေး၏စည်းစိမ်ကားခမ်းနားကြီး ကျယ်လှပါပေသည်'ဟု ချီးမွမ်းစကားပြောကြား၍နန်းတော် သို့ ပြန်လေသည်။

**တိုက်ခိုက်သိမ်းယူရန်လာသော အဇာတသတ် ထွက်ပြေးရ။** ။ နောင် တချိန်တွင် အဇာတသတ် မင်းသားသည် ပါပမိတ္တ မကောင်းသော မိတ်ဆွေ အရှင်ဒေဝဒတ်နှင့် ပေါင်းမိမှားသဖြင့် ခမည်းတော် ဗိမ္ဗိသာရမင်းတရားကို ခြေဘဝါးခွဲ ဆား သိပ်၍ ရှားမီးကျီးတွင် ကင်ပြီးလျှင် လုပ်ကြံသတ်ဖြတ်ပြီး နောက် မင်းအဖြစ်သို့ရောက်လာလေသည်၊ တနေ့တွင် အဇာ တသတ်မင်းသည်(ယော်စဉ်ကပင် သန္နိဋ္ဌာန်ချခဲ့သော ရည်မှန်း ချက်ကြီးဖြစ်သည့်)ဇောတိကသဌေး၏ပြာသာဒ်ကြီးကို သိမ်းယူ ရန် စစ်တပ်ဖြင့် ချီတက်လာလေရာ ဇောတိကသဌေး၏ပြသာဒ် ကြီးကို ကာရံထားသော ပတ္တမြာတံတိုင်း (အပြင်ဘက်ဆုံး တံတိုင်း)တွင် မိမိတို့၏စစ်တပ်အရိပ်များထင်၍ ထိုအရိပ်များ ကို မြင်ရလျှင် ခုခံတိုက်ခိုက်ရန်လွှတ်လိုက်သော စစ်သားတွေ ဟု ထင်မှတ်လျက် ရှေ့သို့ မတိုးဝံ့ပဲ ရှိလေသည်။

ထိုနေ့တွင် ဇောတိကသဌေးကြီးသည် ဥပုသ်စောင့်သည်၊ နံနက်စောစောပင် နံနက်စာစား၍ ကျောင်းတော်သို့သွားပြီးလျှင် ဘုရားရှင်အထံတော်တွင် တရားနာယူလျက် ရှိလေသည်၊ ဇောတိကသဌေးကြီး၏ပြာသာဒ် ပထမတံခါးမုခ်၌ အစောင့်တာဝန်ကျသော ယမကောဋ္ဌိနတ်ဘီလူးသည် စစ်ဆင်လာသည့် အဇာတသတ်ကို မြင်လျှင်'မင်းဘယ်ပြေးနိုင်မလဲ၊(ဘယ်ပြေးလို့လွတ်မလဲ)'ဟု တပ်လှန့်ဟစ်ကြွေး ညာသံပေး၍ အဇာတသတ်နှင့် အပေါင်းပါတို့ကို တိုက်ခိုက် ဖျက်ဆီးတပ်ကြီးပြိုပျက် ထွက်ပြေးစေလျက်၊ အရပ်ရှစ်မျက်နှာအန္ဒံအပြား နောက်မှလိုက်လေတော့သည်၊ အဇာတသတ်မင်းလည်း ပြေးမိပြေးရာ ထွက်ပြေးခဲ့ရာ ဘုရားကျောင်းတော်ရောက်သွားလေသည်။

**ဇောတိကမပေးသမျှဘယ်လိုယူလို့မှ မရ။** ။ဇောတိက သဌေးသည် အဇာတသတ်မင်းနှင့်တွေ့၍ သူ၏ပြာသာဒ်ကို သိမ်းယူရန် အဇာတသတ်မင်း သွားရောက်ခဲ့ကြောင်း သူရှိရလျှင် "သူအလိုမရှိ သဘောမတူပါက စီးပွားဥစ္စာ သူ၏ အိမ်ယာများကို မင်းပေါင်းတထောင် သိမ်းယူသော်လည်းမရနိုင်ကြောင်း"ကိုပြန်၍ သံတော်ဦးတင်လေသည်၊ အဇာတသတ်မင်းသည် "အသင်က မင်း(ဖြစ်မည့်သူ)မို့လား"ဟု ပြောကာ ဒေါသအမျက် ထွက်လေတော့သည်၊ "သူသည် မင်းမဟုတ်ပါကြောင်း။ သို့ရာတွင် သူ့ဥစ္စာကို သူသဘောမတူက မြိတ်ဆာချည်မြင် တပင်မျှမင်းစိုးရာဇာ သူခိုးဓားပြများ သိမ်းယူတိုက်ခိုက် လုယူ ဖျက်ဆီး အဓမ္မနည်းဖြင့် မရယူနိုင်ပါကြောင်း"ကို သံတော်ဦး တင်လေ

သည်၊ ထိုသို့ သံ.တော်ဦးတင်လျှင် အဇာတသတ်မင်းသည် "သင်သဘောတူမှ သင့်ပစ္စည်းကို ယူရမှာတဲ့လား" ဟု ဒေါသ ပြင်းထန်ပြောပြန်လေသည်၊ "အရှင်မင်းမြတ် ဒီလို ဆိုလျှင် (လက်ကိုပြ၍) ဟောဒီလက်မှာ လက်စွပ်တွေပါ၊ ဒါတွေကို ကျွန်ဘော်မျိုး အရှင့်အား မပေးပါ၊ အကယ်၍ စွမ်းနိုင်ပါ လျှင်(လက်တွေ) ဖြုတ်ယူတော်မူပါ" ဟု ရဲဝံ့စွာ ဆိုလေသည်။

အဇာတသတ်မင်းသား မြေပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ ခုန်လိုက်လျှင် ဆယ့်ရှစ်တောင်အမြင့်သို့ ရောက်နိုင်၍ မတ်တတ် ရပ်၍ ခုန်လျှင် အတောင်ရှစ်ဆယ် အမြင့်သို့ရောက်နိုင်ပေသည်။ ဤမျှခွန်အားကောင်းသူဖြစ်လင့်ကစား လက်စွပ်များကို အပြန် ပြန် လှည့်ပတ်၍ ဖြုတ်သော်သည်း၊ လက်စွပ်တကွင်းကိုမျှ ရ အောင် မဖြုတ်ယူနိုင်ခဲ့ပေ၊ ဇောတိက သဌေးသည် "အရှင် မင်းမြတ် လက်တွေ့သိပြီ မဟုတ်ပါလား၊ (အရှင်မင်းမြတ် အလို တော်ရှိပါလျှင်) ဝတ်လဲတော်ကို ဖြန့်၍ခံတော်မူပါ" ဟုသံတော် ဦးတင်ကာ လက်ချောင်းများကို ဖြောင့်အောင်ထား၍အောက် သို့ စိုက်ပေးလိုက်လေရာ လက်စွပ်ကွင်း(၂၀)အလွယ်နှင့် ကျွတ် ကျလာလေသည်။

**ဇောတိကသဌေး ရဟန္တာဖြစ်။** ။ဇောတိကသဌေးသည်လည်း ထိုအဇာတသတ်မင်း၏ ရိုင်းပြသော အပြုအမူကြောင့် သတိ သံဝေဂ ကြီးစွာရ၍ "ကျွန်တော်မျိုးအား ရဟန်းပြုရန် ခွင့် ပေးပါတော့" ဟု ရဟန်းပြုခွင့် တောင်းလေတော့သည်။

အဇာတသတ်မင်းလည်း သူရဟန်းပြုလျှင်သူ့အိမ်(ပြာသာဒ်)ကို အလွယ်တကူ သိမ်းယူနိုင်လိမ့်မည်ဟုထင်မြင် ယူဆပြန်သဖြင့် ချက်ချင်း ရဟန်းပြုခွင့် ပေးလိုက်လေသည်၊ ဇောတိကသဌေးသည် ဗုဒ္ဓမြတ်စွာ အထံတော်တွင် ရဟန်းပြု၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးလျှင် ဇောတိကထေရ်ဟူ၍ထင်ရှားလာလေသည်၊ ဇောတိကထေရ် အရဟတ္တဖိုလ် ရသည်နှင့် တပြိုင်နက်တည်း ရတနာနန်းပြာသာဒ်စသည့် စည်းစိမ်အားလုံးသည် ကွယ်ပျောက်သွားလေတော့သည်။သဌေးကတော်သတုလကာယီကိုလည်း နတ်များကမြောက်ကျွန်းသို့ပင် ပြန်ပို့ကြလေသည်။

**ဓမ္မပဒဒေသနာ**။ ။တနေ့သ၌ ရဟန်းများသည် ဇောတိကထေရ်ကို'ရတနာပြာသာဒ်ကြီးနှင့် ဇနီးဟောင်းအပေါ် တွယ်တာမှုရှိသေးသလား''ဟု မေးကြ၍ မရှိတော့ကြောင်းကို ပြန်ပြောင်းလျှောက်ထားလေလျှင် မဟုတ်မမှန်ပြောသည်၊ အရဟတ္တဖိုလ်ကို ဖြေဆိုသည်'ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသည်၊ ဗုဒ္ဓမြတ်စွာက ''ငါ့သားတော်ကြီးမှာ စွဲလမ်းတွယ်တာမှုတကယ်ပင်မရှိတော့''ဟု မိန့်တော်မူကာ အောက်ပါမြေဒေသနာဂါထာတော်ကို ဟောတော်မူပါသည်။

ယောဓ တဏှံ ပဟန္တွာန, အနာဂါရော ပရိဗ္ဗဇေ၊
တဏှာဘဝ ပရိက္ခီဏံ, တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဤလောကဝယ် ဒွါရ ၆-တန်၌ စွဲလမ်းတပ်မက် နှစ်သက်တွယ်တာသော တဏှာမာန်ကို ပယ်လှန် စွန့်ခွာ၍၊ အိမ်ရာ

မထောင် ဝတ်ကြောင်ကိုမှန်း လွှတ်အောင်ရုန်းလျက် နည်းထုံး မကွာ ရှင်ရဟန်းပြုလာသော၊ တဏှာဘဝ-လုံးဝဥဿုံ ကုန်ဆုံး မပြု ထိုသည့်သူကို မကောင်းမှုဟူသမျှ မျှောပြီးသည့် ဗြဟ္မဏ ဟူ၍ ငါဘုရား ဟောပြတော်မူသည်။

ဒေသနာတော်အဆုံး၌ လူပေါင်းများစွာတို့ သောတာပတ္တိ ဖိုလ်စသော တရားထူးများကို ရကြလေသတည်း။

---

၁။ ဓမ္မပဒ-ဋ္ဌ-၂၊နှာ-၄၃၁၊နှာ-၄၄၆

၂။ ပဋိသံ-ဋ္ဌ-၂၊နှာ-၂၉၂

# မေဏ္ဍုကသင်္ဂြေး(ရှေးကျောင်းဒကာ)

**သာသနာတွင် ထင်ရှားသူ။** ။မေဏ္ဍကသဌေးသည်လည်း ဇောတိကသဌေးကြီးကဲ့သို့ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတွင် အလွန်ထင်ရှားသော အမိတဘောဂသဌေးကြီးငါးဦးတွင် တဦးအပါအဝင်ဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာတော်တွင်လည်း အလွန်ထင်ရှားသည့် သောတာပန်အရိယာ ဥပါသကာတယောက် ဖြစ်လေသည်။

**ခရီးခဲသို့ လိုက်၍ဆွမ်းကပ်။** ။အခါတပါးတွင် ဗုဒ္ဓမြတ်စွာသည် မေဏ္ဍကသဌေးကြီးကိုမပန်ကြားပဲ ဘဒ္ဒိယမြို့မှ အင်္ဂုတ္တရာပမြို့ဆီသို့ နောက်ပါရဟန်းတော် တထောင့်နှစ်ရာ ငါးကျိပ်တို့နှင့်အတူ ဒေသစာရီကြွချီတော်မူလေသည်။ မေဏ္ဍက သဌေးကြီးသည် ထိုအကြောင်းကိုကြားသိ၍ အစာရေစာ ရှားပါးသောခရီးခဲကို ဖြတ်ကြရမည်ကိုသိသဖြင့် အစေအပါး အလုပ်သမားများကို "ဆီဆန် ဆားနှင့် စားသောက်ဘွယ်မျိုးစုံတို့ကို လှည်းများပေါ်တွင် တင်ဆောင်ခဲ့ကြ။ နွားကျောင်းသား တထောင့်

နှစ်ရာ ငါးဆယ်(၁၂၅၀)တို့ကလည်း နွားမ တထောင်နှစ်ရာ့ ငါးဆယ်တို့ကိုယူပြီး လိုက်ခဲ့ကြ၊ ဘုရားရှင်ကို မှီသည့်နေရာတွင် နွားနို့ လပ်လပ်ဆပ်ဆပ်နှင့် ဆွမ်းကပ်ကြမည်”ဟု ပြောဆိုညွှန်ကြား၍ စိမ်ပြင်ဆင်ပြီးလျှင် ဘုရားရှင်နောက်သို့ လိုက်ကြရာ (ခရီးခဲ)တွင် မှီလေသည်၊ နောက်ရက်တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းလေသည်၊ လပ်ဆပ်သော နွားနို့ကိုလည်း၊ ဆက်ကပ်သည်၊ “အစာရေစာ ပါးရှားသော ခရီးခဲ၌ရှိတတ်သဖြင့် ရိက္ခာမပါပဲသွားလျှင် ခဲယဉ်းတတ်သောကြောင့် ရဟန်းတို့အား ဆန် ဆီ ဆား ပဲ-စသော ရိက္ခာများကို(ရှာခွင့် သယ်ခွင့်)ပြုပါရန်”ကိုလည်း လျှောက်ထားလေသည်။ မေဏ္ဍက သူဌေးကား ဘုရားအမှူးရှိသော သံဃာတော်များအပေါ် ဤကဲ့သို့ ဂရုတစိုက် အလိုက်သိ ပြုစုတတ်သဖြင့်လည်း သာသနာတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်သည့်အပြင် ကျောင်းအမကြီး ဝိသာခါ၏ အဘိုးလည်းဖြစ်ပေသည်။

**ဝိပဿိ ဘုရားရှင်လက်ထက်။** ။ထိုမေဏ္ဍကသူဌေးကြီး၏ ဤဘုရားရှင်လက်ထက်တော်ဝယ် နောက်ဆုံး နိဗ္ဗာန်ပန်းတိုင်သို့ ရောက်ရှိသည်အထိ ဘဝတိုင်း ဘဝတိုင်း ထိပ်တန်းသို့ရောက်အောင် ဖန်တီး ထူထောင်ပေးလိုက်သည့်ဘဝကား လွန်ခဲ့သော ကိုးဆယ့် တကမ္ဘာထက် ဝိပဿိဘုရားရှင်လက်ထက်တော်မှ စ ခဲ့သည်ဟု ဆိုရပေမည်။ ထိုဘုရားရှင်လက်ထက်တော်တွင် မေဏ္ဍက သူဌေးလောင်းသည် ဇောတိကသူဌေးအလောင်း အပရာဇိတ သူကြွယ်၏ နှမသားဖြစ်၍၊ နာမည်မှာလည်း ဦးလေး၏နာမည်

အတိုင်း အပရာဇိတပင် ဖြစ်ခဲ့သည်။ ဦးလေးအပရာဇိတသည် ဝိပဿိဘုရားရှင်အတွက် ဂန္ဓကုဋိကျောင်းတော် ဆောက်လုပ်ရာ တူအပရာဇိတကလည်း၊ "သူပါကူသိလ်ပါဝင်ပရစေ၊ တူအရိုးနှစ်ယောက်တို့ အတူဆောက်လုပ်ကြပါစို့" ဟု အတန်တန် တောင်းပန်းသော်လည်း ဦးလေးဖြစ်သူက ခွင့်မပေးခဲ့ပေ။

**ဆင်ဝင်ကျောင်းဆောက်။** ။သို့ဖြစ်၍ မေတ္တာက သဒ္ဓေး အခလောင်းတူ အပရာဇိတသည် ဦးလေးဆောက်လုပ်သည့် ဂန္ဓကုဋိကျောင်းတော်၏ ရှေ့မျက်နှာစာတွင် ရွှေစီခြယ်သောတိုင် ငွေစီခြယ်သောတိုင် ပတ္တမြားစီခြယ်သောတိုင် ရတနာ (၇)ပါး စီခြယ်သောတိုင် စသည်ဖြင့် ထုပ်လျှောက်ဒိုင်းမြှား တံခါးရွက် လေသာပြူတင်း အခြင်ရနယ် အမိုးအုပ်များပါမကျန် အားလုံး ရတနာ(၇)ပါးဖြင့် စီခြယ်ကာ အထွတ်အမြတ် မွန်းတင်ဆောက် လုပ်လေသည်။ ဆင်ဝင်ခမ်းမဆောင်၏ အထက်တွင် တခဲနက် ရွှေနီဖလံဖြင့်ပြီးသောအမိုးအုတ်များ၊ သန္တာဖြင့်ပြီးသောအထွတ် ထုပိကာများကို တပ်ဆင်ထားလေသည်။ ဆင်ဝင်ခန်းမဆောင် ကြီး၏ အလယ်၌ ရတနာ(တရား)မဏ္ဍပ်ပြုလုပ်ပြီးလျှင် ဓမ္မာသန ပလ္လင်ကိုလည်း ထားရှိသည်။

**ဓမ္မာသနပလ္လင် မွမ်းမံဆင်ပြင်။** ။ထိုပလ္လင်မှာ အခြေ လေး ချောင်းနှင့် ဘောင် (အပေါင်) ၄ ခုတို့ကို ရွှေနီဖလံဖြင့် ပြုလုပ် ထားသည်၊ ရွှေဆိတ်ရေပ်များသွန်းလုပ်၍ ရွှေဆိတ်ရုပ် ၄ ရုပ်ကို

ပလ္လင်ခြေ ၄ ချောင်းတို့၏ အောက်ခံထားသည်၊ နှစ်ရုပ်ကို ခြေတင်ခုံ၏ အောက်ခံ ထားသည်၊ နောက်ထပ် ရွှေဆိတ်ရုပ် (၆) ရုပ်တို့ကိုမူ ရတနာ (တရား) မဏ္ဍပ်ကို ဝန်းရံ ထားလေသည်၊ တရားဟော ပလ္လင်ပေါ်တွင် ခင်းထားသော နေရာတိုင်းမှာ ချည်ကြိုးမြှင်ဖြင့် ယက်၍ အလယ်တွင် ရွှေနှင့် ချည်ကြိုးမြှင် ထပ်ယက်ပြီးလျှင် အပေါ်ဆုံးမှ ပုလဲချည်ကြိုးမြှင်တို့ဖြင့် မွမ်းမံ ယက်ထားသော နေရာထိုင်ကို ခင်း ထား သည်၊ ဓမ္မာသန ပလ္လင်၏ အောက်ခံမှီရာတံကဲပျဉ်ကို စန္ဒကူး နံ့သာသားဖြင့် ပြုလုပ်ထားလေသည်။

**ကျောင်းလှူတံပူဇော်ပွဲ**။ မေဏ္ဍက သဌေးအလောင်း အပရာဇိတသည် ဆင်ဝင်ခမ်းမဆောင်ကြီးကို ဆောက်လုပ်ပြီးစီးလျှင် ရေစက်ချပွဲကြီး ဆင်ယင်ကျင်းပရာ ရဟန်းတော် ခြောက်သန်း ရှစ်သိန်းနှင့်အတူ ဗုဒ္ဓမြတ်စွာအား (၄)လတိုင်တိုင် ပူဇော်ပွဲကြီး ပြုလုပ်လေသည်၊ (၄)လပြည့်သည့် နောက်ဆုံးနေ့တွင် ရဟန်းတော် တပါးတပါးအား (တိစီဝရိတ်-သင်္ကန်း (၃)ထည်စီ ကပ်လှူရာ သံဃနော (သံဃာတွင် အငယ်ဆုံး) ရဟန်းအား လှူဒါန်းသော သင်္ကန်းသည်ပင် အဖိုးတသိန်းတန်လေသည်။

**ဗာရာဏသီ သဌေးဘဝ**။ ။ဤသို့ မေဏ္ဍက သဌေးအလောင်း အပရာဇိတသူကြွယ်သည် ဝိပဿီဘုရားရှင် လက်ထက်တော်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့၍ ထိုဘဝမှ စုတေပြီးနောက် နတ်ပြည် လူ့ပြည်တို့တွင် ကျင်လည်ခဲ့ရာ၊ဤဘဒ္ဒကမ္ဘာတွင် ဗာ

ရာဇာသီမြို့ဝယ် မဟာဘောဂသဌေးမျိုး၌ ဗာရာဇာသီ သဌေး ဖြစ်လာသည်၊ ဗာရာဇာသီသဌေးသည် မင်းဆရာ ပရောဟိတ်ကြီးအထံမှ 'နောက် ၇ နှစ်ကြာလျှင် ဆာတကဘေး (ဆာလောင် မွတ်သိပ်ခြင်း ဒုဗ္ဘိက္ခဘေး) ဖြစ်လိမ့်မည်'ဟု သိရှိရ၍ လယ်ယာ စပါးတို့ကို တိုးချဲ့လုပ်ကိုင်စေသည်၊ စပါးကျီ (ဂိုဒေါင်) အလုံးပေါင်း ၁၂၅၀ တို့ကို ဆောက်လုပ်၍၊ ထိုစပါးကျီအပြည့် ရသမျှ စပါးတို့ကို စုဆောင်းသိုလှောင်သည်၊ စပါးကျီမဆန့်၍ ပိုလျှံစပါးတို့ကိုအိုးစရည်း (အိုးတုက်ကြီး စဉ့်အိုးကြီး) များတွင် ထည့်၍လည်းကောင်း၊ မြေ၌ တွင်းတူး မြှုတ်သိမ်း၍လည်းကောင်း၊ မြေညက်နှင့်နယ်၍ အိမ်နံရံတို့ကို လိမ်းသုတ်၍လည်းကောင်း ထားရှိလေသည်။

ဒုဗ္ဘိက္ခဘေးကြီး။ ။နောင်တွင် ဆာလောင်မွတ်သိပ်ဘေး (ဒုဗ္ဘိက္ခဘေး)ကြီးဆိုက်ရောက်လာ၍ စပါးကျီစသည်တို့၌ စုဆောင်းသိုလှောင်ထားသော စပါးများ ကုန်သွားလေလျှင် အမိတသဌေးကြီးသည် အခြွေအရံ တပည့်လက်သားများကို ခေါ်ကာ 'တောင်ခြေသို့ ရွှေ့ပြောင်း၍ အသက်မွေး ချေကြ၊ နောင်သာယာဝပြော အစာပေါသောအခါ တို့များထံ ပြန်လာလိုကလဲ ပြန်ခဲ့ကြ၊ မလာလိုကလဲ ထိုထိုသင့်တော်ရာအရပ်များမှာ အသက်မွေးနေထိုင်ကြပါ'ဟု ခွင့်ပေးလိုက်လေသည်၊ အခြွေအရံတပည့်လက်သားများသည် မျက်ရည်များ မဆည်နိုင်အောင်ဖြစ်၍ သဌေးကြီးကို ရှိခိုးကန်တော့ပြီးလျှင် သဌေးကြီး ညွှန်ကြားသည့် နေရာသို့ ရွှေ့ပြောင်းသွားကြလေသည်။

**မိသားစုငါးဦး။** ။သငွေးကြီးအတွက် ဝေယျာဝစ္စ ဆောင်ရွက်ပေးနေသည့် ပုဏ္ဏားဆိုသူတယောက်သာ ကျန်ရစ်လေသည်၊ သငွေးကြီးဇနီးမောင်နှံ၊ သငွေးသား၊ ချွေးမနှင့် ပုဏ္ဏားပါ အားလုံးစုစုပေါင်း မိသားစု ငါးယောက်တို့သာ ကျန်ရှိလေသည်၊ သငွေးကြီးမိသားစုသည် စုဆောင်းထားသော စပါးများ တဖြည်းဖြည်းကုန်လာရာ အိမ်နံရံတွင် သုတ်လိမ်းထားသည့် မြေညက်များကို ခွာယူ၍ ရေစိမ်ပြီးလျှင် ထိုမှရရှိသော စပါး (ဆန်)ဖြင့် မျှတရလေသည်၊ သငွေးကတော်ကြီးသည် ဒုဗ္ဘိက္ခဘေးကြီး တိုးတက်ဆိုးဝါးလာသောအခါ နံရံခြေတို့၌ ကျန်ရှိနေသော စပါးတခွက်ကို ဆန်ဖွပ်ရာ ဆန်တစလယ်မျှ ရရှိလေသည်၊ ထိုအခါမျိုးတွင် လူဆိုးသူခိုးတို့လည်း အလွန်ပေါများ တတ်သဖြင့် ထိုဆန်တစလယ်ကို လိုရမယ်ရ အိုးငယ်တွင်ထည့်၍ မြေတွင် မြှုပ်ထားလေသည်။

**ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ။** တနေ့တွင် မင်းအထံမှ ပြန်လာသောသငွေးကြီးသည်အလွန် ဆာလှသဖြင့်သငွေးကတော်ကြီးကို စားစရာတခုခုမေးရာ မြေတွင် မြှုပ်ထားသော ဆန်တစလယ်ကို အချက်ခိုင်းလေသည်၊ သငွေးကတော်ကြီးက 'ယာဂုကျိုလျှင် နှစ်ထပ်စာရ၍ ထမင်းချက်လျှင် တထပ်စာသာရပါမည်၊ ဘယ်ဟာကိုလုပ်ပါမည်လဲ'ဟု မေး၍ သငွေးကြီးက 'ထမင်းကိုသာ စားပြီး သေကြပါစို့၊ ထမင်းသာချက်လိုက်ပါ'ဟု ပြောသဖြင့် ထမင်းချက်ပြီးလျှင် ငါးပုံပုံ၍တပုံကို သငွေးကြီး၏ရှေ့သို့စားရန် အသင့်ချပေးလေသည်။

ထိုခဏတွင် သမာပတ်မှထတော်မူပြီးစ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဒိဗ္ဗစက္ခုဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူ၍ သဌေးကြီးအိမ်သို့ဆွမ်းခံကြွလာသည်၊ စားတော့မည့်ဆဲဆဲ ဖြစ်နေသော သဌေးကြီးသည် အရှင်မြတ် ဆွမ်းရပ်လာသည်ကို မြင်လျှင် ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပွား၍ 'ရှေးရှေးကလည်း အလှူဒါနကို မလှူခဲ့သဖြင့် ယခုလို ဒုဗ္ဘိက္ခ ကပ်ဆိုးကြီးနှင့် ကြုံတွေ့ရသည်၊ ဤထမင်းသည် ငါ့ကို တရက်မျှသာ စောင့်ရှောက်နိုင်မည်၊ အရှင်မြတ်အား ပေးလှူလိုက်လျှင် ကမ္ဘာကုဋေပေါင်းများစွာ ငါ၏အကျိုးစီးပွားကို ဆောင်နိုင်ပေလိမ့်မည်'ဟု ဖဉ်းစားလျက် သုတ်ခွဲးထားသော ထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်ထည်းသို့ လောင်းထည့်လှူဒါန်းလိုက်သည်။

ဆွမ်းတဝက်လောက် လောင်းထည့်ပြီးသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သပိတ်ကိုလက်တော်နှင့် ပိတ်တော်မူလိုက်သည်၊ သဌေးကြီးသည် ဆန်တစလယ်ဖြင့် ငါးယောက်စာချက်ထားရာ ဤဆွမ်းသည် တယောက်စာသာ ဖြစ်ပါသည်၊ ဤတယောက်စာကို နှစ်ပိုင်းပုံ၍ တဝက်စီ ပြုဖို့မသင့်ပါဘုရား၊ ဒကာတော်ကို ဒီဘဝအတွက်သာ မချီးမြှောက်ပါနှင့်၊ အကုန်ပဲလှူပါရစေ'ဟု လျှောက်ထား၍ အကုန်လုံး လောင်းလှူလိုက်လေသည်။

**သဌေးကြီးမိသားစု၏ ဆုတောင်း။** ။ထိုသို့ လှူဒါန်းပြီးလျှင် သဌေးကြီးသည် ဆုတောင်းပတ္ထနာပြုလေသည်၊ 'အရှင်ဘုရား....

ဒကာတော်သည် နှောင်နှောင် ဖြစ်လေရာရာ ဘဝသံသရာ၌ ဤကဲ့သို့သော မွတ်သိပ်ဆာလောင်သည့် ဒုဗ္ဘိက္ခဘေးဆိုးကြီး မျိုးကို မတွေ့ကြုံရပါလို၊ ဤဘဝမှစပြီး ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအားလုံးတို့အား မျိုးရိက္ခာထမင်းကို ပေးစွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏၊ မိမိလက်ဖြင့် ကိုယ်တိုင်အလုပ်လုပ်၍ အသက် မွေးမှုမပြုရပါလို၊ စပါးကျီပေါင်း တထောင့်နှစ်ရာ့ငါးဆယ် တို့ကို ရှင်းလင်းကာ ဦးခေါင်းလျှော်၍ ထိုစပါးကျီများ၏ တံခါးဝတွင် ထိုင်လျက် ကောင်းကင်သို့ မော်၍ကြည့်လိုက်လျှင် သလေးနီစပါးမိုးကြီးရွာချလျက် ကျီအားလုံး ပြည့်ပါစေသား၊ ဖြစ်လေရာဘဝတိုင်းမှာလည်း ဤဇနီး ဤသား ဤချွေးမ ဤ အလုပ်သမားတို့ပင် မသွေမကွာ ဖြစ်ရပါစေသား’ဟု ဆု တောင်းလေသည်။

သဋ္ဌေးကတော်ကြီးနှင့်သား၊ ချွေးမ၊ အလုပ်သမား မောင် ပုဏ္ဏတို့လည်း သူတို့၏အရှင်သခင် သဋ္ဌေးကြီးပင် သူ့အတွက် ထမင်းကို မစားပဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူလိုက်သဖြင့် သူတို့လည်း မစားရက်တော့ပဲ သူတို့တွက်စုများကို ပစ္စေကဗုဒ္ဓါ အား အသီးသီးဆုတောင်းပြီးလျှင် လှူဒါန်း လိုက်ကြလေသည်၊ သူတို့အားလုံးသည် “ဤကဲ့သို့သော ဒုဗ္ဘိက္ခန္တရ ကပ်ဆိုးကြီးကို ဘဝတိုင်း မတွေ့ကြုံရပါလိုကြောင်း၊ ဒီမိသားစုများ မကွဲမကွာ အဘူတကွ ဖြစ်ရပါလိုကြောင်း”များကို ဆုတောင်းပန်ဆင်ကြ ပြီးလျှင် အထူးသဖြင့် သဋ္ဌေးကတော်ကြီးသည် “ထမင်းအိုးကို ရှေ့တွင်ထား၍ ဇမ္ဗူဒိပ်ကျွန်းရှိ လူတို့အား ထမင်းအစာ ပေး ဝေငှပါသော်လည်း သူမ မထမချင်း ယူတိုင်း ယူကိုင်းသောနေရာ

သည် ပြည့်မြဲပြည့်ပါစေ (မလျော့ပါစေနှင့်)"ဟု လည်းကောင်း၊ သားသည်လည်း "အသပြာ တထောင်အိတ်ကို စွဲကိုင်၍(လွယ်၍) ဇမ္ဗူဒိပ်ကျွန်းရှိ လူတို့အား အသပြာ ပေးဝေငှပါသော်လည်း သူ၏တထောင်အိတ်သည် ပြည့်မြဲပြည့်ပါစေဟုရင်း၊ ချွေးမသည်လည်း "စပါးတတောင်းကို ရှေ့တွင် ထား၍ ဇမ္ဗူဒိပ်ကျွန်းရှိ လူတို့အား ပျိုးရိက္ခာထမင်းကို ပေးဝေငှပါသော်လည်း မကုန်ခမ်းနိုင်ပါစေသတည်း"ဟုရင်း၊ အလုပ်သမား မောင်ပုဏ္ဏသည်လည်း ဤအရှင်သခင်တို့သည်ပင် ဘဝတိုင်း သူ၏အရှင်သခင်များ ဖြစ်ကြပါစေ၊(သေနာပတိ စစ်ဗိုလ်ချုပ် ရာထူးကိုပင် ဆုတောင်းလျှင် ရနိုင်ပါလျက် အရှင်သခင်တို့အပေါ် ခင်တွယ်မှု သံယောဇဉ် ကြီးလှသဖြင့် ဤသို့ ဆုတောင်းရှာသည်)၊ တကြိမ်ထွန်လိုက်လျှင် လက်ဝဲဘက်မှထွန်ရေးသုံးကြောင်း၊ လက်ျာဘက်မှထွန်ရေးသုံးကြောင်း၊ အလယ်မှ ထွန်ရေးတကြောင်းအားဖြင့် တစ်အမ္ဗဏ (လေးတင်း)မျိုးကြဲနိုင်လောက်သည့်ထွန်ရေးခုနှစ်ကြောင်း ခုနှစ်ကြောင်းတို့ ဖြစ်ကြပါ**စေ**"ဟုလည်းကောင်း၊ အသီးသီးတောင်း ဆုပန်ဆင်ကြလေသည်။

**ပစ္စေကဗုဒ္ဓါ ါးရာ ဆွမ်းဘုဉ်းပေး။** ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်၊ "ဧဝံ ဟောတု- သင်တို့ တောင်းဆုပန်ဆင်ကြသည့်အတိုင်း ဖြစ်ပါစေ"ဟု မိန့်တော်မူ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တိုင်း ဆုပေးနေကျ၊ "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု"စသော ဂါထာတော်များဖြင့် အနုမောဒနာ ပြုတော်မူသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဤသို့ ဆုပေးတော်မူပြီးလျှင် ဤမိသားစုတို့၏ စိတ်ကိုတိုး၍ ကြည်ညိုစေရန် သင့်ပေသည်ဟု ကြံစည်ဆင်ခြင်တော်မူလျက် ဂန္ဓမာဒနတောင်သို့ တိုင်အောင် ဤမိသားစုတို့သည် မြင်စေသတည်းဟု အဓိဋ္ဌာန်၍ ပြန်ကြွတော်မူလေသည်၊ သဌေးကြီးမိသားစုတို့လည်း ကြည့်ရှုဖူးမျှော်ကြရင်း အရှင်မြတ်၏ တန်ခိုးအာနုဘော်ကြောင့် မိသားစု ငါးယောက်စာ ထမင်းကို ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာတို့ လောက်လောက် ငငအားလုံးဘုဉ်းပေးနိုင်ကြသည်ကို မြင်ကြရသဖြင့် ကြည်ညို မဆုံး ရှိကြလေသည်။

**ဒိဋ္ဌဓမ္မအကျိုး။** ထို့နောက်တွင် သဌေးကြီးလည်း ထမင်း ဆာဆာနှင့် အိပ်ရာပေါ်တွင် အိပ်ပျော်သွားရှာသည်၊ ညနေချမ်းတွင် နိုးလာ၍ သဌေးကတော်ကြီးကို "ငါသိပ်ဆာနေတယ်၊ ထမင်းအိုးမှာ ထမင်းချိုးတို့ ထမင်းလုံး အကာတ်အသာတ်တို့များ ရှိလေဦးမလား" ဟု မေးရှာလေသည်၊ သဌေးကတော်ကြီးသည် အိုးကို ပြောင်စင်အောင် ဆေးပြီးထားခဲ့မှန်း သိသော်လည်း မရှိပါဟု မပြောရက်ပဲ သွားကြည့်ပြီးမှ ပြောတော့လေမည်ဟု စိတ်မကောင်းစွာဖြင့် ထသွားပြီးလျှင် မိမိဆေးကျောခဲ့ပြီး ထမင်းအိုးကို မရှိမှန်းသိလျက် ဖွင့်ကြည့်လေသည်၊ ထမင်းအိုးတွင် ထမင်းများပြည့်လျက် အဖုံးဟအောင် မို့မောက်တည်ရှိနေသည်ကို သဌေးကတော်ကြီး အံ့သြစွာတွေ့ရလေလျှင် အားရဝမ်းသာ ပီတိဖြာလျက် သဌေးကြီးဆီသို့ သွားပြီးလျှင် သဌေးကြီး ထစမ်းပါအုန်း၊ အိုးကိုပြောင်စင်အောင် ဆေးပြီးမှ ဖုံးထားခဲ့ပါလျက်

ယခု ထမင်းအိုးမှာ ထမင်းများ ပြည့်နေပါတယ်၊ "ညာနိနာမ ကတ္တာဗ္ဗရူပါနိ၊ ကုသိုလ်ကောင်းမှုဆိုတာ တကယ်ပဲပြုလုပ်သင့်ပါပေတယ်၊ ဒါနံနာမ ကတ္တဗ္ဗယုတ္တကံ-အလှူဒါနဆိုတာ တကယ်ပဲ ပြုလုပ်သင့်ပါပေတယ်"ဟု ဝမ်းသာအားရ ပြောပြလေသည်။

သဋေးကတော်ကြီးသည် သဋေးကြီးနှင့်သားကို ပဌမ ကျွေးမွေးပြီးနောက်၊ သူနှင့်ချွေးမ စားပြီးလျှင် နောက်ဆုံး ပုဏ္ဏကို ကျွေးပြန်လေရာ ထမင်းမှာ ယူလို့မကုန်နိုင်အောင် ရှိလေသည်၊ ပဌမတကြိမ် ခူးယူသည့်နေရာသာ ထင်ရှားသည်၊ ထိုနေ့မှာပင် စပါးကျီစသည်တို့မှာလည်း ရှေးကအတိုင်း စပါးတွေ ပြန်၍ ပြည့်နေကြလေသည်။

**ပြည်သူများကိုဝေငှပြီ။** သဋေးကြီးသည် သူ၏အိမ်တွင်ထမင်း ရိက္ခာ လိုသလောက်ရနေပါပြီ၊ ထမင်းအလိုရှိသူများ လာရောက်ယူလှည့်ကြပါ"ဟု မြို့အတွင်းလှည့်လည်ကြေငြာစေသည်၊ လူတို့လည်း သဋေးကြီးအိမ်မှ လိုသမျှထမင်းကို ယူကြသည်၊ ဇမ္ဗူဒိပ်ရှိ လူများသည် ထိုမဟာဘောဂ ဗာရာဏသီ သဋေးကြီးကို အမှီပြု၍ အသက်ကိုရကြ(အသက်ရှည်ကြရ)လေသည်။

**ဤဘုရားသက်ထက်။** ထိုမဟာဘောဂ သဋေးကြီးသည် ထိုဘဝမှစုတေပြီးနောက် နတ်ပြည်လူ့ပြည်တို့တွင် ကျင်လည်ရင်း ဤမြတ်စွာဘုရား လက်ထက်တော်တို့ ရောက်သောအခါ ဘဒ္ဒိယမြို့တွင် သဋေးမျိုး၌ ဖြစ်လာသည်၊ နောင်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံတွင် ဆွမ်းဆင်ခဲ့ကြသည့်အတိုင်း မိသားစုမကွဲမကွာ

ပြန်လည်ဆုံစည်းလာကြသည်၊ ဤဘဝတွင် သဋ္ဌေးကြီး၏အမည်မှာ မေဏ္ဍက၊ သဋ္ဌေးကတော်ကြီးက စန္ဒပဒုမာ၊ သားက ဓနဥ္စယ၊ ချွေးမက သုမနဒေဝီ၊ ကျွန်ယုံတော်ကား ရှေးကအမည်အတိုင်း မောင်ပုဏ္ဏပင် ဖြစ်လေသည်။

**မေဏ္ဍကအမည်ရ**။ သဋ္ဌေးကြီး၏အမည် "မေဏ္ဍက"ဟု တွင်ရခြင်းအကြောင်းမှာ သဋ္ဌေးကြီး၏ အိမ်နောက်ဖေးဝယ် ရှစ်ပယ်မျှ ကျယ်ဝန်းသည့်မြေတွင် ဝိပဿီဘုရားရှင်လက်ထက်တော်အခါက ရွှေဆိပ်ရုပ်များပြုလုပ်၍ လှူဒါန်းပူဇော်ခဲ့သော ကောင်းမှုကြောင့် ဆင်မြင်း ဥသဘ အရွယ်ပမာဏရှိသည့် ရွှေဆိပ်ရုပ် (ပဒေသာပင်) ကြီးများ မြေကိုဖေါက်၍ ကျောက်ဟုံးချင်း ထိလျက် ပေါ်ပေါက် လာကြလေသည်၊ ထိုရွှေဆိပ်ရုပ်ကြီး၏ ပါးစပ်အတွင်း၌ အဆင်းငါးမျိုးရှိသည့် ချည်လုံးများလည်း ပါရှိလာသည်၊ ထောပတ်ဆီ ပျားတင်လဲ စသည်များ၊ အဝတ်အထည် ရွှေငွေစသည်များကို အလိုရှိလျှင် ရွှေဆိပ်ရုပ်ကြီးများ၏ ပါးစပ်အတွင်းက ချည်လုံးများကို ဖယ်ရှားယူရသည်၊ ရွှေဆိပ်ရုပ်တရုပ်တည်း၏ ပါးစပ် အတွင်းမှာပင် ဇမ္ဗူဒိပ်ကျွန်းရှိ လူအားလုံးအတွက် လုံလောက်အောင် ထောပတ်ဆီ ပျားတင်လဲများ၊ ရွှေငွေစသည်များ ထွက်ရှိပေးနိုင်သည်၊ ထိုမှစ၍ သဋ္ဌေးကြီး၏ အမည်သည် မေဏ္ဍကသဋ္ဌေးကြီး ရွှေဆိပ်ရုပ်များပိုင်ရှင် သဋ္ဌေးကြီးဟု ထင်ရှားလာလေတော့သည်။

**စန္ဒပဒုမာ အမည်**။ ။သဋ္ဌေးကတော်ကြီး၏ စန္ဒပဒုမာ အမည်ရခြင်းအကြောင်းမှာလည်း သဋ္ဌေးကတော်ကြီးသည် ရှေးဘုရား

ရှင်တို့၏ လက်ထက်တော်အခါ၌လည်း ရဟန်းသံဃာတော်တို့အား လက်ဝဲလက်ဖြင့် ဆွမ်းဇလုံကို မချီလျက် လက်ျာလက်ဖြင့် ဇွန်းကိုကိုင်၍ သပိတ်အပြည့် ဆွမ်းလှူခဲ့ဘူးသောကြောင့် ဘယ်လက်ဖဝါးတွင် ပဒုမ္မာကြာပန်းလက္ခဏာ အရေးအသား၊ ညာလက်ဖဝါးပြင်တွင် လဝန်းလက္ခဏာ အရေးအသား ထင်ထင်ရှားရှား ပါရှိလာသည်၊ ထို့ပြင်လည်း သဒ္ဓေးကတော်ကြီးသည် ရှေးဘုရားရှင်များ၏ လက်ထက်တော်တုန်းက ရဟန်းတော်တို့အား လက်ဝဲလက်ဖြင့် ခမ္မကရိဏ် ရေစစ်ကိုကိုင်လျက် သောက်ရေကိုစစ်၍ ဟိုဟိုဒီဒီ သံဃာတော် ရှိရာသို့ မမောနိုင်မပန်းနိုင် လှည့်လည်သွားလာ သောက်ရေကို ကပ်လှူခဲ့သောကြောင့် ညာခြေဖဝါးအပြင်တွင် လဝန်းလက္ခဏာ၊ ဘယ်ခြေဖဝါးအပြင်တွင် ပဒုမ္မာကြာပန်းလက္ခဏာ အရေးအသား ထင်ရှားပါရှိလာသည်၊ ထို့ကြောင့် သဒ္ဓေးကတော်ကြီး၏အမည်ကို စန္ဒပဒုမာဟု မှည့်ခေါ်ကြသည်။

**သူတို့၏ဘုန်းကံဟန်ခိုးများ။** ။ပစ္စေက ဗုဒ္ဓါ အရှင်မြတ်ထံတွင် ပန်ဆင်ခဲ့သော 'မိသားစု ငါးဦးလုံး မကွေမကွာ ဘဝတိုင်း ဖြစ်ရပါလို၏' ဟူသောဆုသာပြည့်ဝသည် မဟုတ်၊ အခြားပန်ဆင်ခဲ့သမျှ ဆုများလည်း အားလုံး ပြည့်ဝကြသည်သာ ဖြစ်သည်၊ တနေ့ဘွင် သူတို့သည် မိမိတို့၏ ဘုန်းကံစွမ်းပကား တန်ခိုးအာနုဘော်များကို အသီးသီး စမ်းသပ်ကြသည်၊ (ဝိနည်းမဟာဝါတွင်-ဗိမ္ဗိသာရမင်းကြီးက အမတ်တယောက်ကို ဟုတ်၊ မဟုတ် သိရန် လွှတ်လိုက်၍ ပြကြရသည်ဟု ဆိုသည်၊) မေဏ္ဍက

သဌေးကြီးသည် စပါးကျီ တထောင့်နှစ်ရာ ငါးဆယ်တို့ကို အရှင်းခိုင်း၍ ဦးခေါင်းလျှော်ပြီးလျှင် တံခါးတွင် ထိုင်လျက် ကောင်းကင်သို့ မော့ကြည့်လိုက်လျှင် သလေးနီ စပါးမိုးကြီး ရွာဖွိုးသွန်ချ စပါးကျီအားလုံးပြည့်ရလေသည်။

စန္ဒပဒုမာ သဌေးကတော်ကြီးသည် ဝတ်စားတန်းဆာများ ဝတ်ဆင်ကာ လူအများ၏ရှေ့တွင်ပင် ဆန်များကို ချင့်စေ၍ ထမင်းချက်စေပြီးနောက် တံခါးမုခ်တွင် ထိုင်လျက် လာသမျှ လူတို့အား ပေးလှူရာ တနေကုန် ပေးလှူသော်လည်း ရွှေဇွန်း ဖြင့်ခပ်ယူသော နေရာသာထင်၍ ထမင်းအရာမယွင်းပဲရှိလေ သည်။

မေဏ္ဍကသဌေးကြီး၏ သား ဓနဉ္စယ သဌေးသည်လည်း ခေါင်းလျှော်၍အသပြာထောင်အိတ်ကို ယူပြီးလျှင် လာသမျှ လူတို့အား ခွက်အပြည့် ငွေအသပြာတို့ကို ထည့်၍ပေးသော် လည်း ငွေတထောင် ရှိမြဲရှိလေသည်။

မေဏ္ဍကသဌေးကြီး၏ချွေးမ(ဓနဉ္စယသဌေးကတော်) သုမန ဒေဝီသည်လည်း ဝတ်စားတန်းဆာတို့ကို ဝတ်ဆင်လျက် စပါး တောင်းကိုယူ၍ ကွင်းပြင်တွင်ထိုင်ပြီးလျှင် လာသမျှ လူတို့အား တောင်းအပြည့် ထည့်၍ပေးသော်လည်း စပါးတောင်းသည် ပြည့်မြဲပြည့်လျက်ရှိလေသည်။

သဌေးကြီး၏အလုပ်သမား မောင်ပုဏ္ဏသည်လည်း ဝတ် စားတန်းဆာစုံဝတ်ဆင်၍ ရွှေထမ်းပိုးတွင် ရွှေကြိုးဖြင့် နွားများ ကိုတပ်ဆင်ပြီးလျှင် ရွှေနှင်တံ ကိုင်လျက်၊ နွားတရှဉ်းအား နံ့သာ လက်ငါးချောင်းရာပေး၍ နွားချိုတို့တွင်လည်း ရွှေထိပ်

အုပ်စုတ်အုပ်လျက် လယ်တောသို့ သွားရောက်ထွန်ယက်လေလျှင် အံ့သြဘွယ်ရာ ထွန်းရေးကြောင်း ခုနစ်ကြောင်းတို့ ဖြာထွက်သွားကြလေသည်။

ဇမ္ဗူဒိပ်ကျွန်း၌နေသူများသည် ထမင်း ဆန်စပါး ရွှေငွေစသည်များတွင် မိမိတို့ လိုရာရာကို မေဏ္ဍကသူဌေးကြီး၏အိမ်မှာပင် ယူကြလေသည်၊ ဤကား ဘုန်းကံကြီးသူ တန်ခိုးရှင်ငါးဦးတို့၏ အကြောင်းပေတည်း၊ (ဗိမ္ဗိသာရ မင်းကြီးသည် ဤသတင်းကို ကြားသိ၍ ဟုတ်,မဟုတ် သွားရောက် စူးစမ်းရန် ကိစ္စအားလုံးဆောင်ရွက်တတ်သော အမတ်ကြီးကို (ပြည်ထဲရေးဝန်ကြီးကို) လွှတ်လိုက်လေသည်၊ အမတ်ကြီးလည်း ကိုယ်တိုင်လက်တွေ့ စူးစမ်းသိရှိပြီးမှ ဗိမ္ဗိသာရ မင်းတရားထံ ဟုတ်မှန်ကြောင်း သံတော်ဦးတင်သည်။)

ဤကဲ့သို့ ဘုန်းကံစွမ်းပကား ကြီးမားပေါ်ထင် တန်ခိုးရှင်မေဏ္ဍကသူဌေးကြီးသည် ဘဒ္ဒိယမြို့သို့ ဗုဒ္ဓမြတ်စွာ ကြွတော်မူကြောင်းကို ကြားသိရ၍ ဝိသာခါ ကျောင်းအမ၏အကြောင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာကို ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်း ကြိုဆိုသည်၊ တရားပွဲအဆုံးတွင် မေဏ္ဍကသူဌေးကြီးနှင့် ဝိသာခါ အမှူးပြုသော အမျိုးသမီးလေးများအားလုံး သောတပန် တည်ကြလေသည်။

---

၁။ ဝိ-၃၊နှာ-၃၃၇။ ဝိ-၃-ဋ္ဌ၊-နှာ-၃၈၂။

၂။ ဓမ္မပဒ-ဋ္ဌ-၁၊နှာ-၂၄၃-ဓမ္မပဒ-ဋ္ဌ-၂၊နှာ-၂၃၂။နှာ-၄၃၃။

၃။ အံ-ဋ္ဌ-၁၊နှာ-၃၁၁

၄။ ပဋိသံ-ဋ္ဌ-၂၊နှာ-၂၉၅

# သောဏ သင်္ဘေးသား
# (ရှေးကျောင်းဒကာ)

**ဆုပန်ရာကာလ။** ။သောဏသင်္ဘေးသားသည် ပဒုမုတ္တိုရ် ဘုရားရှင် လက်ထက်တော်မှ စတင်ဆုပန်ခဲ့၏၊ သီရိဝဍ္ဍနဆို သော သင်္ဘေးသားဖြစ်ခဲ့၍ ပရိသတ်အစွန်မှ တရားနာနေသည်၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်တပါးကို ဝီရိယမောက်အား ကြီး သူများတွင် ဧတဒဂ်အရာ၌ ထားတော်မူသည်၊ သင်္ဘေးသားသည် ထိုရဟန်းတော်ကို အားကျ၍ ခုနစ်ရက်တိုင်တိုင် အလှူကြီး ပေးလျက် ထိုဆုကို တောင်းခဲ့သည်၊ အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုများပြုလုပ်၍ လူ့ပြည်နတ်ပြည်တွင် ကျင်လည်ခဲ့သည်။

အနောမဒဿီဘုရားရှင်နှင့် ဝိပဿီဘုရားရှင်တို့၏ လက် ထက်တော်များ၌လည်း သင်္ဘေးဘဝဖြင့်စင်္ကြံကျောင်း၊ မှန်ပြင် ပမာ ညီညာသော စင်္ကြံလမ်း, လိုဏ်ဂူ, လိုဏ်ဂူအတွင်းခင်းရန် ရောင်စုံအခင်းညီညာသောအမျိုးမျိုးနှင့် ဗိဘာန်မျက်နှာကျက် တို့ကို စာတုဒ္ဒိသ သံဃာအား လှူဒါန်းခဲ့သည်။

ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် ဤဘုရားရှင်မပွင့်မီ ကြားကာလ၌ ဗာရာဏသီသဌေးသား ဖြစ်လာသည်၊

**ဗာရာဏသီ သဌေးဘဝ။** ။အပေါင်း အသင်း သူငယ်ချင်းများနှင့်အတူ ဂင်္ဂါမြစ်တွင် အပျော်အပါး ရေကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါး ဂင်္ဂါမြစ်ကြောမှ မျောလာသည့်ဝါးနှင့် ကျူရိုးများ ဆယ်နေသည်ကိုတွေ့ရသည်၊ "ဘယ်အတွက်ဝါးနှင့် ကျူရိုးသစ်ကိုင်းများကိုဆယ်နေပါသလဲဘုရား" "ဒကာလေး ဝါဆိုဘို့နီးနေပြီ မဟုတ်လား၊ ရသေ့ရဟန်းများ အဘို့ နေစရာ ဝါဆိုကျောင်း လိုအပ်နေတယ်"၊ "အရှင်ဘုရား ဒါတွေဆယ်မနေပါနှင့် ဒီနေ့တရက်တော့ဖြင့် ဖြစ်သလိုနေပြီး ဆိုင်းငံ့တော်မူပါ၊ နက်ဖန်ကျလျှင် တပည့်တော် အရှင်ဘုရား အတွက်နေစရာ ဝါဆိုကျောင်း ဆောက်လှူပါမည် ဘုရား" ဤသို့ သဌေးသားက လျှောက်ထားသဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း ထိုသဌေးသားကို ချီးမြှောက်ရန် ကြွလာခြင်း ဖြစ်သဖြင့် လက်ခံလိုက်လေသည်၊ သဌေးသားလည်းနောက်နေ့တွင် ပူဇော်လှူဒါန်းဖွယ်များကို အသင့်ပြင်ဆင်၍ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်အလာကိုစောင့်မြှော်နေလေသည်၊ အရှင်မြတ်လည်း ဆင်ခြင်သိရှိတော်မူသဖြင့် သူ့အိမ်သို့ကြွလာသည်၊ သဌေးသားသည် သပိတ်ကိုယူ၍ ဆွမ်းလောင်းလှူပြီးနောက် ဝါတွင်း သုံးလပတ်လုံး သူ့အိမ်သို့သာ ဆွမ်းခံကြွပါရန် ပင့်လျှောက်လေသည်။

**ဝါဆိုကျောင်းနှင့် ကမ္ဗလာအခင်းလှူ။** ။ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြွသွားပြီးနောက်သဌေးသားသည်သူငယ်ချင်းတို့ကို ခေါ်၍ တနေ့တည်းနှင့်ပင် သစ်ရွက်ကျောင်း စင်္ကြံကျောင်း၊ နေ့အခါ ညဥ့်အခါတို့၌ သီတင်းသုံးရန် နေရာတို့ကို ဆောက်လုပ်လှူဒါန်းလေသည်၊ ထိုနောက် ထိုသစ်ရွက်ကျောင်းသို့ ဝင်သည့်အခါတွင် ခြေဖဝါးမှာ ကပ်ပါလာသည့်ဖုန်(မြူမှုန့်)များသုတ်ရန် အဘိုးတသိန်းတန် အပေါ်ရုံကမ္ဗလာနီကို မြေအခင်း (ဖုန်သုတ်)အဖြစ် ခင်းထားလှူဒါန်းပြန်လေသည်။

**ဆုတောင်းပုံ။** ။ကမ္ဗလာနီအခင်းပေါ် ပစ္စေကဗုဒ္ဓါအရှင်မြတ်နင်းလိုက်လျှင် ကမ္ဗလာအရောင်နှင့် အရှင်မြတ်၏ အရောင်တို့အထူးဟပ်လှသဖြင့် တထပ်တည်း ကျနေသည်ကို ဖူးတွေ့ရသောသဌေးသားသည် အလွန်အမင်းကြည်ညိုသွားလေသည်၊ "အရှင်ဘုရားနင်းလိုက်သည့်အခါ ကမ္ဗလာ၏ အရောင်သည် အလွန်တင့်တယ်သလို ဖြစ်လေရာရာဘဝတိုင်း၌ ကပည့်တော်၏ လက်ဖဝါး ခြေဖဝါးတို့သည်လည်း ပဘ္ဘာမြားပမာ ပန်းရောင်အသွေးကဲ့သို့ တွေးတွေးနီမြန်းပါစေ၊ အကြိမ်တရာဖပ်အပ်သော ဝါဂွမ်းဆိုင်တွေကဲ့သို့ အတွေ့ကောင်းရလိုပါ၏"ဟု ဆုတောင်းလေသည်၊ ဗာရာဏသီသဌေးသားသည် ဝါတွင်း သုံးလပတ်လုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပြုစုလုပ်ကျွေးသည်၊ ဝါလကျွတ်၍ ပဝါရဏာပြုပြီးသောအခါ တိစီဝရိတ်သင်္ကန်းကို လှူဒါန်းလေသည်၊အရှင်မြတ်လည်း သပိတ်သင်္ကန်း ပြည့်ပြည့်စုံစုံဖြင့် ဂန္ဓမာဒန တောင်တော်သို့ပြန်ကြွတော်မူသည်။

**ဤဘုရားလက်ထက်**။ ။ထိုသဌေးသားသည် လူ့ပြည်နတ်ပြည် ကျင်လည်ရင်း ဤဘုရားရှင် လက်ထက်တော်သို့ ရောက်ရှိလာသည်၊ ကာဠစမ္ပာ(စမ္ပာနဂိုရ်)မြို့ ဥပသေဋ္ဌိ သဌေးကြီး၏သား ဖြစ်လာသည်။ ကုသိုလ်ဘုန်းကံထက်သန် ကြီးမြင့်သည့် ပုဂ္ဂိုလ် များ ပဋိသန္ဓေတည်လာလျှင် မိဘဆွေမျိုးများမှာ လာဘ်သပ် ပကာ ပေါများခြင်း၊ စည်းစိမ်ကျက်သရေတိုးပွားခြင်း၊ မျက် နှာပွင့်လန်းခြင်းစသည့် ကောင်းကျိုး ချမ်းသာတွေ ဖြိုးဖြိုးဝေ အောင် အကျိုးပေးမြဲဖြစ်သည်၊ ထိုသဌေးသားပဋိသန္ဓေတည် နေသည့်မှစ၍ သဌေးကြီးအိမ်၌ စည်းစိမ်ချမ်းသာ လက်ဆောင် ပဏ္ဏာများ ထူးထူးခြားခြား တိုးပွားရောက်ရှိလာသည်၊ (ဘုန်း ရှင် ကံရှင်ဆိုတာ ဖြစ်လေရာရာမှာစည်းစိမ်ချမ်းသာများက ကြို ဆိုနေစမြဲတည်း)။

ဖွားမြင်သည့် နေ့တွင်လည်း တမြို့လုံးဝိုင်းအုံ စုရုံး၍ တခဲ နက် လက်ဆောင်ပဏ္ဏာများ ပို့ကြသည်၊ အမည်မှည့်သည့် နေ့ တွင်လည်း မိဘများသည် နာမကရဏ မင်္ဂလာကိုဖွံ့ဖွံ့ဖြိုးဖြိုး ပြုလုပ်လျက် ကိုယ်ရေအဆင်းသည် ရွှေနီဖလံရည် သွန်းထား သကဲ့သို့ တင့်တယ်လှပ ကြက်သရေရှိလှသဖြင့် သောဏဟု မှည့် ခေါ်ကြသည်၊ သောဏသဌေးသားလေးသည် ခြောက်ကျိပ်မျှ သော ကလေးထိန်းများဖြင့် နတ်ဘုံက နတ်သားလေးသဖွယ် အလဲအလှယ်ဖြင့် ယုယချော့မြှူ သူမတူအောင် ကြီးပွားချမ်းသာ လာခဲ့ရလေသည်။

**သောကဏစားရန် စိုက်ပျိုးဟန်။** ။သောကဏ သင်္ဘောသားအတွက် အာဟာရကို အစမှစပြီး ထမင်းဖြစ်သည်အထိ အထူးတလည် သီးသန့်စီမံသည်။ ပဌမတွင် ပယ်ခြောက်ဆယ်ခန့်ရှိသည့် လယ်ကွက်ကြီးကို ညက်အောင်ထွန်၍ ကရမက်စမ္ပာ နံ့သာအကျော် တို့ကို အမှုန့်ကြိတ်လျက် လယ်ကွင်းထဲ ကြဲဖြန့်သည်၊ ထို့နောက် ထောင်ပေါင်းများစွာသော အိုးစရည်းကြီးများတွင် နို့ရည် နံ့သာရေတို့ကို လယ်ကွက်ထဲသို့ သွင်းပြီးလျှင် သလေးစပါးများ ကြဲရသည်။ နံ့သာညွန်နှင့် နံ့သာရေ နို့ရည်များထည်းမှ သလေးစပါးပင်များ ပေါက်လာကြရာ စပါးနှံမထွက်မချင်း နို့ရည် နံ့သာရေများကို ဖျော်ပြီးလောင်းရသည်၊ အနံ့မထွက် ခင် အဖုံးအလုံးပေါ်သည့်အခါမှစ၍ ကျေးငှက်များနှင့် ပိုးမွှား တိရစ္ဆာန်များ မဖျက်ဆီးနိုင်အောင် လယ်တခုလုံးကို အစောင့် ကျေးကျွန်များက နေ့မအား ညမအား စောင့်ရှောက်ကြရသည်၊ အကာအရံနှင့် စင်များဆောက်လုပ်သည်၊စင်ပေါ်တွင် ဖျာများ တင်၍ ဖုံးအုပ်ထားသည်။ ဘေးပတ်ဝန်းကျင်မှ တင်းတိမ် ကန့်လန့်ကာများ ကာရန်ထားသည်။ တဖြည်းဖြည်း စပါးနှံ ထွက်၍ မှည့်ရင့်လာသောအခါ ကျေးကျွန်အပေါင်းကို ဝတ် ကောင်းစားလှ ဝတ်ဆင်စေလျက် လက်ဖြင့် တနှံချင်း တနှံ ချင်း ချိုးယူစေသည်။ (တံစဉ်ဖြင့် မရိပ်ရ)

**နံ့သာဂိုဒေါင် သုံးနှစ်လှောင်။** ။စပါးနှံများကို ချိုးယူ၍ နေပူတွင် သင့်လျော်ရုံလှမ်းပြီးလျှင်စပါးနှံအတိုင်းကျီ(ဂိုဒေါင်) ထဲသို့သွင်းသည်၊ သွင်းထားပုံမှာလည်း အလွန်ဆန်းကြယ်သည်၊

ပဋမတွင် နံ့သာသရွတ်တို့ဖြင့် ကျီကို(အတွင်းမှ)သုတ်လိမ်းသည်၊ သရွတ်ခြောက်လျှင် နံ့သာမှုန့်များကို လက်လေးသစ်ခန့် ထူအောင် ခင်းလိုက်သည်။ ထိုအပေါ်မှ စပါးနှံတိုင်းထည့်သွင်း၍ တထွာခန့်မြင့်လျှင် နောက်ထပ် နံ့သာမှုန့်များအပေါ်က လောင်းရပြန်သည်။ ထိုနည်းအတိုင်း နံ့သာမှုန့်တထပ် စပါးနှံတထပ် အပြီးသတ်အောက်ထည့်သွင်း၍ အပေါ်ဆုံးမှ နံ့သာမှုန့်များ ဖုံးတားလိုက်သည်။ ထို့နောက် စပါးကိုဒေါင်ကြီးကို အပြီးသတ် လုံအောင် ပိတ်လိုက်သည်၊ သုံးနှစ်ကြာအောင် သိုလှောင်ထားရှိ၍ သုံးနှစ်စေ့မှ ဖွင့်ရလေသည်၊ စပါးကိုဒေါင်ကြီးဖွင့်လိုက်သောအခါ တမြို့လုံး မွှေးရနံ့ ကြိုင်လှိုင်သွားလေသည်။

**ကောက်ရိုးများ အသုံးချ။** ။စပါးနှံများကို ချွေးယူပြီးသောအခါ လယ်ကွက်ကြီးထဲတွင် ကျန်ရစ်သော ကောက်ရိုးပြတ်များကို သဌေးကြီး၏ ကျေးကျွန်ခြွေရံ အစေခံတို့က ရိတ်ဖြတ်ယူကြသည်။ ၎င်းကောက်ရိုးတို့ကိုဆီစိမ်၍ခေါင်းလိမ်းဆီအဖြစ်လည်းကောင်း၊ အမှုန့်ထောင်း၍ အခြားနံ့သာမှုန့်များတွင် ရောရှ၍လည်းကောင်း၊ အဝတ်အစားသေတ္တာတွင် ပရုပ်လုံးကဲ့သို့ ထည့်၍လည်းကောင်း၊ အသုံးပြုကြသည်။ တချို့ကမူ ထမင်းအိုး အူပေါင်းထိပ်ဖူးတွင်ထည့်၍ ထမင်းအိုးနှပ်ခြင်း၊ ဆီကြိုတ်သည့်အခါ ဆီဆုံတွင်တည့်၍ ဆီမွှေးဖြစ်အောင် ကြိတ်ခြင်းတို့ကို ပြုလုပ်သုံးစွဲကြလေသည်။ (ကမ္ဘာဿကတာဥာဏ် ခေတ်ခံနည်းပါးပါမူ လက်ခံယုံကြည်ကြမည် မဟုတ်ပေ။)

**အားလုံးအသုံးဝင်။** ။ဖော်ပြခဲ့သည့်အတိုင်း သုံးနှစ်စေ့သော အခါ နံ့သာမွှေးကျိုကိုဖွင့်၍ စပါးနှံများကို ထုတ်ယူသည်။ ကျေးကျွန်များက တရိုတသေ ထောင်းကြ ဖွပ်ကြ ရသည်။ (သုံးနှစ်ဟောင်းပြီးသည့် စပါးသည် အပြစ်ဒေါသ ကင်းဝေး၍ အဆီအဆေး ငြိမ်ဝပ်သွားသဖြင့် စားသုံးသည့်အခါ ရောဂါ ဥပါဒ်မဖြစ်၊ ကောင်းစွာကြေကျက်၍ အသက်ကို ရှည်စေနိုင်သတတ်) ထောင်းပြီး ဖွပ်ပြီးသောအခါ မကျိုးမပဲ့သော ဆန်ကောင်းများကို ရွေးကြရသည်။ ဆန်ကျိုးဆန်ကွဲများကို ခစားဖြေဖျော်ကြသည့် သမီးကညာများ ဝေငှ စားကြရသည်။ ဖွဲ့ကြမ်းများကို အစေခံအပေါင်းတို့က အမှုန့်ထောင်း၍ နံ့သာ ပျောင်းလုပ်ကြသည်။ ဖွဲ့နုမှာ အထူးလုပ်ဘွယ်မလို၊ အလိုလို ပေါင်ဒါမှုန့်ဖြစ်လေပြီ၊ သောဏသဌေးသား၏ သလေးစပါးမှာ ဘာတခုမှ ပစ်စရာမရှိ၊ အားလုံးအသုံးဝင်သည်ချည်း ဖြစ်လေသည်။

**သောဏသဌေးသားစားသည့်ထမင်း။** ။မကျိုးမပဲ့သည့် လက်ရွေးစင် ဆန်ကောင်းကို ရွှေခြင်းတောင်း ငွေခြင်းတောင်းတွင် ထည့်၍ ရေစင်ရေကောင်းဖြင့် ဆေးကြောရသည်။ ငွေထမင်းအိုးကို ရတနာဖိုခနောက်ပေါ်တွင်တင်၍ ရေဆူအောင်မီးထိုးရသည်။ ရေဆူသောအခါ ရွှေခြင်းတောင်းမှဆန်ကို ထည့်လိုက်သည်။ သလေးဆန်မှာ အလွန်နူးညံ့လှသဖြင့် ထည့်ပြီးလျှင်ပြီးချင်း အိုးကိုချ၍ ရွှေခြင်းတောင်းသို့ ပြန်လောင်းထည့်ရသည်။ ယင်းကိုတဖန်အခြားရွှေအိုးနှင့်ကျိုထားသောပွက်ပွက်ဆူနေသည့်

နွားနို့စစ်စစ်ထဲသို့ထည့်၍ နှပ်ရပြန်သည်။ ထိုသို့ ကောင်းစွာနှပ်ထားသည့် နို့ဃနာသလေးထမင်းကို နဝရတ် ကိုးပါးစီခြယ်သည့် ရွှေလင်းပန်းတွင်ထည့်၍ သမီးကညာများက သောဏသဋ္ဌေးသားအား ဆက်ကြရသည်။ ထိုထမင်းကို (ဟင်းလျာပါ စရာမလိုပဲ) သုံးဆောင်သည်၊ ဤသို့ချည်း နေ့စဉ်အမြဲ စားသုံးရလေသည်။

**ခြေဖဝါးတွင် အမွေးနု များပေါက်။** ။သောဏ သဋ္ဌေး သားသည် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်ရှိလာသည်၊ လွန်စွာတင့်တယ် အသွယ်သွယ်ရှုမဝ မြင်သူတကာ ငေးရအောင် ယဉ်ကျေးမှုယာ ကြန်အင်လက္ခဏာနှင့်ပြည့်ဝလာသည်၊ ရှေးကထက် ပို၍ အလှသွေးတက်လာသည်၊ ပတ္တမြားအသွင် နီမြန်းသည့် ခြေဖဝါးအပြင်မှာ အမျှင်မျှင်နှင့် ငွေနန်းချည် နုနုလေးသဘွယ် စင်ကြယ်ဖြူဖွေးသည့် အမွေးနုလေးများ ပေါက်လာကြသည်၊ အရှည်မှာ လက်လေးသစ်ခန့်ရှိ၍ အတွေ့မှာလည်း အကြိမ်တရာ စိတ်အပ်သော ဝါဂွမ်းဆိုင်ပမာ လွန်စွာနူညံ့လှပေသည်။

ယိုသို့ ခြေဖဝါးနူညံ့လှသဖြင့်လည်း သူတပါးတို့သွားလာမြဲနေရာမျိုးကို မသွားနိုင်ရှာပေ၊ ထိုနေရာမျိုးသို့ သွားမိပါက ခြေဖဝါးတော်နုနုမှာ ဖူးဖူးရောင်လို့သာလာတော့သည်၊ အမွေးလက်ရှစ်သစ်ခန့်ရှိ ကမ္ဗလာကော်ဇောနုနု တို့ကို ခင်းပြီးမှသာ သွားလာနိုင်သည်၊ တခါတရံအခန့်မသင့်၍ စိတ်ဆိုးလျှင် 'ငါက မြေကြီးနင်းပစ်လိုက်မနော်' ဟု ပြောဆိုကြိမ်းမောင်း တတ်သည်၊

အဖျော်အဖြေများမှာ ပြာပြာသလဲဖြစ်၍ ဝိုင်းဝန်းတောင်းပန်ကြရလေသည်။

ဤသို့အားဖြင့် သောဏသဌေးသားသည် ဥတုသုံးပါးနှင့်လိုက်လျောသင့်မြတ်သည့် နန်းပြသာဒ်ကြီးသုံးဆောင်တွင် အစဉ်အတိုင်း လှည့်ပတ်၍ နတ်တမျှ ကြီးကျယ်သော စည်းစိမ်များကိုခံစားနေလေသည်၊ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုဘုရားဖြစ်၍ ဓမ္မစကြာတရား ဟောကြားတော်မူပြီးနောက် ရာဇဂြိုဟ်မြို့တော်ဗိမ္ဗိသာရမင်းမြတ်၏ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသည်။

**ဆရာကြီးဇီဝက ဝမ်းနှုတ်ဆေးကပ်။** ။တနေ့တွင် ဗုဒ္ဓ မြတ်စွာသည် ပထဝီဓာတ်တောင့်တင်း၍ စမြင်းခံနေသဖြင့် ဓာတ်နှုတ်ဆေးဘုဉ်းပေး လိုကြောင်း အရှင်အာနန္ဒာကို အမိန့်တော်ရှိသည်၊ အာရှင် အာနန္ဒာ သည်လည်း ဆရာကြီး ဇီဝကထံကြွ၍ အကျိုးအကြောင်းပြောပြ အမိန့်ရှိလေသည်၊ ဆရာကြီးဇီဝကလည်း ဝမ်းနူးလာစေရန် သုံးရက်မျှ ဆီရွှဲရွှဲဆမ်း၍ ဆွမ်းကပ်နှင့်ရန် လျှောက်ထားမှာကြားလိုက်သည်၊ ဆရာကြီးသည် သုံးရက်မြောက်နေ့တွင် ကြာရိုးသုံးမျိုးကိုယူလာ၍ ဗုဒ္ဓမြတ်စွာအားဆက်ကပ်သည်၊ ဤကြာရိုးများကို အစဉ်အတိုင်း သုံးကြိမ်စီနန်းရှူပါက ဆယ်ကြိမ်စီ ဓာတ်သက်ပါလိမ့်မည်ဟု လျှောက်ထား ဆက်ကပ်၍ ပြန်သွားလေသည်။

အကြိမ်သုံးဆယ် ဓာတ်သွားပြီးသည့်နောက် တနေ့နံနက်စောစောတွင် ဆရာကြီးဇီဝကသည် ဗုဒ္ဓ မြတ်စွာအား သင့်

လျှော်ထူးမြတ်သည့် ယာဂုဆွမ်းကို စီမံကပ်လှူလေသည်၊အရှင်မောဂ္ဂလာန်သည်လည်း ဗုဒ္ဓမြတ်စွာအား အင်အားပြည့်စေမည့် အစာအဟာရကို ဆက်ကပ်မှဟု ကြံစည်၍ သောဏသဌေးသားထံ ဆွမ်းခံကြွတော်မူသည်၊ သောဏသဌေးသားလည်း တခါမှ မကြွလာဘူးသဖြင့် ဝမ်းမြောက်ဝမ်းသာ ဆွမ်းလောင်းခိုင်းလေသည်၊ ဆွမ်းလောင်းပြီး၍ ပြန်ကြွမည်အလုပ်တွင် သောဏသဌေးသားက 'ဒီမှာပဲ ဘုဉ်းပေးပါ၊ဗုဒ္ဓမြတ်စွာအတွက် နောက်ထပ်ကပ်လှူပါမည်'ဟု လျှောက်ထားသည်၊ အရှင်မောဂ္ဂလာန်သည် ဘုဉ်းပေး၍ဘုရားရှင်အတွက် နောက်ထပ်လှူသည့်ဆွမ်းကို ခံယူကာ ကျောင်းတော်သို့ ပြန်ကြွလေသည်။

**ဘုရားပေးသော ဆွမ်းအကြွင်းကို ဗိမ္ဗိသာရမင်းကြီးစား။** ။ဗုဒ္ဓမြတ်စွာလည်း အရှင်မောဂ္ဂလာန်ဆက်ကပ်သော နတ်သုဒ္ဓါတမျှ အလွန်နူးညံ့လှသည့် သောဏ၏ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ ထိုစဉ် ဗိမ္ဗိသာရမင်းကြီးသည် ကျန်းမာရေး အခြေအနေကို မေးမြန်းလျှောက်ထားရန် ရောက်ရှိလာသည်၊ သောဏသဌေးသား၏ဆွမ်းရနံ့က ကြိုဆီးနှုတ်ဆက်တော့သည်၊ 'ဤဆွမ်းရနံ့သည် အလွန်မွှေးပေသည်၊ မြောက်ကျွန်းက ဆွမ်းပေလော၊ နတ်ပြည်က ဆွမ်းပေလော၊ တလုပ်လောက် စားကြည့်လိုက်စမ်းချင်ပါဘိ'ဟု တောင့်တမိလေသည်၊ဗုဒ္ဓမြတ်စွာလည်း သိတော်မူသဖြင့်'စားလိုသည့်ဆန္ဒရှိလျှင် စားကြည့်စမ်းပါ''ဟု သပိတ်တော်အတွင်းမှ ဆွမ်းအကြွင်းကို ပေးတော်မူသည်၊ ဗိမ္ဗိသာရ

မင်းကြီးလည်း တောင့်တတိုင်းရပြီဟု ပီတိဝေဖြာမြိန်ရှက်စွာဖြင့် ပွဲတော်တည်လေသည်။

**ရှင်တော်ဗုဒ္ဓ ချီးကျူးရ။** ။ပွဲတော်တည်ပြီးသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်စွာအား 'ဤဆွမ်းသည် အနံ့အရသာနှင့်ပြည့်စုံ၍ အလွန်ကောင်းလှပါသည်။ မြောက်ကျွန်းသူ သို့မဟုတ် နတ်ပြည်သူတို့ လှူလာသည့် ဆွမ်းပါလား' ဟု မေးမြန်း လျှောက်ထားလေသည်၊ ဗုဒ္ဓမြတ်စွာက သင်ထင်သည့် တာဝတိံသာက ဆွမ်းလည်း မဟုတ်၊ မြောက်ကျွန်းက ဆွမ်းလည်း မဟုတ်၊ အသင်မင်းကြီးစိုးပိုင်သည့် နိုင်ငံတော်အတွင်းက သောဏသဌေးသား နေ့စဉ် စားသုံးသည့် ထမင်းသာ ဖြစ်ကြောင်းကို မိန့်တော် မူသည်၊ ဆက်လက်၍ သောဏသဌေးသားကို ချီးကျူးနေသည့် မင်းကြီးအား 'သူသည် လွန်စွာ ဘုန်းကံကြီးမားသူဖြစ်သည်၊ သာကီနွယ် အဆက် လက်ဦး ဘခင်ကြီး ဥက္ကာကရာဇ် င်းကြီး ဖြစ်ခဲ့သည့်အပြင် ယခုဘဝမှာ သန္တာအသွေး ပတ္တမြားအသွေးကဲ့သို့ နီးတွေးနူးညံ့သည့် လက်ဖဝါး ခြေဖဝါးအပြင်တွင် ပုလဲမျှင်အလား အမွေးဖြူလေးများ ပေါက်နေသည်၊ နူးညံ့သိမ်မွေ့လှသဖြင့် မြေလမ်းတွင် ခြေ မလှမ်းနိုင်သူဖြစ်သည်၊ သူ့စည်းစိမ်သည် တာဝတိံသာစည်းစိမ် လောက်နီးနီး ကြီးကျယ်အံ့ဩလောက်ပေသည်' ဟု မိန့်တော်မူလေသည်။

**မင်းကြီးညီလာခံဆင့်ခေါ်။** ထို့နောက် မကြာမီမှာပင် ဗိမ္ဗိသာရမင်းကြီးသည် "နိုင်ငံတော်အတွင်းမှ ရှစ်သောင်းသော ရွာ

သူကြီး မြို့သူကြီး သဌေးသူကြွယ် အပေါင်းတို့ကို ရှေ့တော်သို့ လာရောက်ကြစေ၊ ညီလာခံ ပွဲသဘင် ဆင်ယင် ကျင်းပတော်မူမည်”ဟု အမိန့်တော် ထုတ်ပြန်လေသည်၊ ဘုရင်ကြီး၏ ရည်ရွယ်ချက်မှာ သောဏသဌေးသားကို ရှုစားလို၍ဖြစ်သည်၊ ဘခင်သဌေးကြီးကိုလည်း ကြိုတင်ခေါ်ယူ၍ ကျင်းပမည့် ညီလာခံသဘင်သို့ ကိုယ်တိုင်မလိုက်ပါပဲ သားသောဏကို လွှတ်လိုက်ရန်၊ ရှေ့တော်သို့ ရောက်သည့်အခါမှာလည်း တရိုတသေ ဝပ်ဝပ်တွားတွား ခစားလို့မနေပါစေနှင့်၊ ခြေများပေါ်အောင် တင်ပလ္လင်ခွေ၍နေပါစေ၊ နောက်ပိုင်းမှာလည်း မနေပါစေနှင့်၊ သူ့အနား နီးနိုင်သမျှနီးအောင် ရှေ့ဆုံးမှ နေပါစေ-ဟု ပြောဆိုမှာထားလေသည်။

ညီလာခံနေ့သို့ရောက်လျှင် သောဏသဌေးသားသည် ဘခင်သဌေးကြီး ကြိုတင် သွန်သင်မှာထားသည့်အတိုင်း ရှေ့တော်နားတွင် တင်ပလ္လင်ခွေ၍ ခစားလေသည်၊ ဗိမ္ဗိသာရမင်းကြီးသည် တအံ့တသြ သဘောကျ အားရပါးရ သောဏ၏ အမွေးနုလေးများပေါက်နေသော ခြေများကို ရှုစားတော်မူနေသည်၊ လာရောက်သမျှ ပရိသတ်ကြီးသည်လည်း မင်းကြီး စိုက်၍ရှုစားသည်ကို လိုက်၍ကြည့်လျှင် တွေ့မြင်သိရှိသွားကြသဖြင့် တအံ့တသြ ကြည့်ရှုမဝ အားမရနိုင် ရှိကြလေသည်။

**ဘုရားရှင်နှင့်တွေ့ပြီ။** တို့နောက် ဗိမ္ဗိသာရ မင်းကြီးသည် ရွေးချယ်ဆင့်ခေါ်ထားသော လူကြီးလူကောင်း ပရိသတ်ကြီးကို

ဘုရားရှင် အထံတော်သို့ ပို့လေသည်၊ ဗုဒ္ဓမြတ်စွာသည် ရောက်လာသော ပရိသတ်ကြီးအား တရားဓမ္မ ဟောပြတော်မူသည်၊ ထိုတရားပွဲတွင် မြို့ရွာပေါင်း ရှစ်သောင်းမှ လူကြီးလူကောင်းအားလုံး သောတာပန် တည်ကြသည်၊ သောဏသဌေးသား သည်လည်း သဒ္ဓါတရား ဖြစ်ပေါ်လာ၍ ရဟန်းပြုပေးပါရန် လျှောက်ထားသည်၊ မိဘများ၏ ခွင့်ပြုချက်မပါ၍ လက်ခံတော်မမူသဖြင့် မိဘရပ်ထံပြန်၍ ခွင့်ပန်သည်၊ အခွင့်ရ၍ ရဟန်းပြုပြီးလျှင် အရှင်သောဏသည် ရာဇဂြိုဟ်မြို့တော်မှာပင် နေလေသည်။

ထိုသို့ ရာဇဂြိုဟ်မြို့တော်မှာပင် ထက်သန်စွာ တရားအားထုတ်၍ နေစဉ် ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်း များစွာတို့သည် ဝင်ကာမစဲ တဖွဲဖွဲလာရောက်ကြသည်၊ ပူဇော်ဘွယ်ရာအဖြာဖြာတို့ကို ပေးလှူပူဇော်ကြသည်၊ ရပ်ရည် ချောမော လှပသောအကြောင်းကို ချီးမွမ်းပြောဆိုကြလျက် များစွာသော လူအပေါင်းတို့ တအိုးအိုးတရုံးရုံးနှင့် အကြည့်အရှု အဖူးအမျှော်လာရောက်ကြသည်၊ အရှင်သောဏသည် ကမ္မဋ္ဌာန်းတရား ဝိပဿနာ ပွားများမှုအလုပ်ကို အားမထုတ်နိုင်ရှာပေ၊ ဗုဒ္ဓမြတ်ဘုရားအထံမှ ကမ္မဋ္ဌာန်းတရား တောင်းပြီးလျှင် လူအလာနည်းရန် ယင်းတိုက်တော သုသာန်သို့သွား၍ ရဟန်းတရား ပွားများအားထုတ်နေလေသည်၊ စင်္ကြံသွားရင်း တရားအားထုတ်ရာ ဝီရိယဓါတ်ပြင်းထန်လွန်ကဲသဖြင့် ခြေဖဝါး နုနုလေးများ ပေါက်ကွဲ၍ စင်္ကြံတပြင်လုံး နွားသတ်ရာ သင်းချိုင်းပမာ သွေးချင်းချင်း နီရဲနေလေသည်။

တေဒဂ်ရ ရဟန္တာ။ ထိုမျှ ပြင်းပြင်းထန်ထန် အားထုတ်ပါလျက် တရားထူး အရိပ်နိမိတ်မျှ မပေါ်လာသဖြင့် စိတ်ဓါတ်ကျ၍ အရှင်သောဏသည် လူထွက်ရန် ကြံစည်မိလေတော့သည်၊ ဘုရားရှင်သိတော်မူ၍ ကြွလာပြီးလျှင် လူ့ဘဝတုန်းက စောင်းပညာတွင် ကျွမ်းကျင်ခဲ့သော အရှင်သောဏအား "မလျော့မတင်း စောင်းကြိုးညှင်း" ဥပမာဖြင့် ဆုံးမဩဝါဒ ပေးတော်မူသည်၊ ဝီရိယသန်တော့ ဥဒ္ဓစ္စ၊ သမာဓိသန်တော့ ကောသဇ္ဇ၊ သဒ္ဓါလွန်တော့ မောဟတဏှာ၊ ပညာလွန်တော့ ပရိယာယ်မာယာ၊ (ကိုယ်တိုင်လျှိုမှုမဟုတ်ပါဘူး၊ သူတပါးအလျှိုကို သာဓုခေါ်လျှင်လည်း အလျှိုဒါနဖြစ်နိုင်ပါသည်၊ စသည်ဖြင့် ပရိယာယ်မာယာ များနေတတ်သည်၊) ဟု ဝီရိတ်လွန်နေသော အရှင်သောဏအား ဝီရိယကိုလျှော့၍ သမာဓိနှင့်ညီမျှအောင် ဆောက်တည်ဘို့ရန် ထပ်ဆင့် ဟိုက်တွန်းတော်မူသည်၊ အရှင်သောဏသည် ဗုဒ္ဓညွှန်ပြသည့်အတိုင်း ကျင့်ကြံလေရာ မကြာမီပင် (ဝီရိယအားကြီးသူ)တေဒဂ်ရ ရဟန္တာအဖြစ်သို့ရောက်ရှိတော် မူလေသတည်း။

---

၁။ ဝိ–၃၊နှာ–၂၆၅၊ဝိ–၃–ဋ္ဌ၊နှာ–၃၆၄

၂။ အံ––ဋ္ဌ၁၊နှာ–၁၀၀၊အံ–၂၊နှာ–၃၂၉။အံ ဋ္ဌ–၆၊နှာ–၁၂၃။

၃။ အပဒါန်–၁၊နှာ–၃၄၅။အပဒါန် –ဋ္ဌ၊နှာ–၆၇၊နှာ–၁၉၉

၄။ ထေရ၊နှာ၃-၁၂၊ထေရ–ဋ္ဌ–၂၊နှာ–၂၂၉။

# ဘဒ္ဒဇိထေရ်(ရှေးကျောင်းဒကာ)

**အမှာ။** ။ကြီးကျယ်သည့် ကျောင်းကြီး တိုက်ကြီးမဟုတ်ပဲ ကျူရိုး ကျူထရံ ကျောင်းငယ်ကလေးကို လှူဒါန်းရသည့် ကုသိုလ်ကြောင့် ကြီးကျယ်သော အကျိုးများကို ရရှိခံစားရ၍ လှယ်လှယ်ကူကူနှင့် ကျွတ်တန်း ဝင်သွားသော ဘဒ္ဒဇိထေရ် အကြောင်းကိုတင်ပြရာ၌ ပဒုမုတ္တိုရ်ဘုရားရှင်အား ပျားရည်နှင့် ကြာစွယ်ကြာရင်း လှူခဲ့ပုံ၊ ပစ္စေက ဗုဒ္ဓါ ငါးရာ တို့အား ပစ္စည်းလေးပါးဖြင့် ပူဇော်လှူဒါန်းခဲ့ပုံ၊ သားတော်ပစ္စေကဗုဒ္ဓါ၏ ဓာတ်တော်တို့ကို စေတီတည်၍ ကိုးကွယ် ပူဇော်ခဲ့ပုံ များကို အကျယ်မပြောတော့ပဲ ကျောင်းအလှူနှင့်စပ်လျဉ်းသည့် ကျူထရံသည် သားအဖ ဘဝမှသာစတင်၍ ဖော်ပြထားပါသည်။

**ကျူထရံသည်သားအဖ။** ။ရှေးအခါက ဗာရာဏသီ နေပြည်တော်တွင် ကျူထရံသည် သားအဖနှစ်ယောက်တို့ ရှိကြသည်၊ သူတို့သည် မိုးရာသီတွင် လယ်များလုပ်ကိုင်ကြ၍ လယ်များ

သိမ်းပြီးသောအခါ ဝါးကပ် ကျုံထရံအလုပ်ဖြင့် အသက်မွေးမှု ပြုကြလေသည်၊ ဖခင်လုပ်သူသည် စိုက်ပျိုးချိန် နေ့တနေ့ဘွင် လယ်တောသို့ သွားသည်၊ လမ်းတွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ် တပါးကို တွေ့ရသည်၊ အလုပ်သမားများကို 'မင်းတို့စိုက်ပျိုးနှင့်ကြ၊ (ပျိုးကြဲနှင့်ကြ)' ဟုပြော၍ တောသို့လွတ်လိုက်သည်၊ သူကိုယ်တိုင်ကမူ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကို အိမ်သို့ပင့်၍ဆွမ်းကပ်သည်။

တဖန် ဂင်္ဂါမြစ်ကမ်းသို့ ပင့်ပြန်သည်၊ ထိုဂင်္ဂါမြစ်ကမ်းတွင် သားအဖနှစ်ယောက်တို့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ် သီတင်းသုံးရန် ရေသဖန်းသားတိုင်နှင့် သစ်ရွက်မိုးဝါးကပ် ကျောင်းကလေးကို နေ့ချင်းပြီး ဆောက်လုပ်ကြသည်၊ အရှင်မြတ် စင်္ကြံသွားရန်အတွက် အလျားရှည်သော စင်္ကြံကျောင်းကလေးကိုလည်း ဆောက်လုပ်ကြပြန်သည်၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်သည် သူတို့၏ ကျုံထရံကျောင်းတွင် ဝါကပ်တော်မူသည်၊ သားအဖနှစ်ယောက်တို့သည် နေ့စဉ်ကျောင်းသို့ သွားရောက်၍ ဝေယျာဝစ္စများကို ပြုလုပ်ကြသည်၊ ကျောင်းတလင်းကို သန့်ရှင်းအောင် ပြုပြင်ကြသည်၊ ဆွမ်း ကွမ်းစသည်တို့ဖြင့်လည်း တဝါတွင်းလုံး ပြုစုလုပ်ကျွေးခဲ့ကြသည်၊ ဝါကျွတ်သောအခါတွင် ကျုံထရံသည် သားအဖတို့သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ကထိန်သင်္ကန်းအနေဖြင့် တိစီဝရိတ်သင်္ကန်းကို လှူဒါန်းကြသည်။

**ပစ္စေကဗုဒ္ဓါ ရှစ်ပါးအထိ။** ။ထိုပစ္စေကဗုဒ္ဓါအရှင်မြတ် ပြန်ကြွတော်မူသောအခါ နောက်ထပ်တပါးကြွလာသည်၊ ထိုအရှင်

မြတ် ပြန်ကြွပြန်သော် ထို့နောက်တပါး ကြွလာပြန်သည်၊ဤသို့အားဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါး၊တပါး၊ပြီးတပါး အဆက်မပြတ် ထိုကျုံထရံကျောင်း.ကလေးတွင် သီတင်း သုံးတော်မူသွားကြသည်၊ ကျုံထရံသည်သားအဖတို့သည် ရောက်လာသမျှသော အရှင်မြတ်များကိုဆွမ်းကွမ်းစသည်တို့ဖြင့် ပြုစုကြသည်။ သီတင်းဝါလကျွတ်တိုင်းကျွတ်တိုင်းလည်း တိစီဝရိတ်သင်္ကန်းဖြင့် လှူဒါန်းပူဇော်ကြသည်။

**သုရှစိမင်း။** ။ထိုကျုံထရံသားအဖတို့သည် ထိုဘဝမှ စုတေကြလျှင် တာဝတိံသာနတ်ပြည်တွင် ပထမ ဖြစ်ခဲ့ကြသည်၊ ထို့နောက်တွင်လည်းနတ်ပြည်ခြောက်ထပ်တွင်ပင်အပြန်ပြန် အလှန်လှန် လှည့်ပြောင်းဖြစ်ခဲ့ကြ၍ ကြီးစွာသော နတ်စည်းစိမ်များကို ခံစားကြရလေသည်၊ ထိုကဲ့သို့ ဘုံစဉ် အပြန်အလှန် လှည့်လည်ခံစားလာကြရာကျုံထရံနတ်သားတို့ တာဝတိံသာ နတ်ပြည်အရောက်တွင် လူ့ပြည်၌ သုရှစိမင်းကြီးသည် မိထိလာ နေပြည်တော်ဝယ် စိုးစံအုပ်ချုပ် မင်းပြုလုပ်နေလေသည်၊ ထိုသုရှစိမင်းကြီးမှာမိဖုရားပေါင်းများစွာရှိသော်လည်း ထိုးညွန့် နန်းလျာ သားသမီး ရတနာတပါးမျှ ဖွားမြင်ခြင်းမရှိပေ၊ အဂ္ဂမဟေသီ သုမေဓာမိဖုရားကြီးမှစ၍ မိဖုရားအပေါင်းတို့ကို သားဆုတောင်းကြစေ-ဟု အမိန့်တော်မြတ် မှတ်လေသည်။

**သုမေဓာမိဖုရားကြီးသားဆုပန်။** ။အကျင့် သီလနှင့် ပြည့်စုံသည့် သုမေဓာ မိဖုရားခေါင်ကြီးသည် လပြည့်နေ့တွင် ရှစ်ပါး

သီလကို ဆောက်တည်၍ သွားရလိုကြောင်း ဆုတောင်း လေသည်၊ မိဖုရားကြီး၏သီလရှိန် အာနုဘော်ကြောင့် သိကြားမင်း စံရာ ဗိမာန်သာသည် ချာချာလည်လှုပ်ရှားထူးခြားမှုကို ပြုလေသည်၊ သိကြားမင်းသည် အကြောင်းရင်းကို ကြည့်ရှု ဆင်ခြင်သည်၊သုမေဓာမိဖုရားကြီးသာ ရလိုကြောင်း ဆုတောင်းသည်ကို သိမြင်လေသည်၊ တော်စွာ့လျော်စွာ့ သားမျိုးကို ပေး၍မတော်၊ သင့်လျော်မည့်သားမျိုးကို ပေးမှသင့်မည်-ဟု သိကြားမင်း ကြံစည်မိသည်၊ လူ့ပြည်သွား၍ လူဖြစ်ရန် ကျူထရံကျောင်း ဆောက်လုပ်ခဲ့သည့် သားဖြစ်သူ ကျူထရံသည့် နတ်သားကို တောင်းပန်သည်၊ ကျူထရံသည်နတ်သားသည် "လူ့ဘဝကြီးသည် စက်ဆုပ်ရွံရှာဘွယ်ကောင်းလှပါသည်၊ ထိုလူ့ဘဝကနေ ဒါနစသည့် ကောင်းမှုတွေ ပြုလုပ်ကြလျက် နတ်ပြည်ကို တောင့်တနေကြပါသည်၊ လူ့ဘဝကို မသွားလိုပါ" ဟု ငြင်းဆိုသေးသည်၊ သိကြားမင်းက နတ်ပြည်မှာ ခံစားရသည့် စည်းစိမ်မျိုးကိုခံစားရပါစေမည်၊ အမြင့်နှစ်ဆယ့်ငါးယူဇနာအလျားကိုးယူဇနာ အနံ ရှစ်ယူဇနာရှိသည့် ပြသာဒ်တွင် နေရမှာပါ၊ လက်ခံလိုက်ပါဟု တိုက်တွန်းသဖြင့် ကျူနတ်သား လက် ခံလိုက်သည်။

**ကျူနတ်သားဝင်စား။** ။သိကြားမင်းသည် ကျူနတ်သားက လက်ခံသဖြင့် လူ့ပြည်သို့ဆင်း၍ သုမေဓာ မိဖုရားကြီးအား သားဆုကို ပေးလေသည်၊ နဠကာရကျူနတ်သားသည် နံနက်မိုးသောက်ချိန်တွင် နတ်ပြည်မှစုတေ၍ သုမေဓာ မိဖုရားကြီး၏

ဝမ်းကြာတိုက်တွင် စွဲပိုက်သန္ဓေတည်လေသည်၊ မွေတာအလေ့ဆယ်လစေ့လျှင် သားရတနာလေးဖွားမြင်ရှိလာသည်၊ မဟာပနာဒ မင်းသားလေးဟု အမည်ပေးကြသည်၊ ကျူထရံသည် ဘဝတွင် ကျောင်းလှူခဲ့ရသည့်ကုသိုလ်ကြောင့် ခမည်းတော်၏ကာသိတိုင်း မယ်တော်၏ ဝိဒေဟတိုင်း ဤတိုင်းကြီးနှစ်တိုင်းမှ တိုင်းသူပြည်သား လူအများတို့သည် သူ့ထက်ငါ တိုးဝှေ့၍ လာရောက်ကြသည်။

ဝမ်းမြောက်ဝမ်းသာ သားတော်ရတနာလေးအတွက်နို့ဘိုးအဖြစ် ငွေအသပြာတကျပ်စီတကျပ်စီ နန်းရင်ပြင်သို့ ပစ်တင်ပေးကြသည်၊ကြီးစွာသော ငွေပုံကြီးဖြစ်သွားသည်၊ မဟာပနာဒမင်းသားလေး တဆယ့်ခြောက်နှစ်အရွယ်တွင် မင်းသားတို့တတ်အပ်သည့် အဋ္ဌာရသ တဆယ့်ရှစ်ရပ်သောပညာများကို အထွတ်အထိပ်ရောက် ပြီးဆုံးဘတ်မြောက်သည်။

**နန်းတည်ရာ ရွေးချယ်။** ။ခမည်းတော် သုရုစိမင်းကြီးသည် သားတော် မဟာပနာဒ မင်းသားလေးကို ခမ်းနားကြီးကျယ်သော ဘုံနန်းပြသာဒ်နှင့်တကွ မင်းစည်းစိမ်ကို အပ်နှင်းလိုသဖြင့် ဗိသုကာဆရာများကိုခေါ်သည်။ ငါ့သားတော် စံမြန်းရန် ထူးဆန်းကြီးကျယ်သည့် ပြသာဒ်ကြီးတဆောင် ငါစံမြန်းသည့် နန်းတော်အနီး၌ ဆောက်လုပ်ရမည်၊ သင့်လျော်သည့်နေရာများကို ရွေးချယ်ကြ နန်းတော်သစ်ကြီးပြီးသည့်အခါ နန်းဖွင့်မင်္ဂလာ ထီးဖြူဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာများကို တပြိုင်တည်းကျင်းပတော်မူမည်ဟု အမိန့်တော်မြွက် ထုတ်ပြန်သည်။

ဗိသုကာ ဆရာများလည်း ဗေဒင်ဆရာတို့နှင့် တိုင်ပင်၍ နန်းတည်ရာ ဌာနကို ရှာကြသည့်အခါ ကျူထရံသည် ဘဝက ကျောင်းဒါန အရှိန်ကြောင့် တာဝတိံသာ သိကြားမင်း၏ ဝေဇယန္တာ နန်းဘုံသည် ပုတုန်ထန်ပြင်း အခြင်းအရာကို ပြလေသည်၊ သိကြားမင်းသည် အကြောင်းကုန်စင်ကို ဆင်ခြင်ကြည့်ရှုလေရာ မဟာပနာဒမင်းစံစားတော်မူရန် ဝေဇယန္တာနန်းသဘွယ်ကြီးကျယ်ခမ်းနား၍ ဆန်းပြား မွန်မြတ်သည့် ရတနာပြာသာဒ်ကြီး တည်ဆောက်ဘို့အရေး နန်းတည်ရာ ရွေးနေကြသည်ကို သိရှိရလေသည်။၊

**ရတနာပြသာဒ်**။ ။သိကြားမင်းသည် ဝိသုကြုံနတ်သားကိုခေါ်၍ မဟာပနာဒမင်းသား စံစားရန် အလျား ကိုးယူဇနာ အနံရှစ်ယူဇနာ၊ အမြင့် နှစ်ဆယ့်ငါးယူဇနာရှိ ရတနာပြသာဒ်ကြီးကို ဖန်ဆင်းပေးချေ ဟု စေလွှတ်လိုက်လေသည်။ ဝိသုကြုံ နတ်သားသည် လက်သမားအသွင်ဖြင့် လာရောက်၍ လူသားလက်သမားတို့ကို "ထမင်းစားပြီးမှ ပြန်လာခဲ့ကြ"ဟု ပြန်လွှတ်လိုက်သည်၊ မင်္ဂလာရှိသော မြေနေရာ၌ နတ်ပြည်မှ ယူလာသော ရတနာနှင်တံဖြင့် ရိုက်ခတ်လိုက်သည်။ လူ့တိုင်းခွင်တွင် မမြင်စဘူး အလွန်ထူးသည့် ဘုံအထပ် အဆင့်တရာရှိ ရတနာပြသာဒ်ကြီးသည် အံ့ဘွယ်သရဲ ဘွားကနဲ ပေါ်ပေါက် လာလေသည်။ (ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းခဲ့ရသည့် သစ်ရွက်မိုးဝါးကပ်ကျောင်းကလေး၏ အကျိုးပေတည်း။)

ခုနစ်နှစ်ကြာ ဘိသိက်ပွဲတော်ပြီး။ ။အလိုအလျောက် ရတနာ ဘုံကြီး ပေါ်ပေါက်လာပြီးနောက် စိမ်ထားရင်းရှိသည့် နန်းဖွင့် မင်္ဂလာ၊ ထီးဖြူဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာများကို ခမ်း နားကြီးကျယ်စွာ ဆင်ယင်ကျင်းပလေသည်။ ကာသိတိုင်း ကောသလတိုင်းမှ တိုင်းသူပြည်သားတို့သည် ပွဲတော်ကြီးသို့ လာရောက်ကြသည်။ ထိုတိုင်းကြီး နှစ်တိုင်းအတွင်းမှ ရှိရှိသမျှ သဘင်သည် အပေါင်းတို့လည်း လာရောက်၍ အတီးအမှုတ် အက အခုန် အဆိုမျိုးစုံတို့ဖြင့် ကပြသီဆို ဖြေဖျော်ကြသည်၊ သဘင် သည်ပေါင်း ခြောက်သောင်းခန့်မျှရှိရာ အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ ဖြေဖျော် ကြသည်။ ဘိတ်သိက်ပွဲတော်ကြီးသို့ လာရောက်ကြသူအားလုံး အတွက် ဝတ်ရေးစားရေး နေထိုင်ရေးတို့ကိုလည်း သုရုစိမင်း ကြီးကပင် တာဝန်ယူခဲ့သည်။

ခုနစ်နှစ်တာ ရှိလာသော်လည်း ပွဲသဘင်ကြီးကား ပြီး ဆုံးခြင်းသို့ မရောက်ရှိသေးပေ။ "ဘယ်အခါမှ ပွဲသဘင်ကြီး ပြီးဆုံးပါမည်လဲ"ဟု လျှောက်တင်ကြသည်။ ဘုရင်ကြီးက "သူ့သားတော် ပြုံးရယ်မှသာ ဘိသိက်ပွဲတော်ကြီး ရုပ်သိမ်း မည်"ဟု ပြန်လည် မိန့်ကြားလေသည်။ ထိုအကြောင်းကို သိကြားမင်းသိ၍ နတ်ကချေသည်များကို လွှတ်လေသည်။ နတ်ကချေသည်များ လာရောက်၍ ကပြဖြေဖျော် အသုံးတော် ခံမှ အနည်းငယ်ပြုံးလာသည်။ ထိုသို့ သားတော် မဟာပနာဒ မင်းသား ရွှင်ပြုံးတော်မူမှ ခမ်းနားကြီးကျယ်စွာ ကျင်းပလာ ခဲ့သည့် မင်္ဂလာပွဲတော်ကြီး ပြီးဆုံး ရုပ်သိမ်းလေသည်။

**ထဝီးနန်းလွဲအပ်။** ။မယ်တော်ခမည်းတော်များလည်း ထိုနေ့မှ စ၍ သားတော် မဟာပနာဒ မင်းသားလက်သို့ ထဝီးနန်းလွဲ အပ်ပြီးလျှင် ကုသိုလ်တရား ပွားများအားထုတ်လျက် ချမ်းသာစွာ စံနေတော်မူကြသည်။ မဟာပနာဒ မင်းလည်း မင်းကျင့်တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်၍ ဒါနစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက် အသက်တမ်းကုန်၍ စုတေလျှင် နတ်ပြည်သို့ပင် ရောက်ရှိလေသည်။

**ဤဘုရားရှင်လက်ထက်။** ဤဘုရားရှင် လက်ထက်တော်တွင် ဘဒ္ဒိယမြို့ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘဒ္ဒိယသဌေး၏ တဦးတည်းသော သားဖြစ်လာသည်၊ အခြေအရံ များလှသည်၊ သူ၏အမည်မှာ ဘဒ္ဒဇိဖြစ်လေသည်၊ ဘုရားအလောင်းတော်ကဲ့သို့ နွေ့၊ မိုး၊ ဆောင်း ပြောင်း၍ ရာသီအလိုက် စံစားထိုက်သော ပြသာဒ်သုံးဆောင်ရှိသည်၊ လေးလစီလှည့်ပြောင်း၍ စံစားသည်၊ ပြသာဒ်တဆောင်မှ တဆောင်သို့ ပြောင်းသည့်နေ့တွင် သဌေးသား၏ အခြေအရံ အဆောင်အရောင်ကို ကြည့်ရှုရန် တမြို့လုံး သိမ့်သိမ့်တုံအောင် လာကြသည်။

ဗုဒ္ဓမြတ်စွာသည် ထိုဘဒ္ဒိယသဌေးသားကို ချီးမြှောက်တော်မူရန် သုံးလကြိုတင်၍ ကြွတော်မူလာသည်၊ ဘဒ္ဒိယမြို့ မြလေးတောတွင် သီတင်းသုံးတော်မူရင်း သဌေးသား၏ ဉာဏ်ရင့်ကျက်ချိန်ကို စောင့်မျှော်တော် မူနေသည်၊ သုံးလစေ့၍ အချိန် ကျရောက်လာသောအခါ ဗုဒ္ဓမြတ်စွာသည် အခြားသော မြို့ရွာဒေသသို့ ကြွတော့မည်ဟု မြို့သူမြို့သားတို့အားလုံး နှုတ်ဆက်တော်

မူသည်၊ မြို့သူမြို့သားတို့သည် နက်ဖန်မှကြွပါဟု လျှောက်ထား၍ နောက်ရက်တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ပြင်ဆင်မွန်းမံထားသော မြို့လယ်မဏ္ဍပ်ကြီးသို့ပင့်၍ ကြီးကျယ်သော အလှူဒါနကို ပြုလုပ်ပေးလှူကြသည်၊ ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သာယာချိုကြည်သော အသံတော်ဖြင့် ဆွမ်း အနုမောဒနာတရားကို ဟောကြားတော်မူသည်။

**ဘဒ္ဒဇိရဟန္တာဖြစ်။** ထိုနေ့တွင် မြို့သူမြို့သားတို့သည် အလှူဒါနပြုလုပ်၍ ဘုရားရှင့်အထံ တရားနာနေကြသည်၊ ဘဒ္ဒဇိသဋ္ဌေးသားအထံ မသွားဖြစ်ကြပေ၊ ဘဒ္ဒဇိ(သဋ္ဌေးသား)သည် အခါတိုင်းလို သူ့အထံကြည့်ရှုရန် တဦး တယောက်မျှ မလာရောက်သဖြင့် အကျိုးအကြောင်းကို မေးမြန်းစုံစမ်းသည်၊ ဘုရားရှင်အထံ တရားနာရန် သွားနေကြကြောင်းကို သိရှိရသည်၊ "ကဲ လာကြ၊ တို့လဲ တရားနာချေကြစို့" ဟု အခြွေအရံများကိုခေါ်၍ ဘုရားရှင်အထံသွားသည်၊ ရောက်လျှင် ပရိသတ်အစွန်းတနေရာမှ တရားနာလေရာ ဘဒ္ဒဇိ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒိယသဋ္ဌေးကို "သင့်သား ဘဒ္ဒဇိသည် ရဟန္တာဖြစ်သွားပြီ၊ ရဟန်းတော်လည်း ပြုရလိမ့်မည်၊ သို့မဟုတ် (လူဝတ်ကြောင်ဘဝနှင့်ဆိုလျှင်) ပရိနိဗ္ဗာန်သော်လည်း စံရလိမ့်မည်ဟု အမိန့်တော်ရှိလေသည်၊ သဋ္ဌေးကြီးက 'ပရိနိဗ္ဗာန်စံဘို့ ကိစ္စမရှိပါ၊ သူ့ကို ရဟန်းပြုပေးပါ၊ နက်ဖန်လည်း သံဃာတော်အားလုံး ဆွမ်းဘုဉ်းပေး ကြတော်မူပါ' ဟု လျှောက်ထားလေ

သည်၊ ဗုဒ္ဓမြတ်စွာလည်း ဘဒ္ဒဇိကို ကျောင်းတော်သို့ ခေါ်၍ ရဟန်းပြုပေးတော်မူသည်၊ ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒိယ သဌေးကြီး၏ ခုနစ်ရက်ပတ်လုံး ပူဇော်ပွဲကြီးကို ခံယူတော်မူသည်၊ ထို့နောက်တွင် ဘဒ္ဒဇိထေရ်ကို ခေါ်တော်မူ၍ ဒေသစာရီ ကြွချီလေရာ ကောဋိဂ္ဂါသို့ ရောက်ရှိတော် မူလာသည်။

**ကြိုတင်ကြွသွား စျာန်ဝင်စား။** ကောဋိဂ္ဂါသူရွာသားတို့သည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းအလှူကြီးများကို ပေးလှူကြသည်၊ ဘဒ္ဒဇိထေရ်သည် ဗုဒ္ဓမြတ်စွာ ဆွမ်း အနုမောဒနာ တရားဟောတော်မူနေစဉ် ရွာအပြင်သို့ကြွ၍ ဂင်္ဂါ ဆိပ်ကမ်းအနီး သစ်တပင်အောက်တွင် စျာန်ဝင်စားနေသည်၊ "ဘုရားရှင်ကြွလာတော်မူမှ သမာပတ်က ထမည်"ဟုလည်း အဓိဋ္ဌာန်ထားသည်၊ ထေရ်ကြီးများ ကြွလာသော်လည်း စျာန်ဝင်စားလျက်သာရှိသည်၊ ဘုရားရှင် ကြွလာတော်မူမှ နေရာမှထသည်၊ ပုထုဇဉ်ရဟန်းများသည် ထေရ်ကြီးများကြွလာပါလျက် နေရာမှမထသဖြင့် ဘဒ္ဒဇိရဟန်းကို စိတ်ဆိုးကြသည်။

**ဂင်္ဂါမြစ်တွင်းမှ စံနန်းတော်။** ဗုဒ္ဓမြတ်စွာသည် ဂင်္ဂါမြစ်တဖက်ကမ်းသို့ ကြွတော်မူမည်ဖြစ်သည်၊ ကောဋိဂ္ဂါသားတို့ ဖွဲ့တုတ်ပြင်ဆင်ထားကြသော လှေဖေါင်များလည်း အသင့်ဖြစ်နေသည်၊ ဗုဒ္ဓမြတ်စွာသည် ဖေါင်တော်သို့တက်တော်မူသည်၊ ဘဒ္ဒဇိထေရ်ကိုလည်း ကိုယ်တော်နှင့် အတူလိုက်ပါရန် မိန့်တော်မူသည်၊ ဖေါင်များစတင်ထွက်လေပြီ၊ ပုထုဇဉ်ရဟန်းများသည် ဘဒ္ဒဇိကို

အထင်အမြင်သေးကြသည်၊ ဗုဒ္ဓမြတ်စွာကလည်း သင်္ဃေးသားမို့ သူ့ကိုအရေးပေးလွန်းသည်ဟု ထင်မြင်နေကြသည်၊ ပုထုဇဉ်များ အမြင်ရှင်းသွားစေရန် ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒဇိရဟန်းကို ဤသို့ မေးတော်မူသည်။

"ဘဒ္ဒဇိ သင် မဟာပနာဒ မင်းဘဝက စံစားခဲ့သည့် ရတနာပြသာဒ်ကြီး ဘယ်မှာလဲ"

"ဒီ ဂင်္ဂါ မြစ်ရေအောက်မှာပါ အရှင်ဘုရား။"

"သီတင်းသုံးဘော်များက သင့်အပေါ် ယုံမှားနေကြသည်၊ သံသယကင်းသွားအောင် ထိုပြသာဒ်ကို ရေထည်းမှ ဖော်ပြလိုက်ပါ"

"မှန်ပါ အရှင်ဘုရား"

ဘဒ္ဒဇိထေရ်သည် ထိုပြသာဒ်၏ အထွတ်ကို ခြေမဖြင့်ညှပ်ယူ၍ ရေထည်းမှ ယူဇနာနှစ်ဆယ်မြင့်အောင် ထုတ်ယူပြလိုက်သည်၊

ရှေး မဟာပနာဒမင်းဘဝက ထေရ်၏ဆွေတော်မျိုးတော်များသည် ပြသာဒ်ကို စွဲလမ်းတွယ်တာခဲ့ကြသဖြင့် ငါး၊ဖါး၊လိပ်၊နဂါး ပိုတ္တာကြီးများဖြစ်နေကြသည်၊ ပြသာဒ်ကြီး ရေပေါ်သို့ ရောက်သောအခါ ထိုပိတ္တာများ ရေထည်းသို့ လန်၍ လန်၍ ကျကြသည်၊ ယင်းတို့ကို မြင်တော်မူ၍ ဗုဒ္ဓမြတ်စွာသည် "ဘဒ္ဒဇိ သင့်ဆွေတော် မျိုးတော်များ ပင်ပန်းနေကြပြီ" ဟု မိန့်တော်မူသည်။

ဘဒ္ဒဇိထေရ်သည် ပြသာဒ်ကို လွှတ်လိုက်သည်၊ ပြသာဒ်လည်း မူလအတိုင်း သူ့နေရာသူ ပြန်ရောက်သွားလေသည်၊ ပုထုဇဉ်

ရဟန်းများလည်း ဘဒ္ဒဇိထေရ်အပေါ် သံသယ ပျောက်ကင်း သွားကြလေပြီတည်း၊ (ဘဒ္ဒဇိထေရ်သည် ကျူထရံသည် သား အဘတွင် သားတည်း၊ ဘခင်ကား ယခုနတ်ပြည်တွင် စံစားလျက် ရှိသည်၊ နောင်တွင် သင်္ခစကြာမင်းကြီးဖြစ်၍ ဂင်္ဂါမြစ်တွင် မြုပ်နေသော ရတနာပြသာဒ်ကြီးတွင် စံစားရဦးလတံ့။)

---

၁။ အပဒါန်-၂၊နှာ-၁၇၇၊အပဒါန်-ဋ္ဌ-၂၊နှာ-၂၉၄

၂။ ထေရ-နှာ-၂၅၃၊ ထေရ-ဋ္ဌ-၁၊ နှာ-၃၆၃

၃။ (မဟာပဒါန်)ဇာတက-ဋ္ဌ-၂၊နှာ-၂၉၉

# အုတ်တိုက်ကျောင်းကြီး ဒကာ

**နာတိကရွာသူရွာသားများ။** ။ ညီအကိုနှစ်ဦး တည်သောရွာ၊ နာတိကရွာသည် ဝဇ္ဇီတိုင်း(နိုင်ငံ)တွင် ရှိသည်၊ ဝေသာလီမြို့တော်နှင့် မဝေးလှ၊ ဗုဒ္ဓမြတ်စွာသည် ဝေနေယျသတ္တဝါတို့ကို တရားရေအေး တိုက်ကျွေးချီးမြှောက်တော်မူလျက် ဒေသစာရီ ကြွချီတော်မူရာ ထိုနာတိကရွာသို့ ရောက်တော်မူလာသည်၊ နာတိကရွာကား တဘက်ဆည်းကန်ကို အမှီပြု၍ ဘထွေး၏သားနှင့် ဘကြီး၏သား ညီအကိုနှစ်ယောက်တို့ တည်ထားသော ရွာနှစ်ရွာတည်း။

**အုတ်တိုက်ကျောင်း စုပေါင်းဆောက်လှူ။** ထိုနာတိက ရွာသူရွာသားတို့သည် ဗုဒ္ဓမြတ်စွာအား ကြီးစွာသော အလှူဒါနကို ပေးလှူကြသည်၊ တရားတော်ကိုလည်း နာယူကြသည်၊ ဗုဒ္ဓမြတ်စွာကို အလွန်ကြည်ညိုကြသဖြင့် အုတ်တိုက် ကျောင်းကြီးကိုလည်း စုပေါင်း ဆောက်လုပ်လှူဒါန်းကြသည်၊ နံရံလှေကားနှင့် တိုင်

တို့တွင် သားရဲရုပ်များ ပုံဖော်၍ ပန်းပြောက်ပန်းနွယ် ဆန်းကြယ်သော ပန်းချီဆေးအလှများ ခြယ်ထားကြသည်၊ ခုဋ္ဌင် ညောင်စောင်း စားပွဲကုလားထိုင် ကြမ်းခင်းကောဇော စသော ကျောင်းအသုံးအဆောင်တို့ကိုလည်း အပြည့်အစုံ လှူဒါန်းကြသည်။

**နောက်ထပ်ဆင့်ပွား ကျောင်းဆောင်များ။** နောင်တွင် ရှိသူရှိသား ကျောင်းဒကာများသည် ရဟန်းတော်များအတွက် ညဉ့်နေရာ နေ့နေရာ မဏ္ဍပ် စင်္ကြံကျောင်း စသည်တို့ကိုလည်း ထပ်ဆင့် ဆောက်လုပ် လှူဒါန်းကြပြန်သောကြောင့် ထိုအုတ်တိုက်ကျောင်းကြီးသည် ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီးဖြစ်လာပေသည်။

---

၁။ မ-၁၊နှာ-၂၆၆၊မ-၁-၅-၂၊နှာ-၁၃၈

# မဟာသုဒဿန စကြာမင်း
# (ရှေးကျောင်းဒကာ)

**အမှာ။** တောကျောင်းဘုန်းကြီးတပါးကို သစ်ရွက်ကျောင်း စကြံလမ်း ရေကန် ဆွမ်း ကွမ်းနှင့် တိစီဝရိတ်သင်္ကန်း အခြား အဖိုးမတန်သော်လည်း အသုံးဝင်သည့် ထမီး ဖိနပ် သပိတ် အပ် သင်ဓုန်းဓား ရေအိုး ရေခွက် စသော လှူဘွယ်များကို လှူဒါန်း ကိုးကွယ်ခဲ့ရသဖြင့် ခမ်းနားကြီးကျယ်သော နတ်စည်းစိမ်၊ လူ့စည်းစိမ်၊အထူးသဖြင့် စကြာမင်းစည်းစိမ်တို့ကို ခံစားရသော မဟာသုဒဿန စကြာမင်းကြီးအကြောင်းကိုတင်ပြရာ၌ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ဘုရား၏ '**နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ**'မှ ယူ၍ ဖော်ပြပါသည်၊ ထိုမဟာသုဒဿန စကြာမင်း ကား တို့ဘုရားအလောင်းတော်ပေတည်း။

**ရှေးအကြောင်း။** ။ကဿပမြတ်စွာဘုရားလက်ထက်တော်တွင် ဖြစ်သည်၊ ဘုန်းတော်ကြီးတပါးသည် တော၌နေတော်မူ၏၊ တနေ့သောအခါ မဟာသုဒဿနစကြာမင်းအလောင်းဒါယကာ

သည် အလုပ်ကိစ္စဖြင့် တောသို့သွားလေရာ တောကျောင်းဘုန်းတော်ကြီးကိုမြင်၍ အနီးသို့ချဉ်းကပ်သွားလေသည်၊ ဘုန်းတော်ကြီး၏ ထိုင်နေရာအရပ် စကြံသွားရာ အရပ်ကိုသာ မြင်၍ ကျောင်းကိုမမြင်ရသဖြင့်'ဤနေရာ၌သာ နေတော်မူပါသလား' ဟု လျှောက်ထားလေရာ ဤနေရာ၌သာ နေကြောင်းကို ကြားရ၍ မိမိအလုပ်ကိုမလုပ်ပဲ တော၌ရှိသော သစ်ပင်တို့ကို ဖြတ်တောက်၍ သစ်ရွက်ကျောင်းကလေးကို ဆောက်လေသည်၊ သစ်ရွက်မိုးကာ၍သစ်ရွက်နံရံတို့ကို မြေညက်ဖြင့် သုတ်လိမ်းသည်၊ ကျောင်းကလေးကို တံခါးလည်းတပ်၍ သစ်သားအခင်းလည်း ပြုလုပ်သည်၊ တောကျောင်း ဘုန်းတော်ကြီး အသုံးပြု မပြုကိုလည်း သင့်တော်သော အရပ်ကနေ၍ အကဲခပ် လေသည်၊ တောကျောင်း ဘုန်းတော်ကြီးသည် ရွာတွင်းမှ ဆွမ်းခံပြန်လာသောအခါ သစ်ရွက်ကျောင်းသို့ဝင်၍သစ်သားအခင်း၌ ထိုင်နေသည်ကို တွေ့ရလေသည်။

**ဆွမ်းခံ ပင့်ပြီ။** ။ထို ဒါယကာ သည် ဘုန်းတော်ကြီး အနီးသို့ လာ၍ 'သစ်ရွက် ကျောင်း ကလေး လျှောက်ပတ်ပါ ရဲ့လား' ဟု မေးလျှောက်လေသည်၊ သင့်လျော်လျောက်ပတ်ကြောင်း မိန့်တော်မူ၍အမြဲသိတင်းသုံးရန် လျှောက်ထားလေသည်၊လူတို့သည် သုမင်္ဂလ ဒုမင်္ဂလ ရှိသောအခါ ကြွလာခြင်းကိုအလိုရှိကြပါသည်၊ သို့ဖြစ်ပါ၍ အခြား ပင့်ဖိတ်ရာအရပ်သို့ ကြွပြီးလျှင်လည်း တပည့်တော်များ၏အိမ်သို့ဝင်ပြီးမှ ဆွမ်းကိစ္စကို ပြီးစေတော်မူပါ'ဟုလည်း လျှောက်ထားလေသည်။

**ကျောင်းကိုဂရုစိုက်ခြင်း။** ။ထို ဒကာသည် သစ်ရွက်ကျောင်း ကလေး၌ ဖျာနှင့် ညောင်စောင်း အင်းပျဉ် (ခဋင်ထိုင်ခုံ) တို့ကို ခင်းထား၏၊ ထိုင်နေရာ အရပ်တွင် နောက်မှီ ပျဉ်ချပ်ကိုလည်း ထား၏၊ ခြေဆေးသောအခါ ခြေပွတ်စရာကိုလည်း ထား၏၊ ရေကန်ကိုလည်း တူး၏၊ စင်္ကြံလမ်းကိုလည်း ပြုလုပ်၍ သဲ ခင်းထား၏၊ တောသမင်များလာ၍ ကျောင်းကလေးနံရံကို ပွတ်တိုက်သဖြင့် မြေညက်များကွာကျလေရာ ကျောင်းကလေး ကို ဆူးကာပေး၏၊ သမင်များ ရေကန်သို့ဆင်း၍ ရေကို မွှေ နှောက်ကြသဖြင့် ရေကန်၏အတွင်းတွင် ကျောက်ခဲများ စီထား ၏၊ ရေကန်၏အပြင်ဘက် ဘေးပတ်ပတ်လည်၌လည်း ဆူးစည်း ကာ၍ ဆူးစည်း၏အတွင်း အစွန်းတွင် ထန်းပင်များကို စိုက် ထား၏၊ စင်္ကြံလမ်းတလျှောက် တံမြက်လှည်း သန့်ရှင်းထားရာ တောသမင်တို့ခွာဖြင့် ပေါက်ကြသဖြင့် သမင်များမဝင်နိုင်ရန် ဆူးစည်းကာ၏၊ အတွင်းအစွန်းတွင် ထန်းပင်အစဉ်ကို စိုက် ထား၏။

**သင်္ကန်းစသည် လှူဒါန်းပြီ။** ထို ဒကာသည် နေရာကျောင်း ကို အင်္ဂါအရံနှင့်တကွ ပြုလုပ်ပြီးစီးလျှင် တောကျောင်း ဘုန်းတော်ကြီးအား တိစီဝရိတ်သင်္ကန်း ဆေး ရေအိုး ရေခွက် အပ်နဖားထွင်းစူး သင်ဓုန်းခဲ :လက်သည်းလှီးဓား တောင်ဝှေး ဖိနပ် ရေဗူး ဆိမ်းခွက် နဖာကော် ပုဝါရေစစ် ဓမ္မကရိုဏ် ရေစစ်၊ သပိတ်ခွက် အခြားသော ရဟန်း အသုံး အဆောင် အားလုံးကို လှူဒါန်းလေသည်။

**ငါးပါးသီလ ဥပုသ်စောင့်သုံးခြင်း။** ။ထိုကျောင်းဒကာသည် ရဟန်းအသုံးအဆောင် ဟူသမျှကို အပြည့်အစုံ လှူဒါန်းရုံသာမက ငါးပါးသီလကိုလည်း အမြဲစောင့်သုံး၏၊ ဥပုသ်နေ့များ၌ ဥပုသ်သီလကိုလည်း စောင့်သုံး၏၊ ဤသို့ ငါးပါးသီလကိုစောင့်ထိန်းမှုဥပုသ်စောင့်သောအားဖြင့် စက္ခုန္ဒြေသော တိန္ဒြေ စသော ဣန္ဒြေ ၆-ပါးကိုဆုံးမမှုတို့ကိုပြု၍ အသက်ထက်ဆုံး တောကျောင်းဘုန်းတော်ကြီးကို ပြုစုလုပ်ကျွေးလေသည်။

**ဆရာက နိဗ္ဗာန်, ဒကာက နတ်ပြည်။** ။ထို ကျောင်း ဒ ကာ ၏ လိုလေသေးမရှိအောင် အပြည့်အစုံလှူအပ်သော ရဟန်းအသုံးအဆောင်ကို သုံးဆောင်၍ တောကျောင်း ဘုန်းတော်ကြီးသည် ထိုတောကျောင်းကလေး၌ပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူသည်၊ ကျောင်းဒကာဖြစ်သူလည်း တောကျောင်း ဘုန်းတော်ကြီးအား ဆွမ်း သင်္ကန်း စသည်တို့ကို လှူဒါန်းရသော ဒါန, ငါးပါးသီလ,မျက်စိ စသော ဣန္ဒြေ ၆-ပါးတို့ကို ဆုံးမကြောင်းဖြစ်သော ဥပုသ်သီလ ဤသုံးမျိုးကို ပြုလုပ်၍ စုတေသောအခါ နတ်ပြည်သို့ ရောက်ပြီးလျှင် တဖန် နတ်သက်စေ့၍ စုတေသောအခါ ဤလူ့ပြည်၌ ကုသဝတီမင်းနေပြည်ဝယ် မဟာသုဒဿနစကြာမင်း ဖြစ်လာသည်။

**မြို့ရိုးခုနစ်ထပ်။** ။ကုသဝတီ မင်းနေပြည်ကို မြို့ရိုးခုနစ်ထပ်ဖြင့် ကာရံအပ်၏၊ ရွှေမြို့ရိုး၊ငွေမြို့ရိုး၊ ကျောက်မျက်ရွှဲမြို့ရိုး၊ ဖလ်မြို့ရိုး၊ ပတ္တမြားနီမြို့ရိုး၊ပတ္တမြားပြောက် မြို့ရိုး၊ ရတနာပေါင်းစုံမြို့ရိုး ဤမြို့ရိုး ခုနစ်ထပ်ဖြင့် ကာရံအပ်၏။

**တံခါးခုနစ်ထပ်။** ။မြို့ရိုး တထပ် တထပ်၌ ရွှေတံခါးပေါက် စသောအားဖြင့် တံခါးပေါက်လည်း ခုနစ်ပေါက်ရှိ၏၊ တံခါး တပေါက်တပေါက်၌ ခုနစ်တိုင် ခုနစ်တိုင်သော တံခါးတိုင်တို့ ကို စိုက်ထားအပ်ကုန်၏၊ တံခါးတိုင် တတိုင်လျှင် တဆယ့် ငါးတောင် လုံးပတ်ရှိ၍ တဆယ့်ငါး တောင် မြေဝင် နက် အောင် စိုက်ထားအပ်၏၊အမြင့်အားဖြင့်လူ၏ လက်ခုပ်တပေါင် တဆယ့်နှစ်ပြန်လောက်မြင့်၏၊ ထိုတံခါးတိုင်တို့တွင် တချို့က ရွှေတိုင်၊ တချို့က ငွေတိုင် စသောအားဖြင့် မြို့ရိုးကဲ့သို့ ခုနစ် မျိုးရှိသည်။

**ထန်းပင်ခုနစ်ပင်။** ။သဲတို့ဖြင့် ရောပြွန်းသော ညီညာသော မြေ အပြင်ဝယ် မြို့ရိုးခုနစ်ထပ်တို့၏ အကြား၌ ထန်းပင်အစဉ် ခုနစ် ထပ်ရှိကုန်၏၊ အမြင့်အားဖြင့် အတောင်ရှစ်ဆယ်ရှိကုန်၏၊ ရွှေ ထန်းပင်အစဉ် ငွေထန်းပင်အစဉ် စသောအားဖြင့် ရတနာခုနစ် ပါးဖြင့် ပြီးသော ထန်းပင်အစဉ်များဖြစ်၏။ လေတိုက်သော အခါထန်းပင်များ၏အရွက်တို့မှသာယာနာပျော်ဘွယ်အသံများ ပေါ်ထွက်ကုန်၏၊ ထိုအသံသည်ကောင်းစွာ ကျွမ်းကျင်သူတီး အပ်သော တူရိယာအသံနှင့်တူ၏၊ထိုအခါတုန်းက သေသောက် ကျူးတို့ ထိုထန်းရွက်တို့၏ အသံဖြင့် ကကြ ခုန်ကြ မြူးပျော်ကြ လေသည်။

**ဥပုသ်စောင့်၍ကောင်းမှုဆင်ခြင်။** ။မဟာသုဒဿနမင်းသည် ဥပုသ်နေ့တိုင်း၌ နံနက်စောစောကပင် တသိန်းကုန် အလှူကို

လှူလေ့ရှိ၏။ ထို့နောက် နံ့သာရေအိုး တဆယ့်ခြောက်လုံးတို့ဖြင့် ခေါင်းလျှော်ရေချိုးပြီး၍ နံနက်စာ သုံးဆောင်တော်မူ၏။ ထို့နောက် ဥပုသ်စောင့်ပြီးလျှင် သန့်ရှင်း ဖြူစင်သော အဝတ်ကို လက်ကတော့တင်၍ နန်းတော်ပြယာဒ်၏ အထက်ထပ်တွင် တင်ပလ္လင်ခွေ၍ ထိုင်နေကာ မိမိ၏ဒါန သီလစသော ကောင်းမှုအပေါင်းကို ဆင်ခြင်လေ့ရှိ၏။

**စကြာရတနာဆိုက်ရောက်လာ။** ။ထိုဥပုသ်နေ့၌လည်းထိုကဲ့သို့ အလှူကြီးပေးပြီးလျှင် ဥပုသ်စောင့်သုံး၍ မိမိ၏ ကောင်းမှုကို ဆင်ခြင်နေစဉ် မြို့သူမြို့သား လူအများတို့လည်း ညနေစာထမင်းကို စားပြီး၍ မိမိတို့အိမ်တံခါးပေါက်အနီးဝယ် ခင်းထားအပ်သော ကုတင်၌ထိုင်၍ စကားစမြည် ပြောဆိုနေကြကုန်စဉ်၊ လမ်း၌ ကလေးများလည်း ကစားနေကြကုန်စဉ် အရှေ့ကောင်းကင်၌ လပြည့်ဝန်းကြီး နှစ်ခင်း ထွက်လာသကဲ့သို့ထင်ရလောက်အောင် လနှင့်ပြိုင်တူ အရောင်အဝန်းတခု ပေါ်လာလေသည်၊ လူတို့သည် တအံ့တသြကြည့်ရှုပြောဆိုနေကြစဉ်အရောင်အဝန်း တခုသည် လပြည့်ဝန်းမှ တဖြေးဖြေးဝေးကွာ၍အောက်ဖက်သို့ နိမ့်ကာနိမ့်ကာ ကုသဝတီနေပြည်တော်သို့ ရွေးရှုလာလေသည်၊ လူအများလည်း စကြာရတနာလာရာသို့ ရွေးရှုသွားကြသည်၊ ထိုစကြာရတနာသည်သည်း မဟာသုဒဿနမင်း၏အကျိုးငှာမိမိ လာရကြောင်းကို သိစေသကဲ့သို့ မြို့ရိုး၏အထက်၌ ခုနစ်ကြိမ် တိုင်တိုင်လှည့်ပြီးမှ နန်းတော်ကို လက်ျာရစ်လှည့်၍ ခြင်္သေ့ခံ သောပလ္လင်၏ တည်ရာအရပ်၌ အလွန်လည်းမမြင့်၊အလွန်လည်း

မနိမ့်ပဲ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်လိုသူတို့ လှမ်း၍ လည်းကောင်း၊ ပစ်တင်၍လည်းကောင်း လွယ်ကူစွာ ပူဇော်နိုင်သော အရပ်၌ ရပ်တည်လေသည်။

**စကြာရတနာကို ကြည့်ရှုခြင်း။** ။မဟာသုဒဿနမင်းသည် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၍ မိမိ၏ ကောင်းမှုတို့ကို ဆင်ခြင်နေစဉ် နန်းတော်၏ တံခါးပေါက်တို့မှ ဝင်လာသော အရောင် အဝါကို မြင်ရ၍ ထိုအရောင်အဝါ ပေါ်လာရာအရပ်ကို ကြည့်ရှုလိုသော ဆန္ဒဖြစ်နေစဉ် အခြေအရံအပေါင်းက အလွန်ချစ်စရာ ကောင်းသော စကား လက်ဆောင်ဖြင့် လာ၍ စကြာရတနာ ဆိုက်ရောက်နေပါကြောင်းကို သံတော်ဦးတင်ကြလေသည်။ ထိုအခါ မဟာသုဒဿနမင်းသည် လွန်စွာ နှစ်သက်ဝမ်းမြောက်သော ပီတိသောမနဿစိတ်ဖြင့် တကိုယ်လုံး ပျံ့နှံ့၍ တင်ပလ္လင်ခွေကို ဖြေပြီးလျှင် ခြသေ့ခံသော တံခါးအနီးသို့ သွား၍ ထိုစကြာရတနာကို မြင်ရသောအခါ "ငါသည် စကြာမင်း ဖြစ်လေသလော"ဟု စဉ်းစားမိလေ၏။

**စကြာရတနာ၏ အကြောင်းအရာ။** ။စကြာရတနာဟူသည် ယခုအခါ မြင်နေရသော လှည်းဘီးကဲ့သို့ ပုံသဏ္ဌာန် ရှိသော စက်ဝိုင်းတမျိုးပင်တည်း၊ ထိုစက်ဝိုင်း၌ "အကန့် ဒေါက်ဆန်" ဟု ခေါ်အပ်သော အရာဝတ္ထုသည် တထောင်တိတိ ပါရှိ၏။ ယခု လှည်းဘီးများကဲ့သို့ အကန့်ဒေါက်ဆံတို့၏ ဘေးပတ်လည်၌ အကွပ်တကူ ပါရှိ၏၊အလည်တည့်တည့်၌ ပုံတောင်း (ပဒေါင်း)

လည်းပါရှိ၏။ သို့သော် ထိုပဒေါင်းသည် ဝင်ရိုးထိုးလောက်အောင် ထုတ်ချင်းပေါက်သော အပေါက်မဟုတ်၊ ဘေး ၂ ဖက်၌ အပေါက်အရာသာ ရှိသည်။ ထိုပဒေါင်းသည် ဂုန္ဒီလာ ပတ္တမြား အတိပြီး၏ ထိုပဒေါင်း အပေါက်၌ သန့်ရှင်းစင်ကြယ်၍ ပြေပြစ်ညက်ညောသော သွားပုံသဏ္ဍာန်ရှိ၏၊ (ခွေးသွားစိတ်မျိုး တည်း၊) ထိုသွားပုံသဏ္ဍာန်ကြောင့် စကြာရတနာသည် ပြုံးနေသကဲ့သို့ တင့်တယ်၏။

**ပဒေါင်းပေါက်။** ။ထိုပဒေါင်းပေါက်သည် လဝန်းကဲ့သို့ ဝန်းဝိုင်း၏၊ နှစ်ဖက်အစွန်းတို့၌ ငွေပြားဖြင့် ကွပ်ထား၏၊ ပဒေါင်း၌ လည်းကောင်း၊ ပဒေါင်းပေါက်၌ လည်းကောင်း၊ ပတ်ဝန်းကျင် ငွေပြားတို့၌လည်းကောင်း အရေးအသားလေးတွေ အလွန်ထင်ရှားစွာ ပေါ်နေ၏။

**အကန့်ဒေါက်ဆံ။** ။ပဒေါင်းနှင့် အကွပ်တို့၏ အကြား၌ အကန့်ဒေါက်ဆံတို့ကို ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားအပ်၏။ နေရောင် ကဲ့သို့ အရောင်လည်း ထွက်နေကုန်၏။ ထို အကန့်ဒေါက်ဆံတို့၌ အရေးအကြောင်းတို့သည် တချို့က ရေအိုးငယ်ပုံသဏ္ဍာန်ရှိ၍ အချို့က ပတ္တမြားရွှဲလုံးငယ် ပုံသဏ္ဍာန် ရှိ၏၊ သူ့နေရာနှင့်သူ လှပအောင် ခွဲခြားထားသောကြောင့် ထိုအကန့်ဒေါက်ဆံတို့သည် အလွန်ကြည့်ရှုဘွယ် တင့်တယ်ကုန်၏။

**အကွပ်တကူ။** ။အကန့်ဒေါက်ဆံတို့၏ ဘေးပတ်ဝန်းကျင်က အကွပ်တကူသည်လည်း [illegible]ာက်သစ်စနေရောင် အပေါင်းကဲ့သို့

နီမြန်းသော သန့်ရှင်းသော ပြေပြစ်ညက်ညောသော သန္တာခေါ်သော ရတနာများ ဖြစ်ကြ၏၊ အကွပ်တကူ အဆက်အဆက်တို့၌ နီမြန်းသော ဇမ္ဗူရာဇ်ရွှေပြားတို့သည် အကွပ်တကူ တခုနှင့်တခု ခြားနားအောင် လုံးသော အရေးအသားတို့ဖြင့် ပိုင်းပိုင်းခြားခြား ထင်ရှားကုန်၏။

**သန္တာရိုးတံနှင့် ထီးဖူး။** ။အကွပ်တကူအဝိုင်း၏ဘေးအပြင်၌ကား(ယခုအခါ လှည်းဘီးတို့၌ သံပတ်၊စက်ဘီးတို့၌ပတ်ဝန်ကျင် အဆုံးဝယ် တပ်ထားအပ်သော သံပတ်၊စက်ဘီးတို့၌ ပတ်ဝန်းကျင် အဆုံးဝယ် တပ်ထားအပ်သော တာယာတို့ကဲ့သို့ နေရာမျိုး၌ကား) အကန့်ဒေါက်ဆံ ဆယ်ခုဆယ်ခုတို့၏ အကြားတိုင်အောင် ဝင်သွားသောသန္တာရိုးတံရှိ၏၊ ထိုသန္တာရိုးတံ၌ ပုလွေကဲ့သို့ဝိုင်းဝန်းသောအပေါက်ရှိရကား အပြင်ဘက်က လေကိုယူနိုင်၏၊ ထို့ကြောင့်ကောင်းကင်သို့လည်သောအခါ ထိုအပေါက်တို့မှ ဝင်လာသော လေသံသည် ကျွမ်းကျင်သူတို့ တီးအပ်သော တူရိယာသံကဲ့သို့ အလွန်သာယာဘွယ်ကောင်း၏။ ထိုသန္တာရိုးတံ၏ အထက်၌ထီးဖူး၏ ဘေး၂ဖက်တို့၌ တွဲလျားကျသော ပန်းကုံးအစဉ် အတန်း နှစ်တန်းပါရှိ၏။

**စကြာကြီးသုံးခု လည်နေသလို။** ။ထို့ကြောင့် အကန့်ဒေါက်ဆံ ဆယ်ခုဆယ်ခုတို့၏ အကြားအကြား၌ သန္တာရိုးတံတခုတခု ပါရှိရကား စကြာရတနာဝယ် သန္တာရိုးတံပေါင်းတရာရှိ၏၊ သန္တာရိုးတံတရာ၏အပေါ်၌ထီးဖူးတရာရှိ၏၊ထီးဖူး၏ဝဲယာ၌

ပန်းကုံး အစည်းပေါင်း နှစ်ရာရှိ၏၊ ထို မျှလောက် သော အဆောင်အယောင်ဖြင့် တင့်တယ်သော အကပ်တကူ အဝန်း အဝိုင်းဝယ် နှစ်ဘက်သော ပဒေါင်းပေါက်တို့၏အဆုံး၌ ခြင်္သေ့ နှုတ်ခမ်းကဲ့သို့ အပေါက်ဝနှစ်ခုရှိ၏၊ ထိုအပေါက်နှစ်ခုမှ ပုလဲသွယ် နှစ်ခုတို့သည် တွဲရရွဲဆွဲနေကုန်၏၊ ထိုပုလဲသွယ်တို့သည် တသွယ် မကစုပေါင်း၍ တည်နေသောကြောင့် တသွယ်တသွယ်လျှင် ထန်းပင်လုံးပမာ ရှိ၏၊ လပြည့်ဝန်း၏ အရောင်အပေါင်းကဲ့သို့ အလွန်တင့်တယ်ကုန်၏၊ ထိုစကြာရတနာသည် ကောင်းကင် သို့လည်၍သွားသောအခါ ထိုပုလဲသွယ် နှစ်သွယ်တို့ကလည်း ဝဲဘက် ယာဘက်၌ လှည့်ပတ်လျက် လည်နေသောကြောင့် စကြာကြီး သုံးခုတို့ တပေါင်းတည်း လည်နေသကဲ့သို့ ထင်ရ ပေသည်၊ ဤကား စကြာရတနာ၏ အကြောင်းအရာတည်း။

**စကြာရတနာကို လည်စေခြင်း။** ။မဟာသုဒဿနမင်းသည် စကြာရတနာကို မြင်ရသောအခါ ခြုံထားအပ်သော အဝတ်ကို လက်ကတော့ တင်ပြီးလျှင် လက်ဝဲလက်ဖြင့် ရွှေကရားကိုကိုင်၍ လက်ျာလက်ဖြင့်စကြာရတနာ၏အထက်၌ရေတို့ကိုသွန်းလောင်း ရင်း 'အရှင်စကြာရတနာ လည်တော်မူပါ၊ အရှင်စကြာ ရတနာ အောင်တော်မူပါ'ဟု ပြောဆိုလေသည်၊ ထိုစကား၏အခြားမဲ့ ၌ပင် စကြာရတနာသည် မဟာသုဒဿနမင်းကို ဆောင်ယူကာ ကောင်းကင်သို့ တက်သွား၍ အစဆုံးလည်လေသည်၊ ထိုအချိန် မှစ၍ မဟာသုဒဿနမင်းကို 'စကြာရတနာအရှင်-စကြာမင်း'

ဟု ခေါ်နိုင်လေသည်၊ စကြာရတနာ ကောင်းကင်သို့ တက်သော်အခါ မင်း၏အခြွေအရံ ဖြစ်သော နန်းတွင်းသူ လူအများနှင့်တကွ အိမ်ရှေ့မင်းစသော အခြွေအရံများလည်း ကောင်းကင်သို့ လိုက်သွား၍ မင်းကိုခြံရံကြလေသည်။

**တိုင်းသူပြည်သားများ လိုက်ပါပုံ။** ။လိုက်လိုသော တိုင်းသူပြည်သားတို့ လိုက်နိုင်ဘို့ မြို့တော်သို့ စည်လည်စေသည်၊ များစွာသော လူတို့ကား စကြာရတနာ၏အသံကို ကြားတုန်းကပင် မိမိတို့ကိစ္စကို ပယ်၍ နံ့သာ ပန်းစည်းတို့ကို လက်စွဲကုန်လျက် စုဝေးပြီးဖြစ်၏၊ ထိုလူအပေါင်းတို့သည်လည်း ကောင်းကင်သို့ လိုက်သွား၍ စကြာမင်းကို ခြံရံကြသည်၊မင်းနှင့်အတူ လိုက်လိုသော စိတ်ရှိသူ ဟူသမျှသည် ကောင်းကင်သို့ ရောက်နိုင်ကြသည်သာ၊ ဤနည်းအားဖြင့် စကြာရတနာ၏နောက်၌စကြာမင်း၏အခြံအရံ ပရိသတ်သည် အလျားအနံ တဆယ့်နှစ်ယူဇနာ ရှိလေသည်၊ ထိုပရိသတ်တွင် အင်္ဂါ ချို့ယွင်းသူလည်း မပါ၊ အဝတ်အစား ညစ်နွမ်းသူလည်းမပါ၊ သန့်ရှင်းသော အဝတ်ကိုသာ ဝတ်၍ လိုက်ပါကြလေသည်။

**စကြာရတနာလှည့်လည်ပုံ။** ။စကြာရတနာသည် ထိုပရိသတ်ကြီးကို ဆောင်ယူ၍ သစ်ပင်ထိပ်ဖျားတို့၏ အထက်၌ အလွန်လည်းမမြင့် အလွန်လည်းမနိမ့်သော ကောင်းကင်အရပ်ဖြင့် လှည့်လည်၏၊ စကြာရတနာ ပရိသတ်သည် သစ်ပင်တို့၏ အပွင့်အသီး အညွန့်တို့ကို ခူးလိုက်လျှင် လက်လှမ်း၍ ခူးနိုင်၏၊ မြေ၌

တည်သူ လူတို့ကလည်း 'ဤသူသည် စကြာမင်း၊ ဤသူသည် အိမ်ရှေ့မင်း၊ ဤသူသည် စစ်သူကြီး' ဤကဲ့သို့ ကွဲကွဲပြားပြား မြင်နိုင်၏၊ ပရိသတ်အများတွင် ရပ်လိုသူကရပ်၍ လိုက်နိုင်၏၊ ထိုင်လိုသူက ထိုင်၍ လိုက်နိုင်၏၊ လျောင်းလိုသူက လျောင်း၍ လိုက်နိုင်၏၊ ပုံဆွဲခြင်းစသော အတတ်ကို တတ်သူတို့ကလည်း မိမိတို့ကိစ္စကို ပြု၍ လိုက်နိုင်ကြ၏၊ ဤသို့ လှည့်လည် သွားလာနေသော စကြာ ရတနာသည် ပြအပ်ပြီးသော ပရိသတ်ကြီးကို ဆောင်၍ မြင့်မိုရ်တောင်၏ ဝဲဘက်ကျသော မဟာသမုဒ္ဒရာ၏ အထက်အရပ်ဖြင့် ယူဇနာ ခုနစ်ထောင်ရှိသော အရှေ့ကျွန်းသို့ သွားလေသည်။

**အရှေ့ကျွန်းမင်းများ။** ။စကြာမင်း၏ ပရိသတ်သည် အဝန်းအဝိုင်းအားဖြင့် သုံးဆယ့်ခြောက်ယူဇနာရှိ၏၊ ထိုမျှလောက်သော ပရိသတ်တို့ နေထိုင်လောက်သော အစာ အဟာရလည်း ရလွယ်သော၊ အရိပ်၊ ရေတို့နှင့်လည်းပြည့်စုံသော သန့်ရှင်းစင်ကြယ်သော မြေအပြင်ရှိသော အရပ်၏ အထက်အဘို့၌ ထိုစကြာ ရတနာသည် ရပ်တည်နေ၏၊ စကြာရတနာ ရပ်နေသောကြောင့် လိုက်ပါလာသော လူအပေါင်းလည်း သက်ဆင်း၍ ရေချိုးခြင်း စားသောက်ခြင်းစသော အလိုရှိရာ ကိစ္စကိုပြု၍ နေကြစဉ် စကြာမင်းလည်း ထိုအရပ်၌ စစ်အင်္ဂါလေးပါးနှင့်တကွ ခေတ္တ နေထိုင်လေသည်၊ စကြာမင်းရောက်လာသောအခါ အရှေ့ကျွန်း၌ နေကြသော မင်းအများတို့သည် 'အခြားမင်းတပါး ရောက်လာပြီ' ဟု ကြားရသော်လည်း စကြာရတနာ၏ တန်ခိုးကြောင့် စစ်

သည်ဗိုလ်ပါ စုရုံးမှုကို မပြုပဲ၊ မိမိတို့၏ စည်းစိမ်အားလျော်စွာ လက်ဆောင်ယူပြီးလျှင် 'မဟာရာဇာ-ကြွတော်မူပါ၊ အရှင်မင်းမြတ်၏ ကြွလာခြင်းသည် ကောင်းသော လာခြင်းဖြစ်ပါ၏၊ အကျွန်ုပ်တို့ပြုဘို့ရာ အလုပ်ရှိလျှင် အမိန့်ပေးတော်မူပါ' ဤသို့ သံတော်ဦးတင်သောအခါ........။

**စကြာမင်း၏ဩဝါဒ။** ။စကြာမင်းသည် အလွန်ချိုသာသော အသံဖြင့် ပါဏာတိပါတ စသော အမှုတို့၏အပြစ်ကိုပြော၍'သူ့အသက်ကို မသတ်ထိုက်ပါ၊ ဥစ္စာရှင်တို့ ကျေကျေနပ်နပ်မပေးအပ်သော သူ့ဥစ္စာကို မယူထိုက်ပါ၊ ကာမဂုဏ်တို့၌ မတော်မတရား မှားမှားယွင်းယွင်းမပြုထိုက်ပါ၊ မုသားမပြောထိုက်ပါ၊ သေရည်အရက်ကို မသောက်ထိုက်ပါ'ဤသို့ ငါးပါးသီလ စောင့်ထိန်းဘို့ရာပြော၍ 'အခွန်အတုပ်ကောက်ခံရာ၌လည်း ရှေးမင်းကောင်းတို့၏ အစဉ်အလာ အတိုင်းသာ ကောက်ခံကြပါ' ဟုပြောလေသည်၊ အားလုံးသော မင်းများလည်း 'မဟာသုဒဿန စကြာမင်း'၏ နောက်လိုက်အဖြစ်ဖြင့် ဝန်ခံကြလေသည်။

**သမုဒ္ဒရာအတွင်းသက်ဆင်းခြင်း။** ။အရှေ့ကျွန်း၌ မင်းအများကို ဩဝါဒ ပေးပြီးသောအခါ လိုက်ပါလာသော လူအများလည်း နံနက်စာ စားပြီးပြီဖြစ်၍ စကြာရတနာသည် မဟာသုဒဿနမင်း၏အလိုအားဖြင့် ကောင်းကင်သို့တက်ပြီးလျှင် မြင့်မိုရ်တောင်၏ အရှေ့ဘက် သမုဒ္ဒရာအတွင်းသို့ သက်ဆင်းလေသည်၊ စကြာရတနာဆင်းလာသောအခါ ရေအပြင်သည်လည်း ရှေးဦးစွာ အောက်သို့လျော၍လျော၍သွား၏၊တယူဇနာမျှအောက်သို့

ရောက်သောအခါ ဘေးပတ်ပတ်လည် ရေပြင်ကြီးက ကျောက်မျက်ရွဲနံရံကြီး ကာထားသကဲ့သို့ တည်နေ၏၊ တယူဇနာမျှလောက်သော ရေပြင်ပေါ်၌ စကြာရတနာ ရပ်တည်နေ၏၊

အမုဒ္ဒရာအပြင်ဝယ် အမျိုးမျိုးသော ရတနာတို့သည် ထိုအရပ်၌ ပြည့်နေကုန်၏၊ စကြာမင်း ပရိသတ်သည် ရတနာတို့ကို အလိုရှိတိုင်း ယူကြ၏၊ ထိုသို့ယူပြီးသောအခါ စကြာရတနာသည် ပြန်၍ဆုတ်လာ၏၊ စကြာရတနာ ပြန်၍ ဆုတ်လာသောအခါ လာတုန်းက နောက်ဆုံးဖြစ်သော ပရိသတ်သည် ရှေ့ကဖြစ်နေ၏၊ စကြာမင်းသည် အလယ်၌ရောက်နေ၏၊ စကြာရတနာသည် အဆုံး၌ဖြစ်နေ၏၊ သမုဒ္ဒရာရေအပြင်သည် ပြန်၍ဆုတ်သွားသော စကြာရတနာနှင့်ကွဲကွာရမည်ကို မခံနိုင်သကဲ့သို့ လည်နေသော စကြာရတနာ၏အကွပ်တကူကိုထိလျက် ထိလျက်လိုက်လာသည်။

**တောင်ကျွန်းစသည်သို့ လှည့်လည်ခြင်း။** ။ဤနည်းအားဖြင့် စကြာမင်းသည် အရှေ့မဟာသမုဒ္ဒရာ အဆုံးအပိုင်းအခြားရှိသော အရှေ့ကျွန်းကို အောင်တော်မူပြီး၍ တောင်သမုဒ္ဒရာအပိုင်းအခြားရှိသော ဘောင်ကျွန်းကို အောင် တော် မူလိုသောကြောင့် စကြာရတနာ ညွှန်ပြအပ်သောလမ်းဖြင့် မြင့်မိုရ်တောင်၏တောင်ဘက်သမုဒ္ဒရာသို့ ချီးရှုသွားပြီးလျှင် တောင်ကျွန်းသို့ ရောက်သောအခါ စကြာရတနာ ရပ်တန့်ပုံ၊ တောင်ကျွန်း၌ရှိသော မင်းအများတို့ လာရောက်ခစားကြပုံ၊ ထိုမင်းများကို ဩဝါဒ ပေးပြီး၍ တောင်ကျွန်း သမုဒ္ဒရာ၌ သက်ဆင်းပုံ၊ ပြန်လာပုံ အစီအစဉ်မှာ အရှေ့ကျွန်းအတိုင်းပင်တည်း။

တောင်ကျွန်း၌ရှိသော မင်းများနှင့်တကွ တောင်သမုဒ္ဒရာကို အောင်နိုင်ပြီး၍ အနောက်ကျွန်း၌နေသော မင်းများနှင့်တကွ အနောက်သမုဒ္ဒရာကို အောင်နိုင်ပုံကိုလည်း ကောင်း၊ ထို့နောက် မြောက်ကျွန်း၌ရှိသော မင်းများနှင့်တကွ မြောက်သမုဒ္ဒရာကို အောင်နိုင်ပုံကိုလည်းကောင်း ရှေးနည်းအတိုင်းပင် သိနိုင်ပါပြီ၊ ဤသို့ အောင်နိုင်ပြီးသောအခါ ရောက်မှ "သမုဒ္ဒရာလေးစင်း အဆုံး အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အစိုးရသော စကြာမင်း"ဟု ဆိုရပေသည်။

ထိုသို့ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော လေးကျွန်းလုံး ကိုအောင်ပြီး၍ စကြာရတနာ ညွှန်ပြအပ်သော ကောင်းကင် လမ်းဖြင့် မိမိ၏ ကုသဝတီနေပြည်တော်သို့ ပြန်လာခဲ့၏။ ပြန် ရောက်သောအခါ စကြာရတနာသည် နန်းတော်အတွင်း၌ တံခါး ပေါက်ကို တန်းဆာဆင်သကဲ့သို့ ရပ်တည်နေ၏။ ညဉ့်ကာလ၌ မီးထွန်းဘွယ်မလို၊စကြာရတနာအရောင်သည်သာ ညဉ့်အမှောင် ကို ပယ်နိုင်၏။ အမှောင်ကို အလိုရှိသူတို့အတွက်မှာ အမှောင် လည်း ရနိုင်ပါ၏။ ဤကား စကြာရတနာဖြင့် လေးကျွန်းလုံး လှည့်လည်ပုံနှင့် အောင်နိုင်ပုံအစဉ်တည်း။

**ဆင်ပျံတော်စသော ရတနာများ။** ။ထို့နောက်ဆင်ပျံတော် ရတနာ မြင်းပျံတော်ရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူကြွယ်ရတနာ သားတော်ကြီးရတနာများ အစဉ်အတိုင်း ဖြစ် ပေါ်လာကြသည်။ ဆင်ပျံတော်ရတနာ မြင်းပျံတော်ရတနာ များဖြင့်လည်း နောက်ပါပရိသတ်နှင့်တကွ လေးကျွန်းလုံးကို

လှည့်ပတ်ပြီးလျှင် နံနက်စာ စားချိန်မရောက်မီပင် ကုသဝတီ နေပြည်တော်သို့ ပြန်လာလေသည်။ (ထိုရတနာများဖြင့် လှည့်လည်ရာ၌ ထိုကျွန်း၌နေသော မင်းများကို အထူးပြောဆိုဆုံးမ ဘွယ် မလိုတော့။)

ပတ္တမြားရတနာသည် ကြယ်တာရာအပေါင်းတို့ဖြင့် ခြံရံ အပ်သော လပြည့်ဝန်း၏အသရေကဲ့သို့ အသရေကို ဖြန့်လျက် ဝေပုလ္လတောင်မှ ထွက်ပေါ်လာ၏။ ထိုပတ္တမြားရတနာကို ပုလဲဇာကွန်ယက်၌ထား၍ဝါးအဆင့်ဆင့်ဆက်ပြီးလျှင် အတောင် ခြောက်ဆယ်မြင့်သော ကောင်းကင်သို့ တင်ထားအပ်သောအခါ ညဉ့်အချိန်ဝယ် ပတ်ဝန်းကျင် ဂါဝုတ နေရာတိုင်အောင် အရောင် အလင်းကို ဖြန့်နိုင်၏။ ထိုပတ္တမြားအရောင်သည် အရုဏ်တက် ချိန်ကဲ့သို့ ထင်ထင်ရှားရှားဖြစ်ရကား ထိုပတ္တမြားအရောင်ကို အရုဏ်ရောင်ထင်၍ လယ်လုပ်သူတို့က လယ်ထွန်ကြ၊ ဈေး ရောင်းသူတို့က ဈေးတံခါးဖွင့်ကြ၊ ထိုထို အတတ်သည်တို့က-ဆိုင်ရာအလုပ်ကို ပြုလုပ်ကြသည်။

စကြာမင်း၏ ဘုန်းကံကြောင့် အလိုလိုရောက်လာသော မိဖုရားရတနာသည်လည်း အလွန်လှပသော ပုံသဏ္ဍာန်ရှိ၏။ မြင်ရလျှင်ပင် မျက်လုံးတို့ကို ကြည်လင်စေနိုင်၏။ အခြားကိစ္စကို မရွက်ဆောင်ပဲ ကနေ့လုံးကြည့်နေရသော်လည်း တင်းမတိမ်နိုင် အောင် ရှုချင့်စဘွယ် တင့်တယ်၏။ ကြည့်နေရလျှင်ပင် စိတ်ကို ကြည်လင် ရွှင်လန်းစေနိုင်၏။ အဆင်းအားဖြင့်လည်းကောင်း ကိုယ်အနေအထားအားဖြင့်လည်းကောင်း လွန်စွာပြည့်စုံ၏။ မြင့် လည်းမမြင့် နိမ့်လည်းမနိမ့် ပိန်လည်းမပိန် ဝလည်းမဝ မဲလည်း

မမဲ ဖြူလည်းမဖြူသောကြောင့် အပြစ်ခြောက်ပါး ကင်းစင်၏၊ တဆယ့် နှစ် တောင် ရှိသော အ ရပ် တိုင် အောင် ကိုယ်၏ အရောင် လင်း၏။ နတ်မိဖုရားများလောက် မလှသော်လည်း လူတို့တွင်ကား အလှဆုံးဖြစ်၏။ ကိုယ်အတွေ့မှာလဲ ဝါဂွမ်းအစု ကဲ့သို့ အလွန်နူညံ့၏။မင်းတရား အေးချိန်အခါ ဝယ် သူ၏ ကိုယ် အတွေ့မှာ နွေးနေ၏။ မင်းတရား ပူအိုက်ချိန်အခါဝယ် သူ၏ကိုယ် အတွေ့မှာ အေးနေ၏၊စန္ဒကူးအနံ့ ကဲ့သို့ သင်းပျံ့၏။စကားပြော သောအခါခံတွင်းမှကြာညိုပန်းနံ့ သင်း၏၊ထိုဂုဏ်များတွင်အလှန် အဆင်းလှခြင်းစသော ဂုဏ်တို့သည် မိဖုရား၏ ပင်ကိုယ်အတိုင်း ရှိနေသော ဂုဏ်တို့သာ ဖြစ်၏။ လူတို့၏အဆင်းကို လွန်ခြင်း အတွေ့ကောင်းခြင်း ပူသောအခါ နွေး၍၊နွေးသောအခါ အေး ခြင်း၊စန္ဒကူးအနံ့ သင်းပျံ့ခြင်း၊ ကြာညိုပန်းအနံ့ ကဲ့သို့ ခံတွင်းမှ ရနံ့ထွက်ခြင်းစသော ဂုဏ်တို့ကား စကြာမင်း၏ ဘုန်းက ကြောင့် ဖြစ်ပေါ်လာသော ဂုဏ်ထူးများ ဖြစ်သည်။

သူကြွယ်ရတနာမှာလည်း စကြာရတနာ ဖြစ်ပေါ်လာသော အခါ ကံ၏အကျိုးကြောင့်ဖြစ်သော ဒိဗ္ဗစက္ခုသည် အထင် အရှားဖြစ်လာ၏။ ထိုဒိဗ္ဗစက္ခုကြောင့် မြေ၏ တယူဇနာအရပ် ဝယ် ဥစ္စာရှင် ရှိသော ရွှေအိုး၊ ဥစ္စာရှင် မရှိသော ရွှေအိုးကို ခွဲခွဲခြားခြားမြင်နိုင်၏။ ထိုသူကြွယ်ရတနာသည် ထိုကဲ့သို့ မြင် နိုင်ပုံကို သိ၍ အလွန်နှစ်သက်သော စိတ်ရှိရကား "အရှင်မင်း မြတ် အနေဖြင့် ပူဘယ်ဟူသမျှကို အကျွန်ုပ် ပြုပါမည်။ အရှင် မင်းမြတ် ကြောင့်ကျစိုက်ဘွယ် မလိုတော့ပါ။ ဤသို့ မင်းတရား

ကို ခနဖြင့် ဖိတ်မန်ပြီးလျှင် ခနဖြင့် ပြုရမည့်ကိစ္စအားလုံးကို ပြီးစီးစေသည်။

သားတော်ကြီး ရတနာလည်း စကြာမင်း၏ အလုံးစုံသော ကိစ္စကို စီမံနိုင်ခြင်းအကျိုးငှာ ဖြစ်ပေါ်လာသည်။ ထိုသားကြီးရတနာဟူသည် ပင်ကိုယ်ကပင် ရှိနေသော အကြီးဆုံးသားတော်ဖြစ်သည်။ ပင်ကိုယ်ကပင် ကြောင်းကျိုးမြင်သိ ပညာရှိ၏၊ ထက်မြက်၏၊ ထိုးထွင်း၍ သိနိုင်သောပညာရှိ၏၊ရှင်ဘုရင်၏ ဘုန်းကံအာနုဘော်ကို အမှီပြု၍လည်းကောင်း၊ မိမိ၏ကံအစွမ်းကြောင့်လည်းကောင်း သူတပါး၏စိတ်ကို သိနိုင်သောဉာဏ် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်ကြောင့် တဆယ့်နှစ် ယူဇနာရှိသော မင်းပရိသတ်၏ စိတ်နေ့စိတ်ထားကို သိစွမ်းနိုင်၏။ ဤသူကား မင်း၏ စီးပွားကို လိုလားသူတည်း။ ဤသူကား မင်း၏စီးပွားကို မလိုလားသူတည်း။ ဤသို့ ခွဲခြား၍ သိနိုင်၏၊ ထို့ကြောင့် ခမည်းတော် မင်းမြတ်သို့ ချဉ်းကပ်၍ "အရှင်မင်းမြတ် တိုင်းရေးပြည်ရေးကိစ္စ၌ ကြောင့်ကျစိုက်တော်မမူပါနှင့်၊ သားတော်သာလျှင် ဆောင်ရွက်ပါမည်" ဟု သံတော်ဦးတင်သည်။ ဤသို့ အရည်အချင်းနှင့်ပြည့်စုံသော သားတော်ကြီးရတနာ ဖြစ်ပေါ်လာသောအခါ စကြာမင်းမှာ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံလေ၏။

**စကြာမင်း၏ တန်ခိုးလေးမျိုး။** ။(၁) မဟာသုဒဿန စကြာမင်းသည် အလွန်အဆင်းလှ၏။ ရှုချင်စဖွယ် တင့်တယ်၏။ မြင်ရသူတို့၏ စိတ်ကို ကြည်လင်စေ၏။ ကိုယ်လုံးကိုယ်ရပ်နှင့် ပြည့်စုံ၏။

အခြားလူတို့ထက် သာလွန်၏။ (၂) အခြားလူတို့ထက် ပို၍ အသက်ရှည်၏။ (၃) ရောဂါကြီး ရောဂါငယ်အသွယ်သွယ်သော အနာရောဂါမရှိ၊ စားလိုက်သောအစာကို ကြေကျက်စေနိုင်သော ဝမ်းမီးနှင့်ပြည့်စုံ၏၊ ထိုဝမ်းမီးသည် ညံ့လည်းမညံ့၊ လွန်လည်း မလွန်၊ အခြားလူတို့၏ ဝမ်းမီးထက်သာ၏။ (၄)ပုဏ္ဏားသူကြွယ်တို့ ချစ်ခင်မြတ်နိုးအပ်၏။ ဥပမာ-အဘကို သားသမီးတို့က ချစ်ခင်မြတ်နိုးသကဲ့သို့ ဖြစ်၏၊ မဟာသုဒဿနမင်းကလည်း ပုဏ္ဏားသူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏၊ ဥပမာ-အဘက သားသမီးတို့ကို ချစ်ခင်မြတ်နိုးသကဲ့သို့ ဖြစ်၏။

အခါတပါး၌ မဟာသုဒဿနစကြာမင်းသည် စစ်အင်္ဂါလေးပါးနှင့်အတူဥယျာဉ်သို့ ထွက်တော်မူ၏။ ထိုအခါ ပုဏ္ဏားသူကြွယ်တို့က ချဉ်းကပ်၍ "အရှင်မင်းမြတ် ဖြေးဖြေးကြွတော်မူပါ၊ တိုင်းသူပြည်သားလူအများက အရှင်မင်းမြတ်ကို အတော်ကြာအောင် ဖူးမြင်လိုကြပါသည်"။ ဤသို့ သံတော်ဦးတင်ကြ၏။ မဟာသုဒဿနစကြာမင်းကလည်း ရထားထိန်းကို "ဖြေးဖြေးမောင်းပါ၊ ငါသည် ပုဏ္ဏားသူကြွယ်တို့ကို အတော်ကြာအောင် ကြည့်ရှု၍ သွားလိုသည်" ဟု မိန့်တော်မူပါသည်။

**ရေကန်တို့ကိုဖန်ဆင်းခြင်း။** ။မဟာသုဒဿန စကြာမင်းသည် ထိုထန်းပင်တို့၏အကြား၌ လေးအပြန်တရာဝေးကွာသော နေရာတိုင်းဝယ် ရေကန်တို့ကိုဖန်ဆင်းရမူကားကောင်းလေစွဟု အကြံဖြစ်လေ၏။ ထိုသို့ကြံလိုက်သည်နှင့် တပြိုင်နက် ရေကန်များ ပေါ်ပေါက်လာကြ၏၊ ထိုရေကန်များကို ရွှေအုတ် ငွေအုတ်

ကျောက်မျက်ရှဲအုတ် ဖလ်အုတ်တို့ဖြင့် စီထားကြ၏၊ ရေကန်တကန်လျှင် တက်ကြဆင်းကြဘို့ရာ လှေခါးလေးစင်းရှိ၏၊ ရွှေလှေကား ငွေလှေကား ကျောက်မျက်ရှဲလှေကား ဖလ်လှေကားတို့တည်း။

ရွှေလှေကား၏ တိုင်တို့က ရွှေတိုင်များ၊ တိုင်တို့၌တန်းထားသော လက်ရိုးတန်းနှင့် နဖူးစည်းတို့က ငွေတန်းများဖြစ်ကြ၏၊ ငွေလှေကား၏တိုင်လက်ရိုးတန်းနှင့် နဖူးစည်းတို့ကား ရွှေများဖြစ်ကြ၏၊ကျောက်မျက်ရှဲ လှေကား၏တိုင်တို့မှာ ကျောက်မျက်ရှဲတိုင်၊ လက်ရိုးတန်းနှင့် နဖူးစည်းတို့မှာ ကျောက်မျက်ရှဲတည်း။

ထိုရေကန်တို့ကို ဝရံတာနှစ်ထပ်ဖြင့် ကာရံထားသည်၊ ဝရံတာတထပ်သည် စီထားအပ်သော အုတ်အစွန်းတွင်ဖြစ်သည်၊ ဝရံတာ တထပ်ကား ရေကန် အပိုင်းအခြား၏ အဆုံးတွင်ဖြစ်သည်၊ ထိုဝရံတာတို့သည်လည်း ရွှေဝရံတာ ငွေဝရံတာနှစ်မျိုးပင်ကွဲပြားသည်၊ ရွှေဝရံတာ၏တိုင်တို့က ရွှေ၊လက်ရိုးတန်းနှင့် နဖူးစီးတို့က ငွေတည်း၊ ငွေဝရံတာ၏ တိုင်တို့ကငွေ၊ လက်ရိုးတန်းနှင့်နဖူးစီးတို့က ရွှေတည်း။

**ပန်းပင်များကိုစိုက်စေခြင်း။** ။ရေကန်သို့လာ၍ ရေချိုးကြ ရေသောက်ကြပြီးလျှင် ပြန်သွားကြသောလူတို့သည် ကြာညို ကြာဖြူ ကြာနီဟူသော ဥပ္ပလကြာပန်း၊ ပဒုမ္မာကြာပန်း၊ ကုမုဒြာကြာပန်း၊ ပုဏ္ဍရိက် ကြာပန်းတို့ကို ပန်ဆင်၍ ပြန်သွားကြပါမူကား ကောင်းလေစွဟု အကြံဖြစ်သောကြောင့် ထိုရေကန်ထဲ၌ ပန်းပင်တို့ကို ပေါက်စေလိုသောဆန္ဒဖြစ်၏၊ ဆန္ဒဖြစ်

သည်နှင့် တပြိုင်နက် ရေကန်တွင်း၌ ဥတုသုံးပါးလုံး ပွင့်သော ကြာပန်းများ ပေါပေါက်လာကြ၏၊ ဆွတ်ခူးလိုသူတို့အတွက် မည်သူ့ ကိုမျှ အတားအဆီးမရှိရ။

**ပြုစုသူများကိုထားခြင်း။** ။ထို့နောက်ရေကန်တို့၏ကမ်းပေါ်၌ ရေချိုးပေးသော ယောကျာ်းတို့ကိုလည်း ထားစေ၏၊ ကိုယောကျာ်းတို့က လာလာသမျှ လူအပေါင်းကို ရေခပ်ပေးခြင်း၊ ချေးတွန်းပေးခြင်းစသည်ဖြင့် ရေချိုး ပေးကြရသည်၊ စားသွယ်သောက်ဘွယ် အဝတ် ယာဉ်ရထား၊ မိန်းမ ရွှေငွေ မှစ၍ ရေကန်၏အနီးအပါး၌ လှူဘွယ်ပစ္စည်းများကို ထားစေ၏။ ရေချိုးပြီးသောအခါ ထမင်းဆာသူသည် ထမင်း စားနိုင်၏၊ အဖျော်သောက်လိုသူသည် အဖျော်သောက်နိုင်၏၊ အဝတ်ကိုလဲလှယ်၍ ဝတ်လိုသူသည် အဝတ်ကိုလဲလှယ်၍ ဝတ်နိုင်၏၊ ယာဉ်ရထားကို အလိုရှိသူသည် ယာဉ်ရထားကို စီးသွားနိုင်၏၊ အလိုရှိလျှင် အိမ်ထိအောင် ယူသွားနိုင်၏၊ ကောင်းမြတ်သော အိပ်ယာတို့၌ မိန်းမများနှင့်အတူ စည်းစိမ်ခံစားလိုသူသည် စည်းစိမ်ခံစားနိုင်၏၊ အလိုရှိလျှင် အိမ်သို့ ခေါ်သွားနိုင်၏- ရတနာ ခုနစ်ပါးဖြင့် ပြုအပ်သောတန်ဆာတို့ကို ပန်ဆင်၍လည်း စည်းစိမ်ခံစားနိုင်၏၊ အလိုရှိလျှင် အိမ်သို့ယူသွားနိုင်သည်။

**ဥစ္စာများစွာဆက်သလာ။** ။ပစ္စည်း ပေါများသော ပုဏ္ဏား သူကြွယ်တို့သည် ဤစကြာမင်းသည် ဤမျှလောက် အလှူဒါန ကိုပေးနေသော်လည်း တိုင်းသူပြည်သားတို့ကိုမည်သည့် ပစ္စည်း ကိုမျှ မဆက်သစေ၊ မင်းတရားက မဆက်သစေသော်လည်း

ငါတို့အထိုက်သိထိုက်၏၊ဤသို့တိုင်ပင်၍ များစွာသော ဥစ္စာကို ဆက်သကြ၏၊ စကြာမင်းသည် ထိုပစ္စည်းများကို လက်မခံသည့် အပြင် သူ၏ဘဏ္ဍာတော်များမှပင် ဆောင်ယူသွားကြဖို့ အမိန့်ရှိ လေသည်၊ ပုဏ္ဏား သူကြွယ်တို့သည် မင်းကြီး လက်မခံ သဖြင့် တနေရာသို့သွား၍ မင်းကြီးကပယ်သော်လည်း ဤဥစ္စာ များကို ပြန်ယူရန် မသင့်တော့၊မင်းတရားဘို့အိမ်တော်တဆောင် ကို ပြုလုပ်ကြပါစို့ဟု သဘောတူ တိုင်ပင်ကြပြီးလျှင် ထို အကြောင်းကို သံတော်ဦးတင်သောအခါ ဆိတ်ဆိတ်နေသော အားဖြင့် လက်ခံလေ၏။

**သကြားမင်းဖန်ဆင်းပေးခြင်း။** ။ထိုအကြောင်းကို သိကြား မင်းသိ၍ မဟာသုဒဿနမင်းဘို့ ဓမ္မမည်သော ပြာသာဒ်အိမ်တော် ဖန်ဆင်းပေးရန် ဝိသကြုံနတ်သားကို လွှတ်လိုက်လေသည်၊ ဝိသ ကြုံနတ်သားသည် မယာသုဒဿနမင်း တရားကျင့်ဘို့ရာ အရှေ့ အနောက် အလျားတယူဇနာ၊ တောင်မြောက်အနံ ယူဇနာဝက် ရှိ၍ တိုင်ပေါင်းရှစ်သောင်းလေးထောင်၊ လှေကားပေါင်း နှစ် ဆယ့်လေးစင်း၊ အထွတ်ပေါင်း ရှစ်သောင်း လေးထောင်ရှိ သော ဓမ္မနန်းပြာသာဒ်ကြီးကို ဖန်ဆင်းပေးလေသည်၊ ထိုဓမ္မနန်း ပြာသာဒ်ကို ရွှေဝရံတာ ငွေဝရံတာ၊ ရွှေခြူဇာ ငွေခြူဇာ နှစ်ထပ်တို့ဖြင့် ကာရံထားသည်၊ ရွှေပလ္လင် ငွေပလ္လင် ဆင်စွယ် ပလ္လင် စန္ဒကူးနှစ်ပလ္လင်တို့ကိုလည်း အသီးသီး အဆောင်နှင့်လိုက် အောင် ခင်းထား၏၊ တံခါးတိုင်အနီးတွင်လည်း ရွှေထန်းပင်

ငွေထန်းပင် ကျောက်မျက်ရွဲထန်းပင် ဖလ်ထန်းပင်တို့အသီးသီး သူ့နေရာနှင့်သူ တည်ရှိ၏။

ဓမ္မပြာသာဒ်ဝယ် အကျယ်ဆုံးဖြစ်သော အထွတ်တပ်အပ်သော ပြာသာဒ်တံခါးပေါက်၌ အလုံးစုံ ရွှေအတိပြီးသော ထန်းတောဥယျာဉ်ကို ဖန်ဆင်း၏၊ ထိုဥယျာဉ်ဝယ် နေ့အခါ၌ နေထိုင်၏၊ ဓမ္မနန်း ပြာသာဒ်ပြီးသောအခါ အရောင်တောက် နေသည့်အတွက် မျက်စိတို့ကို ရှောင်လွှဲ ရလောက်အောင် အကြည့်ခက်သတတ်၊ ဓမ္မနန်းပြာသာဒ်၏ရှေ့၌ ဓမ္မမည်သော ရေကန်ကို ဖန်ဆင်း၏၊ ထိုဓမ္မမည်သော ရေကန်သည်လည်း ဓမ္မ နန်း ပြာသာဒ်ကဲ့သို့ပင် အကျယ်အဝန်းလှေကားနှင့် ဝရံတာ တို့ရှိလေသည်၊ ထန်းပင်အစဉ် ခုနစ်ထပ်တို့ဖြင့်လည်း ကာရံ ထားသည်။

**နန်းပြာသာဒ်တက်၍တရားကျင့်။** ။မဟာသုဒဿန စကြာမင်း သည် ဓမ္မနန်းပြာသာဒ်နှင့် ဓမ္မ ရေကန်တော် ပြီးစီးသော အခါ ထိုခေတ်၌ သမဏ အမည်ခံ ဗြာဟ္မဏ အမည်ခံသော အလှူခံ ပုဂ္ဂိုလ်တို့အား အလုံးစုံသော လှူဘွယ်တို့ကို လှူပြီး၍ ဓမ္မနန်း ပြာသာဒ်သို့ တက်လေသည်၊ ထိုနန်းပြာသာဒ်ဝယ် အ ကျယ်ဝန်းဆုံးဖြစ်သော အထွတ်တပ်ထားသော မဟာဝိယူဟ မည်သော နန်းမဆောင်သို့သွား၍ တံခါးပေါက်အနီး၌ရပ်လျက်

ကာမဂုဏ်ကိုကြံစည်တတ်သော “ဟဲ့ ကာမဝိတက်-အသင် သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်လော၊ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်၊

သူတပါး၏ပျက်စီးခြင်းကို ကြံစည်တတ်သော ဟဲဗျာပါဒဝိတက်-အသင်သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်လော့၊ ဤမှနောက်၌ အဆောင်တွင်းသို့ မလိုက်ခဲ့နှင့်။

သူတပါးကို ညှင်းဆဲဘို့ရန် ကြံစည်တတ်သောဟဲ့ ဝိဟိံသာဝိတက်—အသင်သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်သော၊ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်'

ဤသို့ ပြောဆိုပြီးလျှင် အထက်၌ အထွတ်တပ်အပ်သော ဝန်းသော ခန်းမဆောင်သို့ဝင်၍ ရွှေပလ္လင်၌ထိုင်လျက် ဈာန်ရဘို့ရန် တရားအားထုတ်သည်၊ထိုအခါ ပဌမ ဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အစဉ်အတိုင်း ဝင်စား၍နေနိုင်သည်။

**မေတ္တာပွားခြင်း။** ။မဟာသုဒဿနစကြာမင်းသည် လောကီဈာန်တို့ကို ရပြီး၍ ကျယ်ဝန်းသော ခန်းမဆောင်မှ ထွက်ပြီးလျှင် အထွတ်တပ်အပ်သော ရွှေအတိပြီးသော နန်းတော်သို့ဝင်၍ ငွေပလ္လင်၌ထိုင်လျက် အရှေ့အရပ်၌ နေသော သတ္တာအပေါင်းကို မေတ္တာဖြန့်၍နေ၏၊ထို့နောက် တောင်အရပ်၌ နေသော သတ္တာအပေါင်းကို မေတ္တာဖြန့်၍ နေ၏၊ ထို့နောက် အနောက်အရပ်၌နေသော သတ္တာအပေါင်းကိုမေတ္တာဖြန့်၍နေ၏၊ ထို့နောက်မြောက်အရပ်၌နေသောသတ္တာအပေါင်းကို မေတ္တာဖြန့်၍နေ၏၊ထို့နောက်အထက်အရပ်၌နေသောသတ္တာအပေါင်းကိုလည်းကောင်း၊ အောက်အရပ်၌နေသော သတ္တာအပေါင်းကိုလည်းကောင်း၊ လေးထောင့်အရပ်၌နေသော သတ္တာအပေါင်း

ကိုလည်းကောင်း မေတ္တာဖြန့်၍ နေသည်၊ မေတ္တာဖြန့်ပြီးသော အခါ ထိုအတိုင်းပင် အရပ်ဆယ်မျက်နှာ၌ ရှိကြသော သတ္တာ အပေါင်းကို ကရုဏာဖြန့်၍လည်းကောင်း၊ မုဒိတာဖြန့်၍လည်း ကောင်း၊ ဥပေက္ခာဖြန့်၍လည်းကောင်း နေသည်၊ (ဤ၄-ပါး ကို ဗြဟ္မဝိဟာရ မြတ်သော နေကြောင်းတရား' ဟု ခေါ်၏၊ 'ဗြဟ္မစိုရ်'တရားဟု မြန်မာလို ခေါ်သည်၊သတ္တာအများ၏စီးပွား ကိုလိုလားသော သူတော်ကောင်းတိုင်းပင် ဤတရားဖြင့် နေ လေ့ရှိကြသည်။)

**စကြာမင်း၏စည်းစိမ်များ။** ကုသဝတီ မင်းနေပြည် အမျိုး ရှိသော မြို့တော်ပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မပြာသာဒ် အမျိုးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ ရွှေပလ္လင် ပေါင်း ရှစ်သောင်းလေးထောင်၊ ဆင်ရတနာအမျိုးရှိသော ဆင် တော်ပေါင်း ရှစ်သောင်းလေးထောင်၊ မြင်းရတနာအမျိုးရှိသော မြင်းတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ဝေဇယန္တာရထား အမျိုးရှိသော ရထားပေါင်း ရှစ်သောင်းလေးထောင်၊ ပတ္တမြား ရတနာ အစရှိသော ပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်၊ သုဘဒ္ဒါ ဒေဝီမည်သော ဣတ္ထိရတနာ အမျိုးရှိသော မိဖုရား ပေါင်း ရှစ်သောင်းလေးထောင်၊ သူကြွယ်ရတနာ အမျိုးရှိသော သူကြွယ်ပေါင်း ရှစ်သောင်း လေးထောင်၊ သားကြီးရတနာ အမျိုးရှိသော ခတ္တိယပေါင်း ရှစ်သောင်းလေးထောင်၊ နို့စား နွားမပေါင်း ရှစ်သောင်းလေးထောင်၊ အဝတ်ကုဋေပေါင်း ရှစ် သောင်းလေးထောင်၊ ညဥ့် နံနက်တိုင်း ထမင်းပို့ရသော ထမင်း

ချက်အိုးပေါင်း ရှစ်သောင်းလေးထောင်၊ ဤကား မဟာသုဒဿန စကြာမင်း၏ စည်းစိမ်အကျဉ်းချုပ်တည်း။

**ဗြဟ္မပြည်သို့ လားတော်မူခြင်း။** ဤသို့လျှင် မဟာသုဒဿန စကြာမင်းသည်အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံးဗြဟ္မစိုရ်ပွား စျာန်တရားဖြင့်နေပြီးလျှင် ရောဂါအထူးမရပဲ(ကောင်းမွန်သော ထမင်းကို စားပြီးသောအခါ ထမင်းဆီ ရစ်ခြင်းနှင့် တူသော) အနည်းငယ်သော ဝေဒနာကိုခံစား၍ ကာမဂုဏ်အာရုံများသော လူ့စည်းစိမ်ကို စွန့်ခွာပြီးလျှင် စျာန်ချမ်းသာဖြင့် ပျော်မွေ့ ရသော ဗြဟ္မပြည်သို့ ပြောင်းရွှေ့လေသည်။

**မှတ်ချက်။** ပဟာသုဒဿန စကြာမင်းသည် မင်းသားအရွယ် သူငယ်ဘဝဖြင့် ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြာအောင် လွတ်လပ်စွာ ပျော်ပျော်ပါးပါး ကစား၍ နေလေသည်၊ ရှစ် သောင်းလေးထောင် နှစ်ပေါင်းကြာအောင် အိမ်ရှေ့မင်းအဖြစ် ကို ပြုလေသည်၊ ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြာအောင် စကြာမင်းအဖြစ်ကို ပြုလေသည်၊ ရှစ်သောင်းလေးထောင် နှစ် ပေါင်းကြာအောင် လူဝတ်ကြောင်အဖြစ်ဖြင့် ဓမ္မနန်းပြသာဒ်၌ မြတ်သောတရားအကျင့်ကို စျာန်ရသည့်တိုင်အောင် ကျင့်လေ သည်၊ စျာန်ရပြီးနောက် မေတ္တာ ဂရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မာစိုရ်တရားလေးပါးကို မိမိသန္တာန်၌ နှစ်ပေါင်း အတော်ကြာအောင် ဖြစ်စေလေသည်။

**ကျန်ရစ်သောရတနာများ။** မဟာသုဒဿနမင်း၏ ဖြဟ္မာပြည် စံပြီးနောက် ခုနစ်ရက်မြောက်သောအခါ ခုနစ်ထပ်သော ရတနာ မြို့ရိုးတို့သည်လည်းကောင်း၊ ခုနစ်စဉ်သော ရတနာ ထန်းပင်တို့ သည်လည်းကောင်း၊ ရှစ်သောင်းလေးထောင်သော ရေကန်တို့ သည်လည်းကောင်း၊ ဓမ္မပြာသာဒ် ဓမ္မရေကန် စကြာရတနာသည် လည်းကောင်း၊ ဤအားလုံး ကွယ်ပျောက် ကြလေသည်၊ ဆင် ရတနာစသော ရတနာခုနစ်ပါးတို့တွင် အသက်ရှိကုန်သော ရတ နာတို့သည် မဟာသုဒဿန စကြာမင်း ကွယ်လွန်သည်နှင့် တပြိုင် နက်ပင် ကွယ်လွန်ကြကုန်၏၊ အသက် ကျန်ရှိသေးလျှင်ကား ဆင်ရတနာသည် လာခဲ့ရာ ဆင်အမျိုးသို့ ပြန်သွား၏၊ မြင်းရတနာ သည် ဝလာဟက မြင်းမျိုးသို့ ပြန်သွား၏၊ ပတ္တမြား ရတနာသည် ထွက်ခဲ့ရာ ဝေပုလ္လတောင်သို့ ပြန်သွား၏၊ မိဖုရားရတနာ၏ ထူး သော အာနုဘော်သည် ကွယ်ပျောက်သွား၏၊ သူကြွယ်ရတနာ၏ စက္ခုသည် ဒိဗ္ဗစက္ခုမဟုတ်ပဲ ပင်ကိုယ်အတိုင်းသာ ဖြစ်တော့၏၊ သားတော်ကြီး ရတနာ၏ ပင်ကိုယ်ရိုးရာ ဉာဏ်ပညာမှတပါး ထူးခြားသော အသိဉာဏ်သည် ကွယ်ပျောက်လေတော့၏၊ သို့ ကြောင့် ဘုန်းရှင်ကံရှင်ကြောင့် ဖြစ်ပေါ်လာသော စည်းစိမ်ဥစ္စာ အရာဝတ္ထုမှန်သမျှသည် ဘုန်းရှင်ကံရှင် ကွယ်လွန်သောအခါ ပျောက်ကွယ်ရသည်မှာ ဓမ္မတာဖြစ်ကြောင်းကို သတိပြုသင့်ကြ ပါသည်။

**အကြောင်းနှင့်အကျိုးတူပုံ။** ရှစ်သောင်းလေးထောင်သောမြို့၊ ရှစ်သောင်းလေးထောင်သော ပြာသာဒ်၊ ရှစ်သောင်းလေးထောင်

သော အထွင့်တပ်ဆင်အပ်သော နန်းမဆောင်တို့သည် သစ်ရွက်ကျောင်းဘကျောင်းဟူသော ကောင်းမှုကြောင့် ဖြစ်လာသော အကျိုးဆက်များဖြစ်၏၊ ထန်းပင်အစဉ် ခုနစ်ထပ် မြို့ရိုးအရပ် တို့သည် စိုက်ခဲ့သော ပန်းပင်အစဉ်၏ လည်းကောင်း၊ ရေကန်ကမ္ဗဋ္ဌာန်းကျောင်းတို့၌ကာရံအပ်သော စည်းရိုး၏လည်းကောင်း၊ အကျိုးဆက်များဖြစ်ကြ၏၊ ရှစ်သောင်းလေးထောင်သော ဆင်ရတနာ၊ ရှစ်သောင်းလေးထောင်သော မြင်းရတနာတို့သည် ထိုင်ဘို့ရန်လှူအပ်သော အဥ်းပျဉ်၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော ပလ္လင်တို့သည် လျောင်းဘို့ရန် လှူအပ်သော ညောင်စောင်းငယ်၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော ပတ္တမြားတို့သည် နေ့စဉ်လှူအပ်သော ဆီမီးတခွက်၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော ရေကန်တို့သည် ရေကန်တကန်၏ အကျိုးဆက်များဖြစ်ကြ၏။

ရှစ်သောင်း လေးထောင်သော မိဖုရား၊ ရှစ်သောင်း လေးထောင်သော သားတော်များ၊ ရှစ်သောင်း လေးထောင်သော သူကြွယ်များသည် အသုံးအဆောင်အဖြစ်ဖြင့် လှူအပ်သော အိုးခွက် ရေစစ် အပ်ထွင်းစူး သင်မုန်း လက်သည်းလှီးဓား သံဂေါက် နဖါကလော် ခြေပွတ် ဘိနပ် ထီး တောင်ဝှေး ဟူသော အလှူဒါန၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်း လေးထောင်သော နို့စား နွားမတို့သည် နွားနို့စသော အလှူ၏ အကျိုးဆက်များ ဖြစ်ကြ၏၊ ကုဋေပေါင်း ရှစ်သောင်း လေးထောင်သော အဝတ်တို့သည် သင်္ကန်းအလှူဒါန၏ အကျိုး

ဆက်များ ဖြစ်ကြ၏၊ ရှစ်သောင်းလေးထောင်သော ဆွမ်းချက်အိုးတို့သည် ဆွမ်းအလှူခံ အကျိုးဆက်များ ဖြစ်ကြ၏၊ ဤသို့အားဖြင့် အလှူရှင်ကလည်း သဒ္ဓါသီလပြည့်စုံစွာဖြင့် လှူသင့်ရာကို ပေးလှူသော ကောင်းမှုကြောင့် လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလသိက္ခာပြည့်စုံစွာဖြင့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ခြင်းကြောင့် လည်းကောင်း၊ ကောင်းမှု၏ အကျိုးကို အပြည့်အစုံရပေသည်။

**အတုယူဘွယ်။** စကြာမင်းဖြစ်ကြောင်း ကောင်းမှုရှင်(လယ်သမား)၏ ဝတ္ထု၌ အလှူဒါယကာဘက်ကလည်း သဒ္ဓါတရား ထက်သန်ပုံ ရဟန်းများအား လျောက်ပတ်သော ပစ္စည်းကိုသာလှူပုံ ဒါနမှုဖြင့် တင်းမတိမ်ပဲ ငါးပါးသီလ စင်ကြယ်စွာထိန်းသိမ်းပုံ ဥပုသ်နေ့၌ဥပုသ်စောင့်၍ စိတ်ကိုဆိုဆုံးမပုံ ဤအားလုံးကို လေးလေးနက်နက် စဉ်းစား၍ သူဘော်ကောင်းတိုင်း မိမိကိုယ်တိုင်ထိုကဲ့သို့ဖြစ်အောင် အတုယူ ကြိုးစားသင့်လှ၏၊ အလှူခံပုဂ္ဂိုလ်ကလည်း ရဟန်းတော်ပီပီ သီလသိက္ခာ စင်ကြယ်စွာဖြင့် ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းမှုကို အတုယူသင့်ပါသည်။

**ပါဠိတော်။** တိဏ္ဏံ ခေါ မေ ဣဒံ ကမ္မာနံ ဖလံ တိဏ္ဏံ ကမ္မာနံ ဝိပါကော၊ ယေနာဟံ ဧတရဟိ ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ၊ သေယျထိဒံ၊ ဒါနဿ ဒမဿ သံယမဿာတိ။ "ငါမှာ ယခုအခါ၌ ဤမျှလောက် တန်ခိုးကြီးခြင်း ဤမျှသော အရှိန်အဝါကြီးခြင်းသည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟူသော ဒါန၊ ပိဒိ

စိတ်ကိုဆုံးမကြောင်း ဥပုသ်စောင့်ခြင်းဟူသော ဒမ၊ မိမိကိုယ်ကို စောင့်စည်းကြောင်းဖြစ်သော ငါးပါးသီလ ဤကံသုံးမျိုးတို့၏ အကျိုးအရှိန်အဝါဖြစ်သည်”။

**တိုက်တွန်းချက်။ ။**

ဝေဠံ နာတိ မဟန္တမ္ပိ, ပုညံ အာယတနေ ကတံ၊
မဟာဝိပါကံ ဟောတီတိ, ကတ္တဗ္ဗံ တံ ဝိဘာဝိနာ။

ဝေဠံ နာတိ မဟန္တမ္ပိ-ဤသို့ပေါင်းစု ကြောင်းကျိုး ရှုသော် ကောင်းမှုအရွယ် မကြီးကျယ်ပါ သော်လည်း အာယတနေ-ဗုဒ္ဓမြတ်စွာ သာသနာပွင့်လင်း၊ ခေတ်အတွင်း၌ ကတံ—စိတ်ဝယ်ဖြစ်ပွား၊ သဒ္ဓါအားနှင့် ဉာဏ်အားသီလ ကြီးကျယ်လှ သဖြင့်၊ကောင်းစွာမသေ့ ပြုအပ်ပေသော၊ ပုညံ- သွယ်သွယ် ဒါန၊ အရှင်နှင့် သီလငါးဆိုင် မြိုင်မြိုင်စုစု၊မြတ်ကောင်းမှုသည်၊ မဟာဝိပါကံ-တစေ့ညောင်လောက်၊ ပင်ကြီးပေါက်သို့ များ မြောက်ဖွံ့ဖြိုး၊ကြီးကျယ်သော အကျိုးရှိသည်၊ ဟောတိ-ဒါန အလှူခံ စင်ကြယ်ပြန်မှု အမှန်မသေ့ ဖြစ်နိုင်ပေ၏။

ဣတိ-ဤသို့ ကောင်းမှုအရွယ် မကြီးကျယ်လည်း၊ စိတ်ဝယ် ဖြစ်ပွား သဒ္ဓါအားနှင့် ဉာဏ်အားသီလ ကြီးကျယ်ကြ၍ ဒါန အလှူခံ စင်ကြယ်ပြန်မှု ကံဟူသရွေ့ ဒ်ကျိုးတွေ့မှာ တစေ့ ညောင်လောက် ပင်ကြီးပေါက်သို့၊များမြောက်ဖွံ့ဖြိုး၊ကြီးကျယ် သောအကျိုးရှိသည်၏ အဖြစ်ကြောင့်၊ ဝိဘာဝိနာ—သံသရာ

နောင်ရေးအကျိုးပေးကို မျှော်တွေးမြင်သိ ပညာရှိသည်၊ တံ-တန်ဘိုးအသီးသီးကြီးမကြီးနှင့် နည်းများမဟူ၊ ဆူဆူဒါန အဋ္ဌင်နှင့် သီလငါးဆိုင် မှိုင်မှိုင်ပေါင်းစု မြတ်ကောင်းမှုကို၊ကတ္တဗ္ဗ-သဒ္ဓါဉာဏ်အား သီလအားတို့ ကြီးမားထက်သန် အချက်မှန်အောင်ကျေနပ်ပြုသင့်ပါပေတော့သည်။

**လင်္ကာ**။ ။ဤသို့ပေါင်းစု၊ ကြောင်းကျိုး ရှုသော်၊ ကောင်းမှုအရွယ်၊မကြီးကျယ်လည်း၊ စိတ်ဝယ်ဖြစ်ပွား၊ သဒ္ဓါအားနှင့်၊ ဉာဏ်အားသီလ၊ ကြီးကျယ်ကြ၍၊ ဒါနအလှူခံ၊စင်ကြယ်ပြန့်မှုကံဟူသရွေ့၊ အကျိုးတွေ့မှာ၊ တစေ့ညောင်လောက်၊ ပင်ကြီးပေါက်သည်၊နောက်နောက်ယူဘွယ်အတုတည်း။

---

၁။ ဒီဃ-၂၊နှာ-၁၃၉။ဒီဃ-၂-ဋ၊နှာ-၂၀၀

၂။ ခန္ဓသံ၊နှာ-၁၁၇၊ခန္ဓသံ-ဋ၊နှာ၂၉၇

၃။ စရိယာ၊နှာ-၃၀၇၊စရိယာ-ဋ၊နှာ-၄၀

၄။ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ

# ဧတဒဂ် ငါးတန်ရ အရှင်အာနန္ဒာထေရ်
# (ရှေးကျောင်းဒကာ)

**အရှင်အာနန္ဒာထေရ်။** အရှင်အာနန္ဒာလည်း ဘုရား ကျောင်း ဒကာပင် ဖြစ်ခဲ့သည်၊ ပဒုမုတ္တိုရ် ဘုရားရှင် လက်ထက်တော်တွင် ဘုရားရှင်၏ညီတော် သုမနမင်းသားဖြစ်၍၊ ခမည်းတော်က အပိုင်စား ပေးထားသော ဘောဂမြို့တွင် နေလေသည်၊ သူသည် ဘောဂမြို့မှ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော ဟံသာဝတီမြို့တော်သို့ မကြာ မကြာ လာရောက်၍ ခမည်းတော် မယ်တော်နှင့် နောင်တော်ဘုရားရှင်တို့ကို ဖူးမျှော်တွေ့ဆုံလေသည်၊ တနေ့တွင် ဆူပူသောင်းကျန်းနေသော သူပုန်များ နှိမ်နင်းနိုင်သဖြင့် ခမည်းတော် မင်းတရားအထံမှ ဆုတော်ကို ရရှိလေရာ ဝါတွင်းသုံးလ ပတ်လုံး ဘုရားရှင်ကို ပြုစုလုပ်ကျွေးခွင့်ဆုကို တောင်းလေသည်။

**ကျောင်းများဆောက်။** ဘုရားရှင်ကို ပြုစုခွင့်ရရှိ၍ ဘောဂမြို့သို့ ပြန်လေရာ (အနာထပိဏ်သဌေးကဲ့သို့)တယူဇနာ တယူဇနာ

တွင် တကျောင်းကျ ဘုရားရှင်နှင့် နောက်ပါ သံဃာတော်များ သူ့မြို့သို့ ကြွလာသောအခါ သီတင်းသုံး နားနေတော်မူရန် ကျောင်းတော်များကို ဆောက်လုပ်သွားလေသည်၊ ဘောဂ မြို့တွင်လည်း အရှင်ဥပါလိထေရ် အလောင်းကဲ့သို့ သောဘန သဌေး၏ ဥယျာဉ်ခြံကို အဖိုးတသိန်းပေး၍ ဝယ်ယူပြီးလျှင် ဂန္ဓကုဋီ ကျောင်းတော်အပါအဝင် ကျောင်းဆောင်များ လိုဏ်ဂူ မဏ္ဍပ်စသည်နှင့် တံတိုင်းတံခါး မုခ်များပါမကျန် အပြည့်အစုံ အပြီးအစီး ဆောက်လုပ်လေသည်၊ ကျောင်းများ ဆောက်လုပ် ရာ၌လည်း ကျောင်းမြေ တန်ဘိုး ကဲ့သို့ တသိန်းပင် ကုန်ကျ လေသည်၊ ကျောင်းလှူတော်ပွဲတော်တွင် ပဒုမုတ္တိုရ် ဘုရားရှင်အား-

> သတ သဟ ဿေန မေ ကီတံ,သဟ သတ ဿေန မာပိကံ၊
> သောဘနံနာမ ဥယျာနံ, ပဋိဂ္ဂဟ မဟာမုနိ။
>
> "ညီတော်သည် တသိန်းဖြင့် ကျောင်းမြေကို ဝယ်ယူ၍ တသိန်းဖြင့်ပင် ကျောင်းများကို ဆောက်လုပ်ထားသော ဤသောဘနာရုံ ဥယျာဉ် ကျောင်းတိုက်ကြီးကို အလှူ ခံတော်မူပါ အရှင်ဘုရား"

ဟု လျှောက်ထား၍ ကျောင်းတိုက်ကြီးကို အပ်နှင်းလှူဒါန်းလေ သည်၊ "သူပြုသမျှ ဤကုသိုလ်ကြောင့် ပဒုမုတ္တိုရ် ဘုရားရှင်၏ အလုပ်အကျွေး ဤသုမနထေရ်ကဲ့သို့ နောင်ဘွင် ပွင့်တော်မူမည့် ဘုရားရှင်တဆူဆူ၏ ဗုဒ္ဓုပဋ္ဌာက ဘုရာ့အလုပ်အကျွေး ဖြစ်ရပါ လို၏" ဟူသော ဆုကိုလည်း ပန်ဆင်လေသည်၊(ထိုသုမနမင်းသား ဘဝတွင် အနှစ်တသိန်းလုံးလုံးအလှူဒါနများကိုပြုလုပ်ခဲ့သည်။)

**နောက်တကြိမ်။** ကဿပဘုရားရှင်ပွင့်တော်မူပြီးနောက် ကြား ကာလတွင်လည်း ဗာရာဏသီမင်းဖြစ်၍ ကောင်းကင်ယံမှ ဈာန် ပျံကြွလာကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့အား မိမိ၏ မင်္ဂလာဥယျာဉ်တော်တွင် သစ်ရွက်ကျောင်း ရှစ်ကျောင်း၊ ရတနာ ညောင်စောင်း၊ ပတ္တမြားထိုင်ခုံတို့ကို လှူဒါန်းပြီးလျှင် အနှစ် တသောင်းပတ်လုံး ပြုစုလုပ်ကျွေးခဲ့လေသည်။

**ဤဘုရားရှင် လက်ထက်။** ဤဘုရားရှင် လက်ထက် တော်တွင် ဘုရားရှင်၏ ညီတော်ဝမ်းကွဲ အာနန္ဒာမင်းသား ဖြစ်လာသည်၊ ကမ္ဘာတသိန်းပတ်လုံး ပါရမီကုသိုလ်ထူးများကို ဖြည့်ဆည်းပူးခဲ့ ရာ ဘဝပေါင်းများစွာ ဘုရားအလောင်းတော်နှင့် တွေ့ကြုံ ဆို ဆည်းခဲ့သည်၊ ပါရမီများကို ကူညီဖြည့်ခဲ့သည်၊ ယခု နောက်ဆုံး ဘဝတွင် အလောင်းတော်နှင့်အတူ တုသိတာနတ်ပြည်ဝယ် စံစား နေရာမှ သာကီဝင်မင်းမျိုးတွင် ညီတော်အာနန္ဒာ ဖြစ်လာခြင်း ဖြစ်ပေသည်၊ ဗုဒ္ဓမြတ်စွာ ကပိလဝတ် မြို့တော်မှအပြန်တွင် ဘဒ္ဒိ ယမင်း အနုရုဒ္ဓါမင်းသား ဒေဝဒတ် မင်းသားစသည့် အဖော် ခြောက်ယောက် တို့နှင့်အတူ ရဟန်းပြုခဲ့ရာ အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏ(မန္တာနီပုတ္တ)ထေရ်၏ တရားတော်ကို နာယူရ၍ သော တာပန် တည်လေသည်။

**ဥပဋ္ဌာကဘွဲ့ထူးရ။** ဗုဒ္ဓမြတ်စွာ ဝါတော် နှစ်ဆယ် ရရှိသော အခါတွင် အရှင်အာနန္ဒာသည် ကမ္ဘာတသိန်း ပါရမီဖြည့်၍ သူ လိုလားပန်ဆင်ခဲ့သော ဘုရားရှင် အလုပ်အကျွေး ဗုဒ္ဓုပဋ္ဌာက

ဆုထူးကို ကြည်နူးရှင်ပျ အားရဝမ်းသာ ကောင်းစွာရရှိခဲ့လေသည်။

ဤသို့လျှင် အရှင်အာနန္ဒာသည် ကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် သိကြားနတ်မင်းအဖြစ် သုံးဆယ့်လေးကြိမ်၊ ကောရာဇ်မင်းအဖြစ် အကြိမ်ရှစ်ရာ၊ စကြာမင်းအဖြစ် ငါးဆယ့်ရှစ်ကြိမ်၊ ပဒေသရာဇ်မင်းအဖြစ် မရေတွက်နိုင်အောင် စံစားရပြီးလျှင် နောက်ဆုံးဘဝ၌ "ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက" ဥတဒဂ် ငါးမျိုးရရှိ၍ အထူးသဖြင့် "ဗုဒ္ဓမြတ်စွာ၏ ဓမ္မကောသာရက္ခ ဓမ္မဘဏ္ဍာဂါရိက မဟာထေရ်" အဖြစ် ပဌမသံဂါယနာ ပွဲကြီးတွင် အရှင်မဟာကဿပ မေးသမျှသော သုတ် အဘိဓမ္မာကို ဖြေကြားသော ဝိသဇ္ဇကအရှင် အာနန္ဒာထေရ်ဟူ၍ သာသနသမိုင်း၌ ထင်ရှား ကျော်ကြားလျက် ရှိပေသည်။

---

၁။ အံ-၁၊နှာ-၂၅၊အံ့-၁-ဋ္ဌ၊နှာ-၂၂၃။

၂။ အပဒါန်-၁၊နှာ-၅၇၊အပဒါန်-ဋ္ဌ-၁၊နှာ-၃၄၆

၃။ ထေရ၊နှာ-၃၄၆။ထေရ-ဋ္ဌ-၂၊နှာ-၄၁၁

၄။ နိဒါနသံ-ဋ္ဌ။နှာ-၈၃။

# ဇာရပ်ဒကာ သိကြားမင်း

**ဝေဇယန္တာပြသာဒ်။** ။ယခုအခါ စတုမဟာရာဇ်-တာဝတိံသာ နတ်ပြည်နှစ်ပြည်တို့ကို အစိုးရသော သိကြားမင်းသည်လည်း ရှေးလူဖြစ်စဉ် မာဃလုလင်ဘဝတုန်းက ရှင်လူ အများချမ်းချမ်းသာသာ တည်းခိုနေနိုင်ရန် 'သုဓမ္မာတည်းခိုခန်း'' ကို ဆောက်လုပ်ခဲ့သည်၊ ထိုကုသိုလ်၏အကျိုးဆက်ကြောင့် ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဝေဇယန္တာနန်းတော်ကြီး ပေါ်ပေါက်လာပေသည်။ ထိုဝေဇယန္တာနန်းတော်ကြီးမှာ ယူဇနာခုနစ်ရာ မြင့်လေသည်၊ ယူဇနာသုံးရာမြင့်သော ပဒ္မြားတံခွန် ရွှေတံခွန် ပုလဲတံခွန် သန္တာတံခွန် ရတနာ ၇ ပါးဖြင့်ပြီးသောတံခွန်များဖြင့်လည်း တလူလူတဖြတ်ဖြတ် တလျှပ်လျှပ် ဝင့်ကြွားသားသားနားနားရှိလှပေသည်၊ ထိုတံခွန်များမှာလည်း ရွှေတိုင်နှင့်ပတ္တမြားတံခွန်၊ပတ္တမြားတိုင်နှင့်ရွှေတံခွန်၊ သန္တာတိုင်နှင့်ပုလဲတံခွန်၊ ပုလဲတိုင်နှင့် သန္တာတံခွန်၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ရတနာတိုင်နှင့် ရတနာတံခွန်အလွန်အကျူး အထူးလှပတင့်မော

ဘွယ်ရှိလှပါပေသည်၊ အလယ်တည့်တည့်က တံခွန်မှာ ယူဇနာ သုံးရာမြင့်လေသည်။

ဤသို့လျှင် သိကြားမင်းသည် "သုဓမ္မာတည်းခိုခန်း" ကို လှူဒါန်းခဲ့သည့် အကျိုးဆက်ကြောင့် (နန်းတော်အမြင့် ယူဇနာ ခုနစ်ရာ၊ တံခွန်အမြင့် ယူဇနာ သုံးရာအားဖြင့်) ယူဇနာ တထောင်အမြင့်ရှိသည့် "ဝေဇယန္တာ" ရတနာ နန်းတော်ကြီးကို ရရှိ စံစားရလေသည်။

---

၁။ ဓမ္မပဒ-ဋ္ဌ-၁၊နှာ-၁၆၉-၁၇၁

၂။ ပဏ်-၁၊နှာ-၃၃၉။ပဏ်-၁၊ဋ္ဌ-၂၊နှာ-၂၀၂

၃။ ဇာတက-ဋ္ဌ-၁၊နှာ-၂၁၄-၂၁၆

# ရတနကုဋ္ဋိ ပစ္စေကဗုဒ္ဓါအလောင်း

**လယ်တဲရှင်။** ။ရဟန်း သံဃာတော်များ သိတင်း သုံး ရန် ကျောင်းကြီး ကန်ကြီးများကို ဆောက်လှူရသည့် ကုသိုလ်မျိုးကို မဆိုထားဘိ၊ ငံနှုပ်မိုးရွာ ခိုနားရန် မိမိအတွက်ဆောက်ထားသည့် တဲကလေးတွင် ရဟန်းတော်ဝင်၍ နေသည်ကို ကျေနပ်ဝမ်းသာ သဒ္ဓါပွားရုံမျှဖြင့် ကြီးကျယ်သော အကျိုးထူးကို ရနိုင်ပေသည်။

ရတနကုဋ္ဋိ ပစ္စေက ဗုဒ္ဓါအလောင်းသည် လယ်သမားဖြစ်၍ နေပူမိုးရွာ ခိုနားရန် မိမိ၏လယ်ဘေးတွင် မြက်မိုး တဲကလေး (လယ်စောင့်တဲကလေး)ဆောက်လုပ်ထားသည်၊အခင်းကိုလည်း မြက်ကိုပင်ခင်းထားသည်၊ တညနေခင်းတွင် ဝိပဿနာအလုပ် အားထုတ်နေသော ရဟန်းတော်ဘပါးသည် ထိုလယ်အနီးမှ ဖြတ်သွားစဉ် မိုးရွာလာသဖြင့် ထိုတဲကလေးအတွင်းသို့ဝင်၍ မိုးခိုလေသည်၊ ရဟန်းတော်သည် မြက်ခင်းပေါ်တွင် ထိုင်မိလျှင်ပင် ကြည်လင်ချမ်းမြ ဥတုသပ္ပါယကို ရရှိသဖြင့် ဝိပဿနာတရားကို ဆက်လက်ပွားများ အားထုတ်ရာ ရဟန္တာ အဖြစ်သို့ ရောက်ရှိပေသည်။

**လယ်သမားဥဒါန်းကျူး။** ။နောက်တနေ့ လယ်သမားရောက်လာ၍ "တဲထဲက သယ်သူလဲ"ဟု မေးရာ ရဟန်းတော်သည် "တဲထဲက ရာဂကင်းသော ရဟန္တာ"ဟု ဖြေလေသည်၊ ရဟန်းတော်သည် ဆက်လက်၍ လယ်သမားယောကျ်ားအား ကုသိုလ်ပွားစေရန် "သင့်တဲတွင် ခိုနားနေသော ငါသည်ကား အာသဝေါကုန်ခန်းရန် ကြိုးစားအားထုတ်၍ သင့်တဲတွင်ပင်ရဟန္တာဖြစ်သော ရဟန်းပေတည်း၊ ရဟန္တာဖြစ်သော ငါသည် ယခုသင့်တဲကလေးကို သုံးဆောင်အပ်ပေပြီ၊သုံးဆောင်သည့်အတွက်သင့်မှာ ကျေနပ်ဝမ်းမြောက်မှုဖြစ်ပါကဘဝသံသရာတွင်သင်၏ကြီးစွာသော အကျိုးစီးပွားနှင့် ချမ်းသာကြီးပွားရေး ဖြစ်ပေလိမ့်မည်"ဟု မိန့်ကြားလေ၏၊ ထိုအခါ လယ်သမားသည်"လာဘာဝတ မေ၊ သုလဒ္ဓံ ဝတမေ" ငါမှာ လာဘ်ကြီးရပေစွ၊ လူ့ဘဝ အရ တော်လေစွ"ဟု ဝမ်းသာကြည်နူး ဥဒါန်းကျူးလေသည်။

**ဗျာဒိတ်စကားဟောမိန့်ကြား။** ။ရဟန်းတော်နှင့် လယ်စောင့်ယောကျ်ားတို့ အပြန်အလှန် ပြောနေကြသည့်အသံကို ဗုဒ္ဓမြတ်စွာသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားတော်မူ၍ ကြွလာကာ လယ်သမားအား အောက်ပါအတိုင်း ဗျာဒိတ်စကား မိန့်ကြားတော်မူပေသည်။

"အသင်သည်ဤမြက်မိုးကျောင်းကလေးလှူရသည့် ကုသိုလ်ကြောင့် ဘဝသံသရာတွင် သိကြားမင်း(၃၆)ကြိမ်၊ စကြာမင်း

(၃၄)ကြိမ် ဖြစ်ပြီးနောက်ရတနကူဋ်အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်။"

**မှတ်ချက်။** ။ဤရတနကူဋ်ပစ္စေကဗုဒ္ဓါအလောင်းလယ်သမားသည် ရဟန်းတော်အား တဲကလေးကို လှူထားသည်မဟုတ်၊ သို့သော် ရဟန်းတော် သူ၏တဲကလေးတွင် ခေတ္တ သီတင်းသုံးရင်း တရားအားထုတ်ရာ တရားထူးရသွားသည်ကို သိရသဖြင့် အလွန်ဝမ်းသာဂွမ်းဝါဆီထိ အကြည်ပြည့်သို့ ပီတိလှိုက်ဖုံးကြည်နူးမဆုံးအောင်ရှိလေသည်၊ ထို့ကြောင့် ထိုမျှကြီးကျယ်သော အကျိုးများကို ရရှိလေသည်၊ ယခုကျောင်းဒကာ ကျောင်းအမများသည်လည်း "တို့လိုကျောင်းကြီး ကန်ကြီး တိုက်ကြီး တာကြီးမဟုတ်၊ လှူထားသည်လည်းမဟုတ်ပဲ မိမိခိုနားဘို့ဆောက်ထားသည့် လယ်စောင့်တဲကလေးတွင် ရဟန်းတော်ဝင်ရောက်၍နေသည်ကို ကြည်ညိုသဒ္ဓါဝမ်းမြောက်ကျေနပ်ကာမျှဖြင့်ဤမျှကြီးကျယ်သော အကျိုးကိုရရှိနိုင်ပေးသေးသည်၊ တန်ဘိုးကြီးမားသည့်ကျောင်းကြီး ကန်ကြီးများကို ရရှိနိုင်ပေးသေးသည်၊တန်ဘိုးကြီးမားသည့်ကျောင်းကြီး ကန်ကြီးများကို ဆောက်လုပ်၍ သံဃာတော်အား စာတုဒ္ဒိသ သံဃိက လှူဒါန်းကြရသော ငါတို့မှာ ထို့ထက်ပိုမိုကြီးကျယ်သော အကျိုးကို ကေန်မုချ ရနိုင်ကြပေလိမ့်မည်၊ မိမိတို့ဘဝ အရတော်ပေစွ"—ဟု အားရဝမ်းသာ ပီတိဖြာလျက် လွန်စွာကျေနပ် မပြတ်ကြည်နူး ရွှင်မြူးနှစ်သိမ့်နိုင်ကြပါစေသတည်း။

---

၄။ ထေရ—၄-၁၊၅၁၁၆၁

# ဝိနည်းဇာတဒီဂရှင် အရှင်ဥပါလိထေရ်
# (ရွှေကျောင်းဒကာ)

**ပဒုမုတ္တိုရ် ဘုရားလက်ထက်**။ ။အရှင်ဥပါလိ အလောင်းသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် ဟံသာဝတီမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သုဇာတပုဏ္ဏားဖြစ်ခဲ့သည်။ ဗေဒင်လက္ခဏာ ကျမ်း၃လည်း တဖက်ကမ်းခတ် တတ်မြောက်သည်။ ပဒုမုတ္တိုရ်မြတ်စွာဘုရားသည် ဟံသာဝတီမြို့သို့ ကြွလာတော်မူ၍ လူအပေါင်းအား ခုနစ်ရက်ပတ်လုံး တရားရေအေးတိုက်ကျွေးတော်မူသည်။ထိုတရားပွဲအပြီးတွင် အရှင်ဥပါလိအလောင်းသည် ပါရမီကောင်းမှုတို့ကို ပြုလုပ်ရန် အကြံဖြစ်လေရကား မြို့၏ အရှေ့ဘက်မှာရှိသော "သောဘနခြံကြီးကို အဖိုးတသိန်းပေး၍ ဝယ်ယူလိုက်လေသည်၊ ထိုသောဘနခြံကြီးကို ရှင်းလင်း၍ "အထွဋ်တပ်သော ကျောင်းဆောင်ပြသာဒ်ရှည်၊ ပြာသာဒ်ကတုံး၊ မဏ္ဍာပ်၊ လိုဏ်ဂူ၊ စင်္ကြံကျောင်း၊ ဇရုံးအိမ်၊ မီးဖိုဆောင်၊

ရေချမ်းစဉ်၊ ရေချိုးအိမ်စသော ကျောင်းတိုက်တွင် လိုအပ်သော အဆောက်အဦးတို့ကို ဆောက်လုပ်ပြီးလျှင် သံဃာ့အာရာမ် (သံဃာ့ကျောင်းတိုက်)ကြီးအဖြစ် ဘုရားရှင်အား လှူဒါန်းလေသည်။ ခဋ္ဋင်–ဘီရို–စားပွဲ–ကုလားထိုင် စသော ကျောင်းအသုံးအဆောင်များနှင့် ဆေးပစ္စည်း အစုံအလင်တို့ကိုပါ ထည့်စွက်၍ နောက်ထပ် တာသိန်းတန် သံဃာ့ကျောင်းတိုက်ကြီးကို လှူဒါန်းပြီးလျှင် "ပဒုမုတ္တိုရ် ဘုရားရှင်၏ သာဝက အရှင်ပါဠိကထေရ်ကဲ့သို့ ဝိနည်းအရာ ဧတဒဂ်ရ ပုဂ္ဂိုလ်ဖြစ်ရပါလို၏" ဟူသောဆုကိုလည်း ပန်ဆင်လေသည်။

**ကျောင်းလှူရကျိုးများ။** ။အရှင်ဉပါလိ အလောင်းသည် ပဒုမုတ္တိုရ်ဘုရားရှင် လက်ထက်တော်က သံဃာ့အာရာမ် (သောဘနာရုံ ကျောင်းတိုက်ကြီး)ကိုဆောက်လှူခဲ့ရသော ထိုကောင်းမှုကြောင့် ဆင်မြင်းရထား ခြေလျင်အားဖြင့် စစ်သည်တော်တပ်သားများနှင့် ခြောက်သောင်းသော တူရိယာ၊ ကောင်းစွာ တန်းဆာဆင်အပ်သောစည်၊ ရှစ်ထောင်သော သမီးကညာတို့၏ စောင့်ကြပ်ဝန်းရံ အယုအယ အဖျော်အဖြေခံရခြင်း၊ ကမ္ဘာသုံးသောင်း လုံးလုံး နတ်ပြည်၌ဖြစ်၍၊ အကြိမ်တထောင် သိကြားမင်းဖြစ်ရခြင်း၊ အကြိမ်တထောင် စကြာမင်းဖြစ်ရခြင်း၊ အကြိမ်မည်ရွေ့ မည်မျှဟု မရေတွက်နိုင်အောင် ဧကရာဇ်မင်းဖြစ်ရခြင်းစသော အကျိုးများကို ရရှိခံစားရသည်။ ယခုဘုရားရှင်လက်ထက်တော်တွင် အရှင်ဉပါလိထေရ် အဖြစ်ဖြင့် ဝိနည်းဓိုရ် (ဝိနယဓရ)ဧတဒဂ် ဘွဲ့ထူးကြီးရရှိပြီးလျှင် ပဌမ သင်္ဂါယနာပွဲ

ကြီးတွင် "ဝိနယ ဝိသဇ္ဇကထေရ်" အဖြစ်ဖြင့် အလွန်ထင်ရှား ကျော်ကြားလှသည့်အပြင် အပူခပ်သိမ်း ပြတ်ငြိမ်းရာမှန် အေး နိဗ္ဗာန်ကို ကောန်သိမြင် စျာန်ယဉ် ကွန့်မြူး ပုဂ္ဂိုလ်ထူး ဖြစ်ရခြင်း ဟူသော အကျိုးများကို ရရှိပေသတည်း။ (ရဟန်းပြုလာပုံကို ဝိနယပိဋက စူဠဝါပါဠိတော်၌ ရှုပါ။)

---

၁။ အပဒါန်–၁၊နှာ-၄၁။အပဒါန်-ဋ္ဌ-၁၊နှာ၊၃၀၈

၂။ ထေရ-နှာ-၂၆၆၊ ထေရ-ဋ္ဌ-၁၊ နှာ-၄၆၃

၃။ အံ–၁-၊နှာ–၄၁၊အံ–၁-ဋ္ဌ၊နှာ-၂၄၁

# ကျောင်းအမကြီး မာတိကမယ်တော်

**မာတိကမယ်တော် ကျောင်းဆောက်လှူ။** ။ကောသလမင်း၏ နိုင်ငံတော်အတွင်း၌ တောင်ခြေတခုတွင် မာတိကဆိုသော ရွာကြီးတရွာရှိသည်။ ထိုရွာကြီး၏ အကြီးအကဲရွာသူကြီးမှာ မာတိကဆိုသူဖြစ်သည်။ ထိုမာတိက၏ မိခင် မာတိက မယ်တော်ကြီးသည် ဘုရားရှင်၏ အထံတော်တွင် အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းတောင်း၍ တရားအားထုတ်ရန် လာကြသော ရဟန်းတော် ခြောက်ကျိပ်ကို ဖူးတွေ့ရသည်။ သူမသည် ရဟန်းတော်များကို အိမ်သို့ပင့်၍ ယာဂုဆွမ်းများကို ဆက်ကပ်သည်။ "ဘယ်ကြွကြမှာပါလဲ"ဟု လျှောက်ထားကြည့်ရာမှ ထိုရဟန်းတော်များ ဝါဆိုကျောင်းတနေရာကို ရှာနေကြမှန်းသိသဖြင့် "အရှင်ဘုရားများ ဒီရွာမှာ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးကြမယ် ဆိုလျှင် တပည့်တော်များ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ကို ဆောက်တည်၍ ဥပုသ်သီလကို စောင့်သုံးရပါလိမ့်မည် ဘုရား"ဟု လျှောက်ထားလေသည်၊ ရဟန်းတော်

များသည် ဤဒကာမကြီးကိုမှီ၍ ဆွမ်းဖြင့် မပင်ပန်းဘဲ ဘဝလွတ်မြောက်ရေးကို ပြုနိုင်ကြလိမ့်မည်ဟု(ထိုမှာနေရန်) လက်ခံလိုက်ကြသည်။ မာတိကမယ်တော်သည် ရဟန်းတော်များနေထိုင်သီတင်းသုံးရန် ကျောင်းများ ဆောက်လုပ်လှူဒါန်းသည်။ (မာတိကသူကြီး၏ မိခင်ကိုပင် နောင်တွင် ရဟန်းတော်များကို မိခင်သဘွယ် ပြုစုစောင့်ရှောက်၍ မာတိကမယ်တော်ဟု ခေါ်ကြသည်)။

**ရဟန်းများကတိကဝတ်ထား။** ။ရဟန်းတော်များသည် ထိုမာတိကမယ်တော်ကြီး၏ ကျောင်းတိုက်မှာပင် တရားအားထုတ်နေထိုင်ကြသည်။ တနေ့တွင် စည်းဝေး၍ အချင်းချင်းဆိုးမကြသည်။ "ငါရှင်တို့ ငါတို့သည် မြေ့မြေ့လျော့လျော့နေဘို့မသင့်၊ ကိုယ့်အိမ်ကိုယ့်ကျောင်းပမာ ငရဲကြီးရှစ်ထပ်သည် အမြဲတံခါးဖွင့်ထားလျက်ရှိသည်။ သက်တော်ထင်ရှား မြတ်ဘုရား၏ အထံတော်မှာ ကမ္မဋ္ဌာန်းတောင်းပြီးလာခဲ့ကြသည်။ ဘုရားရှင်တို့ဆိုတာလည်း ဖဝါးတော်နောက် ထပ်ချပ်မကွာ လိုက်နေပါသော်လည်း ကောက်ကျစ်လိမ်ညာ ဟန်ဆောင်နေပါက နှစ်သက်စေခြင်းငှာ မတတ်ကောင်းပေ၊မမေ့လျော့ကြနှင့်၊ ညချမ်းအချိန် မထေရ်ကြီးကို ဆည်းကပ်ခစားသည့် အခါနှင့် နံက်စောစော ဆွမ်းခံချိန်အခါများမှတပါး၊ တနေရာတည်း နှစ်ပါးမနေကြပါနှင့်၊ သို့ရာတွင် တစုံတခု မကျန်းမာမှု ဖြစ်လျှင်တော့ အဲဒီကိုယ်တော်ဟာ ကျောင်းတိုက်အလယ်က တုံးကိုခေါက်ပါ၊ (ခေါင်းလောင်းကိုထိုးပါ)၊ အဲဒီတုံး အမှတ်နဲ့ အခြားသံဃာ

များလာရောက်၍ ဆေးကုကြမယ်''ဟု ဩဝါဒပေးကြ ကတိက ဝတ်ထားကြလေသည်။

**မယ်တော်ကြီးအထင်မှား။** ။ရဟန်းတော်များသည် ထိုသို့ ကတိကဝတ်ထား၍ ရဟန်းတရား ပွားများနေကြသည်။ တနေ့တွင် မာတိက မယ်တော်ကြီးသည် ထောပတ်၊ ဆီ၊ တင်လဲ၊ စသည်တို့ကို ယူဆောင်စေ၍ အလုပ်သမား စသည်များနှင့်အတူ ညနေချမ်းတွင် ကျောင်းတော်သို့လာခဲ့သည်။ ကျောင်းအလယ်တွင် ရဟန်းတော်တပါးမျှ မတွေ့ရပေ၊ နောက်မှ မေးမြန်းသိရှိ၍ တုံးကိုခေါက်စေမှ ရဟန်းတော်များသည် တပါးပါးနေ မကောင်းလို့ဖြစ်လိမ့်မည်ဟု မိမိတို့နေရာ အသီးသီးမှ ထွက်လာကြသည်၊ ရဟန်းနှစ်ပါး တလမ်းထည်းဖြင့် လာကြခြင်း မရှိပဲ နေရာအသီးသီးမှ တပါးစီတပါးစီလာကြသည်ကို မြင်ရသော မယ်တော်ကြီးမှာ အတွေးတမျိုးဝင်သွားသည်။ ငါ့သားတော် များ တပါးနှင့်တပါး ရန်ဖြစ်ထားတာ ဖြစ်လိမ့်မည်ဟု ထင်မိသည်၊ သို့ဖြစ်၍ အရှင်ဘုရားများ ရန်ဖြစ်ထားကြပါသလားဟု လျှောက်ထားမိဘော့သည်။

**ကမ္မဋ္ဌာန်းတောင်း။** ။ရဟန်းတော် များက ရန်မဖြစ်ကြ ကြောင်း ကိုယ့်နေရာနှင့်ကိုယ်နေ၍ ရဟန်းတရားများကို အားထုတ်နေကြကြောင်းနှင့် ၃၂ကောဋ္ဌာသကို ပွားများသရဇ္ဈာယ်ကြသည်၊ ခန္ဓာကိုယ်ကြီးမှာလဲ အဖြစ်အပျက်ကို ရှုမှတ်ကြသည်ဟု အမိန့်ရှိကြသည်။ မယ်တော်ကြီးက ''အဲဒီရဟန်းတရားလို့ဆို

တဲ့ ၃၂ ကောဋ္ဌာသကို ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ခန္ဓာကိုယ်ကြီး၌ ဖြစ်ပျက်ကို ရှုမှတ်ခြင်းများကို အရှင်ဘုရားတို့သာ အားထုတ် နိုင်ပါသလား၊ တပည့်တော်မတို့ ဝတ်ကြောင်မျာကော အား ထုတ်နိုင်ခွင့်ရှိပါသလား”ဟု လျှောက်ထား မေးမြန်းလေသည်၊ “မည်သူ့ကိုမျှ မတားမြစ်ပါ၊ မည်သူမဆို အားထုတ်နိုင်ပါသည်” ဟု အမိန့်ရှိ၍ မယ်တော်ကြီးက တောင်းပန်သဖြင့် ရဟန်းတော် များသည် ၃၂ ကောဋ္ဌာသနှင့် ဖြစ်ပျက်ရှုပွားနည်း အလုံးစုံကို သင်ပေးလေသည်။

**ရဟန်းများထက်စော၍တရားထူးရ။** ။မာတိကမယ်တော်ကြီး သည် ထိုနေ့မှစ၍ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေစသော ၃၂ ကောဋ္ဌာသကို ရွတ်ဖတ်သရဇ္ဈာယ်သည်၊ မိမိ ကိုယ်၌ အဖြစ်အပျက်ကို ရှုမှတ်ပွားများသည်၊ မယ်တော်ကြီး သည် ရဟန်းတော်များ၏အလျင် မဂ်သုံးပါး ဖိုလ်သုံးပါးသို့ ဆိုက်ရောက်၍ အနာဂါမ် ဉပါသိကာမကြီး ဖြစ်သွားလေသည်၊ ပဋိသမ္ဘိဒါလေးပါးနှင့် လောကီအသိဉာဏ်တို့ကိုလည်း ရရှိ သည်၊ သူမသည် မဂ်ဖိုလ်ချမ်းသာကို ခံစားရာမှထ၍ သားတော် များ ဘယ်တုန်းက ဒီတရားထူးကို ရပါလိမ့်မလဲဟု ဒိဗ္ဗစက္ခုအ ဘိညာဉ်ဖြင့် ဆင်ခြင် ကြည့်ရှုသည်၊ အားလုံးရာဂ ဒေါသ မော ဟတွေနဲ့ပါလား၊ ဈာန်ဝိပဿနာ လေးတောင်မရှိသေးပါလား၊ သေနာသန ပုဂ္ဂလ အာဟာရ သပ္ပါယ သုံးပါးတွင် ဘာများလို နေပါလိမ့်ဟု ဆင်ခြင်ကြည့်ရှုသောအခါ အဟာရသပ္ပါယလို နေကြောင်းကို သိမြင်လေသည်။

**အဟာရသပ္ပါယရမှုတရားထူးရ။** ။မယ်တော်ကြီးသည် ယာဂုအမျိုးမျိုး ခဲဘွယ်(လက်သုတ်)အမျိုးမျိုး ရသာစုံ ဆွမ်းဘောဇဉ်ဆွမ်းတို့ကို အမျိုးမျိုးစီမံလျက် ရေစက်ချ လှူဒါန်း၍ 'အရှင်ဘုရားများ နှစ်သက်ရာရာကို အလိုရှိသလို ဘုဉ်းပေးတော်မူကြပါ'ဟု လျှောက်ထားကပ်လှူလေသည်။ ရဟန်းတော်များသည် အလိုရှိရာကို ဘုဉ်းပေး၍ လျှောက်ပတ်သော အာဟာရကို ရရှိသဖြင့် သမာဓိရလေရကား ဝိပဿနာ ပွားများကြလျှင် မကြာမီပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်တော်မူကြလေသည်၊ ရဟန်းတော်ခြောက်ကျိပ်လုံး မာတိကမယ်တော်ဆောက်လုပ်သော ကျောင်းတွင်နေလျက် ဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေး၍ သံသရာမှ လွတ်မြောက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြလေသည်။

**မယ်တော်ကြီးဂုဏ်များလျှောက်ထား။** ။"အော်....ဩမယ်တော်ကြီးဟာ တို့များရဲ့ ဆောက်တည်ရာ ဖြစ်ပါပေတယ်၊ အကယ်၍သာ တို့များ အာဟာရ သပ္ပါယကို မရလျှင် မဂ်ဖိုလ်ကို မရနိုင်လောက်ပေဘူး၊ ယခုဝါကျွတ်ပြီဖြစ်၍ ပဝါရဏာပြုပြီးလျှင် ဘုရားရှင် အထံတော်သွားကြမည်"ဟု ရဟန်းတော်များချီးမွမ်းပြောဆိုတိုင်ပင် ကြသည်။ ရဟန်းတော်များသည် မာတိကမယ်တော်ကြီးကို ဘုရားဖူးသွားကြမည်ဟု နှုတ်ဆက်ပန်ကြား၍ ဘုရားအရှင်အထံတော်သို့ သွားကြသည်၊ မယ်တော်ကြီးသည် လိုက်ပို့ရင်း 'တပည့်တော်မတို့ဆီ ပြန်ကြွခဲ့ကြပါဦး' ဟု စသည်ဖြင့် ချစ်ဖွယ်သော စကားများကို လျှောက်ထား၍ ပြန်ခဲ့လေ

သည်။ ရဟန်းဘော်များလည်း သာဝတ္ထိသို့ရောက်၍ ဘုရားရှင်ကို ရှိခိုးဝပ်ချ ကန်တော့ကြသည်။ မာတိက မယ်တော်ဆိုသည့် ဒါယိကာမကြီးတယောက်သည် သူတို့၏ အလိုကိုသိ၍ သူတို့ကြံစည်လိုလားသည့် အဟာရကို စိမံလှူဒါန်းပါသည်ဟု မာတိကမယ်တော်၏ ကျေးဇူးဂုဏ်များကိုလည်း ချီကျူးလျှောက်ထားကြလေသည်။

---

၁။ ဓမ္မပဒ-ဋ္ဌ-၁၊နှာ—၁၈၃

# ကဿပဘုရားရှင်၏ ကျောင်းဒကာ သုမင်္ဂလသဌေး

**သုမင်္ဂလသဌေးနှင့်သူခိုး၏ရန်ညိုး။** ။ကဿပ မြတ်စွာဘုရား လက်ထက်တော်တွင် သုမင်္ဂလ သဌေးသည် အနာထပိဏ်သဌေးကဲ့သို့ ဇေတဒါရုံ ဘုရားကျောင်းဒကာဖြစ်၏၊ ထိုကျောင်းဒကာ သဌေးသည် ကျောင်းဝင်းမြေကို ရွှေအုတ်ချပ်အပြည့်ခင်း၍ ဥသဘ ၂၀ကျယ်ဝန်းသော ကျောင်းမြေနေရာတွင် ဥသဘ ၂၀ သော ငွေကိုပင် သုံးလျက် ကျောင်းဆောက်ခဲ့သည်။ဥသဘ ၂၀ သော ငွေကိုပင်သုံး၍ ကျောင်းလှူတော်ပွဲကြီး ကျင်းပပူဇော်ခဲ့သည်။ သဌေးကြီးသည် နေ့တနေ့တွင် နံက်စောစောပင် ဘုရားရှင် အထံတော်သို့ သွားသည်။ သူခိုး တယောက်သည်လည်း မြို့တံခါးအနီးမှ ဇရပ်တဆောင်တွင် ခေါင်းမြီးခြုံ၍ အိပ်နေသည်။ ထိုသူခိုး၏ခြေတို့တွင် ရွှံ့(ဖန်)များ ပေကျံနေသည်။ သဌေးကြီးသည် ၎င်းကို မြင်ရ၍ ဒီလူသည် ညလူဖြစ်လိမ့်မည်

ဟု စဉ်းစားရင်း အသံထွက်သွားမိလေသည်၊ သူခိုးသည် ထိုအသံကို ကြားလိုက်၍ မျက်နှာ ဖွင့်ကြည့်လျှင် သူမင်္ဂလ သဌေးကြီးမှန်းသိလေသည်။ 'နေနှင့်ဦး သင်းကိုတော့ သိစေမည်'ဟု သဌေးကြီးအပေါ် ရန်ညှိုးထားလေသည်။

**ခုနစ်ကြိမ်စီမီးရှို့။** ။သူခိုးသည် သဌေးကြီး၏ လယ်များကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့သည်။ခုနစ်ကြိမ်တိုင်တိုင် သဌေးကြီးပိုင် နွားခြံထဲက နွားများ၏ ခြေတို့ကို ဓားနှင့်ခုတ်ဖြတ်သည်၊ ခုနစ်ကြိမ်တိုင်တိုင်ပင် သဌေးကြီး၏အိမ်ကို မီးရှို့သည်။ သူခိုးသည် ထိုမျှဖြင့်အားမရသေး၊ ဒေါသမပြေနိုင်သေး၊ သူမင်္ဂလသဌေး၏ အလုပ်အကျွေး ငယ်သားတဦးနှင့် မိတ်ဆွေဖွဲ့သည်၊ ရင်းနှီးအောင်လုပ်သည်။ သဌေးကြီး၏အနှစ်သက်ဆုံး အဟာရ ဘာလဲ ဆိုတာကို မေးမြန်းစုံစမ်းသည်။ သိရှိအောင် လုပ်သည်၊ သူခိုးသည် ဘုရားရှင် သီတင်းသုံးတော်မူသည့် ဂန္ဓကုဋိကျောင်းတော်ကို သဌေးကြီး အနှစ်သက်ဆုံးဟု သိရှိ၍ ဘုရားရှင် မြို့တွင်းဆွမ်းခံကြွနေစဉ် ရေအိုးများကို ရိုက်ခွဲပြီးလျှင် ဂန္ဓကုဋိကျောင်းတော်ကြီးကို မီးရှို့လေသည်။

**သဌေးကြီးလက်ခမောင်းခတ်။** ။သဌေးကြီးသည် ဂန္ဓကုဋိကျောင်းတော်ကြီး မီးလောင်နေပြီတဲ့ဟု ကြားရသဖြင့် လာရောက်၍ မီးလောင်နေသော ကျောင်းတော်ကို ကြည့်လျက် ဝမ်းမြောက်ဝမ်းသာ လက်ခမောင်း ခတ်လေသည်။ သားမြီးဖျားလေမျှပင် ဒေါမနဿ မဖြစ်ပါချေ။သူခိုးကား သဌေးကြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးကြံဆောင် ပြုလုပ်သော်လည်း

မည်သို့မျှ မတတ်နိုင်အောင်ရှိလေသည်။ ‘ယနေ့တော့ သဌေးကြီး အနှစ်သက်ဆုံး ဂန္ဓကုဋ်ကျောင်းကြီးကို မီးရှို့လိုက်ရ၍ သဌေး ကြီး ဝမ်းနည်း ပန်းနည်း စိတ်ဆင်းရဲနေတာကို အားရပါးရ ကြည့်လိုက်မည်’ဟုမျှော်လင့် ကြည့်ရှုနေခဲ့ရာ သဌေးကြီးသည် စိတ်မဆင်းရဲသည့်အပြင် ဝမ်းသာအားရ လက်ခမောင်း ခတ် နေသည်ကို မြင်ရပြန်လေသည်။ (ယခုခေတ် ကျောင်းဒကာ ကျောင်းအမများသည် ထိုအဖြစ်မျိုးနှင့်မကြုံဟု မပြောနိုင်ပေ။ အောက်ထစ်ဆုံးကျောင်းသားငယ် ကိုရင်ငယ်လေးများကြောင့် တံခါးမှန်များကွဲခြင်း၊ တနေရာရာ ကျိုးပဲ့ပျက်စီးခြင်း စသည် များ ဖြစ်နိုင်ပေသည်။ ထိုအဖြစ်မျိုးနှင့်ကြုံတွေ့ရသော် သုမင်္ဂလ သဌေးကဲ့သို့လက်ခမောင်း ခတ်နိုင်ဘို့လိုပေသည်။ ဒေါသဒေါ မနသ မဖြစ်ပွားကြစေရန် ထိုသုမင်္ဂလ ကျောင်းဒကာကြီး၏ စိတ်ထားမျိုးကို အတုခိုး ထားသင့်ကြပေသည်။) လက် ခမောင်းခတ်ခြင်း အကြောင်းကို မေးကြလျှင် သဌေး ကြီးသည် “ဧတ္တကံ မေ တာတာ အဂ္ဂိအာဒီဟိ အသာဓာရဏေ ဗုဒ္ဓသာသနေ ဓနံ နိဒဟိတုံ လဒ္ဓံ၊ ပုနပိ ဧတ္တကံ ဓနံ ဝိသဇ္ဇေတွာ သဗ္ဗညု၊ ဂန္ဓကုဋိံ ကာတုံ လဘိဿာမိ—အမောင်တို့ မီး၊မင်းစသော ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံခြင်း မရှိသော ဗုဒ္ဓသာသနာတော်ကြီး၌ ဤရွေ့ဤမျှသော ဥစ္စာကို မြှုပ်နှံခွင့် ရခဲ့တယ်၊ နောက်ထပ်လဲ ဤမျှ ဥစ္စာများကို စွန့်လှူ၍ ဘုရား ရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋ် ကျောင်းတော်ကြီးဆောက် လုပ်ခွင့် ရပေဦးတော့မယ်၊” ဟု ဝမ်းသာလွန်း၍ လက်ခ မောင်းခတ် ကြောင်းကို ပြောပြလေသည်။

**သူခိုးအား အမျှဝေ။** ။သဌေးကြီးသည် နောက်ထပ် ဂန္ဓကုဋိ ကျောင်းတော်ကို အသစ်ဆောက်လုပ်ပြီးစီးသောအခါ ရဟန္တာ ၂၀၀၀၀ အခြံအရံ ရှိသော ဗုဒ္ဓမြတ်စွာအား ကျောင်းရေစက်ချ ပွဲ အလှူကြီးကို လှူဒါန်းပြန်သည်။ သူခိုးလည်း ဒီသဌေးကို မသတ်မခြင်း (မသေမခြင်း) ဒီသဌေးစိတ်ဆင်းရဲအောင် လုပ်နိုင် တော့မည်မဟုတ်၊ သူ့ကိုသတ်မှဘဲဟု သဌေးကြီးကိုသတ်ရန် ဓားကိုဝှက်၍ ခုနစ်ရက်လုံးလုံး ကျောင်းတော်အတွင်းမှာ လှည့် လည်ချောင်းမြောင်း ကြံစည်သော်လည်း လုပ်ကြံခွင့် မရပေ၊ သဌေးကြီးလည်း ကျောင်းလှူတ်ပူဇော်ပွဲကြီး ပြုလုပ်၍ ခုနစ်ရက် စေ့မြောက်သည့်နေ့တွင် "ရှင်တော်မြတ်ဘုရား ဒကာတော်မှာ မသိမမြင်တဲ့ ရန်သူတယောက်ရှိနေပါသည်၊ သူသည် ခုနစ်ကြိမ် ဒကာတော်ပိုင်လယ်များကို မီးရှို့ခဲ့ပါသည်။ နွားခြံအတွင်းက နွားတို့၏ ခြေများကို ဓားဖြင့် ခုတ်ဖြတ်ခဲ့ပါသည်။ အိမ်ကိုလဲ ခုနစ်ကြိမ် မီးရှို့ခဲ့ပါသည်။ ခုနောက်ဆုံး ဂန္ဓကုဋိ ကျောင်း တော်ကို မီးရှို့သူဟာလဲ သူဘဲဖြစ်ပါလိမ့်မည်၊ ဒကာတော် သည် ဤကျောင်း ရေစက်ချအလှူကြီး၌ ကုသိုလ်အဘို့ကို ထိုသူ့အား အမျှပေးဝေပါသည်"ဟု ဗုဒ္ဓမြတ်စွာအား လျှောက် ထားလေသည်။

**သူခိုးဝန်ချတောင်းပန်။** ။သူခိုးသည် သူ၏အမှားကို သိမြင် လာသည်။ "ငါတော့မှားပြီ၊ ကြီးလေးသည့် ပြစ်မှုကြီးကို ပြုမိပြီ၊ ငါ ဒါလောက် ပြစ်မှားကျူးလွန်ခဲ့တာတောင် သဌေး ကြီးမှာ ငါ့အပေါ် စိတ်ဆိုးစိတ်ကွက်မှုလေးပင် မရှိခဲ့၊ ဤအလှူ

ကြီးမှာလဲ ငါ့ကိုဘဲ ပဌမဆုံး ကုသိုလ်အဘို့ကို အမျှပေးဝေတယ်၊ ဤလိုပုဂ္ဂိုလ်ကြီးကို ငါမတောင်းပန် မကန်တော့လျှင် ငါ့ဦးထိပ်ပေါ် ဒေဝဒတ်(မိုးကြိုး)ကျမှာ မလွဲ”ဟု ဤသို့စဉ်းစားပြီးလျှင် သဌေးကြီးထံ သွား၍ “ကျွန်တော်မျိုးသည် သဌေးကြီးအပေါ် မီးရှို့မှုစသော အပြစ်များကို ကျူးလွန်မှားမိခဲ့ပါသည်။ ကျွန်တော်မျိုးအပေါ် ခွင့်လွှတ်သည်းခံတော်မူပါ”ဟု တောင်းပန်ကန်တော့လေသည်။ သဌေးကြီးက မင်းကို ငါမမြင်ဘူးပါဘူး၊ ဘယ်အညိုးနဲ့ယခုလို ငါ့အကျိုးပျက်ပြားအောင် ပြုလုပ်ရသလဲ”ဟု မေးလျှင် ဇရပ်ပေါ်တွင် သူအိပ်နေစဉ် သဌေးကြီးက “ညလူ”ဟု ပြောသွားသဖြင့် အညိုးထား၍ ယခုလို လုပ်မိပါကြောင်းကို သူခိုးက ပြန်ပြောင်းပြောပြလေသည်။ သဌေးကြီးကလည်း ‘ထိုသို့ပြောမိသည်ကို ခွင့်လွှတ်ပါဟု သူခိုးကို တောင်းပန်၍ မင်းကိုလည်း ခွင့်လွှတ်ပါတယ်၊ ကဲကဲထ၊ သွားလိုရာသွားပါတော့’ဟုလည်း ခွင့်လွှတ်ကြောင်း ပြော၍ သူခိုးကို ပြန်လွှတ်သည်။ သူခိုးက သဌေးကြီး ခွင့်လွှတ်တယ် ဆိုလျှင် သားမယားနှင့်တကွ ကျွန်တော်မျိုးကို ကျွန်အဖြစ် ပြုလုပ်ပါဟု တောင်းပန်လျှင် သဌေးကြီးသည် ဒါလောက် ကလေးပြောမိရုံနှင့် ဒီဇလောက်ဖျက်ဆီးခဲ့လျှင် အတူနေသည့်အခါ ဘာမျှပြောဝံ့မည်မဟုတ်ပါ၊ သို့ဖြစ်၍ အိမ်မှာတော့ နေဘို့မလိုပါ၊ မင်းအပေါ် ခွင့်လွှတ်ပါတယ် သွားလိုရာ သွားနိုင်ပါပြီဟု ပြောရလေသည်။

**သူခိုးသေလျှင်။** ။သူခိုးသေလွန်သောအခါ အဝီစိငရဲသို့ ကျလေသည်။အဝီစိငရဲတွင် ကြာမြင့်စွာခံရပြီးနောက် ထိုကံကြွင်းကြောင့် သူရားရှင်လက်ထက်တွင် ဂိဇ္ဈကုဋ်တောင်၌ ခန္ဓာကိုယ် ၂၅ ယူဇနာရှိသော စပါးကြီးမြွေ ပိတ္တာကြီး ဖြစ်ရရှာသည်၊ အရှင်မောဂ္ဂလ္လာန်သည် အရှင်လက္ခဏနှင့်အတူဂိဇ္ဈကုဋ် တောင်မှ ဆင်းလာစဉ် ဒိဗ္ဗစက္ခု(အဘိညာဉ်ဖြင့်)ဖြင့် ထိုမြွေပိတ္တာကြီးကို မြင်ရလေသည်၊ ထိုစပါးကြီး မြွေကြီးမှာ ခေါင်းမှ အမြီးသို့ အမြီးမှ ခေါင်းသို့ ခေါင်းဘက် အမြီးဘက် နှစ်ဘက်ယုံးမှ အလယ်သို့ မီးတောက်မီးလျှံများ ထချီထချီ တက်သွားနေကြသည်၊ အရှင်မောဂ္ဂလ္လာန်သည် ၎င်းကိုမြင်၍ ပြုံးတော်မူသည်၊ အရှင်လက္ခဏက အကြောင်းကို မေးလျှင် ဘုရားရှင်အထံတော်ရောက်မှ မေးရန်ပြောသည်၊ ရာဇဂြိုဟ်မြို့တွင်းမှ ဆွမ်းခံပြီး၍ ကျောင်းထော်သို့ ပြန်ရောက်ကြသောအခါ အရှင်လက္ခဏသည် ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် ထိုပြုံးခြင်းအကြောင်းကို မေးပြန်လေသည်၊အရှင်မောဂ္ဂလ္လာန်က သူသည် ထိုနေရာတွင် စပါးကြီးမြွေ ပိတ္တာကြီးတကောင်ကို မြင်တွေ့ရကြောင်း၊ ထိုပိတ္တာကြီး၏ ကိုယ်မှာ ၂၅ ယူဇနာလောက် ကြီးမားကြောင်း၊ထိုမျှလောက်ကြီးမားသည့် ကိုယ်ရှိသည့် သတ္တဝါမျိုးကို တခါမျှမမြင်တွေ့ရဘူးကြောင်း တွေ့မြင်၍ ပြုံးရယ်ကြောင်းကို ပြောပြလေသည်။

**ရှင်တော်ဘုရား ဟောမိန့်ကြား။** ။ဗုဒ္ဓမြတ်စွာသည် ငါ၏ တပည့်သားတို့သည် နတ်မျက်စိသဖွယ် ဉာဏ်အမြင်ကျယ်ကျယ်

နေနိုင်ကြပေသည်”ဟု မိန့်ကော်မူလျက် အရှင်မောဂ္ဂလ္လာန်၏ စကားကို ထောက်ခံတော်မူခဲ့ပေသည်၊ ငါဘုရားလည်းထိုပိဿာ ကြီးကို ဘုရားဖြစ်တော်မူစက ဗောဓိမဏ္ဍိုင်တွန်းကပင် မြင် တော်မူခဲ့သည်၊ သို့ရာတွင် ငါဘုရားပြောစကားကို မယုံကြည် သူတွေမှာ အကျိုးမဲ့ ဖြစ်နိုင်စရာရှိ၍ ငါဘုရား မပြောကြားခဲ့၊ ယခုမှ မောဂ္ဂလ္လာန်ကို သက်သေရ၍ပြောရပေသည်ဟုမိန့်တော် မူပေသည်၊ ရဟန်းတော်များကထိုပိတ္တာကြီး၏ ရှေးအကြောင်း ကို(ရှေးရှေးဘဝက ပြုမိမှားခဲ့သည့် အကြောင်းကံကို) မေး လျှောက်ကြသဖြင့် ဗုဒ္ဓမြတ်စွာသည် ဖော်ပြခဲ့သည့်အတိုင်း ကဿပဘုရားရှင် လက်ထက်တော်မှ ဘုရားကျောင်းဒကာကြီး သုမင်္ဂလ သဋ္ဌေးနှင့် သူခိုးတို့၏ အကြောင်းစုံကိုဟောမိန့်တော် မူပေသည်။

---

၁။ ဓမ္မပဒ-ဋ္ဌ-၂၊ နှာ-၃၉

# ကျောင်းလှူရကျိုး အမျိုးမျိုး

**ဘုရားရှင်၏တိုက်တွန်းချက်။** ။ဘုရားရှင်သည် "သီတံ ဥဏှံ ပဋိဟန္တိ" စသော ကျောင်းအနုမောဒနာ ဂါထာ များဖြင့် ကျောင်း၏အကျိုး၊ သံဃိက ကျောင်း အလှူကို ဘုရားရှင် ချီးမွမ်းတော်မူပုံ၊ သံဃိက ကျောင်းဆောက်လှူ ကိုးကွယ်ဘို့ တဖန် "ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်" မဖြစ်ရ အောင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းဘို့နှင့် ကျောင်း ဘုန်းကြီး၏ တာဝန်ဝတ္တရား"တို့ကို ဖော်ပြထားပေသည်၊ ဗုဒ္ဓ မြတ်စွာသည် ကျောင်းလှူပူဇော်ပွဲများတွင်ဤဂါထာများဖြင့် အနုမောဒနာပြုတော်မူလေ့ရှိသည်။

ဤ၌ ဘုရားရှင် ကိုယ်တော်တိုင်ပင် "ဝိဟာရဒါနံ သံဃဿ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ" သံဃိကကျောင်း အလှူသည် ထိုထို ဒါနဟူသမျှထက် ခေါင်ကလွှမ်းဖုံး အသာဆုံးဟု ထုတ်ဖော် ချီးမွမ်းတော်မူ၍ "တသ္မာဟိ ပဏ္ဍိတော ပေါသော သမ္ပဿံ အတ္ထမတ္တနော ဝိဟာရေ ကာရယေ ရမ္မေ" ထို့ကြောင့် ကိုယ့်

ကျိုး ကိုယ့်စီးပွားကို လိုလားမြော်မြင်သောပုဂ္ဂိုလ်သည်သံဃာတော်များ နေထိုင် သီတင်းသုံးဘို့ ကျောင်းများ ဆောက်လှူပါလေ”ဟု တိုက်တွန်းတော်မူခဲ့ပေသည်။

ဆက်ပါဦးအံ့၊ သံဃာဟူသည် သီလမရှိသော သံဃာဟူ၍ မရှိပါပေ၊ ပုဂ္ဂိုလ်အနေဖြင့်သာ သီလမရှိသောပုဂ္ဂိုလ်ဟူ၍ ရှိနိုင်ပေသည်၊ (သီလမရှိသောပုဂ္ဂိုလ်အား လှူမိပါက လှူရသလောက် အကျိုးမဖြစ်ထွန်းနိုင်ချေ)တဖန် သံဃာဟူသည်မြတ်သောအလှူကိုခံယူတိုက်သည့် ဒက္ခိဏေယျဂုဏ်နှင့်လည်းပြည့်စုံပါပေသည်၊(သံဃေဿဟိ ဒုဿံိလောနာမ နတ္ထိ။ သံ ဃော နာမ ဒက္ခိဏေယျော။မ-၄၊နှာ-၂၅၅)သို့ဖြစ်ပေရာ သံဃိက ကုသိုလ်မြောက်အောင် သံဃိက ကုသိုလ်စစ်စစ်ကြီးဖြစ်အောင် ·သံဃာကို ရည်မှန်း၍ လှူဒါန်းရမည်ဖြစ်ပေသည်။ “ငါ့ဆရာ၊ ငါ့ဘုန်းကြီး၊ ငါ့ဦးဇင်း၊ ငါ့ကိုရင်”ဟူသော တဏှာစွဲ ဒိဋ္ဌိစွဲတို့ဖြင့် မလှူဒါန်းမိဘို့ အထူးကြပ်ကြပ် သတိချပ်သင့်ကြပေသည်၊ ထိုကဲ့သို့ တဏှာစွဲ ဒိဋ္ဌိစွဲတို့ကိုဖြုတ်၍ သံဃာကိုရည်မှန်းလှူဒါန်းနိုင်မှ, လှူဒါန်းကြမှ သံဃိက ကုသိုလ်ကြီး ဖြစ်နိုင်ရရှိနိုင်ကြပေသည်၊ ကုသိုလ်ရလိုကြ၍ ကျောင်းစသော ပစ္စည်းလေးပါးတို့ကို လှူဒါန်းကြခြင်း ဖြစ်ပေရာ မိမိတို့ ရလိုသောကုသိုလ်ကို တကယ်အပြည့်အဝ ရရှိစေနိုင်သော အရာမှာလည်း သံဃာသာလျှင် လိုရင်းပဓာနဖြစ်ပေသည်၊ “ပုညံ့ အာကင်္ခမာနာနံ, သံဃော ဝေ ယဇတံ မုခံ-ကုသိုလ်လိုလား အမျိုးသား အမျိုးသမီးများအဘို့ သံဃာတော်သည်သာ ကုသိုလ်ရဘို့ရာ အမြတ်ပဓာနလိုရင်းကျပေသည်” ဟု (ဝိ-၃၊နှာ-၃၄၄၊

မ—၂၊နှာ-၃၅၃တို့၌) ဗုဒ္ဓမြတ်စွာဟောမိန့်တော်  မူခဲ့ပေသည်၊ သို့ဖြစ်ပေရာ ဗုဒ္ဓမြတ်စွာ မိန့်မှာတိုက်တွန်းတော်မူခဲ့သည့်အတိုင်း သံဃာကိုရည်မှန်း၍ လှူဒါန်းကြရာသည်။

**ကျောင်းလေးမျိုး။**   သေနာသန ဟူသောပုဒ်ကို "ကျောင်း"ဟု မြန်မာဝေါဟာရ နက်ပြန်ဆိုကြ၏၊ သဒ္ဒါနက်ပြန်မူ "ကျောင်း အိပ်ရာနေရာ" ဟု ဖြစ်၏၊ (သေန္တိဧတ္ထာတိ သေနံ - အိပ်ရာ၊ အာသေန္တိ ဥပဝိသန္တိ ဧတ္ထာတိ အာသနံ - ကပ်ဝင် နေထိုင်ရာ၊ သေနံစ အာသနံစ သေနာသနံ - အိပ်ရာနေထိုင်ရာ)၊ ဤသဒ္ဒါ နည်းအရ ထိုသေနာသန (ကျောင်း) သည် "ဝိဟာရသေနာသန၊ မဉ္စပီဌသေနာသန၊ သန္ထတသေနာသန၊ ဩကာသ သေနာသန" ဟု လေးမျိုးရှိ၏။

**ဝိဟာရသေနာသန။**   လေးဘက်မိုးကျောင်း၊ နှစ်ဘက်မိုး ကျောင်း၊ ပြသာဒ်ရှည်၊ ပြသာဒ်ကတုံး၊ လိုဏ်ဂူ ဤငါးမျိုး သည် ဝိဟာရသေနာသနမည်၏၊ (ဝိဟာရော အာယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာတိ ဣဒံ ဝိဟာရ သေနာသနံနာမ)။
**မဉ္စပီဌသေနာသန။**   ခုင်ငြင်၊ ထိုင်ခုံ၊ ဘုံလျှို(မွေ့ယာ)၊ ခေါင်း အုံး ဤအားလုံးသည် မဉ္စပီဌ သေနာသန မည်၏၊ (မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟာ ဟနန္တိ ဣဒံ မဉ္စပီဌ သေနာသနံနာမ)။

**သန္ထတသေနာသန။**   မြေအခင်းအဝတ်ကြမ်း၊ သားရေပိုင်း အခင်း၊(သားရေနွယ်)၊ မြက်အခင်း၊ သစ်ရွက်အခင်း၊ ဤအခင်း

များသည် သန္တတ သေနာသနမည်၏၊ (စိမိလိကာ စမ္မဝဏ္ဏော တိကာသန္တာရောတိ ဣဒံ သန္တတ သေနာသနံနာမ)။

ဩကာသ သေနာသန။ ရဟန်းတော်များ ကပ်ဝင်ရာအရပ် သည် ဩကာသသေနာသနမည်၏၊ (ယတ္တ ဝါပန ဘိက္ခူပဋိက္ကမန္တိ ဣဒံ ဩကာသ သေနာသနံနာမ)၊ ဤပါဠိတော်အရ ရဟန်းတို့၏ ခေတ္တခဏပင် ဖြစ်စေကာမူ ကပ်ဝင်ရာ ဟူသမျှကို ဩကာသ သေနာသန ၌ သွင်းရသည်၊ ထို့ကြောင့် (ဝိဘင်း) ပါဠိတော်၌ "အဗ္ဘောကာသံ မာဠော့ပိ လေဏာမွိ ဝေဠုဂုမ္ဗောပိ ရုက္ခမူလမ္ပိ မဏ္ဍပေါပိ သေနာသနံ-တန်ဆောင်းပြအိုး လိုဏ် ဝါးရုံ သစ်ပင်အောက် မဏ္ဍပ် ဤအားလုံးသည်လည်းသေနာသနမည်၏၊ ယတ္တ ဝါပန ဘိက္ခူ ပဋိက္ကမန္တိ၊ သဗ္ဗမေတံ သေနာသနံ—ရဟန်းတော်များ၏ ကပ်ဝင်ရာ အရပ်ဟူသမျှသည် ဩကာသ သေနာသန မည်လေသည်။

ကျောင်းအလှူပင်။ ဤဖော်ပြပါ စကားများအရ "လေးဘက်မိုးကျောင်း" စသည်သာမက ခုဋ္ဌင်၊ ထိုင်ခုံ၊ ဘုံလျှို၊ ခေါင်းအုံး စသည်တို့လည်း "ကျောင်း" ပင် မည်ရကား ထို ခုဋ္ဌင်၊ ထိုင်ခုံ၊ စသည်တို့ကို လှူဒါန်းလျှင်လည်း "ကျောင်းအလှူ" ဟုပင် ခေါ်ဆိုနိုင်ပေသည်၊ (အနုမောဒနာဂါထာ၌ "ဝတ္တသေနာသနာနိစ ဒဒေယျ" ဟု ညောင်စောင်း အင်ပျဉ်စသော သေနာသနကို လှူဒါန်းပါဟု မိန့်သည်)၊ ထို့ကြောင့် မိမိတို့၏ သံသရာ နောင်ရေးအတွက် မြော်တွေးဆင်ခြင် ကိုယ့်ကျိုးကိုယ့်စီးပွားကို လိုချင်

သော ပုဂ္ဂိုလ်သည် ဘုရားရှင် ချီးမွမ်းတော်မူ၍ ကိုယ်တော်တိုင် တိုက်တွန်းတော် မူခဲ့သော သံဃိက ကျောင်း အလှူကြီးကို (တနည်းအားဖြင့် ထိုကျောင်းအလှူကို အဦးပြု၍ "တေသံ အန္နဉ္စ ပါနဉ္စဝတ္ထ သေနာသနာနိစ ဒဒေယျ-ဟူသည့်အတိုင်း ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို) ဝမ်းမြောက် ဝမ်းသာ သဒ္ဓါရွှင်ပျ ပြုလုပ် လှူဒါန်းသင့်ကြပေသည်။

**ဝိနည်းခန္ဓကလာ ကျောင်းအကျိုး ဆယ့်ခုနစ်မျိုး။** ကျောင်း လှူရခြင်း၏ အကျိုးတို့မှာ လွန်စွာ များလှပေသည်၊ဝိနည်းခန္ဓက ပရိယာယ်အားဖြင့် ဆယ့်ခုနစ်ပါး၊ သုတ္တန်ပရိယာယ်အားဖြင့် ကိုးပါး၊ တိကာကုဋ္ဌထေရာပဒါန်၌ ခုနစ်ပါး၊ တနည်းရှစ်ပါး၊ ဤသို့စသည်အားဖြင့် ကျမ်းဂန်များ၌ အများအပြား ညွှန်ပြ ထားလေသည်၊ဝိနယပိဋက စူဠဝဂ္ဂသေနာသနက္ခန္ဓက ပါဠိတော်၌ ကျောင်း အနုမောဒနာဂါထာများ၌ လာရှိသော ကျောင်း အကျိုး ဆယ့်ခုနစ်မျိုးတို့မှာ (နေထိုင်သော ပုဂ္ဂိုလ်အား ပိုဝိတ္တို လှူထားသည့် ကျောင်းကြီးက)

၁။ သီတ-အေးချမ်းတပ်ဟာဟိန္ဒစ်လိပျက်မှု အအေးဥတုကို ကာကွယ် တားဆီးပေးခြင်း၊
၂။ ဥဏှ-ဘောမီးစသော အပူဥတုကို ကာကွယ်တားဆီးခြင်း၊
၃။ ဝါဠမိဂ-ခြင်္သေ့ သစ်ကျားစသော သားကောင်များ၏ ဘေးရန်ကို ကာကွယ်ခြင်း၊
၄။ သရီသပ-မြွေကင်းစသည် အကောင်တို့၏ ဘေးရန်ကို ကာကွယ်တားဆီးခြင်း၊

၅။ မကသ-သမာဓိဖျက် လွန်နှောက်ရှက်သည့် မှက်ခြင်တို့ကို ကာကွယ်ခြင်း၊

၆။ သိသိရ-သိသိရအခါ မိုးလည်းပါ၍ လွန်စွာအေးစေသော ဆောင်းတွင်းလေ(ဆီးနှင်း)တို့ကိုကာကွယ်တားဆီးခြင်း၊

၇။ ဝုဋ္ဌိ-မိုးရေတို့ကို ကာကွယ်တားဆီးခြင်း၊

၈။ ဝါတ-လေပြင်း လေကြမ်း လေသရမ်းတို့ကို ကာကွယ်တားဆီးခြင်း၊

၉။ အာတပ-လောင်ကျွမ်းလိုက်ဆူ နေအပူကို ကာကွယ် တားဆီးခြင်း၊(ပယ်နိုင်ခြင်း)၊

၁၀။ လေဏတ္ထ-ကျောင်းအလှူသည် အာရုံကောင်းဖြင့် ကိန်းအောင်းမွေ့လျော် စံပျော်ခြင်း အကျိုးငှါဖြစ်ခြင်း၊

၁၁။ သုခတ္ထ-အေးမြချမ်းသာနေထိုင်ရခြင်းအကျိုးငှါဖြစ်ခြင်း။

၁၂။ ဈာယိတုံ-သမာဓိမြဲမြံ ရှုအားသန်သည့် လောကီဈာန် အကျိုးငှါဖြစ်ခြင်း၊

၁၃။ ဝိပဿိတုံ-ရုပ်နာမ်ဓမ္မ သင်္ခါရ၌၊ နိစ္စ စသည်၊ မမှိုက်ငင်းမှု ဝိပဿနာ ရှုခြင်းငှါဖြစ်ခြင်း၊

၁၄။ အနုပါန ဝတ္ထသေနာသန-ဆွမ်း ကွမ်း အဖျော်ယမကာ အိပ်ရာနေရာ သင်္ကန်းဟူသော ပစ္စည်းလေးပါးတို့ကို ရရှိခြင်း။

၁၅။ (ဓမ္မံဒေသေန္တိ-အရ)ဓမ္မဿဝန ကျောင်းဘုန်းကြီး ဟောပြသောရုပ်နာမ်နှစ်ဖြာလေးသစ္စာဝယ် မှန်စွာသိကြောင်း တရားကောင်းကို နာဟူရခြင်း။

၁၆။ ဓမ္မအဝဗောဓ-တရားနာရသဖြင့် အရဟတ္တဖိုလ် တိုင်ရောက် ထွင်းဖေါက် သိမြင်ခြင်း။

၁၇။ ပရိနိဗ္ဗာယန-နိဗ္ဗာန် ဝင်စံရခြင်း ဟူသော အကျိုးတို့ ဖြစ်ပေသည်။

**(ဆောင်)** ဆောက်လုပ် လှူဒါန်း၊ ကျောင်း သခ်ႋမ်း သည်၊ ပူချမ်းဖျက်ငြား၊ သားရဲတား၍၊ ဆီးတားကင်းမြေ၊ ခြင်မှက်တွေတည်း၊ မိုးရေလေပြင်း၊ နေပူပြင်းနှင့်၊ ဆီးနှင်းတားပေ၊ ကျောင်း၌နေသည့်၊ မထေရ်သခင် မြတ်ဘုန်းရှင်တို့၊ စျာန်ယာဥ် ဝိပဿနာ၊ ရှုကာကိန်းအောင်း၊ ချမ်းသာကြောင်းတည်း။

ထိုကျောင်းအလှူ၊ မြတ်၏ဟူ၍၊ ဘုန်းလူမိန့်မှာ၊ သိလိမ္မာသော၊ဒကာယောကျ်ား၊မိန်းမများသည်၊ သားနားတင့်ဆန်း၊ ကျောင်းသခ်ႋမ်းကို၊ ရှုခန်းထိန်ဝေ၊ ဆောက်လုပ်စေ၍၊ စာပေတတ်မြောက်၊ ကျင့်ခန်း ပေါက်သည့်၊ မုန့်သောက်မာတင်၊ ထေရ်အရှင်ကို၊ ကျောင်းတင်ကိုးကွယ်၊

စားသောက်ဘွယ်နှင့်၊ ဝတ်ဘွယ်ရုံဘွယ်၊ ခင်းနှီးဘွယ်ကို၊ ဘယ်ဝယ်မလတ်၊ အထပ်ထပ်လှျင်, ကောင်းမြတ်စေတနာ၊ လှူဒါန်းရာ၏၊ ပိဋကပါဠိစည်း၊ ဆွမ်းတုံနည်းဖြင့်၊ ကုန်းကြည်းညာခင်၊ နိဗ္ဗူတင်သည်၊ ကျောင်းရှင်ဟောမိန့် တရားတည်း။

(အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ဘုရားကြီး)

**သုတ္တန်နည်းလာကျောင်းအကျိုး ကိုးမျိုး။** ။သုတ္တန်နည်းလာကျောင်းအကျိုးများမှာလည်း သဗ္ဗာသဝသုတ်စသည်၌ "ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ" စသည်ဖြင့် ကိုးမျိုးမျှ ဖော်ပြထားပေသည်။ ၎င်းကိုးမျိုးမှာ–

> သီတ-အအေးကို ကာကွယ်နိုင်ခြင်း၊ ဥဏှ-မီးပူကိုကာကွယ်ခြင်း၊ ဍံသ–မှက်ကိုကာကွယ်နိုင်ခြင်း၊ မကသ–ခြင်ကိုကာကွယ်နိုင်ခြင်း၊ ဝါတ–လေကိုကာကွယ်နိုင်ခြင်း၊ အာတပ -နေပူကိုကာကွယ်နိုင်ခြင်း၊ သရီသပ–မြွေကင်းတို့ကို ကာကွယ်နိုင်ခြင်း၊ ဥတုပရိဿယဝိနောဒန-ဥတုဘေးရန် (အပူလွန် အအေးလွန်)ကို ကာကွယ်နိုင်ခြင်း၊ ပဋိသလ္လာနာရာမ ကိန်းအောင်းမွေ့လျော် စံပျော်နိုင်ခြင်းတို့ ပေတည်း။

**(ဆောင်)** ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ ပသန်းကင်းငင်၊ ကိန်းအောင်းဝင်၊ ကိုးအင်ကျောင်းအကျိုး။

**တိကာကုဋ္ဌိထေရာပဒါန်လာကျောင်းအကျိုးများ။** ။တိကာကုဋ္ဌိထေရာပဒါန်၌ ဘိကာကုဋ္ဌိဒါယထေရ်သည် မိမိ၏ "ဘဝဖြစ်စဉ်"ကို ပြန်လည်လျှောက်ထားတင်ပြရာ၌ "သံဃာတော်အားသစ်ရွက်ကျောင်းငယ်ကလေး လှူခဲ့ရသဖြင့် မည်သို့သောအကျိုးထူးများက ရရှိရပါသည်"ဟု (ဂါထာများဖြင့်) ဖော်ထုတ်တင်ပြသွားလေသည်။ ယင်းအကျိုးများကို အကျယ်ရေ

တွက် မပြတော့ဘဲ ယင်းအကျိုးများစုံအောင် ချုပ်၍ ကဗျာ သီကုံးနှုံးဖွဲ့ထားတော်မူကြသော ကျေးဇူးတော်ရှင် မဟာ ဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးနှင့် မင်းကွန်းတိပိဋကဓရ ဆရာ တော် ဘုရားကြီးတို့၏ လင်္ကာများကိုသာ တင်ပြလိုက်ပါသည်။

ရွှေဘုံပေါ်ပေါက်၊ ထိတ်-ကြောက်—လန့်-ကင်း၊ ဘေးရန် ရှင်း၏၊ကြောက်ခြင်းယက္ခ၊ ပပမမက်၊ ဘဝဆက်သိ၊ မြဲသတိ သည်၊ ရရှိကျောင်းလှူရှစ်မျိုးတည်း။

(မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး)

သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာသံဃိက၊ ဝိဟာရ ကျောင်း၊ တန်ဆောင်းဆောက်ဦ၊ လှူသသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်....

နတ်နှင့်လူဝယ်၊သန္ဓေတွယ်၍၊လိုဘွယ်မတ၊ ဆောက်ဦးရ၏၊ မထကြက်သီး၊ကိုယ်လည်းမလူပ်၊ ကြောက်ရပ်မထင်၊ ထိတ်လန့် စင်၏၊ ခြင်္သေ့သစ်ကျား၊သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက် မူသား၊ တောသူဖုတ်ပြိတ်၊အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အ ဆင်းဖေါက်ပြန်၊ ကုမ္ဘဏ်ရက္ခိုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေး လွတ်ရှောင်း၏။

မကောင်းအိပ်မက်၊မြင်မမက်ဘူး၊ထင်လျက်သတိ၊မြဲခိုင်ဘိ၍၊ ဝိပရိဏာံ၊ ဖေါက်ပြန်စိတ်ရင်း၊ ရှူးသွတ်ခြင်းမှ၊ ရှင်းရှင်းလွတ်

ချောင်း၊ ကျိုးဆက်ကောင်း၏၊ နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန့်ပြူးသည်၊ ဆောက်ဦးလျှိုကျိုး ခုနစ်တည်း။

(တိပိဋကဓရ ဆရာတော်ဘုရားကြီး)

---

၁။ သီ၊ ၂၊ နှာ–၂၆၀
၂။ ဝိ–၄၊ နှာ-၂၉၁။ ဝိ-၄-ဋ္ဌ၊ နှာ ၅၈
၃။ အံ-၄၊ နှာ-ဋ္ဌ-၃၈၊ ၃၈၃
၄။ ဒီဃ-၁၊–ဋ္ဌ၊ နှာ-၂၇၁
၅။ ပဏ်–၂၊ ဋ္ဌ၊ နှာ–၁၈
၆။ အပဒါန်-၁၊ နှာ–၃၁၁၊

# ထာဝရ ကုသိုလ် ၆-မျိုး

ဗုဒ္ဓမြတ်စွာသည် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌ "ခြံရိပ်သစ်ပင်၊ ရေချမ်းစင်နှင့်၊ လမ်းပြင်တံတားခင်း၊ ရေတွင်းရေကန် ကျောင်းဗိမာန်၊ ၆-တန် ထာဝရ ကုသိုလ်တည်း-" ဟူသော အမြဲကုသိုလ်ရနေသည့် ထာဝရ ကုသိုလ် ၆-မျိုးကို ဟောထားတော်မူသည်။ ထိုကုသိုလ် ၆-မျိုးတွင် ကျောင်းအလှူလည်း ပါရှိပေသည်။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ စံနေတော်မူသည်။ နတ်သားတယောက်သည် ညဉ့်သန်းခေါင်အချိန်တွင် လာရောက်၍ ဗုဒ္ဓမြတ်စွာအား လျှောက်ထားမေးမြန်းလေသည်။ နတ်သားလျှောက်ထားပုံမှာ—

ကေသံ ဒိဝါ စ ရတ္တော စ, သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ, ကေ ဇနာ သဂ္ဂဂါမိနော။

(ဘန္တေ-သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်တတ် ရှင်တော်မြတ်ဘုရား) ကေသံ-ဘယ်နတ်ဘယ်လူ အဘယ်

သူတို့၏၊ ဒိဝါစ) နေမင်းထွန်းရာ နေ့အခါ၌လည်းကောင်း၊ ရတ္တော၁စ-လမင်းသာရာ ညဉ့်အခါ၌လည်းကောင်း၊ သဒါ-နေ့ ရောညဉ့်ပါ ဘယ်ခါမပြတ် အခါခပ်သိမ်း၊ ပုညံ-ဘ၀လမ်း တာ စခမ်းသာဝယ် ချမ်းသာပေတတ် ကုသိုလ်မြတ်သည်၊ ပဝဍ္ဎတိ-ဘဏ်တွင်အပ်ထား တိုးငွေများသို့ မမှားပုံသေ တိုး ပွားရှုနေပါသနည်း။

ကေဇနာ-အဘယ်မည်သူ အဘယ်လူတို့သည်၊ ဓမ္မဋ္ဌာ-သုစရိုက် ဆယ်ပါး မြတ်တရား၌ စိတ်ထားကြည်ကြည် တည်ကြကုန်သည် ဖြစ်၍၊ သီလသမ္ပန္နာ-လူတို့ကျင့်အပ် ဂဟဋ္ဌဟု သီလငါးပုံ ပြည့်စုံ ကြကုန်သည်ဖြစ်၍၊ သဂ္ဂဂါမိနော-နတ်ပြည်နတ်နန်း နတ်စခမ်း သို့ တက်လှမ်းပိုင်ပိုင် ရောက်နိုင်ကြပါကုန်သနည်းအရှင်ဘုရား။

'အဘယ်သို့သော ပုဂ္ဂိုလ်များသည် နေ့ရောညရော အမြဲ ထာဝရ ကုသိုလ်တွေ ရနေကြပါသနည်း၊ အဘယ်သို့သော ပုဂ္ဂိုလ်များ နတ်ပြည် ရောက်နိုင်ကြပါသနည်း၊

ဤသို့ နတ်သားက မေးမြန်းလျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

ဒါယကာနတ်သား....

(၁) သစ်သီး အာရာမ် ပန်းအာရာမ်ဟူသော ဥယျာဉ်ခြံ စိုက်ပျိုးထားသူ၊

(၂) ရှင်လူအများ အရိပ်ခိုနားရန် အရိပ်ရနိုင်သည့် သစ် ပင်ကြီး စိုက်ပျိုးသူ၊

(၃) လမ်းခင်း လမ်းဖောက် တံတားဆောက်သူ၊
(၄) ရေချမ်းစင် တည်ထားသူ၊
(၅) ရေတွင်း ရေကန် တူးဖော် လှူဒါန်းသူ၊
(၆) ဇရပ်တန်ဆောင်း တိုက်ကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းသူ၊

ဤကုသိုလ်ခြောက်မျိုးကို ပြုလုပ်ထားသူတို့သည် နေ့ရောညရော အမြဲထာဝရ(ဘဏ်တွင် အတိုးထားသော အရင်းငွေမှ အတိုးရနေသကဲ့သို့) ကုသိုလ်တွေ တိုးနေရပေသည်။ ဤကုသိုလ်ခြောက်မျိုးကို ပြုထားသူများသည် နတ်ပြည်သို့ ရောက်နိုင်ကြပေသည် ဟု....

အာရာမရောပါ ဝနရောပါ၊ ယေဇနာ သေတုကာရကာ
ပပဥ္စ ဥဒပါနဥ္စ၊ ယေဒဒန္တိ ဥပဿယံ။

ယေဇနာ- ချမ်းသာဆောင်ပေး ကုသိုလ်ရေးကို မျှော်တွေးပြုလို အကြင်ပုဂ္ဂိုလ်တို့သည်၊ အာရာမရောပါ- သရက် သြဇာ မာကလာမှ စသည်များဖြင့် ခြံဥယျာဉ်ကို တီထွင်စိုက်ပျိုးကြကုန်၏၊ ဝနရောပါ-လူရှင်အများ ရိပ်ခိုနားဘို့ ကြီးမားရိပ်ထိုး သစ်ပင်ကြီး မျိုးကိုလည်း စိုက်ပျိုးကြကုန်၏၊ သေတုကာရကာ- အင်းချောင်း ချောက်များ ဖြတ်ကျော်သွားဘို့ တံတားကို ဆောက်လမ်းကိုဖောက်၍ ဝမ်းမြောက်ကြည်လင် လမ်းခင်းသန်းပြင် ကြလေကုန်၏။

ယေဇနာ-ချမ်းသာဆောင်ပေး ကုသိုလ်ရေးကိုမျှော်တွေးရလို အကြင်ပုဂ္ဂိုလ်တို့သည်၊ ပဗ္ဗ- ခရီးသွားသူ အများလူတို့ ကြည်ဖြူရွှင်ပျ သောက်သုံးကြဘို့ အေးမြကြည်လင် ရေချမ်းစင်ကိုလည်းကောင်း၊ ဥဒပါနဉ္စ- အများခတ်ပိုင်၊ သုံးစွဲနိုင်ဖို့ မြဲခိုင်တူးဖော် ရေတွင်းရေကန်ကို လည်းကောင်း၊ ဥပဿယဉ္စ - သံဃာတော်များ ခရီးသွားတို့ ခိုနားဝင်ကပ် နေထိုင်လတ်ဘို့ ဇရပ် တံဆောင်း တိုက်ကျောင်း လိုဏ်ဂူ အဆောက်အဦကိုလည်းကောင်း၊ ဒဒန္တိ-တည်ဆောက်တူးဖော် ကြည်နူးပျော်လျက် ကော်ရော်ရွှင်လန်း လှူဒါန်းကြလေကုန်၏။

တေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ၊

ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေဇနာ သဂ္ဂ ဂါမိနော။

တေသံ- ဒါနခြောက်ပါး ကုသိုလ်များကို ပြုထားတီထွင် ထိုကုသိုလ်ရှင်တို့၏၊ဒိဝါစ-နေမင်းသွန်းရနေ့အခါ၌လည်းကောင်း၊ ရတ္တောစ-လမင်းသာရာညဥ့်အခါ၌လည်းကောင်း၊ သဒါ-နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် အခါခပ်သိမ်း၊ပုညံ- မိမိပြုထား ကုသိုလ်များမှ ဆင့်ပွါးဆက်စပ် ကုသိုလ်မြတ်သည်၊ ပဝဍ္ဎတိ-အောက်မေ့တိုင်းပင် ဇောစိတ်ရွှင်လျက် ဘဏ်တွင်အပ်ထား တိုးငွေများသို့ မမှားပုံသေတိုးပွား၍ နေလေ၏။

ဓမ္မဋ္ဌာ-အမြဲထာဝရ ကုသိုလ်ရသည့် ဒါနခြောက်ပါး မြတ်တရား၌ စိတ်ထားခိုင်ကြည် တည်ကြည်ကုန်သော၊ (ဓမ္မဋ္ဌာ-သုစရိုက်ဆယ်ပါး မြတ်တရား၌ စိတ်ထားခိုင်ကျည် တည်ကြည်ကုန်းသော)၊ သီလသမ္ပန္နာ အမြဲထာဝရ ကုသိုလ်ရသည့် ဒါနခြောက်ခု

မြတ်ကောင်းမှုကို ပြုစုခြင်းအလေ့နှင့် ပြည့်စုံကြကုန်သော၊ (သီလသမ္ပန္နာ-လုတ္တိုကျင့်အပ် ဂဟဋ္ဌဟု သီလငါးပုံ ပြည့်စုံကြကုန်သော)၊ တေဇနာ-ထာဝရခေါ်ငြား ကုသိုလ်များကိုပြုထားတိထွင် ထိုကုသိုလ်ရှင်တို့သည်၊ သဂ္ဂဂါမိနော-နတ်ပြည်နတ်နန်း နတ်စခမ်းသို့ တက်လှမ်းပိုင်ပိုင် ရောက်နိုင်ကြစေ ကုန်းသတည်း၊ ဤသို့ ဗုဒ္ဓမြတ်ဘုရားကဖြေကြားထုတ်ဖော်ဟောမိန့်တော်မူပေသည်၊

**အမြဲကုသိုလ်ရနေ။** ကျောင်းအာရာမ် (မြေ) လှူရသည့်ဒါန၊ ကျောင်းဆောက် လှူရသည့်ဒါန၊ ရေတွင်းရေကန် လှူဒါန်းရသည့်ဒါန၊ ဤဒါနများသည် ထာဝရကုသိုလ်ရနေသော ဒါနမျိုး ဖြစ်ပေသည်၊ ကျောင်းကြီး တကြိမ်ဆောက်လိုက်၍ ကုသိုလ်တကြိမ်တည်းသာ ရသည်မဟုတ်ပေ။

သဒ္ဒါပုညံ ပဝဍ္ဎတိ-အမြဲထာဝရ ကုသိုလ်ရနေသည်။

ယဒါယဒါသရတိ တဒါတဒါ ပဝဍ္ဎတိ-ဟိမိတို့ ဆောက်လှူထားသည့်ကျောင်းကြီးကို အာရုံပြု၍ အမှတ်ရနေတိုင်း နေတိုင်းကုသိုလ်တွေတိုးနေသည်။

"အော်-တို့ဘယ်မှာ တိုက်ကျောင်းကြီး ဆောက်ထားတယ်၊ ရေကန်ကြီးလှူထားတယ်၊ အဝီစိတွင်းကြီး တူးထားတယ်၊ စသည်ဖြင့် အောက်မေ့မိ သတိရမိတိုင်း အသစ်အသစ် ကုသိုလ်တွေဖြစ်ရှိ တိုးပွားနေပေသည်။

**နိဗဒ္ဓကုသိုလ်များ။** ဤကျောင်းအလှူ ရေတွင်း ရေကန် အလှူမျိုးကို နိဗဒ္ဓပုည-အမြဲတည်ထားသော ကုသိုလ် "နိဗဒ္ဓကုသိုလ်"

ဟုလည်း ဆိုရသည်၊ ဤကျောင်း ရေတွင်း ရေကန်တို့ကို နေ့စဉ် အမြဲမဟုတ်ပဲ တကြိမ်တခါသာ ခိုင်ခိုင်မာမာ ပြုထားရသော်လည်း "နောင်ပျက်လျှင်ပြင်မည်၊ နှစ်စဉ်ရေနံသုတ်မည်၊ ဆေးမှိန်လျှင် ဆေးထပ်သုတ်မည်" စသည်ဖြင့် စိတ်ထည်းတွင် အမြဲထား ရှိသောကြောင့် တကြိမ် ပြုထားလျှင်ပင် နိဗဒ္ဓကုသိုလ် ဖြစ်နိုင်ပေသည်၊ ဤနိဗဒ္ဓကုသိုလ်မျိုး ပြုလုပ်ထားသူ ကုသိုလ်ရှင်များသည် အပါယ်လေးပါးသို့ မကျရောက်နိုင်၊ လူ့ပြည် နတ်ပြည် ဟူသော သုဂတိမြဲ၍ သောတာပန်နှင့် အလားတူကြသည် ဟု အဆိုအမိန့် ရှိပေသည်၊ ယင်း ကုသိုလ်တို့မှာ "သရဏဂုဏ်သုံးတန်, သီလခံ၍, စာရေးတန်ဆွမ်း, ပက္ခဆွမ်းနှင့် သင်္ကန်းဝါဆို, မိန့်ဆိုထပ်လောင်း, ရေကန်-ကျောင်း, အပေါင်းနိဗဒ္ဓ ကုသိုလ်တည်း" တို့ပင် ဖြစ်ပေသည်။

ယေသံပန ကုလာနံ တီဏိသရဏာနိ ပဉ္စသီလာနိ ကောံ သလာကဘတ္တံ ကောံ ပက္ခိကဘတ္တံ ကောံ ဝဿာဝါသိကံ ကော ပေါက္ခရဏီ ကော အာဝါသောတိ ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္တိ၊ တေသံ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ အကြင်အမျိုးအိမ်၌ ရတနာသုံးပါးကို ယုံကြည်သော သရဏဂုဏ်နှင့် ငါးပါးသီလ တည်မြဲ၏၊ စာရေးတန်မဲချ၍ လှူအပ်သော သံဃိက ဆွမ်းဒါန တပက္ခတခါ လှူအပ်သော သံဃိက ဆွမ်းဒါနလည်း ရှိ၏၊ (မြန်မာတို့၌ကား နေ့စဉ် သံဃိက ဆွမ်း ဒါနပင် ရှိနေသည်)၊ ဝါဆိုသင်္ကန်း ဒါနရှိ၏၊ ရေတွင်း (သို့မဟုတ်) ရေကန်ဒါနလည်းရှိ၏၊ သံဃိက ကျောင်းဒါနလည်းရှိ၏၊ ထို

အမျိုးအိမ်သည် သောတာပန်နှင့်တူစွာ လားရာဂတိကောင်းတို့ သေချာ၏ (နဝကအင်္ဂုတ္တရ အဋ္ဌကထာ)။

ယေသံ နိဗဒ္ဓ ပုညာနိ၊ ဝေဠုပါနိ သာသနေ၊
နိဗဒ္ဓါ ဂတိ တေသံ၊ သောတပန္နာတိ ဘာသရေ။

ယေသံ-နောက်နောင်ဘဝ အကျိုးလှဖို့ တွေးဆမျှော်မြင် အကြင်သူတို့၏၊ သာသနေ-ဗုဒ္ဓမြတ်စွာ သာသနာပွင့်လင်း ယခုခေတ်အတွင်း၌၊ ဝေဠုပါနိ-ဘုရားတည်မှု ကျောင်းဆောက်မှု ဟုစုံပြားပြား ဤကဲ့သို့ အလားတူကုန်သော၊ နိဗဒ္ဓပုညာနိ-အမြဲနိစ္စ ကုသိုလ်ရဘို့ ယာဝရတည်ထား ကောင်းမှုများသည်၊ သန္တိ-နောင်သံသရာတွင် အကျိုးထင်ဘို့ အစဉ်မမှား အမြင်အားဖြင့် ထင်ရှားမထေ ရှိကြပေကုန်၏။

တေသံ-အမြဲနိစ္စ ကုသိုလ်ရဘို့ ထာဝရတည်ထား ထိုကောင်းမှုရှင်များတို့၏၊ ဂတိ- လူ့ရပ်နတ်ဌာန် ရောက်ဘို့ရန်ဟု ဖေါက်ပြန်မရှိ ကောင်းမြတ်သော ဂတိသည်၊ နိဗဒ္ဓါ-မြေကြီးလက်ခတ် မလွဲတတ်သို့ ဆက်ဆက်ပုံသေ ခိုင်မြဲလှပေ၏၊ သောတာပန္နာတိ-အပါယ်တံခါး တကယ်ပိတ်သွားသည့် မခြားတမူ သောတာပန်နှင့် အလားတူကုန်၏ဟူ၍၊ ဘာသရေ-အင်္ဂုတ္တရခေါ် မှန်း နိကာယ်ကျမ်း၌ ချီးမွမ်းထုတ်ဖော် ဟောမိန့်တော် မူကြပေကုန်သတည်း။

---

၁။ သံ-၁၊နှာ-၃၀၊သံ-၁-၄၊နှာ-၈၃
၂။ အံ-၄-၉၊နှာ-၂၆၅

# ကျောင်းအလှူ အပါအဝင် ဒါန ၆-မျိုး

နတ်သားတယောက်ကား ဗုဒ္ဓမြတ်စွာအား

(၁) အဘယ်ကိုပေးလှူသူသည် ဗလ(ခွန်အား)ကို ပေးလှူပါသနည်း။

(၂) အဘယ်ကိုပေးလှူသူသည် ဝဏ္ဏ (ရုပ်အဆင်း)ကို ပေးလှူပါသနည်း။

(၃) အဘယ်ကို ပေးလှူသူသည် သုခ(ကိုတ်စိက် နှစ်ဖြာချမ်းသာ)ကို ပေးလှူပါသနည်း။

(၄) အဘယ်ကိုပေးလှူသူသည် စက္ခု (မျက်စိ) ကို ပေးလှူပါသနည်း။

(၅) အဘယ်ကိုပေးလှူသူသည် အလုံးစုံကို ပေးလှူပါသနည်း။

(၆) အဘယ်ကိုပေးလှူသူသည် အမြိုက်နိဗ္ဗာန်ကိုပေးလှူပါသနည်း။

ဟုလျှောက်လာ၏၊ ထိုအခါ ဗုဒ္ဓမြတ်စွာကထိုနတ်သားအား....
အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ၊
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ၊
သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ၊
အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မ မနုသာသတိ။
တု ဖြေကြား ဟောမိန့်တော် မူပေသည်- (ဒေဝတာသံယုတ်
ပါဠိတော် နှာ-၂၉)

(၁) အန္နဒေါ ဗလဒေါ ဟောတိ-ရသာစုံမြွမ်း ဘော ဇဉ်ဆွမ်းကို ရှင်လန်းကြည်ဖြူ လှူဒါန်းသူသည် ကာယ ဉာဏ ဗလနှစ်ပါး ခွန်အားကိုလှူရာရောက် ပေသည်။
(အင်္ဂုတ္တိုရ်ပါဠိတော်၌မူ "အသက်ရှည် အဆင်းလှ ချမ်းသာကြီး ခွန်အားကြီး ဉာဏ်ပညာကြီးခြင်း" ဟုဆွမ်းအကျိုး ငါးမျိုးလာသည်)

(၂) ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ-အဝတ်သင်္ကန်း လှူဒါန်းသူသည် လှပ ကြော့ရှင်း ရွှေလို ဝင်းသည့် အဆင်းရူပကာ လှူရာရောက်ပေသည်။

(၃) ယာနဒေါ သုခဒေါ ဟောတိ-(သဘော် ရထား ကားနှင့် လေယာဉ်) ကုဋင် အိပ်ယာ ထမ်းပါ ဖိနပ် ယာဉ်အရပ်ရပ်ကို လှူဒါန်းသူသည် ကာယ စိတ္တ သုခနှစ်ဖြာ ချမ်းသာကို လှူရာ ရောက်ပေ သည်။

(၄) ဒီပဒေါ ဟောတိ စက္ခုဒေါ-ဖယောင်းတိုင် ဆီမီး လျှပ်စစ်မီးနှင့်ခေတ်မီး အဆူဆူ လှူဒါန်း သူသည် သန့်ရှင်းကြည်လင် အမြင်ထူးဘိ မျက်စိကို လှူရာ ရောက်ပေသည်။

(၅) သောစ သဗ္ဗဒဒေါ ဟောတိ ယော ဒဒါတိ ဥပ ဿယံ-ဇရပ် တန်ဆောင်း တိုက်ကျောင်း ပြသာဒ် အရပ်ရပ်သော ကျောင်းအလှူကို ကြည်ဖြူ ရွှင် လန်း လှူဒါန်းသူကား "အားနှင့်ရုပ်ဝ ါ ချမ်းသာ မျက်စိ" ရှိသမျှသမ်းကြုံး လေးမျိုးလုံးကို လှူရာ ရောက်ပေသည်။

(၆) အမတံဒ ဒေါစ သော ဟောတိ၊ ယောဓမ္မ မနု သာသတိ-ပါဠိအဋ္ဌကထာကျမ်းလာ ပိဋကတ်တရား မြတ်ကို ဟောကြာပို့ချ တရားပြလျက်(ဓမ္မသဘင် ဆင်ယင်ပေးသူ ဖိတ်ကြားသူကား (ဒုက္ခဆူဆူ အပူ ခပ်သိမ်းငြိမ်းရာအမှန် အမြိုက်နိဗ္ဗာန်ကို ကေန်ပေး လှူရာ ရောက်ပေသည်။

**ကျောင်းအလှူသည် အားလုံးကိုလှူရာရောက်။** ။ဤ ဒါန ခြောက်မျိုးတွင်လည်း ကျောင်းအလှူ ပါရှိပေသည်၊ အခြား ဆွမ်းစသောအလှူကိုလှူလျှင် ခွန်အားဗလစသော တမျိုးစီကို သာ လှူရာရောက်သော်လည်း ဤကျောင်းကို လှူသူကား "သော သဗ္ဗဒဒေါဟောတိ၊ ယောဒဒေါတိ ဥပဿယံ" ကို

ဆွမ်း သက်န်း ယာဉ် မီးတိုကို လှူရသကဲ့သို့ ဗလ (ခွန်အား) ဝဏ္ဏ(ရုပ်အဆင်း)သုခ(ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ)နှင့် စက္ခု (မျက်စိ)ဟူသော အလှူလေးမျိုးလုံးကို လှူရာရောက်သည်= ဟု ဟောမိန့်တော်မူပေသည်။ အလားတူပင်-သင္ဂြာ ယတနဝဂ္ဂ သံယုတ် အဋ္ဌကထာ၌— "အာဝါသ ဒါနသ္မိံ ဟိ ဒိန္နေ သဗ္ဗ ဒါနံ ဒိန္နမေဝ ဟောတိ-ကျောင်း အလှူကို လှူလျှင် ဒါန အားလုံးလှူပြီးဖြစ်တော့သည်"ဟု ဖွင့်ဆိုပေသည်၊ ထို့ကြောင့် ပင် "သံဃဿ-စာတုဒ္ဒိသာ အာဂတာ နာဂတ, ဘုရားသား ကောင်း, သံဃာတော် အပေါင်းအား၊ ဝိဟာရဒါန်-အသိ အလိမ္မာ ဥာဏ်ပညာနှင့် သဒ္ဓါကောင်းသူ ကျောင်းအလှူကို အဂ္ဂံ-ထိုထိုဒါန ဟူသမျှထက် ခေါင်ကလွှမ်းဖုံး၊ အသာဆုံးဟူ၍၊ ဗုဒ္ဓေန-ကြောင်းကျိုးစုံလင် အကုန်မြင်သည့် ရှင်ပင်ထွဋ်ထား မြတ်ဘုရားသည်၊ ဝဏ္ဏိတံ-သံယုတ္တ ခေါ်မှန်း နိကာယ်ကျမ်း၌ ချီးမွမ်းထုတ်ဖော် ဟောမိန့်တော်မူခဲ့ပေသတည်း"ဟု ဖော်ညွှန်း ခဲ့ပေသည်။

**ဂါထာနက်။** ။အန္နဒေါ-ရသာစုံမြွမ်း၊ ဘောဇဉ်ဆွမ်း ကို၊ရှင် လန်းကြည်ဖြူလှူဒါန်းသူသည် ဗလဒေါ-ကာလဥာယ ဗလနှစ်ပါး၊ ခွန်အားကို လှူရာရောက်သည်၊ ဟောတိ-မုချပုံသေ ဖြစ်ပါပေ၏။ ဝတ္တဒေါ- ဖလ်ရေတင်ဋွမ်း ငဝ်သက်န်၊ကို ရှင်လန်း ကြည်ဖြူ လှူဒါန်းသူသည်၊ ဝဏ္ဏဒေါ-လှပ ကြော့ရှင်း ရွှေလို ဝင်းသည့် အဆင်းရူပကာ လှူရာရောက်သည်၊ ဟောတိ- မုချ ပုံသေဖြစ်ပါပေ၏၊ ယာနဒေါ-အိပ်ယာကုဋ္ဌင် လေယာဉ်ရထား

သင်္ဘောကားနှင့် ထီးများ ဖိနပ် ယာဉ်အရပ်ရပ်ကို လှူဒါန်းသူ
သည်၊ သုခဒေါ-ကာယစိတ္တ သုခနှစ်ဖြာ ချမ်းသာကိုလှူရာရောက်
သည်၊ ဟောတိ-မုချပုံသေဖြစ်ပါပေ၏၊ ဒီပဒေါ- ပယောင်းထိုင်
ဆီမီး လျှပ်စစ်မီးနှင့်ဓာတ်မီးအဆူဆူ လှူဒါန်းသူသည်၊ စက္ခု
ဒေါ-သန့်ရှင်းကြည်လင် အမြင်ထူးဘိ မျက်စိကို လှူရာရောက်
သည်၊ ဟောတိ-မုချပုံသေ ဖြစ်ပါပေတော့သတည်း။

ယော-ဆရာမိဘ မိတ်ကောင်းရ၍ ဆုံးမနာယူ အကြင်
သူသည်၊ ဥပဿယံ-ဇရပ် တန်ဆောင်း တိုက်ကျောင်းပြာသာဒ်
အရပ်ရပ်သော ကျောင်းအလှူကို၊ ဒဒါတိ- သုံးတန် စေတနာ
ဝေဝေဆာလျက် သဒ္ဒါဖွေးဖြူ ပေးလှူပေ၏၊ သော စ—ထိုဇရပ်
တန်ဆောင်းတိုက်ကျောင်း ပြာသာဒ်အရပ်ရပ်ကိုလေးမြတ်ကြည်
ဖြူလှူဒါန်းသူသည်ကား၊ သဗ္ဗဒဒေါ-အားနှင့် ရုပ်ဝါချမ်းသာ
မျက်စိ ဂိုသမျှသိမ်းကြုံး အကုန်လုံးကို လှူရာ ရောက်သည်၊
ဟောတိ မုချပုံသေ ဖြစ်ပါပေ၏၊ ယော ပုဂ္ဂလော—ဓမ္မကထိက
စာပို့ချသည့် ဆုံးမသွန်သင် အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ-ပါဠိ
တဖြာ အဋ္ဌကထာစသား မြတ်တရားကို၊အနုသာသတိ=ဟော
ကြားပို့ချ တရားပြလျက် ဓမ္မသဘင် ဆင်ယင်ပေးဝေ ညွှန်ပြ
ပေ၏၊ သော-ထိုပါဠိတဖြာအဋ္ဌကထာ စသားမြတ်တရားကို ဟော
ကြားပို့ချတရားပြလျက် ဓမ္မသဘင် ဆင်ယင် ပေးဝေ ညွှန်ပြ
ပေးသောသူသည် အမတံ ဒဒေါ -ဒုက္ခအဆူဆူ အပူခပ်သိမ်း
ငြိမ်းရာအမှန် အမြိုက်နိဗ္ဗာန်အမှန်ကို ကောန်ပေးလှူရာ ရောက်
သည်၊ ဟောတိ-မုချပုံသေဖြစ်ပါပေတော့သတည်း။

**ဒါနခြောက်မျိုး၏အကျိုးများ။** ။ဤ "ဆွမ်းသင်္ကန်း ယာဉ်, မီးလျှင် ကျောင်းပြု, မြတ်ဓမ္မ, ဒါနလှူခြောက်မျိုး" ဟူသော ဒါနခြောက်မျိုး၏ အကျိုးများကိုမူ အကျယ်မပြလိုက်တော့ပါ၊ လင်္ကာဖြင့်ပင် သိနိုင်ပြီဖြစ်၍ မာန်လည်အရာတော် ဘုရားကြီး၏ မဃဒေဝလင်္ကာဖြင့်သာ ဖော်ပြလိုက်ပါသည်။

**မဃဒေဝလင်္ကာ။** ။(ခြောက်မျိုးဒါန အကျိုးပြသော်)အန္နဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လှူအာယု၊ မန္ဒာတုသို့၊ ရှည်မူလှံ့ပေါ်၊ သက်တန်းကျော်၏၊ တဘော်ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အတွင်းလှူတည့်၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့်၊ ပပဝတီ၊ နတ်တပြီသို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။

ဆီမီးအလှူ၊ မျက်ပိဟူရှင့်၊ ယာဉ်မူလှူသီး၊ ချမ်းသာကြီး၏၊ ခိုမှီးအာဝါ၊ သာယာရိပ်ချမ်း၊ ကျောင်းသင်္ခမ်းကား၊ ဆုံးကမ်းမရှိ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်ခဘ်အောင်၊ မဟာ္ဖလံ၊ ရှပ်ရဗန်တည့်၊ နက်တံသာရ၊ နုသာသဖြင့်၊ ဓမ္မတရား သူတပါးအား ဟောကြားပြသ၊ ဆုံးမတတ်သူ အမြိုက်ဟူသည် အလှူများမင်း အခေါင်ချင်းဟု၊ကျမ်းရင်း ဓမ္မစက်၊မိန့်တော်ထွက်သည့်၊တုဘက်မစံမခိုင်းတည်း။

**ဓမ္မဒါန(တရားအလှူ)။** ။အမတံ ဒဒေါစ သော ဟောတိ၊ ယောဓမ္မ မနုသာသတိ၊ ပါဠိတော် အဋ္ဌကထာစသော တရားကို

သင်ကြားပြသ ဟောပြောဆိုဆုံးမသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူရာရောက်သည်"ဟူသော စကား၏ အဓိပ္ပာယ်ကိုလည်း ကျောင်းလှူလျှင် ပိဋက သုံးပုံကိုပါ ကိုးကွယ်တတ်ကြသော ကျောင်းဒကာ ကျောင်းအမ ဗုဒ္ဓဘာသာဝင်တို့ သိရှိနားလည် ထားသင့်ကြပေသည်။ ပါဠိတော် အဋ္ဌကထာ စသည်တို့၌ လာသော နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြား ညွှန်ပြပို့ချသောအားဖြင့် ပေးလှူခြင်းသည် ဓမ္မဒါနမည်၏။

**အင်္ဂုတ္တရဋ္ဌကထာ**။ ။မ္မဒါနန္တိကုဓေကစ္စော အမတပ္ပတ္တိ ပဋိ ပဒံ ကထေတွာဒေတိ၊ ဣဒံ ဓမ္မဒါနံနာမ- ဤသာသနာတော် ဝယ် အမြိုက်နိဗ္ဗာန်ကို ဖြစ်ပေါ်စေ (ရစေ)နိုင်သော အကျင့် ကောင်းတို့ကို ဟောပြ၍ တရားကို ပေးလှူခြင်းသည် ဓမ္မဒါန မည်ပေသည်။ (ဤအလိုစာပေကျမ်းဂန် ပို့ချပေးနေသည့် စာချ ပုဂ္ဂိုလ်များ၊ ဓမ္မကထိကများမှ ဓမ္မဒါနကုသိုလ် ရနိုင်သည်။) (အံ-ဋ-၂၊ နှာ-၆၀)

သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။ ။

(၁) ဘုရားဟောဖော် တရားတော်ကို သူတပါးအား ညွှန် ကြားဆုံးမခြင်း၊

(၂) အဋ္ဌကထာကို ဟောပြောပို့ချခြင်း၊

(၃) ပိဋကသုံးပုံ ပါဠိတော်ကို ပို့ချရွတ်ဘတ် သရဇ္ဈာယ် ခြင်း၊

(၄) အမေးပုစ္ဆာကို ဖြေရှင်းပြခြင်း၊

(၇) သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောပြောခြင်း ကမ္မဋ္ဌာန်းပြခြင်း (အများတရားနာရန် တရားပွဲကျင်းပပေးခြင်း၊ ရဟန်းခံ ရှင်ပြု ဘုရားပွဲ ကျောင်းပွဲစသည်များ၌ ပရိတ်တရားတော်နာ ဖိတ်ကြားခြင်းများလည်း ပါဝင်နိုင်ပါသည်။)

(၈) တရားနာယူခြင်းဟု ဓမ္မဒါန ခြောက်မျိုးကို သံယုတ်အဋ္ဌကထာ၌ ဖွင့်ပြပေသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသည့်အတိုင်း ဒါနအားလုံးတွင် ဤ ဓမ္မဒါနသာ အမြတ်ဆုံးဖြစ်ပေသည်။

"ယော ဓမ္မံ အနုသာသတိ၊ အဋ္ဌကထံ ကထေတိ၊ ပါဠိံ ဝါစေတိ ပုစ္ဆိတပဉှံ ဝိသဇ္ဇေတိ၊ ကမ္မဋ္ဌာနံ အာစိက္ခတိ၊ ဓမ္မဿဝနံ ကရောတိ၊ သဗ္ဗောပေသ ဓမ္မံ အနုသာသတိနာမ — ဘုရားဟောဖော် တရားတော်ကို ဟောကြားညွှန်ပြ ဆိုဆုံးမသူ၊ အဋ္ဌကထာကို ဟောကြားပို့ချသူ၊ ပိဋကသုံးပုံ ပါဠိတော်ကို ပို့ချသင်ပြသူ၊ အမေးပုစ္ဆာကို ဖြေရှင်းပြသူ၊ ကမ္မဋ္ဌာန်းတရားကို ဟောကြားပြသသူ၊တရားနာသူ၊ဤပုဂ္ဂိုလ်အားလုံးသည်"ဓမ္မံအနုသာသတိနာမ—တရားတော်ကို ဟောကြား ညွှန်ပြဆိုဆုံးမသူ၊ဝါ တရားအလှူကို ပေးလှူသူ မည်ပေသည်။
(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။ နှာ-၇၉။)

•

ဣတိဝုတ်အဋ္ဌကထာ။ ။လောကီအကျိုးပြ၍ တရားဟောခြင်းသည် လောကီယဓမ္မဒါန သစ္စာလေးသွယ်"သိ-ပယ်—ဆိုက်-ပွား" လေးပါးကိစ္စကို ထင်ရှားပြလျက် နိဗ္ဗာန်ရောက်ကြောင်း သစ္စာ

လေးပါးတရား ဟောကြားခြင်းသည် သိခါပတ္တ ဓမ္မဒါန-အထွဋ်အထိပ်ရောက် လောကုတ္တရာ ဓမ္မဒါန မည်ပေသည်ဟု ဖွင့်ဆိုထားလည်း။

"ကုသလာကုသလ ကမ္မပထေ ဝိဘဇန္တော ကမ္မဝိပါကေ လူလောက ပရလောက ဒဿေန္တောဝိယ ပါကရောန္တော-ပစ္စုပ္ပန်လောက တမလွန်လောကတို့ကို ထင်ရှားပြသကဲ့သို့ ကံ၏ အကျိုးတရားတို့ကို ထင်ရှားအောင်ပြုလျက်) အကုသလေဟိ ဓမ္မေဟိနိဝတ္တာပေန္တော ကုသလေ—ဓမ္မေပတိဋ္ဌာပေန္တော ဓမ္မံ ဒေသေတိ၊ လူဒံ လောကိယဓမ္မဒါနံ နာမ။

ယောပန လူမေဓမ္မာ အဘိညေယျာ လူမေဓမ္မာ ပရိညေယျာ လူမေဓမ္မာ ပဟာတဗ္ဗာ လူမေဓမ္မာသစ္ဆိကာတဗ္ဗာ, လူမေဓမ္မာဘာဝေတဗ္ဗာတိ သစ္စာနိ ဝိဘာဝေန္တော (သိ-ပယ်—ဆိုက်-ပွား လေးပါးကိစ္စကို ပြုထိုက်သည်ဟု သစ္စာတို့ကို တင်ပြလျက်)အမတာဓိဂမံဓမ္မံ (အမြိုက်နိဗ္ဗာန် ရနိုင်လောက်သောတရားကို) ဒေသေတိ၊ လူဒံ သိခါပတ္တဓမ္မဒါနံနာမ။ (လူတိဝုတ်အဋ္ဌကထာ)

**ဒါနဝတ္ထုလှူလျှင် ဓမ္မဒါနပင်။** ။ဘုရားဟောဖော် တရားတော်အား ဒါနဝတ္ထု တခုခုကို သဒ္ဓါကြည်ဖြူ ပေးလှူပူဇော်ခြင်းသည်လည်း ဓမ္မဒါနပင်မည်ပေသည်။ တရားတော်အား ဒါနဝတ္ထုကို ပေးလှူရာ၌ တရားတော်မြတ်အား တိုက်ရိုက်ပေးလှူခြင်း, တရားတော်အား တိုက်ရိုက်ပေးလှူခြင်း မဟုတ်ပဲ တရားတော်ကို ရည်မှန်း၍၊ ဓမ္မဓရ တရားကို ဆောင်သော

(ဟောကြားပို့ချ သင်ယူသော)ဓမ္မကထိက စာချစာသင်ပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းဟု နှစ်မျိုးရှိသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ တရားတော်အား ဒါနဝတ္ထုတခုခုကို လှူဒါန်းပူဇော်လျှင် တရားတော်အား တိုက်ရိုက်ပူဇော်သည့် ဓမ္မဒါနဖြစ်သည်။ တရားတော်အား ပူဇော်မည်အမှတ်ဖြင့် တရားတော်ကို ဟောပြသည့် ဓမ္မကထိက၊ ပိဋကစာပေပို့ချသင်ပြသည့် စာချဆရာ သင်ယူကျက်မှတ်နေကြသည့် စာဘင်သားတို့အား တစုံတခု ဒါနဝတ္ထုကို ပေးလှူခြင်းသည်လည်း တရားတော်အား ရည်မှန်း၍ ပူဇော်ခြင်းဖြစ်၍ ဓမ္မဒါနပင်မည်ပေသည်။ ထို့ပြင်လည်း "မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်များအဓွန့်ရှည်စွာတည်ပါစေ" ဟူသောဆန္ဒဖြင့် ပိဋကသုံးပုံ(စာအုပ်များ)ပူဇော်ခြင်း အဖိုးအခပေး၍ကျောက်ထက်အက္ခရာရေးထွင်းစေခြင်း၊ ပိဋကတ်တိုက် စာတိုက် ဘိရိ သေတ္တာ စသည်များကို ပူဇော်ခြင်းသည်လည်း "ဓမ္မံ စိရဋ္ဌိတိကံ ကရောန္တာ–တရားတော်ကို အဓွန့်ရှည်စွာတည်တန့်အောင် ပြုသည်မည်ရကား ဓမ္မဒါန ကုသိုလ်ပင် ဖြစ်ပေသည်။

"ဓမ္မဿပူဇေဿာမီတိ ဓမ္မဓရေဘိက္ခူ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာဓမ္မံ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မဒါနံ ဒဒန္တိ နာမ-တရားတော်အား ပူဇော်မည်အမှတ်ဖြင့် တရားကိုဆောင်ကြသည့် ဓမ္မဓရ ဓမ္မကထိက စာချ,စာသင်အရှင်တို့အား ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုစု၍ ပူဇော်ကြလျှင်၊ တရားတော်မြတ် အရှည်ခံ၍ တည်တံ့အောင် ပြုကြလျှင် တရားတော်အား ပေးလှူပူဇော်ရာရောက်ပေသည်။(အင်္ဂုတ္တရဋ္ဌကထာ)

**ဓမ္မဒါနဖြစ်အောင်လှူ။** ။သို့ဖြစ်၍ ဓမ္မဒါနကုသိုလ်ကို လိုလားသူသည် အောက်ထစ်ဆုံးအားဖြင့် မိမိအိမ်သို့ ဆွမ်းခံကြွလာသော သာမဏေငယ်ကလေးအားပင် "ဤကိုရင်လေးသည် မင်္ဂလသုတ်စသည့်ဘုရားဟော တရားတော်ကို သင်ဆောင်ကျက်မှတ်နေပေသည်"ဟု မင်္ဂလသုတ် တရားတော်ကို ပူဇော်သည့်အနေအားဖြင့် ဆွမ်းတဇွန်းဟင်းတခွက်၊ ခဲတန်တချောင်း, စာတအုပ်လှူလိုက်ရလျှင်ပင် ဓမ္မဒါနဖြစ်ပေသည်၊ သာမဏေအမှတ်ဖြင့်လှူလျှင်ကား ဓမ္မဒါနမဖြစ်၊ ပုဂ္ဂလိက ဒါနသာ ဖြစ်ပေသည်။ (တရားတော်ကို ရည်မှန်း၍ လှူဒါန်းသော ပစ္စည်းကို ဓမ္မဓရပုဂ္ဂိုလ်များ သုံးဆောင်ကောင်းသည်ဟု ဝိနည်းဋီကာဆရာမြတ်တို့အဆိုအမိန့်ရှိပေသည်။)

**တိုက်တွန်းချက်။** ။ထို့ကြောင့် ကျောင်းဒကာ ကျောင်းအမ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မင်္ဂလာဖိုလ်နိဗ္ဗာန် ကိုရည်သန်တောင့်တလျက် စေတီတော် လေးပါးတွင် "ဓမ္မစေတီတော်" အဖြစ်အပါအဝင် ဖြစ်၍ ရှိသမျှ ဒါနမျိုးတွင် အမြတ်ဆုံးဖြစ်သော ဓမ္မဒါနကိုလည်း ပြုလုပ်သင့်ကြပေသည်၊ ဗုဒ္ဓပါဝစနပိဋကတ်တော် ဓမ္မတို့ကို ဟောပြော ပို့ချသင်ယူနေကြသော ဓမ္မကထိက စာချ စာသင် အရှင်တို့အား ဒါနဝတ္ထုလှူဒါန်းခြင်း၊ ပိဋကတ်သုံးပုံပူဇော်ခြင်း၊ ပိဋကတ်တိုက် စာတိုက် ဘီရို စသည်တို့ကိုလှူဒါန်းပူဇော်ခြင်းတို့ဖြင့် ဓမ္မဋ္ဌိတိကံ ကရောန္တု-တရားတော်မြတ် အခွန့်ရှည်စွာ တည်တံ့အောင် ပြုလုပ်နိုင်ကြပါစေသတည်း။

---

# အသက်ရှည်ကြောင်း ကောင်းမှု ၆-မျိုး

**ကျောင်းအလှူသည် အသက်လည်းရှည်။** ။မဟာဝင်ကျမ်း၌ အသက်ရှည်ကြောင်း ကောင်းမှု ခြောက်မျိုးကို ပြထားသည်။ ထိုအသက်ရှည်ကြောင်း ကောင်းမှု ခြောက်မျိုးတွင် ကျောင်းအလှူလည်း ပါဝင်သဖြင့် ထိုကောင်းမှုခြောက်မျိုးကို ဖော်ပြပါဦးမည်၊ သီဟိုဠ်ကျွန်းဝယ် ဝသဘမင်း၏ ခမည်းတော် မင်းကြီးသည် သားတော်ဝသဘမင်းသားလေး ဖွားမြင်စက ပုဏ္ဏားတော်များကို သားတော်လေး၏ ဘုန်းကံသတ္တိရှိ-မရှိ ဇာတာတော်ကို အစစ်ဆေး အတွက်ချက်ခိုင်းလေသည်၊ ပုဏ္ဏားတော်များသည် (၁၂)နှစ်မျှသာ တွက်ချက်စစ်ဆေးရသဖြင့် "သားတော်လေးသည် ဘုန်းသမ္ဘာကြီးသော်လည်း သက်တော် (၁၂) နှစ်မျှသာ တွက်ချက်၍ရကြောင်း"ကိုသံတော်ဦးတင်ကြသည်၊ မင်းကြီးသည်ရဟန္တာအရှင်မြတ်များကိုပင့်၍ 'သားတော်လေး၏ အသက်ရှည်ရာရှည်ကြောင်း' ကို မေးမြန်း လျှောက်ထားလေသည်။ အရှင်မြတ်များက "အသက်ရှည်ကြောင်း ကောင်းမှု

ခြောက်မျိုးရှိသည်၊ ထိုကောင်းမှုများ ပြုလုပ်က အသက်ရှည်နိုင်သည်၊ ထိုကောင်းမှု ခြောက်မျိုးမှာ....

(၁) ရေစစ်အလှူ(ပဝါရေစစ်-ဓမ္မကရိုဏ်ရေစစ်အလှူ)
(၂) လိုဏ်ဂူပြာသာဒ်ဇရပ်တန်ဆောင်း တိုက်ကျောင်းအလှူ
(၃) ဆေးပစ္စည်းအလှူ
(၄) ဇရပ်တန်ဆောင်း ကျောင်းဟောင်း ကျောင်းပျက် ပြုပြင်မှုအလှူ
(၅) ငါးပါးသီလ စောင့်ထိန်းခြင်း
(၆) ဥပုသ်နေ့များတွင် ဥပုသ်သီလ စောင့်ထိန်းခြင်းတို့ ဖြစ်သည်။

ဤကောင်းမှုခြောက်မျိုးကို ပြုလုပ်က အသက်ရှည်နိုင်ပေသည် ဟု မိန့်ကြားတော်မူကြသည်။

ခမည်းတော် မယ်တော်တို့လည်း သားတော်လေးအတွက် ကောင်းမှု ခြောက်မျိုးကို ပြုလုပ်ပေးကြသည်။ သားတော်လေး အရွယ်ရောက်လာသည့်အခါတွင်လည်း သားတော်လေး ကို ကိုယ်တိုင်ပြုလုပ်စေကြသည်။ သားတော် ဝသဘမင်းသည် ပုဏ္ဏားတော်များတွက်ကိန်းအရ (၁၂)နှစ်မျှသာ အသက်ရှည်စရာ ရှိသော်လည်း အသက်ရှည်ကြောင်း ကောင်းမှုခြောက်မျိုးကို ပြုလုပ်သဖြင့် အသက်လေးဆယ်ကျော်အောင် နန်းစံသွားရလေသည်။

## ဒါန ၆-မျိုးပြဂါထာ

ပရိဿာဝန ဒါနဉ္စ၊ အာဝါသ ဒါနမေဝစ၊
ဂိလာန ဝတ္ထုံ ဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ၊
ကရေယျ ဗိဏ္ဏကာဝါသ၊ ပင်္ဂိသန်္ဓရဏံ တထာ၊
ပဉ္စသီလသမာဒါနံ၊ ကတွာ တံ သာဓုရက္ခိတံ၊
ဥပေါသထော ပဝါသောစ၊ ကာဗ္ဗော ပေါသထေ ဣတိ။

ဤဒါနခြောက်မျိုးကို မာန်လည် ဆရာတော်ဘုရားကြီးက မာဃဒေဝ လင်္ကာ၌ "မှတ်ဆောင်တဆစ်၊ရေစစ်-ဆေး-ကျောင်း၊ အဟောင်းပြုပြင်၊ပဉ္စင်အဌ၊ သီလမည်သာ၊ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တမျိုးတည့်၊ အားကြိုးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဌ၊ ဤဘဝ၌၊ သုခပွားစည်၊ စည်းစိမ်တည့်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မပြီးအောင်၊ ဝဲချီးလူ့ဘောင် ဘဝနှောင်လည်း၊ အခေါင်မိမိုင်း၊ တုမဲ့နိုင်းသည်၊ ဖြစ်တိုင်း ကျော်ရမည်ကိုကား" ဟု ဖွဲ့ဆိုထားပေသည်။ ။

# အရှင်ဗာကုလထေရ်
# (ရှေးကျောင်းဒကာ)

**ကဿပဘုရားရှင်လက်ထက်။** ။အရှင်ဗာကုလထေရ်သည်လည်း ကဿပဘုရားရှင်လက်ထက်တော်က ကျောင်းအို ကျောင်းပျက်ကို ပြုပြင်လှူဒါန်းခဲ့သဖြင့် ဤသာသနာတော်တွင် အသက်အရှည်ဆုံး သက်တော်တရာ့ခြောက်ဆယ်အထိ နေသွားရသည့် ပုဂ္ဂိုလ်ထူးဖြစ်ပေသည်၊ ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် အရှင်ဗာကုလထေရ် အလောင်းသည် သူ၏အိမ်ကို ပြင်ဖို့အတွက် လိုအပ်သည့် သစ်များကို ခုတ်ယူရန် လက်သမားများကို ခေါ်၍ တောသို့သွားခဲ့သည်၊ လမ်းတွင် ကျောင်းများပြိုပျက်နေသော ကျောင်းတိုက်ကြီးကို တွေ့ရသည်၊ ‘ငါ့အိမ်ပြင်တာက ဒီဘဝ အတွက်သာ ဖြစ်သည်၊ အိမ်ကြီးက ငါ့နောက်လိုက်ပါလာမည်မဟုတ်၊ ဒီကျောင်းအိုကြီးပြင်လိုက်လျှင် ငါ့မှာ ဘဝများစွာ အကျိုးရလိမ့်မည်၊ ငါ့နောက်လိုက်ပါမည့်

ဒီကျောင်းအိုကြီး ပြုပြင်မှု ကုသိုလ်အလုပ်ကိုပဲ လုပ်တော့မည်’ ဟု စဉ်းစား၍ ခုတ်ယူလာသည့် သစ်များဖြင့် ကျောင်းအိုကြီးကို ပြင်လေသည်၊ ဥပုသ်ကျောင်း ဆွမ်းစားကျောင်း မီးဖိုဆောင် စင်္ကြံကျောင်း ချေးဇရုံးအိမ် ကပ္ပိယကုဋိကျောင်း ကျင်ကြီးအိမ် (ရေလောင်းကုဋိ) ဆေးကျောင်း (ဆေးကုရန် ဂိလာနရဟန်းများ နေရာကျောင်း) တို့ကိုလည်း ဆောက်လုပ်လှူဒါန်းလေသည်၊ စာပွဲကုလားထိုင်စသော ကျောင်းအသုံးအဆောင်နှင့် ဆေးပစ္စည်းတို့ကိုလည်း အပြည့်အစုံ လှူဒါန်းလေသည်။

**ဘုရားရှင်နှစ်ဆူတို့၏လက်ထက်**။ ။အနောမဒဿီဘုရားရှင်၏ လက်ထက်တော်ကလည်း အရှင်ဗာကုလအလောင်းဘုရားရှင်၏ လေနာရောဂါကို သူ၏ဆေးဖြင့် ကုသပေး၍ ‘ဖြစ်လေရာရာဘဝတိုင်းမှာ ချေဆပ်သော ရောဂါကလေးမျှပင် မရှိသည့်ကိုယ်ဖြစ်ရပါလို၏’ ဟု ဆုတောင်းခဲ့သည်၊ ဝိပဿီဘုရားရှင်၏လက်ထက်တော်ကလည်း ဘုရားရှင်၏တပည့်သား သံဃာတော်များတွင် အဆိပ်ရှိသော အပင်ကိုဖြတ်၍တိုက်လာသောအဆိပ်ရွက်အဆိပ်ပွင့် အဆိပ်သီး အနံ့လေးကို ရှူရှိုက်မိကြသဖြင့် ခေါင်းကိုက်ရောဂါဖြစ်ပေါ် စွဲကပ်လာသည်၊ ထိုရောဂါကို ပျောက်ကင်းအောင် အရှင်ဗာကုလအလောင်းသည် ဆေးကုသပေးခဲ့သည်၊ ဤကုသိုလ်တို့၏ အကျိုးဆက်များကြောင့် အရှင်ဗာကုလဘဝတွင် ‘အနာမဲ့သူ ရှင်ဗာကူ’ ဟု ကျော်ကြား၍ အသက်တရာ့ခြောက်ဆယ်တိုင်အောင် ရှည်လေသည်။

ဤဘုရားရှင်လက်ထက်။ ။ဤဘုရားရှင်လက်ထက် ဗာကုလ ဘဝ မွေးပြီးစ ရက်သားကလေးအခိုက်တွင် ငါးကြီးအမျိုခံရသော်လည်း ကျောင်းအိုကြီးပြုပြင်ခဲ့သည့် ကုသိုလ်ကြောင့် အသက်မသေ၊ ငါးကြီး၏ဝမ်းထည်းတွင် သက်သောင့်သက်သာ ချမ်းချမ်းသာသာ နေခဲ့ရလေသည်၊ထိုစဉ်က 'မွေးဖွားစကလေးများသည် ယမုနာ မြစ်တွင် ရေချိုးရလျှင် ရောဂါကင်းရှင်းသည်' ဟု အဆိုရှိလေသည်၊ သို့ဖြစ်၍ ဗာကုလကလေးကိုလည်း ရောဂါကင်းဝေးစေရန် ရေချိုးပေးကြလေသည်၊ အထိန်းတော်က မြုပ်လိုက် ဖော်လိုက် ရေချိုးပေးနေစဉ် ငါးကြီးက အစာထင်မှတ်၍ ဟပ်သွားသဖြင့် ငါးကြီး၏ ဝမ်းထည်းပါသွားလေသည်၊ ထိုသို့ ပါသွားသော်လည်း ဗာကုလအလောင်းသူငယ်သည် ကျောင်းအိုကြီးကိုပြုပြင်ခဲ့သော ဘုန်းရှင် ကံရှင် ကုသိုလ်ရှင် ဖြစ်သောကြောင့် အနည်းငယ်မျှ ဆင်းရဲခြင်း မရှိပေ၊ ကော်ဇော ကတီပါ ဖုံမွေ့ယာ ခင်းထားသည့် အိပ်ရာပေါ်တွင် နေရသကဲ့သို့ ချမ်းချမ်းသာသာ နေရလေသည်။

'ကျောင်းဒကာ ကျောင်းအမများသည် ဘဝသံသရာတွင် ပဋိသန္ဓေ နေကြရသော် အမိဝမ်းသည် ကျဉ်းမြောင်းခြင်း မရှိ၊ တစ်ဆယ့်နှစ်တောင် ကျယ်ဝန်းသည့် တိုက်ခန်းတွင် နေရသကဲ့သို့ ချောင်ချိသက်သာစွာ နေကြရသည့် အကျိုးထူးကို ရရှိနိုင်သည် ဟူသည့် သံယုတ်အဋ္ဌကထာ အဆိုအမိန့်အတိုင်းပင် အရှင်ဗာကုလ အလောင်းသူငယ်လေးသည် ကျောင်းပြင်,ကျောင်းလှူခဲ့ရသည့် အကျိုးကို ရရှိခံစားရလေသည်။

ဤသို့လျှင် ကျောင်းဒကာ ကျောင်းအမများသည် သာသနာတော်၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် ကျောင်းဆောက်လှူဒါန်းကြရသဖြင့် ပဋိသန္ဓေနေသည့်အခါများတွင် တစ်ဆယ့်နှစ်တောင်ကျယ်သည့် တိုက်ခန်းတွင် နေရသကဲ့သို့ အမိဝမ်းတွင် ချမ်းချမ်းသာသာ နေရသည့်အကျိုး၊ အရှင်ဗာကုလထေရ်ဝသဘမင်းတို့ကဲ့သို့ အသက်ရှည်ခြင်း အကျိုးများကို မုချရနိုင်ကြပေသည်။

---

၁။ အံ-ဋ္ဌ-၁၊ နှာ-၂၃၀

၂။ အပဒါန ဋ္ဌ-၂၊နှာ-ဋ္ဌ၂၀၃

၃။ ထေရ-ဋ္ဌ-၁၊ နှာ-၄၃၉

၄။ မ-ဋ္ဌ-၄၊ နှာ-၁၃၅

၅။ ပဋိသံ-ဋ္ဌ-၂၊ နှာ-၂၇၉

# သာကီဝင် မင်းတို့အား ဟောထားသော ကျောင်းအကျိုးများ

**လှုတ်တော်ရုံးအဆောက်ဦကြီး။** ။အခါတပါး၀ယ် ဗုဒ္ဓမြတ်စွာသည် မေ့ရပ်ဌာနီ ကပ္ပိလဝတ်ပြည်တော်၌ ဆွေတော်မျိုးတော်များ ဆောက်လုပ် လှူဒါန်းထားသည့် နိဂြောဓာရုံ ကျောင်းကိုက်၌ သီတင်းသုံးစံနေတော်မူသည်၊ ထိုအချိန်တွင် သာကီဝင်မင်းတို့၏ လွှတ်တော် အဆောက်အဦ ကြီးမှာ ဆောက်လုပ်ပြီးစဖြစ်သည်၊ ထိုအဆောက်အဦသစ်ကွင် လူသားထည်းက တဦးတယောက်မျှ မနေဘူးသေးချေ၊ (နတ်များကား အဆောက်အဦသစ်နေရာ သတ်မှတ်ချိန်ကပင် အသီးသီးမှတ်ယူ နေကြပြီးဖြစ်သည်။) သာကီဝင်မင်းတို့သည် လွှတ်တော် အဆောက်အဦကြီး ပြီးစီးပြီကို သိရှိ၍ သွားရောက်ကြည့်ရှုကြသည်။

**ရတနာသုံးပါး ဦးထိပ်ထား။** ။ဤလွှတ်တော်ကြီးသည် စိတ်၏ကြည်နူး ချမ်းမြေ့မွေ့ပျော်ဘွယ်ကောင်းလှသည်၊ ကျက်သရေ

မင်္ဂလာရှိလှပေသည်၊ ဤလှူတော်ကြီးကို တို့၏ဆွေတော် မျိုးတော်ထည်းက အမြတ်ဆုံးပုဂ္ဂိုလ်အား ဦးဦးဖျားဖျား ပေးမည်ဆိုလျှင် ဘုရားရှင်နှင့်သာ အသင့်တော်ဆုံးဖြစ်ပေသည်၊ ဒက္ခိဏေယျ-မြတ်သော အလှူခံပုဂ္ဂိုလ် အနေအားဖြင့် လှူမည်ဆိုလျှင်လည်း ဘုရားရှင်နှင့်သာ အထိုက်တန်ဆုံး ဖြစ်ပေသည်၊ သို့ဖြစ်၍ ဘုရားရှင်ကိုသာ ဦးဦးဖျားဖျား သုံးဆောင်စေကြမည်၊ ရဟန်းသံဃာတော်ကိုလည်း ပင့်ကြမည်၊ ရဟန်းသံဃာတော်များ ကြွလာလျှင် ပိဋကသုံးပုံတရားတော်အစုံလည်း ကြွလာပြီးဖြစ်လိမ့်မည်၊ ဘုရားရှင်ကိုလည်း တညလုံး တရားဟောဖို့လျှောက်ထားကြမည်၊ ဤကဲ့သို့ ရတနာသုံးပါးသုံးဆောင်ပြီးမှ တို့များသုံးလျှင် တို့၏ အရှည်သဖြင့် ကြီးပွားရေး ချမ်းသာရေးဖြစ်လိမ့်မည်''ဟု တိုင်ပင် ဆုံးဖြတ်ကြသည်။

**ကျောင်းအဖြစ် သိတင်းသုံးရန်။** ။ထိုသို့ ဆုံးဖြတ်ကြပြီးလျှင် ဘုရားရှင်ထံသွားရောက်၍လျှောက်ထားကြသည်၊ 'သာကီဝင်မင်းတို့၏ အသစ်ဆောက် လုပ်ပြီး ဖြစ်၍ လူသား ထည်းက တဦးတယောက်မျှ မနေရသေးသည့် လှူတော် အဆောက်အဦကြီးကို ဦးဦးဖျားဖျား ရှင်တော်ဘုရား သုံးဆောင်တော်မူပါရန်၊ အရှင်ဘုရားသုံးပြီးမှ သာကီဝင်မင်းတို့ သုံးကြမည်ဖြစ်ပါကြောင်းနှင့်ထိုသို့ရှင်တော်ဘုရားဦးဦးဖျားဖျားသုံးတော်မူခြင်းသည် သာကီဝင်မင်းတို့၏ အရှည်ကြီးပွားရေး ချမ်းသာရေးပင် ဖြစ်ပါကြောင်းတို့ကို လျှောက်ထား ပင့်ဆောင်ကြလေသည်။

**လွှတ်တော်အတွင်းအပြည့်ခင်း။** ။ဘုရားရှင်လက်ခံတော်မူလိုက်သဖြင့်သာကီဝင်မင်းတို့သည် ကျောင်းတော်မှ ပြန်ခဲ့ကြ၍ လွှတ်တော်ရုံးကြီးတခုလုံး ရှင်းလင်းခင်းကျင်းကြသည်၊ ခင်းကျင်းကြပုံမှာ အစပထမတွင် (ကုလားများ၏အယူအဆအတိုင်း) 'နွားချေးဆိုတာမင်္ဂလာကိစ္စတိုင်းတွင် သင့်မြတ်သည်'ဟု ယူဆကာ အင်္ဂတေ ခင်းထားသည့် သမံတလင်းပေါ်တွင် နွားချေးအစိုသုတ်လိမ်း၍ ခြောက်လျှင် နင်းရာအရပ်တွင် ခြေရာထင်လောက်အောင်နံ့သာလေးမျိုးဖြင့် လိမ်းကျံကြသည်၊ထို့နောက် အပေါ်မှ အရောင်မျိုးစုံဖျာများကို ခင်း၍ ထိုအပေါ်မှ ကော်ဇောကြီးစသည့် ဆန်းကြယ်သော အခင်းမျိုးစုံကို နေရာအပြည့်ခင်းကြသည်၊ ရေပြည့်အိုးကြီးများကိုလည်း တည်ထားကြသည်၊ မီးများကိုလည်း ညှိထွန်းကြသည်။

ကပိလဝတ်မြို့တော်၏ လမ်းမတော်ကြီးများကိုလည်း လှည်းကျင်းသုတ်သင်၍ တံခွန်အလံများ လွှင့်ထူထားကြသည်၊ အိမ်တိုင်းအိမ်တိုင်း၏ ရှေ့တွင်လည်း ရေပြည့်အိုးနှင့် ငှက်ပျောပင်များထားရှိကြသည်၊ မီးများကိုလည်း ညှိထွန်းကြသည်၊ နို့စို့အရွယ် ကလေးငယ်များကို နို့တိုက်ထားကြ၊ တို့ထက် ကြီးသော ကလေးသူငယ်တို့ကို ထမင်းကျွေး၍ စောစောလုပ်ထားကြ၊ မဆူညံကြစေနှင့်၊ ဗုဒ္ဓမြတ်စွာသည် ယနေ့ည မြို့တွင်းမှာ သီတင်းသုံးတော်မူလိမ့်မည်၊ ဘုရားရှင်တို့သည် တိတ်ဆိတ်ခြင်းကို နှစ်သက်တော်မူကြသည်''ဟုလည်း ကြေညာထားကြသည်။

**လွှတ်တော်သို့ပင့်ဆောင်ကြပြီ။** ။အားလုံး ပြင်ဆင်ပြီးသော အခါ သာကီဝင်မင်းတို့သည် မီးတုတ်ကြီးများ ကိုင်ဆောင်၍

ဗုဒ္ဓမြတ်စွာကို ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်း လွှတ်တော်အဆောက်အဦးသစ်သို့ (ကျောင်းတော် အဖြစ် သီတင်းသုံးတော်မူရန်) ပင့်ဆောင်ကြသည်၊ ဗုဒ္ဓ မြတ်စွာသည်လည်း နောက်ပါ ရဟန်းတော်များခြံရံ၍ရောင်ခြည်တော်ခြောက်သွယ် တို့ကို လွှတ်တော်မူလျက် ထူးထူးခြားခြား သားနားသပ္ပာယ် ကြည်ညိုသွယ် ကြွတော်မူသည်။

**ရောင်ခြည်တော်ဘွဲ့။** ။ကျွန်ုပ်နေရာ၌အဌကထာဆရာသည်ဥပမာ ဥပမေယျများဖြင့် သားသားနားနား ဖွင့်ပြထားသည်၊ "ဗုဒ္ဓမြတ်စွာသည် ရှေးဦးမှရောင်ခြည်တော်များ လွှတ်တော်မူလျက် သံဃာတော်များက နောက်တော်ပါးမှ တတန်းကြီး ကပိလဝတ်မြို့တော်တွင်းသို့ ကြွတော်မူနေကြပုံ၊ သက်တော်ထင်ရှား ဘုရားရှင်၏ ထက်ဝန်းကျင်ဝယ် အလွန် ကြည်နူးဘွယ်ကောင်းသော ရောင်ခြည်တော် ခြောက်သွယ်တို့၏ စပ္ပါယ် ကွန့်မြူးနေပုံတို့ကို စိတ်ကူးဉာဏ်ဖြင့် မှန်းဆ၍၊ ရောင်ခြည်တော်များ ထွက်တော်မူနေပုံကိုထင်ယောင် မြင်ယောင် ဖြစ်လာအောင် အာရုံပြု၍ ကြည်ညိုသဒ္ဓါပိုနိုင်ကြစေရန် ကျေးဇူးရှင်ဆရာတော်ဘုရား၏"ရောင်ခြည်တော်ဘွဲ့"ဂါထာကို တင်ပြလိုက်ပါသည်။

နီလာယော နီလဌာနမှာ၊ ပီတော ဒါတာစ လောဟိတာ၊

တမှာ တမှာစ မဥ္ဇိဋ္ဌာ၊ နိက္ခမိံသု ပဘဿရာ။

ယဿာဘဂဝတော-အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ နီလဌာနမှာ-ဆံမုတ်ဆိတ်တော် မျက်နှာတော်မှ

စ၍ထိုထို ညိုရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော် အစိတ်စိတ်မှ၊ နီလာယော-နီလာရွှဲညိုဖဲအညိုနှင့် ကြာညိုပွင့်ချပ် မြညိုယပ်သို့ လျှပ်လျှပ်စိုပြောင် ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ နိက္ခမ်ံသု-ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူး တော်မူကြလေကုန်ပြီ၊ ပီတဌာနမှာ-ကိုယ်အရေတော် မျက်လုံး တော်မှ စ၍ ထွေထွေ ရွှေရောင်ဖိတ်ဖိတ် ကိုက်အင်္ဂါတော်အစိတ်· အစိတ်မှ၊ ပီတာဝဇ ရွှေနှစ်သိင်္ဂီ-ရွှေအထည်နှင့် ရွှေရည်ယာဉ်သန်း ရွှေစင်ပန်းသို့ လျှမ်းလျှန်းထိန်ဝေ ဝါရွှေသောရောင်ခြည်တော် တို့သည်၊နိက္ခမိံသု-ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

သြဒါတဌာနမှာ-အရိုးတော် သွားတော် မျက်ဖြူတော့်မှ စ၍ ဖွေးလူ ဖြူရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော် အစိတ်အစိတ် မှ၊ သြဒါတာဝဇ-ငွေလရောင်ခြည် ငွေအထည်နှင့် ငွေရည် ယဉ် သန်း ငွေစင်ပန်းသို့ လျှမ်းလျှမ်းဖွေးလူ ဖြူဝင်းသော ရောင် ခြည်တော်တို့သည်လည်း၊နိက္ခမိံသု- ဝန်းကျင်အထက် ဝဲ ယာ ယှက်၍ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ၊ လောဟိ တဌာနမှာ=အသွေးတော် အသားတော် နှုတ်ခမ်းတော်မှ စ၍ ထိုကြ၍ နီရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော်အစိတ်စိတ်မှ၊ လောဟိ တာဝဇ—ကမ္ဗလာနီ သန္တာနီနှင့် ကြာနီပွင့်ချပ် ပတ္တမြားယပ်သို့ လျှပ်လျှပ် ထိန်ကြည် နီသော ရောင်ခြည်တော်တို့ သည်လည်း၊ နိက္ခမိံသု—ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူး တော်မူကြလေကုန်ပြီ။

တမှာတမှာ — ခြေဖဝါးတော် လက်သည်းတော်မှ စ၍ ခပင်း မကြွင်း ထိုထို ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ မဉ္ဇိဋ္ဌာစ-ထန်းကျင့်နီပဆေး ပန်းရောင်သွေးသို့ နီတွေးလွှင်လွှင် ဝါကျင်ကျင်လောင်း မောင်းသော ရောင်ခြည်တော် အပေါင်းတို့သည် လည်းကောင်း၊ ပဘဿရစ-နဘံ အဇဋ္ဌာ ဝသန္တာဝယ် သံဝါ ထစ်ချုန်း မိုးရွာတုန်း၌ ရှန်းရင်းပြက်သန်း လျှပ်စစ်ပန်းသို့ ပျံမြန်း ပြိုးပြက် တလက်လက်ထွက်သော ရောင်ခြည်တော်တို့သည် လည်းကောင်း၊ နိက္ခမိံသု-ဝန်းကျင်အထက် ဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော် မူကြလေကုန်ပြီ။

**ရုပ်ပုံတော်ဘွဲ့။** လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပတ်လုံး စုဆောင်းတော် မူအပ်သော ပါရမီတော်တို့သည် အလွန့်အလွန် များပြားရကား အကျိုးပေးခွင့် အလှည့်မရပဲ၊ အကျိုးပေးမည်ဟု တခဲခဲနေခဲ့ကြရာ သိဒ္ဓတ်မင်းသား၊ ဘုရားဖြစ်မည့် ဘဝ၌ကား၊ ခန္ဓာကိုယ် အရေးနှင့်စပ်၍ နောက်ထပ် အကျိုးပေးခွင့်မရှိ၊ အဆုံးစွန် အကျိုးပေးရမည့် အခါကြီး ဖြစ်ပေသည်၊ ထို့ကြောင့် ထိုပါရမီများသည် ရှင်တော်ဘုရားကို မျက်နှာတော် ကျက်သရေရှိအောင် လည်းကောင်း၊ လက်တော်ခြေတော် ပြေပြစ်ညက်သော ချောမောအောင် လည်းကောင်း၊ ကိုယ်လုံးတော်နှင့် အရပ်တော် ခံ့ညားညီညွတ်အောင် လည်းကောင်း၊ ဤသို့အားဖြင့် တကိုယ်လုံး၏ အသွင်အပြင် အရပ်ရပ်၌ ယောကျ်ားမြတ်တို့၏ အမှတ်အသား ဖြစ်သော လက္ခဏာတော်ကြီး (၃၂)ပါး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်များဖြင့် တံဆိပ်ခတ်လျက်၊ အလွန်

တင့်တယ် သပ္ပါယ်စွာ ဖန်ဆင်းလိုက်ရကား လူမင်နတ်မင်း ပြဟ္မာမင်းဝယ် ဘယ်သူတယောက်နှင့်မျှ နိုင်းပြိုင်၍မရပဲ ဇမ္ဗူရာဇ် သိင်္ဂီ-နာရဏီ ရွှေတုံးရွှေနှစ်ကဲ့သို့ သာကီဝင်မင်းမျိုးတွင် အလှပ ဆုံး အယဉ်ကျေးဆုံး ဖြစ်ပါပေသည်။

ထိုသို့ ဖန်ဆင်းရာ၌ ပါရမီတော်များသည် သူမရ ငါမရ အလုအယက် အကျိုးပေးကာ၊ လောက၌ ဆန်းလေသမျှ စခမ်းစုံ အောင် အစွမ်းကုန် ဖန်ဆင်းလိုက်သည့် အခါကြီးဖြစ်၍ ဘုရား ရှင်၏ ပုံဟန်တော်သည် ဖူးမျှော်၍ မဝနိုင်အောင် တကိုသစ်စ နေဝန်း ထွန်းသစ်စ လစန်းနှင့် ပွင့်ကာစ ပန်းကဲ့သို့ လန်းလန်း ဆန်းဆန်း ရွှန်းရွှန်းဝေဝေ အလွန် ကျက်သရေ ရှိတော်မူပါပေ သည်၊ ထိုမျှလောက် သပ္ပါယ်၍ တင့်တယ်သော ရုပ်ပုံတော် သခင် ဘုရားရှင်ကို မျက်မြင် ဖူးတွေ့ ရသည့်ပမာ ထင်မြင်လာ အောင်၊ အာရုံပြုကြည်ညိုနိုင်ကြစေရန် ကျေးဇူးရှင် ဆရာတော် ဘုရား၏ "ရုပ်ပုံတော်ဘွဲ့" ဂါထာကိုပင် တင်ပြလိုက်ပါသည်။

ပစ္ဆိမံ ဖလဒါနေနှ, ဗဟုံ ပစိတ ပါရမီ၊
ယဿ ဝေသံ သုမာပေန္တိ, ကေနာပိ အသမံ သမံ။

ဗဟုံ-ဤရွှေ့ဤမျှ ဂဏန်းချ၍ မရနိုင်းညှိ အတိုင်းမရှိရလေ အောင်၊ ပစိတပါရမီ လေးသင်္ချေကိန်း ကပ်တသိန်းက ထိန်းသိမ်း စုဆောင်း ပါရမီတော်အပေါင်းတို့သည်၊ ပစ္ဆိမံ ဖလဒါနေန-ဖြစ်ပျက်ဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်ရေး အဆုံးစွန် အကျိုး ပေးသောအားဖြင့်၊ ယဿ ဘဂဝတော—အကြင် ရွှေဘုန်းတော် သခင် ရှင်တော်မြတ်ဘုရား၏၊ ဝေသံ-ရွှေမျက်နှာတော် လက် ခြေတော်နှင့် ကိုယ်တော်သဏ္ဌာန် ပုံဟန်ထင်ပေါ် အသွင်အပြင်

တော်ကို၊ ကေနာပိ-လူမင်း နတ်မင်း၊ ဗြဟ္မာမင်းဝယ် ဘယ်သူ တယောက်နှင့်မျှ၊ အသမံ-တကိုယ်တော်လုံး ရွှေတုံးရွှေနှစ် ဇမ္ဗူ ရာဇ် သိင်္ဂီ နာရဏီမျှ သာကီစင်သွေး အယဉ်ကျေးဆုံး ဖြစ်ရလေ အောင်၊ သုမာပေန္တိ-တက်သစ်နေဝန်း ထွန်းသစ်လစန်း ပွင့်သစ် ပန်းသို့ ဆန်းအဖုံဖုံ စခန်းကုန်အောင် အစွမ်းကုန် ဖန်ဆင်းလိုက် ကြ ပေသည်တကား။

**သန်းခေါင်ကျော်အောင် တရားဟော။** ဤသို့လျှင် ဗုဒ္ဓ မြတ် စွာသည် အဆုံးမရှိသော ဘုရားအသရေတော်ဖြင့် ကြွတော်မူ၍ လမ်းတလျှောက်တွင် လူအများ၏ အပူဇော် အမျိုးမျိုးကို ခံယူ တော်မူလျက် လွှတ်တော်သစ်ကြီးအတွင်းသို့ ဝင်ရောက် သီတင်း သုံးတော်မူသည်၊ ထို့နောက်တွင် သာကီဝင်တို့အား ရေတံခွန် (နတ်မြစ်)မှ ရေသွန်ချဘိသကဲ့သို့ လည်းကောင်း၊ မြေဆီ မြေ ဩဇာကို ထုတ်ယူ လွှာချပေးသကဲ့သို့ လည်းကောင်း၊ ဇမ္ဗူ သပြေ ပင်ကို ဆွဲကိုင်၍ အသီးများ လှုပ်ချပေးသကဲ့သို့ လည်းကောင်း၊ တယူဇနာလောက် ကြီးမားသည့် ပျားအုံ (ပျားဘို့) ကြီးကို ယန္တရားစက်ဖြင့် ကြိတ်ညှစ်၍ အလွန်ချိုမြသည့် ပျားရည်ကို တိုက်ကျွေးဘိသကဲ့သို့ လည်းကောင်း၊ သာကီဝင် မင်းတို့အား စီးပွားချမ်းသာကို ဆောင်နိုင်သည့် "လွှတ်တော်အနုမောဒနာ" နှင့် စပ်သော "ပကိဏ္ဏကတရား ဒေသနာတော်" ကို ညဉ့် သန်း ခေါင် ကျော်သည့်တိုင်အောင် ဟောတော်မူသည်။

**ပကိဏ္ဏကတရားတော်။** ထိုပကိဏ္ဏက တရားတော်၌ ဗုဒ္ဓမြတ်စွာ သည် အာဝါသ ဒါနံနှာ မေတံ မဟာရာဇ မဟန္တံ (ပူညံ)—

ဒဂါဝတော်မင်းမြတ် (လွှတ်တော်ကြီးကို ဘုရားအမှူးရှိသော သံဃာတော်အား ခေတ္တကျောင်းအဖြစ် လှူသဖြင့်) ကျောင်း အလှူဆိုတာ ကြီးကျယ်သော ကောင်းမှုကြီး ဖြစ်ပေသည်။

တုမှာကံ အာဝါသော မယာပရိဘုတ္တော၊ ဘိက္ခုသံ ဃေနစ ပရိဘုတ္တော—သင်တို့၏ (လွှတ်ရုံးတော်) ကျောင်းတော်ကို ငါ ဘုရားရှေ ရဟန်းသံဃာတော်များပါ ကျောင်းအဖြစ် သုံး ဆောင်အပ်ပြီ။

မယာစ ဘိက္ခုသံဃေနစ ပရိဘုတ္တေ ပန ဓမ္မရတနေန ပရိ ဘုတ္တော ယေဝါတိ တိဟိ ရတနေဟိ ပရိဘုတ္တော နာမ ဇဟာတိ ငါဘုရားရှေ သံဃာတော်များပါ သုံးဆောင်အပ်လျှင် တရား ရတနာလည်း သုံးဆောင်ရာ ရောက်ပြီး ဖြစ်တော့ရကား ရတနာ သုံးပါးလုံး သုံးစွဲအပ်သည် မည်ပေသည်။

အပရိမေယျောဝ ဝိပါကော-ထိုသို့ ရတနာသုံးပါး သုံး ဆောင်လျှင် အကျိုးတရားမှာ မရေတွက်နိုင်အောင်ပင် များလှ ပေသည်။

အာဝါသ ဒါနသ္မိံ ဟိ ဒိန္နေ သဗ္ဗဒါနံ ဒိန္နမေဝ ဟောတိ– ကျောင်းအလှူကို လှူလျှင်၊အလှူအားလုံးကို လှူရာရောက်ပေ သည်။

ဘူမဋ္ဌက ပဏ္ဏသာလာယဝါ သာခါမဏ္ဍပဿဝါ (သံဃံ ဥဒ္ဒိဿ ကတဿ)အာနိသံသောနာမ ပရိစ္ဆိန္ဒိတုံ နသက္ကာ—မြေ ပိုက် သစ်ရွက်ကျောင်းကလေး ဖြစ်စေ သစ်ခက်မဏ္ဍပ်ဖြစ်စေ သံဃာကို ရည်မှန်း၍ ဆောက်လုပ်လှူဒါန်းရသည့် ကျောင်း၏

အကျိုးအာနိသင်ကို မည်၍ မည်မျှဟု ပိုင်းခြားပြခြင်းငှာ မတတ်ကောင်းချေ။

အာဝါသဒါနာ နုဘာဝေန ဟိဘာဝေဘဝေ နိဗ္ဗတ္တဿ ပိ သမ္ဘာဝိတ ဂဗ္ဘဝါသော နဟောတိ-အခြားသူများ ပုတ်နံ့ညှိလှောင်း အမိဝမ်းခေါင်း၌ ဆယ်လသြောင်းမျှ ကျဉ်းမြောင်းကြပ်တည်းစွာ နေကြရသော်လည်း ကျောင်းလှူခဲ့ကြသည့် ကျောင်းဒကာ ကျောင်းအမများမှာ ကျောင်းအလှူ၏ အကျိုးမမှန် တန်ခိုးရှိန်ကြောင့် ဖြစ်လေရာရာ ဘဝသံသရာတွင် အမိဝမ်းတွင်း၌ ကျဉ်းမြောင်း ကြပ်တည်းစွာ ကိုယ်ဝန်နေရခြင်း မရှိ။

ဒွါဒသဟတ္ထော ဩဝရကောဝိယ မာတု ကုစ္ဆိ အသမ္ဗာဓော ဟောတိ - တဆယ့်နှစ်တောင် ကျယ်ဝန်းသည့် တိုက်ခန်းကဲ့သို့ အမိဝမ်းတိုက်သည် ကျဉ်းမြောင်းခြင်းမရှိ၊ ကျယ်ဝန်းလှသည်။ (တဆယ့်နှစ်တောင် ကျယ်ဝန်းသည့် တိုက်ခန်းတွင် နေရဘိသကဲ့သို့ အမိဝမ်းဘိုက်ဝယ် ကျယ်ကျယ်ဝန်းဝန်း သက်သောင့်သက်သာ နေရပေသည်။) ဟု ဟောတော်မူသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် သာကီဝင် မင်းတို့အား နည်းမျိုးစုံ အဆန်းတကျယ် ကျောင်းတရား အသွယ်သွယ်ကို ညဉ့်သန်းခေါင်(မဇ္ဈိမယာမ်) ကျော်အောင် ဟောတော်မူပေသည်၊ (ပါဠိလိရွာ ဥပသကာ၏ "တည်းခိုခန်း" အနုမောဒနာ တရားပွဲတွင်လည်း ဤပကိဏ္ဏက ဒေသနာ တရားကိုပင် ဟောတော်မူသည်။) တို့နောက် ဗုဒ္ဓမြတ်စွာသည် ကျောင်းလှုတ်ပူဇော်ပွဲတို့တွင် ဟောတော် မူနေကျဖြစ်သော "သီတံ ဥဏှံ

ပဋိဟန္တိ” စသော ကျောင်း အနုမောဒနာ တ ရား ကို လည်း ဟောတော်မူသည်။

**ဠာရိယာပုထ် စုံအောင်သုံး။** ။ဗုဒ္ဓမြတ်စွာသည် ညဥ့်သန်းခေါင် ကျော်အောင် ရှည်လျှားစွာ တရားဟောတော်မူ၍ သာကီဝင်မင်းတို့ကို ပြန်လွှတ်ပြီးနောက် ရဟန်းတော် များအား ဆက်၍ တရားဟောရန် အရှင်မောဂ္ဂလာန်ကို ခိုင်းတော်မူသည်၊ ကိုယ်တော်တိုင်မူ ထိုလွှတ်တော် အဆောက်အဦသစ်ကြီးကို ဠာရိယာပုထ်လေးပါးလုံး စုံအောင် သုံးဆောင်တော် မူလိုသဖြင့် ဒုကုဋ်သင်္ကန်းကြီးကို ခင်းစေကာ ခေတ္တ ကျိန်းစက်တော်မူပေသည်။ (ဤနည်းကိုမှီ၍ ယခုကာလ၌ နေအိမ်သစ် ဆောက်လုပ်ပြီး မြောက်သည့်အခါ သံဃာတော်များကို ပင့်ဆောင်၍ ပရိတ်တနားနာယူခြင်း၊ တရက်တန်သည် နှစ်ရက်တန်သည် သိတင်းသုံးစေကြလျက် အိမ်တက်မင်္ဂလာအမှု ပြုကြသည်)။

---

၁ မ–၂၊နှာ–၁၆။မ-၂-ဋ္ဌ၊နှာ-၁၂

၂။ သံ-၃၊နှာ–၃၈၉။သံ-၃–ဋ္ဌ၊နှာ–၈၆

၃။ ဝိ-၃၊နှာ–၃၂၀။ဝိ-၃–ဋ္ဌ၊နှာ–၃၇၇

၄။ ဒီဃ–၂၊နှာ-၇၁။ဒီဃ–၂၊ဋ္ဌ၊နှာ-၁၃၁

၅။ ဥဒါန၊နှာ-၁၈၃။ဥဒါန-ဋ္ဌ၊နှာ-၃၆၇

# ကျမ်းပြီး နိဂုံး

နိဂုံး။ ။ရှေးရှေးဘုရားရှင်များ လက်ထက်တော်တွင် ကျောင်းများဆောက်လုပ် ကိုးကွယ်ကြသဖြင့် သံသရာအဆက်ဆက် ဤဘုရားရှင် လက်ထက်တော်တိုင်အောင် ကြီးကျယ်သော လောကီ လောကုတ္တရာ အကျိုးများစွာကို ရရှိခံစား ကျွတ်တန်းဝင်သွားကြသည့် ကျောင်းဒကာကျောင်းအမများအရေအတွက်မှာ လွန်စွာမှများလှပေသည်၊ထို့အတူပင် ကျောင်းဆောက်လှူရသည့် အကျိုးအာနိသင်တို့ကိုလည်း ကျမ်းဂန်များ၌ အများအပြား ဖော်ပြထားပေသည်၊ ဗုဒ္ဓဝင်အဋ္ဌကထာကမူ ကျောင်းအလှူမှာ အကျိုးများလှသဖြင့် ကုန်စင်အောင် မဖော်ပြနိုင်ကြောင်းကို "ဘုရားရှင်မှ တပါး အခြား ယောကျ်ားပေါင်း အသောင်းတို့ ပါးစပ်ပေါင်း အသောင်းဖြင့်သော်မှ ကျောင်းအလှူဒါန၏အကျိုးအာနိသင်ကို ကုန်စင်အောင်ပြောပြခြင်းငှာ

မစွမ်းနိုင်ပေ”ဟု တိတိပပ ဖွင့်ဟမိန့်ဆိုထားပေသည်၊ ဤကျမ်းငယ်ကားထိုထိုကျောင်းဒကာ ကျောင်းအမများကိုပင် စုံလင်အောင်ဖော်ပြရလျှင်လည်း ကျမ်းကြီးလေးသွားတော့မည်သာဖြစ်ပေသည်၊ သို့ဖြစ်ပေရာ ဤမျှဖြင့်ပင် နိဂုံးကမ္ပတ် အဆုံးသပ်လိုက်ရသည်။

ဤမျှလောက် ဖတ်ရှုကြရလျှင်လည်း ယခု လက်ထက်ကျောင်းဒကာကျောင်းအမများအဘို့ ရှေးရှေးကကျောင်းဒကာကျောင်းအမများ သံသရာတွင် အထက်တန်းကျကျ သူတို့၏ဘဝ သာယာလှပ ကျင်လည်သွားကြရပုံ၊ ဤဘုရားရှင် လက်ထက်တော်တွင် အလှူယ်တကူ ကျွတ်တန်း ဝင်သွားကြပုံများကိုအားကျအတုယူ၍ ‘ငါတို့လည်း သံသရာတွင် သူတို့ဘဝလိုသာယာလှပပြည့်စုံကြရပေလိမ့်မည်၊နောင်ပွင့်တော်မူမည့်ဘုရားရှင်၏ လက်ထက်တော်တွင်လည်း နိဗ္ဗာန်သိမြင် ကျွတ်တန်းဝင်ကြရလိမ့်မည်”ဟု အားရဝမ်းသာ လန်းဆန်းစွာကျေနပ်လျက် သဒ္ဓါဓာတ်ပွားစည် အသစ်အသစ်သော ကုသိုလ်များ တိုးပွားနိုင်ကြလိမ့်မည်ယု ယုံကြည်မိပေသည်၊ ဤ ‘သာသန သမိုင်းဝင်ကျောင်းဒကာ ကျောင်းအမများ”အကြောင်းအရာကို ဖတ်ရှု၍ယခုကျောင်းဒကာကျောင်းအမတို့သည် ရှေးရှေး ကျောင်းဒကာကျောင်းအမများ သက်သေထားလျက် မိမိတို့၏ကျောင်းဒါနကုသိုလ်များကို အထပ်ထပ်အာရုံပြုဆင်ခြင်ကြပြီးလျှင်ကြည်လင်သောမနသ် သဒ္ဓါဓာတ်အရှိန် မြင့်မားလျက် ဆင့်ပွား ကုသိုလ်များ ထာဝရတိုးပွားနိုင်ကြပါစေသတည်း။

သာသနဿ ပကာရေန-မတ္တာယ ရစိတံ ဣမံ၊
ပဿိတွာ အဘိဝုဍ္ဎန္တု၊ သဒ္ဓါ ဗုဒ္ဓိ နဝါနဝါ၊

သာသနဿ–သင်္ချေလေးလီ သိန်းကပ်ချီ၍ ပါရမီဖြည့်လစ် ဘုရားဖြစ်မှ စင်စစ်ပေါ်လာ ဤသာသနာတော်ကြီးအား၊ ဥပကာရနံ – ကျောင်း၊ဆွမ်း၊ သင်္ကန်း၊ ဆေး လှူဒါန်းလျက် ကြိုးပမ်းထောက်မ ကျေးဇူး-များကြသည့် သာသနာ့ ဒါယကာ ဒါယိကာမတို့၏၊ အတ္တာယ-သဒ္ဓါစည်ပင် လွန်ကြည်လင်လျက် ပြည့်ခွင်အမတ နိဗ္ဗာန်ကျအောင် မှုချတိုးပွား အကျိုးများဘို့ အလို့ငှာ၊ရစိတံ-ဘုရားဟောဖေါ် ကျန်းဂန်တော်မှ သင့်လျော်ထုတ်မှတ် ရေးသားအပ်သော၊ ဣမံ-သမိုင်းဝင်ကျောင်းဒကာကြောင်းအရာကို ကောင်းစွာပြရာ ဤကျမ်းစာကို၊ ပဿိတွာ-ဇောစိတ်ရွှင်ရွှင်,သဒ္ဓါဝင်လျက်, ကြည်လင်သောမနသ်,ကြည့်ရှုလတ်၍၊နဝါနဝါ-ကိုယ်ပြုသမျှ "ကျောင်း" ဒါနကို တွေးဆကြည်နူး ပီတိလူးလျှက် ရွှင်မြူးဘို့တုံ အသစ်အသစ်ကုန်သော၊ သဒ္ဓါ-ကမ္မဿကတာဉာဏ် အခြေခံ၍ ထက်သန် ဇောဟုန် ကြည်ယုံဖြာပွား သဒ္ဓါတရားတို့သည်လည်းကောင်း၊ ဗုဒ္ဓိ-သမ္မာဒိဋ္ဌိဉာဏ် အခြေခံ၍ ကေန်တိတိ သီလဖြည့်လျှက် သမာဓိဆင့်ပွား မဂ်ဖိုလ်တိုင်အောင်သော အသိဉာဏ်များတို့သည် လည်းကောင်း၊ အဘိဝုဍ္ဎန္တု-ကုသိုလ်ရေးတွင် တွေးဆင်ခြင်လျက် ရင်ဝယ်ငြိမ့်ငြိမ့် ဘဝင်စိမ့်အောင် နှစ်သိမ့် တိုးပွားကြစေကုန်သတည်း။

## အမှားအမှန် ပြင်ဆင်ဖတ်ရှုပါရန်

ဤစာအုပ်ကို အလျင်အမြန် ရိုက်နှိပ်ရခြင်းဖြစ်၍ အချို့နေရာများ၌ ပမာဒလေခကြောင့် တိမ်းပါး ချွတ်ချော်မှုကလေးများ အနည်းငယ် တွေ့ရပါမည်။

ဥပမာ စာမျက်နှာ(၁၀၉)ခေါင်းစီးတွင်"သရက်ဥာယျဉ်" ကို "သရက်ဥယျာဉ်" ဟု လည်းကောင်း၊ စာမျက်နှာ(၁၄၃) ခေါင်းစီးတွင် "ဃောတာရုံ" ကို "ဃောသိတာရုံ" ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ထို့ပြင် ပါဠိဝါကျများ၌လည်း အမှားအယွင်း မကင်းသည်ကို ဝန်ခံပါသည်။ အမှားအယွင်း ကလေးများကို တွေ့ရပါက ပြင်ဆင်ဖတ်ရှုပါရန်။

"ပြည်သူ့အလင်း"